

ရှုမဝစာအုပ်တိုက်

# ပါရီနွေဦး

# နေပါ့မြ

ဒုတိယ အကြိမ်

**ထုတ်ဝေခြင်း**
ဇွန်လ၊ ၂၀၁၈

**ပုံနှိပ်ခြင်း**
ဒုတိယအကြိမ်၊ ၁၀၀၀ အုပ်

**မျက်နှာဖုံးပန်းချီဒီဇိုင်း**
မြင့်မောင်ကျော်

**ကွန်ပျူတာစာစီ**
Dream City

**အဖုံးဖလင်**
Eagle

**စာအုပ်ချုပ်**
ငွေအိမ်စည်

**တန်ဖိုး**
၄၅၀၀ ကျပ်

ဦးဝင်းချို (ရွှေဝံစာအုပ်တိုက်) ၀၀၉၇၅၊ အမှတ် ၂၁၂၊ ၃၁ လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍ ဒေါ်ချိုချိုအေး (ရွှေဝံပုံနှိပ်တိုက်) ၀၀၈၂၅၊ အမှတ် ၃၃၀-၃၃၂၊ အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၌ မျက်နှာဖုံးနှင့် အတွင်းစာသားများကို ရိုက်နှိပ်ပါသည်။

၈၃၅.၈၃
နေဝင်းမြင့်
ပါရီနွေဦး/
နေဝင်းမြင့်။ - ရန်ကုန်
ရွှေဝံစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၈
၄၂၄ - စာ၊ ၁၅.၅x၂၁.၅ စင်တီ။
(၁) ပါရီနွေဦး

## ကျေးဇူးစကား

ကျွန်တော် အမှတ်မထင် ရောက်သွားခဲ့တဲ့ ပါရီခရီးစဉ်မှာ အစစ အရာရာ ချောမွေ့အဆင်ပြေအောင် ကူညီခဲ့ကြသူတွေ ရှိပါသည်။ သည်ပုဂ္ဂိုလ်တွေရဲ့ ကျေးဇူးတရားကို မမေ့မလျော့ ဖော်ပြပါရစေ။

သည်ပုဂ္ဂိုလ်တွေကတော့ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံးက မစ္စတာအိုလီဗီယာဗီဆေး၊ မနေစီးပွားရေးမဂ္ဂဇင်း အယ်ဒီတာအဖွဲ့၊ ဆရာညဏ်လင်းအောင်နဲ့ ဒေါ်ခင်ဥမ္မာဝင်း (ပြင်သစ်သံရုံး Commercial Section)၊ ဦးသန့်စိုး (Rainbow Int'l)၊ ကိုဝိတ် (Myanmar Hong Leong)၊ ဒေါက်တာဦးခင်မောင်လွင် (Fame)၊ ဦးခင်မောင်မြင့် (Worldwide)၊ ဦးညိုမှိုင်း (အားမာန်သစ်စာပေ)၊ ဦးဇော်ညွန့်၊ ဒေါ်လွင်မာသန့် (Superworld Store)၊ ဒေါက်တာဒေါ်စီစီငွေး၊ ဦးတင်ငွေ၊ ဦးမျိုးကျော်၊ ဦးစောမောင်နဲ့ အခြားအမည် ဖော်ပြခွင့်မရတဲ့ ကျေးဇူးရှင်များ ဖြစ်ပါသည်။

အထူးသဖြင့် မန္တလေးမှာ သည်စာအုပ်ရေးနိုင်ဖို့ ကူညီခဲ့တဲ့ အမေဒေါ်မြတင်မိသားစုနဲ့ ဆရာမခင်ခင်ထူး၊ မန္တလေး စာပေမိတ်ဆွေများနဲ့ ကိုသန်းငွေး (ဥတ္တရလွင်ပြင်)၊ ကိုထွန်းဦး (နဂါးစာပေ)၊ စာရေးဆရာကိုဂျေနဲ့ ပြင်သစ်နိုင်ငံက မဒမ်ဘာရစ်ဂျစ်ဆီဖိုနယ်လီတို့ရဲ့ ကျေးဇူးတရားကိုလည်း ဖော်ပြပါရစေဦး။

နေဝင်းမြင့်

၃၊ ဒီဇင်ဘာ၊ ၁၉၉၈၊ ရန်ကုန်-မန္တလေး။



# ပါရီနွေဦး

## နေပျိုးမြင့်

မျက်နှာဖုံး = လုဗ်(Louvre)ပြတိုက် တစ်နေရာမှ မျက်နှာကျက်ပန်းချီ နှင့်
အတွင်းပုံ = လုဗ် ပြတိုက် အတွင်း မှ လူဝီဘုရင်မင်းဆက်များ ပန်းပုဓာတ်ပုံကို
ပန်းချီဒီဇိုင်းမြင့်မောင်ကျော် မှ ကိုယ်တိုင်ရိုက်ကူးတင်ပြသည် ။

## စာအုပ်တိုက်က ထုတ်ဝေပြီးစာအုပ်များ


၂၈၉။ အလိုအပ်ဆုံး အင်္ဂလိပ်အီဒီယံ — **ဆန်းလင်းထွန်း**

၂၉၀။ အင်္ဂလိပ်စကားပြောအီဒီယံ — **ဆန်းလင်းထွန်း**

၂၉၁။ ပါးကွက်ကျားဝတ္ထုတိုများ (ဒုတိယအကြိမ်) — **ခင်ခင်ထူး**

၂၉၂။ Stylistic Tranformation — **Professor U Min Thein**

၂၉၃။ ဆံရစ်ဝိုင်း ဝတ္ထုတိုများ (တတိယအကြိမ်) — **ခင်ခင်ထူး**

၂၉၄။ ဖက်စိမ်းကွမ်းတောင် ရွှေဝတ္ထုတိုများ (ပဉ္စမအကြိမ်) — **ခင်ခင်ထူး**

၂၉၅။ စိတ်ကူးတည့်ရာ အချိုးအကွေ့ကဗျာများ — **မင်းထက်မောင်**

၂၉၆။ ကဗျာ ၅၀ သို့မဟုတ် ဥယျာဉ်မှူးတို့ ချစ်ရသောပန်းများ — **မင်းထက်မောင်နှင့် မိုးဦးဆွေညိန်း**

၂၉၇။ ရေဆန်လမ်းမှ အိမ်အပြန် — **ခင်ခင်ဝင်း**

၂၉၈။ တဆွေ — **မင်းကျော်**

၂၉၉။ ပေါက်ဖော်တဲ့...လား — **စိန်ဝင်းစိန်**

၃၀၀။ အင္ဂမတန်း မြန်မာစာ အဖြေစုံ — **ဒေါက်တာ မိုးဟိန်းဇော် (မြန်မာစာ)**

၃၀၁။ လက်ရွေးစင်တရုတ်ပုံပြင်များ (ဒုတိယအကြိမ်) — **မောင်ခေတ်ထွန်း**

၃၀၂။ ဆယ်ပါးပါရမီ နည်းမှီစံထား ပုံပြင်များ — **ကြည်ဇော်**

၃၀၃။ မန္တလေးကြေးမုံ ပုံရိပ်များ — **ဆူးငှက်**

၃၀၄။ အိန္ဒိယဝတ္ထုတိုများ — **သစ်ဦးဇင်**

၃၀၅။ မြန်မာ့ဒီမိုကရေစီခရီးနှင့် သူရဦးတင်ဦး — **တက္ကသိုလ်စိန်တင်**

၃၀၆။ ကိုင်းဖျားလှုပ်ခါလွမ်းနေမိ မဂ္ဂဇင်းဝတ္ထုရှည်စုစည်းမှု — **မေစွန်အေး**

၃၀၇။ မောင်ရှင်ဆိုင်းထမ်း ရသစာစုများ — **ခင်ခင်ထူး**

၃၀၈။ လွယ်အောင် လုပ်ပါလား — **ကြည်သာဦး**

၃၀၉။ မာတင်လူသာကင်း (အငယ်)နှင့် ကျွန်မဘဝ — **တင်မောင်မြင့်**

၃၁၀။ ပန်းစည်းကြိုး မဂ္ဂဇင်းဝတ္ထုရှည်များ (တတိယအကြိမ်) — **ခင်ခင်ထူး**

၃၁၁။ တောင်တန်းများကိုပင် ပေါ့ပါးစေသည့် မိုးကောင်းကင် — **နေဝင်းမြင့်**

၃၁၂။ ငါးမျှားလို့ကောင်းတဲ့ ရာသီ — **မင်းထက်မောင်**

၃၁၃။ နိုင်ငံရပ်ခြားဝတ္ထုတိုများ (ပထမအကြိမ်စုစည်းမှု) — **တင်မောင်မြင့်**

၃၁၄။ အညာသူအညာသား ကျွန်မဆွေမျိုးများ — **ခင်ခင်ထူး**

၃၁၅။ ရတနာကျွန်း — **သစ်ဦးဇင်**

**ယခု**

၃၁၆။ ပါရီနွေဦး — **နေဝင်းမြင့်**


# ပါရီနွေဦး

**နေဝင်းမြင့်**



ဆိန်းမြစ်ကမ်းဘေး၊ နော်တာဒမ်း (Notre-Dame)
ဘုရားရှိခိုးကျောင်းကြီးနောက်ခံနှင့် မြစ်ဘေးက အဟောင်းဆိုင်ကလေးတွေ၊
ပို့စကတ်ဟောင်းများ၊ စာအုပ်ဟောင်းများ၊ ပန်းချီကက်တလောက်ဟောင်းများ၊
မြေပုံများ၊ သတင်းစာဟောင်းများ၊ မှတ်စုဟောင်းများကို တွေ့နိုင်ပါသည်။



ကမ္ဘာကျော် အီဖဲလ်တာဝါ (Eiffel Tower) ရှေ့။



နိုင်ငံတကာ စိုက်ပျိုးရေးသုတေသနဗိမာန် (AGROPOLIS)
ဇီဝဗေဒ၊ အပင်နှင့် မျိုးစေ့ဆိုင်ရာဌာနမှာ။



ပါရီနှင့် ကီလိုမီတာ ၈၀၀ ခန့်ဝေးသည့် မွန့်ပယ်လီယေးမြို့ ဘောလုံးကွင်းထဲမှာ
ကမ္ဘာ့ဖလားပွဲကြည့်ရှုသည့် အစီအစဉ်တစ်ခု။



ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အထိမ်းအမှတ် နစ်ကေးပါ့ခ် (Nike Park)။



ကမ္ဘာကျော် လုဗ်(Louvre)ပြတိုက်၊
နာရီတော်ဆောင် (Clock pavilion) ရှေ့။



အင်ဗာလီး (Dome des Invalides) အဆောက်အအုံကြီး ဖြစ်သည်။
နပိုလီယန်၏ ဂူဗိမာန်လည်း ဖြစ်သည်။ နပိုလီယန်၏မိသားစုများ၊
ပြင်သစ်သမိုင်းဝင်ပုဂ္ဂိုလ်အချို့နှင့် နပိုလီယန်၏ ညီတော်သူ
ဂျိုးဇက်ဘိုနာပတ်တို့၏ အုတ်ဂူများ ထားရှိသည်။



အောင်ပွဲခံမုခ်ဦး (Arch of Triumph) ဖြစ်သည်။ ရှောင်ဇေလီဇေးလမ်းအဆုံးတွင်
ရှိသည်။ နပိုလီယန်လက်ထက် ၁၈၀၆ တွင် တည်ဆောက်ခဲ့သည်။
၁၆၄ ပေမြင့်၍ ၁၄၇ ပေ ကျယ်ဝန်းပါသည်။ အဆောက်အအုံနံရံဖူးစီးပေါ်မှာ
ဒိုင်းသဏ္ဌာန် အပိုင်းများက နပိုလီယန်၏ အောင်ပွဲများကို ညွှန်းသည်။



ဗာဆေးနန်းတော် (Versailles) ကြီး ဖြစ်သည်။ ၁၆၂၄ အထိ အမဲလိုက်ရဲတိုက်
နန်းတော် ဖြစ်ခဲ့သည်။ နောက်ပိုင်း လူဝီ (၁၄) က တိုးချဲ့မွမ်းမံခဲ့သည်။
ယခုအခါ လှပသောကျူး၊ သစ်တော၊ ဗာဆေးဥယျာဉ်နှင့် နန်းတော်အတွင်း
အနုပညာလက်ရာများကို တစ်ကမ္ဘာလုံးက လာရောက်ကြည့်ရှုသည်။



ပန်းမြို့တော် ဟွန်းဖလား (Hon Fleur) ပင်လယ်ကမ်းခြေနှင့် နီးသော
ပန်းမြို့တော်ကလေး ဖြစ်သည်။




ပါရီမြို့လယ်တစ်နေရာ။



ပါရီမြို့ရှိ ကမ္ဘာကျော် လုဗ်(Louvre) ပြတိုက်ကြီး ဖြစ်သည်။ ၁၃ ရာစုက ဖိလိပ်ဩဂတ်စတပ်၏ ရဲတိုက်ခံတပ်ကြီးဘ၀က စခဲ့သည်။ ရှေးဟောင်း ဂရိ၊ အီဂျစ်နှင့် ရောမ အနုပညာလက်ရာများ ထားရှိသည်။ အနုပညာလက်ရာပေါင်း ၄၀၀,၀၀၀ ခန့် ရှိသည်။ အရှေ့တိုင်းနှင့် အလယ်ခေတ်ဆိုင်ရာ ပန်းချီ၊ ပန်းပု လက်ရာများလည်း ရှိသည်။ ထင်ရှားသည့် ဗီနပ်စ် (Venus de Milo)၊ ဆာမိုသာ့စ် (Nike Of Samothrace) ရုပ်တုများနှင့် မိုနာလီဆာ (Mona Lisa or The Gioconda) ပန်းချီကား ရှိသည်။ နောက်ပိုင်းကာလများတွင် မှန်ပြိုဂံအဆောက်အအုံများ တိုးချဲ့ခဲ့သည်။



ဆိန်းမြစ် တတိယမြောက် အလဇန္ဒားတံတားကြီးနှင့် အပျော်စီးသင်္ဘော။



စိန့်အင်တင်းဂျူမွန့် (St. Etienne du Mont) ဘုရားရှိခိုးကျောင်းကြီး ဖြစ်သည်။ ပါရီတွင် အလွန်ထင်ရှားသည်။ အဆောင်အခန်းခန်းနှင့် အတွင်းခြယ်သမှုက အံ့မခန်းလောက်ပါသည်။ ၁၄၉၂ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည်။ ၁၆၂၂ တွင်မှ လက်စသတ်သည်။



ကာရိုဆဲလ်အောင်ပွဲခုံး (Carrousel Arch) ဖြစ်သည်။ ၁၈၀၆ တွင် တည်ဆောက်ခဲ့သည်။ နပိုလီယန်၏ အောင်ပွဲအခမ်းအနားများ ကျင်းပခဲ့ဖူးသည်။ ကျောက်နီသား၊ ကျောက်ဖြူသား ဗိသုကာလက်ရာများနှင့် တန်ဆာဆင်ထားသည်။



ဘာဘွန်းနန်းတော် (Bourbon Palace) အဆောက်အအုံ ဖြစ်သည်။ လူဝီ (၁၄) ဘုရင်၏ သမီးတော်တစ်ပါးအမည် ဖြစ်သည်။ ယခင်က နန်းတော်ဖြစ်ခဲ့သော်လည်း ယခုအခါ အမျိုးသား အစမ်ဘလီ (National Assembly) အဖြစ် အသုံးပြုနေသည်။ အတွင်း၌ ခမ်းနားတောက်ပသော အဆောင်များ၊ လွှတ်တော်အမတ်များ၏ အစည်းအဝေးခန်း၊ စာကြည့်တိုက် စသည်တို့ဖြင့် တန်ဆာဆင်ထားသည်။ ပြင်သစ်ဘာသာဖြင့် (Assemblee Nationale) ဟု ခေါ်သည်။



ပါရီမြို့လယ်တွင် ထင်ရှားသည့် (La Madeleine) ဂရိဟန်ဘုရားကျောင်းကြီး ဖြစ်သည်။




ကျွန်တော် တည်းခိုခဲ့သည့် ဟိုတယ်။ ဟိုတယ်ကယ်ရေး (Hotel Cayre)။
ပါရီမြို့လယ်တွင် ရှိသည်။ ကမ္ဘာကျော် ကျူးလစ်ဟိုတယ်အုပ်စုဝင်
ဟိုတယ် ဖြစ်သည်။



ဆိန်းမြစ် အပျော်စီးသင်္ဘော (Seint River Tour) ပေါ်မှာ။



ပါရီ၏ ခေတ်လွန်မြို့ပြရပ်ကွက် လာဒီဖွန့်စ်ရှိ လာဂရောန်ဒ်အာ့ခ်
(La Grande Arche) ရှေ့မှာ။ ဗိသုကာအနုပညာရှင် ဒိန်းဂျိုဟန်အော့တို
(Dane Johan Otto) ၏ လက်ရာ ဖြစ်သည်။
မိုးတိမ် (Cloud) လို့လည်း ခေါ်ကြသည်။



နိုင်ငံတကာ စိုက်ပျိုးရေးသုတေသနဗိမာန် (Agropolis) ဆန်စပါးဌာနမှာ။



ကမ္ဘာကျော် လာဖေးယက်ကုန်တိုက် (Galeries Lafayette)ကြီး ရှေ့မှာ။
ပါရီမှာ လာဖေးယက်ကုန်တိုက်တွေ တော်တော်များများ ရှိသည်။



စစ်သမိုင်းပြတိုက် တစ်နေရာ။

# မန္တလေး .... သို့

ရန်ကုန်လေဆိပ် ခန်းမထဲသို့ သူရောက်တော့ ညနေ ၁၈:၀၀ နာရီ ကျော်ကျော်လေးပဲ ရှိသေးသည်။ လေယာဉ်ထွက်ချိန်က ၁၉:၅၅ နာရီ။ စောစော ကြိုရောက်နေသဖြင့် ရန်ကုန်လေဆိပ် ထိုင်း အဲဝေးအင်တာနေရှင်နယ် ခန်းမထဲမှာ သူတစ်ယောက်တည်း။ သူ့မှာ ကြီးမားသော စိမ်းဖန့်ဖန့် သေတ္တာကြီးတစ်လုံး ပါသည်။ စင်စစ် သည်သေတ္တာကြီးကို ယူလာဖို့ သူ စိတ်ကူးခဲ့သည် မဟုတ်။ နိုင်ငံရပ်ခြားခရီး ခဏခဏ ထွက်ရသော မိတ်ဆွေဇနီးမောင်နှံက အတင်းယူသွားဖို့ အကြံပေးသဖြင့်သာ ယူလာရခြင်းဖြစ်သည်။ ပြီးတော့ သေတ္တာကြီးပါ ငှားလိုက်သေးသည်။ သူဝယ်ထားတာက လေယာဉ်ပေါ် တစ်ပါတည်း လူနှင့်မကွာယူသွားနိုင်သည့် ဘီးနှင့် သံဏောလက်ဆွဲတံပါသော အဝတ်ခရီးဆောင်သေတ္တာငယ် ဖြစ်သည်။

'သည်သေတ္တာမျိုးကတော့ လေယာဉ်ထဲမှာ check through ချုပ်စရာ မလိုတော့ဘူး၊ ကိုယ်နဲ့အတူတူ ယူသွားလို့ရတယ် အစ်ကို'

သေတ္တာရောင်းသည့်လူငယ်က အကြံပေးသဖြင့် ကယောက်ကယက် လောလောလောလော ဝယ်လိုက်ရသည့် စင်ကာပူချုပ် အဝတ်သေတ္တာက တော့ ကျန်ရစ်ခဲ့ပြီ။ စင်စစ် check through လို့ ခေါ်ကြသည့် through check in စနစ်မှာ သေတ္တာကို ရန်ကုန်လေဆိပ်မှာပဲ စာရင်းပေး အပ်နှံ လိုက်ရုံနှင့် မိမိသွားလိုသည့် ခရီးဆုံး လေဆိပ်ကို လေကြောင်းလိုင်းက တိုက်ရိုက်ပေးပို့သည့်စနစ်ဖြင့် ဖြစ်သည်။ သည်စနစ်မှာ ကောင်းသော်လည်း အလွဲလွဲအမှားမှားဖြစ်မှာ စိုးရသေးသည်။ တစ်ခါတလေ မိမိက ခရီးဆုံး လေဆိပ်သို့ ရောက်နေပြီ ဖြစ်သော်လည်း သေတ္တာက ရောက်မလာသည့် ဇာတ်လမ်းတွေ သူကြားဖူးထားတာလည်း ပါပါသည်။ ပြီးတော့ ရိုးရိုး ကလေး ဝန်ခံရလျှင် နိုင်ငံရပ်ခြားသို့ သွားရသော ပထမဆုံးခရီး ဖြစ်သဖြင့်

through check in သူ မလုပ်တတ်တာလည်း ပါသည်။ သည်တော့ စကားသိပ်မပြောရဘဲ သေတ္တာမကျန်ရစ်မည့်စနစ်ကို သူ ရွေးချယ်ခဲ့ခြင်းသာ ဖြစ်သည်။ သို့သော် မိတ်ဆွေဇနီးမောင်နှံ သူတို့သေတ္တာကြီးကို ဖွတ်ယူသွားစေချင်သည်။ အပြန်ကျတော့ ပစ္စည်းပါလာဦးမှာ၊ ဒါနဲ့မှ အတော်ပဲ၊ ယူသွားစမ်းပါ၊ check in လုပ်ရတာ လွယ်ပါတယ်ဟု ဖွတ်တိုက်တွန်းတော့လည်း သေတ္တာကြီးကိုပဲ သူယူလာဖြစ်တော့သည်။ ဟုတ်တော့လည်း ဟုတ်သည်။ အခုပဲ ကြည့်လေ။ သူ့ဘောင်းဘီလေး ၃၊ ၄ ထည်၊ တီရှပ် ၃၊ ၄ ထည်နှင့် အင်္ကျီ ၁၂ ထည် ထည့်လိုက်တော့ ပြည့်လုနီးပါး ဖြစ်သွားသည်။ ပြင်သစ်မှာ လက်ဆောင်ပေးဖို့ ဝယ်ထားသည့် မြန်မာလွယ်အိတ်ငါးလုံးကလည်း ဝန်တော့ကျယ်သား။ တိတ်ခွေအလွတ်တွေ၊ ခရီးဆောင်ကက်ဆက်ငယ်၊ ရေဒီယို၊ ဓာတ်ခဲများနှင့် ဖတ်စရာစာအုပ်တွေပါ ထည့်လိုက်တော့ နေရာသိပ်မကျန်တော့။ ဦးချိန်တီ အစာကြေဆေး၊ ဆေးနက်ကျော်နှင့် မြန်မာဆေးဝါးတချို့ကလည်း ပါသေးသည်။ သူစိုးရိမ်တာက တိတ်ခွေဖြစ်သည်။ စင်စစ် တိတ်ခွေအသစ်တွေချည်းဆိုလျှင် သက်ဆိုင်ရာတာဝန်ရှိသူက မေးသည့်တိုင် ဖြေရှင်းရလွယ်နိုင်သည်။ အခုတော့ အသစ်ကျပ်ချွတ်တွေ မဟုတ်။ သုံးပြီးသား အဟောင်းတွေ ဖြစ်သည်။ ပြီးတော့ သီချင်းတိတ်ခွေတွေ မဟုတ်။ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ အင်တာဗျူးထားပြီးသား အဟောင်းတွေ ဖြစ်သည်။ မတတ်နိုင်တော့။ မေးလာလျှင် ပြောရတော့မည်။ သေတ္တာကြီးက Eminent ကုမ္ပဏီထုတ် ခရီးဆောင်သေတ္တာကြီးဖြစ်ကာ မောင်းနှိပ်ကာ သော့ခတ်ရသည်။ ပြီးတော့ Code နံပါတ်တွေကို မှတ်လိုက်ရသည်။ ဒါဆို စိတ်ချရပြီ။ သို့သော် ရုတ်တရက် ဖွင့်ပြဖို့ မလွယ်ပါ။

'ကိုနေဝင်းမြင့်… Code နံပါတ်လည်း မှတ်ထားဦးနော်။ တော်ကြာ ကိုယ့်ဟာကိုယ်လည်း ဖွင့်မရနေဦးမယ်၊ ဝမ်းဖိုးနိုင်း (149) မှတ်ထားဦး…'

သေတ္တာငှားသူတွေက သူ့ကို သိပ်တော့ စိတ်ချပုံမရပါ။ 149, 149 သူ ကျက်ထားရသည်။ လေဆိပ်ကို ထွက်ကာနီး ညနေစောင်းတော့မှ သူ့တစ်သက်တာမှာ တစ်ခါမှ မစီးဖူးသည့် ရှူးဖိနပ်ကို စီးကြည့်သည်။



ခပ်ချောင်ချောင်ပျော့ပျော့။ ကိုရီးယားနိုင်ငံလုပ် Callus တံဆိပ် ရှူးဖိနပ် အညိုရောင်။ သူ့မိတ်ဆွေ ကိုကျော်ရင်မြင့် လန်ဒန်သွားရမည်ဆိုတုန်းက 'မန္တလေးမြောက်ပြင်က လူတစ်ယောက် ဘောင်းဘီရှည်ကြီးဝတ်ပြီး ဘွတ်ဖိနပ် တဝွပ်ဝွပ်နဲ့ ကျုံးဘေး လမ်းလျှောက်ကျင့်နေတာ တွေ့ခဲ့ရသဗျ…' ဟု ရန်ကုန်က သူ့ မိတ်ဆွေတွေကို သတင်းပေးသလိုလို နောက်ဖူးသည်။ ဖြစ်သင့်တာက သူလည်း ဖိနပ်ကို တစ်လလောက်က ကြိုဝယ်ပြီး ရန်ကုန်က လမ်းတွေမှာ ဘွတ်ဖိနပ်စီးရင်း လမ်းလျှောက်ကျင့်ဖို့ဖြစ်သည်။ လမ်းလျှောက် ကျင့်သည်ဆိုတာလည်း ဖိနပ်မပေါက်အောင်၊ အံဝင်ခွင်ကျဖြစ်အောင်၊ အသားကျအောင် အစီးကျင့်ရခြင်းကို ဆိုလိုပါသည်။ ဒါပေမဲ့ ရန်ကုန်လမ်းတွေရဲ့ဘေးမှာ ဘွတ်ဖိနပ်စီးပြီး သက်သောင့်သက်သာ လမ်းလျှောက်ဖို့ဆိုတာက အန္တရာယ်များလွန်းသည်။ ပြီးတော့ လုံးဝနီးပါး အချိန်မပေးနိုင်တာလည်း ပါသည်။ သည်တော့ ရှူးဖိနပ်ကိုလည်း နောက်ဆုံးမှ ဝယ်ဖြစ်တော့သည်။ ဗိုလ်ချုပ်ဈေးက ဆိုင်တစ်ဆိုင်မှာပဲ ဖိနပ်ရော၊ ခါးပတ်ရော၊ ခြေအိတ်ရော၊ နက်ကတိုင်ပါ သွားခါနီးမှ ဝယ်လိုက်သည်။ အားလုံး ကိုရီးယားဖြစ်တွေ။

လေယာဉ်ကွင်းဆင်းခါနီးမှ ခြေအိတ်စွပ်၊ ဖိနပ်စီး၊ ဘောင်းဘီရှည်ဝတ်။ ဘောင်းဘီရှည်ကတော့ ကုတ်အင်္ကျီနှင့်တွဲကာ အင်းဝ အပ်ချုပ်ဆိုင်မှာ ချုပ်ထားခဲ့သည်။ ဘောင်းဘီခါးက ၄၂။ သည်တော့ နောက်ထပ်လိုသည့် ဘောင်းဘီသုံးထည်ကို ရန်ကုန်အခြေစိုက် အထည်ချုပ်စက်ရုံထွက် ဆိုင်တစ်ဆိုင်က ၄၂ လက်မဆိုသည့် ခါးအတိုင်းကို ပြေးကာ ဝယ်ခဲ့ခြင်း ဖြစ်သည်။ အင်းဝ အပ်ချုပ်ဆိုင်က ဘောင်းဘီဝတ်လိုက်တော့ ခပ်ချောင် ချောင်။ သေချာပြီ နောက်ဝယ်သည့် ဘောင်းဘီတွေကလည်း ချောင်တော့မည်။ ခါးပတ်ကလည်း သူ့ခါးကို (သူ့ဗိုက်ကိုပါ) ပတ်မိဖို့ တော်တော် အားစိုက်ရှာထားရသည့် ခါးပတ်ဖြစ်သည်။ ခါးပတ်ရောင်းသည့်ဆိုင်ရှင်က သူ့ဆိုင်က များစွာသော ခါးပတ်တွေကို ပြသော်လည်း တစ်ချောင်းတလေမှ မတော်။ သည်တော့ ဆိုင်ရှင်က ဗိုလ်ချုပ်ဈေးထဲ ရှိသမျှ ခါးပတ်တွေ သွားယူကာ ကြိုးစား ရှာဖွေပေးသည်။ ရှားရှားပါးပါးတွေ့သည့် ခါးပတ်ကို ခါးပတ် အပေါက်ဖောက်စက်ကိုသုံးကာ အပေါက်ပို ၃ ပေါက် ဖောက်ပေး

လိုက်တော့မှ ခါးပတ်ကိစ္စ အဆင်ပြေလာသည်။ နက်ကတိုင် (Necktie)။ သူကလည်း ပြဿနာ။ သူ နက်ကတိုင်စီးတတ်သည်မဟုတ်။ သားရေခါးပတ်ကွင်းလေးပါ တွဲထားသည့် အရန်သင့်စွပ် နက်ကတိုင်တွေလည်း ရှိသည်။ ဆိုင်က အရန်သင့် ကွင်းထိုးပြီးသားတွေလည်း ခိုင်းရင် လုပ်ပေးပါသည်။ အကောင်းဆုံးကတော့ ကိုယ်တိုင်ချည်တတ် နှောင်တတ်လျှင် ပိုပြီးသပ်ရပ်သည်။ သို့သော် သူ့ဘဝမှာ နက်ကတိုင်သည်လည်း သူ့လည်ပင်းနှင့် ပထမဆုံး တွေ့ရသော မိတ်ဆွေဖြစ်သည်။

'ကျွန်တော့်ကို အလျှော့အတင်း ကွင်းသာ ထိုးပေးပါဗျာ'

ဆိုင်ရှင်က ဗိုလ်ချုပ်ဈေးထဲမှာပဲ သူ့လက်စွမ်းပြလေသည်။ တိုသွားလိုက်၊ ရှည်သွားလိုက်၊ စွပ်ကြည့်လိုက်။ နောက်တော့ ဟောသလိုချွတ်၊ ဟောသဟာလေး ပြုတ်မသွားစေနဲ့၊ ဟောဒါကြီးက ဟောသည်နေရာမှာ ရှိပစေ။ ယာယီနက်ကတိုင် သင်တန်းယူလိုက်တော့ ဒါလည်း အဆင်ပြေသွားတာပါပဲ။ နောက်အင်္ကျီ။ သူ့မှာ ချုပ်ဖို့အချိန်မရှိ။ သည်တော့ အားလုံး extra large ။ ဟန်ကျပြီ။ အတက်ချီကော့စ် ဝယ်ပြီးပြီ။ အင်္ကျီဘောင်းဘီ ရပြီ။ နက်ကတိုင်နှင့် ရှူးဖိနပ်ရပြီ။ နိုင်ငံခြားငွေ အတန်အသင့်ရှိပြီ။ နိုင်ငံခြားသို့ သွားရန်အသင့်။ အိုကေ။

သည်လိုနှင့် လေဆိပ်မသွားခင် သူ့စိတ်ကြိုက် အင်္ကျီတစ်ထည်ရွေးလိုက်သည်။ အနီရောင်ကွမ်းရိုးစင်းကလေးတွေပါသည့်အင်္ကျီကို သူရွေးထုတ်ကာ ကျန်တာတွေ သော့ပိတ်လိုက်သည်။ သေတ္တာမှာ သူ့မဂ္ဂဇင်းတိုက် လိပ်စာကတ်ပြားကို အပေါက်ဖောက်ကာ သားရေပင်နှင့် တွဲချည်လိုက်သည်။ ထိုင်းမှာ ဆင်းရဦးမည်ဆိုတော့ နက်ကတိုင်မစီးတော့ဘဲ နက်ကတိုင်ကို အတက်ချီကော့စ်ထဲ ကွင်းမပျက် ခေါက်ထည့်လိုက်သည်။ ဟုတ်ပြီ။ အို… နိုင်ငံခြား… သင့်ထံကိုလာလျှင် ဤသို့အားဖြင့် ဝတ်ဆင်ခြင်းဖြင့်သာ လက်ခံသည်ဟု ဘယ်သူက ပြဋ္ဌာန်းခဲ့ပါသလဲ။ ကိစ္စမရှိ၊ ကျွန်ုပ်ကား အဆင်သင့်ဖြစ်ခဲ့ပြီ။ သူ့ဟာသူ မှန်ထဲကြည့်လိုက်တော့ ရယ်ချင်သည်။ ပြီးတော့မှ ရှူးဖိနပ်တဂွပ်ဂွပ်နှင့် မီးဖိုးထဲဝင်ကာ ဟော့ပလိပ် (Hot plate) ကို ဖွင့်သည်။ ဒယ်အိုးကလေးတင်ကာ ဆီထည့်၊ ဆီပူလာတော့ ကြက်ဥနှစ်လုံး ဖောက်ထည့်။ ဆားမထည့်ဘဲ ဒယ်အိုးကို အောက်ချကာ ထမင်းခူး



သည်။ ထမင်းကို ကြက်ဥဆီပူလောင်းထည့်ကာ ငါးပိရည် သုံးဇွန်းလောက်ခပ်၊ ထမင်းဆီဆမ်းနှင့် ငါးပိရည် ရောနယ်ကာ ကြက်ဥကြော်နဲ့ ခပ်သုတ်သုတ် စားလိုက်သည်။ ထမင်းစားပြီးတော့ ငါးနာရီခွဲတော့မည်။ ပြီးတော့ ရှူးဖိနပ်ကို ပြန်ချွတ်ကာ ဘုရားစင်ရှေ့သွား၊ ကာလအတော်ကြာကြာ မရှိခိုးဖြစ်သော ဘုရားရှင်ကို ကြည်ကြည်ညိုညို ရှိခိုးသည်။ သူ ထိုင်လို့မရတော့ မတ်တတ် လက်အုပ်ချီလိုက်ခြင်းဖြစ်သည်။ သည်မှာတင် သူ့စိတ်တွေက ဘာကြောင့်မှန်းမသိဘဲ ကွယ်လွန်သူမိဘနှစ်ပါးကို သတိရနေမိလေသည်။ အထူးသဖြင့် အမေ့ကို တလှိုက်လှိုက် ဝမ်းနည်း ကြေကွဲစိတ်နှင့် သတိရနေခြင်းဖြစ်သည်။ မိဘနှစ်ပါးကို ရည်စူးအောက်မေ့ရင်း သူ ကန်တော့လိုက်သည်။ ဝမ်းနည်းကြေကွဲစိတ်ကား ပျောက်မသွား။

သူ လေယာဉ်ကားက ဆင်းလာတော့ ရန်ကုန်၏ ဇွန်လမိုးဦးက တအားရွာချလိုက်သည်။ သေတ္တာလေးလေးကြီးက တစ်ဖက်၊ အတက်ချီကော့စ်က တစ်ဖက်။ မှာထားသော သူငယ်ချင်းတက္ကစီကလည်း မလာသေး။ နာရီကြည့်တော့ ခြောက်နာရီတော့ မထိုးသေး။ မင်္ဂလာဒုံလေယာဉ်ကွင်းနှင့် နီးသော်လည်း သူ စောစောစီးစီး ရောက်ချင်နေသည်။ လေဆိပ် ကိစ္စဝိစ္စတွေကို သူ နားမလည်တာတွေကြောင့် ဖြစ်သည်။ ထိုင်းက ပူပူနွေးနွေး ပြန်လာသော သူ့မိတ်ဆွေကတော့ check-in လုပ်ပုံလုပ်နည်းတွေ၊ ထိုင်းလေဆိပ်ရောက်လျှင် လေဆိပ်ခန်းမထဲ ဝင်သွား၊ Transit သမားတွေက Transit ခန်းတွေဘက် သွားရုံ။ မြားတွေ ပြထားသဖြင့် ကိုယ်စီးရမယ့် ဂိတ်တွေကို လေဆိပ်တီဗွီမျက်နှာပြင်တွေမှာ ဖတ်ရုံ။ ပြောတော့ပြောတာပဲ။

ကိုယ်မရောက်ဖူးသော နေရာဒေသတစ်ခုသို့ အဝင်သည် အဲသလောက် ချောမောလွယ်ကူပါ့မလား သူ စိတ်ပူနေသည်။ လေယာဉ်ကားထိပ်မှာ ခဏနေတော့မှ သူ့ သူငယ်ချင်းကား ရောက်လာပါသည်။

'မိုးတွေရွာနေလို့ပေါ့ဗျာ၊ မီပါတယ်ဗျ၊ လေဆိပ်က နီးနီးလေးပါ၊ နေဦး ခင်ဗျားပါစရာရှိတာတွေ စုံပြီလား… Form D တို့ Passport တို့… '

သူငယ်ချင်းက ခေတ်ပညာတတ် တက္ကစီဒရိုင်ဘာ ဖြစ်သည်။ သေတ္တာကြီးကို ကောက်မသည်။ ခပ်ဖွဲဖွဲ မိုးရေတွေထဲက ကားရှိရာ လျှောက်

လာတော့ ဘာများ ကျန်ရစ်ပါလိမ့် သူ စဉ်းစားသည်။ ဘာမှတော့ ကျန်ပုံမရ။ သည်လိုနဲ့ သူ လေဆိပ်ခန်းမထဲကိုရောက်တော့ ညနေ ၁၈း၀၀ နာရီထိုးပြီး ကျော်စပဲ ရှိသေးသည်။ ကားကလေဆိပ်ရှေ့မှာ သိပ်ကြာကြာရပ်ခွင့်မရှိ။ သူငယ်ချင်းကားလေး ပြန်ထွက်သွားတော့ ဟာကျန်ရစ်ခဲ့သည်။ သူ ဘာတွေ စိတ်လေးနေတာလဲ။ ဘာကို သတိတရရှိနေတာလဲ။ ထိုင်းအဲဝေးတံဆိပ်ကပ်ထားသော လေဆိပ်ခန်းမထဲကခုံတစ်ခုံမှာ ဝင်ထိုင်ကာ လေဆိပ်အပြင်ကို သူ ငေးနေလိုက်သည်။ ခရီးသည်တွေ တဖွဲဖွဲ ရောက်လာကြပြီ။ သေတ္တာအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး၊ နိုင်ငံရပ်ခြားဝတ်စုံတွေနဲ့ပါပဲ။ တချို့ကတော့ အနောက်တိုင်းဝတ်စုံကို တိကျသပ်ရပ်စွာ ဝတ်ဆင်ထားကြသည်။ မြန်မာအမျိုးသမီးတွေကတော့ စကတ်လိုလို၊ ထဘီလိုလို modify လုပ်ထားတာတွေနှင့် ဖြစ်သည်။ အာရှခရီးလောက်ကို သွားမည့်သူတွေကတော့ ထဘီပါပဲ။

သူထိုင်နေရာ ခန်းမကြီးထဲမှာ လူတော်တော်များများ ရောက်လာပြီ။ ခန်းမထိပ်က ငါးသုံးလုံးကြော်ငြာမှာတော့ လေယာဉ်ထွက်မည့်အချိန်တွေကို လျှပ်စစ်မီးနှင့် ရေးပြထားသည်။ ကရာချိ၊ ကာလကတ္တား၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း။ သူ စီးရမည့် ထိုင်းလေယာဉ် TG ၃၀၆ ကို ထွက်ခွာချိန် ၁၉း၅၅ ဟု ရေးထားသည်။ Check-in လုပ်ရမည့်အချိန်ကိုလည်း ရေးထားသည်။ သူနာရီကြည့်တော့ စောနေသေးသည်။ ခဏနေတော့ ဆရာ ဦးသက်ထွန်း ရောက်လာသည်။ သူ့ကိုတွေ့တော့ နှုတ်ဆက်သည်။ သူက ဆရာဦးသက်ထွန်းနှင့် တွေ့ဆုံခြင်းကို မကြာခင်ကမှ မနှစ်ပွားရေးမဂ္ဂဇင်းမှာ ရေးခဲ့တော့ ဆရာက မှတ်မိနေသည်။

'ဟော… မောင်ရင်က ဘယ်သွားမလို့လဲ…'

'ပြင်သစ်ကို ဆရာ… '

'ဟိုမှာ လေယာဉ်စီးရမယ့်ကိစ္စ ပါသေးသလား၊ ဟိုမှာ Air France ကမောင်တွေ သပိတ်မှောက်နေကြတယ်…'

'ကြုံသလိုပဲ ဆရာရေ့'

ဆရာက ပြုံးသည်။ ဆရာက ဧည့်သည်လာပို့တာဟု ဆိုသည်။ ခဏနေတော့ သူသေတ္တာကြီးကိုတွန်းကာ Check-in ခန်းမထဲ ဝင်လာခဲ့



သည်။ လူတွေက Check-in ဂိတ်မှာ တန်းစီနေကြပြီ။ သေတ္တာတွေ ချိန်နေပြီ။ သူက Passport နှင့် လေယာဉ်လက်မှတ်ကို ဆွဲကိုင်ကာ ဝင်တန်းစီလိုက်သည်။ စာရေးမကလေးက လေယာဉ်လက်မှတ်ကို ကြည့်သည်။ သေတ္တာကို ဘယ်လေဆိပ်အထိ ယူသွားချင်သလဲ မေးသည်။

'ချားလ်စ် ဒီဂေါလ်… '

ဘာမှမေးမနေတော့ပါ။ RGN-CDG လို့ စာလုံးကြီးတွေပါသည့် Sitcker ရှည်ကြီး သေတ္တာမှာ ကပ်ပေးလိုက်သည်။ Check-in ကိစ္စပြီးပြီ။ သတ်မှတ်ထားသော လုံခြုံရေးတံခါးက သူဝင်လိုက်သည်။ အသံမပြည်ပါ။ သူ့မှာ လေယာဉ်ပြန်ပေးဆွဲဖို့ အစီအစဉ်လည်း မရှိပါ။ ပြီးတော့ ဘာလက်နက်မှလည်း မပါပါ။ အတွင်းသို့ဝင်ပြီး နိုင်ငံကူးလက်မှတ်ပြသည်။ လူဝင်မှုကြီးကြပ်ရေးအရာရှိမကလေးက သူ့နိုင်ငံကူးလက်မှတ်ကိုကြည့်၊ သူ့မျက်နှာမော့ကြည့်။ ဘာက ဘာဖြစ်သည်မသိ။ အရာရှိမလေးက သူ့ထက်ကြီးသောအရာရှိကို သွားပြသည်။ အရာရှိက နိုင်ငံကူးလက်မှတ်ကို သေသေချာချာကြည့်ကာ ရပါတယ်ဟု ပြောလိုက်တကြားတော့မှ အလုံးကြီးကျလေသည်။ နောက်ထပ် စစ်ဆေးရေးဌာနတချို့ကို ကျော်လွန်ပြီးတော့ လေယာဉ်စီးရန် စောင့်ရသည်။ Departure Lounge ထဲကို သူရောက်ပြီ။ ခဏကလေးပါပဲ။ ခရီးသည်တွေ လှုပ်ရှားသွားသည်။ လေယာဉ်ဆီသို့သွားမည့် ဘတ်စကားကြီးပေါ်ကို တန်းစီးတက်တော့ သူလည်း လိုက်တက်လိုက်သည်။ ကိုယ်စီးရမည့်လေယာဉ်ကြီးကား ဟုတ် မဟုတ် မမေးဘဲ တက်လိုက်လာခဲ့ခြင်း ဖြစ်သည်။ ဒါပေမဲ့ သေချာပါသည်။ Thai airways int'l လေယာဉ်ကြီးက ကွင်းလယ်မှာ မီးတွေ ထိန်လင်းနေသည်။ Boarding Pass ကို လက်ကကိုင်ရင်း လေယာဉ်လှေကားပေါ်တက်လိုက်သည်။ ပြီးတော့ မြန်မာပီပီ နောက်ကိုလှမ်းကြည့်လိုက်သည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ အပြာရောင် နီယွန်ဆိုင်းဘုတ်က ခပ်ဝေးဝေးမှာ။ လေဆိပ်ဆောင် အပေါ် ထပ်မှာတော့ ဝိုးတဝါးညှ အလင်းရောင်မှာ လူတွေအပြည့်။ နှုတ်ဆက်ကြသူတွေ… ။ လက်ကလေးတွေ ယမ်းကာ ယမ်းကာ။ ဘယ်သူက ဘယ်သူ့ကို နှုတ်ဆက်နေကြတာလဲ။ သူမသိ။ သူ့ကိုလိုက်ပို့မည့်သူ

မရှိ။ သူ လေယာဉ်အပေါက်ဝက တစ်ဆင့် လေယာဉ်ထဲ ဝင်လိုက်သည်။ လက်အုပ်ချီထားသော ထိုင်းလေယာဉ်မယ်က သူ့ကို ပြုံးနှုတ်ဆက်နေသည်။

'ဆာဝပ်ဒီးခရပ်…'

'မင်္ဂလာပါ…'

နောက်ထပ် သူ့ဆီရောက်လာသူ လေယာဉ်မယ်ကလေးက သူ ထိုင်ရမည့်နေရာကို ပြသည်။ ပြုံးပြုံးကလေးပါပဲ။ ရန်ကုန် - ဘန်ကောက်ခရီးစဉ်မှာတော့ လူသိပ်မများလှပါ။ ထိုင်ခုံတွေ ပိုနေသည်။ သူက လူမရှိသော ခုံတန်းတစ်နေရာမှာ ဝင်ထိုင်လိုက်သည်။ အနားသို့ ရောက်လာသော စာအုပ်တင် လက်တွန်းလှည်းဆီက Newsweek တစ်အုပ်ယူလိုက်ကာ ဘယ်သူကမှ မခိုင်းသေးဘဲ ခါးပတ်ပတ်ထားလိုက်သည်။ လေယာဉ်က ဖြူဖွေးတောက်လက်နေသည်။ လေယာဉ်က မလှုပ်သေးပါ။ လေယာဉ်မယ်တွေ၊ လေယာဉ်မောင်တွေကတော့ လက်ဆွဲ ခရီးဆောင်အိတ်တွေကို လေယာဉ် overhead rack အကန့်တွေထဲမှာ နေရာချပေးနေကြသည်။ လိုအပ်သမျှ အပြေးအလွှား ကူညီရန်အသင့်။ ခဏနေတော့ လေယာဉ်က ပြေးလမ်းပေါ် ရောက်အောင် အသာကလေး လိမ့်ပြေးဖို့ စတင်လှုပ်ရှားသည်။ ခါးပတ်တွေ ပတ်ထားဖို့၊ စီးကရက်မသောက်ဖို့ သတိပေး အမှတ်အသားတွေလည်း ပေါ်လာပြီ။ လေယာဉ်ထိပ် Screen မှာတော့ ထိုင်းလေကြောင်း အမှတ်အသား ခရမ်းရင့်ရောင်သစ်ခွပန်းတံဆိပ် ပေါ်လာသည်။ ပြီးတော့ ထိုင်းဘာသာဖြင့် နှုတ်ဆက်စကားသံ။ ခဏနေတော့ ရုပ်ရှင်ပိတ်ကားမှာ ထိုင်းအမျိုးသမီးကလေးနှစ်ဦး ပေါ်လာသည်။ လေယာဉ်က ဆေးလိပ်မသောက်ရ လေယာဉ်ခရီးစဉ် (Non-smoking flight) ဖြစ်ကြောင်း၊ အသက်ကယ် အင်္ကျီ ဝတ်ပုံဝတ်နည်းတွေကို ဤသို့ဤနယ် ဝတ်ဆင်ရပါကြောင်း၊ အသက်ရှူကျပ်လာလျှင် ဒါမှမဟုတ် ကလေးငယ်တွေအတွက် အသက်ရှူစနစ် အခက်အခဲရှိလျှင် ခေါင်းပေါ်က အောက်စီဂျင်နှာခေါင်းစွပ်ကို ဆွဲယူနိုင်ကြောင်း၊ လေယာဉ်အရေးပေါ် တစ်စုံတစ်ရာဖြစ်လျှင် လျှောထိုးဆင်းနိုင်သည့် အရေးပေါ်တံခါး (emergency exit door) တွေရဲ့ တည်နေရာတွေကို ပြသည်။

သူကတော့ မြင်ကွင်းတွေကို ငေးရင်း ထိုင်းတွေက နိုင်ငံတကာ



လေကြောင်းပို့ဆောင်ရေးမှာ ဘာဖြစ်လို့ သူတို့ရှေ့ရောက်လာရတာလဲ စဉ်းစားနေမိသည်။ လေကြောင်းပျံသန်းမှုအစဉ်အလာအရ မြန်မာ့လေယာဉ်မှူးတွေက ထိုင်းလေယာဉ်မှူးတွေထက်သာတာ သူ သေသေချာချာ သိပါသည်။ လေယာဉ်မောင်၊ လေယာဉ်မယ်တွေကကော…။ အင်္ဂလိပ်စကား၊ အင်္ဂလိပ်ဘာသာ အခြေခံကောင်းသည့် မြန်မာများပီပီ နိုင်ငံတကာဆက်ဆံရေးမှာ အောက်တန်းနောက်တန်း မကျနိုင်သူတွေ။ ဒါဖြင့် ဘာလိုနေတာလဲ။

လေယာဉ်က ပြေးလမ်းပေါ် ရောက်ပြီ။ တစ်ဆစ်ချိုး ကွေ့ချိုးလိုက်သည်။ ပျံတက်တော့မည်။ ခေါင်းလောင်းသံပေါ်လာတော့ လေယာဉ်မယ်တွေက ခရီးသည်တိုင်းရဲ့ ခါးပတ်တွေကို လိုက်လံစစ်ဆေးသည်။ ပြီးတော့ သူတို့ လည်း ပြေးပြေးလွှားလွှား သူတို့အတွက် သတ်မှတ်ထားသော ခုံကလေး တွေမှာထိုင်ရင်း ခါးပတ်ပတ်သည်။ တအားကုန် မြင့်တင်လိုက်သော လေယာဉ်စက်သံနှင့်အတူ လေယာဉ်က ပြေးလမ်းပေါ်မှာ ဒေါသတကြီး ပြေးလွှားနေသည်။ ပြီးတော့ မိုးကောင်းကင်ဆီ…။ နေရစ်ခဲ့ပါဦး မင်္ဂလာဒုံ။ လယ်ကွင်းစိမ်းစိမ်း၊ ရေကွက်အကန့်အကန့်၊ အမိုးနီနီ အဆောက်အအုံကလေးတွေ ဟိုတစ်စ သည်တစ်စ ရှိလိမ့်မည်။ သူ မြင်နေရသည် မဟုတ်ပါ။ ည ၈း၀၀ နာရီကျော်စပြုပြီ။ ပြည်တွင်းခရီးစဉ်တွေတုန်းက ငုံ့ကြည့်ခဲ့ဖူးသော မြင်ကွင်းယောင်းတွေကို သူ သတိရနေခြင်းသာ ဖြစ်သည်။

သူ… ပါရီကို တကယ် လာဖြစ်ခဲ့ပါပကော။ မြန်မာတောကျေးလက်မှာ မွေးဖွားခဲ့သော သူ့အဖို့ ပါရီဆိုသည့် ပြင်သစ်နိုင်ငံ၏ အကြီးဆုံးမြို့တော်ကို တကယ် ထွက်ခွာလာခဲ့ရပါပကော။ သူ ဝမ်းသာနေသည်လား၊ ကြေကွဲနေသည်လား…။ ဒါလည်း မသေချာပါ။ ရင်တွေကတော့ တလှပ်လှပ် လှုပ်ခုန်နေလေသည်။ လေယာဉ်က ကောင်းကင်မိုးမြင့်မှာ နေသားတကျ ရှိသွားပြီ။ ခါးပတ်တွေလည်း ဖြုတ်နိုင်ပြီ။ Screen ပေါ်က ကမ္ဘာ့မြေပုံပေါ်မှာ ရန်ကုန်လေဆိပ်က တက်လာသော လေယာဉ်၏ တည်နေရာကို မြင်နေရသည်။ Screen ပေါ်က လေယာဉ် ကလေးက ပဲခူးမြို့နားအထိ ထောင်တက်သွားကာ အဲသည်ကမှ ထားဝယ် မြို့ဘက်သို့ ဦးတိုက်ပျံသန်းနေသည်။ တနင်္သာရီကမ်းမြောင်ဒေသကို ကန့်လန့် ဖြတ်ကျော်လွန်ပြီးလျှင် ထိုင်းတို့၏ဒေသ။ ဘန်ကောက်။ ဒွန်မောင်း နိုင်ငံတကာလေဆိပ်။ လေ

ယာဉ်က ပေ ၃၀၀၀၀ ကျော်က ပျံသန်းနေသည်။ ခန့်မှန်းပျံသန်းချိန် ၄၆ မိနစ်ခန့်။ ဒေသအပူချိန် ၃၀˚C။ သူ့တိုင်းပြည်နှင့် အပူပမာဏ မကွာလှပါ။ နယ်နိမိတ်ချင်း ဆက်နေသော်လည်း စံတော်ချိန်ချင်းကတော့ နာရီဝက်တိတိ ကွာသည်။ သူ့လက်က နာရီကို မရွှေ့ဖြစ်ပါ။ Screen ပေါ်မှာတော့ Visit Thailand Year ဒါမှမဟုတ် Amazing Thailand Programme တွေ ပြနေသည်။ ရိုက်ချက်တွေက ကောင်းသည်။ ဒါပေမယ့် ထူးထူးဆန်းဆန်းတွေ မဟုတ်။ လယ်ကွင်း၊ စပါးနှံ၊ ထိုင်းတောင်သူ လယ်သမားတွေ၊ မီးပုံပွဲ၊ မြဘုရား၊ ထိုင်းမြို့ပြမြင်ကွင်းများ၊ ဈေးနှင့် သီးနှံများစွာ။ နောက်ခံတီးလုံးက မြန်မာနှင့် နီးစပ်သော ဒုံမင်းသံ (ခင်တူရိယာသံ)ဖြစ်သည်။

ထိုင်းလေယာဉ်ကွင်းကို ဆင်းခါနီးမှာပဲ ညစာကျွေးလိုက်သေးသည်။ မိုက်ခရိုဝေ့ဖ်ဖြင့် နွေးထားသော ညစာဘူးက သန့်ရှင်းပူနွေးနေသည်။ သိပ်တော့ မဆာပါ။ ဒါပေမဲ့ သူ စားလိုက်တာပါပဲ။ သူ့ခံတွင်းနှင့် အတန်ငယ်စိမ်းသော အရသာ။ ဒါပေမဲ့ သူ ကြိုက်ပါသည်။ Screen ပေါ်က လေယာဉ်ရုပ်ကလေးကတော့ ဘန်ကောက်လေဆိပ်ကိုဆင်းဖို့ ဟန်ပြင်နေပြီ။ ပြီးတော့ လေယာဉ်ကလေးရဲ့ အမြီးပိုင်းက အတန်းနီနီကလေးကတော့ ရန်ကုန်မြို့တော်နှင့် ချိတ်တွယ်ထားဆဲ။ သူလာခဲ့သော လမ်းကြောင်းနီနီကလေးက တောတောင် စိမ်းမြကို ဖြတ်ကျော်ကာ ကွေ့ကွေ့ကောက်ကောက်။ လေယာဉ်မှူးကတော့ ခရီးသည်တွေကို အင်္ဂလိပ်ဘာသာဖြင့် နှုတ်ဆက်နေပြီ။

'ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ရဲ့ ထိုင်းဘုရင့်နိုင်ငံတော်ကြီးရဲ့ လှပဆန်းကြယ်ခမ်းနားမှုနဲ့ ခရီးသည်များ ထိတွေ့ရပါတော့မယ်။ ရှေ့ခရီးဆက်မယ့် မိတ်ဆွေများကိုရော ပြည်တော်ဝင်ကြမယ့် မိတ်ဆွေများကိုပါ ဧည့်ဝတ်ကျေပွန်လှတဲ့ ထိုင်းနိုင်ငံရဲ့ ဝန်ဆောင်မှုတွေက အရန်သင့်ကူညီဖို့ စောင့်ဆိုင်းနေပါတယ်။ ကောင်းသောခရီး ဖြစ်ကြပါစေ'

ထိုင်းလေယာဉ်မယ်ကလေးက သူ့ကို ကတ်ပြားထူထူကလေးတစ်ချပ် လာပေးသည်။ ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာနက ထုတ်ပေးသည့် ဧည့်ဝင်ကတ်ပြားကလေး ဖြစ်သည်။ ကမန်းကတန်းပဲ သူ ဖြည့်လိုက်သည်။ နိုင်ငံကူးလက်မှတ်နှင့်တွဲကာ အင်္ကျီအိတ်ထောင်ထဲ ထိုးထည့်လိုက်သည်။ ဤသို့ဖြင့် မီးတွေ ထိန်ထိန်ညီးနေသော၊ ဒွန်မောင်း နိုင်ငံတကာလေဆိပ်



ခန်းမထဲကို ကြီးမားသော အအေးခန်း Tube ကြီးထဲကတစ်ဆင့် သူရောက်လာသည်။ တော်တော်လေး လျှောက်လာပြီးတော့မှ Transit ဆိုသည့် နီယွန်မီးဆိုင်းဘုတ်ကို သူတွေ့သည်။ Transit လမ်းညွှန်အတိုင်း တွေ့ချိုးကာ ဆက်လျှောက်လာခဲ့သည်။ ဘန်ကောက် - ပါရီခရီးစဉ်အတွက် Boarding Pass ထုတ်ရဦးမည်။ ရန်ကုန်လေဆိပ်မှာ throght check-in လုပ်ခဲ့သော သူ့အဝတ်အစားသေတ္တာကြီးရဲ့ ခရီးစဉ်ကလည်း ချောမွေ့ခြင်းရှိမရှိ Confirm လုပ်ရဦးမယ်။ ပြီးတော့ လေဆိပ်ထဲက များလှစွာသော တီဗွီဖန်သားပြင်တွေမှာ Terminal နံပါတ်၊ gate နံပါတ်တွေ ရှာရဦးမည်။ သည်တော့မှ လေဆိပ်က နာရီနှင့် သူ့နာရီကို ကွက်တိဖြစ်အောင် တိုက်လိုက်သည်။ ဒေသစံတော်ချိန် ၂၁း၄၀ နာရီ။ သူစီးခဲ့သော RGN BKK TG 306 လေယာဉ်ကြီးကို လေဆိပ်ခန်းမထဲက လှမ်းတွေ့နေရသည်။ နောက်ထပ်ခရီးဆက်ရမည့် BKK CDG TG 930 ကော ဘယ်မှာလဲ။ လေဆိပ်ကွင်းထဲမှာ ထိုင်းလေယာဉ်တွေက အများကြီး။ တခြားလေကြောင်း တံဆိပ်တွေလည်း ရှိသည်။ သူက Transit Counter No. 1 ဆိုသည့် နေရာကိုရှာရင်း လျှောက်လာခဲ့သည်။ တော်တော်ဝေးဝေး လျှောက်ရခြင်းဖြစ်သည်။ ကောင်တာတစ်စားပွဲမှာတော့ စက္ကူကတ်ပြားတစ်ချပ်သာ ရှိလေသည်။

'Transit Counter 2 သို့ ဆက်လက်သွားပါ'

ကောင်တာတစ်စားပွဲပေါ်မှာ စာရေးထားသော Counter 2 ဆိုတာကို ရှာရတော့မည်။

'ကျေးဇူးပြု၍ခင်ဗျာ၊ ကျွန်တော် Counter 2 Desk ကို သွားချင်လို့ပါ၊ ဘယ်အထပ်မှာ ရှိပါသလဲ...'

နီးစပ်ရာ ထိုင်းလေကြောင်းတံဆိပ်ရင်ထိုး တပ်ထားသည့် ကလေးမကိုမေးတော့ သူ့ကို ကြောင်စီစီကြည့်နေသည်။ အင်္ဂလိပ်စကားတတ်ပုံမရ။ သူ စိတ်ညစ်သွားသည်။ သူ့မှာ သုံးနာရီပဲ အချိန်ရသည်။ ပြီးတော့ သူနှင့်စိမ်းသော သူတစ်ပါးနိုင်ငံမှာ။ ကျန်ရစ်ခဲ့မှဖြင့်။ သူကိုယ်တိုင် ချွေးဒီးဒီးကျအောင် ပူလောင်နေသည်။ ခမ်းနားကြီးကျယ်သော ဒွန်မောင်းလေဆိပ်က သူ့ကို ဖမ်းစားမှုနှင့်တကွ ခြောက်လှန့်နေသည်ထင်လာ၏။ ပြီးတော့ စိတ်ကလည်း မောနေသည်။

ထိုင်းလူမျိုး တော်တော်များများမှာ အင်္ဂလိပ်ဘာသာစကား ပြောဖို့ ဝန်လေးသည်ဟု ကြားဖူးသည်။ သူကတော့ တော်တော်ဝေးဝေးကို ဆက်လျှောက်လာခဲ့သည်။ ခက်တာက သူရောက်နေတာ ဘယ်အထပ်မှန်းလည်း မသိ။ ပြီးတော့ လူတော်တော်များများက လေဆိပ်သုံး သံမဏိတွန်းလှည်း ကိုယ်စီနှင့်တွန်းကာ တွန်းကာ။ သူက တွန်းလှည်းယူလာရကောင်းမှန်းမသိ။ ကိစ္စမရှိ။ နေရာတိုင်းမှာ တွန်းလှည်းတွေ ရာနှင့်ချီရှိသည်။ သူ တွန်းလှည်း တစ်ခု ဆွဲထုတ်ကာ သူ့လက်ဆွဲသေတ္တာကို တင်လိုက်သည်။ တဖြည်းဖြည်း တွန်းရင်း တစ်မျှော်တစ်ခေါ် စင်္ကြံကို ဆက်လျှောက်လာခဲ့သည်။

ဒွန်မောင်းလေဆိပ်ထဲမှာ လူတွေ ဝက်ဝက်ကွဲ စည်ကားနေသည်။ လေဆိပ်ခန်းမတစ်လျှောက် အသံချဲ့စက်က ထိုင်းဘာသာ၊ အင်္ဂလိပ်ဘာသာတွေနှင့် တစာစာလူခေါ်သံတွေ ညံနေသည်။

'စကင်ဒီနေဗီးယင်း အဲလိုင်းခရီးစဉ်အမှတ် ၄၅၅ ခရီးသည်တွေ တင်ဆောင်နေပါပြီ။ စတော့ဟုမ်းကိုတော့သွားမယ့် ခရီးသည် မစ္စတာဒါးလတ်စ် လေယာဉ်ရှိရာ ဂိတ်နံပါတ်ခုနစ်ကို အမြန်ကြွခဲ့ပါရှင်'

ဆိုတာမျိုးတွေ။ ဒါတွေကြားတော့ သူလည်း ထူပူသွားတာပါပဲ။ သူက လက်တွန်းလှည်းတွန်းရင်း အနားက ခရီးစဉ်ပြ TV Screen တွေကို ကြည့်သည်။ သူစီးရမည့် TG 930 ကတော့ တီဗွီဖန်သား မြင်ကွင်းထဲမှာ မတွေ့ရသေးပါ။ ဖော်ပြပြီးသွားတာလား၊ မဖော်ပြရသေးတာလား။ သူ့သေတ္တာကြီးကကော Charles De Gaulle လေဆိပ်ကို ပါသွားပြီလား၊ ဒါမှမဟုတ် ထိုင်းမှာ ရွှေ့ရင်းပြောင်းရင်း ကျန်ရစ်ခဲ့ပြီလား။ သူ ခပ်သွက်သွက်ကလေး တွန်းကာ မေးရမည့်လူကို ရှာသည်။ သူ့နှလုံးသားတွေ ခုန်သထက် ခုန်လာသည်။ ပြီးတော့ ချွေးတွေ…။

သူ ဝမ်းသာသွားသည်။ စာပွဲတစ်လုံးမှာ ထိုင်းမချောချောကလေး ထိုင်နေလေသည်။ သူသွားရပ်တော့ ထိုင်းမကလေးက ပြုံးပြသည်။ ဘာကူညီရမလဲရှင့်ဟု အင်္ဂလိပ်ဘာသာနှင့်မေးသည်။ ဟန်ကျပြီ။ သူသိလိုသမျှ မေးသည်။ ထိုင်းမကလေးက သူ့စာအုပ်ကြီးကို ကြည့်သည်။ ပြီးတော့ သူ့မလက်က နာရီကိုကြည့်သည်။ ပြီးတော့မှ တစ်ခါ ထပ်ပြီး ပြုံးသည်။ ဘယ်နိုင်ငံက လာတာလဲ အရင်မေးသည်။ ဘယ်ကို ခရီးဆက်မှာလဲ မေး



သည်။ စပ်စုတာမဟုတ်မှန်း သူ သိပါသည်။ ဒါသည်ပင် အရှေ့တိုင်း၏ ဓလေ့ မဟုတ်လား။

'သြော်… မြန်မာကလား၊ ကျွန်မတို့နဲ့ မိတ်ဆွေတွေပေါ့၊ လူကြီးမင်း စီးရမယ့်လေယာဉ်က နောက်တစ်နေ့ မိနစ် ၂၀ (0:20 hr) မှာ စီးရမှာပါ။ TV Screen တွေမှာ မပေါ်နိုင်သေးပါဘူး။ ည ၁၁ နာရီကျော်မှ ပေါ်ပါလိမ့်မယ်။ Boarding Pass ကတော့ Desk 2 မှာ သွားထုတ်ပါ။ နောက်တစ်ထပ်တက်လိုက်ပါ။ ညာဘက်ကို ငါးမိနစ်လောက်ကြာအောင် ဆက်လျှောက်ပါ။ ကွန်ပျူတာတွေအများကြီးနဲ့ Desk တစ်ခု တွေ့ပါလိမ့်မယ်။ အဲသည်ကို သတင်းပို့ပါ၊ ကူညီပါလိမ့်မယ်… '

ထိုင်းနဲ့မြန်မာက မိတ်ဆွေတွေတဲ့လားကွယ်။ သူကတော့ မိန်းကလေး ရင်ဘတ်ပေါ်က နာမည်ကို ဖတ်ကြည့်ဖို့ ကြိုးစားသည်။ ခက်တာက သိပ်ကြာကြာကြည့်လို့ မကောင်းသည့်နေရာ ဖြစ်သည်။ ဖျတ်ခနဲမြင်ရတာ ထိုင်းလေကြောင်းတံဆိပ်။ နောက်ထပ် ရင်ထိုးတံဆိပ်တစ်ခုကတော့ မျက်နှာ ပန်းတံဆိပ်။ ဘေးက စာတန်းကတော့ ရှင်းသည်။ 'Amazing Thailand' တဲ့။ 'အံ့ဖွယ်ဝေစည် ထိုင်းတို့ပြည်…' သည်လိုနှင့် မမလေး ညွှန်ပြသည့် နေရာကို သူရောက်သွားသည်။ Desk က သူ့လေယာဉ်လက်မှတ်ကို တောင်းကြည့်သည်။ Boarding Pass တစ်စောင် ထုတ်ပေးသည်။ Terminal နှင့် Gate နံပါတ်တွေ တစ်ခါတည်းပါသည်။ ထိုင်ခုံနံပါတ် ပါပြီ။ သေတ္တာကြီးအတွက်ကလည်း စိတ်ချပါတဲ့။ ဘယ်လိုစိတ်ချပါလဲ ဆိုတော့ ကျွန်မတို့က ကွန်ပျူတာနဲ့ လုပ်နေတာပါတဲ့။

'ကျေးဇူးတင်ပါသည် အိမ်ရှင်များ…'

သူက သူဝင်ရမည့်ဂိတ်နေရာသို့ ဆက်လျှောက်လာကာ ခုံတန်းတစ်ခုမှာ ထိုင်လိုက်သည်။ သည်နေရာက ခရီးစဉ်ပြတီဗွီတွေနှင့်လည်းနီးသည်။ ခုမှ ထိုင်းစံတော်ချိန် ည ၁၀ နာရီနီးပါပဲ ရှိသေးသည်။ ခဏထိုင်မည်။ ပြီးမှ ထိုင်းလေဆိပ် Duty Free Shop တွေကို လိုက်ကြည့်မည်။ စောစောက သူစိတ်ဝင်စားခဲ့သော သစ်ခွပန်းဆိုင်ကလေး (Florists) ကို လိုက်ကြည့်ဦးမည်။ သူက ဖတ်ပြီးလျှင် ပြန်ထားခဲ့ပါလို့ ရေးထားသော သတင်းစာ ခုံပေါ်က သတင်းစာမျိုးစုံကို ရွေးလိုက်သည်။ ဘန်ကောက်ပို့စ်သတင်းစာကို ရွေးယူလိုက်ကာ ဖတ်ဖို့ ကြိုးစားသည်။ ပြောင်လက်နေသော ခန်းမရှည်

ကြီးထဲမှာ လူတွေက တရှုရှု။ အသွေးစုံ၊ အရောင်စုံ။ ဓာတ်ပုံ ဖလက်ရှ်ဂန်း မီးပွင့်တွေ တဖျပ်ဖျပ်။ လူခေါ်သံတွေက တညံညံ။ သူ့အနားက သန့်ရှင်းရေး ဝန်ထမ်းမကလေးရဲ့ ကြမ်းတိုက်စက်သံက တရှီးရှီး။ Duty Free Shop ဆီက ရေမွှေးနံ့က တသင်းသင်း။

ဒွန်မောင်းမှာ ညသန်းခေါင်အထိ သူ နေရဦးမှာပါကလား… ။

✤

ည ၀၀း၂၀ နာရီ။ နေ့သစ်ထဲဝင်ခါစ မိနစ် နှစ်ဆယ် ဖြစ်သည်။

TG ၉၃၀ ပေါ်ကို သူရောက်နေပြီ။ လေယာဉ်၏နောက်နား ခပ်ကျကျမှာ ဖြစ်သည်။ ပြီးတော့ ဘေးစွန်မှာ။ ဒါကိုပဲ သူ သဘောကျသည်။ ကြားခုံထဲကျလျှင် ထွက်ရပြုရခက်သည်။ ပြီးတော့ နေရာထိုင်ရတာ ကျဉ်းကျပ်သည်။ ပြီးတော့ ဟိုဘက်သည်ဘက် လူနှစ်ယောက်နဲ့ ပတ်သက်နေရသည်။ အစွန်ဆိုတော့ တစ်ဖက်မှာ လမ်းအူကြောင်းပဲ ရှိသည်။ သူ့ဘေးက အမျိုးသမီးကတော့ အင်ဒိုနီးရှားသူလား၊ မလေးသူလား မပြောနိုင်ပါ။ အရှေ့တိုင်းသူဖြစ်တာတော့ သေချာသည်။ ယဉ်ကျေးသိမ်မွေ့သူကလေး ဖြစ်သည်။ သည်ခရီးကတော့ ရှည်လျားလွန်းသည်။ လေယာဉ်သတင်း ပြန်ကြားချက်တွေအရ ပျံသန်းချိန်ချည်း ၁၁ နာရီကျော်ကျော် မရပ်မနား ခရီးစဉ်ဖြစ်သည်။ စီးကရက်သောက်ခွင့်မပြု လေယာဉ်ပဲ ဖြစ်သည်။ ပြီးတော့ စောစောက သူ လေယာဉ်ပေါ်တက်ခါနီး ဝင်ထိုင်ခဲ့ရသည့် Departure Lounge ထဲက လူတွေအားလုံး ပါလာသည်ဆိုတော့ ရာနှင့်ချီသော ခရီးသည်တွေဟုသာ ခန့်မှန်းရတော့သည်။

ကြီးမားလွန်းသော လေယာဉ်ကြီးက သူ၏ပထမဆုံး ခရီးရှည် လေယာဉ်ခံစားမှုကို ကြောက်ရွံ့မနေဖို့ အားပေးနေသယောင်။ တကယ်သည်း သူ့မှာ ကြောက်ရွံ့သည့်ခံစားမှုမရှိ။ သူ ထွက်မလာခင်က လေယာဉ်ပျက်ကျသည့်သတင်းတွေ ခဏခဏကြားခဲ့ရသည်။ ပီရူး၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ကျူးဘား စသည့်နိုင်ငံတွေက လေယာဉ်တွေ ရက်ခြားပျက်ကျနေသတဲ့။ ထုံးစံအတိုင်း အားလုံးသေ။ ဒါကို စဉ်းစားမိတော့ သူ့ပိုက်ဆံအိတ်

ထဲက မဟာမုနိပုံတော်ကလေးကို ခဏလေး ထုတ်ယူကာ အာရုံပြုသည်။ ဗုဒ္ဓဘုရားရှင်··· အရှင်ဘုရား၏ ဂုဏ်တော်အားဖြင့် ဘုရားတပည့်တော်အား အ ဘယ ဘေးရန်အပေါင်းမှ ကင်းဝေးပါစေဘုရား··· ။

ထိုင်းနိုင်ငံ ဒွန်မောင်း အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြင်သစ်နိုင်ငံ ချားလ်စ်ဒီဂေါလ် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့။ လေယာဉ်က ထိုင်းနိုင်ငံတကာလေကြောင်းပိုင် လေယာဉ်ပါပဲ။ ပြင်သစ်ကမ္ဘာ့ဖလားဘောလုံးပွဲနှင့် တိုက်ဆိုင်ကာ Air France ကမောင်တွေ လစာကိစ္စ သပိတ်မှောက်နေချိန်။ 'ပြင်သစ်အခက် အဲဖရန့်အချက်' လုပ်နေချိန်။ ထိုင်းနိုင်ငံတကာလေကြောင်းကလည်း နိုင်ငံတွင်း ငွေကြေးပြဿနာကြောင့် လေယာဉ်ခရီးစဉ်တွေမှာ ထိခိုက်နေသည်ဆိုသည့် သတင်းတွေနဲ့ပါပဲ။ သူ ရောက်နေချိန် (၉၈/၉၉ နှစ်) မှာ ထိုင်းဘတ်ငွေက အမေရိကန်တစ်ဒေါ်လာကို လဲလှယ်နှုန်း ၄၃ ဘတ် ရှိနေသည်။ ဒါတောင် ၅၃ ဘတ်က ပြန်တက်လာခဲ့ခြင်းဖြစ်သည်။ သူက လေယာဉ်ပြတင်းအပြင်ကို ကြည့်လိုက်သည်။ အာရှမိုးကောင်းကင်။ မိုးသားတွေ၊ တိမ်စိုင်ခဲမည်းမည်းတွေလား··· ။ ဒါလည်း မဖြစ်နိုင်။ လေယာဉ်က ပေ ၃၇၀၀၀ နှင့် ၄၀၀၀၀ ကြားမှာ တက်ချည်သက်ချည် ပျံသန်းနေသည်။ အလင်းမဲ့ကောင်းကင်က မည်းမှောင်နေတာလည်း ဖြစ်နိုင်လေသည်။

'ကျွန်တော်တို့လေယာဉ်ခရီးစဉ် TG ၉၃၀ ဟာ မြန်မာနိုင်ငံ ရန်ကုန်မြို့တော်ရဲ့ အောက်ဘက်နားက ဖြတ်ပြီး ဘင်္ဂလားပင်လယ်အော်ကို ဆက်ဖြတ်ပါလိမ့်မယ်။ အဲသည်ကမှ အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ အာဖဂန်နစ္စတန်နိုင်ငံ၊ အီရန်နိုင်ငံ၊ အီရတ်နိုင်ငံ၊ တူရကီနိုင်ငံ···'

သူက လေယာဉ်မှူး၏ အသံချဲ့စက်မှ အစီရင်ခံချက်ကို နားထောင်ရင်း လန့်ဖျပ်သွားသည်။ အီရတ်နိုင်ငံတဲ့။ မတော်တဆ ပစ်ထည့်လိုက်မှဖြင့်။ ခြေစစ်ပွဲမအောင်သည့် ဘောလုံးသမားတွေကို ပြည်တော်ပြန်ခရီးမှာတောင် ကုန်းထိပ်ကို ခေါ်သွားကာ ခြေသလုံးလိမ့်ရိုက်သည့်နိုင်ငံလေ။ ရေဒါမှာ ပေါ်နေသည့် TG ၉၃၀ လေယာဉ်အလင်းစက်ကလေးကို ပစ်ထည့်လိုက်ရမလား··· ပစ်ထည့်လိုက်ကွာ ဆိုလျှင် ပြဿနာ။ ဒါပေမဲ့ သူ့ခပ်နောက်နောက် အတွေးတွေသာ ဖြစ်သည်။ လေယာဉ်က ဘင်္ဂလားပင်လယ်



အော်ပေါ်မှာ။ ပျက်ကျလိုက်လျှင်တော့ ရေထဲပဲ။ မြတ်စွာဘုရား။ လေယာဉ်မယ်ကလေးတစ်ယောက်က နားကျပ်တွေ လိုက်ဝေနေသည်။

'ဘာဖြစ်တာလဲရှင်··· ကျွန်မတို့ ဘာများကူညီရမလဲ···'

လေယာဉ်မယ်က သူ့ကို နားကျပ်လှမ်းပေးရင်းက မေးနေခြင်းဖြစ်သည်။ သည်မေးခွန်းကို ရန်ကုန်-ဘန်ကောက်လေယာဉ်ခရီးစဉ်ပေါ်မှာလည်း သူ့အနားကို လေယာဉ်မယ်အသစ်တစ်ယောက် ရောက်လာတိုင်း ဖြေခဲ့ရသည်။ ဒါကိုလည်း ပြောချင်ပါသည်။ သူ ရန်ကုန်က ထွက်လာတော့ ဝတ်လာခဲ့သည့်အင်္ကျီမှာ အနီရောင်ကွမ်းရိုးစင်းကလေး ဖြစ်သည်။ သည်အင်္ကျီကလွဲလျှင် အဝတ်အစားအားလုံး သေတ္တာနှင့်တကွ ချားလ်စ်ဒီဂေါလ်လေဆိပ်ကို ပို့နှင့်ခဲ့ပြီ။ သည်တော့ သူ့မှာ လဲစရာဖယ်စရာလည်း မရှိ။ ရန်ကုန်လေဆိပ်ကိုလာတော့ တက္ကစီပေါ်ကိုအတက် မိုးမိခဲ့သည်။ ဘယ်ဘက်လက်မောင်းတစ်ခြမ်း ရေစိုခြင်းဖြစ်၏။ ထိုအခါ ဘယ်ဘက်လက်မောင်းတခြမ်းလုံး ဆေးနီတွေကျွတ်ကာ ရဲပတောင်းခတ်နေခဲ့သည်ကို သူကိုယ်တိုင်မသိပါ။ ဘယ်သူကမှလည်း လက်မတို့ခဲ့။ ဒါကိုပဲ ဒီဇိုင်းလို့ ထင်နေကြတာများလား။ မြန်မာပြည်မှာ ခပ်စောစောကတည်းက ခြေကုပ်လာယူခဲ့ကြသော နာမည်ကြီး အထည်ချုပ်စက်ရုံကြီးသုံးရုံပေါင်းပြီး ဖွင့်လှစ်ထားသည့် အရောင်းဆိုင်က ဝယ်ခဲ့ခြင်းဖြစ်သည်။ ပြီးတော့ Reject ထည်တွေမဟုတ်။ တရားဝင် ဆိုင်တင်ရောင်းသည့် Ready Made အထည်တွေထဲက တစ်ထည်သာ ဖြစ်သည်။ ပခုံးနှင့် လက်မောင်းအပေါ်ပိုင်းတစ်ခုလုံး ရဲရဲနီသွားအောင် စွန်းထင်းသွားတာကို သူ နားမလည်နိုင်ပါ။

'ဒီဇိုင်းပါ၊ သွေးစွန်းတဲ့ ဒီဇိုင်းပေါ့··· '

ထိုင်းမကလေးက တအံ့တသြ ကြည့်လေ၏။ ဖြေရတာလည်း များလှပြီ။ ဒါပေမဲ့ သူ့မှာ လဲစရာလည်း မပါပါ။ ပြင်သစ်က သူ တည်းရမယ့် ဟိုတယ်မရောက်မချင်း သွေးစွန်းအင်္ကျီကိုပဲ ဝတ်ထားရတော့မည်။ သူ့လက်ထဲ နားကျပ်ရောက်နေသော်လည်း ရုပ်ရှင်ကိုလည်းကောင်း၊ ဂီတကိုလည်းကောင်း သူ မခံစားနိုင်သေးပါ။ ဖျော်ဖြေရေး TV Screen ပေါ်မှာတော့ Floral Perfection ဆိုသည့် စာတန်းကလေးပါသော သစ်ခွပန်း ခရမ်းရင့်ကလေးကို မြင်နေရသည်။

Floral Perfection … ။ ပန်းတို့ဖြင့် ပြည့်စုံခြင်း။ ပကတိ တည်ငြိမ်နေသော လေယာဉ်ထဲမှာသူ ရှိနေသည်။ သူ့စိတ်ကလေး အတန်အသင့်ငြိမ်သွားတော့မှ သူ့အိတ်ကပ်ထဲက စာကလေးကို အသာထုတ်ယူလိုက်ကာ ဖတ်လိုက်သည်။

'ချစ်သော… ဝင်း

ကျန်းမာရဲ့လားကွယ်၊ ကိုယ်လည်း မင်းတို့နိုင်ငံက ပြန်လာပြီး တစ်ပတ်လောက်အကြာမှာပဲ အလုပ်ခွင် ပြန်ဝင်နေရပြီ၊ မင်းကော စာတွေပဲ ရေးနေတာလား။ ခရီးကော ထွက်ဖြစ်သေးသလား။ မင်း ခရီးထွက်သင့်တယ်လို့ ကိုယ်ပြောခဲ့တာက မင်းကို လေးလံနေစေသလားတော့ မသိဘူး၊ ကိုယ်တို့ကတော့ သွားကို သွားရတယ်။ ကိုယ်တို့ဆီကလူတွေက အခုမှ ခရီးထွက်ကြဖို့ ပြင်နေကြတာလေ။ အခုမှ Spring ကွ။ ပြီးတော့ Vocation လေ။ မင်းတို့ဆီမှာတော့ မိုးတွေတအား ရွာနေမှာ ထင်ပါရဲ့။ ရာသီဥတုကတော့ မင်းတို့နဲ့ တို့ မတူဘူး။ မင်းတို့က ဆောင်း၊ နွေနဲ့မိုးနော်။ မင်းရှင်းပြခဲ့တာလေ။ တို့ဆီမှာလည်း မိုးရယ်လို့တော့ သတ်မှတ်ထားတာတော့ မရှိဘူး။ နွေဦး၊ နွေ၊ ဆောင်ဦး၊ ဆောင်းပဲ ရှိတယ်။ နွေဦးနဲ့ ဆောင်းပီပီပေါ့ကွယ်။ မင်းတို့နိုင်ငံ Spring က မလှဘဲ Autumn ကမှ လှတယ်လို့ တို့ဌာနကလူကြီးတွေက ပြောဖူးတယ်။ အဲဒါကော ဟုတ်ရဲ့လား။

တို့ ရာသီဥတုကတော့ သုံးမျိုးထင်တာပဲ (ကိုယ် ပထဝီဝင်ညံ့တယ် ဝင်းရဲ့)။ ပြင်သစ်နိုင်ငံအနောက်ပိုင်းမှာ Oceanic လို့ခေါ်တဲ့ သမုဒ္ဒရာပိုင်းရာသီဥတုရှိတယ်။ နိုင်ငံတောင်ပိုင်းမှာတော့ မြေထဲပင်လယ် ရာသီဥတုလေ။ ပြင်သစ်ရဲ့ အရှေ့ပိုင်းနဲ့ ဗဟိုပိုင်းရာသီဥတုကတော့ Continental လို့ခေါ်တာပဲ။ လယ်တောနဲ့ သစ်တောကြီးတွေက ပြင်သစ်မြို့ပြမှာပဲ ဟက်တာ ၄၅ သန်းတောင် ရှိတယ်။ မိုးကလေးရွာလိုက်၊ နေကလေး ဖွေးခနဲသာလိုက်၊ ဆောင်းလေကလေး တိုက်လိုက်၊ ညိုမှောင်သွားလိုက်၊ ဝင်းပသွားလိုက် ရာသီဥတုကို မင်း ကြိုက်နိုင်ပါ့မလားတော့ မသိဘူး'

လေယာဉ်မီးတွေ တော်တော်များများ ပိတ်လိုက်ကြပြီ။ ညကြီးသန်းခေါင် ထွက်လာခဲ့သော လေယာဉ်ဆိုတော့ အိပ်စက်နားနေချင် သူတို့ရှိလိမ့်မည်။ တချို့ကတော့ ရုပ်ရှင်ကားကြီးတွေမပြခင် အမြည်းသဘော ပြသ



နေသည့် Superman ရုပ်သံ Series ကို နားကျပ်ကိုယ်စီနဲ့ ကြည့်နေကြဘုံး။ အရုပ်ဆီက အသံမထွက်။ နားကျပ်စွပ်ကာ ရုပ်ရှင်Channel ကခလုတ်ကို နှိပ်လိုက်လျှင်တော့ရပြီ။ ဂီတဆိုလျှင်လည်း Channel တွေ များသား။ Disco လား၊ Country လား၊ Classics တွေလား။ ကြိုက်ရာ Channel ကို နှိပ်လိုက်ရုံ။ သူကတော့ သူ့တစ်ကိုယ်စာဖြာကျလာမည့် မီးခလုတ်ကလေးကို နှိပ်လိုက်သည်။ မီးရောင်စူးစူးက သူ့ဆီမှာ တစ်ကိုယ်စာကွက်တိ။ သူက စာကို ဆက်ဖက်လိုက်သည်။

'မင်းတို့ဆီကတော့ မိုးတွေ တအားရွာတယ်နော်။ ကိုယ် အစွဲလမ်းဆုံးကတော့ ပုဂံပဲ။' မင်းတို့ရဲ့နိုင်ငံက ပုဂံဘုရားတွေနဲ့ ရေဝတီမြစ်ဟာ ကမ္ဘာကျော်တယ်နော်။ ကိုယ်တော့ ရိုက်ယူလာတဲ့ Video Tape ကို မိတ်ဆွေတွေ ငှားရလွန်းလို့ ကိုယ့်ဆီ ပြန်မရောက်သေးဘူး။ ခက်တာက ထိုင်းကို လူသိပြီး မင်းတို့နိုင်ငံကို လူသိပ်မသိဘူး။ ဘာဖြစ်လို့လဲ။ Tourism Services တွေ မရှိဘူးလား။ ကိုယ်ကတော့ ဌာနတာဝန်နဲ့လာရလို့ မင်းတို့နိုင်ငံရဲ့အလှကို မြင်ရတွေ့ရတာ ကံကောင်းတာပဲ။ မင်းတို့နိုင်ငံလည်း ပင်လယ်နဲ့တစ်ဆက်တည်းနော်။ Maritime Zone ဘယ်လောက်ရှိသလဲ။ ကိုယ်တို့နိုင်ငံကတော့ North Sea ရယ်၊ English Channel ရယ်၊ Mediterranean Sea ရယ်၊ Altantic Ocean ရယ် ပတ်လည်ဝိုင်းနေတော့ 'လေးပင်လယ်ကျွန်း' ပေါ့နော်။ လွင်ပြင်ရော တောင်တန်းတွေပါ ရှိတော့ လှပတဲ့ ပထဝီဝင်ဖြစ်နေတာလည်း ကိုယ်တော့ ပြင်သစ်သူဖြစ်ရတာ ဂုဏ်ယူတယ်။ Alps တောင်တန်းကြီးကို ကြားဖူးသလား။ အနောက်ဥရောပမှာ အမြင့်ဆုံးတောင်ဖြစ်တဲ့ ဘလန့် (Blane) က ၄၈၀၇ မီတာတောင် မြင့်တယ်။ နောက် ပိုင်ရင်းနီးစ် (Pyrenees)၊ ဂျူရာ (Jura)၊ အာဒင်းနိစ် (Ardennes)။ နောက် မာဆိဖ်စင်ထရယ်လ် (Massif Central)နဲ့ ဗိုးရှ် (Vosges) တောင်တန်းတွေလည်း ရှိတယ်။

ထားပါတော့နော်။ ဝင်းလာတော့မှ လိုက်ပြရင်းပြောတော့မယ်။ အထင်တော့ မကြီးနဲ့ကွယ်။ ကိုယ်က Le guide ကိုဖတ်ပြီး ရေးနေတာ။ ပြီးတော့ ကိုယ်က အင်္ဂလိပ်စကားနဲ့စာ သိပ်မကောင်းဘူး။ ကြိုးစားပြီး ဖတ်ပါကွယ်။ ဘာပဲဖြစ်ဖြစ် ဝင်း ပြင်သစ်ကိုလာမယ်မဟုတ်လား။ ပုဂံ

တုန်းက မင်းက ကူညီခဲ့သလိုပဲ ပြင်သစ်မှာ ကိုယ်က ကူညီပါရစေ။ နေဦးကွ၊ ကိုယ်အကြံကောင်းပေးချင်တယ်။ ကိုယ်တို့နိုင်ငံက ကမ္ဘာ့ဖလားဘောလုံးပွဲကို အိမ်ရှင်နိုင်ငံအနေနဲ့ လက်ခံပြီး ကျင်းပတယ်ဆိုတာ မင်းသိတယ်နော်။ ဇွန်လဆန်းမှစမယ်။ သည်တော့ ဇွန်လဆန်းလာနိုင်ရင်တော့ မင်း ကံကောင်းတာပဲ။

ကိုယ်ကတော့ မင်းကို မျှော်နေမယ်ဆိုတာကိုတော့ ယုံကြည်ထားပါနော်။

ဝင်းရေ…

ကိုယ်တော့ ကိုယ်တို့နိုင်ငံက ပရိုး (Peugeot) ကားကလေး တစ်စီး ထပ်ဝယ်ထားတယ်။ ခဲရောင်လေ။ မင်းလာရင် ကီလိုမီတာ တော်တော်များများ သွားကြတာပေါ့။ ဥပမာ နော်မန်ဒီကမ်းခြေ၊ မြေထဲပင်လယ်ကမ်းခြေ၊ စပိန်နိုင်ငံနယ်စပ်နားက နွားရိုင်းမွေးတဲ့ရွာတွေ… ကျေးလက်မွေးမြူရေးခြံတွေနဲ့ စပျစ်စိုက်ခင်းတွေ၊ မင်း ခဏခဏမေးတဲ့ ဝိုင်အရက်ချက်တဲ့ Cave တွေ… ကိုယ် လိုက်ပို့ပါရစေ… ။

စာကြွင်း၊ ကိုယ် စာကောင်းကောင်းမရေးတတ်တာ ခွင့်လွှတ်ပါ။

ကိုယ်က မင်းလို စာရေးဆရာမှ မဟုတ်တာ။

ခင်မင်စွာ

ဘရစ်ဂျစ်ဆီဖိုနယ်လီ

ပါရီ၊ ပြင်သစ်နိုင်ငံ။

သည်စာကို သူရခဲ့တာပဲ ကြာလှပြီ။ ၁၉၉၇ နှစ်လယ်လောက်က ဖြစ်သည်။ ဘရစ်ဂျစ်ဆီဖိုနယ်လီကို သူ ရန်ကုန်မှာ တွေ့ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်က Beer Pub တစ်ခုမှာ ဘီယာသောက်နေတုန်း သူမ ရောက်လာခြင်းဖြစ်သည်။ သူမကို မိတ်ဆွေတစ်ဦးက သူ့ဆီ တန်းတန်းမတ်မတ် ရောက်အောင် လိုက်ပို့သည်ကိုပင် ကျေးဇူးတင်ရတော့မည်။ သူ၏ ပြင်သစ်နိုင်ငံသား သူငယ်ချင်းဖြစ်သူ Jacque Pillard ဆီက မိတ်ဆက်စာကို သူမက ပြသည်။ သူ့မဂ္ဂဇင်းတိုက်လိပ်စာနှင့် ပေးစာတစ်စောင်လည်း ပါလာသည်။ ပုဂံကို လိုက်ပို့ဖို့၊ ကူညီဖို့။ တော်ပါသေးရဲ့ သူငယ်ချင်းက စာထဲမှာ ထည့်ရေးထားသည်။



'မင်းမှာ ပိုက်ဆံ မရှိနိုင်ဘူးဆိုတာ ငါသိပါတယ်၊ ငါ ဘရစ်ဂျစ်ကို သေသေချာချာ ရှင်းပြထားတယ်၊ မင်း လိုက်ပို့ဖို့သဘောတူရင် မင်းကို ဒေါ်လာတချို့ ပေးလိမ့်မယ်။ အားမနာနဲ့၊ လိုသလောက်တောင်းပါ။ သူမက နိုင်ငံခြားရေးဝန်ကြီးဌာနက အလွတ်သဘော လာလည်တဲ့ ဝန်ထမ်းကွ။ ဝင်းရေ ကျန်တာကတော့ မင်းအပိုင်းနဲ့ ဘုရားသခင်ရဲ့အပိုင်းနှစ်ပိုင်းပဲ ရှိတော့တယ်။ ကူညီလိုက်ပါကွာ… '

တဲ့လေ။ ဤသို့ဖြင့် ပုဂံဒေသ၊ တောင်ကြီး အင်းလေးဒေသ နေရာ တော်တော်များများကို သူ လိုက်ပို့ခဲ့သည်။ နောက်တော့ သူမ ပြန်သွားသည်။ သိပ်တော့လည်း မထူးဆန်းလှပါ။ ပြီးတော့ ဘာမှလည်းမဟုတ်ပါ။ ခဏကလေးမက်ပြီး လွင့်ပြယ်သွားတတ်သော ဝိုးတဝါး အိပ်မက်တော်တော်များများထဲက အိပ်မက်တစ်ခုပါပဲ။ နောက်တော့လည်း ဘရစ်ဂျစ်ဆီဖိုနယ်လီ ဆီက စာတွေလာသည်။ သူကလည်း စိတ်ကူးရလျှင် စာပြန်သည်။ ၁၉၉၇ နှစ်ကုန်ခါနီးလောက်ကတော့ စာရှည်ကြီးတစ်စောင် ရောက်လာသည်။ ပြင်သစ်ကို လာနိုင်ရင် လာခဲ့ဖို့။

လေယာဉ်မယ်က ညစ္စာလယ်စာလှည်းကို တွန်းယူလာနေပြန်ပြီ။ လှည်းကလေးပေါ်မှာတော့ အရက်ပုလင်းမျိုးစုံ။ အရက်ပုလင်းအားလုံး ထဲမှာ ထိုးထိုးထောင်ထောင် ပုလင်းစိမ်းနှစ်လုံးက အမြင့်ဆုံး ဖြစ်သည်။ ပုလင်းအဖုံးတွေကိုကြည့်။ တစ်ပုလင်းက အနီရောင်၊ တစ်ပုလင်းက အဖြူရောင်။ လေယာဉ်မယ်က ညလယ်စာ မယ်လမင်းပုံစံခွက်လင်ပန်းကို ချပေးရင်း ဘာသောက်မလဲ မေးနေသည်။

'Red Wine'

'oh, Mr. Red Wine... '

ဟုတ်တော့လည်း ဟုတ်နေသည်။ လေယာဉ်ပျံသန်းချိန်ပင် နှစ်နာရီ မပြည့်သေး။ ညှော်ခံနေတာက လေးခါရှိပြီ။ သူကတော့ အရက်လှည်း ရောက်လာတိုင်း Red Wine ချည်း တောင်းဆိုသည်။ သည်တစ်ခါတော့ 'ကိုဝိုင်နီ' လို့ နာမည်တောင် ပေးနေပြီ။ ဝိုင်အရသာချဉ်ဖြုံးဖြုံးကို သူ ကြိုက်ပါသည်။ နာရီကြည့်တော့ ညဉ့် ၂ နာရီကျော်ပြီ။ ဘယ်တိုင်းပြည် ဘယ်ဒေသကို ဖြတ်နေသလဲ။ TV Screen ကတော့ ခရီးစဉ်မြေပုံကို

ခဏာရပ်ကာ ရုပ်ရှင်ကားတစ်ကား ပြနေသည်။ ပြသနေသည့် ကားက 'Swept from the sea' ဖြစ်သည်။ ကမ္ဘာကျော်ရုပ်ရှင်ကားလည်း ဖြစ်သည်။ ဗင်းဆင့်ပီးရက်ဇ် (Vicent Perez)၊ ရေရှယ်လ်ဝေ့စ် (Rachel Weisz) နှင့် အိုင်ယန်မက္ကလင် (Ian Mckellen) တို့ ပါဝင်သည့်ကား။ ၁၉ ရာစုခေတ် အင်္ဂလန်ကမ်းခြေနောက်ခံ အိမ်စေမိန်းကလေးနှင့် ကိုလူချောတို့ ဇာတ်လမ်း ဖြစ်သည်။ ကမ္ဘာကျော်ဝတ္ထုရေးဆရာ ဂျိုးဇက်ကွန်းရဒ် (Joseph Conrad) ရဲ့ အေမီဖော်စတာ (Amy Foster) ဝတ္ထုတိုကို မှီးထားသည်ဟု ထင်သည်။ သူက နားကျပ်ကို ကပျာကယာတပ်ကာ ရုပ်ရှင်ကို ကြည့်ဖြစ်နေပြန်လေသည်။

ပျံသန်းချိန် ဖျော်ဖြေရေးရုပ်ရှင်ကားတွေ (Movies: inflight entertainment) ကို ဖွန်လအတွက် စာရင်းထုတ်ပြန်ထားပြီး ဖြစ်သည်။ ပျံသန်းချိန် ဖျော်ဖြေရေး တစ်လစာအကောင်းဆုံးရုပ်ရှင် (movie of the month) မှာ 'Desperate Measures' ဖြစ်သည်။ ကျန်သည့်ကားတွေကတော့ 'Man in the iron mask'၊ 'Sphere'၊ 'The Wedding Singer'၊ 'The Replacement Killer'၊ 'Spice World'၊ 'Rocket man'၊ 'Young Hearts Unlimited' စသည့်ကားများ။ ခရီးစဉ်ဒေသနှင့် အချိန်ရရှိမှုအပေါ် ဇာတ်ကားအပြောင်းအလဲရှိသတဲ့။ ဆိုပါတော့ သူစီးခဲ့သော BKK CDG ခရီးစဉ်မှာတော့ 'Man in the iron mask' ပြသည်။ 'Swept from the sea' ပြသည်။ 'The Replacement Killer' ပြသည်။ သည်ကားတွေကို ဘန်ကောက်မှ ဒိန်းမတ်၊ အင်္ဂလိန်၊ ပြင်သစ်၊ ဂျာမနီ၊ ဆွီဒင်နှင့် ဆွစ်ဇာလန်နိုင်ငံခရီးစဉ် လေကြောင်းလိုင်းတိုင်းမှာ ပြသည်။ တခြားဗွီဒီယိုကားတွေ [ထိုင်း-ဂျပန်နိုင်ငံ သီးသန့် ခရီးစဉ်တွေမှာတော့ ဂျပန်စာတန်းထိုးကားတွေ ပြသသည့် 'Glynn Christian Tastes Royal Thai' လိုကားမျိုး၊ အင်္ဂလိပ်လူမျိုး မျက်လှည့်ဆရာ ဝိန်းဒေါ့ဗ်ဆန် (Wayne Dobson) ၏ မျက်လှည့်ခန်းများပါသည့် 'Wayne Dobson Close-up' လိုကားမျိုးတွေဖြစ်ပါသည်။]

ဂီတ Channels တွေမှာတော့ တလောက ကွန်လွန်ခဲ့သူ ကမ္ဘာကျော်တေးသံရှင် Frank Sinatra ၏ တေးသီချင်းတွေကို အလွမ်းပြေအမှတ်တရသူ ကြားနေရသည်။ ထိုင်းလေယာဉ်တွေပေါ်မှာ သူ အနှစ်သက်ဆုံးက



Music Channes တွေ တော်တော်ထည့်ပေးထားခြင်း ဖြစ်သည်။ ညာဘက်လက်တင်ခုံ အဖျားမှာ ခလုတ်တွေ ရှိသည်။ လေယာဉ်အမျိုးအစားပေါ်မှာ Channel အမှတ်တွေတော့ ကွာပါသည်။ ဆိုပါတော့ B747-400/MD II တွေမှာ တစ်မျိုး၊ B 747-300 လေယာဉ်တွေမှာ တစ်သွယ်၊ B 747/DC-10 မှာကတခြား၊ Air Bus တွေမှာ တစ်နည်း ဖြစ်သည်။ ဒါကိုပဲ 'Armest Control Unit' ဟု ခေါ်သည်။ သည်ရုပ်ရှင်နှင့် ဂီတခလုတ်တွေထဲမှာ လေယာဉ်မယ်ကို ခေါ်နိုင်သည့် မီးအချက်ပြ ခလုတ်တွေလည်း ပါသည်။ သူက Channel တွေ လျှောက်နှိပ်တိုင်း သူ့ခေါင်းပေါ်က မီးပွင့်ကလေး ရဲခနဲ လင်းသွားတာကို သူမသိ။ လေယာဉ်မယ်ကလေး တစ်ဦး အပြေးကလေး ရောက်လာတတ်သည်။

'ကျွန်မ ဘာများ ကူညီရမလဲ မသိဘူး'

'ကျွန်တော် မခေါ်ပါဘူး'

'လူကြီးမင်း Call Button နှိပ်ထားတယ်လေ၊ ခေါင်းပေါ်မှာ မီးလင်းနေတယ်'

ပြီးတော့ တစ်ခါမဟုတ်။ နှစ်ခါသုံးခါဆိုတော့ လေယာဉ်မယ်ကလေးက သိပ်မကြည်တော့ပါ။ ဒါပေမဲ့ ပြုံးပြုံးကလေး ဒေါက်နေတာမျိုး ဖြစ်သည်။ ဂီတ Channel တွေကလည်း များသား။ 'Boarding Music' ရှိသည်။ 'Country collections' ရှိသည်။ 'Symphony Hall' ရှိသည်။ 'Pop Hits' တွေ ရှိသည်။ 'Interlude' လည်း ရှိသည်။ 'Interlud' မှာတော့ ကမ္ဘာကျော်တေးသံရှင်တွေဖြစ်သည့် ကွယ်လွန်သူ Frank Sinatra ရဲ့ I've got the world on a string' နှင့် 'It all depends on you'။ သူက ရုပ်ရှင်ကြည့်ရင်း သူ့ရှေ့ခုံနောက်ကျောအိတ်ထဲက ထိုးထိုးထောင်ထောင် စာအုပ်နှင့်စာရွက်တွေကို ဖြန့်ကြည့်သည်။ ထိုင်း၏ နာမည်ကျော် မဂ္ဂဇင်း SAWASDEE နှင့် Duty Free Shop Guide Book တွေ။ 'Letter to the presiden form' ဆိုတာလည်း ပါသည်။ ထိုင်းလေကြောင်းနှင့်ပတ်သက်၍ ဝေဖန်အကြံပြုချင်လျှင် သည်ပုံစံကို ဖြည့်လိုက်ရုံ။ တိုင်ချင်ရင်လည်း တိုင်ကြားစာ ရေးဖြည့်ရုံ။

စင်စစ် ထိုင်းအပြည်ပြည်ဆိုင်ရာ လေကြောင်းမှာ ကုမ္ပဏီသာဖြစ်

သည်။ တိတိကျကျဆိုလျှင် Thai Airways International Public Co.,Ltd ဖြစ်သည်။ လောလောဆယ် President မှာ ထာမန္နယ်းဝမ်လီ (Thamnoon Wanglee) ဖြစ်သည်။ ထိုင်းလေယာဉ်တွေက ၁၉၉၈ ဒီဇင်ဘာလမှာ ကျင်းပမည့် ၁၃ ကြိမ်မြောက် အာရှအားကစားပွဲတော်ကို မျှော်လင့်ပုံရသည်။ ထိုင်းက အိမ်ရှင်နိုင်ငံ။ ပြီးတော့ အာရှအားကစားပြိုင်ပွဲကြီးရဲ့ Official Carrier အဖြစ် ထိုင်းလေကြောင်းကပဲ တာဝန်ယူလိမ့်ဦးမည်။

'ခင်ဗျား ထိုင်းလေယာဉ်တွေနဲ့ သွားရမှာကို ကျုပ်ကကြိုက်တာ၊ ထိုင်းက တအားကို ကြိုးစားနေတာ။ ဘန်ကောက်-တိုကျို၊ ဘန်ကောက်-အိုဆာကာလိုင်းတွေမှာဆိုရင် ဧပြီနဲ့မေလတွေရဲ့ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့တွေမှာ ဂျပန်စာဖိုမှူး ထားပေးတာမျိုး၊ သက်သတ်လွတ်လား၊ မွတ်စလင် အစားအစာပဲ စားမလား၊ အဆီလျှော့ထားတဲ့ low-fat ပဲ စားချင်တာလား။ ကြိုတင်စာရင်းပေးရင် စီစဉ်ပေးတာမျိုး၊ တချို့ခရီးစဉ်တွေမှာ ထိုင်းရိုးရာ အစားအစာတွေ စီစဉ်ပေးတာမျိုးတွေကအစ သိပ်ဂရုတစိုက်လုပ်ပေးတယ်၊ ဆိုပါတော့ ငါးနှစ်က ဆယ့်ခြောက်နှစ်ကြား ကလေးတွေချည်း လူကြီးမပါဘဲ လေယာဉ်စီးတာမျိုးတွေလည်း လက်ခံတယ်၊ သူတို့ကပဲ စောင့်ရှောက်ပေးတယ်။ တချို့လေယာဉ်ကတော့ စီးကရက်သောက်တာ အကန့်အသတ်နဲ့ ခွင့်ပြုပေမဲ့ များသောအားဖြင့်ကတော့ စီးကရက်သောက်ခွင့် မပြုတာများတယ်။ ဆေးတံနဲ့ ဆေးပေါ့လိပ်ကတော့ လုံးဝကို ခွင့်မပြုဘူးဗျ...'

သူ ထွက်မလာခင် ထိုင်းလေကြောင်းစီးရမည်ဆိုသောအခါ မိတ်ဆွေတစ်ဦးက သင်တန်းပို့ချလိုက်ခြင်း ဖြစ်သည်။ ဆေးလိပ်၊ စီးကရက်သောက်ခွင့်ကို ထိုင်းလေဆိပ်စကြံမှာလည်း နေရာတော်တော်များများမှာ ခွင့်မပြုပါ။ သီးသန့် သတ်မှတ်ထားသည့် အခန်းမှာပဲ သောက်ခွင့်ပြုသည်။ နိုင်ငံခြားသားတွေများလွန်းသော ထိုင်းလေဆိပ်မှာတော့ စီးကရက်တားဖြစ်ကြောင်း သတိပေးစာတန်းတွေအောက်မှာပဲ စီးကရက်သောက်နေကြသူတွေလည်း ရှိသည်။ သို့သော် လမ်းသွားရင်းတော့ ဘယ်သူမှ မသောက်ကြပါ။ တစ်ယောက်ယောက် သောက်နေသည့်နေရာမှာ အဖော်တော့ရပြီဆိုပြီး တစ်ဦးစနှစ်ဦးစဝင်လာရာမှ စီးကရက်သောက်သူတွေ အုံခဲနေသည့် နေရာတွေလည်း



တွေ့ခဲ့သည်။ တော်ပါသေးရဲ့ လေယာဉ်ပေါ်မှာတော့ ဘယ်သူမှ သောက်တာ မတွေ့။ လေယာဉ်ပေါ်မှာ နောက်ထပ် ခွင့်မပြုတာတွေလည်း ရှိသည်။ ခရီးဆောင်ရေဒီယိုဖွင့်တာမျိုး၊ ခရီးဆောင် TV Sets ကြည့်တာမျိုး၊ Scanners သုံး ကွန်ပျူတာ သုံးတာမျိုး၊ ဆယ်လ်လူလာတယ်လီဖုန်း သုံးတာမျိုးတွေ ဖြစ်သည်။ လေယာဉ်၏ လေကြောင်းဆိုင်ရာ အီလက်ထရွန်းနစ်စနစ် (Aircraft electronic systems) တွေမှာ အနှောင့်အယှက်ဖြစ်စေသည့် ပစ္စည်းတွေ ဖြစ်သည်။

သူစီးလာခဲ့သော ထိုင်းလေကြောင်းပိုင် လေယာဉ်မှာတော့ ရန်ကုန်-ဘန်ကောက်ခရီးစဉ်မှာလို လူခပ်ကျဲကျဲမဟုတ်။ ခုံပြည့်လူပြည့်ဖြစ်သည်။ ပြီးတော့ အာရှတိုက်သားတွေ နည်းသည်။ ထိုင်းကို နှစ်စဉ် ကမ္ဘာလှည့်ခရီးသည် ၅ သန်းက ၆ သန်းကျော် လာသည်ဆိုသည်မှာ ဖြစ်နိုင်သည်။ ၅ သန်းပဲထား။ တစ်ဦးကို ဒေါ်လာ ၁၀၀၀ သုံးတယ်ပဲထား။ အမေရိကန်ဒေါ်လာ သန်း ၅၀၀၀။ ထိုင်းခရီးသွားလုပ်ငန်းက အဆင်ပြေနေသည်။ မြန်မာနိုင်ငံထဲက မြိတ်ကျွန်းစုအလှကို ခပ်တည်တည် ကြော်ငြာကာ တရားဝင် ဝင်ရောက်ပြသနေတာတွေလည်း တလောက ကြားရသည်။

'ထိုင်းခရီးသွားကုမ္ပဏီ တချို့က ဆိုးတယ်ဗျ။ ခရီးသည်က မြန်မာပြည်ဘက် ဆက်သွားချင်တယ် ဆိုတာတောင် ဟိုသွားလို့ ဒေါ်လာ ၅၀၀ ကုန်ရင် လာအိုနဲ့ ကမ္ဘောဒီယားပဲ သွားသင့်တယ်။ ဒေါ်လာ ၅၀၀ ချင်းတူရင် နှစ်နိုင်ငံရောက်ဖူးတာပေါ့ ဆိုတာမျိုးတွေလည်း Thai Tourism တချို့ ချွန်တွန်းလုပ်နေတယ်...'

မြန်မာခရီးသွားအေဂျင်စီတစ်ခုက ညည်းညူတာကိုလည်း သူ ဆောင်းပါးရေးဖူးသည်။ အချိန်တွေက ကုန်ခဲလှချည်လား။ သူ့လက်ကနာရီကို ကြည့်သည်။ အချိန်ပြနာရီတွေလည်း ဘာမှန်းမသိတော့ပါ။ သူထိုင်နေသည့် ထိုင်ခုံအောက် ပေ ၄၀၀၀ က နိုင်ငံသည်ပင် ဘာမှန်းမသိ။ ရုပ်ရှင်ပြနေတော့ ကမ္ဘာ့မြေပုံနှင့် လေယာဉ်တည်နေရာပြမြေပုံကို မတွေ့ရတော့။ သူ့ စိတ်ထင် ပါကစ္စတန်နိုင်ငံပေါ်မှာလား။ အိန္ဒိယတိုက်ငယ်ကိုတော့ ကျော်လောက်ပြီ။ သူသွားရမည့်ခရီးကား မိုင်ပေါင်း ၅၈၄၈ မိုင်ဝေးသည်။ ကီလိုမီတာနှင့်ဆိုလျှင် ၉၄၁၂ ကီလိုမီတာ။ ထိုင်းနိုင်ငံမှ ပြင်

သစ်နိုင်ငံ ချားလ်ဒီဂေါလ်လေဆိပ်သို့ လေယာဉ်အသွားခရီး ပျံသန်းချိန် ၁၂း၁၆ နာရီကြာပြီး အပြန်ခရီးတော့ ၁၁း၃၀ လောက်ကြာသတဲ့။ ရန်ကုန်-ဘန်ကောက်က ၃၆၁ မိုင်၊ ဘန်ကောက် - ပါရီက မိုင် ၅၈၀၀ ကျော်၊ စုစုပေါင်း မိုင်ပေါင်း ၆၀၀၀ ကျော်၊ စီးရမည့် နာရီပေါင်းက ၁၂ နာရီကျော်။ အခုမှ ရုပ်ရှင်တစ်ကား မပြီးသေး။

ရုပ်ရှင်ကား အပြီးမှာ သူ ခဏကလေး မှေးခနဲ ပျော်သွားသည်။ သူ့ စိတ်ကူးမျက်စိထဲမှာ စတုရန်းကီလိုမီတာ ၅၅၀,၀၀၀ ကျယ်ဝန်းသည့် အနောက်ဥရောပနိုင်ငံတွေထဲမှာ အကြီးဆုံး နိုင်ငံကြီးကို မြင်နေရသည် သည်ကို ထွက်ခွာမလာခင်ကလေးကပဲ ပြင်သစ်နိုင်ငံသမိုင်းကို ရနိုင်သလောက် သူဖတ်ခဲ့သေးသည်။ တောင်ဘက်မှာ စပိန်နိုင်ငံက ကပ်လျက်ထိစပ်နေသည်။ အရှေ့ဘက်မှာတော့ အီတလီ၊ ဆွစ်ဇာလန်နှင့် ဂျာမနီ။ မြောက်ဘက်မှာတော့ လပ်ဇင်းဘတ်ဂ်နှင့် ဘယ်လ်ဂျီယမ်··· ။ နိုင်ငံ၏ မြောက်ဘက်နှင့်အနောက်ဘက်မှာတော့ ကျယ်ပြန့်သော လွင်ပြင်ကျယ်ရှိသည်။ ဂါရွန်း၊ လွားနှင့် ဆိန်းမြစ်တွေက အနောက်ဘက်ကို စီးဆင်းနေသည်။ ကမ္ဘာကျော် ဆိန်း (Seine) မြစ်ကတော့ ပါရီမြို့တွင်းကို ကွေ့ရစ်စီးဆင်းနေသဖြင့် ကမ္ဘာလှည့်ခရီးသည်တွေက ဆိန်းမြစ်ရဲ့ဘယ်ဘက်ကမ်း ယဉ်ကျေးမှု၊ ညာဘက်ကမ်း ယဉ်ကျေးမှုလို့ပင် ခွဲခြားခံစားနေကြသေးသည် ကော။

သူ၏ သွေးရောင်စွန်းနေသော လက်မောင်းပေါ်သို့ အသာအယာ ကျလာသည့် အထိအတွေ့ကြောင့် သူ ဖျတ်ခနဲ မျက်လုံးဖွင့်ကြည့်လိုက်သည်။ ညလယ်စာလား၊ မနက်စောစောလား မသိရသည့် ထမင်းလှည်း ရောက်လာခဲ့ပြန်ပြီ။ အချိုရည်၊ ကော်ဖီ၊ လက်ဖက်ရည်၊ ရေ စသည့် အလှည့်တွေမှာ အိပ်ပျော်နေသူတွေကို နိုးလေ့မရှိသော်လည်း Special offer တွေကျတော့ နိုးတတ်သည်။ အခုက သည်ခရီးစဉ်၏ အထူးညလယ်စာ။ စောစောကပဲ ပို့စကတ်နှင့်တွဲထားသော အစားအစာစာရင်းကို ဝေထားပြီးဖြစ်သည်။ သူက ရှေ့ခုံနောက်ကျောအိတ်မှာ ညှပ်ထားသော ပို့စကတ်ကို ယူလိုက်သည်။ ထိုင်းရာမ ကနေသောစုံတွဲ။ အထဲမှာတော့ ထိုင်းဘာသာ၊ ပြင်သစ်ဘာသာ၊ အင်္ဂလိပ်ဘာသာတို့နှင့် ရေးထားသည့် စားဖွယ်ရာစာရင်း။ ဘာစားမလဲ



သူ မရွေးချယ်ရသေး။ သူ ကပျာကယာ ဖတ်လိုက်ရတော့သည်။ ပင်လယ်ငါးသားကို အနီရောင် ကပ်ဆီကန်အချဉ်ရည်နှင့် စားနိုင်သည်။ ပြီးတော့ ဟင်းရွက်ကြော်။ ဝက်သားမွှေကြော်နှင့် မုန်လာဥဝါ။ ပြီးတော့ မျှစ်နှင့်မှို။ အဝါရောင်ခေါက်ဆွဲမျှင်လိပ်။ ပြီးတော့ ငှက်ပျောသီး ဒိန်ခဲကိတ်ကို ဂါလီယာနီအချဉ်ရည်နှင့် စားနိုင်သည်။ ပြီးတော့ လက်ဖက်ရည်နှင့် ကော်ဖီတစ်မျိုးမျိုး၊

ဒါမှမဟုတ် သစ်သီးဖျော်ရည်တစ်မျိုးမျိုး၊ သစ်သီးနှင့် ဒိန်ချဉ်ဘူး။ ကြက်ဥပေါင်း၊ ကြက်ကင်တစ်စိတ်၊ ကြက်သားနှင့် ဟင်းရွက်ပေါင်းကြော်၊ အနှစ်ဆမ်းထားသည့် လယ်ကညွတ်နှင့် ဟင်းရွက်ကြော်၊ ပြီးတော့ ခွဆုံးခေါ် လခြမ်းမုန့် (Croissant)၊ ထောပတ်နှင့်ဂျမ် (Jam)၊ ပြီးတော့ လက်ဖက်ရည် ဒါမှမဟုတ် ကော်ဖီ။ သူ ဘာစားရမလဲ။ သူ့ဘေးက ခရီးသည် အားလုံးက စားနေကြပြီ။

'Fillet of Sea perch with red Capsicum Sauce and vegetables and banana cheesecake... and ...'

ထိုင်းမလေးက ပြုံးလေသည်။ စားစရာဗန်း တစ်ဗန်းကို ချပေးသည်။ ရွှေရောင်ခဲစက္ကူ ဖုံးထားသော အစားအစာတွေက နွေးနေလေသည်။ ပြီးတော့ ဖန်ခွက်ကြည်ကြည်ကလေးထဲမှာ ဝိုင်နီ။ ထိုင်းစာစစ်စစ်တော့ သည်းမဟုတ်နိုင်ပါ။ ဒါပေမဲ့ ထိုင်းစားဖိုမှူးတွေကလည်း ကမ္ဘာကျော်သည်။ များသောအားဖြင့်က သည်လို လေကြောင်းသုံး အရန်သင့်အစားအစာတွေကို အစားအသောက်ကုမ္ပဏီတွေက သွင်းလေ့ရှိသည်။ လေယာဉ်တွေ တဝေါဝေါ ဆင်းချည်တက်ချည် လုပ်နေသည့် ထိုင်းလေယာဉ်တွေအတွက် သည်လို အသင့်စာတွေကို ဘယ်ကုမ္ပဏီက ကန်ထရိုက်ရသလဲ။ ရလိုက်သည့် ကုမ္ပဏီကတော့ အဆင်ပြေလိမ့်မည်။ ဒါမှမဟုတ် ထိုင်းလေကြောင်းပိုင် အစာဖြည့်စက်ရုံတွေကပဲ ထုတ်လုပ်ပေးနေသလား။ ဒါလည်း သူ မသိပါ။ ဘာပဲဖြစ်ဖြစ် အစားအစာတွေက ကောင်းပါသည်။ အစီအစဉ်ကျတော့ ဟုတ်ချင်မှဟုတ်မည်။ သူ စားချင်သလို စားလိုက်သည်။ သခွားမွှေးတစ်လုံး၊ စပျစ်သီးညိုတစ်လုံး၊ စပျစ်သီးစိမ်းတစ်လုံး၊ ကျွဲကောစိတ်ကလေးတစ်စိတ်နှင့် အချိုရည်ကလေး ဆမ်းထားတာကို သူသဘောကျ

နေသည်။ ထိုင်းလေယာဉ်တွေကြောင့် သစ်သီးစိုက်သူတွေ၊ သစ်ခွစိုက်သူတွေလည်း အလုပ်ဖြစ်ရှေ့မည်။

စားပြီးတော့ သူ ရုပ်ရှင်ကားတစ်ကား ဆက်ကြည့်သည်။ ဖွင့်ထားသော မှန်ထူကာ လေယာဉ်ပြတင်း သေးသေးကလေးကနေ မိုးကောင်းကင် တစ်ဖွဲ့စာလောက်ကိုလည်း သူ့ဘေးက လှမ်းမြင်နေရသည်။ လေယာဉ်အတောင်ပံကြီး ခံနေတာကတော့ ကောင်းကင်မြင်ကွင်း တော်တော်များများ ပုပ်နေသည်။ ကြယ်ပွင့်ကလေးတစ်ပွင့်။ ဟိုးဝေးဝေး မိုးကောင်းကင်မှာ…။ ဘယ်နိုင်ငံပေါ်က ကြယ်ကလေးလဲ။ လေယာဉ်က ဥရောပစက်ရိပ်ကို ဝင်ရှေ့မည်။ ထိုင်းနာရီနှင့် တိုက်လာခဲ့သော သူ့နာရီရဲ့ အချိန်ကလည်း မှန်တော့မည်မဟုတ်။ သူ့ဘေးက မလေးမလေးကတော့ ကွေးကွေးကလေး အိပ်နေသည်။ လေယာဉ်ကပေးသည့် စောင်ဖြူဖြူကို တစ်ဝက်တစ်ပျက် ခြုံထားသည်။ သူ နားကျပ်ကို ဖြုတ်လိုက်ကာ သိမ်းလိုက်သည်။ ခဏတော့ မှေးဦးမှ…။ ဒါပေမဲ့ အိပ်လို့လည်း မပျော်ပါ။ တစ်ခါမှ မရောက်ဖူးသည့် ခရီး၊ လာမယ့်လာရတော့လည်း ပြင်သစ်နိုင်ငံ။ ပြင်သစ်စကားဆိုလို့ ဓနစီးပွားရေးမဂ္ဂဇင်းက ပန်းချီဆရာ ကိုရွှေသင် ပေးလိုက်သည့် 'မင်းကို ကိုယ်ချစ်တယ်' အဓိပ္ပာယ်ရသည့် ပြင်သစ်စကားပဲ တတ်သည်။ ဒါကလည်း နေရာတကာသုံးလို့ မကောင်းနိုင်။ ပြီးတော့ လူတွေ့တိုင်း နှုတ်ဆက်ဖို့ 'ဗွန်းရှူး'၊ ခွဲခွာခါနီး 'အော်ဗွား'၊ အမျိုးသမီးနဲ့ စကားပြောလျှင် မဒမ် ထည့်ပြော၊ အမျိုးသားနှင့်ဆိုလျှင် မစ်ဆယူး… ။ သည်သုံးလေးလုံး နဲ့ သူ ပြင်သစ်ကို လာခဲ့ရပြီ။

'ဗွန်းရှူးမဒမ်… '

'အော်ဗွားမဒမ်… '

သူ့ဟာသူ တွေးရင်း ပြုံးသည်။ သူ နားကျပ်ကို ဘာရယ်လို့မဟုတ်ဘဲ ပြင်တပ်လိုက်သည်။ သည်တစ်ခါတော့ ရုပ်ရှင် Channels မဟုတ်ပါ။ Symphony ကြီးတွေ နားထောင်ကြည့်ဦးမည်။ အစီအစဉ် ကြေညာသူက ဘော်လ်ရှိုင်းဆင်ဖိုနီဩခက်စထရာရုံကြီးမှာ တေးပြုခဲ့သည့် ချိုင်ကော့ဗ်စကီး (Tchaikovsky) ရဲ့ 'The Sleeping Beauty Suit' ဖြစ်ကြောင်း ပဏာမ ရှင်းပြနေသည်။ သူ မျက်လုံးတွေကို မှိတ်လိုက်သည်။ တေးသွားငြိမ့်ငြိမ့်။



တကယ်တော့ သူ့ဘဝသည် ကမ္ဘာကျော် ရုရှားလူမျိုး ဂီတပညာရှင် ချိုင် ကော့ဗ်စကီး၏ ဂီတနှင့် သိပ်နီးစပ်သူမဟုတ်။ ရွာမှာတုန်းကတော့ ကံပြူး မယ်ဒလင်ဝိုင်း၊ ကိုကျော်ခက်ခဲသံပတ္တလားဝိုင်းနဲ့ ကြီးပြင်းခဲ့ရသူ။ ကျောင်းကျင်းကိုးကျောင်း နေပူစပ်ခါးဘဝ။ အမေက ကြံတောင်သူ။ အဖေက ဆန်ကုန်မှာ စက်ရုံတစ်ရုံက အလုပ်သမား။ တစ်ခါတလေမှ စိတ်ကူးတရ ရောက်လာတတ်သော ငွေကလေး သုံး လေးဆယ်က သူ့ဇာတိကျေးလက် ကုန်းခေါင်းကို တိုက်ရိုက်ရောက်နိုင်တာမဟုတ်။ မြစ်တစ်ဖက်ကမ်းက ရေနံ ချောင်းကိုသာ ရောက်သည်။ ငွေလက်ခံထားသူက ကုန်းခေါင်းဘက်ကမ်း ကို ဘတန်တကကူးလာဖြစ်ပါမှ အမေ့လက်ထဲ ငွေရောက်သည်။ ဤသို့ ဖြင့် အမေသည် ကြံတောင်သူ ဖြစ်လာသည်။ ကြံခင်းထဲ ရေရောက်ဖို့ ဝေးလံသော ရေမြောင်းဆီက ရေသွယ်ရတာလည်းအမေ၊ သူ့ ကျောင်းစာအုပ် တွေကို စစ်ရ ဆေးရတာလည်းအမေ၊ ညဘက် ပုံပြင်ကလေးတွေပြောရင်း ဘဝနေနည်းတွေ သင်ပေးခဲ့တာလဲအမေ။ တချို့နှစ်တွေမှာ အဖေက အညာ ရွာကလေးကို ရောက်လာကာ အမေ့ကို ရန်ကုန်လိုက်ဖို့ ခေါ်တတ်သည်။ အမေကတော့ သူ့အမေ (အဘွား) သေမှ လိုက်ခဲ့တော့မည်ဟု ဆိုသည်။ အမေပြန်တော့ ရန်ကုန်ကို လိုက်ချင်သော်လည်း အမေနှင့် သူ မခွဲနိုင်ပါ။ သည်လိုနှင့် ရွာကျောင်းကလေးမှာပဲ စာသင်ခဲ့ရသည်။ ဤသို့ဖြင့် အညာ ကျေးလက် လူမှု ဆက်ဆံရေးဘဝနှင့် သူ့ဘဝသည် စေးကပ်ပျစ်တွဲနေသည်။ အညာ ကျေးလက် ဂီတနှင့် သူ ပိုရင်းနှီးနေခဲ့သည်။ အညာကျေးလက်၏ နွေခေါင်ပါး ခြောက်သွေ့သော နက်နက်ရှိုင်းရှိုင်း ဆင်းရဲတွင်းကိုပဲ မင်္ဂလာရှိရှိ ဘုက်သရေ ရှိလေခြင်းဟု သူ ယုံကြည်ခဲ့ဖူးသည်။ နောက်တော့လည်း အမေနဲ့အတူ သူ ရန်ကုန်ကို ရောက်လာခဲ့တာပါပဲ။ အခုတော့ အမေရော အဖေရော မရှိကြတော့။

အညာမှာ ဘကြီးပန်းဥ ဗုံးရှည်ဝိုင်းနောက်က တကောက်ကောက် လိုက်ခဲ့သူက ခုတော့လည်း ချိုင်းကော့ဗ်စကီးရဲ့ Symphony ကို ခံစားနေရ ပြန်ပါပကော။ မျက်လုံးတွေကိုဖွင့်ကာ လေယာဉ်ပြတင်းကို လှမ်းကြည့် ဖြစ်ပြန်သည်။ အပြာရောင်ကောင်းကင်က အရောင်ဖျော့သွားပြီ။ အာရှက သန်းခေါင်ယံမှာ ထွက်လာခဲ့သောသူ… ဥရောပ မိုးသောက်ယံကို တွေ့ရ တော့မှာလား… ။ သူ ဘာမှမသိ။ ကမ္ဘာ့မြေပုံကို သည်အရွယ်အထိ သူ

ကောင်းကောင်းမွန်မွန် စေ့စေ့စပ်စပ် လေ့လာခဲ့ဖူးသည်မဟုတ်။ နေစကြဝဠာနှင့် ကမ္ဘာမြေ၏ အထိအတွေ့ သဘောကိုလည်း မူလတန်းကလေး တစ်ယောက်ထက် သူ ဘာမှပိုမသိ။ အခုတော့လည်း ကမ္ဘာမြေပြင်ရဲ့အထက် ပေပေါင်း လေးသောင်းလောက်အမြင့်မှာ သူ ရောက်နေသည်။ ခြားနားသော ပထဝီဝင်၊ ခြားနားသော ယဉ်ကျေးမှု၊ ခြားနားသော ကိုးကွယ်ယုံကြည်မှု၊ ခြားနားသော လူ့အဖွဲ့အစည်းတို့ တည်နေရာသစ်တစ်ခုဆီသို့ သူ လွင့်မျောနေပြန်ပါပကော။

✤

## ချားလ်စ်ဒီဂေါလ်

## ပြင်သစ်နိုင်ငံ အပြည်ပြည်ဆိုင်ရာလေဆိပ်

လေယာဉ်ဘီးတွေက ပြင်သစ်နိုင်ငံ မြေပြင်ပေါ်ကို အိခနဲ ကျသွားသည်။ မိုင်ပေါင်းခြောက်ထောင်နီးပါး ခရီးပြင်းနှင်လာခဲ့သော လေယာဉ်ကြီးက မြင်းတစ်ကောင်လို ဂမူးရှူးထိုး ပြေးလွှားနေတာမျိုးတော့ မဟုတ်။ ဒါပေမဲ့ အရှိန်များနေသေးသည်။ သူကတော့ ရင်တွေဖိုနေသည်။ လေယာဉ်အား ပြတင်းက မြင်ရသလောက် အဆောက်အအုံတွေကို လိုက်ကြည့်သည်။ သြော်… ဒါ ပါရီလား။ ကြီးမားသောလေဆိပ်ကြီးက သူ့ကိုခြောက်လှန့်နေသည်။ လေယာဉ်ထဲမှာတော့ ခရီးသည်တွေက ခါးပတ်တွေ ဖြုတ်ခွင့်မပေးသေးသော်လည်း Overhead rack တွေကို ဖွင့်ကာ ပစ္စည်းတွေ ထုတ်နေကြပြီ။ သိမ်းကြဆည်းကြပြီ။ လေယာဉ်က လေဆိပ်အကွေ့တစ်နေရာမှာ ညင်ညင်ကလေး ရပ်လိုက်တော့ ခရီးသည်အားလုံး လက်ခုပ်ရှည်ကြီးတီးကာ လေယာဉ်မှူးကို မမြင်ရဘဲ ဂုဏ်ပြုကြလေသည်။ သူ့နာရီကတော့ ထိုင်းစံတော်ချိန်ကို ပြနေသည်။ ပြင်သစ်မှာတော့ မနက် မိုးလင်းနေပြီ။ နေခြည်တွေ ဝင်းပနေသည့် ပါရီ နံနက်ခင်း။

လေယဉ်ကွင်းမဆင်းခင် စောစောပိုင်းက သူ ခဏကလေး နိုးလိုက်သေးသည်။ လေယာဉ်က ပင်လယ်နက်ကို ကျော်ဖြတ်နေကြောင်း Screen မှာ တွေ့လိုက်ရသည်။ နောက်တော့ ဟန်ဂေရီနိုင်ငံ၊ ဩစတြေးယားနိုင်ငံနှင့် ဆွစ်ဇာလန်နယ်နိမိတ်စွန်းကို ဖြတ်ကျော်တာ သိလိုက်သေးသည်။ လေဆိပ်ဆင်းခါနီးတော့မှ သူ နိုးသည်။ လန်းလန်းဆန်းဆန်းပါပဲ။ ကြီးမား

သော အအေးခန်း လိုဏ်ခေါင်းရှည်ကြီး (Tube) ထဲက တစ်ဆင့် လေဆိပ်ကြိုကြားတွင်းကို သူ ရောက်လာသည်။ နိုင်ငံကူးလက်မှတ်နှင့် လေယာဉ်ပေါ်မှာ ဖြည့်လာခဲ့သည့် လူဝင်မှု ကြီးကြပ်ရေးဌာနသုံးကတ်ပြားကို တွဲကိုင်ရင်း မျက်စိသူငယ်နားသူငယ် ဖြစ်နေသလား ကိုယ့်ဟာကိုယ် စစ်ဆေးနေရသေးသည်။ ကားကြီးက မြင့်မားသော စကြံတစ်ခုနားရောက်တော့ ရပ်လိုက်သည်။ ပြီးတော့ သူစီးလာသော ကားကြီးရဲ့ ဘော်ဒီချည်းသက်သက် အပေါ်ကို မြင့်တက်သွားသည်။ ကားခေါင်းက အောက်မှာ ကျန်ရစ်ခဲ့ကာ ကားဘော်ဒီချည်းသက်သက် ဟိုက်ဒြောလစ်စနစ်ကြောင့် မြင့်တက်နေခြင်း ဖြစ်သည်။ စကြံနှင့် တည့်တည့်ရောက်တော့ ရပ်သွားသည်။ အလိုအလျောက် ပွင့်သွားသည့် တံခါးက ထွက်လိုက်တော့ လေဆိပ်စကြံပေါ် ရောက်ပြီ။ တံခါးအပွင့်မှာ ကြိုနေသူတွေအပြည့်။ ဂျပန်ခရီးသွား ကုမ္ပဏီတစ်ခုက ဂျပန်နာမည် တော်တော်များများ ရေးထားသော ပိုစတာတွေကို ကိုင်ကာ ကြိုနေကြသည်။ သူမသိသောဘာသာဖြင့် ရေးထားသော ခရီးသည်ကြို ပိုစတာတွေကလည်း အများကြီး။ သည်နေရာမှာတော့ ရဲတွေက နိုင်ငံကူးလက်မှတ်တွေကို အကြမ်းစစ်ဆေးကာ ဝင်ခွင့်ပေးသည်။ ရှေ့မှာတော့ မှန်ကောင်တာတွေနှင့် သေသေချာချာစစ်ဆေးမည့် လူဝင်မှုကြီးကြပ်ရေး အရာရှိတွေ ရှိနေသည်။

'ဟာ… ဘရစ်ဂျစ်'

'ဝင်း… မင်း ကိုယ်ကို မတွေ့ဘူးလား… ကိုယ်ကတော့ မင်းကို တွေ့ပါတယ်ကွာ… သည်မှာလေ မင်း နာမည်'

ဗလာစာရွက်လောက်ရှိသော စက္ကူဖြူကလေးမှာ Softpen ဖြင့် သူ့နာမည် ရေးထားတာကိုကြည့်ရင်း သူ ရယ်လိုက်သည်။

'မင်းပိုစတာက ကိုယ့်ကိုယ်ခန္ဓာကိုယ်နဲ့စာရင် သေးလွန်းတယ်လေ'

'ဒါပေမဲ့ လေယာဉ်တစ်စီးလုံး ယောကျ်ားလေးတွေထဲမှာ မင်းက ရုပ်အဆိုးဆုံးလေကွာ… သည်တော့ မမှားနိုင်တော့ဘူးပေါ့…'

သူ ဝမ်းသာသွားသည်။ သူကတော့ ဘရစ်ဂျစ်ကို လေဆိပ် လာကြိုလိမ့်မည်မထင်ပါ။ စာထည့်ထားတာတောင် ကြာလှပြီ။ ဒါပေမဲ့ လာကာနီး ထည့်လိုက်သည့်စာကို ဘရစ်ဂျစ် ရလိုက်ဟန် တူသည်။ ဗီဇာကောင်



တာမှာ သိပ် ကြာကြာမနေရပါ။ တံဆိပ်တုံးကလေး ထုပေးလိုက်ရုံပါပဲ။ သူကိုတောင် မကြည့်။ သေသေချာချာကြည့်နေဖို့ အချိန်လည်း ရနိုင်များမဟုတ်။ တစ်ကမ္ဘာလုံးက ပြင်သစ်နိုင်ငံ ကမ္ဘာ့ဖလားပွဲကို တသဲသဲ လာနေချိန်၊ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကြီး စတော့မည်။ လေယာဉ်တွေ တစ်စီးပြီးတစ်စီး ဆက်ကာဆက်ကာ ချားလ်စ်ဒီဂေါလ်မှာ ဆိုက်နေသည်။ လူတွေကလည်း တသဲသဲ စီးဝင်နေသည်။

'ကိုယ်က ကိုယ်တို့ဝန်ကြီးဌာနကို ဝင်လာတဲ့ နိုင်ငံနဲ့ ခရီးသည် အမည်စာရင်းတွေကို ကြည့်လိုက်တာကွ… မင်းတို့ နိုင်ငံကလာတာ လူသိပ်နည်းတာပဲ။ ပြီးတော့ ထိုင်းတီဂျီနဲ့ပဲ လာမယ်ဆိုတာ ကိုယ်သိတယ်လေ…'

ဘရစ်ဂျစ်က ဦးဆောင်ကာ လေဆိပ်သေတ္တာရွေးခန်းမကြီးထဲကို ရောက်လာသည်။ ချားလ်စ်ဒီဂေါလ်လေဆိပ်၏ ဆေးသုတ်မထားသော အင်တေအလှက ခံ့ညားနေသည်။ ကမ္ဘာကျော် ဘောလုံးသမား ပီလီရဲ့ အဖြူအမည်း master card ကြော်ငြာအပိုင်းကြီးတွေက လေဆိပ်မျက်နှာကြက်က တွဲရရွဲကျနေတာကလည်း များမှများ။ ခန်းမကျယ်ကြီးထဲက Converyor သားရေပတ္တားပြားကြီးပေါ်မှာ သေတ္တာတွေ၊ ခရီးဆောင်အိတ်တွေ စက္ကန့်ခြား ရာပေါင်းများစွာ ထွက်နေသည်။ သူ့သေတ္တာထွက်လာဖို့ မိနစ်လေးဆယ်လောက် စောင့်လိုက်ရသည်။ တချို့ကတော့လည်း ကွန်ဗေယာပေါ်က ဆွဲချ။ မဟုတ်မှန်းသိတော့ ပြန်တင်။ သေတ္တာတွေက တစ်ပတ်ပြီးတစ်ပတ် ပြန်ထွက်နေလိုက်တာ မဆုံးနိုင်။

'ရပြီ ဘရစ်ဂျစ် သွားစို့၊ ကိုယ်က ထည့်လိုက်တဲ့စာ မရလောက်သေးဘူး ထင်နေတာ…'

'တစ်နေ့ကပဲရတာ ဝင်းရဲ့…'

ဘရစ်ဂျစ်က ဓာတ်လှေကားတစ်ခုနားမှာ ရပ်သည်။ လာကြိုသည့် သူမ၏ ကားလေးက လေဆိပ်အောက်ဆုံး မြေညီထပ်မှာဟုဆိုသည်။ မြေညီထပ်မှာတော့ ကားတွေ ထောင်ချီပြီးရှိနေသည်။ သေတ္တာကြီးကို ကားနောက်ခန်းမှာဖွင့်ကာ ထည့်လိုက်သည်။ ကင်မရာနှင့် ကက်ဆက်ပါသော အတက်ချီကေ့စ် ကိုင်ရင်း ကားထဲ ဝင်ထိုင်လိုက်သည်။

'နေဦး ဝင်း··· ကိုယ်က အင်္ဂလိပ်စကား သိပ် မကျွမ်းကျင်ဘူး။ မင်းသည်းခံပြီး နားထောင်ကွာ၊ ပြီးတော့ ကိုယ်က သမိုင်းပညာရှင်လည်း မဟုတ်ဘူးနော်။ ဒါပေမဲ့ လွဲရင် ရာစုနှစ်တစ်နှစ် နှစ်နှစ်ပါပဲကွာ···'

ဘရစ်ဂျစ်က ငယ်ရွယ်သလောက် ရာထူးကြီးကြီး ရထားသူဟု ဆိုသည်။ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနက လူထုဆက်သွယ်ရေးအရာရှိ ဖြစ်သည်။ သူမ၏ အင်္ဂလိပ်စကားက ကောင်းပါသည်။ မကောင်းတာက သူ။ ရွှေရောင်ဆံပင်၊ မျက်လုံးပြာပြာ၊ အမြဲတမ်း ပြုံးနေတတ်သော ဘရစ်ဂျစ်ကတော့ သူ ဝတ်ထားသော လက်ရှည်အင်္ကျီကြီးကို စိတ်ညစ်နေပုံရသည်။

'တီရှပ်လေး ဝတ်ခဲ့ရောပေါ့ကွာ။ ဒါ ပါရီရဲ့ နွေဦးပါ၊ စင်တီဂရိတ် ၁၇ ပဲ ရှိတာပါ'

သူကလည်း ချွတ်ချင်နေတာပါပဲ။ 'ပါရီရောက်ရင် ကုတ်တော့ ဝတ်လိုက်ဦးဗျ။ လေယာဉ်ကဆင်းမှ ဝတ်လိုက်ပေါ့···'။ သူ့ကို ဘယ်သူကလည်းမသိ သင်ပေးလိုက်ခြင်းကို သတိရမိသေးသည်။ အပူပိုင်းဒေသကလာသော သူ့အဖို့ ၁၇ ဒီဂရီ စင်တီဂရိတ်သည်လည်း အေးပါသည်။

ဆေးနီစွန်းလက်မောင်းဖက်ရှင်ကိစ္စက ပေါ်လာပြန်သည်။ ရှင်းရပြန်သည်။ ကားက လေဆိပ်ဝင်းထဲက ထွက်လာခဲ့ပြီ။ အဝေးပြေးလမ်းမကြီးတစ်ခုပေါ်ကို ရောက်နေသည်။ လမ်းမကြီးတွေက ရှင်းပြီး လှပသပ်ရပ်နေလေသည်။ အဝေးမှာ ဂျပန်ကုမ္ပဏီတွေရဲ့ တံဆိပ်မျိုးစုံက မြင့်မားသော တိုက်ကြီးတွေရဲ့ ထိပ်မှာ။ ညဘက်ဆိုလျှင်တော့ နီယွန်မီးဆိုင်းဘုတ်တွေ ဖြစ်လိမ့်မည်ထင်သည်။ TOYOTA, JVC, SONY, NISSAN။ ကိုရီးယားဆိုင်းဘုတ်ကြီးတွေလည်း ရှိသည်။ Daewoo, Samsung စသည်။

'ဝင်းတည်းရမယ့်ဟိုတယ်က ကောင်းတယ်။ ဗူးလ်ဗာဒ်စိန့်ဂျာမင်း[၁] နဲ့ ဗူလ်ဗာဒ်ရက်စ်ပါယီး[၂] ဆုံတဲ့နေရာ၊ ပါရီမြို့လယ်ကျတယ်။ မက်ထရိုမြေအောက်ဘူတာနဲ့ဆိုရင် ရူးဂျူဘာ့က်[၃] ဘူတာနဲ့နီးတော့ မင်း မက်ထရိုလည်း စီးနိုင်တယ်···'

---

၁။ Boulevard Saint Germain

၂။ Boulevard Raspail

၃။ Rue Du Bac



လမ်းမကြီးပေါ်မှာ ကန့်လန့်ဖြတ် လမ်းညွှန်ဆိုင်းဘုတ်ပြာကြီးတွေ ရှိသည်။ မရှိလို့လည်းမရ။ ပြင်သစ်နိုင်ငံတလွှား သွားနိုင်ဖို့က လမ်းမကြီးတွေက များလွန်းသည်။ ရွေးချယ်သည့် လမ်းမကြီးက မှန်သည်ထားဦး။ လမ်းမကြီးပေါ်မှာ ထပ်ခွဲခြားထားသောလမ်းတွေကို ရွေးတာ မှန်ပါဦးမှ။ တချို့လမ်းတွေမှာတော့ လမ်းညွှန်ကိန်းဂဏန်းတွေ၊ စာသားတွေကို မီးပွင့်စာလုံးတွေ စီစဉ်ထားသည်။ ညိုရီရီရာသီဥတုမှာ အလွယ်တကူ ဖတ်နိုင်ဖို့ စီစဉ်ထားခြင်းလည်း ဖြစ်နိုင်သည်။

'ကိုယ်တော့ မင်းကို လာကြိုတုန်းက စဉ်းစားတာ တို့နိုင်ငံသမိုင်းကို အကြမ်းလောက် မင်းကိုပြောထားမှ ကောင်းမယ် ထင်တယ်။ ဒါမှ နှစ်ချီအနုပညာလက်ရာတွေ၊ လူမှုနေထိုင်မှုဘဝတွေကို ခေတ်နှင့်ယှဉ်တွဲပြီး မင်း ခံစားနိုင်မှာ။ ဒါမှမဟုတ် စဉ်းစားနိုင်မယ်လို့ ထင်တယ်။ မင်းစိတ်ဝင်စားမလားတော့ မသိဘူး···'

ဘရစ်ဂျစ်က သူ့ကို သူ့နိုင်ငံသမိုင်းကိုပြောဖို့ တောင်းပန်နေသည်။ သူကလည်း လိုအပ်သည်ဟု ထင်ပါသည်။ သူ ကြားဖူးသလောက် ပြင်သစ်၏ ကမ္ဘာကျော်အနုပညာတွေမှာ အီတလီယဉ်ကျေးမှု၊ ဂျာမန်ယဉ်ကျေးမှုတွေ ပေါင်းစည်းနေသည်။ အီတလီ ပြန်လည်ထွန်းသစ်ခြင်းခေတ် အနုပညာတွေကလည်း ပြင်သစ်အနုပညာကို အားဖြည့်ပေးခဲ့သည်။

'သိပ်လိုတာပေါ့ ဘရစ်ဂျစ်ရယ်··· နိုင်ငံရဲ့ သမိုင်းလည်းသိမှ နောက်ကိုယ်တော့ လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေး။ နည်းနည်းစီလည်း သိချင်တယ်··· မင်း ပြောနိုင်သလောက်ပေါ့'

'အိုကေ ညက ကိုယ်ကျက်ထားတာတွေ အလဟဿ မဖြစ်တော့ဘူးပေါ့··· မင်း အထင်ကြီးရင်လည်း မနည်းဘူးလေ···'

ဘရစ်ဂျစ်က ဟာသရှိသူဖြစ်သည်။ သူကတော့ ကားအပြေး လေအလွင့်မှာ တလွှားလွှား လှုပ်ရှားနေသည့် ရွှေရောင်ဆံမျှင်စတွေကိုပဲ ငေးနေမိလေသည်။ ပေါ့ပါးသော ငွေရောင်နားကွင်းက ပလက်တီနမ်လည်း ဖြစ်နိုင်သည်။ ကားကို ကျင်လည်စွာ မောင်းနှင်နေသည့်ဟန်က မြူးသွက်ပေါ့ပါးနေလေသည်။

'ပြင်သစ်နိုင်ငံရဲ့ သမိုင်းကို ကားမောင်းရင်း ပြောဖို့က လူနှာတစ်ယောက်ကို ခွဲစိတ်ရသလိုပဲ ဝင်းရယ်။ နောက်တော့လည်း မင်းကိုပြရင်း

ပြုရင်း ပြောတာတွေလည်း ရှိမှာပေါ့နော်… သမိုင်းကတော့ နှစ်ပေါင်း ၂၀၀၀ ကျော် သမိုင်းကြီးပါကွာ၊ ဘီစီ ၅၈ က အေဒီ ၄၈၁ အထိက တစ်ကန့် ဝင်းရဲ့… ရောမတွေရဲ့ ဂေါလ်[၁] ခေတ်ပေါ့၊ Gallo- Roman ယဉ်ကျေးမှု ထွန်းကားခဲ့သည်။ ဂေါလ်တွေကို ဂျူလီယပ်ဆီဇာက မောင်း ထုတ်နိုင်ခဲ့တာက စတယ်ဆိုပါစို့။ ရောမတွေက နှစ် ၅၀၀ လောက် အုပ်ချုပ်ခဲ့တယ်၊ ၄၈၁ က ၉၈၇ ထိကတော့ မီရိုဗင်ဂျီယင်[၂] နဲ့ ကယ်ရိုလင် ဂျင်ယင်[၃] မင်းဆက်ခေတ်ပေါ့။ အရှေ့ဘက်က ကျူးကျော်လာသူတွေလေ… ပြင်သစ်ဘုရင်စနစ်ကို ထူထောင်ခဲ့ပြီး Capetian မင်းဆက်ရယ်လို့ ဖြစ်လာတယ်။ ၁၁ ရာစုက ၁၃ ရာစုကတော့ ကုန်သွယ်မှုနဲ့ စိုက်ပျိုးရေးတွေ ထွန်းကာလာတယ်၊ မြို့ပြငယ်လေးတွေ ပေါ်ထွန်းလာတယ်၊ ယဉ်ကျေးမှုနဲ့ စီးပွားရေးအခန်းကဏ္ဍကတော့ ရဟန်းတော်တွေက အာဏာချုပ်ကိုင်ခဲ့တာ တွေလည်း ရှိတယ်၊ ၁၄ ရာစုက ၁၅ ရာစုကတော့ ပြည်တွင်းစစ်တွေ ဖြစ်ခဲ့တယ်၊ အထူးသဖြင့် အင်္ဂလန်နဲ့ ဖြစ်ခဲ့တာတွေများတယ်။ နှစ်တစ်ရာစစ်ပွဲ ဆိုတာတွေ၊ အာဇာနည်သူရဲကောင်းမ ဂျုံးအော့ဖ်အာခ့်[၄]ကို မင်း ကြားဖူး တယ်မို့လား… ဘုရင့်နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲကြတယ်၊ သည်ခေတ်တွေမှာလည်း ကုန်သွယ်မှုနဲ့ လူဦးရေဖွံ့ဖြိုးမှု၊ နောက် လယ်ယာ စိုက်ပျိုးရေးတွေ ကောင်းခဲ့တာပါပဲ…'

ဘရစ်ဂျစ်က မောသွားဟန်ဖြင့် အီဗီယင် သောက်ရေသန့်ဘူးကို လက်တစ်ဖက်ကဖွင့်ကာ သောက်လိုက်သည်။ ကမ္ဘာကျော် သဘာဝစမ်း ချောင်းရေ evian။ ပြီးတော့ သူ့ကို ပြုံးပြသည်။

'ကိုယ်ပြောတာတွေ အမှန်တွေချည်း ထင်နေတယ် မဟုတ်လား… မင်း ကံဆိုးတာပဲ… နေဦးကွ… ကိုယ်လည်း ကံဆိုးတာပဲနော်…'

သူကတော့ သူ အူကြောင်ကြောင်ဖြစ်သွားရမှာလား၊ ယုံရမှာလား ဆိုသည့်ဟန်ဖြင့် ပခုံးတွေသာ တွန့်ပြလိုက်ရသည်။

'တကယ်ပါကွယ်… မင်းကို စတာပါ။ နေဦး ဘယ်ရောက်သွားပါ လိမ့်။ နေဦးကွာ၊ အီတလီတွေရဲ့ ကျူးကျော်စစ်နဲ့ ရောမ ပြန်လည်ထွန်း

၁။ Gaul
၂။ Merovingian
၃။ Carolingian
၄။ Joan of Arc



သစ်ခြင်း[၁] ကာလပေါ့… ၁၆ ရာစုကတော့ ပြန်လည်ထူထောင်ရေးကာ ကာလလည်းဖြစ်၊ ပရိုတက်စတင်တွေနဲ့ ကက်သိုလစ်တွေရဲ့ ဘာသာရေးစစ်ကြီး ဖြစ်တဲ့ကာလလည်း ဖြစ်ခဲ့တယ်၊ စတုတ္ထ ဟင်နရီ[၂] ဘုရင်ကတော့ လွတ်လပ် စွာ ကိုးကွယ်ခွင့်ပြုတာလည်း သည်ကာလထဲမှာပေါ့၊ နောက် ၁၆၁၀ က ၁၇၁၅ ကတော့ လူဝီ ၁၃ နဲ့ ၁၄ တို့ရဲ့ မဟာကာလတွေပေါ့ကွယ်။ မင်းတို့သင်ဖူးတယ်မို့လား၊ တော်ဝင်ဘုရင့်သက်ဦးဆံပိုင်အာဏာဟာ အထွတ် အထိပ်ကို ရောက်နေချိန်ပေါ့လေ… ဥရောပမှာ ပြင်သစ်ဟာ အကြီးအကျယ် ထွန်းမိုးချိန်လည်းဖြစ်၊ ပြင်သစ်ယဉ်ကျေးမှုကြီး ဖြန့်ကျက်နေချိန်လည်း ဖြစ် တယ်ဆိုကြပါစို့ရဲ့…'

'လမ်းတွေလည်းကြည့်ဦး ဘရစ်ဂျစ်ရေ… တော်ကြာ ကိုယ်တို့ ဘက်စတီးလ် အကျဉ်းထောင်ဘက် ရောက်သွားဦးမယ်…'

'အောင်မယ် ဝင်းက ဒါတော့ သိသားပဲ၊ အေးလေ စာရေးဆရာတို့ ဘာတို့ဆိုတာက ကိုယ်နေရမယ့်နေရာတော့ သိထားမှကွ'

လုပ်ပြီ။ ဘရစ်ဂျစ်က သူ့ဟာသူပြောရင်း ရယ်လေ၏။ လမ်းတွေ က ကောင်းလွန်းသည်။ တစ်ခါတစ်ရံ လိုဏ်ခေါင်းတွင်းကို မိနစ်တော်တော် ကြာ ဖြတ်ရသည်။ လိုဏ်ခေါင်းနံရံတွေမှာ မီးဝါပွင့်တွေ စီကာစဉ်ကာ သွန်းထားတော့ မှောင်မည်းမည်းထဲမှာ အဝါရောင်က တောက်လက်လှပ နေလေသည်။ ပြီးတော့ မီးဝါရောင်က ကားတွေပေါ်ကို ရိပ်ခနဲရိပ်ခနဲ။ ဘရစ်ဂျစ်ရဲ့ ရွှေရောင်ဆံပင်တွေပေါ်မှာ၊ ပန်းသွေးရောင်ပါး ကြည်ကြည်က လေးပေါ်မှာလည်း ရိပ်ခနဲရိပ်ခနဲ။ သူကတော့ ဘရစ်ဂျစ်နဲ့တွေ့ရတာကိုပဲ ဝမ်းသာနေသည်။ သူမသာ လာမကြိုလျှင် ဖုန်းဆက်ရဦးမည်။ ယောင် သည်စမ်းတဝါး ဖြစ်ရဦးမည်။

'နေဦးကွ၊ ပြင်သစ်ရဲ့ ၁၈ ရာစု ထင်ရှားမှုတွေထဲမှာ တော်တော့် ကို ဖွံ့ဖြိုးနေပြီဖြစ်တဲ့ အကြီးစား ပင်လယ်ရေကြောင်း ကုန်သွယ်မှုရှိနေ ပြီဆိုတာပဲ။ ဒါက အရေးကြီးတယ်။ တို့နိုင်ငံက ပင်လယ်တွေ၊ သမုဒ္ဒရာတွေ ဝိုင်းနေတော့ ပင်လယ်ကို စီးပွားရေးစားကျက်ကွင်းလုပ်ဖို့ ကြိုးစားခဲ့တာဟာ ရွေးချယ်မှု မှန်တယ်ပဲလို့ ကိုယ်တော့ထင်တယ်… မင်းကော…'

၁။ Renaissance
၂။ Henry IV

'ကိုယ်လည်း ထင်ပါတယ်၊ ကိုယ်တို့နိုင်ငံကလည်း ပင်လယ်နဲ့ဆက်နေတော့ Border trade ရော Sea trade ရော လုပ်နေတယ်၊ မင်းတို့ကတော့ ၁၈ ရာစုမှာကိုပဲ Large Scale Sea Trade ရှိနေတာဆိုတော့ ဖွံ့ဖြိုးမှုနဲ့ အတွေ့အကြုံက သိပ်ကြီးမားခဲ့တာပေါ့လေ...'

'ကျေးဇူးတင်လိုက်တာကွာ... ကိုယ်ပြောရင် သိပ် လက်မခံကြတာများတယ်... အိုကေ၊ ၁၈ ရာစုမှာတော့ လူဝီ ၁၅ နဲ့ ၁၆တို့ရဲ့ ရွှေရောင်ကာလတွေလေ... စီးပွားရေးနဲ့ ဒီမိုကရေစီရေးတွေမှာ ပို အားကောင်းလာတယ်၊ ထွန်းလင်းတောက်ပမှုခေတ်လို့လည်း ဆိုကြတယ်။ နောက် ၁၇၈၉ ကနေ ၁၇၉၉ အထိ နှစ် ၁၀၀ စွန်းစွန်းကတော့ ပြင်သစ်တော်လှန်ရေးကြီး ဖြစ်ခဲ့တာရယ်၊ တိုင်းသူပြည်သား လူတစ်ဦးချင်းရဲ့ အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း ပေါ်ထွန်းခဲ့တာရယ်၊ ပထမနိုင်ငံတော်ကြီး[၁] ပေါ်ထွန်းခဲ့တာရယ်တွေက ထူးခြားတယ်...'

သူ ရောက်နေသည့်နေရာက လှမ်းကြည့်လျှင် CDG လေဆိပ်ကို ခပ်ဝေးဝေးနောက်မှာ မြင်နေရသေးသည်။ ကားလမ်းက အမြင့်၊ CDG လေဆိပ်က ဟိုးဝေးဝေးအနိမ့်မှာ။ လေယာဉ်တွေက ကလေးကစားစရာလေးတွေနှင့်ပင် တူနေလေသည်။ မြင့်မားသည့် အဆောက်အအုံတွေက အဝေးနှင်းမြူတွေထဲအထိ တိုးဝင်နေလေသည်။ ကားလမ်းတွေက အလွှာလွှာ။ နေရာတော်တော်များများမှာ ကမ္ဘာ့ဖလား ဘောလုံးပွဲ အထိမ်းအမှတ် ရုပ်ပုံကားချပ်တွေ၊ ပလတ်စတစ် ဒါမှမဟုတ် ဖိုင်ဘာပလတ်စတစ်ဘောလုံးရုပ်တုကြီးတွေ ရှိနေသည်။ အလွန်ဝေးလံသော အရပ်အထိ ကားလမ်းတစ်မျှော်တစ်ခေါ်ကို တွေ့နေရလေသည်။

'ဟိုတယ်မရောက်သေးဘူးလား ဘရစ်ဂျစ်ရယ်။ ကိုယ်တော့ ရေချိုးချင်ပြီ၊ ပြီးတော့ အင်္ကျီလဲချင်ပြီကွ။ ဟိုတယ် Reception ကလည်း သွေးစွန်းတဲ့ ကိုယ့်အင်္ကျီကြီးကို မေးနေဦးမယ်ထင်တယ်...'

'CDG က မြို့ထဲနဲ့ ဝေးတယ်။ လေဆိပ်က ကြီးတာကိုး... အော်လီလေဆိပ်ကိုလည်း ဝင်း သုံးရဦးမှာပါ။ ဝင်းကို မောင့်ပယ်လီယေး[၂]မှာ ဘောလုံးပွဲ လိုက်ပြဦးမှာလေ... သူက မြေထဲပင်လယ်ကမ်းခြေမှာကွ။

၁။ First Republic
၂။ Montpellier



ပါရီရဲ့ တောင်ဘက်စွန်းမှာရှိတဲ့မြို့ကလေး။ မောင့်ပယ်လီယေးကို လေယာဉ်နဲ့ စီးမယ်။ အပြန်ကျတော့ TGV[၁]နဲ့ ပြန်မယ်...ကောင်းရဲ့လား အစီအစဉ်...'

'ကောင်းပါတယ် ဘရစ်ဂျစ်ရယ်... ကျေးဇူးတင်ပါတယ်...'

'နွေဦး ကိုယ်တို့ ၁၈ ရာစုလားပဲ ရောက်သေးတယ်၊ နောက်ထပ် နှစ်ပေါင်း ၂၀၀ စာ သမိုင်းကျန်သေးတယ်၊ နားထောင်ပါဦး'

'နားထောင်နေပါတယ် ဘရစ်ဂျစ်ရယ်'

'အိုကေ ၁၇၉၉ ကနေ ၁၈၁၅ ခုနှစ်ကတော့ တို့နိုင်ငံရဲ့ ကျေးဇူးရှင် နပိုလီယန်ဗိုနာပတ်[၂]နဲ့ ဆိုင်လာပြီ ဝင်းရဲ့... သူက ပထမတော့ ပထမကောင်စစ်ဝန်၊ နောက်တော့ ပြင်သစ်ရဲ့ စစ်သေနာပတိချုပ် ဖြစ်လာခဲ့တယ်။ ခေတ်သစ် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းတွေကို ဖော်ထုတ်ပေးခဲ့တယ်။ တရားဥပဒေဆိုင်ရာ ကိုဒ်ဥပဒေတွေ ပြဋ္ဌာန်းပေးခဲ့တယ်။ ၁၈၁၅ က ၁၈၄၈ ခုနှစ်အတွင်း နှစ်တွေကတော့ စည်းမျဉ်းခံဘုရင်စနစ်နဲ့ ပြန်လည်တည်ဆောက်ရေးကာလ ဖြစ်သွားပြန်ရော။ လူဝီ ၁၈[၃]နဲ့ ချားလ်စ် ၁၀[၄]တို့ရဲ့ ကာလကြီးပေါ့။ ၁၈၃၀ မှာ တော်လှန်ရေးတစ်ခု ဖြစ်တယ်။ ပြီးတော့ လူဝီဖိလစ်[၅] နန်းတက်တယ်။ သည်ခေတ်မှာတော့ စက်မှုကဏ္ဍက တော်တော်ထွန်းကားခဲ့တယ်။ ပထမဆုံး ပြင်သစ်မီးရထား ဖြစ်လာပြီ။ နောက် ပြင်သစ်အုပ်ချုပ်ခံ ကိုလိုနီနိုင်ငံတွေ ရှိလာခဲ့ပြီ...'

'ဆက်ပါဦး...'

'နွေဦးကွ မြှောက်ပေးမနေနဲ့ဦး...၊ မြို့ထဲ ရောက်လာပြီ။ တို့ အခု ရောက်နေတာ ဆိန်းမြစ်ကမ်းပဲ၊ ဟိုမှာတွေ့လား အီဖယ်လ်မျှော်စင်...'

အီဖယ်လ်မျှော်စင်က ကောင်းကင်ပြာထဲမှာ တင်းတောင့်နေသည်။ ပြင်သစ်၏ အမှတ်လက္ခဏာ သံမဏိနံ့ကောင်။ စိမ်းဖန့်ဖန့်ဆိန်းမြစ်ရေကို တွေ့နေရသည်။ ပကတိ ငြိမ်သက်စွာ လှပသောအလှ။ ပါရီ...။ နွေဦး မှန်တရီထဲက ပါရီ။ မိုးစက်၊ နှင်းဖြူနှင့် နေရောင်။ တစ်လှည့်စီ...။ နှစ်

၁။ TGV : High Speed Train
၂။ Napoleon Bonapart
၃။ Louis XVIII
၄။ Charles X
၅။ Louis Philippe

သမိုင်းခါးဆစ်တွေ ပြုတ်တဲ့နေရာက ပြုတ်၊ ကြွေတဲ့နေရာက ကြွေ။ ကိစ္စမရှိ။ သမိုင်းအရိုးစုအကြမ်းကိုတော့ သူ ရသမျှ ဆက်စပ်မိပြီ။ ကျဉ်းမြောင်းသော လမ်းကလေးတွေ၊ လှပသော ကနုတ်ခက်ထွင်း လျှပ်စစ်မီးပွိုင့်တိုင် စိမ်းစိမ်း။ ပြီးတော့ ကဖေးဆိုင်ကလေးတွေ…။

'ဝင်းရေ ချုပ်လိုက်ကြစို့ရဲ့… ၁၈၄၈ က ၁၈၅၂ ကို ဒုတိယနိုင်ငံတော်လို့ ခေါ်ကြတယ်။ သည်ကာလတွေမှာတော့ ပထမဆုံး အလုပ်သမား ဥပဒေ ပေါ်ထွန်းခဲ့တယ်။ ပညာရေးနဲ့ သတင်းစာဥပဒေတွေလည်း ပေါ်လာခဲ့တယ်၊ ၁၈၅၂ က ၁၈၇၀ ကတော့ နပိုလီယန်ဗိုနာပတ်ရဲ့ ဒုတိယအင်ပါယာကြီးနဲ့အတူ နိုင်ငံရေးလွတ်လပ်ခွင့်တွေ ရလာခဲ့တယ်၊ နောက် ထုံးစံအတိုင်းပေါ့ကွယ်။ ကိုလိုနီနိုင်ငံတွေ ကျယ်ပြန့်လာတာတွေပေါ့… ရောက်တော့ မယ်ဝင်းရဲ့… သည်ရပ်ကွက်က ရပ်စ်ပိုင်းယီးပဲ။ ဝင်း တည်းရမယ့် ဟိုတယ်က ဟိုတယ်ကယ်ရေး[၁] တဲ့…။ ကောင်းပါတယ် မင်း ကြိုက်မှာပါ…'

ဟိုတယ်ကို သူ မမြင်ရသေးပါ။ သမိုင်းကတော့ ၁၈၇၀ မှာ ခဏ ရပ်ထားသည်။ ကနေ့မပြီးလျှင် နောက်တစ်နေ့ ဘရစ်ဂျစ်လာတော့မှ ဆက်ရတော့မည်။ သူ့စိတ်ထဲမှာတော့ ဂျူလီယပ်ဆီဇာ၊ လူဝီဘုရင်များ၊ သမ္မတနိုင်ငံတော်နှင့် ဘုရင့်နိုင်ငံတော်အလှည့်ကျ ဖြစ်ထွန်းမှု၊ ကိုလိုနီနိုင်ငံငယ်များ၊ တော်လှန်ရေးနှင့် အုပ်ချုပ်ရေးနည်းနာများ ခေတ်မီလွတ်လပ်မှု။ သမိုင်းက တစ်ခြမ်း ကျန်နေသေးသည်။ ကားလေးက ဟိုတယ်တစ်ခုရှေ့မှာ ရပ်လိုက်သည်။ အပြာရောင်အမိုးခုံးခုံးလေးမှာ Hotel Cayre လို့ ရေးထားသည်။ သူ့ရဲ့ ဒုတိယအိမ်…။

ပြင်သစ်ဟိုတယ်တွေက ဟိုတယ်မှန်းသိအောင် ပြူးပြူးပြဲပြဲ လုပ်ထားတာမျိုးမရှိ။ ရိုးရိုးကလေးတွေချည်း တွေ့ခဲ့ရသည်။ မြန်မာပြည်မှာ ဆောက်လုပ်စ Hotel Sofitel အုပ်စုဝင် ဟိုတယ်တွေကိုလည်း လမ်းမှာ တွေ့ခဲ့ရသည်။ ပြင်သစ်နိုင်ငံအနှံ့ Hotel Sofitel တွေ ရှိသည်ဆို၏။ အခု သူရောက်လာသည့် ဟိုတယ်ကလည်း နာမည်ကြီးဟိုတယ်အုပ်စုကြီး တစ်စု၏ အဖွဲ့ဝင်ဟိုတယ် ဖြစ်သည်။ ကြယ်သုံးပွင့်အဆင့် ဟိုတယ်။ အာရှပစီဖိတ်

၁။ Hotel Cayre



ဒေသ၊ ဥရောပတစ်လွှား၊ အရှေ့အလယ်ပိုင်း၊ မြောက်အမေရိကားနှင့် လက်တင် အမေရိကားနိုင်ငံတွေမှာ နေရာအနှံ့ရှိသည်ဟု ဆိုသည်။ ရွှေရောင်ကျူးလစ်ပန်း (Golden Tulip) ဟိုတယ်အုပ်စုဆိုလျှင် ကမ္ဘာ့ခရီးသွားတွေက ရင်းနှီးပြီး ဖြစ်သည်။

'နွေဦး ဝင်းကို နေရာနဲ့ ရှင်းပြမှာ ဖြစ်မယ်။ ကိုယ်ပြန်မလာခင် လမ်းလျှောက်ပြီး လျှောက်ကြည့်။ ဒါက ဟိုတယ်ရှိရာ မြေပုံ၊ မြေပုံကို ကြည့်ပြီး ခရီးသွားတဲ့ အလေ့အကျင့်လုပ်ကွ။ တို့တိုင်းပြည်ကိုလာကြတဲ့ ကလေးတွေတောင် မြေပုံနဲ့သွားကြ လာကြတာ။ မသေချာရင် ရဲတွေကိုမေး။ ကူညီလိမ့်မယ်။ ဟော့ဒီမှာ ဟိုတယ်ကယ်ရေးနော်၊ ဒါက ရပ်စ်ပါယီး လမ်းပေါ်မှာရှိတာ။ ဆက်သွားရင် ဂျာမန်းလမ်းမကြီးနဲ့ ဆုံတဲ့နေရာ ရောက်တယ်။ ဆက်သွားရင် ဆိန်းမြစ်ကမ်းပါးက ဗော်လ်တဲလမ်းမကြီး တွေ့လား။ ဟော့ဒီမှာ… မင်း ဆက်လျှောက်နိုင်ရင် ဆိန်းမြစ်ကူးတံတားတစ်ခုခုကို ဖြတ်၊ ဟိုဘက်ကမ်းကို ကူး၊ ကွန်းကော့ဒ်ဆိုတဲ့ ကွက်လပ်ကျယ်ကြီး ရောက်လိမ့်မယ်။ အဲသည်ရောက်ရင် ပြန်လှည့်ခဲ့…'

ဘရစ်ဂျစ်က ဟိုတယ်မှာ အပ်ထားခဲ့ကာ ပြန်သွားသည်။ Reception က အင်္ဂလိပ်ဘာသာစကား ပြောနိုင်ကြတော့လည်း အခက်အခဲ သိပ်မရှိတော့ပါ။ ပြင်သစ်မှာက အင်္ဂလိပ်စကားကို လိုအပ်မှ ကြားရလေ့ရှိသည်။ များသောအားဖြင့် ပြင်သစ်ဘာသာစကားနှင့် စကားကိုပဲ သုံးသည်။ မြို့တွင်းအနှံ့ လမ်းညွှန်ဆိုင်းဘုတ်တွေကလည်း ပြင်သစ်ဘာသာနဲ့ချည်း။ တချို့စာလုံးတွေက အင်္ဂလိပ်ဘာသာနှင့်နီးစပ်လို့ ခန့်မှန်းနိုင်သည်။ ဆိုပါတော့ musee D' Orsay လို့ ရေးထားလျှင် museum of Orsay ကမ္ဘာကျော် အော်ဆေးပြတိုက်ကြီးမှန်း ခန့်မှန်းယူနိုင်တာမျိုး ဖြစ်သည်။ သို့သော် သူတို့က အော်ဆေးလို့ အသံမထွက်ပါ။ မျူးဇေးဒီအော်ဆေးကို အမြန်ခေါ်ရာမှ မျူးဇေး ဒေါ်ဆေး ဖြစ်သွားသည်။ တချို့စာလုံးတွေကတော့ အင်္ဂလိပ်အသံထွက်နှင့် သော်လည်းကောင်း၊ အဓိပ္ပာယ်အားဖြင့်သော်လည်းကောင်း ကောက်ယူလို့ မရနိုင်ပါ။

ပထမတော့ သူ ဟိုတယ် Lobby ထဲမှာ ထိုင်နေရသေးသည်။ ကမ္ဘာ့ဖလား ဘောလုံးပွဲကြီးရှိနေတော့ ဟိုတယ်တိုင်းမှာ ဧည့်သည်တွေ

ပြည့်ကျပ်နေသည်။ သူ့အတွက် အခန်းက ကံကောင်းလို့ရလိုက်တာ ဖြစ်သည်။

'ကျွန်မတို့ အင်မတန် ဝမ်းနည်းပါတယ် မစ်ဆယူ။ အခု အားလုံး အဆင်ပြေသွားပါပြီ။ အခန်းအမှတ် ၁၀၇ ပထမထပ်မှာပါ။ လိုတာရှိရင် ပြောပါ။ Dial 4 ကို နှိပ်ရင် Reception desk ကို ရောက်ပါတယ်'

ဧည့်ကြိုမိန်းကလေးက ပြောသည်။ ခဏကြာတော့ အခန်းထဲကို ရောက်ခဲ့ပြီ။ တော်တော်ကလေးကျယ်သည့် အခန်းပါပဲ။ မတ်တတ်ကျွန်းဗီရို၊ နှစ်ယောက်အိပ်ခုတင်၊ Super Foam Type ရေမြှုပ်မွေ့ရာနှင့် Private Safty Box လည်း ထားပေးသည်။ ဂြိုဟ်တုဆက်သွယ်ရေး တီဗီက ပြင်သစ် လုပ် တီဗီ ဖြစ်သည်။ ခလုတ်ကိုနှိပ်လိုက်တော့ CNN သတင်းတွေ လာနေသည်။ Channels တွေ ပြောင်းကြည့်တော့ M6, Eurosports, TF 1 စသည်။ ဂီတ၊ သတင်းနှင့် အားကစား သီးသန့်ချယ်နယ်တွေက ထုတ်လွှင့်နေသည်။ ဟိုတယ်သုံး ဘာသာစကားနှင့်ပြောလျှင် Direct Dial Telephone ရှိသည်။ Bathroom and Private WC ရှိသည်။ Mini-Bar ရှိသည်။ Air Con: ကတော့ သူရောက်ကတည်းက ပိတ်ထားလိုက်ရသည်။ စားပွဲပေါ်မှာတော့ ဟိုတယ်တံဆိပ်ထိုး စာရေးစက္ကူနှင့် စာအိတ်တွေ၊ ဘောပင်တွေ။ မှန်ခြင်းထဲမှာတော့ ပြင်သစ်ပြည်ထွက် သွားရည်စာမျိုးစုံရှိသည်။ မနက်စာကို အခန်းတွင်း မှာယူစားနိုင်ဖို့ ပုံစံတွေရှိသည်။ နံနက်ခင်းမှာ မထချင်လျှင် တံခါးသော့ဘုမှာ ပုံစံဖြည့်ချိတ်ထားလိုက်ရုံ။ ခဏနေတော့ သူ့ဆီကို တယ်လီဖုန်းလာသည်။ ဘယ်သူပါလိမ့်။

'ဘွန်ဇူး... မစ်ဆယူ... အဆင်ပြေရဲ့လား။ ကနေ့ညနေက စပြီး ယူရိုစပို့ထ်အစီအစဉ်က ကမ္ဘာ့ဖလားသတင်းတွေနဲ့ ကြိုတင်ပြင်ဆင်မှုတွေကို Live လွှင့်ပါလိမ့်မယ်။ မက်ထရို (မြေအောက်ဘူတာ)က ကျွန်မတို့ဟိုတယ်ရှေ့မှာပါ။ Rue du Bac ဘူတာပါ။ ဘတ်စကားစီးမယ်ဆိုရင် ၆၃၊ ၆၉၊ ၈၃၊ ၈၄ တွေကို သုံးနိုင်ပါတယ်။ အော်လီလေဆိပ်က Air France Bus Stop လည်း ဟိုတယ်ရှေ့မှာပါပဲ။ နောက်စာတိုက်နဲ့ ငွေလဲပေးတဲ့ Change လည်း ရှိပါတယ်။ လိုအပ်တာ Reception ကို ပြောပါရှင်...'

သူက ဘာမှတောင်မမေးရတော့ပါ။ သူကလေးတို့ရဲ့ ဝန်ဆောင်မှုက



ပြည့်စုံနေလေသည်။ သူ မေးချင်တာတွေကို မမေးရဘဲ ပြောနေသည်ကော။ တစ်ခုတော့ မေးစရာကျန်နေသေးသည်။

'ကျေးဇူးပြုပြီး မနက်စာအတွက် Dinning room က ဘယ်မှာလဲ။ နောက် အချိန်နဲ့ရနိုင်တဲ့ Breakfast menu ကို သိချင်ပါတယ်'

'ကျွန်မ ဆက်ပြောမလို့ပါ၊ Dinning room က အောက်ဆုံးထပ်မှာ ပါ။ နံနက် ၈ နာရီက ၁၁ နာရီအထိ သုံးဆောင်နိုင်ပါတယ်။ French Style Breakfast ဖြစ်ပါတယ်။ နို့၊ ကော်ဖီ၊ လက်ဖက်ရည်၊ သစ်သီးရည်နဲ့ ဆီရီယယ်လ်တွေ ပါပါတယ်။ နောက် ဖုတ်ထားတဲ့မုန့်တွေလည်း ပါပါတယ်။ ဆင်းမစားချင်ရင် တံခါးလက်ကိုင်မှာ ပုံစံဖြည့်ထားရုံပါ'

'ကျေးဇူးတင်ပါတယ် မက်ဆီး'

အင်္ဂလိပ်တွေကို Thank you များများသုံးရသလိုပဲ ပြင်သစ်တွေကို မက်ဆီး (Merci) များများသုံးရသည်။ သူတို့က ပြုံးပြတာတောင် မက်ဆီး လုပ်သည့်လူမျိုး။ သူ့စိတ်ထဲမတော့ အင်္ဂလိပ်တွေက လူမှုရေးစည်းကမ်းတွေကို (အစားအသောက်၊ အဝတ်အစားအပါအဝင်) တင်းကျပ်သလောက် အမေရိကန်တွေက ပေါ့ပါးလွတ်လပ်ပုံ ရသည်။ ပြင်သစ်တွေကတော့ ကြားနေဖြစ်ဟန် ရှိသည်ဟု ထင်နေသည်။ မှားချင်ရင်လည်း မှားနိုင်သည်။ သူ မြင်လိုက်ရသမျှ ကျဉ်းကျပ်နေတာမျိုး မရှိ။

ရေချိုးခန်းထဲမှာတော့ ဟိုတယ်တံဆိပ်ထိုး တစ်ခါသုံးဆပ်ပြာတွေနှင့် တစ်ခါသုံး ခေါင်းလျှော်ရည် ကော်ပုလင်းကလေးတွေ ရှိသည်။ Bath Tub ခေါ် ကြွေဇလုံက တောက်ပနေ၏။ ရေပူ၊ ရေအေး သူရေချိုးချင်နေသည်။ သေတ္တာကြီးကိုဖွင့်ကာ တချို့ကို ဗီရိုထဲက ချိတ်တွေမှာချိတ်၊ တချို့က သေတ္တာပေါ်တင်။ ကက်ဆက်၊ တိပ်ခွေနှင့် ကင်မရာတွေကို ဓာတ်ခဲလဲသင့်တာ လဲလှယ်ကာ အရန်သင့်ထားလိုက်သည်။ မဟာမုနိပုံတော် သေးသေးကို ခေါင်းရင်းမှာထောင်ထားလိုက်ကာ ခဏကလေး အာရုံပြုလိုက်သည်။ ပြီးတော့မှ ခဏလေး အိပ်ရာပေါ်လှဲလိုက်သည်။ မနက်ခင်း ၁၀ နာရီ ထိုးတော့မည်။ တယ်လီဖုန်းမြည်ပြန်ပြီ။

'ဝင်းလား... ကိုယ်ပါ ဘရစ်ဂျစ်ပါ။ ညနေ သုံးနာရီ လာခေါ်မယ်၊ မင်းမှာ ဒေါ်လာပါတယ်နော်။ Change မှာ လဲထားကွာ။ တစ်ဒေါ်လာကို

၅.၉ ဖရန့်နှုန်းလောက် ရတယ်။ ပြီးတော့ တစ်ခုခုထွက်စားထား။ ကနေ့စနေဆိုတော့ ကိုယ်အားတယ်။ စောစောကပြောတဲ့ ကွန်းကော့ဒ်ဘက်ကို မလျှောက်နဲ့တော့။ ကိုယ် ကားနဲ့လျှောက်ပြတော့မယ်။ ကားချည်း အားမကိုးနဲ့ နော်။ မင်းကို လမ်းလျှောက်စေချင်လို့ ပြောတာ။ ပြင်သစ်ကိုရောက်တဲ့ နိုင်ငံတကာက ဧည့်သည်တွေဆိုရင် လျှောက်တာချည်းပဲ။ အိုကေ… တွေ့ကြတာပေါ့။ နေဦး မင်း ဘာလုပ်နေတာလဲ'

'ကိုယ် ရေချိုးမလို့ ဘရစ်ဂျစ်ရ တောသားတွေကွ၊ ကြွေရေချိုးကန်နဲ့ ရေချိုးဖို့ ခက်နေတယ်။ ကိုယ်တို့က Tropical region က လာတာလေ'

'စိတ်မကောင်းပါဘူး။ သည်လိုလုပ် ရေနွေးနဲ့ ရေအေးကို မင်းချိုးနိုင်ရုံမျှပြီး ဖွင့်ချလိုက်။ ပြီးတော့ Bath-foam နှစ်ပုလင်း ဖောက်ထည့်။ ပြီးတော့ ဝင်စိမ်လိုက်ကွာ၊ ကိုယ် အနားလာပြီး သင်တန်းမပေးနိုင်တာတော့ ခွင့်လွှတ်ပါ'

ဘရစ်ဂျစ်က အရေးထဲ နောက်နေလေသည်။ ခဏနေတော့ ဘရစ်ဂျစ် နည်းစနစ်ကိုသုံးကာ ရေချိုးပြီးသွားသည်။ လေယာဉ်ပေါ်မှာ ညောင်းညာခဲ့သမျှ ပြေလျော့သွားလေ၏။ မနက်ကတည်းက ဘာမှမစားရသေးတော့ ဗိုက်ဆာနေပြီ။ အပြင်ထွက်ပြီး ပိုက်ဆံလဲခြင်း၊ ဟမ်ဘာဂါစားခြင်းအမှုကိုလည်း မလုပ်ချင်သေး။ ခဏကလေး နားချင်နေတာပဲ ရှိသည်။ တီဗီကို ဖွင့်လိုက်တော့ ဘောလုံးခြေစစ်ပွဲမှာ အောင်ပွဲရခဲ့သော နိုင်ဂျီးရီးယား ဘောလုံးအသင်း၏ ဘောလုံးသမိုင်းစဉ်ကို ပြသနေသည်။ သူ ခဏကလေးကြည့်ရင်းက အိပ်ပျော်သွားလေသည်။

သူလန့်နိုးတော့ နေ့လယ် တစ်နာရီ ထိုးလုပြီ။ ရန်ကုန် သူ့တိုက်ခန်းက စောင်ခင်းထားသည့် ကြေးတွေညှော်တွေနှင့် သူ့အိပ်ရာမဟုတ်။ မွှေးပျံ့နေသည့် ပြင်သစ်နိုင်ငံ၏ ကြယ်သုံးပွင့်အဆင့် အိပ်ခန်းထဲမှာ သူရှိနေတာကို ပထမဆုံး သတိရသွားတော့ ပြုံးမိသေးသည်။ ကြွေခွက်မှာ မျက်နှာသစ်၊ သွားတိုက်သည်။ မှတ်ဆိတ်ကတော့ ရေချိုးတုန်းက ရိတ်ပြီးပြီ။ သုံးနာရီဆိုတော့ အချိန်ရသေးသည်။ အပြင်ခဏထွက်ဖို့ အချိန်ရသည်။ လေယာဉ်ပေါ်မှာ ဝတ်လာခဲ့သည့် ဒေဝူးဘောင်းဘီကိုပဲ ဝတ်လိုက်သည်။ ပေါ့ပေါ့ပါးပါး တီရှပ်တစ်ထည်ကိုထုတ်ကာ ဝတ်မယ်ပြင်ပြီးမှ ရှိုးရှိုးရှပ်လက်ရှည်



ကိုပဲ ဝတ်လိုက်သည်။ ဟိုတယ်အောက်ထပ်ကို ဆင်းကာ ဧည့်ကြိုကောင်တာမှာ သော့အပ်သည်။

အပြင်မှာ မိုးတွေရွာနေသည်။ သဲသဲမဲမဲတော့ မဟုတ်။ သို့သော် ထွက်လိုက်လျှင် ကောင်းကောင်းစိုနိုင်သည့် မိုးမျိုး။ ဟိုတယ်ရှေ့က မှန်တံခါးကြီး ရှေ့ရောက်တော့ တံခါးက 'Photo cell system control' ဖြစ်သည်။ ဒိတ်ဆဲလ်ကင်မရာက လူရိပ်မြင်တာနဲ့ ဝေါခနဲပွင့်သွားလေ၏။ ခမ်းနားနေ တိုက်ပုံများ။ သူငယ်ငယ် ကုန်းဖောင်းမှာနေခဲ့တုန်းက အိမ်ကလေးကိုတောင် သတိရသေးတော့။ တိုင်လေးတိုင်စိုက်ကာ ရိုင်ပတ်ရှည်ကြီး ပတ်ပတ်လည် ကာထားသော အိမ်ကလေး။ ခုတော့လည်း Photo cell system control door ကြီးရှေ့မှာရပ်ရင်း ပါရီနွေဦးမိုးကို စောင့်နေရပြီကော။ ခဏ ကလေးပါပဲ။ မိုးက တိတ်သွားပြန်ကာ နေရောင်ခြည်တွေ ဖွေးခနဲကျလာ ပြန်သည်။ ဟိုတယ်ရဲ့ဘယ်ဘက်ကို ထွက်လာတော့ မြေပုံဟောင်းတွေ ရောင်းသည့်ဆိုင်ကလေး ရှိသည်။ ဟိုတယ်နှင့်ကပ်လျက် ညာဘက်မှာတော့ Shell ကုမ္ပဏီတံဆိပ် ခရုခွံကြီးကပ်ထားသည့် ဓာတ်ဆီနှင့် ဒီဇယ်ဆီ ဆက်ချောဆီဆိုင်။ သူက ဘယ်ဘက်ကို ရွေးကာ ထွက်လာခြင်း ဖြစ်၏။ ရှေးဟောင်းမြေပုံတွေကို မှန်ခန်းထဲမှာ တွေ့နေရသည်။ မြေပုံတွေက ဟောင်းမြင်းသော်လည်း တန်ဖိုးတွေက မနည်းပါ။ ဖရန့် ၃၀၀၀ တန်ပင် ပါသည်။ ဘယ်သူတွေက ဝယ်ပါလိမ့်။

ဆက်လျှောက်တော့ နာမည်ကျော် ကဖေးဆိုင်ကလေးတွေ။ နေရောင်အောက်မှာ ကြိမ်ထိုးခုံကလေးတွေ ခင်းထားသည်။ လူလေးငါးယောက် ကော်ဖီသောက်နေကြသည်။ တချို့က သတင်းစာ ဖတ်နေကြသည်။ သတင်းစာတွေကလည်း များမှများ။ လူ ၁၀၀၀ မှာ သတင်းစာစောင်ရေ ၁၇၆ စောင်နှုန်း။ လန်ဒန်ထုတ် သတင်းစာတွေကလည်း မနက် မိုးလင်းတာနဲ့ ရေလက်ကြားကိုဖြတ်ကာ ပါရီကို ရောက်နေပြီ။ သူတည်းသည့်ဟိုတယ်၏ ဝန်ဆောင်မှုတွေထဲမှာ ကြိုက်ရာ အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာ သတင်းစာတွေကို ကြိုက်သလောက် အခမဲ့ယူဖတ်နိုင်တာလည်း ပါပါတယ်။ သူ့အကြိုက်ဆုံးကတော့ ဟိုတယ်နှင့်နီးနီးမှာ သတင်းစာနှင့် ဂျာနယ်၊ မဂ္ဂဇင်း ရောင်းသည့် ဆိုင်ကလေးရှိခြင်း ဖြစ်၏။ မဂ္ဂဇင်းရောင်စုံတွေ နမူနာတစ်အုပ်စီ

ပြထားတာကပင် ထောင်ချီရှိလိမ့်မည်။ သတင်းစာစင် အကန့်တွေထဲမှာတော့ သတင်းစာအမည်ကလေး ပေါ်ရုံဆင့်ထားတာကပင် မြင့်လှပြီ။ မဂ္ဂဇင်းတွေက လုံလုံခြုံခြုံ မဂ္ဂဇင်းတွေသာမက မလုံမခြုံမဂ္ဂဇင်းတွေရော ဝတ်လစ်စလစ် မဂ္ဂဇင်းတွေပါ ရှိသည်။ သူကတော့ ပိုက်ဆံမပေးရဘဲ ရောက်တတ်ရာရာ လှန်လှောကြည့်တာနှင့်ပင် ရင်ပြည့်နေလေသည်။ သတင်းစာဆိုင်ကလေးရဲ့ နောက်မှာတော့ မက်ထရိုမြေအောက် ဘူတာရုံဆင်းသည့် စက်လှေကားက လူတချို့ကို မြေပြင်ပေါ်ဆွဲတင်နေကာ တချို့ကို မြေအောက်သို့ သက်သောင့်သက်သာ ဆင်းခိုင်းနေသည်။

သူ ပထမဆုံး ငွေလဲဖို့ စီစဉ်ရသည်။ Change တွေက အသင့်ရှိသည်။ သူက အမေရိကန် ဆယ်ဒေါ်လာနှင့်လဲတော့ ဖရန့် ၆၀ လောက် ရသည်။ ဘာအခက်အခဲမရှိ။ လွယ်လွယ်ကလေး။

သူက လမ်းတစ်ဆစ်ချိုးမှာ ဘယ်ဘက်ကိုပဲ ဆက်လျှောက်လာခဲ့သည်။ အိမ်တွင်းဈေးဆိုင်ကလေးတွေ။ မှန်နံရံတွေက ကြည့်လိုက်တာနဲ့ ဘာတွေရောင်းနေတာလဲ သိနိုင်သည်။ တချို့ဆိုင်က မုန့်တွေ။ မုန့်တွေကလည်း သစ်သီးနဲ့လုပ်သည့် မုန့်၊ အသားနှင့်လုပ်သည့်မုန့်။ မုန့်မျိုးစုံမှာ ပလတ်စတစ်ဈေးနှုန်း ဆိုင်းဘုတ်ကလေးတွေ ကပ်ထားသည်။ ငါးဖရန့်တန်က ဖရန့် သုံး လေးဆယ်တန်အထိ မုန့်တွေ။ အများဆုံးရောင်းတာကတော့ တစ်တောင်လောက်ရှိသည့် ဘားဂက်လို့ခေါ်သည့် ဟမ်းဘာဂါချောင်းကြီးတွေ ဖြစ်သည်။ ပေါင်မုန့်ချောင်းမာမာကြီးကို ထက်ခြမ်းမရှိတရှိ ခွဲကာ ဆလတ်၊ အသားလွှာ၊ ဒိန်ခဲပြား၊ ခရမ်းချဉ်သီးလွှာ၊ ကြက်ဥပြုတ်လွှာနှင့် နို့နှစ်ရည်ကလေး ဆမ်းထားတာမျိုး ဖြစ်သည်။

'ဟမ်ဘာဂါ ဘယ်လောက်လဲ'

ပြင်သစ်အဒေါ်ကြီးက အင်္ဂလိပ်ဘာသာဖြင့် မေးသည်ကို ကြောင်နေသည်။ သူ့သမီးကလေး ပြေးလာတော့မှ အဆင်ပြေသည်။

'ဆယ့်ခြောက်ဖရန့်ပါ'

'ကြက်သားနဲ့ ရသလား'

'ရပါတယ်'

ကြက်သားဘားဂက်ရှည်ကြီးကို စက္ကူပါးပါးကလေး ထိပ်ပွင့်ရုံ



တ်ပေးသည်။ ပြီးတော့မှ ဆိုင်တံဆိပ်ပါသည့် ပလတ်စတစ်အိတ်ရှည်ကြီးထဲ ပ်ပေးလိုက်သည်။ သူမြင်ရသလောက် ပြင်သစ်တော်တော်များများက သည် ဘားဂက်မုန့်ရှည်ကို တော်တော်ကြိုက်ကြသည်။ လမ်းပေါ်မှာ ဘားဂက် ကိုက်ရင်း ပြေးလွှားနေသူတွေ များသည်။ မိန်းကလေးတွေက ပိုကြိုက်ပုံရ၏။ စက္ကူပတ်ကို တစ်ရစ်စီဖြေရင်း တစ်ကိုက်စာ တစ်ကိုက်စာစားရုံ။ သူကတော့ ကြိုက်ခြင်း၊ မကြိုက်ခြင်းထက် ဝမ်းကလေးတောင့်သွားရင် တော်ပြီ သဘောထားကာ စားသည်။ ပါရီမှာလည်း ဆန်ထမင်း ရနိုင်သည့် ဆိုင်တွေ ရှိနိုင်ပါသည်။ ကားနဲ့လာတုန်းက လမ်းဘေးမှာ ဗီယက်နမ်ဆိုင်၊ ရုတ်ဆိုင်၊ ကုလားဆိုင်တွေရဲ့ ဆိုင်းဘုတ်တွေ မကြာခဏတွေ့သည်။ ရစ်ဂျစ်တော့ ပြင်သစ်ရောက်တုန်း ပြင်သစ်စာကို ကြိုးစား စားဖို့သာ ဖွဖွ တိုက်တွန်းနေခဲ့သည်ကော။ သူကတော့ ဘားဂက်ကိုဝါးရင်းက ဈေးဆိုင်ကလေးတွေဆုံးအောင် လျှောက်ကြည့်သည်။ Ready made အထည်ဆိုင်ကလေးတွေမှာ မိန်းကလေးဝတ် Design တွေက များသည်။ အရောင်စုံ အသွေးစုံ ပေါ့ပေါ့လျားလျား ပြင်သစ်ထည်တွေက ကမ္ဘာကျော်သည်။ ပြင်သစ် ရေမွှေးဆိုင်ကလေးကတော့ ဝင်လိုက်တာနဲ့ သင်းပျံ့နေသည်။ ကမ္ဘာကျော် ပြင်သစ်ရေမွှေးတွေဖြစ်သည့် Tresor နှင့် Cartier ကတော့ ဆိုင်တိုင်းမှာ ရှိသည်။ သစ်သီးမျိုးစုံဆိုင်၊ ပန်းပွင့်ရောင်စုံဆိုင်၊ မုန့်နှင့် ကိတ်ခြောက်ဆိုင် (အထားခံမုန့်တွေ)၊ သစ်သီးဆန်အမျိုးမျိုးနှင့် ပန်းခြောက်အမျိုးမျိုး၊ ဆိုင်တွေက လမ်းတိုင်းမှာတန်းစီနေလေသည်။ ပန်းပွင့်ခြောက် မျိုးစုံကို သစ်သား သို့မဟုတ် ဝါးဇန်းကလေးထဲ ထည့်ထားကာ ဒသ့်ဝတ်ပြုသော ပြင်သစ်၏ 'ပန်းခြောက်ရနံ့ရှူ' ယဉ်ကျေးမှုကလည်း ချစ်စရာကောင်းသည်။

ကမ္ဘာ့ဖလား ဘောလုံးပွဲကြောင့် ပြင်သစ်ရဲတို့ လမ်းပေါ်မှာ အငြိမ်မနေရပါ။ 'National police' ခေါ် အမျိုးသားရဲတပ်ဖွဲ့ဝင်တွေက နင်ဂျာတွေနှင့်ပင်တူလေသည်။ ဝတ်စုံမည်းမည်း၊ ခေါင်းဆောင်းမည်းမည်း၊ အဝေးပြော ကြိုးမဲ့ဆက်သွယ်ရေးကိရိယာ၊ ရာဘာတုတ်၊ ပစ္စတိုအပြင် ခေတ်မီသေနတ်တွေ ကျောပိုးထားကြသူများ။

ပြင်သစ်ရဲတွေမှာ သူတွေ့သလောက် မြူနီစပယ်ရဲနှင့် နေရှင်နယ်

ရဲနှစ်မျိုး တွေ့ရသည်။ မြို့နီစပယ်ရဲ (စည်ပင်သာယာရေးရဲ ဆိုပါစို့) ကတော့ အဖြူနုရောင်အင်္ကျီနှင့် နက်ပြာဘောင်းဘီ ဖြစ်သည်။ လမ်းတွေရှင်းတော့လည်း သူတို့၊ လူတွေကို ကူညီတော့လည်း သူတို့။ အမျိုးသားရဲတွေကတော့ အထူးလေ့ကျင့်ထားသည့် လုံခြုံရေးတပ်ဖွဲ့လည်း ဖြစ်နိုင်သည်။ မျက်နှာထား တင်းတင်း၊ သိမ်းငှက်မျက်လုံးတွေနဲ့ နေရာအနှံ့မှာရှိသည်။ အထူးသဖြင့် ရဲဝတ်စုံတွေကပဲ တစ်စုံတစ်ရာ ခံ့ညားမှုကို ဖြည့်စွမ်းပေးနေသည်လား။ ပြင်သစ်ရဲတွေကို လူထုက မုန်းသလား၊ ချစ်သလား သူမသိပါ။ ပြင်သစ်ရဲတွေကလည်း လူထုဆီက ညှစ်ဖို့လောက် စဉ်းစားနေကြသူတွေလား သူမသိပါ။ သို့သော် မြင်ရုံနှင့် လေးစားသဖွယ်ကောင်းသည့် အပြုအမူတွေ ရှိတာကတော့ အမှန်။

မိုးရေတွေ ဖျန်းခနဲ ကျလာပြန်သည်။ မိုးတွေ ညို့ရီသွားပြန်သည်။ သူလည်း ဟိုတယ်ဘက် ပြန်လှည့်ခဲ့ရတော့သည်။ Phamacie လို့ ရေးထားသော အစိမ်းရောင်ကြက်ခြေနီ ဆေးဆိုင်ကလေးထဲကိုဝင်ကာ ဆောင်းဥတုသုံး အလှဆီတစ်ပုလင်း ဝင်ဝယ်လိုက်သည်။ ၃၅ ဖရန့်။ ၆ ဒေါ်လာပေါ့။ မြန်မာလိုဆိုတော့ ငွေ ၂၀၀၀ ကျပ်နီးပါး။ ဝယ်ပြီးမှ သူ နှမြောသွားမိသေးသည်။ မဝယ်လို့ကလည်း မရ။ ပြင်သစ်နွေဦးက သူ့အဖို့ တော်တော်အေးနေသည်ကော။ အသားတွေပတ်ချင်နေပြီ။ နှုတ်ခမ်းတွေ ခြောက်ချင်နေပြီ။

ဟိုတယ်ရောက်တော့ ညနေ ၂း၃၀။

'ဗွန်းရှူး မစ်ဆယူး...'

'ဗွန်ရှူး မဒမ်...'

အခန်းထဲရောက်တော့ သင့်နီးရာရာ အဝတ်အစားကို လဲရသည်။ သုံးနာရီမှာ မဒမ်ဘရစ်ဂျစ် လာတော့မှာလေ။ သူတို့လူမျိုးက တိကျတတ်သည်။ ရန်ကုန်မှာ နေချင်သလိုနေခဲ့၊ အမြဲတမ်းနောက်ကျချင်တိုင်း နောက်ကျတတ်ခဲ့သော သူ့အဖို့ ဒါကလည်း အရေးတကြီး ပြင်ဆင်လိုက်ရသည့်ကိစ္စ ဖြစ်လာပြီ။ လိုအပ်တာတွေ ထည့်ကာသိုကာ အောက်ထပ်ကို ပြန်ဆင်းလာခဲ့သည်။ ဟိုတယ် Lobby ထဲက ဆိုဖာမှာထိုင်ရင်း Desk ပေါ်က လက်ကမ်းစာစောင်ပေါင်းများစွာကို ယူကြည့်လိုက်သည်။ ပြင်သစ်လမ်းညွှန် မြေပုံတွေ၊ ဟိုတယ်နှင့် စားသောက်ဆိုင်တွေ၊ ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံတွေ၊



ထားလမ်း၊ ကားလမ်း၊ လေယာဉ်ကိစ္စတွေ၊ တက္ကစီနှင့် ဘတ်စ်ကား လမ်းညွှန်တွေ စုံလိုက်သမှ ကြိုက်တာကိုယူပြီး လေ့လာရုံ၊ ပြီးတော့ အသုံးချရုံ၊ ဈေးနှုန်းတွေပါပြီးသား။ အထူးသဖြင့် ကောင်တာတွေမှာ တင်ထား ... ရောင်းချသည့် ကမ္ဘာ့ဖလားဘောလုံးပွဲ အထိမ်းအမှတ် ဦးထုပ်တွေ၊ သော့ချိတ်တွေ၊ မီးခြစ်တွေ၊ နိုင်ငံအလိုက် အားကစားအင်္ကျီတွေ၊ တီရှပ်တွေ၊ ဘောပင်တွေ။ သူက ဖရန့် ၁၀၀ ဆိုသည့် အီတလီဘောလုံးအသင်း အင်္ကျီတစ်ထည်ဝယ်ဖို့ စဉ်းစားသော်လည်း ဒေါ်လာနှင့် ဖရန့် ငွေလဲရဦးမည့်ကိစ္စကြောင့် မဝယ်ဖြစ်တော့။

အပြင်မှာ နေသာနေပြန်ပြီ။ ပြင်သစ်ညနေခင်းက ရွှန်းပနေသည်။ ...မြှာ ကွဲထွက်နေတတ်တာ ချဉ်ပေါင်ရွက်သဏ္ဍာန် အရွက်တွေရှိသည့် သစ်ပင်ရိုးရှည်ကြီးတွေမှာ နေရောင်ခြည်ကျနေတာကိုက ပြင်သစ်၏ နိမိတ်ပုံ ဖြစ်သည် ထင်ပါ၏။ ချက်စနတ်ပင်များ။

✤

ညနေခင်း ၃ နာရီ မထိုးခင်ကလေးမှာ မဒမ်ဘရစ်ဂျစ် ရောက်လာသည်။ ငယ်နုရွှန်းသစ်စ အလှက ပါရီညနေခင်းထဲမှာ တောက်ပနေသည်။ လိမ္မော်ရောင် ညနေခင်းဝတ်စုံက ကြော့ရှင်းသပ်ရပ်နေသည်။ ရွှေရောင်ဆံပင်ကို သိမ်းတင်ကာ ဆံညှပ်နှင့်ဖိထားသည်။ ပရိုးကားကလေးကို ဟိုတယ်ရှေ့ ပလက်ဖောင်းပေါ် တစ်ဝက်ကျော်ကျော်ထိုးတင်ကာ ဟွန်းကလေးတစ်ချက်ခပ်ဖွဖွကလေး တီးလေ၏။ ပါရီလမ်းမကျဉ်းကလေးတွေမှာ ကားရပ်လျှင် လမ်းလယ်ကျွန်းခုံပေါ်က Parking Stand မှာ ပိုက်ဆံထည့်ကာ ရပ်ချင်ရင်ရပ်၊ ခဏတစ်ဖြုတ်ဆိုလျှင် လမ်းဘေးပလက်ဖောင်းပေါ် ကားထိုးတင်ကာ ရပ်နိုင်သည်။ ဒါကြောင့်လည်း လမ်းလယ်ကျွန်းခုံရော လမ်းဘေးပလက်ဖောင်းကိုပါ ခပ်နိမ့်နိမ့်ကလေး စီစဉ်ထား၏။

'ကိုယ်ကတော့ ကိုယ့်မိတ်ဆွေရဲ့ အလှအတွက် ဂုဏ်ယူတယ် ဘရစ်ဂျစ်ရေ။ မင်းအင်္ကျီက နတ်သားတစ်ပါးပါးက ဖန်ဆင်းပေးလိုက်တဲ့အတိုင်းပဲ'

သူက နည်းနည်းကလေး ကွန့်လိုက်တော့ ဘရစ်ဂျစ်က များများကွန့်လေသည်။

'ဖြစ်နိုင်တယ် တစ်လမ်းလုံး ကိုယ့်ကိုချည်း ဝိုင်းကြည့်နေကြတာကွ၊ အထူးသဖြင့် ရဲတွေပေါ့။ ပြုံးပြုံးပြီး လက်ညှိုးထိုးထိုးပြရင်း ငေးနေကြတာလေ။ နောက်တော့မှ ဘယ်ဟုတ်ပါ့မလဲ။ ကိုယ် ကားမောင်းလာတာ ရင်သိုင်းခါးပတ် မပတ်လို့ကွ။ ကံကောင်းလို့ အရေးယူမခံရတယ်'

ပြင်သစ်မှာက ကားမောင်းသူရော ကားရှေ့ခန်းထိုင်သူပါ ယာဉ်မောင်းနေစဉ် ရင်သိုင်းကြိုးပတ်ထားရသည်။ ရဲတွေကလည်း ဒါကို အထူး



…ရုစိုက်ကာ သတိပေးလေ့ရှိသည်။ သူကတော့ ဘရစ်ဂျစ်၏ ဟာသကိုပဲ…ယ်နေရတော့သည်။ အစီအစဉ်က Orsay museum ကို သွားမည်။ ပြီး…တော့ ဆိမ်းမြစ်ကို ခံစားမည်။ ဘရစ်ဂျစ်က ကားကိုကျင်လည်စွာ စက်နှိုးရင်း…ကာထွက်လိုက်သည်။ ကားလေးထဲက စကားသံတချို့ ထွက်လာသည်။ …ရစ်ဂျစ်က ကားရှေ့ခန်း ကိရိယာကလေးတစ်ခုပေါ်က နံပါတ်တွေကို…ရင်းက အရှိန်မြှင့်လိုက်သည်။ တစ်စုံတစ်ယောက်က သူမနှင့်ဆက်သွယ်…လျှင် ဆက်သွယ်နိုင်ဖို့ စီစဉ်ထားလိုက်တာဟု ဆိုသည်။

'ဝင်းရေ… ပြင်သစ်သမိုင်း ဆက်ကြဦးစို့။ အကျဉ်းပေါ့ကွာ၊ သမိုင်း…တာ အကြွေးမထားရဘူး ဝင်းရဲ့။ မင်းစိတ်ဝင်စားပါ့မလား'

'ကိုယ်လည်း အဲဒါပဲသတိပေးမလို့ပါ။ ဆက်ပါဦး မနက်က ၁၈၇၀ …ရောက်ပြီ'

သူကလည်း အလိုက်တသိ လိုလိုလားလားရှိကြောင်း ပြောလိုက်ရသည်။ ဒါသည်ပင် ယဉ်ကျေးမှုမဟုတ်လား။

'ကျေးဇူးပဲ ၁၈၇၀ က ၁၈၇၅ အထိ ငါးနှစ်ထဲမှာ ဖရန်ကိုပရပ်ရှင်း[၁]…စ်ပွဲတွေ ဖြစ်ခဲ့တယ်။ အယ်လ်ဆေးနဲ့ လောရိန်း[၂]နယ်တွေ ဆုံးရှုံးခဲ့ရတယ်။ …လီယံ ၃ ကျဆုံးတယ်။ နောက် ပါရီကွန်မြူးန်[၃]ပေါ်လာတယ်။ ပြီးတော့…တိယနိုင်ငံတော် ပေါ်ထွန်းလာတယ်'

'မှတ်မိပြီ ဆက်ပြော'

'၁၈၇၅ ကနေ ၁၉၁၄ ကျတော့ ပါလီမန်အာဏာက အထွတ်အထိပ်…ရောက်လာတယ်။ ကုန်သွယ်ရေးသမဂ္ဂကြီးတွေ ရှိလာတယ်။ နိုင်ငံတော်နဲ့…သာရေးအာဏာအရ အုပ်ချုပ်မှုတွေ ကွဲပြားသွားတယ်။ အရေးကြီးတဲ့…ပွဲနဲ့ နည်းပညာတီထွင် ဆန်းသစ်မှုတွေ အံ့မခန်းပေါ်ထွန်းလာခဲ့တယ်။ …ာက်တော့ ဝင်း သိတဲ့အတိုင်းပဲ။ ၁၉၁၄ က ၁၉၁၈ ကတော့ ပထမ…မ္ဘာစစ်ကြီးလေ။ မဟာမိတ်တွေက အောင်ပွဲရတယ်။ အယ်လ်ဆေးနဲ့ လောရိန်းဒေသတွေလည်း ပြင်သစ်က ပြန်ရတယ်။ ငြိမ်းချမ်းရေးစာချုပ်တွေ…သည်း ချုပ်နိုင်ခဲ့တာပါပဲ'

---

၁။ Franco- Prussian
၂။ Alsace and Lorraine
၃။ Paris Commune

ဘရစ်ဂျစ်က မီးပွိုင့်တွေမှာ စကားမပြောပါ။ ပါရီလမ်းကျဉ်းကလေးတွေအတိုင်း တစ်လမ်းပြီးတစ်လမ်း ကျော်ဖြတ်လာခဲ့သည်။ ဘာလမ်းတွေလဲ သူ မသိ။ ကျောက်သားရောင် ဝါကျင့်ကျင့်ရသကိုသာ တစ်လျှောက်လုံး ခံစားနေရသည်။

'၁၉၁၉ က ၁၉၃၉ အနှစ်နှစ်ဆယ်ကတော့ ပြန်လည်ထူထောင်ရေးကာလ။ ပြင်သစ်အနုပညာဟာ ကမ္ဘာကျော်လာလို့ တစ်ကမ္ဘာလုံးက အနုပညာရှင်တွေ လာရောက်ကြတဲ့ကာလ။ စီးပွားရေးမဟာပျက်ကပ်ကြီး[၁] ကျလာတဲ့ကာလ၊ တစ်ဆက်တည်းမှာ ခေတ်မီတရားဥပဒေစနစ် ပေါ်ထွန်းလာမှုနဲ့ ဥရောပမှာ တင်းမာမှုတွေ၊ တင်းကျပ်မှုတွေ များလာတဲ့ကာလ။ တော်တော့်ကို ထွေပြားတဲ့ ကာလတွေပါကွယ်'

ဘရစ်ဂျစ်က သမိုင်းတွေကို ဆစ်ပိုင်းကာ ပြောနေတာကိုပဲ သူ လေးစားနေရသည်။ ဟာသသဘောဖြင့် ကျက်မှတ်လာတာဟု ဆိုသော်လည်း မဖြစ်နိုင်ပါ။ နိုင်ငံ့သမိုင်းဖြစ်စဉ်တွေကို တိုးတက်သောလူငယ်တိုင်းက သိနားလည်လေ့ရှိသည်။ ဒါမှမဟုတ် သိထားသင့်သည်။ ပြီးတော့ သူမသည် နိုင်ငံခြားရေးဝန်ကြီးဌာနက အကြီးတန်း လူထုဆက်ဆံရေးအရာရှိ ဖြစ်သည်။ လုပ်ငန်းတာဝန်အရ သိနေတာလည်း ဖြစ်နိုင်သည်။ သူကတော့ နိုင်ငံသမိုင်းကို သိနားလည်ခြင်းသည်ပင် တန်ဖိုးဖြစ်သည်ဟု ထင်သည်။ ဘရစ်ဂျစ်၏ ကားကလေးက ဘယ်ဆီကို ဦးတည်နေသည်မသိပါ။ ဆိန်းမြစ်ဆီကိုလား၊ အော်ဆေးပြတိုက်ဆီကိုလား သူ မမေးမိသေး။

'၁၉၃၉ ခုနှစ်ကနေ ၁၉၄၅ ခုနှစ်ကျတော့ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်တာ ကြုံရတယ်။ မင်းတို့နိုင်ငံကိုလည်း စစ်ရောက်မှာပေါ့နော်။ ဗြိတိသျှက မင်းတို့ကို ကျူးကျော်နယ်ချဲ့သလိုပဲ ကိုယ်တို့နိုင်ငံကလည်း နိုင်ငံငယ်တွေကို ကျူးကျော်နယ်ချဲ့ခဲ့တာတွေ ရှိတယ်။ ဗိုလ်ချုပ်ကြီး ချားလ်စ်ဒီဂေါလ်က လန်ဒန်နဲ့ အယ်လ်ဂျီးယားစ် စစ်ဒေသကနေ ခုခံတယ်။ မဟာမိတ်တွေက အောင်ပွဲခံတယ်ပေါ့နော်။ သည့်နောက်တော့ စတုတ္ထနိုင်ငံတော်ကာလပေါ့။ စစ်ကြီးပြီးတဲ့ ၁၉၄၆ ကနေ ၁၉၅၇ ခုနှစ်အထိလေ'

၁။ Great Depression



ဆိန်းမြစ်ကူး တံတားတွေထဲက တစ်ခုကို ကျော်ခဲ့ပြီ။ ကွန်ကော့ဒ်[၁] လို့ ခေါ်သည့် နေရာကွက်လပ်ကျယ်ကြီးကို ဖြတ်လာခဲ့ပြီ။ ကွန်ကော့ဒ် ကွင်းကျယ်ကြီးက ကမ္ဘာကျော်လုဗ်[၂] ပြတိုက်ကြီးနှင့် ကမ္ဘာကျော် ရှော့ဇ်အယ်လီဇေး[၃] လမ်းမကြီးဆုံရာ နေရာ ဖြစ်သည်။ သည်ကွင်းကျယ်ကြီးထဲမှာ အောင်ပွဲခံကုန်းကြီး (Arch) တစ်ခု ရှိသည်။ ကွင်းအလယ်မှာတော့ ကမ္ဘာ့ဖလားပွဲ အထိမ်းအမှတ်မျှော်စင်ကြီး ဆောက်လုပ်ပြင်ဆင်နေကြဆဲ။ ခပ်ဝေးဝေးမှာတော့ ရုပ်မြင်သံကြား ရိုက်ကူးရေးမျှော်စင်မြင့်ကြီးတွေကို တပ်ဆင်နေကြသည်။ သံမဏိတိုင်များနှင့် အဆင့်ဆင့်တည်ဆောက်ထားတာ ဖြစ်လို့ လှပနေသည်။ ပညာရှင်တချို့ကတော့ ကမ္ဘာ့ဖလားဖွင့်ပွဲတွင် တင်ဆက်မည့် လမ်းလျှောက်ရောင်စုံ ပလတ်စတစ် ဖိုင်ဘာလူသားရုပ်တုကြီးတွေအတွက် Hydraulic System သုံး ယန္တရားကြီးတွေ တပ်ဆင်မောင်းနှင်ကြည့်နေကြသည်။ ဟိုက်ဒြောလစ်မောင်းတံတွေက လူ့လှုပ်ရှားမှုနှင့် အနီးစပ်ဆုံး တူအောင် လှုပ်ရှားနေကြသည်။ ပြီးတော့မှ သည်မောင်းတံစက်ရုပ်ပေါ်မှာ ပလတ်စတစ် လူ့ခန္ဓာကိုယ်အပိုင်းအစတွေ ကပ်ယူလိမ့်မည်ထင်သည်။

'စတုတ္ထ နိုင်ငံတော်ကာလကလည်း ဒီမိုကရေစီရေးနဲ့ စီးပွားရေး ပွင့်လန်းမှု ကာလတွေပါပဲ။ ကိုလိုနီနယ်ပယ် ချဲ့ထွင်မှုတွေလည်း လျှော့ချနိုင်ခဲ့တာ တွေ့ရတယ်။ Decolonization ပေါ့နော်။ ဥရောပသမဂ္ဂကိုလည်း ထူထောင်ခဲ့တဲ့ ကာလပေါ့။ ၁၉၅၈ ကျတော့ ဗိုလ်ချုပ်ကြီး ဒီဂေါလ်အာဏာ ပြန်ရတယ်။ ပဉ္စမနိုင်ငံတော်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်ဆွဲတယ်။ ၁၉၆၉ ခုနှစ်နောက်ပိုင်းကတော့ ပဉ္စမနိုင်ငံတော် သမ္မတတွေအဆက်ဆက်ပေါ့လေ။ လက်ရှိသမ္မတကြီးက ပဉ္စမနိုင်ငံတော်ရဲ့ ပဉ္စမမြောက်သမ္မတကွ'

ကားလေးက ပြတိုက်ဘေးက လမ်းမပေါ်မှာရပ်သည်။ ပြတိုက်ရှေ့ကို လျှောက်လာကာ ဝင်ဖို့တန်းစီရသည်။ ပြတိုက်ရှေ့မှာ museed' Orsay လို့ ရေးထားသည်။ Orsay museum က ကမ္ဘာကျော်ပြတိုက်ကြီး ဖြစ်သည်။ ဥရောပ၏ အလှပဆုံးပြတိုက်လို့လည်း ဆို၏။ ဆိန်းမြစ်၏ လက်ဝဲ

၁။ Concorde
၂။ Louvre
၃။ Champs-Elysees

ဘက်ကမ်း ခုံမြင့်မှာ ရှိသည်။ ၁၈၇၀ ခုနှစ် ကွန်မျူးန်ကာလတွေတုန်းက အပျက်အစီးခံလိုက်ရသည့် State Audit Court ခေါ် နိုင်ငံတော်စာရင်းချုပ်ရုံး နေရာဟောင်းမှာ ဖြစ်သည်။ ၁၈၉၈ ကျတော့ ပါရီ-အော်လင်း[၁] မီးရထား လုပ်ငန်းကုမ္ပဏီက သည်နေရာမှာ မီးရထားဘူတာရုံကြီး ဆောက်ခဲ့သေးသည်။ ၁၉၀၀ ပြည့်နှစ်မှာ Gare d' Orsay က ပြပွဲခန်းမကြီး (Universal exhibition) အဖြစ် ပြသနိုင်ခဲ့ပြီ။

၁၉၇၇ မှာတော့ ထိုအချိန်က ပြင်သစ်နိုင်ငံသမ္မတ ဖြစ်ခဲ့သည့် ဂျော့ပွန်ပီဒူး[၂]က နပိုလီယန် ၃ လက်ထက် နောက်ပိုင်းကာလ အနုပညာနှင့် ကုဗဝါဒ ထွန်းသစ်စကာလအထိ အနုပညာလက်ရာတွေကို သည်ပြတိုက်ကြီးမှာ တသီးတသန့်ထားဖို့ စီစဉ်ခဲ့သည်။

သည်ပြတိုက်မှ အနုပညာပစ္စည်းတွေက ကမ္ဘာကျော် လုဗ် (Louvre) ပြတိုက်ကြီး၏ အနုပညာလက်ရာတွေနှင့် တစ်ဆက်တစ်စပ်တည်း ကူးလူးလှေလာနိုင်သည်။ ပြီးတော့ ဂျော့ပွန်ပီဒူး အထိမ်းအမှတ်ခေတ်သစ် အနုပညာဗိမာန်နှင့်လည်း ဆက်လက်လှေလာနိုင်သည်။ ၁၉၇၈ ခုနှစ်က သည်အဆောက်အအုံကြီးကို ပြင်ဆင်ဖို့ တင်ဒါခေါ်တော့ အီတလီနိုင်ငံ ACT အုပ်စုက တာဝန်ယူဖို့ ဖြစ်လာသည်။

'အီတလီ ဗိသုကာပညာရှင် အမျိုးသမီး မစ္စစ်ဂေးအော်လင်တီ[၃]က ပြတိုက်ကြီးရဲ့ အတွင်းပိုင်း ပြင်ဆင်မှုတွေကို ပုံစံထုတ်သည်။ ခုတော့ ပန်းချီ၊ ပန်းပု၊ ရုပ်ပုံကားချပ်နှင့် ပရိဘောဂလက်ရာပေါင်း ၄၀၀၀ ကျော်ကို ခင်းကျင်း ပြသထားသည်ဟု ဆိုသည်။

'ဝင်းရေ ပြတိုက်ထဲ ရောက်ရင် ဓာတ်ပုံရိုက်ခွင့်တော့ ခွင့်ပြုတယ်။ ဖလက်ရှ် မပွင့်ရဘူးနော်။ နောက် စီးကရက် မသောက်ရဘူး။ နောက် သတ်မှတ်ထားတဲ့ စားသောက်ဆိုင်တွင်းကလွဲရင် အပြင်မှာ အစာမစားရဘူး။ နောက်တစ်ချက်က ပန်းချီအနုပညာ လက်ရာတွေကို လက်နဲ့မထိရဘူး'

မဒမ်ဘရစ်ဂျစ်က သတိပေးသည်။ ကလေး လက်တွန်းလှည်းတွေလည်း ပြတိုက်တွင်း ယူခွင့်မပြုပါ။ သို့သော် ပြတိုက်မှာပဲ ဘီးတပ်

၁။ Paris- Orleans ၂။ Georges Pompidou
၃။ Mrs. Gae Aulenti



ကုလားထိုင်နှင့် ခေါက်ကုလားထိုင် (Folding Strollers) တွေ ငှားရမ်းနိုင်သည်။ ပြတိုက်လာ ဧည့်သည်တွေက အကြံပြုချက်ရေးဖို့လည်း စီစဉ်ထားသည်။

'မသန်စွမ်းသူတွေကျတော့ Wheel Chair ယူခွင့်မပြုတာ ဒုက္ခရောက်ဘူးလား'

'Reception desk က စီစဉ်ပေးတယ်လေ။ အထူးတပ်ဆင်ထားတဲ့ ဘီးနဲ့ လှည်းတွေ လုပ်ထားလို့ပါ၊ ကိုယ်တို့ဆီမှာ မသန်စွမ်းသူနဲ့ ကလေးတွေကို ပထမဦးစားပေး အဆင့်မှာထားပါတယ်'

ပြတိုက်အတွက် အထူးစီမံထားသော Wheel Chair တွေ စီစဉ်ထားပုံရသည်။ ဘရစ်ဂျစ်က နာရီကြည့်သည်။ ညနေ သုံးနာရီခွဲလောက်ရှိပြီ။ ပြီးတော့ ပြင်သစ်ဘာသာနဲ့ ရေးထားသည့် လက်ကမ်းစာစောင်ပေါ်က ပြတိုက်ပိတ်ချိန်ကို ကြည့်သည်။

'ဝင်း မင်းလည်း အင်္ဂလိပ်ဘာသာနဲ့ ထုတ်ထားတဲ့ လက်ကမ်းစာစောင် ယူလိုက်။ လူမျိုးပေါင်းစုံဖတ်နိုင်အောင်၊ ပန်းချီပြခန်းတွေ ရွေးနိုင်အောင် ဘာသာပေါင်းစုံနဲ့ ရိုက်ထားတာလေ'

သူကလည်း တစ်ရွက်ယူလိုက်ပါသည်။ လက်ကမ်းစာစောင်ကလေးရဲ့ ရှေ့ပိုင်းမှာတော့ ပြတိုက်ကြီး၏ အပေါ်စီးမြင်ကွင်းကို ရိုက်နှိပ်ထားသည်။ ပြီးတော့မှ မြားတွေနဲ့ ရေအိမ်တွေ၊ အဝတ်လဲခန်း (Cloakroom) မှာ ကုတ်အင်္ကျီတွေလည်း ချိတ်နိုင်ပါသည်။ တယ်လီဖုန်း၊ စာတိုက်၊ နားကြားကိရိယာ၊ စားသောက်ဆိုင်နဲ့ ယမကာ၊ ဧည့်ကြိုနှင့် သတင်းပြန်ကြားရေးသည့်နေရာတွေကို လွယ်လင့်တကူရှာဖွေနိုင်ဖို့ လမ်းညွှန်ပြထားသည်။

'ဝင်းရေ ပြဿနာက ကိုယ်တို့ အချိန်မရတာကွ။ ပြတိုက်က ညကိုးနာရီ ဆယ့်ငါးအထိ ဖွင့်တဲ့ရက်တွေရှိသလိုပဲ။ ညနေ ငါးနာရီခွဲထိပဲ ဖွင့်တဲ့ရက်တွေလည်း ရှိတယ်။ အခုက ဇွန်လဆိုတော့ ပြတိုက်က နှစ်စဉ်ဇွန် ၂၀က စက်တင်ဘာ ၂၀ ထိ နေ့စဉ် မနက်ကိုးနာရီဆို စဖွင့်တယ်။ နွေဦးရာသီမို့လို့ပေါ့။ သည်လိုလုပ် မင်း ဘယ်အနုပညာရှင်တွေကို စိတ်ဝင်စားသလဲ။ ရသလောက် ရွေးကြည့်ရအောင်'

စင်စစ် သူက ပန်းချီကို သိပ်သိသူမဟုတ်။ သည်မှာ လက်ကမ်း

စာစောင်အရ ပန်းချီနှင့် ပန်းပုပညာရှင်တွေရဲ့ သီးသန့်အခန်းတွေ ရှိတာတော့ သိရပြီ။ ရသည့်အချိန်ကလေးမှာ သည်ပြတိုက်၏ လက်ရာမွန်တွေလောက် ကိုသာ ရွေးချယ်ကြည့်ချင်နေသည်။ ပြီးတော့ ပြတိုက်ကြီးက သုံးထပ် တောင်။ Ground floor, Middle level နှင့် Upper level ဆိုပြီး ခွဲထား သည်။ အထပ်တိုင်းမှာ ပန်းချီကားရော၊ ပန်းပုရော၊ ဖွဲ့စည်းမှုအနုပညာတွေ[၁] လည်း ရှိသည်။ မြေအောက်ထပ်မှာလည်း အနုပညာလက်ရာတွေ ရှိသတဲ့။ ပြီးတော့ ပြတိုက်ကြီးထဲမှာ စာအုပ်ဆိုင်၊ ပို့စကတ်ဆိုင်၊ ကော်ပြားပေါ် ပုံ နှိပ်ထားသည့် ကက်တလောက်ဆိုင်၊ ယာယီပြပွဲ ခန်းမဆောင်တွေနဲ့ အော်ပရာရုံတွေလည်း ရှိသည်။ ပြတိုက်၏အဝင်ဝမှ မျက်နှာမူလျှင် လက်ဝဲ ဘက်က ဆိန်းမြစ် (Seine river) ရှိ၍ လက်ယာဘက်မှာ rue de lille[၂] လီလီလမ်းမကြီး ရှိသည်။ ဒါကြောင့် ပြတိုက်၏ လက်ဝဲ လက်ယာအဆောင် တွေကို ဆိန်းမြစ်ဆောင်နှင့် လီလီဆောင်ရယ်လို့ အလွယ်တကူ ခွဲထားသည်။ ပြတိုက်ကြီး၏ အလယ်ဝင်ပေါက်ရှည်ကြီးမှာတော့ မှန်အမိုးခုံးတွေက သဘာဝအလင်းရောင်တွေ ဝင်နေသည်။ ၁၈၄၀ မှ ၁၈၇၅ ထိ အနုပညာ ပန်းပုရုပ်တုတွေ စီကာစဉ်ကာ နေရာတကျပြသထားသည်။ အလင်းရောင် တွေက ရုပ်တုတွေပေါ်မှာ လှပစွာကျရောက်နေသည်။ ကျောက်ရုပ်တု၊ ကြေးရုပ်ထု၊ ကျောက်သားဝါဝါ၊ ကြေးညိုစိမ်းစိမ်း။ တချို့ တုံးလုံး၊ တချို့ ငုတ်တုတ်၊ တချို့ကား ရပ်လျက်။

'မြေညီထပ်မှာ အင်ဂရက်[၃]၊ ဒီလာခရိုး[၄]၊ ချောဆာရူး[၅]၊ ဒေါမီယာ[၆]၊ မီလေး[၇]၊ရူးဆိုး[၈]၊ ကိုရိုး[၉]၊ ကော်ဗေး[၁၀]၊ ပျူဗန်း[၁၁]၊ ဘုစတပ်မောရိုး[၁၂]၊ ဒေဂါး[၁၃]၊ မာနေး[၁၄]၊ ဖန်တင်လာတိုး[၁၅]၊ မိုနေး[၁၆]၊ ဘာဇီးလ်[၁၇]၊ ရနွား[၁၈]၊ တိုမိုလား[၁၉]ရဲ့

---

၁။ Decorative Arts
၂။ Lille road
၃။ Ingres
၄။ Delacroix
၅။ Chasseriau
၆။ Daumier
၇။ Millet
၈။ Rousseau
၉။ Corot
၁၀။ Courbet
၁၁။ Puvis de Chavannes
၁၂။ Gustare Moreau
၁၃။ Degas
၁၄။ Manet
၁၅။ Fantin-Latour
၁၆။ Monet
၁၇။ Bazille
၁၈။ Renoir
၁၉။ Mollard



လက်ရွေးစင်တွေ ရှိတယ်။ ဒေဂါးရဲ့ ၁၈၇၀ မတိုင်ခင် ပန်းချီတွေနဲ့ မာနေးရဲ့ ၁၈၇၀ မတိုင်ခင် ပန်းချီကားတွေလည်း ရှိတယ်'

မဒမ်ဘရစ်ဂျစ်က မင်း ဘယ်သူ့ကို သိသလဲဆိုတာကို ယဉ်ယဉ် ကျေးကျေး မေးနေခြင်း ဖြစ်သည်။ သူကတော့ သူရွတ်ပြနေသည့် နာမည် တွေထဲက မာနေး၊ မိုနေး၊ ဒေဂါး၊ ရနွားတို့ကို ကြားဖူးသည်။

'တချို့ပန်းချီဆရာတွေရဲ့ လက်ရွေးစင် စုစည်းမှုတွေလည်း ရှိတယ်။ သည်မှာက Pastel နဲ့ ရေးတာတွေလည်း ရှိတယ်။ ပန်းချီဝါဒနဲ့ပြောရင် ဒိဋ္ဌမမ္မဝါဒ[၁]နဲ့ အရှေ့တိုင်းဝါဒ[၂] ပန်းချီကားတွေ ရှိတယ်။ Decorative art နဲ့ ဗိသုကာလက်ရာတွေထဲက ဝီလျမ်မောရစ်[၃]နဲ့ ဖရင့်လွိုက်ရိုက်[၄]တို့ရဲ့ ဗိသုကာတွေ ရှိတယ်။ များသောအားဖြင့် Eclectcism တွေ များတယ်'

အက်ကလက်ဆီဇင်း ဆိုတာ သူ မကြားဖူးပါ။ ဘရစ်ဂျစ်က ပန်းချီ နှင့် ဗိသုကာပညာရှင်တွေရဲ့ အမည်နာမတွေကို အလွတ်ရွတ်ပြနေတာတော့ မဟုတ်။ လက်ကမ်းစာစောင်က တစ်ဆင့် ရှင်းပြနေခြင်းဖြစ်သော်လည်း ပန်းချီဝါဒတွေကိုတော့ သူ့ကိုယ်ပိုင်သိနားလည်မှု ပြောနေခြင်း ဖြစ်သည်။ ပြီးတော့ ပြင်သစ်သူပီပီ ပန်းချီကားတွေနှင့် ဘယ်လောက်တောင် ရင်းနှီး ကျွမ်းဝင်နေသလဲ။ ပြင်သစ် (ပါရီ)ကို သူရောက်တာ မနက်ကမှ ဖြစ်သော် လည်း မြင်ခဲ့ရသမျှနံရံတွေမှာ ပြင်သစ်ပန်းချီကားတွေချည်း။ တချို့လည်း ရိုးရာ၊ တချို့လည်း ရိုးရာလွန်၊ တချို့လည်း ခေတ်သစ်ပန်းချီတွေ။ ပြီးတော့ မိုဒန်ကလပ်ဇစ်တွေ။

'အပေါ်ထပ်ကတော့ မင်းကြိုက်နိုင်တယ်။ ဆိုပါတော့ ဗိသုကာ အနုပညာဆိုရင်လည်း ဗိသုကာဟန်ပုံစံများ[၅] ဆိုတာ လူကြိုက်များတဲ့အခန်း ကွ။ ပန်းချီကားတွေကတော့ စောစောကပန်းချီဆရာတွေရဲ့ နောက်ပိုင်းဆွဲ ပန်းချီကားတွေနဲ့ ပန်းချီကျော်တွေရဲ့ကားတွေ ပြထားတာ။ အင်ပရက်ရှင်

---

၁။ Realism
၂။ Orientalism
၃။ William Mo
၄။ Frank Lloyd Wright
၅။ Architectural Plans

နစ်ဇင်း[၁]နဲ့ အင်ပရက်ရှင်နစ်ဇင်းလွန်[၂] ပန်းချီဝါဒနဲ့ ဆွဲထားတာ များတယ်။ ပန်းချီဆရာတွေကတော့ ဆေဇန်း[၃]တို့၊ ဂါရှေး[၄]တို့၊ ဗန်ဂိုး[၅]တို့၊ ဂေါဂင်[၆]တို့၊ တူလုစ်လောထရက်[၇]တို့၊ ကာဂန်နိုဗစ်ချ်[၈]တို့ များတယ်။ မိုနေးနဲ့ ရနွားတို့ရဲ့ နောက်ဆုံးပန်းချီတွေလည်း သည်အထပ်မှာပဲ...'

'ဆေးဇန်းတို့ တူလုစ်လောထရက်တို့၊ ဂေါဂင်တို့၊ ဗန်ဂိုးတို့တော့ သိတယ် ဘရစ်ဂျစ်ရဲ့။ တို့နိုင်ငံက အနုပညာရှင်တွေကလည်း ပန်းချီ မိတ်ဆက်တွေရေးရင် သူတို့ကို ကိုးကားကြတာ များတယ်'

'ဒေဂါး၊ ရနွားနဲ့ ဂေါဂင်တို့ရဲ့ ပန်းပုလက်ရာတွေလည်း ရှိတယ်။ ဒါလည်း မင်းကြည့်သင့်တာပဲ'

'အလယ်ထပ်မှာကော'

'အလယ်ထပ်ကတော့ ပန်းပုတွေများတယ်။ ပန်းချီတွေကတော့ သဘာဝဝါဒ[၉]တွေ၊ သင်္ကေတဝါဒ[၁၀]တွေ များတယ်။ ဘလော့န့်ချ်[၁၁]တို့၊ ဟေလျူး[၁၂]တို့၊ ဘိုလ်ဒီနီး[၁၃]တို့၊ ဗာလာတန်[၁၄]တို့၊ ဗျူးလာ့ဒ်[၁၅]တို့၊ ရီဒွန်[၁၆]တို့ရဲ့ ပန်းချီတွေ များတယ်'

သူ တော်တော်စိတ်ညစ်သွားသည်။ ဖြစ်နိုင်လျှင် အားလုံးကို ကြည့်ချင်သည်။ အရေးကြီးတာက အချိန်။ ဒါတွေ အကုန်လုံးကြည့်မယ်ဆိုရင်လည်း တစ်ပတ်လောက် အချိန်ပေးမှ ရလိမ့်မည်။ အခုပဲ လေးနာရီထိုးတော့မည်။ နောက်ထပ် တစ်နာရီခွဲသာ ကျန်တော့သည်။

'ဘရစ်ဂျစ်ရေ။ သည်လိုလုပ်ကွာ၊ သည်ပြတိုက်ရဲ့ Masterpiece လေးငါးကားပဲပြတော့၊ ပြီးတော့ ရှင်းလည်းပြဦး။ ကိုယ်က ပန်းချီနဲ့ပတ်သက်ရင် တော်တော့်ကိုညံ့တယ်။ ကိုယ့်ရင်ထဲ ငြိသလား၊ မငြိဘူးလားလောက်ပဲ ကြည့်တတ်တာလေ'

---

၁။ Impressionism
၂။ Post Impressionism
၃။ Cezanne
၄။ Gachet
၅။ Van Gogh
၆။ Gauguin
၇။ Toulouse-Lautrec
၈။ Kaganovitch
၉။ Naturalism
၁၀။ Symbolism
၁၁။ Blanche
၁၂။ Helleu
၁၃။ Boldini
၁၄။ Vallotton
၁၅။ Vuillard
၁၆။ Redon



'အဲဒါပဲ ဝင်းရဲ့။ ပန်းချီကားတွေဆိုတာက ပန်းချီလောကတစ်ခုလုံးအတွက် အရေးပါတာရှိတယ်။ ပန်းချီဆရာ အချင်းချင်းအတွက် အရေးပါတာရှိတယ်။ ပန်းချီခံစားသူတွေအတွက် အရေးပါတာလည်း ရှိတယ်၊ အားလုံးချင်းနဲ့မဆိုင်ပါဘူး။ ဒါက ကိုယ့်အယူအဆနော်။ ကိုယ်တို့လူမျိုးက ငယ်ငယ်ကတည်းက ပန်းချီပြတိုက်တွေကို သင်ရိုးညွှန်းတမ်းလို သွားကြည့်ကြရတာဆရာ၊ ဆရာမတွေက သူတို့ခံစားရတာကို သင်ပေးတာမဟုတ်ဘူး။ ကိုယ့်ဟာကိုယ်ခံစားခိုင်းတာ။ ဆရာ၊ ဆရာမတွေက သဘောတရားပဲ ရှင်းပြတာလေ'

'ဒါဖြင့် ပန်းချီကားကြည့်ချင်ရင် ဘာကို ပထမဦးစားပေးရသလဲ'

'ဒါလည်း ရှုမြင်ပုံချင်းတော့ မတူနိုင်ဘူး။ ဆိုပါတော့ အနုပညာဝါဒတွေက ခံစားသူနဲ့ သိပ်မပတ်သက်လှဘူး။ ပန်းချီကားမှာက သိနေခြင်းကိုကပြဿနာ ဝင်းရဲ့။ ပန်းချီကားဆိုတာ အရောင်နဲ့ မျဉ်းတွေရဲ့ လိုက်လျောညီထွေမှုလည်း ဖြစ်တယ်၊ ပြီးတော့ ပန်းချီဆိုတာ လေညင်းလိုပဲ ခံစားရတာ။ မြင်ရတာ မဟုတ်ဘူး'

'ပန်းချီကားကြီးကို တို့မြင်နေရတာ မဟုတ်ဘူးလား'

'မင်းမျက်စိနဲ့ မြင်ရတာက ပတ္တူစနဲ့ ဆေးရောင်စုံ ပျစ်ချွဲချွဲတွေပဲ မဟုတ်လား။ အဲဒါက ပန်းချီဟုတ်ရဲ့လား။ ပန်းချီဆိုတာက စိတ်နဲ့ဖတ်လို့ ရလိုက်တဲ့ အထင်သဘောလို့ ဆိုကြတယ်'

'ကိုယ်တော့ သိပ်မရှင်းဘူးကွာ'

ဘရစ်ဂျစ်က ရယ်သည်။

'ကိုယ်တို့ ရန်ကုန်မှာ အမေရိကားက ပြန်လာတဲ့ လူငယ်တစ်ယောက်ရှိတယ်။ သူက အမေရိကားမှာ ကြီးပြင်းခဲ့တော့ ပန်းချီပညာလည်း သင်ခဲ့တယ်။ သူက ပြောဖူးတယ်။ အရင်က အမေရိကန် ပန်းချီပညာရှင်တွေက စိတ်ကူးယဉ် တစ်ကိုယ်တော်ခံစားမှုဝါဒ Individualism ကို ဦးစားပေးခဲ့ကြတယ်။ ကြိုက်လည်း ကြိုက်ခဲ့ကြတယ်။ အခုတော့ သည်ဝါဒဟာ မှုးသွပ်မှုသက်သက်ပဲလို့ ရှုမြင်လာကြသတဲ့။ အခုတော့ စကြဝဠာတစ်ခုလုံးကို ဖြန့်ကြက်ရှုမြင်တဲ့ ပန်းချီဝါဒ၊ သူ့ထက် နည်းနည်းနိမ့်ရင်တောင် သူ့အဖွဲ့အစည်းဆိုင်ရာ ခံစားမှုသဘောတွေကို ပြန်ပြီးဆုပ်ကိုင်လာကြတယ်လို့ ပြောဖူးတယ်'

'ဝင်းက ဘယ်လိုထင်လို့လဲ'

'ကိုယ်တော့ မထင်တတ်ဘူး။ ရန်ကုန်မှာ ပန်းချီဆရာတွေ မေးကြည့်တော့ သူတို့ကလည်း စိတ်ဝင်စားတယ်၊ တို့အရှေ့တိုင်းက သည်သဘောတရား ရှိပြီးသားလို့ ထင်တာပဲ'

'ကိုယ်ကတော့ လူနဲ့ ပန်းချီအကွာအဝေးကိုပြောတယ်လို့ ထင်တယ်။ မသေချာဘူးနော်။ ကိုယ်က ပန်းချီပညာရှင် မဟုတ်ဘူး။ ထင်ကြည့်တာ၊ လူနဲ့ ပန်းချီအကွာအဝေး ဆိုတာကတော့ နည်းနည်းအဆိုကြမ်းတယ်ပေါ့နော်။ ဘယ်လိုပြောမလဲ။ ပန်းချီနဲ့ စေတသိက်တို့ရဲ့ အကွာအဝေး၊ အဲ··· အဲသလို ထင်တယ်'

ဗဟိုစကြံ ပြခန်းကြီးဘေးက ကျောက်ဆစ်ရုပ်တုတွေဘေးမှာ ပြောနေခြင်း ဖြစ်သည်။ ဘရစ်ဂျစ်က ပစ်ဆာရိုး[1]ရဲ့ အနီရောင်ခေါင်မိုးများ[2] ပန်းချီကားကို ပြသည်။ ပန်းချီကားက သစ်တောကျဲကျဲကြားက မြင်ရသည့် အုတ်တိုက် အမိုးနီနီတွေ ဖြစ်သည်။ ဆီဆေးခပ်ကြမ်းကြမ်း။ အနီနှင့် ရွှေရောင် ကဲကဲ။

'ပစ်ဆာရိုးက တစ်ကိုယ်တော် လွတ်လပ်မှုဝါဒသမား ဝင်းရဲ့။ ပန်းချီဆွဲခဲ့တဲ့ကာလကိုကြည့်ရင် ပန်းချီဆရာမာနေးက ဆေဇန်းနဲ့အတူ ပွန်းတွိုက်စ်[3] မှာ ၁၈၇၇ လောက်က အတူနေခဲ့ဖူးတဲ့ ကာလနဲ့တူနေတယ်။ သည်ကာလမှာပဲ ပစ်ဆာရိုးက ဆေဇန်းရဲ့ အရိပ်ဩဇာတွေ တော်တော်များများ ရခဲ့တယ်လို့ ဆိုကြတယ်။ သူ့ဆီက ပန်းချီသဘောတရားတွေ ဆေဇန်းက ရသလိုပဲ ဆေဇန်းဆီကလည်း သူ ရခဲ့တာပါပဲလို့ ပစ်ဆာရိုးက ဝန်ခံတယ်လေ။ သည်ပန်းချီကားရဲ့ ကာလကိုကြည့်ရင် ဆေဇန်းနဲ့တွဲခဲ့တဲ့ ကာလ ဖြစ်နေတယ်။ ပြီးတော့ ပန်းချီကားက ဆောင်းဦးရှုခင်း[4] ဖြစ်နေတယ်။ သစ်ပင်တွေက အရွက်ကြွေနေတယ်၊ ရွှေရောင်ချုံပုတ်ခြောက်တွေ ပါနေတယ်။ မြေကလည်း နီစွေးစွေး။ တချို့အရွက်တွေက ရွှေရောင် တွေ့တယ်နော်၊ လိမ်ရှုပ်နေတဲ့ ရွှေရောင်သစ်ကိုင်းကျဲကျဲကြားက အမိုးနီနီ အိမ်ကလေးတွေနဲ့ ရွာကလေးက ပိုးတဝါး၊ သည်ကားကိုကြည့်ရင် စုတ်ချက်ကြမ်းကြမ်းနဲ့ ရေးထားတယ်။ ပန်းချီရဲ့ Structure မှာက ခက်မာမှုနဲ့ တိကျကျစ်လျစ်မှု[5]တွေနဲ့ အတူ

---

၁။ Camille Pissarro (1830-1902)
၂။ Red Roofs
၃။ Pontoise
၄။ Autumm Landscape
၅။ Solid and compact



တဖျပ်ဖျပ် အလင်းရောင် ရွှေရောင်တွေကို တွေ့နိုင်တယ်၊ ဒါပဲ ကိုယ်က အဲသလောက်ပဲ ယူတယ်။ ပြီးတော့ အဲသလောက်ကိုပဲ ကိုယ်ကြိုက်တယ်။

ပန်းချီခန်းတွေထဲမှာ ရွှေရောင်ပေါင်ကြီးတွေရဲ့ အလင်းရောင်က ပြုံးပြက်နေသည်။ ပန်းချီကားကြီးတွေက ခန်းလုံးပြည့်နီးပါး ပန်းချီကားတွေ ရှိသလို ဗလာစာရွက်တစ်ရွက်စာ မရှိတရှိ ပန်းချီကားကလေးတွေလည်း ရှိသည်။ အခန်းတွေရဲ့အဝမှာ ပန်းချီဆရာတွေရဲ့အမည်ကို အခန်းအမှတ်နှင့် တွဲကာ ရေးထားသည်။ ဆိုပါတော့ 13 Degas before 1870 ဆိုတာမျိုး။ သည်တစ်ခါတော့ ဘရစ်ဂျစ်က ပန်းချီကျော် ဂျော့ချ်ဆျူးရတ်[1]၏ ပန်းချီကားတွေဆီကို ခေါ်လာခဲ့သည်။ ပန်းချီပြခန်း တော်တော်များများကို ကျော်ဖြတ်ပြီး ရောက်လာခဲ့ရခြင်း ဖြစ်သည်။ နိုင်ငံစုံက ပန်းချီမြတ်နိုးသူတွေက အခန်းတိုင်းမှာ အပြည့်နီးပါး။ ကင်မရာတွေဆီက မီးပွင့်တွေ တဖျပ်ဖျပ်။ လက်ရှိဂန်း ခွင့်မပြုဆိုသော်လည်း ဓာတ်ပုံရိုက်သူတွေဆီက မီးရောင်တွေကို ပြတိုက်စောင့်တို့ မနိုင်နိုင်တော့။ မျက်လုံးတွေပြူးကာ လိုက်ကြည့်နေရုံသာ။ ကိုင်ရဆိုသော်လည်း ရုပ်တုတွေကို ပွတ်သပ်ကြည့်နေသူတွေလည်း ရှိသည်။

'ဒါက ဆျူးရတ်ရဲ့ ဆပ်ကပ်[2] ဆိုတဲ့ကား။ သူ့ရေးဟန်က ထူးခြားတယ်လေ။ ပြီးတော့ အမြင်ဆန်းတယ်နော်။ တွေ့လား မြင်းစီးမယ်ရဲ့ ကျော့ရှင်းမှု၊ မြင်းဆရာရဲ့ ကြာပွတ်သုတ်ဟန်၊ ဆပ်ကပ်လူရွှင်တော် နှစ်ယောက်မှာ တစ်ယောက်က ကျွမ်းထိုးလို့၊ တစ်ယောက်က ပဝါကိုယမ်းလို့။ ပွဲကြည့်စင်ပေါ်မှာ လူတွေ ခံစားမှုအမျိုးမျိုး၊ ဟန်အမျိုးမျိုးနဲ့ ထိုင်နေကြတယ်။ တစ်ပုံလုံးကိုခြုံကြည့်ရင် အဝါရောင်ကဲနေတယ်။ ပြီးတော့ ပန်းချီကား တစ်ခုလုံး ဗြုတ်တွေထနေတယ်'

'ဟုတ်တယ်။ ကိုယ် သတိထားမိပြီ၊ ပွဲကြည့်စင်တွေက ကန့်လန့်မျဉ်းတွေ။ လူတချို့က မတ်တတ်၊ မြင်းက ခပ်ကွေးကွေးပျော့နွဲ့လို့၊ မြင်းစီးမယ်က လွင့်ပျံ့လို့၊ ဆပ်ကပ်ကြာပွတ်က အကွေး၊ ပဝါက အကွေး၊ တစ်ခုခုကို ပြောနေသလိုပဲ'

---

၁။ Georges Seurat (1859-1891)
၂။ The Circus

သူ ပန်းချီကားကိုကြည့်ရင်း တစ်ခုခုခံစားနေရသည်။ ဘာမှန်းတော့မသိ။ နှုတ်ဖျားဆီသို့ ထွက်မလာပါ။ နေဦး… သူပြောနေတာတွေက ဖွဲ့စည်းပုံပဲ ရှိသေးတာလား။

'ဆျူးရတ်ကို တကယ့်ကိုအရေးပါတဲ့ အင်ပရက်ရှင်နစ်ဇင်းလွန် ပန်းချီဝါဒသမားလို့ သတ်မှတ်ကြတယ်။ Post-impressionism ရဲ့ ကိုယ်စားလှယ်တော်လို့တောင် အမည်ပေးကြတာလည်း ရှိတယ်။ သူ့ပန်းချီကားက သူနဲ့ ခေတ်ပြိုင်မှာ ထွန်းကားခဲ့တဲ့ ရူပဒေသဘောတရားနဲ့ အမြင်သဘောတရားတွေနဲ့ပါ ဆိုင်နေတာတွေ့ရတယ်။ ဆိုပါတော့ သူ့ခေတ်က ရူပဗေဒနဲ့ အမြင်သဘောတရား သုတေသနပြုချက်တွေဟာ သိပ္ပံနည်းကျ အံ့မခန်းရှာဖွေတွေ့ရှိနေချိန်နဲ့ တိုက်ဆိုင်နေတယ်။ ဒါကို ဆျူးရတ်က သည်သဘောတရားကို အသုံးချပြီး ပန်းချီဝါဒသစ်တစ်ခု ကြံဆကြည့်ခဲ့တယ်။ တစ်နည်းအားဖြင့် ရောင်စဉ်[1]တွေရဲ့ သဘောကိုယူတယ်။ ပန်းချီကားမှာ ပါဝင်တဲ့ Object တွေပေါ်မှာ ရောင်စဉ်တွေ တစ်ခုနဲ့တစ်ခု တစ်ခုပေါ်တစ်ခု အပြန်အလှန် ဩဇာလွှမ်းမိုး သက်ရောက်တာကို ပြချင်တာ ဝင်းရဲ့။ သူတို့ကတော့ ဒီဗီရှင်နစ်ဇင်[2]လို့ သုံးတယ်။ တချို့ကတော့ ပွိုင့်တီလစ်ဇင်[3]လို့ သုံးတယ်။ သူ့နည်းစနစ်က ပတ္တူစပေါ်ကို အစက်ကလေးတွေ မရေမတွက်နိုင်အောင် ချရင်းက ပန်းချီကားတစ်ခုလုံးကို မဟာလင်းပမှုနဲ့ စူဠလင်းပမှု[4] သဘောတရားကို အားကောင်းအောင် ဖန်ဆင်းထားတယ်။ သည်ကားကို ၁၈၉၀ မှာ ဆွဲခဲ့ပြီး ၁၈၉၁ မှာ ပန်းချီဆရာ ရုတ်တရက် ကွယ်လွန်သွားခဲ့တယ်။ ပန်းချီကားက ပြီးတောင်မသွားခဲ့ဘူးလို့လည်း ဆိုကြရဲ့'

မဟာလင်းပမှုနဲ့ စူဠလင်းပမှု။ သူ့ဟာသူ ဘာသာပြန်ကြည့်ခြင်းဖြစ်သည်။ ဘရစ်ဂျစ် ဆိုလိုတာက အရောင်တွေရဲ့လင်းပမှုနှင့် မှေးမှိန်မှုကို အစက်ကလေးတွေရဲ့ အလျှော့အတင်းနှင့် ကစားထားတာလို့ ပြောချင်တာဖြစ်နိုင်သည်။ သူ သိပ်တော့နားမလည်လှပါ။ ဘရစ်ဂျစ်ကတော့ ပန်းချီကား

---

၁။ Spectrum

၂။ Divisionism

၃။ Pointillism

၄။ Great Lightness and Luminosity



ကို တရှိုက်မက်မက် ခံစားကြည့်ရှုနေသည်။ မြင်း၏ပြေးဟန်ပေါ်မှာ မြင်းစီးသူက ခြေတစ်ဖက်ထောက်ကာ မြင်းနှင်တံကိုမြှောက်ရင်း ဝေ့ဝေ့ဝဲဝဲကစားနေဟန်။ အဝါရောင်ဝတ်စုံ။ ဘရစ်ဂျစ်ကတော့ လိမ္မော်ရောင်ဝတ်စုံနှင့်။ ဘရစ်ဂျစ်ကကော မဟာလင်းပမှုလား။ သူ့စိတ်တွေကို လျှော့ချနေရလေသည်။

ပေါလ်ဆေဇန်း[1]ကိုတော့ သူ ရင်းနှီးပါသည်။ သူနှင့် ဘရစ်ဂျစ်က ပြခန်းအမှတ် ၃၆ ကို တစ်ခေါက်ပြန်လာခဲ့ရပြန်ပါသည်။ အချိန်သိပ်မရှိတော့။ အလျှိုလျှိုထွက်စပြုကြပြီ။ ဘရစ်ဂျစ်က သူနှင့် သိပ်မစိမ်းသောပန်းချီဆရာတွေလောက်ကိုသာ ရွေးချယ် ပြသနေမှန်း သိသာပါသည်။ သက်ငြိမ်ပန်းချီကား တစ်ချပ်ပါပဲ။ အောက်ခြေပန်းချီကား မှတ်တမ်းအကျဉ်းက ပြင်သစ်လိုရေးထားတော့ သူ ဖတ်၍မရပါ။ ဘရစ်ဂျစ်က ဘာသာပြန်ပေးသည်။ Still life with onions တဲ့။ ကြက်သွန်များရဲ့ သက်ငြိမ်။

စားပွဲစွန်းကလေးမှာ ပန်းကန်ပြားတစ်ချပ်၊ ဓားတစ်ချောင်း၊ တွဲရရွဲကျနေသည့် ပိတ်စတစ်စ၊ ပုလင်းစိမ်း တစ်လုံးနှင့် ဖန်ခွက်။ ကျန်တာတော်တော်များများက ကြက်သွန်တွေချည်း။ နောက်ခံနံရံက ပိန်း။

'ပေါလ်ဆေဇန်းကတော့ ခေတ်သစ် ပန်းချီဖန်ဆင်းရှင်တွေထဲက တစ်ဦးပါပဲ။ သူ့ကို ခေါ်ကြတာရှိတယ်။ နေပါဦး အင်ပရက်ရှင်နစ်ဇင်ကို အားခဲစေသူ တဲ့။ များသောအားဖြင့် သူ့ပန်းချီတွေကိုကြည့်ရင် Space and depth of perspective ကို သရုပ်ဖော်ရာမှာ ပိန်းခြယ်တာတွေကို သုံးတယ်'

Space and depth of perspective။ ဟင်းလင်းပြင်နှင့် မြင်ထောင့်နက်ရှိုင်းမှု။ ဟုတ်ရဲ့လား။ ပေါလ်ဆေဇန်းက ဟင်းလင်းပြင်နှင့် မြင်ထောင့်အရ နက်ရှိုင်းမှုကိုလိုချင်ရင် ပိန်းခြယ်လေ့ ရှိသူတဲ့။ သူသိသလိုလို။

'သည်သဘောတရားက လွတ်လပ်စွာပေါင်းစည်းတယ်။ တစ်ချိန်တည်းမှာပဲ ဆန့်ကျင်သွေဖည်နေတယ်။ တစ်ချိန်တည်းမှာပဲ ထုထည်သဘောက ဖွဲ့စည်းမှုသဘောကို လွှမ်းမိုးထားပြန်တယ်'

'သည်ပန်းချီကားမှာကော ဘရစ်ဂျစ် ဘာတွေ့ရသလဲ'

---

၁။ Paul Cezanne (၁၈၃၉-၁၉၀၆)

'သည်ကားရဲ့ အားကောင်းချက်က Simplicity and delicatetonal harmony ပဲ။ ဒါကလည်း ဆေဇန်းရဲ့ ပန်းချီကားတော်တော်များများ မှာရှိတဲ့ ဂုဏ်ရည်ပေါ့'

ရိုးရှင်းမှုနှင့် တုန်းသဘော နူးညံ့စွာပြေပြစ်မှု။ ပန်းချီမှာသုံးသည့်တုန်း (Tone) ဆိုတာကို သူ ဘယ်လိုဘာသာပြန်ရမှန်းမသိ။ သူကတော့ မနက်က မှ ပါရီကိုရောက်သည်။ ညနေကျတော့ ပန်းချီကားတချို့နဲ့ နပမ်းလုံးရတာကို တွေးရင်း ကျေလည်းကျေနပ်နေသည်။ ပြီးတော့ စိတ်တွေလည်း ညစ်နေသည်။ ဒါတောင် Orsay museum ကြီးထဲက ပန်းချီကား သုံးကားပဲ ရှိသေးသည်။ ပါရီမှာ သူ နေခွင့်ရသမျှ ဘာတွေတွေ့နေရဦးမှာလဲ။ တစ်ခုတော့ ရှိသည်။ အနုပညာကို ဖွတ်အတင်းပျော်ဝင်ဖို့ ကြိုးစားနေတာတော့ မဟုတ်ပါ။ သူ စိတ်ဝင်စားပါသည်။ ဒါတောင် ဘရစ်ဂျစ်က မြင်းတစ်ပြေး ရှင်းပြနေခြင်း ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ဘရစ်ဂျစ်ကို ကျေးဇူးတင်ပါ တယ်ကွယ်။

'တော်ပါပြီ ဝင်းရယ် ပြတိုက်လည်း ပိတ်တော့မယ်၊ နောက်ဆုံး တစ်ကားတော့ လိုက်ကြည့်ပါဦး၊ စိတ်ညစ်နေပြီလား'

'မညစ်ပါဘူးကွယ်။ ကိုယ်က ဝမ်းသာနေတာပါ။ ပြီးတော့ ဘရစ်ဂျစ် ကို ချီးကျူးနေမိတယ်။ အခုထိ ကိုယ်မြင်နိုင်တဲ့ မင်းရဲ့အရည်အချင်းနှစ်ခု ကတော့ တော်တာနဲ့ လှတာကွ'

မတတ်နိုင်တော့။ ဒါကို သူပြောချင်နေတာ ကြာပြီ။ မရိုးမသားတော့ လည်း မဟုတ်ပါ။ တကယ့်ကိုချီးကျူးလိုခြင်း ဖြစ်သည်။ သည်တစ်ခါတော့ ပေါလ်ဂေါဂင်[၁]ရဲ့ တဟီတီကျွန်းသူများ[၂] ဖြစ်သည်။ သည်နာမည်ကိုတော့ မြန်မာမဂ္ဂဇင်း တော်တော်များများတွင် သူဖတ်ခဲ့ ကြားခဲ့ဖူးသည်။ ပန်းချီကား ကတော့ ဝလွန်းသော မိန်းမကြီးနှစ်ယောက်နဲ့ပဲ ပန်းချီကားတစ်ခုလုံး ပြည့်ဝ နေလေသည်။ တစ်ယောက်က ပင်လယ်ကိုကျောပေးကာ တစ်ယောက်က ပင်လယ်ဘက်ခြေဆင်းရင်း ငိုက်မျဉ်းနေသည်။ ငိုက်မျဉ်းသူ မိန်းမက မြန်မာ အမျိုးသမီးနှင့်ပင် တူနေသည်ကော။

၁။ Paul Gaugnim (၁၈၄၈-၁၉၀၃)
၂။ Tihitian women



'သည်ပန်းချီကားကို ပင်လယ်ကမ်းခြေက မိန်းမနှစ်ယောက်[၁] လို့ [illegible] ခေါ်ကြတယ်။ ၁၈၉၁ လောက်က ဆွဲခဲ့တာ ဝင်းရဲ့။ ဂေါဂင်က [illegible]ဟီတီကျွန်းမှာ တော်တော်ကြာကြာနေခဲ့တုန်းက ဆွဲခဲ့တာလို့လည်း ဆို [illegible]။ ဂေါဂင်က ဘာကိုတွေ့ရှိသွားသလဲ ဆိုတော့ ရှေးရိုးဆန်တဲ့ ပန်းချီ [illegible]သဘောတရား[၂]ကို တွေ့ခဲ့တာ။ သည်သဘောရဲ့လက္ခဏာက ဘာလဲဆိုတော့ [illegible] က ပြားချပ်ကြီးဖြစ်နေတာနဲ့ အင်မတန် ကြမ်းတမ်းခက်ထရော်တဲ့ [illegible]ရောင်တွေကို သုံးတာ။ ဒါတွေကမှ အကြမ်းထည်သဘာဝ[၃]ကို ပေါ်လွင် [illegible]ဘယ်တဲ့လေ။ ပြီးတော့ ပညာရှင်တွေ တညီတညွတ်တည်း လက်ခံကြ [illegible] သူ့စိတ်ထဲက ခံစားမှုတွေဟာ လုံဝနီးပါး ရိုးသားမှုရှိတယ် ဆိုတာနဲ့ [illegible]ပေါ်ကို သူ့ခံစားမှုတစ်ရပ်လုံး ဆွဲတင်နိုင်တဲ့ပါရမီ ရှိတယ်ဆိုတဲ့ [illegible]ချက်ပဲ။ ဒါလည်း မှန်တာပဲ။ ပန်းချီဆရာ တော်တော်များများဟာ ခံစား [illegible] Canvas ပေါ် မတင်နိုင်ကြဘူး'

ပေါလ်ဂေါဂင်နှင့် စပ်လျဉ်း၍ အရည်အချင်းတစ်ရပ်ကို သူ ကြားဖူး [illegible]သည်။ ပိုမိုရှေးဆန်ခြင်း၊ ပိုမိုစစ်မှန်ခြင်းနှင့် ပိုမိုရိုးသားခြင်း။ ဂေါဂင်၏ [illegible]ချီတွေကို တချို့ပညာရှင်တွေက 'သူ့ပန်းချီကားတွေမှာ ယဉ်ကျေးမှုက [illegible]သန်းလွတ်မြောက်တဲ့ သွင်ပြင်လက္ခဏာရှိတယ်။ ဒါက ဘယ်ကလာတာ [illegible] ဆိုတော့ ဘဝရဲ့လမ်းသွယ်သစ် ရှာဖွေစူးစမ်းမှုတွေက စီးဆင်းလာတာ [illegible]တယ်'ဟု ဆိုကြသည်။ သည်အဆိုကကော အရိုပကတိတရားလား၊ [illegible]အကျွံလား။ သူ ဂေါဂင်နှင့် သိပ်မရင်းနှီးပါ။

Orsay museum က ပြန်တော့ မိုးဖွဲကလေးတွေ ကျနေပြန်သည်။ [illegible] သူ မပြန်ချင်သေးပါ။ ပန်းချီကားတချို့နဲ့ ပန်းချီဆရာတချို့ကို သူ [illegible]အတန် ရင်းနှီးသွားခဲ့ပြီ။ ပြီးတော့ ပန်းချီဆရာတွေကို သူ ပိုမိုလေးစား [illegible]ခဲ့တာလည်း သူ့ကိုယ်သူ သိနေသည်။ သူကတော့ သူနှင့်ရင်းနှီးသည့် [illegible]ချီဆရာတွေကို သတိရနေသည်။ ဆရာစံတိုး၊ ဆရာဝသုန်၊ ဆရာဖော်မင်း၊ ဆရာ ယဉ်မင်းပိုက်၊ ဆရာအောင်မြင့်၊ ဆရာစိန်အောင်၊ ဆရာနေမျိုးဆေး၊

၁။ Two women on the beach
၂။ Primitive Art
၃။ Untamed Nature

ဆရာ ကျော်သောင်း၊ ဆရာ မောင်မောင်သိုက်….။ ပန်းချီဆရာတွေက လောကကို ပတ္တူစပေါ် အလွယ်တကူ တင်နိုင်သတဲ့။

'ဝင်းကို ဗင်းဆင့်ဗန်ဂိုး[၁]ရဲ့ ဘုရားရှိခိုးကျောင်း[၂]ကို ပြချင်သေးတာ၊ ဗန်ဂိုးရဲ့ပန်းချီခန်းကို သွားဖို့မမီလိုက်ဘူးကွ၊ ပြင်သစ်လိုတော့ Auvers-Sur-Oise လို့ ခေါ်တယ်။ သူ ဆုံးခါနီး ၁၈၉၀ နှစ်ထဲမှာ ဆွဲခဲ့တာ။ ပန်းချီဆရာတွေရဲ့ နောက်ဆုံးလက်ရာတွေချည်း သီးသန့် သုတေသန လုပ်ကြည့်ကြဖို့ ကောင်းတယ်နော်။ သည်ပန်းချီကားဆွဲတုန်းက သူ့ဘဝဟာ ဒုက္ခသုက္ခတွေ ဝေနေချိန်ပေါ့။ အင်မတန်သေးငယ်ပြီး စုတ်ချာတဲ့ရွာကလေးမှာ နေခဲ့ရတယ်။ သည့်အရင်က ဆေဇန်းတို့၊ ပစ်ဆားရိုးတို့လည်း သည်ရွာမှာ နေခဲ့ဖူးတာလေ။ သူ့နှမဆီ ရေးတဲ့စာမှာ ဗန်ဂိုးက သည်လိုရေးတယ်။ 'ငါတော့ ရွာကလေးက ဘုရားရှိခိုးကျောင်းရဲ့ ရုပ်ပုံလွှာကို အတော်ကြီးတဲ့ ပန်းချီကားတစ်ကားအဖြစ် ဆွဲနေမိပြီ။ နောက်ခံကောင်းကင်ပြာ ရင့်ရင့်မှာ ရုပ်ပုံလွှာခရမ်းသွေးဟာ ကန့်ထွက်နေတယ်လို့တောင် ငါတော့ ထင်တယ်။ ပေစွန်းနေတဲ့ မှန်ပြတင်းတွေက ပင်လယ်ပြာရောင်၊ ဘုရားရှိခိုးကျောင်းအမိုးက ခရမ်းတစ်လှည့်၊ လိမ္မော်တစ်လှည့်တဲ့'

ဘရစ်ဂျစ်က ပြောရင်းက ဝမ်းနည်းနေပုံရသည်။ စကားစတွေ ပြတ်တောက်သွားသည်။ သူမ တကယ်ခံစားနေရမှန်း သူ သိနေသည်။

'ဗန်ဂိုးဟာ သူ့ရဲ့စိတ်ချက်တွေကို သိပ်ဂရုစိုက်တယ်။ သူ့ရဲ့စိတ်ချက်တွေ အကြောင်းကပဲ ပန်းချီသဘောတရားတစ်ခု ဖြစ်နေတယ်။ လေးလံပြီး အလွှာလွှာအထပ်ထပ် ရေးဆွဲတဲ့စနစ်ကို သူ သုံးတယ်၊ သူ ရေးခဲ့သမျှ ပန်းချီတွေကိုကြည့်ရင် ဘယ်တော့မှ ငြိမ်းအေးကြည်လင်နေတယ်လို့ မရှိဘူး။ ပကတိအေးချမ်းနေတဲ့ အာကာသ သဘောကိုဆောင်တာ မတွေ့ရဘူး။ ဒါပေမဲ့ ထူးဆန်းတာကတော့ ဝင်းရယ်။ အမြဲတမ်းလိုလိုပဲ ဗန်ဂိုးရဲ့ ကောင်းကင်တွေဟာ ရုတ်တရက်မြင်နိုင်တဲ့ ဝိုးဝါးရောထွေး ပုန်းလျှိုးနေတဲ့ မြင့်မြတ်ခြင်း အာကာသကောင်းကင်ရဲ့ နိမိတ်လက္ခဏာတွေ ပါနေတတ်တယ်။ ဗန်ဂိုးရဲ့ပန်းချီကားတိုင်းက ကောင်းကင်တွေကိုချည်း ကြည့်ဖို့၊ လေ့လာဖို့ ကောင်းတယ်'

---

၁။ Vincent Van Gogh (၁၈၅၃-၁၈၉၀)

၂။ Church at Auvers



'ကိုယ်တော့ တစ်ခါမှ မတွေ့မိဖူးဘူး။ ဘရစ်ဂျစ် ရှင်းပြတော့လည်း ရှင်းလင်းသွားတာပဲကွာ။ The Church at Auvers ကို မကြည့်ခဲ့ရတာ နောတာပဲ'

'ပန်းချီကားကတော့ သူဆွဲနေကျဟာနဲ့ပါပဲ။ ဒါပေမဲ့ သူ့ရဲ့စေတသိက်သဘောက the state of mind ပေါ့နော်။ သူ့စိတ်ချက်ထဲ ထည့်ဆွဲထားနိုင်သတော့ တကယ့်ပါရမီရှင် ဖြစ်သွားတာပေါ့။ ဆိုပါတော့ သူဆွဲတဲ့ နေလုံးတွေ ဆိုရင် အမြဲတမ်းပေါက်ကွဲထွက်တော့မယ့် အတိုင်းပဲ။ ဆိုက်ပရပ်စ်ပင်တွေ ဆိုရင်လည်း မီးလျှံတွေလိုလိမ်တွန့်ပြီး ကောင်းကင်ကို ထိုးတက်နေကြသလိုပဲ။ ပြီးတော့ ဗန်ဂိုးရဲ့ ပန်းချီတွေဟာ ဘဝရဲ့အလွမ်းသဘော ရူပါရုံတွေလို့ ကိုယ်တော့ ဆိုချင်တယ်။ Tragic vision of life ဟုတ်တယ်နော် ဝင်း'

ဘရစ်ဂျစ် ပြောပြခါမှ သူ ဗန်ဂိုးလက်ရွေးစင်တွေကို ကြည့်ချင်နေသည်။ ဗန်ဂိုးရဲ့ မိုးကောင်းကင်၊ ဗန်ဂိုးရဲ့ စေတသိက်သဘော စိမ့်ဝင်နေသည့် စိတ်ချက်များ၊ ဗန်ဂိုး၏ ဘဝရဲ့အလွမ်းသဘောရူပါရုံ၊ ပြီးတော့ ဗန်ဂိုးရဲ့ နှင့် ရုပ်ဝတ္ထုတို့၏ ကြမ်းတမ်းခက်ထရော်ခြင်းနှင့် သီးခြားစီဖြစ်တည်မှု၊ ပြီးတော့ အသွင်ပြောင်းလဲခြင်းနှင့် ပုံပန်းပျက်ယိုင်ရွဲ့မှုတွေ။ Transforming and distoring။

ကားကို ပြတိုက်ဘေးမှာပဲ ထားရစ်ကာ သူနှင့် ဘရစ်ဂျစ် ဆိန်းမြစ်ဘက်ကို လျှောက်လာခဲ့ကြသည်။ ပြတိုက်ရှေ့ ကွက်လပ်မှာ ကလေးသော်တော်များများ ဘီးတပ်စကိတ်ဘုတ်တွေ စီးနေကြသည်။ ဒါကလည်း ဥရောပကလေးတွေရဲ့ ပေတစ်ရာအားကစား ဖြစ်နေပြီ။ အမျိုးသမီးကြီးတွေကတော့ အေးအေးဆေးဆေး ဟန်ပန်တွေနှင့် ဖြစ်သည်။ ပါရီ၏ညနေခင်းနာရီကျော်ကျော်က မှောင်မသွားသေးပါ။ အားကောင်းသော နေ့အလင်းမျှင်တွေ ရှိနေသေးသည်။ လမ်းကလေး ဖြတ်ကူးလိုက်ရုံနှင့် ဆိန်းမြစ်ကမ်းခုံပေါ်ကို ရောက်ပြီ။ ဆိန်းမြစ်ရေက စီးဆင်းနေသည်ဟုပင် မထင်ရ၊ စိမ်းမြသော မြစ်ရေရောင်က သဘာဝမြစ်တစ်မြစ်နှင့်ပင် မတူ။ တူးဖောက်ထားသော ကူးမြောင်းနှင့်ပင် တူသည်။ မြစ်ရေထဲမှာ အမိုးပွင့် အပျော်စီးသင်္ဘောရှည်ကြီးတွေ ရှိသည်။ ခရီးသည်တွေက အပြည့်။ ခပ်ဝေးဝေးက မြစ်ကူးတံတား

အောက်နားမှာ တစ်စီး။ ဘရစ်ဂျစ်ကတော့ တစ်နေ့ စီးကြရအောင်ဟု ဆိုသည်။

'ပါရီက သည်လိုတည်ငြိမ်တဲ့ အလှမျိုးနဲ့ ငြိမ်ငြိမ်သက်သက် လှပနေလိမ့်မယ်လို့ ကိုယ်မထင်ခဲ့ဘူး။ အခုတော့ ပါရီကိုယ်တိုင်က ပြတိုက်ကြီးနဲ့ တူနေတယ်နော်'

အင်း... ဟုတ်တယ်နော်။ တို့လူမျိုးက ပါရီကို Hostorical aspect အတိုင်း ထားချင်တယ်။ နောက် အဆောက်အအုံတွေ ဆိုရင်လည်း အလှမပျက် ထားချင်ကြတာမှာတော့ အစိုးရနဲ့ လူထု သဘောမကွဲလွဲကြဘူး။ မိုဒန် အဆောက်အအုံတွေလည်း ရှိပါတယ်။ အဲဒါတွေကိုတော့ မြို့ပြင်နဲ့ ဆင်ခြေဖုံးတွေမှာ တွေ့နိုင်တယ်'

'ဟိုက လှမ်းမြင်နေရတာ ပါရီရဲ့ အကြီးဆုံး ကမ္ဘာကျော်ပြတိုက် လုဗ်ပဲ ဝင်းရေ။ လုဗ်ရဲ့ သမိုင်းကလည်း ရှေးဘုရင်တွေနဲ့ ဆက်စပ်နေတယ်လေ၊ လုဗ်နဲ့ ဆိန်းမြစ်ဟာ ရောက်ဖူးသူတွေကို အမြဲသတိရစေနိုင်တဲ့ စွမ်းအား ရှိတယ်'

ဘရစ်ဂျစ်ကတော့ ခပ်တိုးတိုးပြောနေသည်။ ပြီးတော့ သူ့ဟာသူ ပြောနေတာနှင့်ပင် တူနေသည်။ သူကတော့ ဆိန်းမြစ်ကမ်းတစ်လျှောက် လှမ်းမြင်နေရသည့် ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံတွေကို ငေးရင်း အံ့သြတကြီး ဖြစ်နေရတော့သည်။ အဝေးမှာ မြူတွေ။ ပါရီနွေဦးကလည်း မြူတွေနဲ့လား။ သုတ်ခနဲတိုက်လာသော ဆောင်းလေကလည်း ရှိသေးသည်။

'ကိုယ်တို့ စောစောက ရောက်ခဲ့တဲ့ အော်ဆေးမျူဇီယမ်ကြီးကို ကြည့်ရင် သူ့ရဲ့ထူးခြားမှုက ဟင်းလင်းပြင်ကြီးထဲ ရောက်သွားရသလို ဘာမှ မရှိသလိုပဲနော်။ ဒါပေမဲ့ အနုပညာလက်ရာတွေဟာ အတွင်းမှာ ထောင်ချီ ရှိနေတယ်။ ဆိန်းမြစ်ဟာလည်း သည်လိုပဲ။ စီးဆင်းနေတဲ့ ရေအလျဉ်ဆိုတာ လောက်နဲ့တော့ ကမ္ဘာမကျော်ဘူးလေ။ ဆိန်းမြစ်နဲ့ ကမ်းခုံပေါ်က အဆောက်အအုံတစ်ခုခုနဲ့ တွဲလိုက်တော့မှ တန်ဖိုးကြီးမားသွားတာ။ အဲဒါကိုက အနုပညာ ဖြစ်နေတာ'

သူကတော့ ဘရစ်ဂျစ်ပြောကာမှ Orsay museum နှင့် ဆိန်းမြစ်ကို တွဲကြည့်နေမိသည်။ သူ့မျက်စိထဲမှာ ပန်းချီကားတွေ၊ ပါရီမြို့ပြပုံစံငယ်၊



ဘက်ခြမ်းခွဲပြထားသည့် အော်ပရာပြဇာတ်ရုံ၊ ကျောက်ဆစ်ရုပ်ထုများနှင့် ကြေးသွန်းဗိသုကာ၊ ကြေးသွန်းပန်းပု... ကြော့ရှင်းသော နတ်မိမယ်တို့၏ န္ဒာကိုယ် အလှတရားများ။ စီးဆင်းနေသော ဆိန်းမြစ်ရေအလျင်...။

'ဝင်းကို အော်ပရာတွေ ပြချင်သေးတာကွ။ ကိုယ်တို့ ပြင်သစ်လူမျိုးတွေက အော်ပရာ သိပ်ကြိုက်တာ။ တို့ဆီမှာ ဂါနီးယေး[၁]ဆိုတဲ့ ဗိသုကာကြီး ဆောက်ခဲ့တဲ့ အော်ပရာဟောက်စ်တစ်ခု ရှိတယ်။ နောက်ထပ် မိုဒန်အော်ပရာဟောက်စ်ကြီးလည်း ရှိတယ်။ ဂါနီးယေးကတော့ သိပ်ကြီးကျယ်ခမ်းနားတယ်။ ကချေသည် လေးရာ့ငါးဆယ် တစ်ပြိုင်နက်နေထိုင်နိုင်တဲ့ အခန်းတွေလည်း ရှိတယ်။ ပရိသတ် နှစ်သောင်းကျော်ဆံ့တဲ့ ပွဲကြည့်ခန်းမကြီးလည်း ရှိတယ်'

ဆိန်းမြစ်ကို ဖြတ်သန်းလာသည့် လေက လတ်ဆတ်နေသည်။ သူလည်း ပြန်ချင်ပြီ။ နားချင်လှပြီ။ အော်ပရာဆိုတာကိုတော့ သူ စိတ်ဝင်စားပါသည်။ ဘယ်တော့ ကြည့်ရမည်မသိ။ ပြီးတော့ ဈေးကလည်း ကြီးလှသည်ဆိုလေ၏။ ဆိန်းမြစ်ကမ်းက ပြန်တော့ နေရောင်ဖွေးဖွေး ကျနေပြန်သည်ကော။

သူကတော့ လှပသည့် မီးပွိုင့်တိုင်ကလေးတွေ၊ ကြော်ငြာတိုင်ကြီးတွေ၊ လမ်းညွှန် ဆိုင်းဘုတ်ကြီးတွေကို ကြည့်ရင်း စိတ်ကူးစိတ်သန်းကောင်းကောင်းနှင့် ထုဆစ် ဖန်ဆင်းထားတာကို သဘောကျနေမိလေသည်။ ဘယ်နေရာပဲ ကြည့်ကြည့် ဖြတ်ကတတ်ဆန်း ရေးခြစ်ထားသည့် ဆိုင်းဘုတ်မရှိ။ ကပ်ချင်ရာကပ်ထားသည့် ဖြုတ်စဖျင်းတောင်းကြော်ငြာ မရှိ။ ပစ်ချင်ရာပစ်ထားသည့် အမှိုက်သရိုက်တို့ မရှိ။ ယုတ်စွအဆုံး အမှိုက်ပုံးကိုပင် ပန်းချီဆန်ဆန် ဖန်တီးထားသည်။ မြောင်းကလေးတွေ ပါသည့် အညိုရောင်ပလတ်စတစ် ဖိုင်ဘာထုလုံးရှည်ကြီးကို အပေါ်က ကြေးဝါရောင်ခုံးခုံး အနားကွပ်ထားသည်။ အညိုနှင့် ရွှေဝါ။ လှပသည့် သည်လမ်းဘေးက ပုံးကလေးတွေကို အမှိုက်ပုံးမှန်း သူ နောင်မှသိလာခြင်း ဖြစ်သည်။ ရုပ်ရှင် ပိုစတာတွေကလည်း သတ်မှတ်ထားသည့် နေရာတွေမှာ သံမဏိရောင် မှန်ပေါင်ကြီးတွေနှင့်။

---

၁။ Garnier palace opera house

'ဒါက ဆော့ဗ်ဗွန်း[၁] ယူနီဗာစီတီလေ။ ကြားဖူးတယ်နော် ပထမဆုံး တက္ကသိုလ်ကြီးပေါ့။ ဝင်းတို့တိုင်းပြည်က မဂ္ဂဇင်းတွေ ကြည့်ချင်သလား။ University Library မှာ အားလုံးရှိတယ်။ ဝင်းရေးတဲ့ ဝတ္ထုတွေတောင် ရှိလိမ့်မယ်'

ဟောင်းမြင်းမြင်း တက္ကသိုလ်။ ဟောင်းမြင်းသလောက် ကျက်သရေ ရှိနေသည်။ လှပသည့် ရှေးဟောင်းတက္ကသိုလ် ဆော့ဗ်ဗွန်း။ သူ ကြားဖူးရုံ ရှိခဲ့သည့် တက္ကသိုလ်ကြီးက သူ့မျက်စိရှေ့မှာ ရှိနေခဲ့ပြီ။ သူက အံ့အားတကြီး လိုက်ကြည့်သည်။

'၁၂၅၃ ခုနှစ်လောက်က ရောဘတ်ဒီဆော့ဗွန်[၂] ဆိုတဲ့ ပုဂ္ဂိုလ်က ဆင်းရဲတဲ့ ကျောင်းဆရာနဲ့ ဆင်းရဲတဲ့ တပည့်တွေအတွက်ဆိုပြီး ဆောက်ခဲ့တာပါ။ သင်ကြားစေတာကတော့ ဘာသာအယူဝါဒ ဗေဒပေါ့လေ။ ပြင်သစ်တော်လှန်ရေးကြီးအထိ Theology ပဲ သင်ခဲ့ရတဲ့ ကျောင်းကြီးကွ၊ ခုတော့လည်း ပါရီ ယူနီဗာစီတီ ဖြစ်နေပြီ။ ရုပ်ရှင်ရုံတွေ၊ အထူးပြုစာအုပ်ဆိုင်ကြီးတွေ၊ စားသောက်ဆိုင်ကြီးတွေ ရှိတယ်။ စားသောက်ဆိုင်တွေ ဆိုတာ သာမန်မဟုတ်ဘူးနော်။ တကယ့်ကို Gastronomic specialities from around the world ကို ပြောတာ'

နိုင်ငံစုံက ထူးထူးကဲကဲကောင်းမွန်သည့် အစားအသောက် လက်ရွေးစင် ဆိုင်ကြီးတွေရှိတာကို ဆိုလိုခြင်း ဖြစ်သည်။ မြန်မာက ဘာတွေများ ရှိပါလိမ့်။ မြန်မာတွေရဲ့ Gastronomic specialities ကကော ဘာပါလဲ။ သူကတော့ ပြင်သစ်တွေကို မြန်မာအုန်းနို့ခေါက်ဆွဲ ကျွေးကြည့်ချင်နေသည်။

'နေပါဦး ဘရစ်ဂျစ်ရေ၊ မင်း တို့တိုင်းပြည်ကို လာတုန်းက ဘာတွေ စွဲလမ်းခဲ့သလဲ။ အစားအသောက်ထဲကလေ'

'နေဦး ကိုယ် စဉ်းစားဦးမယ်။ သိပြီ မြူစွမ်မျှင်နဲ့ ငါးပေါင်းရည်လေ'

သူကတော့ မုန့်ဟင်းခါးကို ပြောနေမှန်း သိလိုက်ပါသည်။ မြူစွမ်မျှင်နဲ့ ငါးပေါင်းရည်တဲ့။ ဘရစ်ဂျစ်ကတော့ လုပ်တော့မည်။

---

၁။ The Sorbonne University

၂။ Robert de Sorbon



'အဲဒါကို မုန့်ဟင်းခါးလို့ ခေါ်တယ်။ သူက Cat fish ရဲ့ အချိုအရသာကို အခြေခံပြီးချက်ထားတာ။ မြန်မာတွေကိုယ်တိုင်က ကြိုက်တယ်။ ခက်တာက တိကျတဲ့ဖော်မြူလာတော့ မရှိဘူး။ တစ်မြို့နဲ့ တစ်မြို့လည်း ချက်နည်းမတူဘူး'

ဆိမ်းမြစ်ဘေးမှာ တစ်ဝကြီးနေပြီးမှ သူနှင့် ဘရစ်ဂျစ် ကားကလေးဆီ တွဲ လျှောက်လာခဲ့ကြသည်။ ခိုငှက်တွေက တဝေါဝေါ ပျံသန်းနေသည်။ ပါရီ၏ ရေးဆန်သော နန်းဆောင်ပြာသာဒ်တွေမှာ ခိုငှက်တို့ ပျော်ချင်တိုင်း ပျော်နိုင်ကြဟန် တူ၏။ ပါရီမှာ ခိုတွေ တော်တော်များပါသည်။ ကားကလေးက ဆိမ်းမြစ်ရဲ့တစ်ဖက် ကျွန်းကလေးဆီက မြစ်ဖြတ်တံတားရှည် တစ်ခုကို ဖြတ်ကာ ကူးချည်သန်းချည်လုပ်ရင်း လိုက်ပြနေသည်။ တစ်ခါတစ်ရံ ပန်းခြံတွေ ဘေးက ဖြတ်သွားတာလည်း ရှိသည်။ တစ်ခါတစ်ခါတော့ မြစ်ဘေးက။ တစ်ခါတလေတော့လည်း အုပ်ဆိုင်းနေသည့် သစ်ပင်ကြီးတွေ အောက်က။ ပန်းခြံထဲက တေးဂီတသံတွေ ပါရီညနေခင်း လမ်းမတွေပေါ်မှာ ဖိတ်အန်ကျနေသည်။ ပန်းခြံထဲက ခုံတန်းတွေမှာ ညနေခင်း လေညင်းခံသူတွေ အပြည့်။ ပန်းခြံတီးဝိုင်းက ပညာရှင်တော်တော်များများနှင့် ဖွဲ့စည်းထားသည့် တီးဝိုင်းကြီး ဖြစ်သည်။ တီးကွက်တစ်ကွက် ပြီးသွားတော့ ပရိသတ်တွေက လက်ခုပ်တီးကာ ဩဘာပေးကြသည်။ တီးဝိုင်းရဲ့ Conductor က အစီအစဉ်တစ်ခုကို ထပ်မံ ကြေညာနေသည်။ လူတွေက လက်ခုပ်တီးကာ ကြိုဆိုသည်။ ကောင်းလေစွ။

ပန်းခြံကလေးဘေးက ကားကွေ့လာတော့ လမ်းဘေးပန်းဈေးခင်း။ သူ တစ်ခါမှမမြင်ဖူးသည့် ပန်းတွေ။ သူ တစ်ခါမှ စိတ်ကူးမကြည့်မိဖူးသော အရောင်တွေ။ ငုံငုံဖူးဖူးမှသည် ပွင့်ပွင့်ကားကား။ လှချင်တိုင်း လှနေသည်လေ။ အင်္ဂလိပ်ကဗျာတွေထဲက ပန်းတွေများလား။ ပန်းတွေက လှပသလောက် ပန်းထုပ်သည့် အနုပညာကလည်း အရေးတကြီး ရှိပုံရသည်။ အသင့်ထုပ်ပြီးသား ပန်းစည်းတွေက အသင့်လက်ဆောင်။ ဒါကိုလည်း သူ အံ့ဩရကြောင်း ဝန်ခံချင်ပါသည်။ ပန်းစည်းတွေ ဒါမှမဟုတ် ပန်းတွေကို ရေဂက်လေးတောက်လိုက်၊ သင်အူနဲ့ စည်းပေးလိုက်၊ ငှက်ပျောရွက်နှင့် စည်းပတ်ပေးတတ်သော သူ့မွေးရပ်မြေက ပန်းဈေးခင်းတွေကို သူ သတိရနေသေး

သည်။ သည်မှာတော့ ပန်းတွေကလည်း အနုပညာ၊ ပန်းတွေကို စီရီခင်းကျင်းထားတာကလည်း အနုပညာ။ အရောင်တွေချင်း တချို့လည်း ဖက်ကာစပ်ကာ၊ တချို့ကလည်း ခွဲကာခြားကာ ထားတတ်တာကလည်း အနုပညာ။ ထုပ်တာပိုးတာ ချည်တာနှောင်တာကလည်း အနုပညာ။ သည်နိုင်ငံမှာတော့ ပန်းတွေက ဘုရားနှင့် နတ်ဒေဝါတွေအတွက် သီးခြားကိစ္စ ဟုတ်ပုံမရပါ။ လူလူချင်း ပန်းဆက်ရသည့် ယဉ်ကျေးမှုအလေ့က ပန်းတွေနှင့်အတူ ပန်းဖွဲ့အနုပညာပါ ရောထွေးယှက်ငင် ရှိနေရသည်လား။

'သည်လောက်များလှတဲ့ ပန်းဈေးကြီးက ပန်းတွေ နေ့ချင်း ကုန်သွားတာပဲလား'

'ကုန်တာတွေလည်း ကုန်တယ်။ တချို့ပန်းက ရက်တော်တော်ကြာကြာခံတယ် ဝင်းရဲ့။ ပန်းတွေကိုလည်း အရောင်တွေစုံအောင်၊ ကြာကြာခံအောင် ပညာရှင်တွေက သုတေသနတွေ တော်တော်လုပ်ထားကြတာ'

သုတေသနနှင့် ဖွံ့ဖြိုးမှု။ R & D။ Research and Development။ ကနေ့ခေတ်၏ ဆောင်ပုဒ်ပင် ဖြစ်လာပြီ။ သုတေသနနှင့် ဖွံ့ဖြိုးမှုက နယ်ပယ်တိုင်းမှာ အရေးပါနေခဲ့ပြီ။ R & D က ပန်းတွေကိုတောင် ချန်မထားခဲ့။

ဘရစ်ဂျစ်က ရောက်နေမှတော့ နိုတာဒမ်းကို ခဏဝင်ကြည့်ရအောင်ဟု ဆိုနေသည်။ နိုတာဒမ်း။ သူ မှတ်မိပြီ။ ပထမဆုံးမှတ်မိတာက ဆရာတက်တိုး ဘာသာပြန် ခါးကုန်းကြီးဝတ္ထု ဖြစ်သည်။ Hunch back of Notre-Dame ကို ဘာသာပြန်ထားသည့် ဝတ္ထု။ ခါးကုန်းကြီးနာမည်ကို တောင်ကိုမိုးဒိုးလား၊ ဘာလား မမှတ်မိတော့။ သည်တုန်းက နိုတာဒမ်းဘုရားရှိခိုးကျောင်းကြီးက ကပ္ပိယကြီးကို သူ့မျက်စိထဲမှာ မြန်မာဘုန်းတော်ကြီး ကျောင်းတွေက ကပ္ပိယကြီးတွေလို ထင်နေခဲ့ဖူးသည်။

ခုတော့လည်း ဘုရားရှိခိုးကျောင်းကြီးရဲ့ မလှမ်းမကမ်းမှာ ဘရစ်ဂျစ်က ကားရပ်လိုက်သည်။ ဆိန်းမြစ်ကမ်း ယဉ်ကျေးမှုအထိမ်းအမှတ် ကမ္ဘာ့ကျော် အဆောက်အအုံကြီး တစ်ခု။ လွမ်းမောဖွယ် နိုတာဒမ်းနောက်ခံဒဏ္ဍာရီပုံပြင်တွေ ပြင်သစ်မှာလည်း အပြည့်ပါပဲဟု ဘရစ်ဂျစ်က ဆိုသည်။



သူကတော့ ပြင်သစ်ကို လာရတာ နိုတာဒမ်းကို တွေ့လိုက်ရတာနှင့်ပင် [illegible]န်သည်ဟု ထင်နေလေသည်။

နိုတာဒမ်း သမိုင်းကို သူ သိပ်တော့မသိပါ။ ၁၂ ရာစုလောက်က ခရစ်ယာန် ဘုန်းတော်ကြီးတစ်ပါးက သိမ်းပိုက်ထားသည့် ရောမခေတ်အဆောက်အအုံကြီး တစ်ခုဟုလည်း ဆိုသည်။ ဘုရားရှိခိုးကျောင်း ပီပီသသ ပုံစံတကျဖြစ်လာတာက ခရစ်သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်လောက်မှာ ဖြစ်သည်။ ပြာသာဒ်ဆောင်တွေကတော့ ၁၂၄၅ ခုနှစ်လောကအထိ အပြီးမသတ်နိုင်ခဲ့။ ၁၃၄၅ ခုနှစ်ကျမှ တောင်ဆောင်ရော မြောက်ဆောင်ပါ အပြီးသတ်နိုင်ခဲ့သည်။ သို့သော်လည်း မနုဿတောဝါ၊ ရာဇတောဝါ၊ အဂ္ဂိတောဝါတွေဆက်ကာဆက်ကာ ခံခဲ့ရသည်။ ကြေကွဲဖွယ် စစ်ကာလတွေမှာလည်း ပျက်စီးခဲ့တာ ရှိသည်။ ရာစုနှစ်တွေကလည်း မူလလက်ရာဟောင်းတွေကို ပြောင်းလဲသွားစေခဲ့သည်။ ပြင်သစ်တော်လှန်ရေး ကာလအထိ ဆိုပါတော့။

'၁၈၀၄ ခုမှာ နပိုလီယန် ၁ က နိုတာဒမ်းမှာပဲ ဘိသိက်သွန်းမင်္ဂလာဆင်ယင် ကျင်းပခဲ့သေးတယ် ဝင်းရဲ့။ သတ္တမမြောက် ပုပ်ရဟန်းမင်းကြီး [illegible]ယားစ်[၁]က ကြီးမှူးပြီး ၁၈၄၄နဲ့ ၁၈၆၄ မှာ ပြင်ဆင်မှုတွေ လုပ်ခဲ့သေးတယ်။ နောက် ၁၈၇၁ မှာ မီးကြီးသင့်ခဲ့တယ်'

ကနေ့မြင်နေရသည့် နိုတာဒမ်းကလည်း ခေတ်သစ် သံမဏိငြမ်းတွေနဲ့ပါပဲ။ အကြီးစား ပြင်ဆင်မှုမဟုတ်သော်လည်း နေရာတော်တော်များများကို ငြမ်းတွေဆင်ကာ ပြုပြင်ဖာထေးနေသည်။ ပြင်ဆင်ပြီးသား နေရာတွေကတော့ ဝင်းလက်နေကာ တချို့နေရာတွေမှာတော့ ကျောက်ညိုတွေတက်ကာ မည်းညစ်နေသည်။ ကျောင်းတော်ကြီးရှေ့မှာ လေးထောင့်စပ်စပ် သစ်ပင်စိမ်း ပန်းခြံကလေး ရှိသည်။ ခေါက်ကုလားထိုင်ကလေးတွေနဲ့ ဈေးရောင်းသူ၊ နိုတာဒမ်း အမှတ်တရပစ္စည်းကလေးတွေ ရောင်းသူ၊ အလှူခံပုဂ္ဂိုလ်များ၊ ဂီတပညာရှင်များ၏ တစ်ကိုယ်တော် တင်ဆက်မှုများဖြင့် ဝေစည်နေလေ၏။ ဘုရားကျောင်းကြီးက အိမ်အနေနှင့်ဆိုလျှင် လေးပင်သုံးခန်း အခြေခံဖြစ်သည်။ သည်သုံးခန်းရဲ့ တစ်ခန်းစီမှာ ကြီးမားသော ခုံးပေါက်ကြီးတွေက အဝင်တံခါးကြီးတွေလည်း ဖြစ်သည်။

၁။ Pope Pius VII

လေးပင်သုံးခန်း ဘုရားကျောင်းဝင်ပေါက်ကြီးများ၏ အပေါ်မှာတော့ ဘုရင် နှစ်ဆယ့်ရှစ်ပါး၏ ကျောက်ရုပ်တုတွေ စီကာစဉ်ကာ ထုဆစ်ထားရှိသည်။ သည်ဘုရင်ရုပ်တုကြီးတွေကလည်း သမိုင်းရှိသည်။ စင်စစ် သည် ဘုရင် နှစ်ဆယ့်ရှစ်ပါး၏ ကျောက်ရုပ်တုကြီးတွေက ခရစ်တော်မွေးဖွားရာ ဒေသ အစ္စရေးနိုင်ငံမှ ဘုရင်မင်းမြတ်များ၏ သင်္ကေတပုံရုပ်ထုတွေ ဖြစ်သည်။ တစ်နည်းအားဖြင့် ဂျူးဘုရင်တွေရဲ့ ရုပ်တုတွေ။ သို့သော် ၁၇၉၃ ခုနှစ်မှာတော့ ပြင်သစ်လူထုက သည်ရုပ်တုတွေကို သူတို့ မုန်းတီးသော ပြင်သစ်ရှေးဘုရင်တွေရဲ့ ရုပ်တုတွေထင်ကာ အတင်းဆွဲချခဲ့ကြဖူးသည်။ နောက်ပိုင်းကာလတွေမှာတော့ အရုပ်တွေကို သူ့နေရာတကျ ပြန်ထားခဲ့ကြတာပါပဲ။

ကြီးမားသော ခုံးပေါက်တံခါးကြီးတွေမှာတော့ ၁၂၂၀-၁၂၂၅ စသည့် သက္ကရာဇ်တွေ ထိုးထားသည်။ ဒုတိယမျက်နှာစာ အလယ်တည့်တည့်က မှန်ကူကွက် ဝိုင်းဝိုင်းကြီးမှာတော့ မယ်တော် မဒွန်နားနှင့် သားတော်ကို နတ်မိမယ်တို့ ခြံရံထားပုံ ကျောက်ရုပ်ကြီးတွေ ရှိသည်။ နတ်မိမယ်တို့၏ ဘေးမှာမှ ကမ္ဘာလောက၏ ပထမဦးဆုံး လူယောကျ်ားနှင့် လူမိန်းမတို့ နိမိတ်ပုံ အာဒံနှင့် ဧဝပုံတွေ ဖြစ်၏။ အလယ်ဆောင်ကြီး၏ အပေါ်တစ်ဖက်တစ်ချက်မှာတော့ မျှော်စင်ကြီးနှစ်ဆောင်က တစ်ဖက်တစ်ချက် ထိုးထွက်နေကာ မျှော်စင်ရှည်ကြီးများနှင့် လိုက်လျောညီထွေရှိသည့် မှန်ခုံးတပ်ပြတင်းရှည်ကြီးတွေ တပ်ဆင်ထားသည်။ အဝင်ခုန်းပေါက်ကြီး အကွေးနေရာတွေမှာ ခရစ်ယာန်သာသနာဝင် ငရဲခန်းနှင့် ကောင်းကင်ဘုံခန်းတွေ ထုဆစ်ထားသည်ဟု ဆိုသည်။

'များသောအားဖြင့်တော့ သည်ဘုရားကျောင်းကြီးမှာ ဂေါသစ်ဟန် လက်ရာတွေ များတယ်။ ခေတ်အဆက်ဆက် ရာစုနှစ်ပေါင်းများစွာ ပြင်ခဲ့ ဆင်ခဲ့ ချဲ့ခဲ့ ကားခဲ့ကြတော့ ပညာရှင်အမျိုးမျိုးကဝင်ပြီး လက်စွမ်းပြခဲ့တာတွေလည်း ရောနေတယ်။ နောက် ခရစ်ယာန်သာသနာဝင်လာ၊ နောက်ဆုံး တရားစီရင်တော်မူခြင်းတို့၊ ပြစ်ဒဏ် ချမှတ်တော်မူခြင်းတို့၊ ရှင်ပြန်ထမြောက်တော်မူခြင်းတို့လည်း ပါနေတာ တွေ့ရတယ်'

ဘယ်နေရာက ဘယ်ကျောက်ဆစ်ရုပ်တွေကို ညွှန်းပြီးပြောနေတာလဲ



သူမသိပါ။ ရုပ်တုတွေက အများကြီး။ ပြီးတော့ အားလုံးလိုလိုက အချိုးအကျ လှပနေသည့် ရုပ်တုတွေချည်း။ လူ့ခန္ဓာဗေဒကို ကျွမ်းကျင်သည့် ကျောက်ဆစ်ဆရာတွေကိုပဲ သူ လေးစား ကြည်ညိုနေမိလေသည်။ တချို့နေရာတွေမှာတော့ ရာသီခွင်ရုပ်ထုတွေ။ သူကတော့ ပင်စိမ်းချုံကလေးရှေ့က ရုပ်တုတွေကြားမှာပဲ ဓာတ်ပုံရိုက်ခဲ့သေးသည်။ အတွင်းဝင်ကြည့်ချင်သော်လည်း အချိန်ဂျစ်က ရှိသေးသည်။ သူမကို အားနာရဦးမည်။

'ဝင်းရေ… မင်းရောက်တုန်း ဝင်ကြည့်စေချင်တယ်။ ဘုရားကျောင်းကြီးရဲ့ အတွင်းပိုင်းခံ့ညားမှုကို မင်း ဘယ်တော့မှ မေ့နိုင်မှာမဟုတ်ဘူး။ ၄၂၆ ပေ ရှည်တယ်။ ၁၆၄ ပေ ကျယ်တယ်။ အမြင့်က ၁၁၅ ပေလောက် ရှိတယ်၊ အတွင်းမှာပဲ လူပေါင်း ၉၀၀၀ ကျော် တစ်ပြိုင်နက် ဆုတောင်းပွဲ ကျင်းပနိုင်တယ်'

သူ ဝမ်းသာသွားသည်။ ခဏကလေးဖြစ်ဖြစ် ဝင်ကြည့်ဖို့ သူကလည်း စိတ်ကူးနေချိန်ဖြစ်သည်။ အပေါက်ဝမှာပဲ ဘုရားကျောင်းထဲ ဝင်မယ့် ဧည့်သည်တွေ ပြည့်ကျပ်နေသည်။ ဝတ်ဖြူစင်ကြယ်ဝတ် သူတော်စင် နှစ်ယောက်က နီးဗန်းကလေးတွေကိုင်ကာ ဘုရားဖူးတွေဆီက အလှူခံနေသည်။ ဗန်းကလေးထဲမှာ ငွေရောင်အကြွေစေ့တွေ ပြည့်လုနီးပါး။ ထူးဆန်းတာက ငွေစက္ကူတွေ မတွေ့ရခြင်းဖြစ်သည်။ သူကလည်း ဆယ်ဖရန့်တန် ဒင်္ဂါးတစ်ပြား လှူလိုက်သည်။ အတွင်းကို ခြေလှမ်းလိုက်တာနဲ့ ပထမဆုံး သတိထားမိတာက သစ်သားဟောင်းနံ့၊ အရောင်တင်ဆီ သိုးသိုးအနံ့နှင့် ကျောက်ညှိဟောင်းတွေရဲ့ အနံ့တွေဖြစ်သည်။ စူးခနဲ အနံ့ရလိုက်ခြင်း ဖြစ်သဖြင့် သူကိုယ်တိုင် လန့်ဖျပ်သွားလေသည်။ လူတော်တော်များများက ဖယောင်းတိုင်တိုကလေးတွေလား၊ ဆီမီးလား မသိနိုင်သည့် သတ္တုခွက် ဆီမီးတိုင်ကလေးတွေ ရာပေါင်းများစွာကို ထွန်းညှိ ပူဇော်နေကြသည်။ အမှောင်သဲသဲ အခန်းကလေးထဲမှာ ဖယောင်းဆီမီးခွက်ပေါင်း များစွာက အရောင်တွေ တောက်လက်နေသည်။ တိုးညင်းသော ဆုတောင်းဝတ်ပြုသံတွေလည်း ရှိသည်။ ညနေခင်း အလင်းမျှင်တွေက အမိုးမြင့်နံရံတွေပေါ်က မှန်ပန်းချီ ရောင်စုံကားတွေကိုဖြတ်ကာ ဘုရားရှိခိုးကျောင်းကြီးထဲကို ခပ်

ဖျော့ဖျော့ တိုးဝင်နေသည်။ မှန်ပန်းချီကားတွေကလည်း သာသနာ့ဝင်တွေချည်း ဖြစ်၏။

'ဟောသည် နှင်းဆီပန်း ပန်းချီတွေနဲ့ ကြွေအိုးဟောင်းကြီးတွေနဲ့ ရှေးဟောင်း ဗီရိုကြီးတွေက သမိုင်းခေတ်အဆက်ဆက် ဖြတ်သန်းလာခဲ့လို့ ဒါတွေကိုပဲ အမြတ်တနိုး လာကြည့်ကြသူတွေလည်း ရှိတယ်'

'ကိုယ်ကတော့ နံရံပေါ်က ပန်းချီကားကြီးတွေကိုပဲ သဘောကျနေတာ။ ပြင်သစ်တွေက အားရင် ပန်းချီကားတွေချည်း ဆွဲနေကြတာလား ဘရစ်ဂျစ်ရယ်။ မင်းကော မဆွဲဘူးလား'

'ဆွဲတာပေါ့၊ ကိုယ့်ပန်းချီကားတွေ မင်းကိုပြဦးမယ်။ ကိုယ်က ပန်းချီ ပြပွဲ လုပ်ဦးမယ်တောင် စိတ်ကူးတာ ဝင်းရဲ့၊ ကိုယ်စိတ်ဝင်စားတာက Junk Art လေ။ အမှိုက်သရိုက်ပန်းချီ ဆိုပါတော့။ အမှိုက်စတွေ၊ သံတိုသံစတွေ၊ ပိတ်စတွေကို စိတ်ကူးနဲ့ ဆက်စပ်ယူတာလေ'

Junk Art။ သူကတော့ နောက်နေတာလား၊ အတည်ပြောနေတာလား မသိနိုင်လောက်အောင် ဖြစ်နေရသည်။ ဖြစ်ချင်ရင်လည်း ဖြစ်နိုင်သည်။ ခေတ်သစ်ပန်းချီ စိတ်ကူးစိတ်သန်းတွေကလည်း များသားကလား။ ပင်မအလယ်ဆောင်ကြီးထဲမှာတော့ အသံဗလံမရှိ။ တိတ်ဆိတ်ငြိမ်သက်စွာ တရွေ့ရွေ့ သွားလာလှုပ်ရှားနေကြရသည်။ စကားတိုးတိုး။ အမူအရာရှိရှိ။ သည်အလယ်ဆောင်မှာလည်း မယ်တော်မဒွန်နားနှင့် သားတော်အပါအဝင် နတ်မိမယ်များနှင့် ခရစ်ယာန် ဓမ္မဟောင်းလာ ရုပ်တုကြီးများ ရှိသည်။ ကြီးမားသော ကျောက်သားတိုင်လုံးကြီးတွေကို ထောက်ကန်ကာ ခုံးအဆင့်ဆင့် မြင့်တက်သွားပြီး ထိုမြင့်မားသော မျက်နှာကြက်ခုံးတွေကပဲ အောက်ကို ပြန်ငုံ့ကြည့်နေသည်လား။ ကျက်သရေရှိခြင်း၊ ခမ်းနားခြင်းနှင့် ကြီးမြတ်ခြင်း။ လေးထောင့်ကြွေပြားချပ်တွေ စီကာရီကာ ခင်းထားသော ကြမ်းခင်းပေါ်မှာ မီးဆိုင်းပန်းဆွဲ ဆီမီးတိုင်တွေဆီက အလင်းတွေ ဖိတ်ကျနေတာကလည်း အရောင်တွေ ထွက်နေသည်။

ရွှေရောင်၊ ဆီမီးရောင်၊ မှန်ပန်းချီတွေဆီက ဝါစိမ်းနီပြာ အရောင်စုံ။

နိုတာဒမ်း ဘုရားရှိခိုးကျောင်းကြီးထဲက ထွက်လာတော့ နေရောင်ခြည်က ဂန္ဓဝင်ရနံ့တွေကို သန့်စင်ပစ်လိုက်သလား ထင်ရသည်။ သူနှင့်



ဘရစ်ဂျစ်က ဆိန်းမြစ်ကမ်းဘေး လမ်းကလေးအတိုင်း လျှောက်လာခဲ့ကြသည်။ ပန်းဈေးခင်း ရောင်စုံတန်းကို ကျော်ဖြတ်ကာ စာအုပ်ဆိုင်တန်းကလေးဆီသို့ လာခဲ့ကသည်။ သည်စာအုပ်ဆိုင်တန်းကလေးတွေကို ပြင်သစ်ဘာသာနှင့် 'bouquinistes' ဟု ခေါ်သည်။ ရှေးဟောင်းပုံနှိပ်ကားချပ်တွေရော၊ ရှားပါး ပန်းချီကားဟောင်းတွေရော ခေတ်သစ်အနုပညာ စာအုပ်စာတမ်းတွေပါ ရောင်းချသည့် ဆိုင်ကလေးတွေ။ မြင်သာတာကတော့ ဟောင်းမြင်းသော ပန်းချီကက်တလောက် အဟောင်းတွေ။ သံကလစ်တွေနှင့် ညှပ်ကာ ချိတ်ဆွဲထားတတ်သည်။ သစ်သားဗန်းတွေထဲမှာတော့ အရောင်လွင့် Post-card အဟောင်းများ။ သစ်သားကုလားထိုင်၊ သံမဏိကုလားထိုင်တွေပေါ်က ရှားပါးစာအုပ်တွေ တင်ထားတာကလည်း ခင်းကျင်းမှုပုံစံတစ်မျိုး ဖြစ်ပုံရသည်။ ဝယ်သူတွေက ဝယ်၊ ကြည့်သူတွေက ကြည့်။ ဒါလည်း ပြင်သစ်လူထု၏ နိမိတ်ပုံတွေထဲက တစ်ခု။

'ဟောဟိုက မြင်ရတဲ့ ပွန့်ဒီလားတောနဲလ်[၁] တံတားကြီးက လှမ်းကြည့်မှ နိုတာဒမ်းက လှတာ ဝင်းရဲ့… ပွန့် (Pont) ဆိုတာက တံတားကို ခေါ်တာ။ တောနဲလ်တံတားကြီး ဆိုပါတော့။ အဲသည်တံတားကြီးက လှမ်းကြည့်မှ ဘုရားကျောင်းကြီးရဲ့ အားကောင်းတဲ့ မျဉ်းကွေးတွေ၊ အားကောင်းတဲ့ လိုင်းတွေကို တွေ့ရတာတဲ့'

သူတို့ မကြည့်ဖြစ်တော့ပါ။ တံတားကြီးက နည်းနည်းကလေး လှမ်းသည်။ သူနှင့်ဘရစ်ဂျစ် ကားကလေးဆီကို ပြန်လာခဲ့သည်။ ပါရီနွေဦးသို့ ရောက်ရှိခြင်း ပထမဆုံးနေ့။ ဆိန်းမြစ်၊ နိုတာဒမ်းနှင့် အော်ဆေး ပန်းချီအနုပညာတိုက်ကို သူ ခံစားနိုင်ခဲ့ပြီ။ မြင်ရသမျှ အနီရောင်အမိုးကလေးတွေ ဆုတ်ထားသော ကဖေးဆိုင်ကလေးတွေကလည်း နေရာအနှံ့မှာ ရှိသည်။ ကြိမ်ရောင်စုံထိုး ဒါမှမဟုတ် ပလတ်စတစ်ကြိုးထိုး ကုလားထိုင်ကလေးတွေကလည်း ချစ်စရာ။ ဘရစ်ဂျစ်က ကော်ဖီသောက်မလား မေးနေသေးသည်။ သည်ကဖေးဆိုင်ကလေးတွေကို သီးခြား တခုတ်တရ ခံစားချင်သေးသည်။ သည်တော့လည်း ငြင်းလိုက်ရပါသည်။

'နောက်မှပေါ့ ဘရစ်ဂျစ်ရယ်၊ အီလျာအာရင်းဘတ်ရဲ့ ကဖေးဆိုင်

၁။ Pont de la Tournelle

ရသခံစားမှုတွေကို သူ့ရဲ့ Memoirs မှာ ရေးခဲ့တာ သိပ်ကောင်းတာ ဘရစ်ဂျစ်ရဲ့။ တို့နိုင်ငံက ထင်ရှားတဲ့စာရေးဆရာကြီးဖြစ်တဲ့ ဆရာမြသန်းတင့် ကလည်း သူ့ဘဝ ဖြတ်သန်းမှု ခေတ်တွေထဲက လက်ဖက်ရည်ဆိုင်တွေ အကြောင်း ရေးခဲ့ဖူးတယ်။ နောက် တရုတ်စာရေးဆရာ လော်ရှဲ့ရဲ့ လက်ဖက် ရည်ဆိုင်ကလည်း ကမ္ဘာကျော်ဝတ္ထုကြီးလေ။ လက်ဖက်ရည်ဆိုင်နဲ့ ကဖေး တွေမှာ သာမန်ကာလျှံကာ မထိုင်သင့်ဘူး’

‘အေး·· ဝင်း ပြောတာမှန်တယ်၊ တစ်ရက် လာထိုင်ကြရအောင်’

ပြင်သစ်ကဖေးဆိုင်တွေက လမ်းတစ်လျှောက် များလှပါသည်။ လမ်း တိုင်းမှာ ရှိသည်။ နေရာတိုင်းမှာ ရှိသည်။ သူ ငယ်ငယ်က ရွှေခြသေ့် ပြင်သစ်ကော်ဖီဆိုသည့် ကော်ဖီတံဆိပ်တစ်မျိုးကို သောက်ခဲ့ရဖူးသည်။ များသောအားဖြင့် ချီကိုရီခေါ် အသီးတစ်သီးမျိုးနှင့် ရောစပ်ကာကြိတ်ထား သော ကော်ဖီမှုန့်တွေက များသည်။ သင်းသင်းကလေးလှော်ကာ ကြိတ်ထား သော ကော်ဖီချည်း သက်သက်ခါးခါးကို မြန်မာတွေ သိပ်ကြိုက်လေ့မရှိ။ အပြန်ခရီးမှာတော့ ကော်ဖီနှင့်စပ်လျဉ်း၍ ဘရစ်ဂျစ်ကို မေးကြည့်သည်။

‘ကော်ဖီလို့ပြောရင် ကော်ဖီခါးခါးအရည်ကိုပဲ ရည်ညွှန်းတာပါ။ ဆိုပါတော့ မနက်ကျရင် မင်း ဟိုတယ်မှာ Breakfast ဆင်းစားရင် အဲသည် မှာ ကရားကြီးသုံးလုံး တွေ့လိမ့်မယ်။ ကော်ဖီရယ်၊ တီးရယ်၊ နို့ရယ်၊ ကော်ဖီကရားထဲက သွန်လိုက်တဲ့ ကော်ဖီရည်ဟာ ဘာနဲ့မှရောမထားတဲ့ ခပ်မည်းမည်း ကော်ဖီရည်ပဲ။ ပြင်သစ် တော်တော်များများက အဲဒါကိုပဲ ကြိုက်ကြတယ်။ ခါးတာကို မကြိုက်ရင်တော့လည်း နို့နဲ့စပ်၊ သကြားခဲ ထည့်ပေါ့’

ဟိုတယ်ပြန်ရောက်တော့ တော်တော်နောက်ကျနေပြီ။ ည ခုနစ်နာရီ ကျော်ပြီ။ နေရောင်ခြည်တွေ လျော့ကျမသွားသေး။ ဘရစ်ဂျစ်ပြောစကားအရ ဆိုလျှင် ည ကိုးနာရီထိုးတာတောင် နေရောင်ခြည်တွေ ရှိသေးသတဲ့။ ည ၁၁ နာရီအထိ နေ့အလင်းရောင် (Daylight) ရှိသည်ဆို၏။ ပြီးတော့ အချိန်နာရီ။ ဒါကလည်း ပြဿနာ။ သူတို့နှင့် စံတော်ချိန် လေးနာရီခွဲကွာ သော တိုင်းပြည်။ ဆိုပါတော့ အခု သူ ဟိုတယ်ပြန်ရောက်ချိန်သည် ည ခုနစ်နာရီ။ ရန်ကုန်မှာဆိုလျှင် ဆယ့်တစ်နာရီခွဲ။ သန်းခေါင်နီးနီး။ သူ အိပ်ပျော်



ခဲ့ချိန်။ ဆိုပါတော့ သည်က နံနက် သုံးနာရီ။ ရန်ကုန်မှာဆိုလျှင် နံနက် ခုနစ်နာရီခွဲ။ ပြင်သစ်မှာ အိပ်ချိန်က ရန်ကုန်မှာ ပြေးလွှားနေရချိန်တွေ ဖြစ်နေသည်။ အခုပဲ ရန်ကုန်မှာ ညသန်းခေါင်နားနီးရော့မည်။ သည်မှာက ညဦး ခုနစ်နာရီပဲ ရှိသေးသည်။ ပါရီရယ် သိပုံမရပါ။ နွမ်းနယ်လေးလံလှပြီ။ အိပ်ချင်မူးရီ ရှိနေပြီ။

ဘာပဲဖြစ်ဖြစ် မီးရောင်ဖြင့် လင်းချင်းနေသော သူ့အခန်းကို ရောက် တော့မှ သူ ပေါ့ပါးသွားသည်။ ပါလာသော မြန်မာပုဆိုးကို ထုတ်ဝတ်ရပြန် သည်။ ရှူးဖိနပ်ကို ချွတ်လိုက်တော့ တင်းကျပ်မှုတွေ လျော့သွားသော်လည်း ခြေသန်းကလေးတွေက နာနေသည်။ မိုင်ပေါင်းခြောက်ထောင်နီးပါး ဝေး သည့် နိုင်ငံတစ်ခုရဲ့ အိပ်ခန်းထဲမှာ သူရှိနေသည်။ အိပ်ခန်း၏ အဆင်အသွေး ကလည်း ပန်းချီဆန်လေသည်ကော။ တွဲရရွဲ ကျနေသော ပန်းပွင့်ထိုး ခန်းလန့်ကာ၊ ပန်းပွင့်ထိုး ကုလားထိုင်၊ ပန်းပွင့်ထိုး အိပ်ရာခင်း၊ ပန်းပွင့်ထိုး ခြုံစောင်ထူထူ။ အသွေးတူ အဆင်တူ။ နံရံမှာ ပန်းချီကားကြီးတစ်ချပ် ရှိ သည်။ တော်တော်ကြီးသည့် ပန်းချီကား။ မီးလုံးတွေကို ဖုံးထားသော ပလတ်စတစ်အုပ်ဆောင်းတွေက တစ်ဆင့် မီးရောင်တွေ လင်းချင်းနေသည်။ အိပ်ရာခင်းနှင့် ပွင့်တူခက်တူ လိုက်ကာလေးလေးကြီးတွေ ကြားမှာ ဇာဖြူ ပါးပါး ခန်းဆီးရှည်ကြီး။ လှပဖြူဖွေးသည့် ခန်းဆီးပေါ်ကို မီးရောင်တွေ ကျတော့ ခန်းဆီးစက တောက်လက်နေလေသည်။

ရေမြှုပ်မွေ့ရာ ထူထူကြီးပေါ်မှာ အိခနဲလှဲချလိုက်တာ အမိုးမျက်နှာ ကြက်က မြှုပ်ထားသော မီးလုံးရောင်ကြည်ကြည်ကလေးတွေကို ငေးနေ လိုက်မိသည်။ တင်းကျပ်မှုတွေ လျော့ပါးသွားသည်။ ဆယ့်နှစ်နာရီလုံးလုံး လေယာဉ်စီးလာသော ကျေးတောသား သူ့အဖို့ ခေါင်းထဲမှာ တစီစီအသံတွေ မြည်နေသည်။ ပြင်သစ်အနုပညာတွေကလည်း မူးဝေမူးရီ။ ပြင်သစ်ရေမွှေးနံ့ သင်းသင်းနှင့် တလွှင့်လွှင့် ရွှေရောင်ဆံပင်ပိုင်ရှင်မကလေးကလည်း သူ့ကို မူးယစ်နေစေသည်လား။ သူ့နားထဲ တံခါးခေါက်သံ ကြားလိုက်သည်။ ဘယ်သူပါလိမ့်။ အခန်းတံခါးကို ဖွင့်လိုက်တော့ ပြင်သစ်သူ မိန်းမချော လေး တစ်ယောက်။ သူမနှင့်အတူ ဘီးတပ်သံမဏိအရက်တင် စင်မြင့်မြင့် လေး ပါသည်။ သူ့အခန်းနှင့်နီးသော ဓာတ်လှေကားကတစ်ဆင့် တင်လာ

လာချင်း သူ့အခန်းကို ခေါက်လိုက်ပုံရသည်။ စင်ကလေးပေါ်မှာတော့ နိုင်ငံခြားဖြစ် အရက်မျိုးစုံ။ ပြီးတော့ ဝိုင်ဖြူနှင့် ဝိုင်နီ။

'Mini-bar?

'No, thank you, merci'

အင်္ဂလိပ်လို Thank you နဲ့တင် မလုံလောက်ပါ။ မက်ဆီးဆိုတာကလည်း ထည့်ပြောပါမှ ပြင်သစ်တို့ သဘောကျလေသည်။ နှုတ်ခမ်းပါးပါး နီနီကလေးကို ပြုံးရင်း နောက်တစ်ခန်းဘက်ကို ကူးသွားတော့မှ သူလည်း တံခါးပိတ်ဖြစ်တော့သည်။ စင်စစ် 'ကျေးဇူးပြု၍ မနှောင့်ယှက်ပါနှင့်' လို့ ရေးထားသည့် စက္ကူကတ်ထူထူကလေးကို တံခါးလက်ကိုင်မှာ စွပ်ထားဖို့ သူ မေ့သွားသည်။ ကတ်ပြားချိတ်ထားသည့် အခန်းတွေကို သူတို့ တံခါးခေါက်လေ့မရှိ။ မြေညီထပ်မှာ အမြဲတမ်းဖွင့် Bar room ရှိမှန်း သူသိပါသည်။ ဒါကတော့ ထိုင်ရာမထ အောက်ထပ်မဆင်းချင်သူတွေ တစ်ပက်စ နှစ်ပက်စ သောက်ချင်ရင် သောက်နိုင်ဖို့ စီစဉ်ပေးခြင်း ဖြစ်သည်။

သူက တီဗီကို ဖွင့်ကြည့်သည်။ တီဗီက ပြင်သစ်နိုင်ငံလုပ် တီဗီ။ ချယ်နယ်တိုင်းမှာ ကမ္ဘာ့ဖလား ဘောလုံးပွဲကြီးအတွက် ကြိုတင်ပြင်ဆင်နေကြတာတွေကို ထုတ်လွှင့်ပြသနေသည်။ ခြေစစ်ပွဲ အောင်မြင်ခဲ့သူတို့၏ နိုင်ငံအလုအပနှင့် အောင်ပွဲတွေကို နိုင်ငံအလိုက် ပြသနေတာတွေ ပါသည်။ ဘောလုံးအခြေခံ ကြော်ငြာတွေ ပါသည်။ အက်ဒီးဒတ်စ်၊ ဗီလာ၊ အိုပယ်လ်၊ မက်ဒေါနဲလ်ဟမ်ဘာဂါ၊ ဆနစ်ကားစ်၊ ဟျူးလက်ပက်ကာ့ဒ် ကွန်ပျူတာ။ ကြော်ငြာတွေက Computerized များသည်။ မြန်မာကြော်ငြာတွေလို သီချင်းတွေနှင့် မဟုတ်။ 'သောက်လိုက် သောက်လိုက်' ဆိုသည့် အရက်မြူဆွယ် ကြော်ငြာတွေ မရှိ။ သူတို့ကြော်ငြာတွေက နိမိတ်ပုံတွေ၊ တင်စားချက်တွေ၊ ကွန်ပျူတာသုံး အရောင်အကူးအပြောင်းတွေ များသည်။ သူ စိတ်အဝင်စားဆုံးကတော့ အက်ဒီးဒတ်စ် ဘောလုံးကန်ဖိနပ် ကြော်ငြာဖြစ်သည်။ ကြီးမားသောဘောလုံးကွင်းကြီးထဲကဖြတ်လာသော ဖိနပ်မဲ့ခြေထောက်၊ ခြေထောက်ပိုင်ရှင်က အခန်းကြီးတစ်ခန်းထဲ ရောက်၊ အခန်းကြီးထဲက ကျောက်သားမျက်နှာပြင်ကြီးမှာ ဘောလုံးကန်ဖိနပ်တွေ ရာနှင့်ချီကာ အစုံလိုက်ချိတ်ထားတာ အပြည့်၊ လက်နှစ်ဖက်က ဘောလုံးကန်ဖိနပ်တစ်စုံကို လှမ်းဆွဲယူလိုက်



သည်။ ယူလိုက်သည့် ဖိနပ်တစ်စုံ၏အောက်နားမှာ နာမည်ရေးထားသည်။ ဒယ်လ်ပီယာရို။ ကမ္ဘာကျော် အီတလီ ရှေ့တန်းတိုက်စစ်မှူး။ အဲသည်တော့မှ လှမ်းယူလိုက်သည့်လူကို အနီးကပ်ပြသည်။ ဒယ်လ်ပီယာရိုပါပဲ။

ဒယ်လ်ပီယာရိုက ဖိနပ်စီးကာ ဘောလုံးကိုကန်ဖို့ တည်လိုက်သည်။ အခန်းတွင်း ကျောက်သားမျက်နှာပြင်ရဲ့ မြင့်မားသောတစ်နေရာမှာ ဘောလုံးတစ်လုံးစာ အပေါက်တစ်ပေါက် ရှိသည်။ ဒယ်လ်ပီယာရိုအရင် ကန်နှင့်ပြီးကြသော ဘောလုံးတွေက အခန်းထဲမှာ ပြန့်ကျဲနေသည်။ အပေါက်ထဲကို တန်းတန်းမတ်မတ် မဝင်ခဲ့ကြသည့် ဘောလုံးများ၊ ဒယ်လ်ပီယာရို ကန်လိုက်သည့် ဘောလုံးကတော့ အပေါက်ထဲ တန်းတန်းမတ်မတ်ကြီး ဝင်သွား။ အဲသည်အပေါက်ကြီးကပဲ ရေတွေ ပန်းထွက်လာ၊ ရေတွေရဲ့ဘေးက လွတ်အောင် သွန်ပြေးနေသူကလည်း ကမ္ဘာကျော်ဘောလုံးသမား၊ ကလူးဗာ့ထ်၊ အနှေးရိုက်ချက်၊ ပြီးတော့ အဖြူအမည်းကြော်ငြာ။

ရော်နယ်ဒိုအပါအဝင် ကမ္ဘာကျော် ဘောလုံးအကျော်အမော်တို့နှင့် ရိုက်ကူးထားသည့် ကြော်ငြာတွေကလည်း ဖျတ်ခနဲ ဖျတ်ခနဲ။ အိပ်ချင်သော်လည်း Channels တွေ တစ်ခုပြီးတစ်ခု ပြောင်းကြည့်ဖြစ်သည်။ သူတို့ဆီမှာက ချယ်နယ်တိုင်းလိုလိုက နှစ်ဆယ့်လေးနာရီ အစီအစဉ်တွေ ဖြစ်ပုံရသည်။ သည်တော့ ခဏကလေးဝင်ဝင်ပြတတ်သည့် 'Commercial presentation' ဆိုသည့် အစီအစဉ်ကိုလည်း သူ သတိထားမိသည်။ ကုန်ပစ္စည်းတစ်ခု၏ စွမ်းဆောင်ရည်နှင့် ကိုယ်တွယ်ပုံစနစ်ကို စားသုံးသူတို့ အလွယ်တကူ သိနားလည်နိုင်၊ သုံးစွဲနိုင်အောင် မိတ်ဆက်သည့် စီးပွားရေးအစီအစဉ် ဖြစ်သည်။ ဥပမာ ကာယလေ့ကျင့်ခန်းသုံး Physical Strider မျိုး၊ ပလတ်စတစ်ငါးစာသုံး စက်ရစ်ငါးမျှားတံမျိုး၊ PVA[၁] ခေါ် လေစုပ်ထုတ်ယူနိုင်သည့် ခရီးသွားအိတ်မျိုး။

PVA ကတော့ တော်တော့်ကိုကောင်းသည်။ ခေါင်းအုံးနှစ်လုံး၊ မွေ့ရာခင်းထူထူ၊ စောင်ထူထူ၊ အင်္ကျီနှင့် အဝတ်အစားတော်တော်များများ၊ ကလေးကစားစရာ အဝတ်ရုပ်တွေအားလုံးကို အိတ်ကြီးထဲထည့်၊ ဇစ်ပိတ်၊ ဖုန်စုပ်စက်နှင့် စုပ်လိုက်တော့ အိတ်ကြီးက ပြားချပ်သွား၊ ဖောင်းကားနေ

PVA = Powerful Vacuum Action.

သည့် အိတ်ကြီးက ပြားချပ်ချပ်ဖြစ်သွားတော့ တွန့်ကြေသွားလေမလား။ မတွန့်မကြေပါ။ ဇစ်ကိုဖွင့်လိုက်တော့ ပကတိအတိုင်း။ ကြော်ငြာသက်သက် မဟုတ်။ စာသုံးသူ အိမ်ရှင်မအမျိုးသမီး နှစ်ဆယ်လောက်ကို ဖိတ်ကြားကာ ခပ်ရှင်ရှင် ခပ်သွက်သွက်ကလေး ဟာသနှောပြသရင်း မိတ်ဆက်သည့် အစီအစဉ်ဖြစ်သည်။ စားသုံးသူတို့ ပညာလည်းရ၊ ပျော်လည်းပျော်ရွှင်ရ၊ ထုတ်လုပ်သူတို့လည်း အကျိုးရှိ၊ ကြော်ငြာဌာနတွေကလည်း ဝင်ငွေရ။ သူကတော့ အရက်နှင့် စီးကရက်ကြော်ငြာတွေများသော သူ့တိုင်းပြည်မှာ Commercial Presentation လုပ်ပြရလျှင် ကောင်းပါ့မလား စဉ်းစားနေမိသေးသည်။ လူယောကျ်ား နှစ်ဆယ်လောက် ဖိတ်၊ အစီအစဉ်တင်ပြသူက တစ်ခွက်ပြီး တစ်ခွက်သောက်ပြ။ မြတ်စွာဘုရား…။

တီဗီကို ပိတ်လိုက်ကာ ခုတင်ပေါ်သို့ လှဲလိုက်သည်။ ပန်းပွင့်ထိုး ခန်းဆီးကြီးက ငြိမ်သက်လေးလံနေသည်။ ဇာဖြူပါးပါးကလည်း လေအေးစက်သုံး အခန်းထဲမှာ ပကတိငြိမ်…။ နှင်းမိုးဖြောက်ဖြောက်…။ သည်လိုနှင့် သူ အိပ်ပျော်သွားလေသည်။

✤

နံနက်စောစော နိုးနေသည်။ မထချင်သေး။ ပါရီ နံနက်ခင်းကပဲ အေးတာလား၊ လေအေးစက်ကပဲ အေးတာလား။ အေးတော့ အေးနေလေသည်။ တီဗီကို ထဖွင့်ကာ CNN သတင်းတွေ ကြည့်ဖြစ်သည်။ ကမ္ဘာ့ ဘောလုံးပြိုင်ပွဲမှာ ဖောက်ခွဲဖျက်ဆီးရေးတာဝန် ယူထားကြသည့် အော်စလင် စစ်သွေးကြွတို့၏ ဖမ်းမိထားသော လက်နက်ခဲယမ်း မီးကျောက် တွေကို ထုတ်လွှင့်နေသည်။ Secam 3 Channel က ပြင်သစ်ဘာသာဖြင့် သတင်း။ M6 Channel က Pop အဆိုတော်တွေရဲ့ တေးသံများ၊ CNN က လက်နက်ခဲယမ်းတွေ၊ Eurosport က ရယ်လီကားပြိုင်ပွဲ တိုက်ရိုက် ထုတ်လွှင့်ချက်…။ TF 1 Channel က ပြင်သစ်ဂန္ထဝင်ရုပ်ရှင်…။

သူ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ကာ ခြေအိတ်ကို စွပ်ရပြီ။ ဘောင်းဘီရှည်ကို ဝတ်၊ အဖြူရောင်တီရှပ်ကို ပေါ့ပေါ့ပါးပါး ဝတ်ကာ အောက်ဆုံးမြေညီထပ်ကို နံနက်စာ စားဖို့ဆင်းသည်။ အခန်းထဲမှာ နံနက်စာ စားနေသူတွေ တော်တော်ရောက်နေပြီ။ မှန်တံခါးကို တွန်းဖွင့်ကာ ခပ်သည်တည်ဝင်လိုက်ရင်း နေရာလွတ်ကို အရင်ရှာရသည်။ စားပွဲပေါ်က ကော်ဖီပန်းကန်ကို ယူ၊ ကော်ဖီရည်ကရားထဲက ငှဲ့၊ နို့ထည့်၊ စားပွဲပေါ်က သကြားခဲထုပ်ကို ယူ၊ ဒိန်ချဉ်ဘူး တစ်ဘူးယူ၊ နှမ်းဖြူးပေါင်းမုန့်ပွ နှစ်လုံး ယူ၊ ချိစ်တစ်တုံးယူ၊ စားပွဲကို ပြန်ထား၊ ဖန်ခွက်လပ်ကို ယူကာ သစ်သီး ဖျော်ရည်တွေထဲက အနှစ်များသည့် အရည်ကရားကို ရွေးကာ ငှဲ့ထည့်၊ ပြီးသား၊ ရပြီ။ ပထမဆုံး သစ်သီးဖျော်ရည် ကုန်အောင်သောက်၊ ကော်ဖီ ပန်းကန်ထဲ သကြားခဲတွေဖောက်ထည့်၊ ပေါင်မုန့်ကို ဓားနှင့်ထက်ခြမ်းခွဲ၊ ဓားနှင့် ချိစ်ကို ကော်ပြီးသုတ်၊ နို့ချဉ်ဘူးကို ဖွင့်၊ ဇွန်းနဲ့ကော်စား၊ ပေါင်မုန့် ကိုက်စား၊ ကော်ဖီကျိုက်ချ။ ဘာတွေမှန်းမသိ။ သူစားတာ စနစ်တကျကော

ဟုတ်ရဲ့လား။ ဘေးကိုလည်း ကြည့်ရသေးသည်။ ဥရောပသားတွေကတော့ စနစ်တကျ ဖြည်းဖြည်းဆေးဆေး။ ထောပတ်ခဲကို ဓားနဲ့ကော်ကာ ပေါင်မုန့်ချပ်တွေမှာ တိတိကျကျ သုတ်နေကြလေသည်။ ဂျပန်တွေ၊ အိန္ဒိယလူမျိုးတွေ၊ မလေးလိုလို အရှေ့တိုင်းသားတွေကတော့ သူစားတာနဲ့ သိပ်မကွာခြားပါ။ အာရှစား စားနေကြသူတွေချည်း။

သူ့အခန်းပေါ် ပြန်တက်ကာ အဝတ်အစားကောင်းကောင်း ပြန်လဲရသည်။ ဘရစ်ဂျစ် လာတော့မည်။ သူမလာခင် ဟိုတယ်ဝကို ဆင်းကာ မျှော်နေလိုက်လျှင် သူမ ကျေနပ်ဝမ်းသာနေလိမ့်မည်။ မိန်းကလေးတော်တော်များများက သူတို့နောက်ကျတာကို ခွင့်လွှတ်သည့် ယောကျ်ားတွေကို သဘောကျတတ်သည် ဆိုလား။ ပြီးတော့ သူတို့ကို တလေးတစားမျှော်မော နေရသည်ဆိုလျှင် ပိုပြီးသဘောကျတတ်သတဲ့။

ဘရစ်ဂျစ်ကားလေး ရောက်လာတော့ သူ မျှော်နေတာ ကြာသည့်ပုံ လုပ်ပြလိုက်သည်။

'ဝင်းရယ်… အိုက်တင်ကလည်း မကောင်းလိုက်တာ။ မင်း သက်သက် ဆင်းမျှော်နေတာပါကွာ။ အချိန်တွေ နှမြောစရာကြီး'

ဘရစ်ဂျစ်က နောက်တော့လည်း သူရှက်သည်။ ပြီးတော့လည်း ပါရီ၏ လမ်းကျဉ်းကလေးတွေပေါ်ကို ရောက်ခဲ့ပြီ။ လမ်းဘေးက တိုက်မြင့်မြင့်ကြီးတွေက ရာစုနှစ် တော်တော်များများဖြတ်သန်းခဲ့မှန်း သိသာသည်။ ပါရီ၏ မြို့လယ်တိုက်ခန်းတွေမှာက ဒီဇိုင်းကနုတ်ခက်တွေ ပါသည်။ သံဝရန်တာကလေးတွေ တပ်ဆင်မထားသည့် တိုက်ခန်းတွေရယ်လို့ မရှိ။ ပြီးတော့ သံဝရန်တာကလေးတွေ တပ်ဆင်မထားသည့် တိုက်ခန်းတွေရယ်လို့ မရှိ။ ပြီးတော့ သံပန်းဝရန်တာကလေးကို ဆေးမည်းသုတ်ထားတာချည်း။ ကျောက်သားရောင် ဝါဖျော့ဖျော့နှင့် သံဝရန်တာမည်းမည်းတွေက ပါရီမြို့ပြ၏ သင်္ကေတဟု ဆိုသည်။

သူ မြင်သမျှ သံဝရန်တာ ဒီဇိုင်းတွေကလည်း အမျိုးမျိုး။ အကွက်အဆင်အဆန်းဆန်း။

'သည်ဝရန်တာကလေးတွေရယ်၊ လေသာဆောင်ကလေးရယ်၊ အဲသည်နောက်က ပိတ်ထားတဲ့ တံခါးပြတင်းတွေရယ်ဟာ ပါရီရဲ့ သင်္ကေတပဲ။ တခြားမြို့ပြကြီးတွေမှာလို တံခါးပြတင်းတွေဖွင့်ပြီး အဝတ်တွေတန်းထိုး



ပြီး လှန်းထားတာမျိုးလည်း တွေ့ရမှာမဟုတ်ဘူး။ လူမှနေကြရဲ့လားလို့တောင် သံသယဖြစ်စရာကောင်းအောင် နှစ်ပေါင်းများစွာ သည်လိုပဲ နေကြတာ'

ဘရစ်ဂျစ်က ရှင်းပြတော့မှ သူလည်း သတိထားမိပါသည်။ သံဝရန်တာကလေးတွေမှာ ချိတ်တွယ်ထားတတ်သော လေးထောင့်ပန်းစိုက်အိုးကလေးတွေထဲက ပန်းပွင့်ရောင်စုံတွေသာ ပွင့်မနေလျှင် ပါရီ၏ မြို့ပြတိုက်ခန်းတွေမှာ လူတွေမှနေကြရဲ့လား တွေးချင်စရာ ဖြစ်သည်။ ပိတ်ထားသည့် ပြတင်းများ၊ သံဝရန်တာပေါ်က ပန်းပွင့်ရောင်စုံ။ ဘယ်အထပ်ကို ကြည့်ကြည့် သည်အတိုင်း။ လှပစွာငြိမ်သက်ခြင်း။

'ပါရီလူဦးရေက ဆယ့်တစ်သန်းလောက် ရှိတယ်။ မြို့ပေါ်မှာက နှစ်သန်းလောက်ပဲနေပြီး ဆင်ခြေဖုံးမှာ ကိုးသန်းလောက်နေကြတယ်။ ပြီးတော့ ရပ်ကွက်ကြီးပေါင်း နှစ်ဆယ်လောက်ရှိပြီး မင်းနေတဲ့ ဟိုတယ်က နံပါတ် ခုနစ်ရပ်ကွက်ကွ။ ဝန်ကြီးဌာနကြီးတွေ ရုံးစိုက်တဲ့ရပ်ကွက်လေ'

သူ့ဟိုတယ်နားမှာပဲ ပညာရေးဝန်ကြီးဌာန အဆောက်အအုံရှိတာ သူ တွေ့ခဲ့သေးသည်။ ပါရီရဲ့ မြို့တွင်းလမ်းမကြီးဘေးတွေမှာ တွေ့ရတာတစ်ခု ရှိသေးသည်။ ကြီးမားလွန်းလှသည့် သံတံခါးမြင့်မြင့်ကြီးတွေ ဖြစ်သည်။ ပြီးတော့ သည်သံတံခါးကြီးတွေကလည်း ပိတ်ထားကြတာ များသည်။ ခြင်္သေ့ခေါင်း၊ ကျားခေါင်းရုပ်ပါ လက်ကိုင်ကွင်းကြီးတွေ၊ ကနုတ်ခက်သွန်း တံခါးသံပေါင်ကြီးတွေ။ အရောင်ရင့်ရင့် ပိန်းပိန်းကြီးတွေ သုတ်ထားသည့် မြင့်မားလှသည့် သံတံခါးကြီးတွေ။ ဒါတွေကကော ဘာလဲ။ ဘရစ်ဂျစ်ကို မေးကြည့်ရသည်။

'ဝင်းက သတိထားမိသားပဲ။ အဲဒါတွေကလည်း ဆယ့်ခုနစ်ရာစု၊ ဆယ့်ရှစ်ရာစု ပြင်သစ်လူကုံထံတွေရဲ့ ဆင်းရဲသားလူထုတွေနဲ့ စည်းခြားမှုတွေပေါ့။ အထဲမှာ ကြီးမားတဲ့ရဲတိုက်ကြီးတွေ၊ ဂေဟာကြီးတွေ ရှိတယ်။ ဥယျာဉ်ပန်းခြံနဲ့ ဝင်းကျယ်ကြီးနဲ့နေခဲ့ကြတဲ့ ယဉ်ကျေးမှုကလည်း ကြီးတယ်လေ။ အဲဒါတွေကို ခုတော့ ဆွေစဉ်မျိုးဆက် ပိုင်ဆိုင်ခွင့် ပေးထားတာတွေလည်း ရှိတယ်။ သက်ကြီးရွယ်အို ရိပ်သာလိုဟာမျိုးကို အစိုးရက ကြီးမှူးပြီး ဖွင့်လှစ်ထားလိုက်ရတာတွေလည်း ရှိတယ်။ များသောအားဖြင့်ကတော့ အစိုးရက ပိုင်ဆိုင်ခွင့် ရှိသူတွေဆီက ပြန်ဝယ်ယူပြီး မဖျက်မဆီးဘဲ ရှေးမှု

မပျက် ထိန်းသိမ်းထားတယ်။ ဆွေမျိုးသားချင်းတွေကလည်း နှစ်စဉ်ပြုပြင် ထိန်းသိမ်းစရိတ်က ကြီးတော့ အစိုးရကို လှူသင့်တာလှူ၊ ရောင်းသင့်တာ ရောင်းကြတယ်။ အစိုးရကလည်း ကတိပေးထားတယ်။ ဘယ်တော့မှ မဖျက်ဆီးပါဘူးလေ'

တစ်နေရာမှာတော့ ဖွင့်ထားသော သံတံခါးကြီးကို တွေ့သည်။ အတွင်းမှာ ဘရစ်ဂျစ်ပြောသလို ကြီးမားခံ့ထည်သည့် လူကုံထံတို့၏ စံအိမ်တော်၊ မြက်ခင်း၊ ပန်းဥယျာဉ်၊ သစ်ပင်ကြီးတွေ၊ ထင်းရှူးပဒေသာပင်ကြီးတွေနဲ့ ကျောက်ဖြူသား စံအိမ်တော်။ ရာစုဟောင်းတွေတုန်းကတော့ သည်သံတံခါးကြီးရဲ့ အတွင်းနဲ့ အပြင် ဘယ်လောက်တောင် ဝေးလျားကွာခြားခဲ့သလဲ။

ပါရီမြို့တွင်းကတော့ ခြံနှင့်ဝင်းနှင့် အိမ်ရယ်လို့ မရှိ။ အထပ်မြင့်ရှေးဟောင်း အဆောက်အအုံတွေချည်းဆိုတော့ ကားကလေးတွေကလည်း လမ်းပေါ်မှာပဲ ထားကြရသည်။ တစ်မျှော်တစ်ခေါ် ဝေးဝေးအထိ ကားတန်းရှည်တွေကို နေရာတိုင်းမှာ တွေ့နိုင်သည်။ သို့သော် ကားလမ်းပြည့်ကျပ်မှု မရှိ။ မီးပွိုင့်စောင့်ရတာလောက်ပဲ ကြာသည်။ လမ်းကျဉ်းကလေးပေါ်မှာ ကားတစ်စီးတလေ ပိတ်မိနေတာမျိုးကလွဲလျှင် ယာဉ်ကြော ချောမွေ့ပါသည်။ ပါရီမြို့တွင်း မြင်ကွင်းတွေမှာ စိမ်းလန်းသော သစ်တောဥယျာဉ်ကြီးတွေ၊ ရှယ်တူသစ်ပင် မြင့်မြင့်အုပ်အုပ်ကြီးတွေလည်း တွေ့နေရသည်။ မြို့စွန်တွေမှာ သစ်တောဖြတ်လမ်းကြီးတွေ၊ သမင်ဖြတ်လမ်း (Deer crossing) တွေလည်း ရှိသတဲ့။ မြို့တွင်းသစ်ပင်တွေကတော့ မြန်မာပေါက်ပင်နှင့် ခပ်ဆင်ဆင်တူသည့် ရွက်အုပ်ဖားဖား ပင်ရိုးရှည်ရှည်မြင့်မြင့်ကြီးတွေ ဖြစ်သည်။

ဘရစ်ဂျစ်က ဘယ်ကိုမောင်းနေသည် ဆိုတာလည်း မပြောသေး။ ဘယ်သွားမယ်ဆိုတာလည်း မသိရ။ တော်တော်လေး မောင်းလာပြီးတော့မှ ရှည်လျားသော တံတားကြီးတစ်စင်းဘေးမှာ ကားရပ်လိုက်သည်။ သည်တံတားကြီးပေါ်က မြေအောက်ရထား သွားသည်ဆို၏။ မြေအောက်ရထားတွေ ဆိုသော်လည်း တချို့နေရာတွေမှာ မြေပေါ် တံတားကြီးပေါ်က ရုတ်တရက် ဘွားခနဲ ဝေါခနဲ ဖြတ်သန်းသွားတာလည်း ရှိတတ်သည်။



သည်တံတားကြီး အောက်မှာတော့ ရပ်ကွက်ဈေးကလေး။ ဘရစ်ဂျစ်က သူ့ကို သည်ဈေးကလေးဆီကို ခေါ်လာခြင်း ဖြစ်သည်။ ပါရီမှာ ရပ်ကွက်အလိုက် ဈေးတန်းကလေးတွေ ရှိသည်။ တချို့ရပ်ကွက်က တစ်ပတ် နှစ်ရက်ဈေး။ တချို့ရပ်ကွက်ကတော့ တစ်ပတ်လုံးဈေး။ ယာယီအမိုး၊ ယာယီဆိုင်ခင်းကလေးတွေနှင့် ရောင်းချကြသည်ဆို၏။ နံနက် ခုနစ်နာရီလောက်မှာ ဈေးဖွင့်ကြပြီး နေ့လယ်မွန်းလွဲ တစ်နာရီလောက်ဆိုလျှင် ဈေးသိမ်းကြရသည်။

'ဈေးသိမ်းတယ် ဆိုတာကလည်း ကိုယ့်အိမ်က ဈေးကားဖင်ထိုးပြီး အကုန်လုံး ပြန်တင်သွားတာ ဝင်းရဲ့။ တိုင်တွေ၊ အမိုးတွေ၊ မီးလုံးတွေကအစ ပြန်သိမ်းသွားတော့ ဈေးဆိုတာ အစအနတောင် မမြင်ရတော့ဘူး'

ဟုတ်လောက်သည်။ ဈေးကားတွေက ကိုယ့်ဆိုင်ရဲ့နောက်မှာ အရန်သင့်။ တချို့ကားရှည်ကြီးတွေက ဘေးဖွင့်လိုက်တာနှင့်ပင် မှန်ကောင်တာတွေ ပေါ်လာကာ အပေါ်က သံမဏိအမိုးကိုင်းကို ဆွဲချလိုက်ရုံနှင့် လှပသည့် အမိုးအစင်းကြားကလေးနှင့် ဈေးဆိုင်ကလေး ဖြစ်သွားသည်။ ဈေးကလေး၏ အဓိက မြင်သာသည့်အချက်ကတော့ လှပသေသပ်ခြင်း၊ သန့်ရှင်းသပ်ရပ်ခြင်းနှင့် လတ်ဆတ်ရွှန်းသစ်ခြင်းတွေ ဖြစ်သည်။ ရောင်းချကြသည့် ပစ္စည်းအမယ်တွေကတော့ စုံလွန်းသည်။ သစ်သီးမျိုးစုံ၊ ဟင်းချက်စရာမျိုးစုံ၊ ဟင်းသီးဟင်းရွက်မျိုးစုံ၊ မုန့်မျိုးစုံ၊ ဒိန်ခဲအရွယ်အစားစား၊ သစ်သီးခြောက်နှင့် ပန်းများ၊ ရေမွှေးရာပရဆေးထုပ်များ၊ သားငါးနှင့် ဟင်းလျာအမျိုးမျိုး၊ စက်နှင့် ကင်သည့် အသားကင်မွှေးမွှေး၊ လူသုံးကုန်မျိုးစုံ၊ အလှကုန်မျိုးစုံ၊ သစ်ဥသစ်ဖုမျိုးစုံ၊ အသင့်ဝတ်အထည်မျိုးစုံ၊ ဈေးကြီးတစ်ဈေးမှာ ရနိုင်သည့် ကုန်စည်တွေ။ ဝယ်ယူသူတွေကလည်း ဈေးလမ်းကျဉ်းကျဉ်းမှာ လူတစ်ဝက် ခွေးတစ်ဝက်။ ဈေးဝယ် လက်တွန်းလှည်းတွေလည်း ပါသည်။ ကလေးလက်တွန်းလှည်းတွေလည်း ပါသည်။ ဈေးခြင်းနှင့် ဝယ်သူက ဝယ်သည်။ ဈေးဝယ်အိတ် (Shopping Bag) နှင့် ဝယ်သူက ဝယ်သည်။

သူကတော့ ဘာတွေဝယ်ရမှန်း မသိ။ ဘရစ်ဂျစ်ကတော့ ချယ်ရီသီးငရဲကလေးတွေ ဝယ်ကာ သူ့ကို လာကျွေးသည်။ ရန်ကုန်မှာ မရှိသည့် သစ်သီးရောင်စုံကို တအံ့တသြတွေ့နေရသည်။ တိရစ္ဆာန်အသားပြား ထုထုကြီးတွေကလည်း ကြော်ထား၊ ကင်ထားလိုက်တာ ကိုက်ဖွဲ့စားလိုက်ချင်စရာ။

တချို့ဆိုင်က ဆိုင်းဘုတ်ကလေးတွေတောင် ချိတ်ထားသေး။ တချို့ဆိုင်က တော့ အော်ကာဟစ်ကာ ရောင်းကြ။ လာကြနော်… ဟောသည်မှာ ပေါပေါ ပေးနေပြီ ဆိုတာမျိုး။

'ဈေးနှုန်းကတ်ပြားလေးတွေ ချိတ်ထားတော့ ဝယ်သူက တွက်ချက် ဝယ်လို့ရတယ်လေ။ သန့်ရှင်းမှုနဲ့ လတ်ဆတ်မှုကို မြှုနီစပယ်က အမြဲတမ်း စစ်ဆေးနေတာကွ။ ရန်ကုန်မှာ သည်လိုဈေးကလေးတွေ ရှိသလား'

'ရှိတယ်။ ဈေးကြီးတွေဆီ မသွားချင်သူတွေက ရပ်ကွက်ဈေးကလေး တွေမှာ ဝယ်နိုင်တယ်။ တို့ဆီမှာတော့ ကီလိုဂရမ်နဲ့မဟုတ်ဘူး။ ပိဿာနဲ့ ကျပ်သားဆိုတာ သုံးတယ်'

သူက ငါးကျပ်သားဆိုတာ ၁.၅ ဗို့ ဓာတ်ခဲတစ်လုံးနဲ့ အလေးချိန် တူတယ်ဆိုတော့ ဘရစ်ဂျစ် အံ့ဩနေသည်။ ပြီးတော့ အလေးတင်းတောင်း တွေနဲ့ ပတ်သက်ကာ မေးနေတော့သည်။ သူ သိပါသည်။ Standard-ization ကို သူမေးနေခြင်း ဖြစ်သည်။

'တို့လူမျိုးက သူသာတာ ငါနာတာ သိပ်မတွက်ကြဘူး ဘရစ်ဂျစ်ရဲ့။ သိပ္ပံမဆန်ဘူးပေါ့ကွယ်။ ဝိဇ္ဇာဆန်တယ် ဆိုကြပါစို့။ ရပ်ပိုင်းတင်းတောင့်မှု ထက် စိတ်ပိုင်းပျော့ပျောင်းမှုကို ပိုပြီးဦးစားပေးတယ်။ ကိုယ်က နာရင်တောင် စိတ်ထားတတ်ရင် ကုသိုလ်ရတယ်လို့ သဘောထားကြတာလေ'

'ဟုတ်တယ်ကွ။ မင်းတို့မြန်မာတွေ သဘောကောင်းတယ်။ ဒါတော့ ကိုယ် လက်ခံပါတယ်။ ဒါပေမဲ့ သဘောကောင်းတာနဲ့ မသေချာတာနဲ့တော့ မဆိုင်ဘူးထင်တယ် ဝင်းရဲ့'

သူကတော့ ဘာမှမပြောတော့ပါ။ ဘရစ်ဂျစ်ကတော့ အိတ်တစ်လုံး နှင့် သစ်သီးတွေ ဝယ်သည်။ ပေါင်မုန့် လက်မောင်းလောက်ကြီးတွေ ဝယ်သည်။ ဒိန်ခဲ၊ ဝက်ပေါင်ခြောက်၊ သစ်သီးခြောက်တချို့နှင့် ပန်းသီးယိုဘူး တွေ ဝယ်သည်။ သူ သဘောကျတာကတော့ ပန်းသီးရောင်စုံ၊ မှိုရောင်စုံ၊ အာလူးရောင်စုံ။ ပေါင်မုန့်ကျတော့မှ ခပ်တူးတူးမည်းမည်း။

'တူးပြီး၊ မည်းကြမ်းနေမှ ပေါင်မုန့်ပီသတာလေ။ ပြင်သစ်ပေါင်မုန့်က ကမ္ဘာကျော်ကွ။ မာရီအင်တွိုင်းနေး မိဖုရားက လူတွေကလည်း ပေါင်မုန့်



အလျှင်မီအောင် မစားရတာကိုပဲ စကားလုပ်ပြောနေကြတယ်။ ပေါင်မုန့် ရရင် ကိတ်မုန့် စားကြရောပေါ့ ဆိုတာလေ။ ကြားဖူးသလား ဝင်း'

ဘရစ်ဂျစ်က ပြောရင်း ရယ်လေသည်။ ပြင်သစ်ပေါင်မုန့်ကြီးတွေက တော့ တကယ့်ကို ပန်းချီမဆန်လှပါ။ ပြီးတော့ အရွယ်အစားအမျိုးမျိုး၊ တချို့ပေါင်မုန့်တွေက ကိုက်လို့ ဖဲ့လို့မှ ရပါ့မလား။ ပျင်းတွဲတွဲ ကြမ်းထော် ထော် ပေါင်မုန့်ခြောက်တွေလည်း ရှိသည်။ နှစ်ရက်လောက် ရေစိမ်ထားတာ တောင် နူးပါ့မလား။

ဈေးကလေးက ထွက်လာပြီး ခပ်လှမ်းလှမ်းက ရှေးဟောင်းပစ္စည်း ရောင်းသည့် ကျူရီယို ဆိုင်ကလေးတွေဆီကို လာခဲ့ကြသည်။ ဆိုင်ကလေး တွေက ခေတ်မီဒီဇိုင်းပုံစံတွေနှင့် ဆောက်ထားသည်။ အထူးသဖြင့် ရှေး ဟောင်း ပစ္စည်းတွေကို လမ်းကမြင်နိုင်အောင် မှန်တော်တော်များများကို သုံးထားသည့် ဒီဇိုင်းတွေ ဖြစ်သည်။ ရှေးဟောင်းပစ္စည်းတွေကို လူတိုင်း ရောင်းနိုင် ဝယ်နိုင်ကြသည်ဆို၏။ လူပီ ၁၅ ခေတ် အနုပညာပစ္စည်းတွေ ဆိုဦးတော့၊ လွတ်လပ်စွာ ဝယ်ယူသယ်ဆောင်ခွင့် ပေးထားသည်။

'အထူးသဖြင့် လာဝယ်ကြတာ အမေရိကန်တွေ ဝင်းရဲ့။ သူတို့ရဲ့ ယဉ်ကျေးမှုသမိုင်းက နုနယ်တော့ သမိုင်းရင့်သူတွေရဲ့ ရှေးဟောင်းလက်ရာ တွေကို သိပ်မြတ်နိုးတာ တွေ့ရတယ်'

'အသလို သယ်သွားတော့ ပြင်သစ်အစိုးရက သယ်ယူခွင့်ပြုသလား'

'သယ်ယူခွင့်ပြုတယ်တော့လည်း မဟုတ်ဘူးပေါ့'

'သဘောပေါက်ပြီ'

သူကတော့ ရှေးဟောင်းဆိုင်ကလေးတွေဘေးက ကပ်လျှောက်ရင်း တစ်ခုချင်း လိုက်ကြည့်နေလိုက်သည်။ ဓားမြှောင်ပါးပါးကလေးကိုပဲ အလွှာ ပါးပါးကလေးတွေ ထပ်ထွက်အောင် ခွဲဖြာထားတာကလည်း အံ့ဩစရာ။ တချို့ဆိုင်တွေမှာတော့ တရုတ် ဟန်မင်းဆက်သုံး ပစ္စည်းဟောင်းတွေ ခင်းကျင်းထားသည်။ သူက မြန်မာရှေးဟောင်းပစ္စည်းတွေကို သိသလား၊ မေးပေးစမ်းပါ ဆိုတော့ ဆိုင်ရှင်ပြင်သစ် အမျိုးသမီးက အရမ်းကို စိတ်ဝင်စား ကြတာပေါ့။ အထူးသဖြင့် မြန်မာရှေးဟောင်းပစ္စည်းတွေက ထိုင်းကတစ်ဆင့် ရတယ်လေဟု ဖြေကြောင်း ဘရစ်ဂျစ်ကတစ်ဆင့် ဘာသာပြန်ပေးသည်။

ရှေးဟောင်း ဆိုင်ကလေးတွေက ပြန့်တော့ မိုးမှုန်ကလေးတွေ ကျနေသည်။ ကားထဲ ဝင်ထိုင်ရင်း ရင်သိုင်းကြိုးတွေ ပတ်လိုက်ကြသည်။

'မြို့ကို လျှောက်ကြည့်ရအောင်'

မြို့၏တစ်နေရာက နပိုလီယန်ဗိုနာပတ် ကျောင်းနေခဲ့ဖူးသည့် စစ်ဖက်ဆိုင်ရာ အကယ်ဒမီ[၁] အဆောက်အအုံကြီးကို ဘရစ်ဂျစ်က လှမ်းပြသည်။ ၁၇၈၄ ခုနှစ်က သည်ကျောင်းကိုရောက်ခဲ့သည့် နပိုလီယန်ဗိုနာပတ်။ သည်ကျောင်းကထွက်တော့ အမြောက်တပ်မှာ ဒုဗိုလ်ကလေး ဖြစ်နေပြီ။ ကမ္ဘာကျော် ဗိသုကာပညာရှင် 'ဂျက်အန်းဂယ်ဗရီယယ်လ်'[၂] ဆောက်လုပ်ခဲ့သည်ဆို၏။ စစ်ကျောင်းကြီးက ကျော်လာတော့ ပြင်သစ်ဘာသာနှင့် အန်ဗားလီးလို့ အသံထွက်သည့် Les Invalides အဆောက်အအုံကို မြင်နေရပြီ။

'မစ်လစ်ထရီ အကယ်ဒမီက ဘုရင့်အမှုတော် ထမ်းချင်ကြပေမယ့် ဆင်းရဲလို့ ပညာမသင်နိုင်ဘူးဆိုတဲ့ လူပုဂ္ဂိုလ် ငါးရာလောက်ကို နှစ်စဉ် လက်ခံသင်ပေးနိုင်ဖို့ ဆောက်လုပ်ခဲ့တာလေ၊ ၁၈၇၈ လောက်မှာတော့ ကောလိပ်ကြီး ဖြစ်သွားခဲ့သေးတယ်၊ ပထမကမ္ဘာစစ်ကြီးတုန်းက နာမည်ကြီးခဲ့တဲ့ ဗိုလ်ချုပ်ကြီး ဖိုး[၃]ဆိုရင် စစ်ကြီးမတိုင်ခင်က သည်ကျောင်းမှာ ပါမောက္ခ လုပ်ခဲ့သေးတယ်'

စစ်မတိုင်ခင်မှာတော့ ပါမောက္ခ။ စစ်ကြီးဖြစ်လာတော့ စစ်မြေပြင်မှာ စစ်သေနာပတိ။ ဒါဖြင့်ရင် စစ်မဖြစ်ခင်က သဘောတရား။ စစ်ကြီး ဖြစ်လာတော့ လက်တွေ့ပေလား။ ဘရစ်ဂျစ်က အန်ဗားလီး အဆောက်အအုံကြီးရှေ့မှာ ကား ခဏရပ်ပေးသည်။ မြင့်မားသောခုံး (Dome) ပေါ်မှာ ရွှေရေးကနုတ်ခက်ကြီးတွေက အလင်းရောင် ပြိုးအပြက်မှာ လင်းပနေသည်။ ခုံးကြီးပေါ်မှာတော့ ဘာသာ သာသနာရဲ့အမှတ်တံဆိပ် လက်ဝါးကပ်တိုင်က ရွှေရောင်။ မီတာငါးရာလောက် ရှည်လျားကာ မီတာ နှစ်ရာ့ငါးဆယ်လောက် ကျယ်သည့် ဆယ့်ရှစ်ရာစုဦး အဆောက်အအုံ ဖြစ်သည်။

၁။ Military Academy
၂။ Jacques-Ange Gabriel
၃။ Field Marshall Foch



'သည်အန်ဗားလီးနဲ့ တစ်ဆက်တည်းမှာ တပ်မတော်လက်နက်သမိုင်း ပြတိုက်ကြီးလည်းရှိတယ်။ လက်နက်တွေရဲ့ အဆင့်ဆင့်ဖြစ်ထွန်းမှု Evolution of weaponry ဆိုပါတော့။ ပြီးတော့ လက်နက်တွေဟာ From prehistoric times to present လို့တောင် ဆိုနိုင်လောက်အောင် စုံတယ်'

အန်ဗားလီး၏ သမိုင်းကလည်း စစ်ရေးကိစ္စတွေနှင့် ဆက်စပ်နေသည်။ ၁၆၇၄ ခုနှစ် လူဝီ ၁၄ ဘုရင်လက်ထက်မှာတော့ အင်ဗားလီးက တော်ဝင်နန်းသုံးဟိုတယ်[၁] ဖြစ်ခဲ့သေးသည်။ ၁၆၇၆ မှာတော့ စစ်ပွဲတွင်း ဒဏ်ရာ ရခဲ့ကြသူတွေ စတင်ရောက်ရှိလာရာက ဆေးရုံဖြစ်မှန်းမသိ ဖြစ်လာခဲ့ပြီ၊ အဆောက်အအုံ အုပ်ချုပ်သူတွေကလည်း ဘုရင်ခံတွေ ဖြစ်လိုက်၊ ကော်မရှင်နာတွေ ဖြစ်လိုက်။ ကနေ့ခေတ်မှာတော့ ခေတ်သစ်လွန်း ဆေးရုံ အဆောက်အအုံကြီးနှင့် တွဲလျက်ရှိနေခဲ့ပြီ။ မသန်စွမ်းသူတွေ အတွက် ရေကူးကန်ကို ချားလ်စ်ဒီဂေါလ်က လှူဒါန်းခဲ့သေးသည်။ သည်အဆောက်အအုံကြီး စတင်တည်ဆောက်ကတည်းက စစ်ရေးပြကွင်းအတွက်ပါ စဉ်းစားခဲ့သည်။ ပြီးတော့ စစ်သည်တော်တွေရဲ့ ဘုရားရှိခိုးကျောင်း[၂]လည်း ပါဝင်သည်။ စစ်ပွဲကာတွေကြားမှာ အောင်ပွဲရခဲ့သည့် တိုက်ပွဲအဆင့်ဆင့်သုံး 'အောင်လံတော်'တွေသာမက ရန်သူ့အောင်လံတော်တွေပါ တစ်စုတစ်စည်းတည်း ပြသထားသည့် စစ်အောင်လံ ပြတိုက်နေရာလည်း ဖြစ်သည်။

'သည်နေရာကို ကမ္ဘာ့လှည့်ခရီးသည်တိုင်း လာလေ့ရှိကြတယ်။ ကမ္ဘာကျော် Dome Church အဖြစ် ပါရီရဲ့ အလှပဆုံးနေရာလို့ သတ်မှတ်ကြတာလည်း ပါတယ်။ ၁၉၈၉ ခုနှစ်က ပြင်သစ်တော်လှန်ရေးကြီးနှစ်နှစ်ရာမြောက် အထိမ်းအမှတ်ရွှေပြားခတ် အလှဆင်ခဲ့ကြတယ်။ အဓိက ဆွဲဆောင်မှုကတော့ နပိုလီယန်ဗိုနာပတ်ရဲ့ ကျောက်သလင်း အုတ်ဂူကြီး ရှိလို့ပေါ့'

'ဗိုနာပတ်ရဲ့ ကျောက်သလင်းအုတ်ဂူ ဟုတ်လား ဘရစ်ဂျစ်'

'ဟုတ်တယ် Tomb of Napolean I က သည်နေရာမှာထားတာ မင်း စိတ်ဝင်စားလို့လား။ လာ ဝင်ကြည့်ရအောင်၊ ကိုယ်တောင်မရောက်တာ ကြာပြီ'

၁။ Hotel Royal des Invalides.
၂။ Soldiers' church

ခဏနေတော့ သူနှင့် ဘရစ်ဂျစ် နပိုလီယန်ဗိုနာပတ်ရဲ့အုတ်ဂူ ထားရှိရာ ခန်းမကြီးထဲကို ရောက်ကြပြီ။ နပိုလီယန်ဗိုနာပတ်။ သူ ငယ်ငယ်ကျောင်းသားဘဝကတည်းက သည်နာမည်ကို အလွတ်ကျက်ခဲ့ရသည်။ နိုင်ငံ့နယ်နိမိတ်အပြင်က နယ်မြေတွေကို လွှားခနဲ လွှားခနဲ သိမ်းပိုက်နိုင်စွမ်းခဲ့သူ စစ်ဘုရင်။ စစ်နိုင်သူနှင့် အသိမ်းခံနိုင်ငံပေါ်က မင်းနှင့် ပြည်သူများ။ သူ ငယ်ငယ်ကတော့ နပိုလီယန်ဗိုနာပတ်ကို အားကျခဲ့ဖူးသည်။ နောင်တော့လည်း နပိုလီယန်ကို ကျူးကျော်သူ စစ်ဝါဒီတစ်ဦးထက် ပိုပြီးနေရာပေးလို့ မရပါ။ သူ့ရွာကျောင်းကလေးက ခပ်ဝေးဝေးလှမ်းမြင်ရသော ဖျတ်ခနဲအမြင်တွေ ဖြစ်လိမ့်မည်။ သူ့နိုင်ငံ၊ သူ့ပြည်သူကကော သူ့ကို ဘယ်လိုသဘောထားပါသလဲ။ ပြင်သစ်သမိုင်းက သူ့ကို ဘယ်နေရာမှာ ထားသလဲ။

'နပိုလီယန်ရဲ့ အုတ်ဂူဘေးကစာတွေကို ဝင်း ဖတ်တတ်စေချင်တယ်။ သူဟာ တစ်ချိန်တည်းမှာ ကြီးမြတ်တဲ့စစ်ဘုရင် ဖြစ်တယ်၊ တစ်ချိန်တည်းမှာ ပြည်သူ့တရားစီရင်ရေး၊ ပြည်သူ့ဥပဒေပြုရေး၊ ပြည်သူ့လူမှုရေးနဲ့ စာရိတ္တပညာ၊ တစ်ချိန်တည်းမှာ ပြည်သူ့ပညာရေးနဲ့ ကျန်းမာရေးကိစ္စတွေကို ဥပဒေပြု ပြဋ္ဌာန်းဖို့ သူ့သဘောထားနဲ့ သူ့ရည်စူးချက်တွေကို ချမှတ်ခဲ့တယ်။ ကနေ့ ပြင်သစ်တရားဥပဒေရဲ့ အခြေခံဟာ ကောင်းတယ်၊ ပြည့်စုံတယ်၊ လူထုကို အကာအကွယ် တကယ်ပေးနိုင်တယ်ဆိုရင် ဒါဟာ နပိုလီယန်ရဲ့ ကျေးဇူးတွေနဲ့ မကင်းခဲ့ဘူးလို့ ဆိုရမှာပဲ'

ဘရစ်ဂျစ်က တိုးတိုးကလေး ပြောနေသည်။ ပြာလဲ့သောမျက်ဝန်းက မီတာတစ်ရာကျော် မြင့်မားသည့် ခုံးမိုးကြီးအောက်က သလင်းနီကျောက်သား အုတ်ဂူဘေးမှာ တဖျပ်ဖျပ်တောက်ပနေသည်။ နပိုလီယန်ဗိုနာပတ်ရဲ့ အုတ်ဂူက ကျင်းချိုင့်အနိမ့်ထဲမှာ ဖြစ်သည်။ အုတ်ဂူပတ်ပတ်လည်မှာ မျက်နှာချ ခေါင်းငုံ့နေကြသည့် လူပျိုတမန်တော် ရုပ်တုတွေက ဦးညွှတ်အရိုအသေပြုနေကြသည်။ နပိုလီယန်ဗိုနာပတ် ကွယ်လွန်ခဲ့သည့်နှစ်ကို သူ ပြန်စဉ်းစားတော့ ၁၈၂၁ ခုနှစ် ဖြစ်သည်။ စစ်ဘုရင်ကျဆုံးတော့ ပြင်သစ်မှာ မဟုတ်။ စိန့်ဟယ်လီနာ[၁]ကျွန်းမှာ ဖြစ်သည်။ နပိုလီယန် ရုပ်အလောင်း ပြန်လည်ရရှိဖို့ တောင်းဆိုရသည်ပင် ခုနစ်နှစ်ကြာခဲ့သည်။ ခွင့်ပြုချက်ရတော့ ပြင်သစ်

၁။ St. Helena



ဘုရင် လူဝီဖိလစ်[၁]က သားတော် မင်းသား ဂျွိုင်းဗီးလ်[၂]ကို အလောင်းတူးဖော်ဆောင်ကြဉ်းရေးတာဝန် ပေးသည်။ ၁၈၄၀ ပြည့်နှစ် စက်တင်ဘာလမှာတော့ ပြင်သစ်နိုင်ငံ ဆိပ်ကမ်း လာအာ့ဗ်[၃]ကို အလောင်း ရောက်လာခဲ့သည်။ ဆိန်းမြစ်ကြောင်းကတစ်ဆင့် နပိုလီယန် ရုပ်ကလာပ်ဟောင်းက ပါရီကို [illegible]ရွှေ့ရွှေ့။

'နပိုလီယန်အလောင်း ရောက်လာတဲ့နေ့က ပါရီမှာ နှင်းမုန်တိုင်းကြီး ကျနေတာတဲ့လေ။ ပြင်သစ်ရဲ့ နှင်းမုန်တိုင်းဆိုတာ သိပ်ပြင်းထန်တာ။ အေးခဲပြီး တုန်ခိုက်နေတဲ့ ရာသီဥတုထဲမှာ ပြင်သစ်ပြည်သူတွေက သူတို့ရဲ့စစ်ဘုရင်ကို အုတ်အော်သောင်းသဲ ကြိုဆိုနေခဲ့ကြတယ်။ နှင်းမုန်တိုင်းကြီးကြားက အသံတွေဟာ ပိုပြီးတောင် ကျယ်လောင်နေလိမ့်မယ် ထင်တယ်။ ဝင်လာတုန်းက ဖြတ်လာခဲ့တဲ့ အောင်ပွဲခံကုန်းလေ။ Arch of Triumph လေ၊ သူ့အောက်က အလောင်း ဖြတ်လာပြီး ချောင်ဇေလီဇေး လမ်းမကြီးတစ်လျှောက် အလောင်းဟာ နာရီပေါင်းများစွာ ရွေ့လျားလာခဲ့ရတယ်။ သည်လိုနဲ့ပဲ နောက်ဆုံးတော့ ဟောသည်အန်ဗားလီးဟာ အဝေးရောက်စစ်ဘုရင်ရဲ့ နောက်ဆုံးနားခိုရာဗိမာန် ဖြစ်ခဲ့ရတယ်'

နပိုလီယန်ဗိုနာပတ်၏ ရုပ်အလောင်းကို အီဂျစ်ဖာရိုး ဘုရင်တွေ အလောင်းပြင်ဆင်သလို အထပ်ထပ်စီမံကာ ပြင်ဆင်ခဲ့ကြသည်။ ပထမ တစ်ထပ်က သံဖြူ၊ ဒုတိယတစ်ထပ်က မဟော်ဂနီ၊ တတိယထပ်နဲ့ စတုတ္ထ ထပ်က ခဲ၊ ပဉ္စမထပ်က အီဗိုနီ[၄]နှင့် ဆဋ္ဌမထပ်မှာတော့ ဝက်သစ်ချသား ခေါင်းတလားတွေ အဆင့်ဆင့်သွင်းခဲ့သည်။ နောက်ဆုံးအဆင့်မှာတော့ ကနေ့ မြင်နေရသည့် ဂရင်းနိုက် ကျောက်သားနီအုတ်ဂူထဲကို ရောက်ပြီ။ ဗိသုကာ ပညာရှင် ဗစ်စ်ကွန်တီ[၅]ရဲ့ လက်ရာ။

သည်ခန်းမကြီးထဲမှာ တခြားရုပ်အလောင်းတွေ တခမ်းတနားမြှုပ်နှံ

၁။ Louis Philippe
၂။ Prince of Joinville
၃။ Le Havre
၄။ Ebony= ကျောက်သားလို မာကျောလေးလံတဲ့ အသားရှိတဲ့ ယင်းတိုက်နွယ်ဝင်သစ်တစ်မျိုး။
၅။ Visconti

ထားတာတွေလည်း ရှိသည်။ စစ်ဘုရင် နပိုလီယန်၏ ရောင်းရင်းကြီးများ၊ စစ်ဗိုလ်ချုပ်ကြီးများ၊ နိုင်ငံအကျိုးပြု ထင်ရှားသည့်ပုဂ္ဂိုလ်ကြီးများ၊ စစ်ဘုရင်၏ ညီတော်၊ သားတော်များ (ဥပမာ Marshall Vauban, Marshall Foch, Jerome, Turenne, Lyautey စသည့်ပုဂ္ဂိုလ်များ)၏ ကျောက်ဆစ်အုတ်ဂူကြီးတွေကလည်း နပိုလီယန်ဗိုနာပတ်၏ သလင်းကျောက်နီအုတ်ဂူနှင့် မနီးမဝေးမှာ ရှိနေကြသည်။

'အန်ဗားလီးဟာ ဘုရားရှိခိုးကျောင်း၊ စစ်ဘုရင်နဲ့ အုတ်ဂူ၊ နောက် ကပ်လျက်က ဆေးရုံ၊ နောက် စစ်အတွင်း လက်နက်ပြတိုက် စတာတွေနဲ့ ပြည့်နေတော့ နိုင်ငံစုံ ခရီးသွားဧည့်သည်တွေက သည်မှာလည်း တစ်နေကုန်တော့တာပဲ'

အုတ်ဂူခန်းမကြီးထဲက ပြန်အထွက်မှာတော့ ဆေးရုံကြီးဘက်ကို လှည့်ကာ လျှောက်ကြည့်သည်။ ဆေးရုံစင်္ကြံတွေမှာတော့ လျှောက်ကြည့်ဖို့ ခွင့်ပြုထားပါသည်။ ခေတ်လွန်ဆေးပညာသုံး ဆေးရုံကြီး ဖြစ်နေပြီဖြစ်သော်လည်း ခေတ်သမိုင်းအဆက်ဆက် တိုက်ပွဲမှာ ဒဏ်ရာရရှိခဲ့သူတို့၏ နားခိုရာ ရှေးဟောင်းဆေးရုံကြီး၏ အရိပ်လက္ခဏာတွေ ကျန်ရှိနေသေးသည်။ ပြင်သစ်တွေက အဟောင်းကို မြတ်နိုးသူတွေလား။ တစ်နေရာမှာတော့ ဘာသာရေး စစ်ပွဲတွေတုန်းက အရေးကြီးလူနာတွေထားရာ အခန်းတစ်ခန်းကို နဂိုမူလပုံစံ မပျက် အောက်မေ့ဖွယ်ပြသထားတာ တွေ့ရသည်။ ခပ်ကျဉ်းကျဉ်းအမှောင်ခန်းကလေး။ အိပ်ရာခင်းတွေက ဝါကျင့်တွန့်ကြေနေသည်။ လက်စွဲမှုန်အိမ်ဟောင်းကလေး တစ်လုံးချိတ်ထားတာ၊ ခြင်ထောင်လို ပိတ်ဖြူညစ်ညစ် တွဲရရွဲကျနေတာကို ညစ်ညူးစရာကောင်းနေသည်။ ခေါင်းအုံးညစ်ထေးထေး၊ စားပွဲဟောင်းကလေးတစ်လုံး၊ စားပွဲပေါ်မှာ ပန်းကန်ဟောင်းကလေး နှစ်ချပ်။

စစ်၏ နိမိတ်ပုံများ၊ စစ်၏ အရိပ်အငွေ့တွေက ခန်းခြောက်မသွားနိုင်သေး။ ရှေးခေတ်ကတော့ ဓားဒဏ်ရာတွေ၊ လှံစူးချက်တွေ၊ မြှားဆိပ်သင့်သူတွေ ဖြစ်လိမ့်မည်။ သည်ခေတ်မှာတော့ ကျည်ဆန်ထိသူတွေ ဖြစ်မည်။ ဒုံးကျည်ပေါက်ကွဲမှုက ဒဏ်ရာရလာသူတွေ ဖြစ်မည်။ ပိုးမွှားလက်နက်၊ အဆိပ်ငွေ့လက်နက်တွေကို ရှူရှိုက်မိသူတွေ ဖြစ်မည်။ အဏုမြူရေဒီယိုသတ္တိကြွ ရောင်ခြည်သင့်သူတွေ ဖြစ်ချင်ဖြစ်မည်။ စစ်၏ ပြင်ပအသွင်သဏ္ဌာန်



တွေက ပြောင်းသော်လည်း စစ်ဆိုသည့်အတွင်းအနှစ်သာရကတော့ ပြောင်းလဲသွားသေးတာကို သူ ခံစားနေရသည်။

အဆောက်အအုံထဲက ထွက်လိုက်တော့ ရှင်းသန့်သော နေ့လယ်ခင်း၏ ရသကို ချက်ချင်းရလိုက်သည်။ လေကလည်း လတ်ဆတ်သည့် နွေဦး ပြည်။ အန်ဗားလီး အဆောက်အအုံကြီး၏ ရှေ့ပန်းခြံကွင်းထဲမှာတော့ ဓာတ်ပုံရိုက်သူတွေ၊ ဗီဒီယိုရိုက်သူတွေနှင့် ပြည့်နှက်နေသည်။ ကမ္ဘာ့ဖလား ဘောလုံးပွဲကြီးနီးပြီ။ နိုင်ငံပေါင်းစုံက နိုင်ငံအလိုက် အမျိုးသားအလံတွေကို မင်းလို ကျောသိုင်းလွှမ်းခြုံလာသူတွေလည်း ရှိသည်။ ကိုယ့်ရိုးရာသီချင်း မဟုတ် ကိုယ့်အမျိုးသားသီချင်းကို သံပြိုင်သီကျူးနေကြသူတွေ ရှိသည်။ ရိယာတစ်မျိုးမျိုးကို တီးကာ ကခုန်နေကြသူတွေလည်း ရှိသည်။ ပြင်သစ်စစ်ဘုရင် နပိုလီယန်ကတော့ သည်နှစ် ၁၉၉၈ သည် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ပြင်သစ်က အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပတာကို သိပုံမရ။ င်းနိုက်ကျောက်သားနီအုတ်ဂူထဲမှာ လဲလျောင်းနေသည်။ သူနှင့် ဘရစ်ဂျစ် ပန်းခြံထဲမှာ တော်တော်ကြာကြာစကားပြောရင်း လမ်းလျှောက်ဖြစ်သည်။ တစ်ခါတစ်ခါတော့ ဓာတ်ပုံရိုက်ပေးသေးသည်။ နောက်တော့ သည်တော်တို့၏ ဘုရားရှိခိုးကျောင်းထဲ ဝင်ကြည့်ကြသည်။ ကနေ့ခေတ် တပ်မတော်သားများ၏ မင်္ဂလာလက်ထပ်ပွဲတွေကိုလည်း သည်ခန်းမကြီးထဲ မင်္ဂလာယူကာ ကျင်းပသည်ဟု ဆို၏။ နောက်ထပ် အခန်းရှည်ကြီး တစ်ခန်းကတော့ စစ်အောင်လံဟောင်းများ ချိတ်ဆွဲထားရာ အခန်းကြီး ဖြစ်သည်။ အလံတွေက ခပ်မြင့်မြင့်နေရာမှာ ဒေါင်လိုက် အောက်ကိုတွဲလွဲ ကျနေသည်။ ပြီးတော့ ဟောင်းမြင်းနေကြပြီ။ ပြီးတော့ အရောင်စုံအဆင်စုံ။ အလံရွက်တွေပေါ်မှာ အရုပ်တံဆိပ် အမှတ်အသားအမျိုးမျိုး ရေးဆွဲထား ၊ တပ်ဦး အောင်လံတော်ပေါ်က အရုပ်တံဆိပ်ကလေးတွေ သွေးမစွန်းဖို့ တိုက်ခဲ့ခိုက်ခဲ့ကြသည့် စစ်ပွဲတွေ။ တချို့စစ်ပွဲတွေမှာတော့ သိမ်းယူနိုင်ခဲ့ ၊ တချို့စစ်ပွဲတွေမှာတော့ အသိမ်းခံခဲ့ကြရ။ ပေးအပ်လိုက်ရသော တပ်ဦး အောင်လံတော်နှင့်အတူ လူဦးခေါင်းများ၊ ကိုယ်လက်အင်္ဂါများ၊ အသက်ဇီဝိန် နှင့် ဂုဏ်သိက္ခာတို့ ဘယ်လောက်တောင် ပါသွားခဲ့ပါသလဲ။ အောင်လံတော် ဟောင်းတွေက ဝမ်းနည်းကြေကွဲနေဟန် လုံးဝငြိမ်သက်နေသည်။ စစ်နိုင်သူ

တို့၏ အောင်ပွဲတံပိုးခရာသံ၊ ဒါမှမဟုတ် စစ်ရှုံးသူတို့၏ ကျဆုံးခရာသံကို ငုံ့ငိုက် အလေးပြုနေကြဟန် ဖြစ်သည်။

နောက်ထပ်တစ်ခန်းကတော့ မှန်ခန်းမဆောင်ကြီးထဲက ခေတ်အဆက်ဆက် လက်နက်တွေ ဖြစ်သည်။ ဓားရောင်၊ သေနတ်ရောင်၊ လက်နက်တွေရဲ့ အရောင်တွေက အမှောင်ခန်းထဲမှာပင်လျှင် ပြိုးပြက်နေသည်။ တစ်ဖက်မှာတော့ မြင်းစီးသူရဲကောင်းတွေရဲ့ 'Life size' ရုပ်တုကြီးတွေ။ အရုပ်ကြီးတွေပေမယ့် မျက်နှာတွေက တင်းနေသည်။ ဟန်လုပ်တင်းထားသော မျက်နှာတွေက ခက်ထန် မာကျောနေတာလား၊ ကြောက်ရွံ့တုန်လှုပ်နေတာလား သူ မသိပါ။ ခေတ်အဆက်ဆက် စစ်သည်တော်တို့ရဲ့ ချပ်ဝတ်တန်ဆာတွေကို ရည်စူးပြသသည့် စစ်သမိုင်းဝတ်စုံ ပြခန်းကြီးဖြစ်သည်။ ပြတိုက်စောင့်ကို ဓာတ်ပုံရိုက်ခွင့်တောင်းတော့ ခွင့်ပြုပါသည်။

'မရိုက်ပါနဲ့ ဝင်းရယ်၊ ဖလင် နမြောစရာကြီး…'

ဘရစ်ဂျစ်က ဘာအဓိပ္ပာယ်နဲ့ပြောတာလဲ။ သူ တွေးလို့မရပါ။ ပန်းခြံထဲ ရောက်တော့လည်း ဘရစ်ဂျစ်က ပန်းပွင့်ရောင်စုံတွေကြားက ပန်းပွင့်ကလေးတစ်ပွင့် ဖြစ်နေပြန်လေသည်။

'ဘရစ်ဂျစ်ရေ 'Guns and Roses' ဆိုတာ ခုမှ ကိုယ် သဘောပေါက်တာကွ'

'Guns and Roses... Oh... great!...'

နာရီကြည့်တော့ မွန်းလွဲတစ်နာရီ ရှိပြီ။ အချိန်တွေ တော်တော်များများ ကျန်သေးသည်။ ဘရစ်ဂျစ်က ကမ္ဘာကျော်ပြတိုက် လုဗ် (Louvre) ကို သွားကြရအောင်ဟု ဆိုသည်။ ကနေ့ တနင်္ဂနွေ။ လူတွေကတော့ တိုးမပေါက်အောင် များနေမှာသေချာသည်။ လူများနေရင်တော့ ပြတိုက်ထဲ မဝင်ဘဲ ကြားရက်မှ လာတာပေါ့ဟုလည်း ဆိုသည်။ သည်လိုနှင့် သူနှင့် ဘရစ်ဂျစ် လုဗ်ပြတိုက်ရဲ့ရှေ့ကို ကွေ့ကာပတ်ကာ အချိန်ယူမောင်းရင်း ရောက်လာခဲ့ကြသည်။ သူကတော့ အန်ဖားလီး အဆောက်အဦးကွင်းပြင်ကြီးထဲက ရှေးခေတ် သံအမြောက်ကြီးတွေကိုပဲ မျက်စိထဲ မြင်နေသည်။ အလွန်ကြီးမားသည့် သံသွန်းအမြောက်ကြီးတွေ။ တစ်နေရာမှာတော့ ကြီးမားသော သံအမြောက်ဆန်ကြီး တစ်ဆန်ကို တွေ့ခဲ့ရသေးသည်။ ပြီးတော့ ဒုတိယကမ္ဘာ



စစ်ကာလ ၁၉၄၄ ခုနှစ်က ဂျာမန်တွေဆီက စစ်သိမ်းအောင်ပွဲ အမှတ်တရ တင့်ကားကြီးနှစ်စီးကလည်း မြေပြင်စစ်သမိုင်းပြတိုက် ဆန်နေလေသည် ကော။

လုဗ်ပြတိုက်ရှေ့မှာတော့ လူတွေ ကျပ်ခဲနေသည်။ သူနှင့် ဘရစ်ဂျစ် အေးကပဲလှမ်းကြည့်ကာ နောက်ရက်မှလာကြဖို့ ဆုံးဖြတ်လိုက်ကြသည်။

'လုဗ်ကတော့ အချိန်ယူပြီးလာမှလည်း ကောင်းမှာ ဝင်းရဲ့၊ မျူဇေး ဒေါ်ဆေးလို ကြည့်လို့တော့မရဘူး၊ ဒါပေမဲ့ မျူဇေးလုဗ်ကလည်း အနည်းဆုံး ဆယ်ရက်လောက် နေ့တိုင်းလာကြည့်မှ ပြည့်စုံတာကွ။ တစ်မနက်ခင်းတည်း နဲ့ လုဗ်ကိုကြည့်ဖို့ ကြိုးစားတာဟာလည်း ရူးသွပ်မှုပဲ'

သူကတော့ လုဗ်ကို သိပ်ကြည့်ချင်နေသည်။ ဆယ်ရက်လောက် ဆက်တိုက်ကြည့်မှတဲ့လား။ သူ့ရှေ့က အဆောက်အအုံကြီးက ကမ္ဘာကျော် လုဗ်ပြတိုက်ကြီးကော ဟုတ်ရဲ့လား။ သူ ပါရီကို တကယ့်ကို ရောက်နေပါ ့ကော။ အရာရာသည်ပင် အိပ်မက်ဖြစ်နေလေသည်။ ပြတိုက်ကြီးရှေ့မှာ လူတွေ သဲသဲလှုပ်နေရသည်။ မှန်သားပိရမစ်ကြီးနှင့် ရေပန်းတွေက သူ့ကို လှမ်းခေါ်နေသည်။ ရှေးဟောင်းငါးပွင့်ဆိုင် မီးမှန်အိမ်တွေက သူ့ကို ညှို့မြူနေ သည်။ သူ့စိတ်တွေကိုသာ လျှော့ချလိုက်ရတော့သည်။ အိမ်ရှင်ကပင် မဖြစ် နိုင်ပါလို့ ပြောနေသည်လေ။ ဆယ့်သုံးရာစုခေတ် ဗိသုကာ။ ဆိန်းမြစ်အနီး က ဘုရင် ဖိလစ်ဩဂတ်စတပ်[၁]ရဲ့ ရဲတိုက်ခံတပ်ဟောင်း။ ဝါကျင့်သော ကျောက်သားနံရံနှင့် မည်းနက်သော ခုံးမိုးများ။ သမိုင်းဟောင်းနှင့် သမိုင်း သစ်တို့ ကူးလူးယှက်နွယ်ရာ ဗိမာန်။ တစ်နည်းအားဖြင့် ပြည်သူလူထုနှင့် ပေးလိုက် နီးလိုက် ကွန်းရိပ်သာ။ တစ်နည်းအားဖြင့် ဂန္ထဝင်နှင့် ခေတ်သစ် အနုပညာတွေကို တစ်ပြိုင်တည်း ပိုက်ပွေ့ထားသည့် မိခင်။

ဘရစ်ဂျစ်က ကားထဲကပဲ သူ့ကိုစောင့်နေသည်။ သူ ကားထဲ ဝင် လိုက်တော့ ဆာပြီလား မေးသည်။ သူ ဆာတော့ ဆာနေပြီ။

'ဆာတော့ ဆာပြီ ဘာစားရမှန်းလည်း မသိဘူး'

တို့ မွန့်မာ့တ်[၂]ကျမှ စားရအောင်'

၁။ Philippe Augaste

၂။ Montmartre

'မွန့်မာ့ထ် ...'

သူ ပြင်သစ်ကို သွားမည်ဆိုတုန်းက မိတ်ဆွေတွေက မွန့်မာ့ထ်ကို ရောက်အောင် သွားခဲ့ပါဟု ဆိုသည်။ ပြင်သစ်အနုပညာရှင်တို့ ရောက်ရှိ ခံစားခဲ့ရာနေရာ။ ကမ္ဘာကျော် ပြင်သစ်သီချင်း တစ်ပုဒ်မှာတော့ 'ခက်ထရော် ကြမ်းတမ်းတဲ့ မွန့်မာ့ထ် လှေကားထစ်တွေဆီကို ...'တဲ့ ပြင်သစ်မှာ သူ ရောက်ချင်ခဲ့သည့် နှစ်နေရာ ရှိသည်။ တစ်နေရာက လက်တင်ရပ်ကွက်[၁] ဖြစ်ကာ တစ်နေရာမှာတော့ မွန့်မာ့ထ် ဖြစ်သည်။ လက်တင်ရပ်ကွက်ရဲ့ လမ်းကျဉ်းကလေးတွေ၊ လက်တင်ရပ်ကွက်ရဲ့ တက္ကသိုလ်ကျောင်းတော်ကြီး တွေ၊ ဆယ့်နှစ်ရာစုနောက်ပိုင်းက စိန့်ဂျူလီယန်[၂] ဘုရားရှိခိုးကျောင်း၊ ပြီးတော့ လက်တင်ရပ်ကွက်ရဲ့ လှပသော သမီးပျိုများ။ ဘရစ်ဂျစ်ကတော့ မွန့်မာ့ထ်ကို သွားဖို့ပြောပြီကော။

'ကိုယ်တို့ အခုသွားမယ့်နေရာက ပါရီရဲ့ အစွန်အဖျားကျတယ်။ နောက် ပါရီမြို့ကြီးကို အပေါ်စီးကမြင်နိုင်တဲ့ တောင်ကုန်းမြင့်မြင့်ပေါ်မှာ ရှိတဲ့နေရာ။ ပြီးတော့ ကမ္ဘာလှည့်ခရီးသည်တွေ အသွားများတဲ့ ဆာကရီးကား[၃] ဘုရားရှိခိုးကျောင်းကြီး ရှိတဲ့နေရာ။ ပြီးတော့ ရှေးဟောင်းပြင်သစ်အိမ် ကလေးတွေ ရိုးရာမပျက် ရှိတဲ့နေရာ။ ပြီးတော့ နေဦး...'

'တော်ပါတော့ ဘရစ်ဂျစ်ရယ် သွားပါတော့၊ ကိုယ်က ရောက်ချင်လှပြီ'

ဘရစ်ဂျစ်က သူမကားထဲက ခလုတ်တွေနှိပ်ကာ စကားပြောနေပြန် သည်။ ပြင်သစ်ဘာသာစကားက နားထောင်လို့တော့ ကောင်းသား။ ကားထဲ က အမျိုးသမီးသံကလေးတစ်သံ ထွက်လာကာ သူမနှင့် ပြင်သစ်ဘာသာဖြင့် တစ်စုံတစ်ရာ ပြောနေသည်။ ဘရစ်ဂျစ်က ခလုတ်ကို ပိတ်လိုက်ကာ လက်ခုပ်တီးသည်။

'ဘာတွေ ဖြစ်နေတာလဲ ဘရစ်ဂျစ်'

'ကိုယ် ကနေ့ လစ်လာတာကွ။ အဲဒါ ဌာနကို ဖုန်းဆက်ကြည့်တာ။ ကိုယ့်သူငယ်ချင်းက အစည်းအဝေးတင်ရမယ့်ဖိုင်တွေ စီစဉ်ပေးလိုက်ပြီတဲ့'

၁။ Latin Quarter
၂။ Saint Julian the poor
၃။ Scare- Coeur



ကားကလေးက ပါရီမြို့ကို ထက်ခြမ်းခွဲကာ ပြေးလွှားနေသည်။ သူ မြင်ရသလောက် များသောအားဖြင့်က ပါရီသည် မြေပြန့်သာ ဖြစ်သည်။ ပြီးတော့ သဘာဝသစ်တောနှင့် လူစိုက်သစ်တောတွေ ရှိသည်။ ကြီးမားလှပ သော ဥယျာဉ်စိမ်းစိမ်းကြီးတွေ ရှိသည်။ ရောင်စုံသစ်ရွက်တွေရှိသည့် ဥရောပ သစ်ပင်ကြီးတွေ ရှိသည်။ နေရောင်အောက်မှာ ငွေရောင်နှင့် ခဲရောင် ပြိုး ပြက်စွာ လှပနေသော ဒန်ရောင်သစ်ပင်တွေ ရှိသည်။ ပြီးတော့ နေရာတိုင်းမှာ တွေ့နိုင်သည့် တောကြီးထအောင် ပွင့်နေကြသည့် နှင်းဆီတောကြီးတွေ။ ခရမ်းရင့်ရောင် ပန်းပွင့်များနှင့် လာဗင်ဒါ ရေမွှေးပန်းများ။

စင်စစ် ပါရီသည် ကျောက်သားနှင့် သစ်ပင်တို့၏ နေရာတကျထားရှိ မှု ဖြစ်သည်။ သဘာဝတရားနှင့် လူသားတို့၏ လိုက်လျောသဘောတူညီချက် လည်း ဖြစ်သည်။ ရုပ်ခန္ဓာနှင့် စိတ်ဝိညာဉ်တို့၏ ညင်းညှဲသော ဖြားယောင်း မှု သဘောလည်း ဖြစ်သည်။ တော်တော်ကလေး မောင်းလာတော့မှ မွန့်မာ့ထ် တောင်ကုန်းမြင့်ကို ရောက်လာခဲ့သည်။ မွန့်မာ့ထ်အရပ်သည် ၁၉၁၉ ခုနှစ် နောက်မှ သာသနာ့ဝတ္တကမြေအဖြစ် ဆက်ကပ်ခံရသော ဆာကရီးကား ဘုရားရှိခိုးကျောင်းကြီးနှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်သည်။

'ဆာကရီးကားလို့ ပြင်သစ်ဘာသာနဲ့ အသံထွက်ပေမဲ့ အင်္ဂလိပ်လို ဆိုရင် ဆေးခရက်ဟာ့တ် Sacred Heart ကို ခေါ်တာပါပဲ။ ဘုရားသခင်ရဲ့ မြင့်မြတ်သော စိတ်ဝိညာဉ်တော်ပေါ့။ အဲသည်မှာ ထိုင်မယ်၊ တအောင့်ဆွဲ ပန်းချီဆိုင်ကလေးတွေမှာ ဝင်း ပန်းချီဆွဲခံရမယ်၊ နောက် တောင်ကုန်းပေါ် ကနေ ပါရီကို တစ်ဝကြီး ငေးကြမယ် ဟုတ်ပြီနော်'

မွန့်မာ့ထ် တောင်ကုန်းမြင့်ရဲ့ ခပ်မော့မော့တစ်နေရာမှာပဲ ကားကလေး ကို ရပ်ထားကာ သူနှင့် ဘရစ်ဂျစ်တောင်ကုန်းပေါ်ကို ဆက်တက်လာခဲ့ သည်။ လမ်းကလေးတွေက ကျဉ်းကျဉ်း။ အိမ်ကလေးတွေက သေးသေး။ စားသောက်ဆိုင်ကလေးတွေဆိုလျှင် သူ့စိတ်ထင် လူလေးငါးဆယ်ယောက် ဆက် ပိုပြီးမဆံ့နိုင်။ တိုက်ကပ်နွယ်ပင်တို့ တိုက်ငယ်ကလေးတွေမှာ တွယ်ကပ်မနေတာကိုက အချိန်ကာလပြသက်သေတ ဖြစ်သည်။ ပြတင်းပေါက် တွေကို ဆေးပြာတွေ သုတ်ထားကြကာ ခြံကလေးတွေထဲက စပျစ်ပင် ကလေးတွေ၊ ဟင်းသီးဟင်းရွက် စိုက်ခင်းကလေးတွေကြားက ခုံတန်း

ကလေးတွေကလည်း ခပ်ရှင့်ရှင့် အပြာရောင်တွေသာဖြစ်သည်။ အက်ကွဲနေသည့် တိုက်အိမ်နံရံများ၊ ရေးဟောင်းမီးခိုးခေါင်းတိုင် နိမ့်နိမ့်ကလေးများ၊ သံဆန်ခါတပ် ဝင်းခြံများ၊ ကိုယ်ပိုင် စိုက်ခင်းငယ်များသည် မွန့်မာ့ထ်၏ မြင်သာသော ရိုးသားမှုကိုယ်ပိုင်ဟန် ဖြစ်သည်။ သူတို့ကားကလေး တက်လာခဲ့ရာ လမ်းတစ်လျှောက် လှမ်းကြည့်လိုက်တော့ ဆေးသုတ်ထားသည့် သံမဏိတံတားကြီးတစ်စင်း။ သူ့ဘေးမှာတော့ သင်္ချိုင်း။ ကနေ့အထိအသုံးပြုနေသည့် သင်္ချိုင်းဟု ဆိုသည်။ အုတ်ဂူလှလှကလေးတွေကို မြို့ကြီးပြကြီးထဲက မရွှေ့မပြောင်းတာကိုပဲ အံ့သြနေဟန်ရှိသည့် သူ့မျက်နှာကို ဘရစ်ဂျစ်က သတိထားမိဟန် တူပါသည်။ တစ်ခုတော့ ရှိသည်။ သင်္ချိုင်းဆိုပေမဲ့လည်း ပန်းဥယျာဉ်ကလေးလို သန့်ရှင်းသပ်ရပ်နေတာပါပဲ။

'တို့ပြင်သစ်တွေက သင်္ချိုင်းအုတ်ဂူတွေကို မနုသီဟလို့ တင်စားကြတာကွ။ Sphinx တွေလေ ကြားဖူးတယ်နော်။ အုတ်ဂူလှလှကလေးတွေ စီကာရီကာ ရှိနေတာကိုလည်း လူသတ္တဝါဖြစ်တည်မှုရဲ့ ကျက်သရေတော် ရှိခြင်းကို လက်တို့သတိပေးနေတဲ့ တရားဓမ္မရဲ့အမှတ်အသားလို့ မြင်ကြတယ်။ Its like the sphinxes and, to remind us of the glory of humanity... You Know?

ဘရစ်ဂျစ်က ပြောခဲ့သည့်စကားတွေ။ သင်္ချိုင်းအုတ်ဂူတွေဟာ မနုသီဟတဲ့။ ဘရစ်ဂျစ်ဆီက တစ်ခါတစ်ခါတော့ ဟာသတွေထွက်သလောက် တစ်ခါတစ်ခါတော့ သူ သိပ်ဆုပ်ဖမ်းလို့မရသော စကားတွေ ပါလာတတ်သည်။ ထိုအခါမျိုးတွင် ဘရစ်ဂျစ်၏မျက်နှာလေးက ညှိုးချုံးချုံး ညို့ရီရီ...။ မွန့်မာ့ထ် တောင်ကုန်းမြင့်ရဲ့ အပေါ်ဆုံးအပိုင်းကို ရောက်ပြီ။ ဘရစ်ဂျစ် တစ်ကိုယ်လုံး တသိမ့်သိမ့်ခုန်နေသည်။ ရင်မို့မို့ပင် နိမ့်ချည်မြင့်ချည်။ ရွှေရောင်ဆံစတွေ တလွှားလွှား။ သူကိုယ်တိုင်ကလည်း ကိုယ့်ခန္ဓာကိုယ် ထမ်းမလာရသလို ခံစားနေရသည်။

လမ်းကျဉ်းကလေးတွေမှာ ကားကလေးတွေအပြည့်။ မွန့်မာ့ထ် တစ်လျှောက် လိုက်လံပြသသည့် ကားရထားကလေးပေါ်မှာလည်း ခရီးသည်တွေ အပြည့်။ တာယာဘီးတပ်ထားသည့် ရထားတွဲပုံ ကားကလေးဖြစ်သည်။



Amusement park တွေမှာ ကလေးတွေအပျော်စီးသည့် ကားကလေးနှင့်ပင် တူလေသည်။

'မွန့်မာ့ထ်ဟာ ပြင်သစ်နိုင်ငံရဲ့အနုပညာနဲ့ ယဉ်ကျေးမှုတွေ ဆက်နွယ်နေတာ ဝင်းရဲ့။ သည်ကျေးရွာကလေးက စပျစ်စိုက်ကာ သတိထားမိသလား။ ဝိုင်ချက်ဖို့စိတ်ကူးပြီး စိုက်ကြတာမဟုတ်ဘူး။ နှစ်စဉ် အောက်တိုဘာလရဲ့ ပထမဆုံး စနေနေ့တိုင်းကျင်းပတဲ့ 'Vine Harvest' စပျစ်သိမ်းခြင်း ရိုးရာပွဲတော်ကျင်းပဖို့ စိုက်ကြတာ။ ပြီးတော့ သည်နေရာက အလယ်ခေတ်လောက်ကတည်းက အရောင်းအဝယ်နဲ့ ဖျော်ဖြေရေးမှာ နာမည်ကြီးတယ်၊ အထူးသဖြင့် လေဟာပြင် ကဖေးဆိုင်နဲ့ ပန်းချီဆရာတွေကြောင့်လည်း နာမည်ကြီးတယ်'

သူကလည်း မွန့်မာ့ထ်ကို သဘောကျနေသည်။ တကယ်လည်း ကမ္ဘာ့ပန်းချီကျော်တွေ ရောက်ခဲ့၊ နေခဲ့၊ ဖြတ်သန်းခဲ့သည့်နေရာ။ သူ သိသလောက် ရန်နွား[၁]၊ ရောင်းလ်ဂျူဖီး[၂]၊ ဆူဇန်း[၃]၊ ဗာလာဒွန်[၄]၊ ယူထရီလို[၅] တို့ နေခဲ့ဖူးသည်။ ခုခေတ်ကာလအထိ အဟောင်းမြင်းဆုံးပန်းချီ ရေခံမြေခံ ဘူမိနက်သန် အောင်မြေအဖြစ် ခေတ်ပန်းချီဆရာတို့ ယာယီပန်းချီပြပွဲတွေ ကျင်းပကြဆဲ။

'သစ်သားနဲ့ဆောက်ထားတဲ့ စတူဒီယိုကလေးတွေလည်း ရှိခဲ့ဖူးတယ်။ ၁၉၇၀ လောက်က မီးလောင်သွားခဲ့တာ။ နှမြောစရာကောင်းလိုက်တာကွာ။ သည်စတူဒီယိုကလေးတွေက ပီကာဆို[၆] တို့၊ မိုဒီဂလျာနီ[၇] တို့၊ ယွန်းဂရက်စ်[၈] တို့၊ ဗန်ဒိုဂျင်[၉] တို့ရဲ့ အိမ်ပဲ။ ပီကာဆိုရဲ့ ကုဗဝါဒပန်းချီ[၁၀]ဟာ သည်အိမ်ကလေးတွေမှာ ဖြစ်ထွန်းခဲ့တာပဲ။ ကနေ့ နယူးယောက်မှာ ရောက်နေတဲ့ ပီကာဆိုရဲ့ ကမ္ဘာကျော်ပန်းချီကား Demoiselles d' Axignon ကို ဆွဲဖို့ လိပ်ပြာနိုးတဲ့ နေရာလည်း သည်အိမ်ကလေးတွေပဲ'

သည်ပန်းချီဆရာကြီးတွေရဲ့ ပန်းချီကားတွေလည်း ရှိနိုင်ပါသည်။

---

၁။ Renoir
၂။ Raoul Dufy
၃။ Suzanne
၄။ Valadon
၅။ Utrillo
၆။ Picasso
၇။ Modigliani
၈။ Van Juan Gris
၉။ Van Dongen
၁၀။ Cubism

မွန့်မာ့တ်မှာ ပန်းချီပြတိုက် ရှိသည်။ Le museed' art Juif ဖြစ်သည်။ သို့သော် သူ မရောက်ခဲ့ပါ။ သူ ရောက်ခဲ့တာတော့ ရှိသည်။ ကမ္ဘာကျော် ပန်းချီဆရာ ဆာလ်ဗေဒိုးဒါလီ လက်ရွေးစင်ပန်းချီ ဂယ်လာရီကို ဖြစ်သည်။ သူက သိပ်နားမလည်သော်လည်း ဘရစ်ဂျစ်က ပန်းချီကားတွေက Spectacular visual ဟု သုံးသည်။ အဆန်းတကြယ် အံ့ဖွယ် အမြင်အာရုံများ။ တကယ်လည်း ဒါလီက ၂၀ ရာစုခေတ်၏ ထူးချွန်ထက်မြက်သော တီထွင်ဖန်ဆင်းရှင် ပန်းချီဆရာ ဖြစ်သည်။ ဒါက သူ့စိတ်ကူးမှတ်ချက်များ မဟုတ်ပါ။

ဒါလီရဲ့ ပြခန်းရှေ့မှာ ရေးထားသည့် စာတန်းမှာကိုက 'One of the most outstanding and inventive of the century' ဟု ရေးထားသည်။

ဒါလီရဲ့ ပန်းချီပြခန်းမှာ လက်ရာစစ် ပန်းချီကားပေါင်း ၃၃၀ ရှိသည်။

ဒါလီရဲ့ ပန်းချီပြခန်းကလေးဆီကို သွားရတာကိုက အမှတ်တရ။ မွန့်မာ့ထ် ရပ်ကွက်ကလေးတစ်လျှောက် လျှောက်သွားရင်းက ဒါလီဆိုသည့် အမည်ဆိုင်းဘုတ်နှင့်အတူ မြားပြထားသည့် အကွေ့ကလေးဆီကို ရောက်သွားခြင်း ဖြစ်သည်။ ပြခန်းကလေးရဲ့ရှေ့မှာ နက်ရှိုင်းသော ချိုင့်နိမ့်ကြီး ရှိသည်။ ချိုင့်ထဲမှာ အိမ်ကလေးတွေ ရှိသည်။ သစ်ပင်ကြီးတွေ ရှိသည်။ ကျင်းချိုင့်ထဲက သစ်ပင်မြင့်ကြီးတွေက ဒါလီရဲ့ ပန်းချီပြခန်းရှေ့ ကွက်လပ်ကလေးပေါ်အထိ မိုးကာထိုးထွက်နေသည်။ နွေဦးရဲ့ သစ်ရွက်ရော်ရီတချို့က ကွက်လပ်ကလေးထဲကို ကျဲကျဲပါးပါး ကြွေကျနေသည်။

'ဝင်းကို ထူးဆန်းတာတစ်ခု ပြောရဦးမယ်။ ၁၈၆၀ လောက်က တည်းက ဟောသည်နားက အဆောက်အအုံကလေးတစ်ခုမှာ ညစဉ် ဝတ်မပျက် မြို့လေးရဲ့သမိုင်းကို ပြောပြတဲ့အလေ့တစ်ခု ရှိတယ်။ ညစဉ် ကိုးနာရီမှာ စတယ်။ ဒါကို လေလာပင်းအာဂျီး[၁] လို့ ခေါ်တယ်။ အရက်သောက်ရင်း စားရင်း လာလာပြီးနားထောင်သူတွေကလည်း ညစဉ် ရှိတယ်တဲ့။ ဟောသည်မှာ ရေးထားတယ်'

ဘရစ်ဂျစ်က ဒါလီရဲ့ ပြခန်းကလေးမရောက်ခင် လမ်းချိုးကလေးမှာ

၁။ Le Lapin Agile



ရှိသည့် ကြေးဝါတိုင်တစ်တိုင်ပေါ်က ကြေးထွင်းစာတွေကိုဖတ်ရင်း ရှင်းပြနေခြင်း ဖြစ်သည်။ ပါရီတစ်မြို့လုံးသာမက ပြင်သစ်နိုင်ငံ တစ်ဝှမ်းလုံးက သမိုင်းဆိုင်ရာ နေရာဌာနတိုင်းမှာ သည်လိုကြေးဝါတိုင်တွေ ရှိသည်။ နိုင်ငံတော် အစိုးရက တာဝန်ယူ တပ်ဆင်ပေးထားသည်။ ပါရီတစ်ဝိုက်က ကြေးဝါတိုင်တွေမှာတော့ Hostoire De Paris ဟု ရေးထားသည်။ သမိုင်းဆိုင်ရာ အချက်အလက်များနှင့် တွေ့ရှိချက်များကို လူထုက အလွယ်တကူ ဖတ်နိုင်၊ သိနိုင်၊ ခံစားနိုင်ဖို့ ဖြစ်သည်။ ပြီးတော့ သည်ကြေးဝါတိုင်တွေကို ဖြုတ်ယူတာမျိုး၊ ခိုးယူတာမျိုး၊ ဖျက်ဆီးတာမျိုးမရှိ။ Spray ဘူးရောင်စုံဖြင့် လက်စွမ်းပြတတ်သူတို့ပင် ကြေးဝါတိုင်တွေကို ပျက်စီးရာပျက်စီးကြောင်း မလုပ်ကြပါဟု ဘရစ်ဂျစ်က ပြောသည်။

'တို့ဆီမှာက စပရေးဘူးရောင်စုံနဲ့ သောင်းကျန်းတဲ့ ချာတိတ်တွေ ရှိတယ်၊ ချာတိတ်တွေတောင် မဟုတ်ပါဘူး၊ မိန်းကလေးတွေရော လူကြီးတွေတောင် ပါသေးတယ်။ ညစ်ညစ်ညမ်းညမ်း ရေးကြတာတော့ မဟုတ်ဘူး၊ လက်စွမ်းပြကြတာ။ ပြင်သစ်ပန်းချီဆရာတွေထဲမှာ စပရေးသမားတွေက သည်း အခန်းတစ်ခန်း ပါတယ်လေ'

ဘရစ်ဂျစ်က ပြောလည်းပြောစရာ။ နေရာတော်တော်များများမှာ စပရေးလက်ရာတွေ ရှိသည်။ ပြီးတော့ ရောင်စုံတွေ။ တချို့က စာလုံးတွေ။ တချို့က အရုပ်တွေ။ ဘုရားရှိခိုးကျောင်းက ခေါင်းလောင်းစင်မြင့်မြင့်မှာတောင် စပရေးပန်းချီတွေ မလွတ်။

ဒါပေမဲ့ သည်လိုသမိုင်းစဉ်အကျဉ်းပြ ကြေးတိုင်တွေမှာတော့ ဖျက်လိုဖျက်ဆီး မရှိပါ။

'L ESPACE SALVADOR DALI'

ဒါလီရဲ့ ပြတိုက်ရှေ့မှာ လူသူသိပ်မရှိသေး။ ဆာလ်ဗေးဒိုးဒါလီရဲ့ နှုတ်ခမ်းမွေးကားကား၊ မျက်လုံးပြူးပြူး ရုပ်ပုံကားချပ်ကြီးကတော့ သူ၏ အရည်ပျော်နေသော နာရီများနှင့်အတူ ပြတိုက်လာလူတွေကို ကြည့်နေသည်။ သစ်ကိုင်းပေါ်မှာတင်ထားသည့် နာရီက ပျော့တွဲကျနေသည်။ အခန်းဝမှာ လူသူနည်းသော်လည်း အတွင်းခန်းမှာတော့ ပန်းချီပို့စကတ်ဝယ်သူတွေ ပြည့်နေပြီ။ နေရောင်ခြည်က ပြခန်းဝကို အလင်းပက်ထားတာနှင့်ပင် တူသည်။

၁၄"×၃၀" အရွယ် ဒါလီရဲ့ ပုံတူပန်းချီတွေ၊ ဒါလီရေးဆွဲခဲ့သည့် ပန်းချီကားပုံတူတွေ၊ ပို့စကတ်တွေကိုတော့ အမှတ်တရ ရောင်းသော်လည်း ဒါလီရဲ့ လက်ရာအစစ်တွေကိုတော့ ပြတိုက်အဖြစ် ထိန်းသိမ်းထားသည်။ musee Espace Montmartre ဟု ခေါ်သည့်နေရာမှာ။ ပြတိုက်နေရာ ကွက်လပ်ကိုတော့ Espace Montmartre Dali ဟု ခေါ်သည်။ ပြတိုက်ရှေ့မှာ Change လို့ ရေးထားသည့် ငွေလဲလှယ်ရေးရုံး ရှိသည်။ ပြတိုက်ဝင်ကြေးကတော့ သုံးဆယ့်ငါးဖရန့်။ ပြတိုက်စောင့်မိန်းကလေးက သူ့လက်ထဲကို ဒါလီ အမှတ်တရ လက်ကမ်းစာရွက်ကလေး ထည့်ပေးသည်။ Dali: "L'Univers Fantasmagorique"လို့ ရေးထားတော့ ဘာမှန်းမသိ။ လိပ်စာက II, Rue Poulbot 75018 Paris ဖြစ်သည်။

ဒါလီရဲ့ ဆန်းကြယ်သော ပန်းချီကားတွေကို ဘရစ်ဂျစ်က ငေးနေသည်။ သူ့ကိုတော့ ဘာမှရှင်းမပြပါ။ သူကလည်း မမေးမိ။ စကြဝဠာသို့ ဖြန့်ကြက်ခြင်း၊ ဆာရီယယ်လစ်ဇင်၊ ပြီးတော့ သဘာဝလွန်။ ပန်းချီပြတိုက်ရှေ့မှာ ရွှေရောင်သစ်ရွက်ကြွေ တလင်းပြန့်ရှိသည်။ ကြီးမားသော တယောကြီးကို မတ်တတ်ထောင်ရင်း တီးခတ်နေသူရှိသည်။ တယောဆရာရဲ့ရှေ့က ခုံကလေးမှာ စီဒီဓာတ်ပြားငယ်များ။ ဒါလီ၊ သစ်ရွက်ကြွေ၊ တယောသံနွဲ့နွဲ့။ စီဒီဓာတ်ပြားများနှင့် အရည်ပျော်နေသော နာရီများကို ကျော်လာတော့ သူ့မှာ ပြင်းပြသောခံစားမှုတစ်ခု ငြိတွယ်နေခဲ့ပြီ။

'ဘရစ်ဂျစ်ရေ၊ ကိုယ်တော့ တစ်ခုခုကို ခံစားနေရတယ်။ ပြီးတော့ လွမ်းတယ်။ ဘာကိုလည်း မသိဘူး လွမ်းတယ်'

'အေးကွ၊ ကိုယ်လည်း မင်းလိုပဲ။ ကိုယ်ကတော့ ချစ်သူကိုလွမ်းတာ၊ ကိုယ့်ချစ်သူသာ ပါလာရင် ခေါင်းတိုးပြီး ငိုမိလိမ့်မယ်ထင်တယ်'

'ကိုယ့်ရင်ခွင်ထဲမှာလည်း မင်း ငိုလို့ရပါတယ်။ သုံးဆယ့်ငါးဖရန့်တော့ ကျမယ်နော်'

သူ နောက်လိုက်တော့လည်း ဘရစ်ဂျစ်က ရယ်လေသည်။ ဒါလီရဲ့ ပြတိုက်ကကျော်ပြီး လမ်းကျဉ်းကလေးအတိုင်း ဆက်လျှောက်လာခဲ့ကြ။ တဖြည်းဖြည်း နိမ့်ဆင်းသွားသည့် လမ်းကလေးမှာ အပြေးကလေး။ ကဖေး



ဆိုင်ကလေးမှာ ဝင်ထိုင်ကြရင်း ကော်ဖီသောက်။ ပြီးတော့ ပုံတူပန်းချီတွေ ဆွဲပေးသည့် Palace du Tertre လို့ခေါ်သည့် တာ့ထ်ပန်းချီတလင်းပြန့်ဆီသို့။

တာ့ထ် . . .။

ပန်းချီဆရာတွေက ပန်းချီဆရာအဖြစ် ရပ်တည်ကြသည့် နေရာ။ သူတို့ရဲ့ ပန်းချီကားတွေအတွက်ပဲ ပန်းချီဆရာဖြစ်နေကြသူများ။ ပန်းချီနှင့် ပေါ်လျှင်း၍ နေရာတော်တော်များများမှာ သည်ခံယူချက်မျိုး မရှိနိုင်တော့။ တာ့ထ်မှာတော့ သည်အယူအဆသည် အတိတ်နှင့် ပစ္စုပ္ပန် ကွာခြားလှသည် မဟုတ်။ တာ့ထ်ကို ရောက်လာကြသူတွေကလည်း ရွှေရောင်ဂန္ထဝင်ကာလကို တရှိုက်ငင်ငင် တပ်မက်သူတွေချည်း ဖြစ်သည်။ ခံစားလိုကြသူတွေချည်း ဖြစ်သည်။ ပန်းချီအနုပညာကို မြတ်နိုးသည့် စိတ်အခြေခံမရှိသူတို့ တာ့ထ်ကို အကန့်တက ရောက်လာကြသည် မဟုတ်။

ပန်းချီဆရာတွေ၊ ဆရာမတွေက ပုံဆွဲစက္ကူဖြူညှပ်ထားသည့် ကလစ်ဘုတ်ပြားတွေကိုကိုင်ရင်း လမ်းသွားလမ်းလာတွေကို ပန်းချီအဆွဲခံဖို့ မေးနေကြသည်။ တချို့ပန်းချီဆရာတွေကတော့ ခုံပုကလေးတွေမှာ ထိုင်လျက်။ ရေးဆွဲလက်စ။ တချို့ကတော့ ပန်းချီဆရာရှေ့က ခုံကလေးမှာ ထိုင်ရင်း ပန်းချီအဆွဲ ခံနေကြ။

'ဟောသည်နေရာမှာ အထိမ်းအမှတ်ကျောက်ဆစ်ရုပ်တွေ မထားဘူးကွ။ သည်အချက်ကိုက တာ့ထ်ကွက်လပ်ကလေးရဲ့ ထူးခြားချက်ပဲ။ သည်လမ်းကျဉ်းကလေးထဲကို ရောက်လာကြတဲ့ ပန်းချီရေးဆွဲသူနဲ့ ပန်းချီအဆွဲခံသူတွေကသာ အထိမ်းအမှတ် ကျောက်ဆစ်ရုပ်တုတွေ ဖြစ်တယ်တဲ့ . . .။ သည်မှာတော့ မင်းတွေ့နိုင်တာ အေးချမ်းတဲ့ဘဝရယ်၊ မီးခိုးငွေ့တွေနဲ့ ကဖီးဆိုင်ကလေးတွေရယ်၊ ညှစ်ဆေးရောင်စုံရယ်၊ ပြီးတော့ မင်းကိုယ်မင်း တွေ့ရှိနိုင်တာရယ်'

ဘရစ်ဂျစ်က တာ့ထ်ကွက်လပ်ထဲက လူတွေကိုကြည့်ရင်း သူ့ကို ပြောနေခြင်းဖြစ်သည်။ တကယ်တော့လည်း ဘရစ်ဂျစ်ပြောတာ မှန်ပါသည်။ သည်တာ့ထ်မှာ အနုပညာတန်ဖိုးကြီးမားသော၊ ဒါမှမဟုတ် ပန်းချီသမိုင်းတန်ဖိုးကြီးသော ပန်းချီကားတွေကိုတော့ တွေ့နိုင်မည်မဟုတ်ပါ။ သို့သော် မိမိကိုယ်မိမိ ပေါ့ပေါ့ပါးပါး တွေ့ရှိနိုင်သည်။ တစ်စုံတစ်ရာ ကန့်သတ်တန်ဖိုး

ဖြင့် ရှိနေသော အမတသဘော သို့မဟုတ် မသေရှင်သန်ခြင်းသဘောကို ဖျတ်ခနဲခံစားနိုင်သည်။ ပြီးတော့ သူတစ်ပါးအတွက် သက်သက်ချည်းတော့ မဟုတ်၊ ဒါပေမဲ့ တစ်ဦးချင်း တစ်ဦးချင်းစီ အားလုံးအတွက်တော့ ဖြစ်သည်။ ပန်းချီကားတွေက လူထုပန်းချီတွေချည်း မဟုတ်ပါ။ ရှုခင်းတွေလည်း ရှိသည်။ မြို့ပြသရုပ်ဖော်ချက်တွေလည်း ရှိသည်။ မိုဒန်ပန်းချီကားတွေလည်း ရှိသည်။ ပြီးတော့ မရှိမဖြစ် သက်ငြိမ်ပန်းချီကားတွေလည်း ရှိသည်။ နေချင်သေးသော်လည်း တာ့ထ်မှာ ကြာကြာမနေနိုင်ပါ။ ဘားဂက်တစ်ချောင်းစီ ဝယ်ကြကာ ဆာခရီးကား ရှေးဟောင်းဘုရားရှိခိုးကျောင်းဘက်ကို လာခဲ့ကြသည်။

လမ်းဘေးအဆောက်အအုံကြီးတစ်ခုရှေ့မှာ လူတွေ ဝိုင်းအုံနေသည်။ ဘာမျှမရှိ။ လူသူမရှိ။ ခေတ်အင်္ကျီ၊ ဘောင်းဘီဖြူပွပွကြီးကို ဝတ်ဆင်ထားသည့် ရွှေရောင်အရုပ်ကြီး တစ်ရုပ်ကလွဲလျှင် ဘယ်သူမှမရှိ။ အရုပ်က တစ်ကိုယ်လုံး ရွှေမင်ရောင်။ ဆံပင်တွေကလည်း ရွှေမင်ရောင်။ မျက်နှာပြင်တစ်ခုလုံးကလည်း ရွှေမင်ရောင်။ ခပ်ငိုက်ငိုက်စောင်းထားသော ဦးခေါင်း၊ ဆန့်တန့်ထားသောလက်၊ မျက်တောင်မခတ် ပြူးကြောင်ကြောင်မျက်လုံးတွေနဲ့ ရွှေရောင်ရုပ်တုက မိနစ်ပေါင်းများစွာ ငြိမ်သက်နေတာကိုပဲ လူတွေက ကြည့်နေကြခြင်း ဖြစ်သည်။

တော်တော်လေးကြာတော့မှ ရွှေရောင်ရုပ်တုက လှုပ်လာသည်။ ရယ်ပြသည်။ ဝိုင်းကြည့်နေသည့် လူတွေထဲက မိန်းကလေးတစ်ယောက်ရဲ့ ဟန်ပန်အတိုင်း လိုက်လုပ်ပြသည်။ မိန်းကလေးက ဘားဂက်ဝါးနေလျှင် သူက ဝါးပြသည်။ မိန်းကလေးက ခွက်ထိုးခွက်လန်ရယ်တော့ သူကလည်း ခွက်ထိုးခွက်လန်။ သည်တော့မှ လူတွေအားလုံး ရွှေမင်ရောင်တွေ ကိုယ်ခန္ဓာ့သုတ်ထားသည့် လူပြောင်မှန်းသိကာ နောက်ကြ စကြ၊ ရယ်ကြ ပျော်ကြ။ ဖရန့်ဒင်္ဂါး တော်တော်များများ အရုပ်ရှေ့မှာ ကြဲပြန့်နေသည်။ အဖြူရောင် ဝတ်စုံနှင့် ရွှေရောင်မျက်နှာနဲ့လူက ဟာသတော်တော်များများ လုပ်ပြပြီးတော့ ပြန်လည်ငြိမ်သက်သွားသည်။ သည်တော့လည်း ပကတိ ကျောက်ရုပ်။ ပကတိငြိမ်။



'ရာထူးဂုဏ်ရှိန်ကို မှီပြီး ခြကိုက် လာဘ်စားနေသူတွေထက်စာရင် သူက ပိုပြီးမြင့်မြတ်တယ် ဝင်းရဲ့။ လူတွေကို စိတ်ချမ်းသာအောင် လုပ်ပြရင်း သူ့ဘါသလောက် တောင်းရမ်းနေတာကို ကိုယ် သဘောကျတယ်'

'ကိုယ်တော့ ရန်ကုန်ပြန်ရောက်ရင် ရွှေရောင်ဆေးပုံး တစ်ပုံးဝယ်ပြီး သူ့လို လုပ်ကြည့်လိုက်ဦးမယ်'

အဆင်းလမ်းကလေးကို ကွေ့ချိုးလိုက်တော့ ဆာခရီးကား ဘုရားကျောင်းကြီးရှေ့ကို ရောက်ပြီ။ Panorama။ ပါရီတစ်မြို့လုံး မြူတွေထဲ ...။ မျက်စိတစ်ဆုံး တစ်မျှော်တစ်ခေါ်။ မလုံလောက်သေးပါ။ ရာသီဥတု ကောင်း၍ ကြည်လင်သည့်နေ့တွေမှာ ကီလိုမီတာ ၅၀ အဝေးကိုပင် မြင်နိုင်သည့် တကယ့်မြင်ကွင်းကျယ်ရှုခင်း။ Panoramic view။ ဘုရားရှိခိုးကျောင်း လှေကားခုံမြင့်တွေမှာ ထိုင်ကြရင်း မြင်ကွင်းကို ခံစားနေကြသူတွေ အပြည့်။ ဘုရားကျောင်းကြီးကတော့ ခုံးငယ်လေးခုံးခြံရံကာ ဗဟိုမှာ ခုံးကြီးတစ်ခုပါသည့် ဗိသုကာဟန် အဆောက်အအုံကြီး ဖြစ်သည်။ ပြီးတော့ မနေ့တစ်နေ့ကပဲ ဆောက်ထားခဲ့သလို။ သစ်လွင်လတ်ဆတ်နေသည်။ ၁၈၇၆ ခုနှစ်မှာ တည်ဆောက်ခဲ့သည့် အများကောင်းမှုကုသိုလ်တော်။ ၁၉၁၀ ကျတော့မှ ခေါင်းလောင်းစင်အပါအဝင် လက်စသတ်ခဲ့သည်။ ဘရစ်ဂျစ်က တော့ ဗိသုကာဟန်ပန်က ရိုမန်ဗိသုကာနှင့် ခေတ်သစ် ဘိုင်ဇာတိုင်းဟန်ပန် ဗိသုကာတို့ ပေါင်းစပ်ထားသည်ဟု ဆိုသည်။ သူ့စိတ်ထဲမှာလည်း ရုရှားဆန်သည်ဟု ထင်ခဲ့တာ တစ်ခြမ်းစာမှန်သည်ဟု တွေးနေမိလေသည်။

'ဘုရားကျောင်းကြီးရဲ့နောက်မှာ နှစ်ရာခုနှစ်ဆယ့်ငါးပေ မြင့်တဲ့ ခေါင်းလောင်းစင်ကြီး ရှိတယ်။ ဆယ့်ကိုးတန်လောက် လေးတော့ ကမ္ဘာ့အကြီးဆုံး ခေါင်းလောင်းတွေထဲက တစ်လုံးလို့လည်း ဆိုတယ်'

သူကတော့ မင်းကွန်းခေါင်းလောင်းကြီးရဲ့ ကြေးပိသဿချိန် 'မင်းဖြူ ခံမှန်ပြော'ကို တန်ဖွဲ့ကြည့်နေမိသည်။ ဆာခရီးကား ခေါင်းလောင်းကို သူ မမြင်ခဲ့ရ။ ဆာခရီးကား ခေါင်းလောင်းကတော့ အသံမြည်ခေါင်းလောင်း ဖြစ်ဟန်ရှိသည်။ ဘုရားကျောင်းကြီးရှေ့မှာတော့ ပြင်သစ်ပြည်သူတွေရဲ့ အဘွားတော်ခံ သမိုင်းဝင်ပုဂ္ဂိုလ်နှစ်ဦး၏ မြင်းစီးရုပ်တုကြီးတွေ ရှိသည်။ တစ်ဦးက စိန့်လူဝီ၊ တစ်ဦးက အာဇာနည်မျိုးချစ်မယ် ဂျုန်းအော့ဖ်အာ့ခ်။

ပြီးတော့ အများပြည်သူသူတို့ အပန်းဖြေနိုင်သည့် ပန်းခြံကျယ်ကြီး နှစ်ခုလည်း ရှိသည်။ နာဒါ[၁]နှင့် ဝီလေး[၂] ပန်းခြံတွေဖြစ်သည်။ အရိပ်ရပင်ကလေးတွေ၊ မြက်ခင်းစိမ်းလန်း၊ လှပသည့် ရေပန်းများနှင့် ပင်လယ်နတ်ဘုရား ရုပ်တုများ။

'ဘရစ်ဂျစ်ရေ… ဆာခရီးကားဆိုတဲ့ ပြင်သစ်စကားက Sacred Heart ကို ပြောတာဆိုရင် သိပ်လိုက်ဖက်တဲ့ နာမည်ပဲလို့ ဆိုရမှာပါ။ တကယ့်ကို စိတ်နှလုံး အေးငြိမ်းတယ်နော်။ မွန်မာ့ထ်၊ တာ့ထ်နဲ့ ဆာခရီးကားကို ကိုယ် ဘယ်တော့မှမမေ့ဘူး'

သူတို့နှစ်ယောက် ကမ္ဘာကျော်ပန်းချီကွင်းပြင် တာ့ထ်ကို ပြန်ရောက်လာခဲ့ကြပြန်သည်။ သူကပြောတော့ ဘရစ်ဂျစ်ကလည်း တာ့ထ်မှာ တစ်ခုခု ထိုင်စားကြရအောင်ဟု ဆိုသည်။ ရာသီဥတုက ကြည်လင်နေတော့ ပန်းချီကွင်းပြင် ကွက်လပ်ထဲမှာ လူအပြည့်။ လမ်းတွေပေါ်မှာလည်း လူတွေတရွရွ။ သူ့ဘေးမှာ ဆီဆေးပန်းချီကားတွေ ရှိသည်။ ဆီဆေးအခဲတွေကို ပန်းချီသုံးသန်လျက်ငယ်နှင့် ကင်းဗတ်ပေါ်မှာ ဖို့နေသူတွေ ရှိသည်။ ခဲခြစ်ပုံကြမ်းတွေလည်း ရှိသည်။ ဖယောင်းတောင့်ရောင်စုံဖြင့် တဖျင်းဖျင်းရေးခြစ်နေသူတွေလည်း ရှိသည်။ မီးသွေးမည်းမည်းနှင့် ပွတ်သပ်နေသူတွေလည်း ရှိသည်။ သူကတော့ ချဉ်ရည်ဆမ်း ငါးဝမ်းပျဉ်းသားကို စားနှင့်ဖဲ့ရင်း၊ ပန်းသီးရိုင်းအရက်ကို တစ်ကျိုက်ကျိုက်ရင်း၊ ဘရစ်ဂျစ်ကို အလစ်မှာငေးရင်း တာ့ထ်ကို ခံစားနေမိလေသည်။

ဘရစ်ဂျစ်ကတော့ အမဲသားပြားတူးတူးမည်းမည်းကို အားရပါးရ စားလေ၏။

'တာ့ထ်ကိုမရောက်ရင် ပြင်သစ်ကိုရောက်တယ်လို့ မခေါ်နိုင်ဘူး၊ ဝင်းက ကံကောင်းတယ်၊ ကိုယ်လည်း ပါရီမှာသာနေတာ သည်ဘက် မရောက်တာ ကြာပြီ။ သည်နားမှာ ၁၂ ရာစုမှာ ဆောက်ခဲ့တဲ့ လူဝီ ၆ ရဲ့ မိဖုရားကောင်းမှု စိန့်ပီရေးဘုရားကျောင်းကြီး ရှိတယ်၊ သည်နားကလမ်းတွေပေါ် လျှောက်သွားတာ ကိုယ်တို့ ဆယ့်တစ်ရာစုလမ်းတွေပေါ်ကို ရောက်သွားတာနဲ့ အတူတူပဲ။ ဝပ်ရှော့ဟောင်းကလေးတွေ ရှိတယ်၊ လှုကုံထံတွေရဲ့

၁။ Square Nadar
၂။ Square Willette



...အိမ်အိုကလေးတွေ ရှိတယ်။ ကိုယ်ပြောခဲ့တဲ့ ပန်းချီကျော်တွေ နေခဲ့ကြတဲ့ 'ဘတိုးလဗွား'[၁] ဆိုတဲ့ စတူဒီယိုအိမ်ကလေးတွေ ရှိခဲ့ဖူးတယ်၊ ပန်းချီဆရာ ...ဟောင်းကြီးတွေရဲ့ နေရာမှာ ပန်းချီဆရာသစ်တွေ ပေါ်ထွန်းလာတယ်။ ...ပြီးတော့ သည်မှာထင်ရှားတာက ပန်းချီဆရာ ပိုဗိုး[၂]ရဲ့ ပိုဗိုးချာတိတ်များ[၃] ...ပန်းချီကား ဝင်းရဲ့။ မျက်ရည်တွေစီးကျနေတဲ့ စုတ်ချာချာကလေးတွေရဲ့ ...ကို သရုပ်ဖော်ထားတာ၊ ပြီးတော့ ကိုယ်တို့ရောက်ခဲ့တဲ့ မျူဇေးဒေါ်ဆေးမှာ ...ထားတဲ့ ဗန်ဂိုးရဲ့ 'La Guinguette' ပန်းချီကားကလည်း သည်တာ့ထ်မှာ ...ဆွဲတာ'

ပန်းသီးရိုင်းအရက် ချဉ်ဖြုံးဖြုံးက နည်းနည်းတော့ ရီဝေသား။ ဘရစ်ဂျစ်လည်း သောက်သည်။ ပန်းသီးရိုင်းအရက်တွေထဲမှာ ကာလ်ဗားဒိုစ် အရက်က အကောင်းဆုံးဟုလည်း ဆို၏။ တာ့ထ်က ပြန်လာတော့ လမ်းမှာ ပြင်သစ်မကလေး တစ်ယောက်က အကော်ဒီယမ်တီးပြရင်း စီဒီခွေတတ်ပြား ရောင်းနေသည်။ တစ်ကိုယ်တော်ပါပဲ။ ညှင်းသိုးသိုး နီဂရိုးအဘိုးအိုကတော့ ကြေးဝါဓလုံကို ကြိုးတပ်ပြီးတီးနေသည်။ လက်ဆယ်ချောင်းစလုံးနှင့် ကုတ်ကုတ်ပြီး တီးနေတော့ အသံတွေကလည်း စုံသည်။ သူ့ရှေ့မှာတော့ စီဒီခွေတတ်ပြား မရှိ။

အပြန်ခရီးမှာတော့ ဘရစ်ဂျစ်က စကားသိပ်မပြောတော့။ မောသွားပြီထင်၏။ သူကလည်း ဘာကြောင့်မှန်းမသိဘဲ မောနေလေသည်။ ကမ္ဘာ့ဖလားဘောလုံးပွဲ အထိမ်းအမှတ်ပစ္စည်းတွေ ရောင်းသည့် ယာယီဈေးဆိုင်ကလေးတွေကလည်း ကားလမ်းဘေး နေရာအနှံ့။ ဝယ်ကြခြမ်းကြ။ ကြီးမားသော အလံကြီးတစ်ခုထဲမှာပဲ နိုင်ငံစုံ အလံငယ်ကလေးတွေကို ရောင်စုံရိုက်ထားသည်။ အလံတွေပါသည့် အလံ။ နေရာတော်တော်များများမှာ တလွင့်လွင့်။ အဝေးပြေးကွင်းမှာတော့ TGV Speed Train သီးသန့်ရထားလမ်း မျဉ်းကြောင်းတွေကို တွေ့နေရသည်။ ဘရစ်ဂျစ်က မြို့တွင်းတစ်နေရာ ဥယျာဉ်ကြီး (Park) တစ်ခုရဲ့ဘေးမှာ ကားရပ်လိုက်သည်။ ဥယျာဉ်အပေါက်ဝက

၁။ Bateau-Lavoir
၂။ Poulbot
၃။ Poulbot's Kids

ရုံကလေးမှာ ဝင်ကြေးပေးရင်း ရှေ့ကဦးဆောင်ပြီး ဝင်သည်။ သူကတော့ တဖြည်းဖြည်းလျှောက်လိုက်ရင်း စိမ်းညို့နေသည့် ဥယျာဉ်ကြီးထဲက သစ်ပင်ကြီးတွေနဲ့ ပန်းအလှပင်တွေကို ခံစားနေမိသည်။ နေခြည်အထိုးမှာ ဥယျာဉ်စိမ်းစိမ်းက ကတ္တီပါစိမ်းလို တောက်လက်နေသည်။ သူတို့ရှေ့မှာတော့ တစ်ယောက်ခါးကို တစ်ယောက်သိုင်းဖက်ရင်း လျှောက်နေကြသည့် စုံတွဲ။ နှုတ်ခမ်းလွှာချင်း ပူးကပ်ကာ ရင်ခုန်နေကြသူတွေလည်း ရှိ။ ခုံတန်းပေါ်မှာ မဂ္ဂဇင်းဖတ်နေကြသည့် လူပျိုဖြူများ။ ပျော်ပျော်ရွှင်ရွှင် ကစားနေကြသည့် ကလေးတွေ။ နှင်းဆီရနံ့က သင်းထုံနေသည်။ ပြင်သစ်ထင်းရှူးမြင့်မြင့်ကြီးတွေက တသိမ့်သိမ့်။ ရေကန်စိမ်းလဲ့လဲ့မှာ ဘဲငန်းဖြူတွေ။ ငှက်သံတွေကတော့ လူအရောက်အပေါက်နည်းသော သဘာဝသစ်တောကြီးထဲကလို ဆူညံနေလေသည်။

'ဝင်း… ဒါပါ့က်ဒူမွန်ဆိုး[၁]လို့ ခေါ်တဲ့ ဥယျာဉ်ကြီး။ ပါရီရဲ့ရပ်ကွက်ကြီး နှစ်ဆယ်ရဲ့တစ်ခုစီမှာ သည်လိုဥယျာဉ်ကြီး တစ်ခုစီဆိုတော့ ဥယျာဉ်နှစ်ဆယ်ရှိတယ်။ မြို့လယ်ဥယျာဉ်ကြီးတွေလေ။ တို့ထိုင်ကြရအောင်ကွာ။ ကိုယ့်ဝါသနာထဲမှာ ဥယျာဉ်ကြီးတွေထဲ လာထိုင်တာလည်း ပါတယ်၊ မင်းကော…'

'ကိုယ်လည်း သိပ်ကြိုက်တယ်၊ ထိုင်ကြမယ်လေ'

သည်လိုနှင့် သူရော ဘရစ်ဂျစ်ပါ ခုံတန်းကလေးမှာ ဝင်ထိုင်ကြသည်။ သူကတော့ မျက်စိတွေမှိတ်လိုက်ကာ ငှက်သံတွေကိုချည်း စူးစိုက်နားထောင်ကြည့်သည်။ သည်လိုဆိုတော့လည်း သူ့စိတ်တွေက မန္တလေး ဧရာဝတီမြစ်ကမ်းဘေးက လက်ပံပင်တွေဆီကို ရောက်သွားလေသည်။

မန္တလေး ဂေါဝိန်ဆိပ်ကမ်းအလွန် တောင်စူးစူးအရပ်သို့ သွားလျှင် စီကာစဉ်ကာ ပေါက်နေကြသည့် လက်ပံပင်အိုကြီးတွေ ရှိသည်။ လက်ပံပွင့်ချိန်တွေမှာတော့ ဧရာဝတီမြစ်ရေက အနောက်ဘက် ဟိုဝေးဝေးမှာ။ လက်ပံပွင့်တွေက မြစ်ဆိပ်ကမ်းရိုးလမ်းတစ်လျှောက် ရဲရဲနီ။ ငှက်တွေက တသောသော။ တစ်ခါက လက်ပံတောရဲရဲစွေးစွေးကို သူ ဓာတ်ပုံသွားရိုက်ဖူးသည်။ လက်ပံပွင့်ကောက်သူတွေ၊ ချစ်သူစုံတွဲတွေ။ ပြီးတော့ ငှက်ကလေးတွေ။ သူ့မျက်လုံးတွေကို ဖွင့်လိုက်တော့ လက်ပံတောမဟုတ်။ နှင်းဆီတော

---

၁။ Parc du Monceau



ကြီးပဲ ရှိသည်။ နှင်းဆီပန်းပွင့် အထောင်အသောင်းတို့ တောင်ကုန်းမြင့်မို့လျှောကလေးတစ်လျှောက် ရဲရဲနီအောင် ပွင့်နေကြသည်။ ပြီးတော့ ကျေးငှက်တွေရဲ့ အသံတွေ။

'ဘရစ်ဂျစ်ရေ…'

'…..'

ဘရစ်ဂျစ်က မြေပုံတစ်ချပ်နဲ့ အလုပ်ရှုပ်နေသည်။ မြေပုံစာရွက်ကဖြန့်လိုက်တော့ တော်တော်ကြီးသည်။ ပါရီမြေပုံလား၊ ပြင်သစ်တစ်ပြည်လုံးရဲ့ မြေပုံလား သူမသိ။ လမ်းကြောင်းတစ်ခုကို သူမလက်ထဲက ဘောပင်စိမ်းနဲ့ လိုက်ဆွဲနေသည်။ ပြီးတော့မှ သူ့ကို ကြည့်ကာ 'ဆို'ဟု ပြောရင်းပြုံးလေသည်။

'ဘာတွေ လုပ်နေတာလဲ'

'ဝင်းကို ကီလိုမီတာ တော်တော်ဝေးတဲ့ မွေးမြူရေးခြံကြီး တစ်ခုကို ခေါ်မလို့ကွ'

'ဘယ်တော့လဲ'

'တစ်ရက်ရက်ပေါ့။ နေဦး မနက်ဖြန် ကိုယ်အလုပ်ဝင်ရမယ်။ ဝင်း ဗိုက်ဆာခဲ့ပါလား။ ကိုယ်တို့ရုံးနဲ့ လမ်းတစ်ဖက်ကပ်လျက်က Air France ရုံးကြီးရဲ့ စားသောက်ဆိုင်က သိပ်ကောင်းတာ၊ ကိုယ် တစ်ခုခုကျွေးမယ်လေ'

'မင်းတို့ရုံးက ဝင်လို့ရပါ့မလား'

'ကိုယ်လာကြိုမယ်လေ၊ ရပါတယ်'

နှင်းဆီတောင်ကုန်းလေးမှာ ဆည်းဆာဦး နေရောင်ခြည်ကျနေသည်။ သစ်တောစိမ်းစိမ်းထဲသို့ တိုးဝင်သွားသော လမ်းအမြွာတွေက ရှင်းသန့်သည်။ ကန်းမဝေးမှာ ပင်မဂိတ်တံခါးကြီး ရှိသည်။ ပြီးတော့ သံစည်းရိုးမြင့်မြင့်။ အောက်ခြေက အပေါ်အမြင့်အထိ အနက်ပိန်းပိန်း ဆေးသုတ်ထားတာ၊ ထိပ်ပိုင်းလုံးသွား ချွန်ချွန်တွေကို ရွှေရောင်ဝင်းဝင်း ဆေးခြယ်ထားသည်။ အနက်နှင့် ရွှေ။ ဂိတ်တံခါးကြီးကတော့ ခုံးမိုးလေးပါသည့် အဆောက်အအုံကလေးဘေးမှာ ရှိသည်။ ဂိတ်တံခါးကြီးရဲ့ လှပသည့် ပန်းကနုတ်ခက်ကြီးတွေက ဥယျာဉ်ကြီးရဲ့ ခံ့ညားမှုနှင့် လိုက်ဖက်သည်။

'ဘရစ်ဂျစ်ကို တစ်ခုမေးချင်လို့ကွ'

'မေးလေ'

'သည်လိုကွ၊ ကိုယ် ပြင်သစ်ရောက်တာ နှစ်ရက်ပဲ ရှိသေးတယ်။ တွေ့ရသမျှ အဆောက်အဦးတွေ၊ အထိမ်းအမှတ်တွေ၊ အနုပညာပစ္စည်းတွေမှာက လူဝီဘုရင်တွေနဲ့ ပတ်သက်နေတာချည်းပဲ။ လူဝီဘုရင်တွေအကြောင်း ကိုယ်သိချင်တယ်။ အတိုချုံ့ပြောလို့ရရင်ပေါ့'

'ဒါလည်း ဟုတ်တာပဲ။ ပြီးတော့ တို့သမိုင်းမှာ ဆယ့်ရှစ်ယောက်တောင် ရှိတယ်။ ဝင်းတို့ မပြောနဲ့၊ တို့ပြင်သစ်တွေတောင် ဘယ်လူဝီက ဘာတွေလုပ်ခဲ့တာလည်း သိဖို့ခက်တယ်။ သေချာတာကတော့ကွာ စစ်တိုက်ချင်နေတဲ့၊ ကျူးကျော်ချင်နေတဲ့၊ ရက်စက်ကြမ်းကြုတ်ချင်နေကြတဲ့ လူဝီတွေချည်းပါပဲ။ တိုင်းသူပြည်သားက ချစ်တဲ့ လူဝီက ရှားတယ်လေ'

'ဘရစ်ဂျစ်ကော ခုတစ်ထိုင်တည်း ပြောနိုင်သလား'

'ရပါတယ်၊ အတိုချုပ်ပေါ့။ လူဝီတွေအကြောင်းချည်း ပြောမယ်နော်၊ ပြင်သစ်မှာ လူဝီနာမည်နဲ့ ဘုရင်ဆယ့်ရှစ်ပါး ရှိခဲ့တယ်။ အားလုံး သက်ဦးဆံပိုင်စနစ် ကျင့်သုံးခဲ့တယ်။ လူဝီ ၁၄ လက်ထက်မှာ တန်ခိုးအာဏာ အထွတ်အထိပ်ရောက်တယ်။ လူဝီ ၁၅၊ ၁၆၊ ၁၇၊ ၁၈ တွေ လက်ထက်မှာတော့ လူထုက အော့ကြောလန်လာတယ်။ ဒါပဲ'

'သည့်ထက် နည်းနည်းတော့ ချဲ့ဦးလေကွာ၊ ဘရစ်ဂျစ်ကလည်း၊ အဲသလောက်တော့ ကိုယ်လည်း သိပါတယ်'

ဘရစ်ဂျစ်က ရယ်သည်။ ဤသို့ဖြင့် မွန်ဆိုးပန်းဥယျာဉ်ကြီးထဲမှာ ပြင်သစ်နိုင်ငံ၏ သက်ဦးဆံပိုင် လူဝီဘုရင်စနစ်သည် ပြန်လည်အသက်ဝင်လာခဲ့သည်။ ပထမတော့ ဘရစ်ဂျစ်က သူ့ကိုအားနာသဖြင့် ပြောနေရသလို တင်းတောင့်တောင့်ဟန်ပန် ဖြစ်သော်လည်း နောက်တော့လည်း ပေါ့ပါးသွက်လက်လာသည်။

'ပထမလူဝီ[၁]က ရှားလမိန်းဘုရင်ကြီးရဲ့ တတိယသားတော်။ သူ့ကို ဆိန့်လူဝီ[၂]လို့ ခေါ်ကြတယ်။ သူ ပြီးတော့ အဲသည်မင်းဆက်မှာ နောက်ထပ်လူဝီ မထင်မရှား လေးဦးပေါ်ခဲ့တော့ လူဝီငါးပါး ဖြစ်သွားတယ်။ နောက်

---

၁။ Louis 1 (ခရစ် ၇၇၈-၈၄၀)

၂။ Saint Louis (သူတော်စင် လူဝီ)



ဆဋ္ဌမလူဝီ[၁] ပေါ်လာတယ်။ သူက ဖိလစ်ပထမရဲ့ သားတော်ကွ။ သူ့ဖခင်က သူ့သားတော်ကို အုပ်ချုပ်ရေး တာဝန်တွေ ခွဲဝေခိုင်းခဲ့တော့ စစ်တပ်က ခင်းသားလေးကို ကြည်ညိုလေးစားလာကြတယ်။ နောက်တော့ ဘုရင်ဖြစ်၊ ခေါင်းနှစ်ဆယ်လောက် စစ်တွေတိုက်၊ ပြည်တွင်းက မှူးဆိုးမတ်ဆိုးတွေလည်း ခြိမ်းခြောက်လာတော့ ပြည်တွင်းစစ်ကြီး ဖြစ်လာတာတွေကတစ်ဖက်၊ နောက် အင်္ဂလန်ဘုရင်တွေကလည်း ပြင်သစ်ရဲ့ နော်မန်ဒီနယ်ကို ပိုင်းရတဲ့ ဘုရင်တွေဆိုတော့ သူတို့နဲ့လည်း အင်အားချင်းမျှအောင် လုပ်ရတာက တစ်ဖက်၊ တော်တော့်ကို ဗျာများခဲ့ရတဲ့ ဘုရင်ပေါ့ကွယ်။ တစ်ခုတော့ ရှိတယ်။ ဆဋ္ဌမလူဝီလက်ထက်မှာ ပြည်သူ့တပ်မတော်ကြီး ဖွဲ့စည်းနိုင်ခဲ့တာတယ်၊ ကွန်မျူးန်လို့ ခေါ်တဲ့ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့တွေ ပေါ်ခဲ့တာရယ်၊ ဆင်းရဲသားတွေက ချစ်ခင် လေးစားကြတာရယ်တွေကြောင့် အမျိုးသားအာဇာနည်လို့တောင် တချို့က သတ်မှတ်ကြတယ်'

'ဟုတ်ပြီ၊ လူဝီ ၆ ပါး ပြီးသွားပြီ၊ ကိုယ်လည်း ရပြီ။ ဆက်ပြောပါဦး'

'သတ္တမလူဝီ[၂]က ဆဋ္ဌမလူဝီရဲ့သားတော် ဝင်းရဲ့။ ၁၁၃၇ မှာ ထီးနန်းဆက်ခံတယ်၊ သူ့လက်ထက်မှာတော့ တိုင်းပြည် ကသောင်းကနင်း ဖြစ်ခဲ့တယ်လို့ ဆိုတယ်။ ပြင်သစ်နယ်စားတစ်ယောက်ရဲ့သမီး အယ်လီနာနဲ့ လက်ဆက်တယ်။ နောက် ဘုရင်က ကွာရှင်းလိုက်တော့ မိဖုရား အယ်လီနာက အင်္ဂလန်ဘုရင် ဒုတိယဟင်နရီနဲ့ လက်ထပ်လိုက်တယ်။ သတ္တမလူဝီက နောက်ထပ် မိန်းမနှစ်ယောက် ထပ်ယူပြီး နောက်ဆုံးယူတဲ့မိန်းမက ဖိလစ်ဩဂတ်စတပ်ကို မွေးတယ်'

'ရပြီ... နောက်အဋ္ဌမလူဝီ ပြော...'

'နေဦးကွ၊ ကိုယ်လည်း မမှားရအောင် စဉ်းစားနေတာ။ လူဝီချင်းကို ရှုပ်နေတာပဲ။ အဋ္ဌမလူဝီ[၃]က ဖိလစ်ဩဂတ်စတပ်ရဲ့ သားတော်။ ပါရီမှာပဲ မွေးတယ်။ အင်္ဂလန်ဘုရင် ဒုတိယဟင်နရီရဲ့ သမီးတော်ဖြစ်တဲ့ ဗလော့န်ချ်

---

၁။ Louis VI (ခရစ် ၁၀၈၁-၁၁၃၇)

၂။ Louis VII (ခရစ် ၁၁၂၀-၁၁၈၀)

၃။ Louis VIII (ခရစ် ၁၁၈၇-၁၂၂၆)

မင်းသမီးနဲ့ လက်ဆက်တယ်။ အင်္ဂလန်အတိုက်အခံ မှူးမတ်တွေက အင်္ဂလန်ကို လာစိုးစံပါဆိုလို့ သွားခဲ့ရသေးတယ်။ နောက်တော့ ပြင်သစ်ကို ပြန်လာခဲ့ပြီး ခမည်းတော်ရဲ့ အရိုက်အရာဆက်ခံတယ်။ ဘုရင်ဖြစ်တာ သုံးနှစ်လားပဲကြာတယ်၊ ကံတော်ကုန်တာပဲ ဝင်းရေ'

သူကတော့ ဘရစ်ဂျစ်ကိုပဲ သဘောကျနေသည်။ လူဝီဘုရင်တွေကို သူမရဲ့ ဦးကြီး ဘကြီးအရင်းတွေလား မှတ်ရအောင် မှတ်မိနေတာကို ဖြစ်သည်။ ညနေစောင်းတော့မည်။ ပန်းခြံထဲကို လူတော်တော်များများ ရောက်နေခဲ့ပြီ။ သူနှင့် ဘရစ်ဂျစ်ကတော့ ပြန်ဖို့စိတ်မကူးနိုင်သေးပါ။

**လူဝီတော်တော်များများ ကျန်သေးသည်။**

'နဝမလူဝီ[၁]ကတော့ ပြင်သစ်ပြည်သူတွေရဲ့ အချစ်တော်လို့ ဆိုတယ်။ ခရူးဆိတ်စစ်ပွဲတွေမှာ သတ္တိပြောင်မြောက်လို့ နာမည်ကြီးတယ်။ စိတ်နှလုံးဖြူစင်လွန်းလို့ သူ ကံတော်ကုန်ပြီး နှစ်ဆယ့်ခုနစ်နှစ်ကြာမှ ပုပ်ရဟန်းမင်းကြီးက သူတော်စင်လူဝီဘွဲ့ နောက်ကြောင်းပြန်ပေးတယ်။ သူက ကိုယ် စောစောက ပြောခဲ့တဲ့ အဋ္ဌမလူဝီရဲ့ သားတော်လေ။ သူ ထီးနန်းဆက်ခံရတော့ ဆယ့်နှစ်နှစ်ပဲ ရှိသေးတယ်။ သည်တော့ မယ်တော် ဗလော့န်ချ်မင်းသမီးက ရင်ခွင့်ပိုက် အုပ်ချုပ်ရတယ်။ မိခင်ရဲ့အဆုံးအမနဲ့ အကျင့်သိက္ခာရော စွမ်းရည်သတ္တိပါ ထူးချွန်ခဲ့တယ်လို့လည်း ဆိုကြတယ်။ သူ့အဖေလက်ထက်က ပြန့်ကျဲနေတဲ့ နယ်ပယ်တွေကို စုစည်းနိုင်ခဲ့တာလည်း မယ်တော်နဲ့ သားတော်ရဲ့ အရည်အချင်းတွေ ဆိုကြပါစို့ရဲ့'

'ရပြီ၊ ဒသမလူဝီကို ပြောတော့'

'နေဦး၊ နဝမလူဝီရဲ့ ထူးဆန်းတာကို ပြောရဦးမယ်။ စစ်ပွဲတော်တော်များများ တိုက်ခိုက်ခဲ့ရတဲ့ နဝမလူဝီဟာ စစ်ပန်းပြီးဖျားလိုက်တာ သေလုမျောပါးဖြစ်နေတော့ အဓိဋ္ဌာန်ပြုတယ်တဲ့။ ခရူးဆိတ်စစ်ပွဲတွေမှာ အောင်ပွဲတွေရအောင် သူတိုက်ခိုက်ပါ့မယ်ပေါ့လေ။ ဒါနဲ့ ကျန်းမာလာတော့ မယ်တော့်ကို ထီးနန်း ခဏအပ်ပြီး ပါလက်စတိုင်းကို ချီတက်တယ်။ အဲသည်မှာ သူ့စစ်တပ်တစ်တပ်လုံး ထူးဆန်းတဲ့အဖျားရောဂါကြီး ကူးစက်ရောတဲ့။ ဒါနဲ့ပဲ သူ့ကိုလည်း ရန်သူတွေက ဖမ်းမိသွားတော့ တိုင်းသူပြည်သားတွေက ပိုက်ဆံ





ရှာပြီး ရွေးခဲ့ရတာတဲ့ ဝင်းရဲ့။ အဲသည်ခေတ်ပိုက်ဆံ ဒေါ်လာငါးသန်းတောင် ...ပြီး ရွေးရတာတဲ့ကွ။ ခက်တာက သည်ဘုရင်က တိုင်းပြည်ကိုတော့ ...ရားသဖြင့် အုပ်ချုပ်ပါရဲ့၊ စစ်က ဖွတ်တိုက်ချင်နေတာက ဆိုးတယ်။ ...၇၀ လောက်ကျတော့ အာဖရိကတိုက်ကို တိုင်းပြည်က တားမြစ်တဲ့ ...းက ဖွတ်ကြီးစစ်ချီတာ တစ်တပ်လုံး ပလိပ်ရောဂါဖြစ်ပြီး သေလိုက်ကြ ... နဝမလူဝီဘုရင်ပါ ပလိပ်ရောဂါနဲ့သေရော။ ကိုင်း… မထူးဆန်းဘူး ...း'

ဘရစ်ဂျစ်က ညောင်းညာလာဟန်ဖြင့် မတ်တတ်ရပ်လိုက်သည်။ ...ိုက်ဆံအိတ် ကြိုးသိုင်းကလေးကို လွယ်လိုက်ကာ ချွတ်ထားသည့် ...င်သစ်ကွင်းထိုးဖိနပ်ကို စွပ်လိုက်သည်။ သူမ ပြန်တော့မှာလား။ ရှည်လျား...သော လူဝီဘုရင်တွေရဲ့ အကြောင်းကို ပြောခိုင်းမိတာကိုပင် အားနာနေ...ဘော့သည်။ သူကတော့ ငြိမ်နေရမှာလား၊ သူပါ လိုက်ထရမှာလား၊ ...ာ်ပါပြီကွယ် မပြောပါနဲ့တော့လို့ ပြောလိုက်ရမှာလား။ ဘရစ်ဂျစ်က ...း‌ဝေးဝေးက ဥယျာဉ်လမ်းကလေးကို လှမ်းပြသည်။ လမ်းလျှောက်ကြရအောင်ပေါ့။ သူကလည်း ချထားသောကင်မရာအိတ်ကို ကောက်ကိုင်လိုက်ရ...ဘော့သည်။ ပြင်သစ်ရေမွှေးနံ့ သင်းသင်းကလေး။ နှင်းဆီတောင်ကုန်းလေး...ကများလား။ မဟုတ်နိုင်။ ဘရစ်ဂျစ်ရဲ့ ကိုယ်နံ့ကလေးဖြစ်မည်။ ဘရစ်ဂျစ်...လည်း နှင်းဆီတောင်ကုန်းလေးပါပဲလေ။

'ဝင်းရေ မင်းဟာ မင်းမေးပြီး မင်းဟာမင်းပဲ ဆုံးအောင်နားထောင်...၊ စိတ်ကောပါသေးရဲ့လား။ မိန်းမချောကလေးတစ်ယောက်နဲ့ ဥယျာဉ်...ထဲ လမ်းလျှောက်ရင်း လူဝီဘုရင်တွေအကြောင်း နားထောင်ရတာ မင်း...ိတ်မညစ်ဘူးလား'

ဘရစ်ဂျစ်ကတော့ သူ့စိတ်တွေလှုပ်ရှားနေတာ သိပုံမရပါ။ သူ့ကို...ဘာင် နောက်နေလေသည်။ သူမကိုယ်သူမ မိန်းမချောလေးတဲ့လား။ သူတို့...ရှေ့က အတွဲကတော့ မိန်းကလေးရဲ့ ခါးကျင်ကျင်ကို တအားကြီးရစ်ကာ ...သိုင်းဖက်တွယ်ကာ တမော့မော့စကားပြောရင်း လျှောက်နေကြသည်။

'လူဝီတစ်ဆယ်[၁]ကတော့ ပြင်သစ်ဘုရင် စတုတ္ထဖိလစ်နဲ့ နဗား

မင်းသမီးက မွေးတယ်၊ ၁၃၁၄ မှာ ဘုရင်ဖြစ်လာတယ်။ တိုင်းပြည်ကို မထိန်းနိုင်ဘူးဆိုရင် လုံလောက်ပါတယ်။ ၁၃၁၆ မှာ ကံတော်ကုန်တယ်။ လူဝီဆယ့်တစ်[၁]ကတော့ ချားလ်စ်သတ္တမဘုရင်နဲ့ မယ်တော်မာရီတို့က မွေးခဲ့သူပဲ။ လူဝီဆယ့်တစ် ငါးနှစ်သားမှာပဲ ပြင်သစ်အာဇာနည်မယ် ဂျုံးအော့ဖ်အာ့ခ် ပေါ်ခဲ့တာလေ။

'ဂျုံးအော့ဖ်အာ့ခ်ကို ကြားဖူးတယ်၊ ဂျုံးကို သရုပ်ဖော်တဲ့ ပုံနှိပ်ပန်းချီကားလည်း ကြည့်ဖူးတယ်။ လူသေအလောင်းတွေကြားက ပြင်သစ်အလံကို ဆွဲကိုင်ရင်း တိုက်ပွဲကို ဦးဆောင်နေတာလေ'

'လူဝီဆယ့်တစ်က အသက်ဆယ့်သုံးနှစ်တောင် မရှိသေးဘဲနဲ့ စကော့တလန် ဘုရင့်သမီး မားဂရက်နဲ့ လက်ဆက်ခဲ့တယ်။ အသက်ဆယ့်ခြောက်နှစ်လောက်မှာပဲ မင်းရေးပြည်ရာတွေမှာ ပါဝင်ပတ်သက်ခဲ့ရတယ်။ အသက်ခြောက်ဆယ်နားနီးမှ ဘုရင်ဖြစ်လာပြီး သူ့စိတ်ကူးကလည်း ပြင်သစ်နိုင်ငံကျယ်ပြန့်နယ်ချဲ့ရေးပဲ။ ဘယ်လောက်ရယ်စရာ ကောင်းသလဲဆိုရင် နယ်စပ်ဒေသနယ်တွေကို ပိုက်ဆံပေးဝယ်တဲ့ နည်းတွေတောင် သုံးခဲ့တယ်။ သူ ကံတော်ကုန်ခါနီး သုံးနှစ်လောက်မှာတော့ ဘယ်သူ့မှ စကားမပြောတော့ဘဲ ရဲတိုက်ကြီးတစ်တိုက်မှာ ငယ်ကျွန်တွေနဲ့ သွားနေသေးတာတဲ့။ သူ ကံတော်ကုန်တော့ သူ့သားတော်က အဋ္ဌမချားလ်စ်ဆိုတဲ့ ဘွဲ့နဲ့ ဘုရင်လုပ်ခဲ့တယ်။ လူဝီဘွဲ့နဲ့တော့ မဟုတ်ပြန်ဘူး'

'လူဝီ ဆယ့်နှစ်[၂] ကော...'

လူဝီဆယ့်နှစ်က အဲသည်အဋ္ဌမချားလ်စ်ရဲ့ ညီဝမ်းကွဲ တော်တယ်၊ လူဝီဆယ့်တစ်ရဲ့ သမီးတော်နဲ့ လက်ထပ်ခဲ့တော့ အသက်က ဆယ့်တစ်နှစ်ပဲ ရှိသေးတယ်။ ၁၄၉၈ မှာ အဋ္ဌမချားလ်စ်ရဲ့ ထီးနန်းကိုသိမ်းပိုက်ပြီး သူ့မိဖုရားကိုကွာ၊ အဋ္ဌမချားလ်စ်ရဲ့ မိဖုရား 'အန်း'ကို လက်ထပ်ခဲ့တယ်။ အီတလီကျူးကျော်စစ်၊ အင်္ဂလန်ကျူးကျော်စစ်ပွဲတွေမှာ ရှုံးနိမ့်ခဲ့တယ်။ ရက်စက်ကြမ်းကြုတ်သူပေမဲ့ လူထုကတော့ ပြည်သူ့ဖခမည်းတော်လို့ တင်စားခဲ့ကြရတဲ့အထိ ချစ်ကြတယ် ဆိုတာပဲ'

---

၁။ Louis XI (ခရစ် ၁၄၂၃-၁၄၈၃)

၂။ Louis XII (ခရစ် ၁၄၆၂-၁၅၁၅)



သစ်တောစိမ်း အုပ်အုပ်ကလေးထဲကို ရောက်ပြီ။ တစ်ဖက်မှာက ချောက်ကမ်းပါးကြီးရှိကာ တစ်ဖက်မှာ တောင်ကုန်းကလေး ရှိသည်။ သူ တစ်ခါမှ မမြင်ဖူးခဲ့သောပန်းတွေက နေရာအနှံ့မှာ ပွင့်နေသည်။ ဆယ့်နှစ်ရာသီပန်းတွေလား။ နွေဦးမှာမှပွင့်သည့် ပန်းတွေလား။ သူမသိ။ ဆီဒါ သို့မဟုတ် မိုးမခ ဒါမှမဟုတ် ဘာ့ချ်။ ဘာပင်တွေလဲ မမှန်းဆနိုင်သည့် ဥရောပ သစ်ပင်ကြီးတွေကလည်း အုပ်အုပ်ညိုရီ။ အလင်းမျှင်တွေ ရုပ်သိမ်းနေခဲ့ပြီ။

'နောက် လူဝီဆယ့်သုံး[၁]ကတော့ ၁၆၀၁ ခုမှာ မွေးတယ်၊ သူ ကိုးနှစ်သားမှာ ဖခမည်းတော် ဟင်နရီဘုရင် လုပ်ကြံခံရတော့ မယ်တော် မိဖုရား မာရီယာမယ်ဒီဆီက ရင်ခွင်ပိုက် အုပ်ချုပ်ခဲ့ရတယ်။ သူ့မယ်တော် မာရီယာမယ်ဒီဆီက တိုင်းပြည်ဘဏ္ဍာတော်ကို လက်ဖွာဖွာ သုံးခဲ့တော့ တိုင်းပြည်ရဲ့ အုပ်ချုပ်ရေးတွေမှာပါ ပြိုကျခဲ့ရတယ်'

'ဘရစ်ဂျစ်ရေ ကိုယ်တော့ အားနာလှပြီကွာ၊ တော်ချင်ရင်လည်း တော်တော့။ နောက်နေ့တွေ ရှိသေးတာပဲ'

ဘရစ်ဂျစ်နဲ့ လျှောက်ရင်းက သူ အားနာနေသည်။ ဘရစ်ဂျစ်က စခဲ့မှာတော့ မထူးတော့ပါဘူးဆိုသည့် မျက်နှာမျိုး။ ဒါမှမဟုတ် ဒါမျိုးမရှာဘူး ကိုယ့်လူ ဆိုသည့်ပုံမျိုး။ ဘာပဲဖြစ်ဖြစ် အချိန်တွေစောပါသေးသည်။ ဟိုတယ်အိပ်ခန်းထဲမှာ လူးလိမ့်နေရတာထက်စာလျှင် ဘရစ်ဂျစ်နှင့် လျှောက်လည်နေရတာ ပိုကောင်းပါသည်။

'လူဝီ ၁၄[၂] ကတော့ လူဝီ ၁၃ ရဲ့သားတော် ဖြစ်တယ်။ မယ်တော်က သြစတြေးယန်းမင်းသမီး အန်းလေ၊ သူလည်း ငါးနှစ်သားမှာ ခမည်းတော် ဆုံးလို့ ဘုရင်ဖြစ်လာသူပဲ။ သူ့ရဲ့နန်းသက်က ခုနစ်ဆယ့်သုံးနှစ်တောင် ကြာခဲ့တာဆိုတော့ ပြင်သစ်သမိုင်းအကန့်တွေထဲမှာ လူဝီ ၁၄ ရဲ့ ကဏ္ဍတွေ တော်တော်များများ ပါဝင်ပတ်သက်ခဲ့သူလည်း ဖြစ်တယ်။ ငါသာလျှင် နိုင်ငံတော်ဖြစ်တယ် ဆိုတာ သူပြောခဲ့တာပေါ့'

ဘရစ်ဂျစ်က သူ့နာရီကိုကြည့်သည်။ ပန်းဥယျာဉ်ကြီးထဲမှာ သူတို့

---

၁။ Louis XIII (ခရစ် ၁၆၀၁-၁၆၄၃)

၂။ Lauis XIV (ခရစ် ၁၆၃၈-၁၇၁၅)

နှစ်ယောက် တော်တော်ကြာသွားခဲ့ပြီ။ သူနှင့် ဘရစ်ဂျစ် ခမ်းနားလှပသည့် ကျောက်သားမှုခ်ဝကြီးအောက်က ဖြတ်ထွက်လိုက်သည်။ ရောင်စုံကျူးလစ်ပန်းတွေက မြေပြင်မှာ ဆုပ်ကြဲထားသည်နှင့်ပင် တူသည်။ ကားကလေးဆီကို ရောက်တော့ ဘရစ်ဂျစ်က သူ့သော့ကလေးနှင့် ချိန်လိုက်ရုံနှင့် တံခါး Lock တွေ ထောက်ခနဲတက်လာသည်။ ဖွင့်လိုက်ရုံ။

'ခဏလေးနော် ကိုယ်ချုံ့ပြီးပြောမယ်။ လူဝီ ၁၅[၁]က လူဝီ ၁၄ ရဲ့ မြစ်တော်။ လူဝီ ၁၄က အသက်ရှည်လွန်းတော့ သားတော်ရော မြေးတော်တွေပါ သေကုန်တော့ မြစ်တော်က ဘုရင်တက်ဖြစ်တာကွ။ သူလည်း ငါးနှစ်သားမှာ ဘုရင်ဖြစ်ခဲ့လို့ ဦးရီးတော် အောလီးယန်းနယ်စားကြီးက ရင်ခွင်ပိုက် အုပ်ချုပ်ခဲ့ရတယ်။ သူ့လက်ထက်မှာ ပြင်သစ်ရဲ့ဂုဏ်သိက္ခာတွေ အင်မတန် ကျဆင်းခဲ့တယ်။ သူ့ဆိုရိုးစကားက ငါသေရင် ဒုက္ခတွေ ပင်လယ်ဝေမှာပေါ့ တဲ့လေ။ လူဝီ ၁၆[၂]ကတော့ လူဝီ ၁၅ ရဲ့ မြေးတော်ပါ။ သူက ပြင်သစ်တော်လှန်ရေး ဖြစ်တော့မယ့်ကာလထဲ ဘုရင်ဖြစ်လာတော့ လူဝီတွေကို စိတ်ညစ်စပြုနေတဲ့ လူထုနဲ့ တည့်တည့်ကြီး ထိပ်တိုက်တိုးခဲ့ရသူပဲ။ ဗာဆေးလ်မြို့သားဖြစ်တဲ့ လူဝီ ၁၆ ဟာ ကမ္ဘာ့သမိုင်းမှာ ထင်ရှားတဲ့ သြစတြေးယန်းဘုရင်မ မာရီယာထရီဇာရဲ့ သမီးတော် မာရီအင်တွိုင်းနေနဲ့ အသက် နှစ်ဆယ်မှာ လက်ထပ်ခဲ့တယ်။ သူ့ခေတ်မှာပဲ ပြင်သစ်တော်လှန်ရေးကြီး ဖြစ်ခဲ့လို့ ခေါင်းဖြတ် အသတ်ခံခဲ့ရတယ်။ လူဝီ ၁၆နဲ့ မာရီအင်တွိုင်းနေးရဲ့ ဒုတိယသားတော်ကလေး လူဝီချားလ်စ်[၃] ကလည်း အကျဉ်းထောင်ထဲမှာပဲ ဘုရင်အဖြစ် စတီလောက်သာ အသိအမှတ်ပြုခံရပြီး ထောင်ထဲမှာပဲ သေဆုံးသွားခဲ့ရတယ်၊ နာမည်အဖြစ်သာ ဘုရင်ဖြစ်ပြီး ဆယ်နှစ်သားနဲ့ ကွယ်လွန်ခဲ့သူပေါ့။

'နောက်ဆုံး လူဝီကတော့ လူဝီ၁၈[၄]ပဲ။ သူကတော့ လူဝီ ၁၆ရဲ့ ညီတော် တော်တယ်။ ပြင်သစ်တော်လှန်ရေးကြီး ပြီးတော့ ပြင်သစ်က ရှောင်တိမ်းနေခဲ့ရသူပဲ။ လူဝီ၁၇ က ထောင်ထဲမှာ ကံတော်ကုန်တယ်ဆို

၁။ Louis XV (ခရစ် ၁၇၁၀-၁၇၇၄)
၂။ Louis XVI (ခရစ် ၁၇၅၄-၁၇၉၃)
၃။ Louis XVII (ခရစ် ၁၇၈၅-၁၇၉၅)
၄။ Louis XVIII (ခရစ် ၁၇၅၅-၁၈၂၄)



တော့မှ သူက လူဝီ ၁၈ ဆိုပြီး တစ်စခန်းထလာတာကွ။ ၁၈၁၄ ခုနှစ်မှာ နပိုလီယန်ဗိုနာပတ် စစ်ရှုံးပြီး တစ်ကျွန်းသို့အပို့ခံရတုန်းမှာ ပြင်သစ်ထီးနန်းကို သူ ယူလိုက်တာပဲ'

'ကျေးဇူးတင်ပါတယ် ဘရစ်ဂျစ်ရယ်။ မင်းကိုလည်း ချီးကျူးပါတယ် တကယ်ပါ။ ကိုယ်တော့ ကိုယ့်တိုင်းပြည်က နောက်ဆုံးမင်းဆက်ဖြစ်တဲ့ ကုန်းဘောင်ခေတ်မင်းဆက်မှာ ဘုရင် ၁၁ ပါး ထီးနန်း လက်ဆင့်ကမ်းခဲ့တာကို အလွတ်ရွတ်မပြနိုင်ဘူး'

'နေဦးကွ၊ လူဝီဖိလစ် ဆိုတာ ရှိသေးတယ်။ သူက အော်လီးယန်းမြို့စားကြီး လူဝီဖိလစ်ဂျိုးဇက်ရဲ့ သားတော်ပါ။ ပြင်သစ်တော်လှန်ရေးတုန်းက သူက ဆယ့်ခြောက်နှစ်သားပဲ ရှိသေးတယ်။ ပြင်သစ်တော်လှန်ရေးကြီးက ချပေးခဲ့တဲ့ ဒီမိုကရေစီရေးနဲ့ တရားမျှတရေးစံတွေကို လူဝီဖိလစ်က ကြိုက်တယ်၊ ဒါပေမဲ့ ပြင်သစ်တပ်မတော်မှာ ဗိုလ်ချုပ်ကြီးဖြစ်လာခဲ့ပြီး သမ္မတနိုင်ငံတော်ကို ပုန်ကန်ရာမှာပါခဲ့လို့ နိုင်ငံက ထွက်ပြေးခဲ့ရဖူးတယ်။ ၁၈၁၄ မှာ ပြင်သစ်ကို ပြန်ရောက်တယ်။ ၁၈၃၀ ဒသမချားလ်စ်ဘုရင် ထီးနန်းစွန့်တော့ ဗိုလ်ချုပ်လာဖယက်ရဲ့ ကူညီမှုနဲ့ ပြင်သစ်မှာ လူဝီဖိလစ်ဘုရင် ဆိုပြီး ဖြစ်လာခဲ့တယ်။ သူကျတော့ ပြဿနာကတစ်မျိုး ဝင်းရဲ့။ သူကိုယ်တိုင်က ဒီမိုကရေစီကို လိုလားသလိုလိုနဲ့ တကယ်ကျတော့ ဒီမိုကရေစီက ချော်ထွက်နေခဲ့သူ။ သည်တော့ သမ္မတနိုင်ငံတော် ထူထောင်ချင်သူတွေကလည်း မကြိုက်ဘူး။ သည်တော့လည်း ပြင်သစ်ပြည်သူတွေက တော်လှန်ပြန်တော့ အင်္ဂလန်ကို ထွက်ပြေး၊ အင်္ဂလန်မှာပဲ ကံတော်ကုန်ခဲ့ရတယ်'

ကားကလေးက ပါရီမြို့တွင်းတစ်နေရာက လိုဏ်ခေါင်းရှည်ကြီးထဲကို ဖြတ်နေပြီ။ သူကတော့ ကွယ်လွန်သူ ဒိုင်ယာနာမင်းသမီးရဲ့ ပိန်ရှုံ့လိမ်တွန့်နေသည့်ကားကို မျက်စိထဲ မြင်နေသည်။ သည်လိုဏ်မည်းကြီးထဲမှာလား။ ပါပါရာဇီတွေကကော ဘယ်က လိုက်လာကြတာလဲ။ လိုဏ်ဂူတွင် မီးဝါပွင့်တွေက ဖျတ်ခနဲ ဖျတ်ခနဲ ကျန်ရစ်ခဲ့။ လိုဏ်အဝကတော့ လေးထောင့်စပ်စပ် လင်းချင်းနေတာ ခပ်ဝေးဝေးမှာ မြင်နေရသည်။ ခဏကလေးပါပဲ။ အလင်းထဲ ဘွားခနဲရောက်ပြီ။ စောစောက နောက်ကြနေသည့် စိတ်တွေကပင် လွတ်လပ်ပေါ့ပါးသွားသလို။ သမိုင်းလိုဏ်ခေါင်းရှည် မှောင်မှောင်ကြီးထဲမှာ

နွှန်းနှစ်နေခဲ့ရာက ပစ္စုပ္ပန်နေရောင်ခြည်ထဲကို ဘွားခနဲ ရောက်ရှိလာတာမျိုး ခံစားနေရသည်။

ဘရစ်ဂျစ်ကတော့ ကားထဲက ကိုကာကိုလာဘူးကို မော့ရင်း ကားကို ထိန်းမောင်းနေသည်။ ပြီးတော့ ကိုကာကိုလာဘူးကို သူ့ကို ထိုးပေးနေသည်။ သူကလည်း ဟန်မဆောင်နိုင်ပါ။ တစ်ကျိုက်ယူ မော့လိုက်သည်။ သစ်ကြမ်းပိုးနံ့ရှူးရှူးက ရင်ထဲကို တိုးဝင်သွားလေသည်။

'ဝင်း… ကိုယ် လူဝီဘုရင်တွေအကြောင်းပြောတာ စိတ်ညစ်သွားသလား။ ကိုယ်ပြောချင်တာလေး ရှိလို့ တစ်ယောက်ချင်းအကြောင်း ပြောနေတာပါ။ တကယ်ကျတော့ ကိုယ်ပြောချင်တာက သူတို့ရဲ့ဖြစ်စဉ်တွေ မဟုတ်ဘူး။ မင်းစဉ်းစားကြည့်၊ လူဝီဘုရင် တော်တော်များများကို ခွဲခြမ်းစိတ်ဖြာကြည့်ရင် လူမမယ်ရင်ခွင်ပိုက်ဘဝကနေ ဘုမသိဘမသိ ဘုရင်ဖြစ်လာတာတွေ များတယ်။ ပြီးတော့ သူတို့မှာတူညီနေတာက နယ်ပယ်ချဲ့ထွင်ချင်သူတွေနဲ့ စစ်မက်ကို ချိုမြိန်နေသူတွေချည်း ဖြစ်နေတယ်။ နောက်ထပ်တူတဲ့အချက်တွေထဲမှာ ဘုရင့်အနားကနေပြီး ခြယ်လှယ်ခွင့်ရနေသူတွေရဲ့ အရိပ်ဩဇာဟာ ပြင်သစ်သမိုင်းကို ဖန်တီးနေတာတွေလည်း တွေ့ရတယ်။ ဘုရင်တစ်ပါးတိုင်းစီမှာ အနီးကပ်ခြယ်လှယ် နားသွင်းနေသူတစ်ယောက်၊ ဒါမှမဟုတ် တစ်ဖွဲ့တစ်စည်းစီ ရှိနေတယ်။ မင်းနဲ့ ပြည်သူတို့ရဲ့ တိုက်ရိုက် ဆက်ဆံရေးအခြေအနေဟာ မရှိသလောက်နည်းတယ်'

'ဒါကတော့ ဘရစ်ဂျစ်ရယ်။ အခွင့်ထူးခံစားသူတွေ၊ ဘုရင်နဲ့ပေါင်းပြီး ကိုယ်ကျိုးရှာသူတွေ ဆိုတာလည်း ရှိရတာပဲပေါ့။ တို့မြန်မာ့သမိုင်းမှာလည်း ရှိခဲ့တယ်။ ဒါပေမဲ့ နိုင်ငံ့အကျိုး၊ လူမျိုးရဲ့အကျိုးကို ရှင်ဘုရင့်အကျိုးထက် ရဲရဲဝံ့ဝံ့ ကြည့်ခဲ့ကြသူတွေလည်း ရှိခဲ့တာပါပဲ။ တို့နိုင်ငံရဲ့သမိုင်းမှာ ယောအတွင်းဝန် ဦးဘိုးလှိုင်ဆိုတဲ့ ပုဂ္ဂိုလ်ဆိုရင် ဘုရင့်မျက်နှာထက် လူထုမျက်နှာ ပိုကြည့်ခဲ့တဲ့ ပုဂ္ဂိုလ်ပေပဲ'

'ဒါတော့လည်း မှန်ပါတယ်။ ကိုယ်တို့သမိုင်းမှာလည်း ရှိပါတယ်။ ဆိုပါတော့ လူဝီ ၁၆ ဆိုရင် တိုင်းရေးပြည်ရေး ကိစ္စတွေဆိုရင် သူ့မိဖုရား မာရီအင်တွိုင်းနေးကိုပဲ လွှတ်ထားခဲ့တာများတယ်။ သူကတော့ အမဲလိုက်ထွက်နေတာနဲ့ ပြီးနေတာပဲ။ ဒါပေမဲ့ ဖရိုဖရဲဖြစ်နေတဲ့ တိုင်းပြည်ကို တားဂိုး



ဆိုတဲ့ သုခမိန်ကြီးက ထိန်းပေးခဲ့တယ်။ နောက်တော့ သူလည်း မာရီအင်တွိုင်းနေးနဲ့ မလွှဲမရှောင်သာ ပေါင်းမိသွားတော့ ပိုပြီးတောင် တိုင်းပြည်ပျက်စီးသွားသေးတယ်။ ဒါပေမဲ့ လူဝီ ၁၃ ခေတ်တွေတုန်းက ဘုရင့်အတိုင်ပင်ခံ ဖြစ်တဲ့ ကာဒင်နယ်လ်ရစ်ရှလျူးကျတော့ ပြင်သစ်ပြည်သူတွေက ဘုရင့်ထက်တောင် သူ့ရဲ့ဖြောင့်မတ်တော်တည့်မှုကို လေးစားခဲ့ကြတယ်'

ဟိုတယ်ရှေ့ကို ရောက်ပြီ။ ဘရစ်ဂျစ်က ပြုံးပြသည်။ မျက်နှာကလေးကတော့ နွမ်းနေသည်လား။

'ပါရီတက္ကသိုလ် သမိုင်းဌာနက လုပ်ရမယ့်အလုပ်တွေ ကိုယ်တို့လုပ်မိခဲ့ကြပြီ။ တို့ ကံကောင်းတာက လူဝီ ၄၀ လောက် မရှိခဲ့တာပဲ။ ဒီကော ဝင်း… အော်ဗွား'

'အော်ဗွား… မဒမ်'

သူကတော့ ဘရစ်ဂျစ်ရဲ့ကားကလေး ထွက်သွားသည်အထိ လိုက်ကြည့်နေမိလေသည်။

✤

ညက တီဗီချန်နယ် တော်တော်များများ ကြည့်လိုက်မိသဖြင့် မနက် စောစော မထချင်။ မျက်လုံးတွေက တအားအိပ်ချင်နေသည်။ အိပ်နေချင်လို့ မဖြစ်သေး။ အိပ်ရာဘေးက နာရီကို ကောက်ကြည့်လိုက်တော့ မနက် ခုနစ်နာရီခွဲ။ ကနေ့တော့ ခေါင်းလျှော်ရမည်။ မနက်ခင်း အေးစိမ့်စိမ့်မှာ ရေချိုးဖို့ ပထမတော့ တွန့်နေမိသေးသည်။ နောက်တော့ ကြွေသုတ်ကန်ကြီး ထဲ စိမ်ချိုးလိုက်ဖို့ စီစဉ်ရသည်။ ရေပူတစ်ဝက်၊ ရေအေးတစ်ဝက် ကြွေကန်ထဲ ဖွင့်ချထားတုန်းမှာ မျက်နှာသစ်သည်။ ရေကန်ထဲ ရေတစ်ဝက်ကျော်ကျော် ရတော့ Bath-foam နှစ်ပုလင်းဖောက်ထည့်ကာ မွှေလိုက်သည်။ သင်းပျံ့ပျံ့ အမြှုပ်ဖွေးဖွေးရေတွေက အငွေ့တထောင်းထောင်းထနေသည်။ ဟိုတယ် တံဆိပ်ပါသည့် ဆပ်ပြာခဲကလေးတွေက တစ်နေ့ နှစ်ခဲ၊ တစ်ခါသုံး ခေါင်း လျှော်ရည် ပုလင်းတွေက တစ်နေ့ နှစ်ပုလင်း။ သူမသုံးဖြစ်သည့် ရက်တွေ အတွက် အမှတ်တရ စုထားလိုက်သည်။ မြန်မာပီပီပေါ့။ ကိုယ့်ခွဲတမ်းတော့ အလျှော့မခံနိုင်ပါ။ ရေချိုးပြီးတော့ တော်တော်လန်းသွားသည်။ ပေလက်စ ခြေအိတ်ကိုပဲ ကောက်စွပ်၊ အဝတ်အစားလဲကာ မနက်ခင်းစာစားဖို့ အောက် ထပ် ဆင်းသည်။

'ဗွန်ရှူးမစ်ဆယူး…'

'ဗွန်ရှူးမဒမ်….'

Receptionist မကလေးတွေကို နှုတ်ဆက်၊ ကောင်တာပေါ်က အင်္ဂလိပ်ဘာသာ သတင်းစာတစ်စောင် ကောက်ယူကာ စားသောက်ခန်းထဲ ဝင်ကာ မနက်စာစားရင်း သတင်းစာဖတ်။ Air France လေယာဉ်မှူးတွေက သပိတ်မလှန်ကြသေး။ ပြင်သစ်ပို့ဆောင်ရေး ဝန်ကြီးကလည်း လစာကိစ္စ



ခင်းခံနေသည်။ ကမ္ဘာ့ဖလား ဘောလုံးပွဲကစားမည့် အသင်းများက ပြင်သစ် နိုင်ငံတစ်လွှား လည်ကြပတ်ကြတာကလည်း သတင်းတွေ။ သူ့ဘေးက ... တော်တော်များများကလည်း သတင်းစာဖတ်တာ တော်တော်ဝါသနာပါပုံ ရသည်။ သူ မေးမြန်းကြည့်ဖြစ်သလောက် ပြင်သစ်သတင်းစာတွေ တော် တော်များသည် ဆို၏။

ဆိုပါတော့ စာအုပ်မျိုးစုံ။ စာအုပ်တွေဆိုလျှင် ၁၉၉၆ ခုနှစ်တစ်နှစ် တည်းမှာ စာအုပ်သစ် ၂၃၉၀၃ မျိုးနှင့် ပြန်လည်ထုတ်ဝေ (Reprints) သည့် စာအုပ်က ၂၂၄၀၃ မျိုး၊ စုစုပေါင်း ၄၆၃၀၆ မျိုး ရှိသည်ဟု ဆို သည်။ သည်စာအုပ်တွေကို စာအုပ်တိုက်ပေါင်း ၃၅၅ တိုက်က စောင်ရေအား ဖြင့် ၃၂၁ သန်း ထုတ်ဝေဖြန့်ချိခဲ့သည်။ ပြင်သစ်ဖရန့်ငွေ တန်ဖိုးနှင့်ဆိုလျှင် ဖရန့် ၁၄ ဘီလျံဖိုး (အမေရိကန်ဒေါ်လာ ၂.၃ ဘီလျံဖိုးခန့်) ရှိသည်။ သတင်းစာကတော့ အမျိုးသားသတင်းစာကြီး ခုနစ်စောင်ရှိသည်။ ဒေသခွဲ သတင်းစာက အစောင် ၂၀ ရှိသည်။ တစ်နှစ်ပတ်လည် သတင်းစာစောင်ရေ ပေါင်း ၉ ဘီလျံတောင် ရှိသည်ဆို၏။ တစ်နှစ်ကို သတင်းစာစောင်ရေ ပေါင်း ၉ ဘီလျံ ဖတ်သူများ။

စာနယ်ဇင်း (Periodicals) တွေကလည်း သန်းနှင့်ချီကာ ထုတ်ဝေ သည် ဆို၏။ စာနယ်ဇင်းဖတ် ပရိသတ်အချို့က အိမ်ခြေ ၁၀၀၀ လျှင် ...၅၀ စောင်နှုန်းဖြစ်သည်။ ကမ္ဘာပေါ်တွင် မဂ္ဂဇင်းဖတ်သူအဆင့် ပထမ နေရာတွင် ရှိနေခြင်း။

တယ်လီဗီးရှင်းကြည့် ပရိသတ်ကလည်း များသား။ အမျိုးသားအစိုးရ ချန်နယ် (National Public Channels) ကပဲ လေးခုရှိသည်။ France 2 France 3, Arte (Franco-German Cultural Channel)နှင့် La Cinquieme (Educational Channel)တို့ ဖြစ်သည်။ အမျိုးသားပုဂ္ဂလိက ချန်နယ် (National Private Channels) က သုံးခု။ Tf 1. M 6 နှင့် Channel Plus တို့ ဖြစ်သည်။ အမျိုးသားနှင့် ဒေသဆိုင်ရာ ကေဘယ်လ် ချန်နယ် (National and Local Cable Channels) တွေလည်း ရှိသေး သည်။ အခင်းအကျင်းဆိုင်ရာ ဂြိုဟ်တုဆက်သွယ်ရေးချန်နယ် (Vast ar- ray of Satellite Channels) တွေကလည်း အများကြီး။ လူတစ်ဦးလျှင်

တစ်နေ့ ပျမ်းမျှ တယ်လီဗီးရှင်းကြည့်ချိန် သုံးနာရီရှိသည်ဟု ဆိုသည်။ ဒါတောင် CNN လို၊ Eurosports လို သီးသန့်ချန်နယ်တွေလည်း ရှိသေးသည်။

ဘရစ်ဂျစ်ရောက်လာတော့လည်း သည်စကားတွေပဲ ပြောဖြစ်သည်။ အဓိက သူသိချင်သော Information Technology နှင့် Multi-media စနစ်တွေနဲ့ ပတ်သက်လို့ မေးကြည့်ဖြစ်သည်။

'ပြင်သစ်နေအိမ်တွေရဲ့ ဆယ့်ခြောက်ရာခိုင်နှုန်းက ကွန်ပျူတာတွေ သုံးတယ်။ သုံးသူတွေရဲ့ ငါးရာခိုင်နှုန်းက Multi-media programme တွေ သုံးကြတယ် ဝင်းရဲ့။ ဒါက မနှစ်ကစာရင်းအရ ပြောနိုင်တာနော်။ internet connections ဆိုရင် ခုနစ်ဆယ်ရာခိုင်နှုန်း အသုံးပြုနေကြတယ်။ Websites ဆိုရင် ၂၁၃၆၇ လောက် သုံးနေကြတယ်'

'ရုပ်ရှင်ကော ကြည့်ကြသေးရဲ့လား။ ကိုယ်တို့နိုင်ငံမှာတော့ ရုပ်ရှင်တွေ သိပ်မကြည့်ကြတော့ဘူး။ ဗီဒီယိုတွေပဲ ကြည့်ကြတယ်'

'ရုပ်ရှင်တွေကို ဗီဒီယိုနဲ့ တီဗွီကတော့ တိုက်ခိုက်တာ အမှန်ပဲ။ ဒါပေမဲ့ ပြင်သစ်ရုပ်ရှင်က သိပ်ကျသွားတယ်လို့တော့ မပြောနိုင်ဘူး။ ပြင်သစ်ရဲ့ Cinematograph က ၁၈၉၅ လောက်က စခဲ့တာဆိုတော့ လူတွေရဲ့ သည်းခြေကြိုက် ဖျော်ဖြေရေးနေရာမှာ ရှိနေတုန်းပဲ။ ၁၉၉၆ ခုနှစ် စာရင်းအရ ဆိုရင် တစ်နှစ်ကို ပြင်သစ်ရုပ်ရှင်ကား တစ်ရာ့လေးဆယ့်တစ်ကား ထုတ်လုပ်နေတယ်။ ရုပ်ရှင် ရင်းနှီးမြှုပ်နှံမှုအနေနဲ့ ကမ္ဘာ့ဒုတိယနေရာမှာ ရှိတယ်ဆိုပါစို့။ တခြားဥရောပသမဂ္ဂနိုင်ငံတွေနဲ့ ပူးပေါင်း ထုတ်လုပ်တာတွေကလည်း မနည်းလှဘူး။ ပြီးခဲ့တဲ့ ဆယ်စုနှစ်တွေနဲ့စာရင် တီဗီတွေက ထိုးနှက်တဲ့ကြားက ပရိသတ် တစ်ရာသုံးဆယ့်ခြောက်သန်းလောက် ရုပ်ရှင်ကြည့်ခဲ့ကြတယ်။ ရုပ်ရှင်ရုံပေါင်း ၄၆၀၀ ရဲ့ရှေ့မှာ လူတွေ အုံခဲနေတယ်လို့ မြင်ကြည့်လိုက်ရုံပေါ့'

'သီယေတာတွေကကော'

'နှစ်စဉ်ဖျော်ဖြေရေးဆိုင်ရာ အနုပညာရှင် ငါးသောင်းလောက်ဟာ အမျိုးသားပြဇာတ်ရုံတွေ၊ အမျိုးသားကပွဲရုံတွေမှာ တင်ဆက်ကပြနေကြတယ်။ ကိုယ်တို့ဆီမှာက ပြဇာတ်သိပ်ကြိုက်ကြတော့ National Theatre ကြီးတွေ ရှိတယ်။ Opera House ကြီးတွေ ရှိတယ်။ National



Drama Centres ကြီးတွေ ရှိတယ်။ Subsidized Play House ပြဇာတ်ရုံ တွေ ရှိတယ်။ Private Theatre တွေ ရှိတယ်။ စုစုပေါင်း လူကပွဲတွေရဲ့ တက ရှစ်သောင်းလောက် နှစ်စဉ်ရှိပါတယ်'

ကနေ့ သူ ဘရစ်ဂျစ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနကို လိုက်လာခြင်း ဖြစ်သည်။ ပြီးတော့ ထူးဆန်းတာက ဘရစ်ဂျစ်က သူ့ကို လာကြို၊ လိုက်ပို့ နေသော်လည်း သူမအိမ်ကို တစ်ခါမှမခေါ်ဖူးတာပဲ ဖြစ်သည်။ လိပ်စာ သော်မှ မသိရပါ။ သူ ရန်ကုန်ကစာထည့်လျှင် သူမ၏အလုပ်လိပ်စာကို ထည့်သည်။ သူမ ဘယ်လောက်ဝေးဝေးမှာ နေသလဲဆိုတာလည်း သူ ။ သေချာတာက လာမည်ဆိုသည့်အချိန်မှာ တိတိကျကျရောက်လာတတ် ခြင်း ဖြစ်သည်။

'ဘရစ်ဂျစ်ရေ မေးလွန်းတယ်တော့ မထင်နဲ့။ ကိုယ်က ပြင်သစ်ရဲ့ Culture and Leisure ကို သိချင်လို့ မေးတာပါ။ ကိုယ့်ကို တစ်လက်စ တည်း ဂီတနဲ့ အကကိစ္စတွေ ပြောပါဦး'

'ကောင်းပါပြီရှင်၊ ကချေသည်ပေါင်း နှစ်သောင်းကျော်ရှိ၊ သိပ်ချော လှသူကလေးတွေ ဖြစ်ပါ၏။ တချို့ကား အဝတ်ရှိ၊ တချို့ကား အဝတ် လေ။ မင်း ဘာကိုကြည့်ချင်နေမလဲဆိုတာ ကိုယ် သိပါတယ်ကွာ၊ လား'

'မဟုတ်ပါဘူးကွာ။ ကိုယ်က ဒေတာ သိချင်တာပါ'

'နောက်တာပါ၊ အဲသည်နှစ်သောင်းကျော်မှာ ဂီတပညာရှင်တွေရော၊ တော်တွေရော၊ အကပညာရှင်တွေရော ပါပါတယ်။ ပဒေသာဖျော်ဖြေ ထောင့်ခုနစ်ရာလောက် ရှိတယ်။ ဂီတ၊ အကနဲ့ အော်ပရာပွဲတော်တွေ မွေးထုတ်ပေးနေတဲ့ အဖွဲ့အစည်းတွေလည်း အများကြီးပဲ'

'ကျေးဇူးတင်ပါတယ် ဘရစ်ဂျစ်ရယ်၊ ကိုယ်က...'

'နေဦးကွ၊ Culture and Leisure ဆိုရင် ပြတိုက်နဲ့ အားကစားတွေ ပါတယ်။ အဲဒါတွေကော မသိချင်ဘူးလား'

'ဟုတ်လား လုပ်ပါဦး'

'ပြင်သစ် တစ်နိုင်ငံလုံးက ပြတိုက်ပေါင်း ၁၂၀၀ လောက်မှာ သည်ပေါင်း သန်းဆယ်ဂဏန်းချီပြီး နှစ်စဉ် လာကြည့်နေကြတယ်။

လုဗ်ပြတိုက်[၁]ရယ်၊ ဗာဆေးလ်ပြတိုက်[၂]ရယ်၊ ကိုယ်တို့ရောက်ခဲ့တဲ့ မျူဇေး ဒေါ်ဆေး[၃] ပြတိုက်ကြီး သုံးခုကို လာကြတဲ့ဧည့်သည်ကချည်းပဲ နှစ်စဉ် ဆယ့်နှစ်သန်းရှိတယ်။ ရုပ်တု ရုပ်ထွင်းအထိမ်းအမှတ်ကျောက်တိုင်၊ ဂူဗိမာန် အဆောက်အအုံတွေကို လာကြသူတွေကလည်း မနည်းလှဘူး။ ရှစ်သန်း လောက် ရှိမယ်။ အီဖယ်မျှော်စင်[၄]ကို လာကြသူပဲ စာရင်းကောက်ကြည့်တာ တောင် တစ်နှစ်ကို ငါးသန်းလောက် ရှိတယ်။ ပြီးတော့ အဆောက်အအုံချည်း ပဲ သုံးသောင်းရှစ်ထောင်ကျော်ကို သမိုင်းဝင်အဆောက်အအုံအဖြစ် ယဉ်ကျေး မှုဝန်ကြီးဌာနက ထိန်းသိမ်းထားသေးတယ်ဆိုရင် စဉ်းစားသာကြည့်တော့'

ဘရစ်ဂျစ်၏ ဆိုစကားအရ ပြင်သစ်သူ တော်တော်များများကလည်း အားကစားဝါသနာပါသူတွေ များသည်ဆို၏။ လူယောကျ်ားက တိုင်းပြည် လူဦးရေ၏ လေးပုံသုံးပုံ၊ လူမိန်းမက တိုင်းပြည်လူဦးရေ၏ နှစ်ပုံတစ်ပုံ။ သူတို့အားလုံး တစ်ခုမဟုတ်တစ်ခု ကစားကြသတဲ့။ အကြိုက်နှစ်သက်ဆုံး အမျိုးသားအားကစားက ဘောလုံးနှင့် ရက်ဘီ။ တစ်ဦးချင်း အားကစားနည်း တွေမှာလည်း စိတ်ဝင်စားသူတွေ မနည်းလှဆိုပါရောလား။ သူကတော့ လူတွေ ဘာဖြစ်လို့ သည်လောက်တောင် အားကစားဘက် ဝါသနာတွေ ထုံနေရတာလဲ စဉ်းစားနေမိသေးသည်။ သူ ဖျတ်ခနဲမြင်ရသမျှ ပါရီကတော့ လူသူလေးပါး များများစားစား အားကစားလုပ်နေတာ မတွေ့ရ။ ဘယ်နား သွားကစားကြတာလဲ။ အခု သူသိရသလောက်ဆိုလျှင်ပင် ပြင်သစ်သူ ပြင်သစ်သားတို့က ပြဇာတ်ကလေး ကြည့်လိုက်ကြ၊ သတင်းစာလေး ဖတ် လိုက်ကြ၊ ကွန်ပျူတာလေး နှိပ်လိုက်ကြ၊ ပြတိုက်ကြီးတွေ သွားလိုက်ကြ၊ ရုပ်ရှင်ရုံတွေမှာလည်း မလွတ်စေရ။ များလှစွာသော Channels တွေရှေ့မှာ ထိုင်နေကြသည့် တီဗီပရိသတ်။ ညောင်းတော့လည်း ကစားလိုက်ကြ၊ ခုန် လိုက်ကြ။ ဒါဆိုလျှင်ကော ကောင်းမွန်လှပသည့် ဘဝတွေလို့ ပြောနိုင်ပြီ လား။

နိုင်ငံခြားရေးဝန်ကြီးဌာန အဝင်မှာ ရဲနှစ်ယောက်က ကားကို လှမ်း ကြည့်သည်။ ဘရစ်ဂျစ်ကိုမြင်တော့ ကနုတ်ပန်းတံခါးကြီးကို Remote

၁။ Louvre museum
၂။ Versailles museum
၃။ Orsay museum
၄။ Eiffel Tower



Control နှင့် မောင်းကာ ရွှေ့ပေးသည်။ သူကတော့ 'Ministere des Affaires Etrangeres' ဆိုသည့် စာတွေကိုဖတ်ရင်း ဒါဟာ Ministry of Foreign Affairs ဖြစ်လိမ့်မည်ဟု စဉ်းစားနေမိသည်။ ခဏနေတော့ ဘရစ်ဂျစ်ရဲ့ အခန်းကျဉ်းလေးထဲကို ရောက်ပြီ။ ဘရစ်ဂျစ် သူ့ကို ထားရစ်ကာ ...င်လိုက်၊ ထွက်လိုက်။ ပြီးတော့ သူ့ကိုလာခေါ်ကာ ရှည်လျားလှသည့် ...ကြီအတိုင်း လျှောက်လာခဲ့ကြသည်။

စင်္ကြံနံရံ တစ်ဖက်တစ်ချက်မှာတော့ ပြင်သစ်နိုင်ငံကို လာရောက် ...သည်ပတ်ခဲ့ကြသည့် ကမ္ဘာ့ခေါင်းဆောင်ကြီးတွေရဲ့ အဖြူအမည်းဓာတ်ပုံ ကြီးတွေ ရှိသည်။ ဓာတ်ပုံကြီးတွေက လက်ရာကောင်းလွန်းသည်။ ပြီးတော့ ...ခေါင်းများစွာ။ ယာဆာအာရာဖတ်ရဲ့ ပြုံးဖြီးဖြီးမျက်နှာက သူ့ကို ရယ်ပြ ...သည်။ 'ပါလက်စတိုင်းဘက် လိုက်ခဲ့ပါဦးလား ကိုယ့်လူ' ဆိုသည့်ပုံမျိုး။ ဘရစ်ဂျစ်က သူ့ဌာနက ဌာနကြီးမှူး အမျိုးသမီးကြီးတစ်ဦးနှင့် မိတ်ဆက် ...သည်။ မဒမ်း ဂျိုးဇက်ရီနော[၁]ဟု ခေါ်ကြောင်း သူမ၏လိပ်စာကတ်အရ ...မှတ်ထားလိုက်သည်။ သူက မြန်မာလွယ်အိတ်တစ်လုံး လက်ဆောင်ပေး ...က်တော့ ချက်ချင်းလွယ်ကြည့်ကာ တပြုံးပြုံး။

'ဘရစ်ဂျစ်ရေ၊ မင်းမိတ်ဆွေကို ပြင်သစ်ကို ဘယ်တော့မှ မမေ့အောင် ...ပ်ပေးလိုက်စမ်းပါကွယ်'

သူနားလည်အောင် မဒမ်ရီနောက အင်္ဂလိပ်ဘာသာဖြင့် ပြောသည်။ ပြီးတော့ ဘရစ်ဂျစ်က သူမ၏ ညွှန်ကြားရေးမှူးဖြစ်သူ မစ္စတာ ယန်းပေါလ် ...ဒူမွန့်[၂]ထံ ခေါ်သွားသည်။ မျက်နှာပြည့်ပြည့်၊ ဥပဓိရုပ်ကောင်းကောင်း၊ ...သဖြင့်စကားပြောတတ်သူ ဖြစ်သည်။ ပြင်သစ်က မင်းကို ဘယ်လောက် ...အောင် မှုးဝေအောင်လုပ်ထားပြီးပြီလဲဟု မေးသည်။ 'ပြင်သစ် အမူးလွန် ...ဂါ'ဟု တင်စားနေကြသည့် ပြင်သစ်ပျော် ညဥ့်လည်လွန်ဝေဒနာတွေကို ...ည်ညွှန်းခြင်းဖြစ်သည်။ သူကတော့ ပြုံးပြရုံသာ။ မစ္စတာဂျူးမွန့်က သူ့ကို ...အုပ်စာတမ်းတချို့ လက်ဆောင်ပေးသည်။

'တို့နိုင်ငံက မင်းတို့နိုင်ငံနဲ့ Technology Transfer ကိစ္စတွေလုပ်ဖို့ ...ဉ်ထားတာတွေ ရှိတယ်။ အထူးသဖြင့် စိုက်ပျိုးရေးကိစ္စတွေမှာပါ။ ဥရောပ

၁။ Mme. Josette Renaux
၂။ Mr. Jean-Paul Dumont

နိုင်ငံတချို့က မြန်မာကို မသိကြဘူး။ တို့ပြင်သစ်တွေကတော့ ဗျာမနီး[၁] ဆိုတာနဲ့ အာရှတိုက် အရှေ့တောင်ဘက်က လှပတဲ့တိုင်းပြည်ကလေးမှန်း သိကြတယ်'

'ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့နိုင်ငံရဲ့ ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ပြင်သစ်နဲ့ အဆက်အဆံရှိခဲ့တဲ့ မှတ်တမ်းတွေ ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံကလည်း ပြင်သစ်ကို သိပါတယ်'

ဘရစ်ဂျစ်က သူ့ကို ဓနစီးပွားရေးမဂ္ဂဇင်းက စီးပွားရေးဆောင်းပါးရှင် ဖြစ်ကြောင်း ပြင်သစ်ဘာသာနှင့် ပြောနေဟန်တူသည်။ ဒါန၊ ဒါနဆိုတာတွေ ကြားနေရသည်။ ညွှန်ကြားရေးမှူးက ပြုံးသည်။ အာရှစီးပွားရေးကို ဘယ်လိုမြင်သလဲ မေးနေသည်။ သူက ယေဘုယျလောက်သာ ပြန်ပြောလိုက်နိုင်သည်။ သူက သဘောထားပေးရမည့် နေရာမဟုတ်။ အလွတ်သဘော ဆိုသည့်တိုင် ကာလ၊ ဒေသ၊ ပယောဂတို့ရှိနိုင်သည်။ မစ္စတာဂျူးမွန့်ကတော့ 'Terms of Reference' ဆိုသည့် စာအုပ်တစ်အုပ် လက်ဆောင် ပေးသည်။ စီးပွားရေး၊ ငွေရေးကြေးရေးနှင့် စက်မှုကဏ္ဍ[၂] စာတမ်းများ ပါသည်။

ပထမစာမျက်နှာကို လှန်ကြည့်လိုက်တော့ ''အာရှတစ်ခွင် ငွေကြေးနှင့် ဘဏ္ဍာရေး ကသောင်းကနင်းဖြစ်မှု''များ[၃] စာတမ်းခေါင်းစဉ်ကို တွေ့နေရသည်။ သူ့အောက်မှာတော့ ကမ္ဘာ့စီးပွားရေးအပေါ် ခိုင်မာသည့် အရှိန်ဩဇာနှင့် အဓိကပြဿနာ[၄] ဆိုသည့် ခေါင်းစဉ်ငယ် တပ်ထားသည်။ ဥရောပက အာရှကိုလှမ်းမြင်သည့် အဝေးမြင်လည်း ဖြစ်နိုင်သည်။ အပေါ်စီးအမြင်လည်း ဖြစ်နိုင်သည်။ စာနာမှုအမြင်တွေလည်း ဖြစ်နိုင်သည်။ ဒါမှမဟုတ် ပကတိအမြင်တွေလည်း ဖြစ်နိုင်တာပါပဲ။ ဖတ်တော့ ကြည့်ရဦးမည်။

ဘရစ်ဂျစ်နှင့် သူ ပြန်ထွက်လာခဲ့ပြီး Air France ရုံးဘက်ကို လျှောက်လာခဲ့ကြသည်။ ထမင်းစားဖို့ စီစဉ်ထားသည်ကော။ များသောအား

၁။ Birmanie (Myanmar/ Burma)

၂။ Economy, Finance and Industry.

၃။ The Monetary and Financial Crisis in Asia.

၄။ A Major Crisis with a Substantial impact on the world economy.



ဖြင့်က ဥရောပထုံးစံက ကိုယ့်ပိုက်ဆံကိုယ်ရှင်း၊ ကိုယ့်တာဝန် ကိုယ်ယူ၊ ကိုယ့်ကြောင့် သူတစ်ပါးမထိခိုက်စေနဲ့ ဖြစ်သည်။ ဘရစ်ဂျစ်နဲ့ သူ့မှာတော့ ဥရောပ အာရှ ပြဿနာမရှိ။ ဘာအရှိန်ဩဇာနှင့် အဓိကပြဿနာတွေမှလည်း မရှိ။ သူကျွေးတာ လိုက်စားလိုက်ရုံ။ စားသောက်ခန်းမကြီးက ပြောင်လက်သန့်ရှင်းနေသည်။ ဘရစ်ဂျစ်က သူမလုပ်သလို လိုက်လုပ်ပါဆိုသောကြောင့် များစွာ အဆင်ပြေလေ၏။ ထမင်းစားဗန်း (Tray) တစ်ချပ်ယူ၊ ဇွန်းသေးသေး တစ်ချောင်းထည့်၊ ဓားကြီးကြီးတစ်ချောင်းထည့်၊ သံမဏိတန်းလေးပေါ်တင်ကာ ဗန်းကို တွန်းလာခဲ့၊ သူက ဝိုင်တစ်ပုလင်းထည့် (ဘရစ်ဂျစ်က အချိုရည်တစ်ပုလင်းထည့်)၊ ချောကလက်တစ်တုံးထည့်၊ ပန်းသီးတစ်ခြမ်းထည့်၊ ဒိန်ချဉ်ဘူးတစ်ဘူးထည့်၊ ဒိန်ခဲတစ်စိတ်ထည့်၊ ရေခဲမုန့်တစ်ဘူး ထပ်ထည့်၊ ပဲထမင်းတစ်ဆုပ်စာခန့် ထည့်၊ ကြက်ပေါင်းတစ်ပေါင်ထည့်၊ ပေါင်မုန့်မာမာကျစ်ကျစ်တစ်လုံးထည့်၊ ပြီးတော့ ငွေရှင်းကောင်တာမှာ ငွေရှင်းကြ၊ ပြီးတော့ နေရာလွတ်ဆီကို ဗန်းကို မ ယူသွား၊ စားရုံ။

'ညနေကျရင် မင်းနဲ့ ကိုယ် မော်တော်ကား တော်တော်ကြာကြာ စီးရမယ်။ မင်းတို့တိုင်းပြည်နဲ့ ပြင်သစ်နဲ့ ပန်းသီးစိုက်ခင်းတွေ Technology Transfer လုပ်တာတွေကို ဆောင်ရွက်နေတဲ့ ဂရက်နဲ့ သွားတွေ့ရအောင်'

'ဂရက် ဆိုတာက ဘယ်သူလဲ'

'ဂျီအာရ်အီးတီကို ခေါ်တာပါ။ လူနာမည် မဟုတ်ဘူး။ နေဦးကွ နာမည်အရှည်ရှိတယ်။ ကိုယ်မေ့နေလို့ Research and Technology Exchange Group ကုမ္ပဏီတစ်ခုပဲ။ မင်း လေ့လာသင့်တယ်'

'ကောင်းတာပေါ့'

သူကတော့ ဝိုင်းတစ်ပုလင်းလုံးကို ဖန်ခွက်ထဲထည့်ကာ မျှဉ်းသောက်နေလိုက်သည်။ အများသုံး ဝိုင်ကြမ်းကြမ်းဆိုသော်လည်း ကောင်းပါသည်။ ပြီးတော့ ဝိုင်နီ။

Air France ဝန်ထမ်းစားသောက်ဆိုင်က ပြန်တော့ ဘရစ်ဂျစ်က သူမ၏ရုံးမှာ သူ့ကား ပြန်ယူသည်။ သူကတော့ လိုက်မသွားဘဲ သစ်ပင်ရိပ်ကလေး တစ်ရိပ်က စောင့်နေရသည်။ ဘရစ်ဂျစ်က နေ့လယ်နေ့ခင်း လျှောက်ရသည်ရအောင်ဟု ဆိုသည်။ ဂရက် (GRET) က ဘယ်တော့လဲဆိုတော့

ညနေမှဟု ဆို၏။ ဘရစ်ဂျစ်က ဆိန်းမြစ်ကို ဟိုဘက်ဖြတ်ကူးလိုက်၊ သည်ဘက် ပြန်လာလိုက်။ ခပ်ဝေးဝေးက အဆောက်အအုံတွေကို လှမ်းပြလိုက်။ သူကတော့ ဟိုတယ်ပြန်ပြီး တအောင့်တနား အိပ်ချင်လှပြီ။ ပြင်သစ် ရောက်အောင် လာပြီးမှ အိပ်ချင်နေတာကလည်း မဟုတ်သေးပါဘူး။ ကိုယ့်ဟာကိုယ် အားပေးရ၏။ သူတကာက ပါရီမှာ ကုန်ကြောင်းချည်း လျှောက်နေကြချိန်။

'ဟောဒါကြီးကို Arch of Triumph လို့ ခေါ်တယ်၊ အောင်ပွဲခံခုံးကြီး ဆိုပါတော့။ ဒါက ရှော့မ်အယ်လီဇေး (ရှောင်ဇေလီဇေး) လမ်းမကြီးအဆုံးမှာ လမ်းမကြီးကိုမျက်နှာမူပြီး ဆောက်ထားတာ ၁၈၀၆ ခုနှစ်က နပိုလီယန်ရဲ့ မဟာတပ်မတော်ကြီးကို ဂုဏ်ပြုပြီး အောက်မေ့ဖွယ်ရာ ဆောက်ခဲ့တာဖြစ်ပြီး ၁၈၃၆ ကျတော့မှ လက်စသတ်တယ်။ ရောမက Arch of Constantineနဲ့ ရုပ်တူပဲ။ ခုံးကြီးနဖူးစည်းပေါ်မှာ စီထားတဲ့ ဖောင်းဖောင်းကြီး ဆယ့်တစ်ခုက မဟာအောင်ပွဲကြီး ဆယ့်တစ်ပွဲကိုဂုဏ်ပြုတဲ့ ဒိုင်းအမှတ်အသားတွေပေါ့'

ဘရစ်ဂျစ်က ပြောပြောဆိုဆို လမ်းဘေးမှာကားရပ်ကာ ပြေးဆင်းသွားသည်။ သူကလည်း သူ့ကို ဓာတ်ပုံရိုက်ပေးဖို့ဆိုတာ သိပါသည်။ Arch of Triumph ကို ခပ်ဝေးဝေးမှာ နောက်ခံထားကာ ဘရစ်ဂျစ်က ဓာတ်ပုံရိုက်ပေးသည်။ ကြီးမားလှသည့် ခုံးကြီးအောက်က မီးပွိုင့်အမိမှာ ရပ်ထားကြသည့် ကားတန်းကြီး ဝေါခနဲထွက်လာကြတော့ ကားပေါ် အပြေးတက်ရသည်။

'ခုံးကြီးအောက်မှာ ဘယ်သူဘယ်ဝါမှန်းမသိတဲ့ စစ်သားကလေးတစ်ယောက်ရဲ့ သင်္ချိုင်းဂူရှိတယ်။ ၁၉၂၀ လောက်ကတည်းက ရှိခဲ့တာ။ ကနေ့ထိ ညနေတိုင်း မီးကလေးတလက်လက်နဲ့ ဂုဏ်ပြုထားတယ် ဝင်းရဲ့။ ပြီးတော့ စစ်မြေပြင်မှာ ကျဆုံးခဲ့ကြတဲ့ စစ်ဗိုလ်ချုပ်ကြီးတွေရဲ့ အမည်စာရင်းတွေလည်း ရှိတယ်။ လူတွေက ခုံးကြီးအောက်က စစ်အထိမ်းအမှတ် ပြတိုက်ကလေးလို့တောင် ခေါ်ကြတယ်'

ကားကလေးက ကမ္ဘာကျော် ရှောင်ဇေလီဇေး လမ်းမကြီးပေါ်ကို ရောက်ပြီ။ ကြီးမားကျယ်ပြန့်သည့် ပါရီ၏ တစ်ခုတည်းသော လမ်းမကျယ်



ကြီး။ သစ်ပင်တွေက တစ်ဖက်တစ်ချက် စီကာတန်းကာ ဝေါက်နေသည်။ င်စုံ နိုင်ငံတော်အလံရှည်ကြီးတွေက ပြင်သစ်နိုင်ငံတော်အလံနှင့် တွဲကာ ကာ ဖားဖားလျားလျား ချိတ်ဆွဲထားတာကလည်း မျက်စိတဆုံး။ ရှေး န်းကတော့ သည်နေရာတစ်ဝိုက်က ရွှံ့နွံတွေထူထပ်ရာနေရာ ဖြစ်သည်ဟု သည်။ ၁၆၆၇ ခုနှစ်လောက်မှာ လေနိုးတား[1] ဆိုသူက ဒီဇိုင်းရေးကာ သည်နေရာကို Grand-cours ဟု နာမည်ပေးခဲ့သည်။ ၁၇၀၉ ခုနှစ်ကျတော့ သည်နေရာကို ရှောင်ဇေလီဇေး အမည်တွင်လာသည်။

ဒုတိယအင်ပါယာ ကာလကတည်းက သည်နေရာကို အထက်တန်း ာ လူကုံထံတို့ အခြေချရာ၊ ဆုံစည်းနေနားရာ၊ တွေ့ဆုံရာနေရာအဖြစ် င်ရှားခဲ့သည်။ ရှောင်ဇေလီဇေးမှာ ဆုံကြမယ် ဆိုတာကိုက ရှေးခေတ် ကုံထံတွေရဲ့ ဖက်ရှင်ဖြစ်ခဲ့သည်။ ဒါကိုပဲ မင်းစိုးနွယ်ဝင်တို့၏ မဟာဆန် ည့် သဘောလက္ခဏာ (Aristocratic character) ဟု ခေါ်ခဲ့ကြသည် ။ ခုတော့လည်း မဟုတ်ပြန်တော့။ ဟိတ်ဟန်တွေ၊ ဂုဏ်သိန်ခြံပ်တွေ ဟာဆန်သူတို့နှင့်အတူ ကွယ်ပျောက်သွားသော်လည်း ရှောင်ဇေလီဇေးက တော့ လှပနေမြဲဖြစ်သည်။ နာမည်ကျော် စားသောက်ဆိုင်ကြီးတွေ ရှိသည်။ ပွဲခန်းမကြီးတွေ ရှိသည်။ ဇိမ်ခံပစ္စည်းအရောင်းဆိုင်ကြီးတွေ ရှိသည်။ ကြောင်းဆိုင်ရာ ရုံးကြီးတွေရှိသည်။ မြို့ကြီးပြကြီးသားတို့၏ ပဒူအုံ တ်ထိုးစရာနေရာ ဖြစ်နေခဲ့ပြီ။ ပြီးတော့ ရှိပါသေးသည်။ ပါရီ၏ ရှောင် လီဇေး ကဖေးဆိုင်များ။

'ရှောင်ဇေလီဇေး ကဖေးဆိုင်တွေ အများကြီးထဲမှာ ရှေးအကျဆုံး ဖေးဆိုင်ကြီးတွေလည်း ရှိတယ်၊ ဥပမာ ဖိုကေး[2] ဆိုတဲ့ ကဖေးလိုဟာမျိုး ရှောင်ဇေလီဇေးရောက်ရင် ဖိုကေးမှာ ကော်ဖီသောက်ဖို့လည်း လိုသေး ဆရာရေ့။ နောက်ထပ် နာမည်ကြီးတာက Crazy Horse Saloon တဲ့ ပထမတန်းစား ဖျော်ဖြေရေးခန်းတွေပေါ့နော်။ ဒါတော့ မင်းသိမှာပါ၊ ကလေးတွေရဲ့အလှကို Showgirls တွေက ပြတဲ့နေရာလေ။ လီဒိုကာ ရေး[3]ဆိုရင် နာမည်ကြီးပဲ'

[1] Le Notre
[2] Fouquet's
[3] Lido Cabaret

Crazu Horse။ မြင်းရူးလီဒိုကာဗရေး။ ပထမတန်းစား ဖျော်ဖြေရေးခန်းမ။ ရှိပါစေတော့။ ရှောင်ဇေလီဇေး လမ်းမကြီးတစ်လျှောက် သစ်ပင်ကြီးတွေက ရွယ်တူဖြစ်သည်။ ပြီးတော့ လမ်းဘက်ကျသည့် အကိုင်းတွေကို စက်နှင့် တိတိရိရိ ညှပ်ပေးထားသည်။ ရှောင်ဇေလီဇေး လမ်းမကို လွန်ကာ ကွန်ကော့ဒ်ကွင်းကျယ်ကို ကျော်လာခဲ့ပြီ။ Grand Palace ကို မြင်နေရပြီ။ ပြင်သစ်တွေကတော့ 'ဂရော်န်ဒ်ပါလေး' လို့ အသံထွက်သည်။ သူကတော့ မဟာနန်းတော်၏ မုခ်ဦးဝက စစ်ရထားမြင်းပျံတွေကိုပဲ ငေးနေမိလေသည်။ မိုးကောင်းကင်နောက်ခံအပြာမှာ စစ်ရထားမြင်းကြီးတွေက ဟီးဟီးထနေသည်။ လေဟုန်ကို ခွင်းကာခွင်းကာ နတ်မြင်းပျံသို့ မြူးကြွားနေကြဟန်။ Grand Palace က စစ်ရထားမြင်းပျံတွေက ကြေးညှိစိမ်းရောင် ဖြစ်သော်လည်း ရွှေရောင်တောက်ပနေသည့် မြင်းပျံတွေနှင့် တံတားကြီးတစ်စင်းကိုလည်း ချက်ချင်းလိုလို ဖြတ်နေရသည်။ သည်တံတားကြီးကလည်း ဆိန်းမြစ်ဖြတ် တံတားတွေထဲက တံတားတစ်စင်းဖြစ်ကာ တတိယ အလက်ဇန္ဒားတံတားကြီး[1] ဟု ခေါ်သည်။ ဆိန်းမြစ်ဖြတ်တံတား သုံးဆယ်ကျော်ထဲမှာ ခမ်းနားလွန်းလှသည့် တံတားကြီးတွေ များသော်လည်း တတိယအလက်ဇန္ဒားတံတား၏ အလှကတော့ အတောက်ပဆုံး ဖြစ်သည်။

သည်တံတားကြီး၏ ထူးခြားချက်မှာ ခုံးကွေးကွေးသတ္တုချောင်းကြီးကို ဆိန်းမြစ်ဟိုဘက်ထိပ် သည်ဘက်ထိပ် လှမ်းထိုးထားကာ တည်ဆောက်ထားသဖြင့် Single metal span bridge ဟု ခေါ်ကြခြင်းဖြစ်သည်။ တံတားထိပ်နှစ်ဖက် မုခ်လေးဖက်လေးတန်မှာတော့ လှပဆန်းကြယ်သည့် မုခ်ဦးရုပ်တုများ ရှိသည်။ ပေ ၃၅၀ ရှည်ကာ ပေ ၁၃၀ ကျယ်သည့် သည်တံတားကြီးက ရှောင်ဇေလီဇေးနှင့် အန်ဗားလီးကို ဆက်သွယ်ထားသည်။ ၁၈၉၆ ခုနှစ်က တတိယ အလက်ဇန္ဒားနှင့် သားတော် ဒုတိယနီကိုးလပ်[2]တို့က ကမကထပြု ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်ဆို၏။ ရုရှား - ပြင်သစ်နိုင်ငံ မဟာမိတ်ဆက်ဆံရေး အထိမ်းအမှတ်။ ရုပ်တုခံ လမ်းမီးတိုင်အဆန်းဆန်း၊ ကျောက်သားပန်းကုံးခွေ အမျိုးမျိုး၊ ရုပ်တုရုပ်ထွင်း အသွယ်သွယ်တို့က တံတားကြီးကို ခံ့ညားနေစေသည်။

၁။ Pont Alexandre III

၂။ Nicholas II.



'ဆိန်းမြစ် ညာဘက်ကမ်းက မုခ်ဦးရုပ်တုကြီးနှစ်ခုက ရိုးရာပြင်သစ်နဲ့ ခေတ်ပေါ်ပြင်သစ်ကို သရုပ်ဖော်ထားတာ။ ဘယ်ဘက်ကမ်းက ရုပ်တုကြီးနှစ်ခုကတော့ ပြင်သစ်ဉာဏ်သစ်လောင်းချိန်နဲ့ ပြင်သစ်လူဝီ ၁၄ ခေတ်ကို ရည်ညွှန်းထားတာလို့ ကြားဖူးတယ်။ တစ်နည်းအားဖြင့် တံတားကြီးအဝင်တွေမှာ ဆိန်းမြစ်ဖြစ်လိုက်၊ နီဗား[1]ဖြစ်လိုက်၊ ရုရှားအာရုံနဲ့ ပြင်သစ်အာရုံတစ်လှည့်စီခံစားနိုင်အောင် Symbolized လုပ်ထားတာလို့ ပြောကြတာပဲ'

တတိယ အလက်ဇန္ဒားတံတားကြီးကို ရောက်ကတည်းက ခဏခဏ ဖြတ်ခဲ့ရသော်လည်း အခုမှ စကားစပ်မိခြင်း ဖြစ်သည်။ ပါရီမိုးကောင်းကင်ပေါ်ကို ထိုးထွက်နေသည့် အလှအပတွေထဲမှာ သည်မြစ်ကူးတံတားကြီးထိပ် မုခ်လေးဝကို ရွှေရောင်မြင်းကြီးတွေကို သူ အစွဲလမ်းဆုံး ဖြစ်သည်။ ရွှေရောင်က မြင်နေကျရွှေရောင်မျိုး မဟုတ်။ ရှင်နေသည့် ရွှေရောင်တောက်တောက် ဖြစ်သည်။ ရွှေရောင်မြင်းများကို ကျော်လွန်ခဲ့လျှင် စိမ်းသစ်သော ဥယျာဉ်ကြီး တစ်ခုဆီသို့ ချဉ်းကပ်မိခဲ့ကြပြီ။ ဘရစ်ဂျစ်ကတော့ ပါလေးဂျူလာဇင်းဘော့စ်ဟု ပြင်သစ်သံနှင့် ပြောသော်လည်း အင်္ဂလိပ်ဘာသာဖြင့် Luxembourg Palace ပဲ ဖြစ်သည်။ လာဇင်းဘော့စ်နန်းတော်ကြီးနှင့်အတူ လာဇင်းဘော့စ် ဥယျာဉ်ကြီးကလည်း ခမ်းနားလှသည်။ ပြင်သစ်သံနှင့်ဆိုလျှင် ဂျာဒင်းဂျူလာဇင်းဘော့စ်။ ပြင်သစ်ဘာသာ ဂျာဒင်း (Jardin) မှာ ဥယျာဉ် Garden ဖြစ်သည်။ တစ်နည်းအားဖြင့် Luxemberg Garden။

ကားကို တော်တော်ဝေးဝေးမှာ ထားရစ်ကာ လမ်းတော်တော်လျှောက်ပြီးမှ ဥယျာဉ်ဝကို ရောက်ပါသည်။ အဓိကခံစားလိုက်ရသည့် အချက်မှာ စိမ်းဖန့်ဖန့် ရှည်လျားသော သစ်ပင်တန်းရှည်ကြီး တစ်ဖက်တစ်ချက်ဆီက အေးငြိမ်းမှုနှင့် ခံ့ထည်မှုပဲ ဖြစ်သည်။

'သည်နေရာကြီးတစ်ခုလုံးကို ဂျာဒင်းဂျူအော့ဗ်ဇာဗေထရီလို့လည်း ခေါ်ကြတယ်။ လာဇင်းဘော့စ် နန်းတော်သို့ဝင်ရာ ဥယျာဉ်သာပေါ့နော် ဝင်း'

သူတို့နှစ်ယောက် စတင်ရပ်မိသောနေရာမှာ မာကိုပိုလိုဥယျာဉ် ဖြစ်သည်။ ဒါက နောက်ပိုင်းမှ ဥယျာဉ်ကြီးရဲ့ အစိတ်အပိုင်းအလိုက် အမည်ပေးထားခြင်း ဖြစ်သည်ဆို၏။ မာကိုပိုလိုပန်းခြံထဲကို ဝင်လိုက်တာနဲ့ သစ်ပင်

၁။ Niva River (Russia)

တန်းရှည်ကြီးကို စတွေ့ရပြီ။ သစ်ပင်ကြီးတွေအောက်မှာ ခုံတန်းရှည်တွေ ခပ်စိပ်စိပ် ချထားသည်။ အလယ်မှာတော့ မြက်ခင်းရှည်။ မြက်ခင်းအလယ်မှာတော့ ကျောက်သားဖြူရုပ်တုကြီးတွေ ခပ်ခြားခြား တစ်ရုပ်စီ တစ်ရုပ်စီ ရှိနေသည်။ မြင်သာအောင်ရေးရလျှင် ဘေးတစ်ဖက်တစ်ချက်က သစ်ပင်တန်းရှည်၊ အလယ်က မြက်ခင်းစိမ်းစိမ်း၊ မြက်ခင်းအလယ်မှာက လူသားအရွယ် ကျောက်သားရုပ်တုတွေ။ မြင်ကွင်းက ဒါပဲဖြစ်သည်။ အစိမ်းနှင့်အဖြူဖောက်။ သစ်ပင်တန်းအောက်က ခုံတန်းမှာတော့ ထုံးစံအတိုင်း ချစ်သူစုံတွဲတွေ ရှိသည်။ လမ်းလျှောက်နေကြသူတွေ ရှိသည်။ ခွေးကျောင်းနေသူတွေ ရှိသည်။ ပြေးလွှား ဆော့ကစားနေကြသည့် ကလေးတွေရှိသည်။ ကြီးမားသည့် သတင်းစာကြီးတွေကို ဖတ်နေကြသူတွေ ရှိသည်။

မာကိုပိုလိုဥယျာဉ်က ကျော်တော့ ကန့်လန့်ကားလမ်း။ ကားလမ်းကို ကျော်တော့ နောက်ထပ် သည်ပုံစံမျိုး ဥယျာဉ်ရှည်ကြီး။ အစိမ်းမှာ အဖြူဖောက်ပါပဲ။ မာကိုပိုလို ဥယျာဉ်ကြီးကို မိတ္တူဆွဲထားတာမျိုး။

'ဟောသည်အဆောက်အဦးကြီးက လူဝီ ၁၃ ခေတ်က ဆောက်ခဲ့တာ၊ အုတ်ကို သည်အတိုင်း အလှစီထားတာလေ။ Institue of Archeology အဆောက်အအုံကြီးကွ။ ခေတ်တစ်ခေတ်နဲ့ တစ်ခေတ် ဒီဇိုင်းတွေကို ကြည့်ပြီး ခွဲနိုင်တယ်။ လူဝီ ၁၄ ကျတော့ ကွန်ကရစ်အချောကိုင်တာကို သိပ်ကြိုက်တာ'

ဥယျာဉ်ဝက ဥယျာဉ်အမည်စာတန်းကို သူ မှတ်ထားလိုက်သည်။ Jardin Cavelier de la Salle။ ဂျာဒင်းကာဗာလီ ယေးဒီလာဆားလ်။ လူဝီဇီးယားနားကုန်းမြေကို စတင်တွေ့ရှိသူ။ မာကိုပိုလိုဥယျာဉ်နှင့် ဆားလ်ဥယျာဉ်က သစ်ပင်တူ၊ ဒီဇိုင်းတူ။ သည်ဥယျာဉ်ကြီး ပြီးတော့လည်း ဂျာဒင်းဂျူလာဇင်းဘာ့ခ် ခေါ် လာဇင်းဘာ့ခ် နန်းတော်ရှေ့ဥယျာဉ်နှင့် ဆက်နေတာပါပဲ။ လာဇင်းဘာ့ခ်ဥယျာဉ်ကြီးကတော့ လာဇင်းဘာ့ခ်နန်းတော်ကြီး မျက်နှာစာနှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်နေပြီ။ မယ်ဒီးဆီးဖောင်တိန်လို့ ခေါ်ကြသည့် မယ်ဒီးဆီးမိဖုရားကြီး၏ ရေပန်းကလည်း ပြင်သစ်၏ နာမည်ကျော် အနုပညာလက်ရာ ဖြစ်သည်။ ကြီးမားသည့် ရေပန်းအုတ်ကန်ကြီးထဲမှာ ကြေးနီသားမြင်းရုပ်ကြီးတွေ ရှန်းရင်းဆန့်ခတ် ဖြစ်နေဟန်က လက်ရာမြောက်လှသည်။ ရေပန်းအလယ်မှာတော့ အဆင့်ဆင့်မြင့်တက်သွားသည့် ကျောက်



...လပ် ပန်းခုံမြင့်။ ပန်းခုံမြင့်ပေါ်မှာတော့ ဝတ်လစ်စလစ် မိန်းကလေးငယ် ...လေး လေးယောက်က ကမ္ဘာမြေကို ပင့်မထားဟန် ကြေးရုပ်တုကြီး ...သည်။ ဒါကြောင့်ပဲ သည်ရုပ်တုကြီးကို ကမ္ဘာမြေရဲ့ ထောင့်လေးထောင့်[၁] ... ခေါ်ကြသည်။ ၁၈၇၅ ခုနှစ်က လက်ရာ။

'ဝင်းမင်းဥယျာဉ်ကြီး သုံးခုကို ဖြတ်ခဲ့ပြီနော်။ ဘယ်လိုခံစားရသလဲ။ ...တော့ ပန်းစုံဥယျာဉ်ကြီးတွေလည်း မဟုတ်ဘူးနော်။ သစ်ပင်တန်းရှည် ...စ်ဖက်တစ်ချက်ရယ်၊ အလယ်က မြက်ခင်းစုံစိမ်းစိမ်းရယ်၊ မြက်ခင်းပေါ်မှာ ...ကျောက်သားဖြူ ရုပ်တုကြီးတွေ ခပ်ကျဲကျဲ နေရာချထားတာရယ်၊ ဒါပဲ ...ပ်ထားတာ ကဲ့... ပြော'

ခံစားမှု။ ဘရစ်ဂျစ်က သည်လိုမေးလိမ့်မည် မထင်ပါ။ သို့သော် ...သည်ဥယျာဉ်ကြီးတွေထဲက ဖြတ်လာရကတည်းက သူ့မှာ ခံစားမှု တစ်စုံ ...စ်ရာ ရှိနေနှင့်ပြီ။ သိပ်ထူးထူးခြားခြားတော့ မဟုတ်ပါ။ စိမ်းလန်းသော ...ပြတွေမှာ ရလိုက်သည့် အေးငြိမ်းမှုသဏ္ဌာန်ရသ။ သူ့ခံစားမှုကို ပြောပြတော့ ...ရစ်ဂျစ်က ရယ်လေသည်။

'တော်လိုက်တာကွာ၊ ကိုယ်က တမင်ကိုမမေးသေးဘဲနဲ့ ဥယျာဉ် ...ကြီးတွေဆုံးမှ မေးမလို့ ဝင်းရဲ့။ မင်းဖြေတာတွေ မှန်တယ်၊ အဲသည်ရသ ...အောင်ကို ဖန်တီးထားတာတဲ့ သည်နေရာကို ပြင်သစ်တွေက နာမည်ပေး ...ားတယ်၊ စိမ်းလန်းအေးငြိမ်းခြင်း နတ်မိမယ်တို့ ပုန်းအောင်းရာ တဲ့'

တကယ်တော့လည်း ပါရီသည် ကွဲပြားခြားနားသော အခြင်းအရာ ...စုံတို့ စုဝေးရာမြို့တော် ဖြစ်သည်။ ဂန္ဓဝင်နှင့် ခေတ်သစ်။ အလင်းနှင့် ...ဘရီ။ တောက်ပမှုနှင့် ပိုးဝါးရောထွေး။ ကမ္ဘာကျော်တေးသံရှင် ဖရင့်စီ ...သရားကတော့ ဒါကြောင့်ပဲ ပါရီကို စိတ်ကူးရတိုင်း လာတတ်သတဲ့။ Softlight and Capricious Skies။ အလင်းဖျော့ဖျော့နှင့် အပြောင်းအလဲ ...တတ်သည့် မိုးကောင်းကင်တွေရဲ့ မြို့တော်။ လာဇင်းဘာ့ခ် နန်းတော် ...င်းကျယ်ကြီးထဲမှာတော့ လူစည်ကားပါသည်။ လာတင်ရပ်ကွက်နှင့် နီး ...သည်။ စာသင်ကျောင်းတွေနဲ့ နီးသည်။ ရပ်ဝေးခရီးသွားတို့လည်း မရောက် ...ဖြစ် ရောက်ကြရသည့်နေရာ။ ဥယျာဉ်ရှည်ကြီးတစ်လျှောက် ကျောက်သား

[၁] The four corners of the earth

မြို့ ရုပ်တုတွေက ပြင်သစ်မိဖုရားများနှင့် အလှစုံ ပြင်သစ်မိန်းမသားတို့၏ နိမိတ်ပုံတွေဖြစ်ကြောင်း ဘရစ်ဂျစ်က ပြောသည်။ လာဇင်းဘော့ခ်နန်းတော်ဝင်းကြီးထဲက စိမ်းလဲ့ကန်သာဘေးမှာ ဒါမှမဟုတ် မြက်ခင်းကျယ်ကြီးတွေရဲ့ဘေးမှာ ပုံစံတူ သံကုလားထိုင်တွေ မြောက်မြားစွာရှိသည်။ လူရာပေါင်းများစွာက ထိုင်ခုံတွေပေါ်မှာ အေးအေးဆေးဆေး။ သစ်ရိပ်တွေမှာ အေးအေးဆေးဆေး။ နန်းတော်ဝင်းဝမှာ အေးအေးဆေးဆေး။ မလှမ်းမကမ်း ကုန်းစောင်းမြင့်မြင့်မှာ မိဖုရားကြီး မာရီယာဒီမယ်ဒီးဆီး[၁]၏ ပုံတူကျောက်ရုပ်ပန်းပု ရှိသည်။ မျက်နှာထားတင်းတင်း။ မျက်ဆန်မပါသော ကျောက်သားထွင်း မျက်လုံးတွေမှာတောင် အရောင်တွေ တဖျပ်ဖျပ်လက်နေသည်လား။

'စတုတ္ထ ဟင်နရီဘုရင် ကံတော်ကုန်တော့ သူ့မိဖုရား မာရီယာဒီမယ်ဒီးဆီးက ချက်ချင်းကြီးပဲ လုဗ်နန်းတော်ကြီးမှာ မနေချင်တော့ဘူး လုပ်တော့တာကွ၊ သူငယ်ငယ်က နေခဲ့ဖူးတဲ့ ဖလောရင့်ဆိုတဲ့ မြို့ကလေးကိုလည်း သိပ်သတိရနေတာတဲ့။ ဒါနဲ့ပဲ ၁၆၁၂ ခုနှစ်မှာ နဂိုက သည်နေရာကြီးကို ပိုင်ဆိုင်တဲ့မြို့စားကြီး ဖရန်ဆွာဒီလာဇင်းဘော့ခ်[၂]ဆီက ဝယ်ပြီး ၁၆၁၅ ကျတော့ ဆော်လမွန်ဘရိုဆေး[၃] ဆိုတဲ့ ပုဂ္ဂိုလ်ကိုခေါ်ပြီး သူမနေခဲ့ဖူးတဲ့ ဖလိုရင်းတိုင်းနန်းတော်လိုပုံမျိုး ဆောက်ခိုင်းခဲ့တယ်။ သည်နန်းတော်ကြီးကို ပြင်သစ်တော်လှန်ရေး ကာလကြီးမှာ ပြည်သူလူထုက တော်ဝင်မိသားစုဆီက သိမ်းယူတာ ခံခဲ့ရဖူးတယ်။ ပြီးတော့ လူထုကပဲ နိုင်ငံတော်အကျဉ်းထောင်ကြီးအဖြစ် သတ်မှတ်လိုက်ကြဖူးတယ်'

မိဖုရားတစ်ပါး၏ အိမ်လွမ်းစိတ္တဇမှ စတင်ခဲ့သည့် ဘုံပျံနေနန်း။ နောက်တော့လည်း နရသိန်အကျဉ်းထောင်။ သမိုင်းကာလတွေကပဲ နေရာဌာနတွေကို သတ်မှတ်ပြဋ္ဌာန်းပေးနေသည်ကော။ ၁၇၉၅ ခုနှစ်ရောက်တော့ နပိုလီယန်က သည်နန်းတော်ကြီးကို ဆီးနိတ်လွှတ်တော်အဖြစ် သတ်မှတ်ပေးခဲ့ပြန်သည်။ အတွင်းမှာတော့ ဗိသုကာပညာရှင် ယူဂျင်းဒီလာကရိုး[၄]

၁။ Maria de' medici
၂။ Francois de Luxembourg
၃။ Salomon de Brosse
၄။ Eugene Delacrois



...င် ဂျော်ဒင်း[၁]တို့၏ လက်ရာခမ်းနားလှသည့် အဆောင်ဆောင် အခန်းခန်း...တွေ ရှိသည်ဆို၏။ သူနှင့် ဘရစ်ဂျစ်ကတော့ နန်းတော်ထဲ မဝင်ဖြစ်ခဲ့။

လာဇင်းဘော့ခ်နန်းတော်ကြီးရဲ့ နာရီက ညနေ လေးနာရီခွဲကို ပြနေပြီ။ Reine de France, Marie de medici ကျောက်ဆစ်ရုပ်ကို နှုတ်ဆက်ကာ ပြန်ခဲ့ကြသည်။ စိန့်မိုက်ကယ် လမ်းမကြီးပေါ်ကိုရောက်တော့ ညနေစောင်းတော့မည်။ ပါရီတက္ကသိုလ်၊ ဥပဒေပညာဌာန အဆောက်အအုံကို ကားပေါ်က လှမ်းတွေ့ရသည်။ ပြီးတော့ ပင်သီယွန်အဆောက်အအုံရှေ့မှာ ကားထားရပ်သည်။ ဓာတ်ပုံရိုက်ဖို့ပါ။ ဂရိလူမျိုးတို့၏ နန်းတော်ကြီးနှင့် တူသည့် ကျောက်သားအဆောက်အအုံကြီးကို မြင်လိုက်တာနှင့် ပင်သီယွန် (Pantheon) မှန်း သူသိနေသည်။ သည်အဆောက်အဦးကြီးရဲ့ သမိုင်းအစက သူတော်စင်မယ်တော် ဂျီနီဗီးဘုရားရှိခိုးကျောင်း[၂]ကြီး ဖြစ်သည်။ ၁၇၄၄ ခုနှစ် လူဝီ ၁၅ ဘုရင် အသည်းအသန် နာမကျန်းဖြစ်စဉ်က ကျန်းခဲ့သာစေကြောင်း သစ္စာအဓိဋ္ဌာန်ပြုခဲ့သည့် ဘုရားကျောင်းကြီးလည်း ဖြစ်သည်။ ဘုရားရှိခိုးကျောင်းဘဝက ပင်သီယွန်ကြီးအဖြစ်သို့ ပထမဆုံး အုတ်မြစ်ချပေးခဲ့သူမှာလည်း လူဝီ ၁၅ ပဲ ဖြစ်သည်။ ဗိသုကာပညာရှင် ဆော်ဖလို[၃]၏ ...န္တဝင်သစ်ဝါဒ[၄] ဟန် စိတ်ကူးစိတ်သန်းတွေလည်း ဖြစ်သည်။ ပြင်သစ်တော်လှန်ရေးကာလ ရောက်တော့ ကျက်သရေတော် ဘုရားကျောင်းအဖြစ် ပြောင်းသွားပြန်သည်။ မဟာပုဂ္ဂိုလ်ကျော်တို့၏ မြှုပ်နှံရာသင်္ချိုင်းတော် ဘုရားကျောင်းအဖြစ် ကျော်ကြားခဲ့ရာက နပိုလီယန်လက်ထက်မှာတော့ လောကီရေးရာ ဘုရားကျောင်းသက်သက် ဖြစ်လာပြန်သည်။

ပင်သီယွန်ကျောက်သား တိုင်ကြီးတွေမှာ ပြင်သစ်အလံငယ်ကလေးတွေ ထိုးစိုက်ထားသည်။ မုခ်ဦးနဖူးစည်းမှာတော့ ပြင်သစ်ဘာသာဖြင့် ရေးထားသည့် စာတန်းကြီးရှိသည်။ 'Aux Grandes hommes, La Patrie reconnaisante'။ 'ကြီးမြတ်သော ပုဂ္ဂိုလ်များသို့… ထိုသူတို့၏ ကြီးမြတ်သော အဖနိုင်ငံတော်မှ' တဲ့။ အတွင်းနံရံတွေမှာ ပန်းချီကားကြီးတွေ ရှိသည်

၁။ Jordeans
၂။ Sainte Genevieve
၃။ Soufflot
၄။ Neo-classicism

ဆိုဏ်။ သူတော်စင်မယ်တော် ဂျီနီဗီး၏ ဖြစ်တော်စဉ်နိပါတ်တော်လာ ပန်းချီတွေကို နိပါတ်တော် ပန်းချီကျော် ပူဗီဒီရှာဗန်းက လက်စွမ်းပြထားတာတွေလည်း ရှိသည်ဆိုဏ်။ ဘုရားကျောင်း မြေတိုက်ခန်းတွင်းမှာတော့ ပန်းချီကျော်တို့၏ ဂူသင်္ချိုင်းတွေ ရှိသည်။ ဗစ်တာဟူးဂိုး[၁]၊ အင်မလီဇိုလာ[၂]၊ ဗော်လ်တဲ[၃]၊ ဒီဇိုင်းဆရာ ဆော်ဖလို[၄]၊ ကာနိုး[၅]၊ မီရာဗိုး[၆]၊ ရှူးဆိုး[၇] စသူတို့၏ ဂူသင်္ချိုင်းတွေလည်း ရှိသည်ဆိုဏ်။

'ပန်းချီဆရာ ဂျေပီလောရင့်း[၈]က ပြင်သစ်တော်လှန်ရေးကြီးအတွင်း ဘုရားကျောင်းတံခါးကြီးတွေ ပိတ်ထားရတာကို မယ်တော်စိန့်ဂျီနီဗီး သေဆုံးခြင်း'[၉] ဆိုပြီး ပန်းချီကားကြီးတစ်ကား ဆွဲခဲ့သေးတယ်။ စိန့်ဂျီနီဗီး စာကြည့်တိုက်မှာတော့ ရှေးဟောင်းစာအုပ်အတွဲပေါင်း နှစ်သန်းလောက် ရှိတယ် ဆိုတာပဲ ဝင်းရဲ့'

ပင်သီယွန်ကျောက်ဆစ်ခုံး ဘုရားရှိခိုးကျောင်းကြီးနှင့် ကပ်လျက်မှာပဲ စိန့်အီအန်းဂျူးမွန့်[၁၀] ဘုရားရှိခိုးကျောင်းကြီး ရှိသေးသည်။ ၁၃ ရာစုခေတ် ဘုရားကျောင်း။ သည်ဘုရားကျောင်းရဲ့ ဗိသုကာဟန်ကတော့ ထွေပြားသည်ဟုဆိုသည်။ ဂေါသစ်ဟန်[၁၁]၊ ဉာဏ်သစ်လောင်းချိန်ဟန်[၁၂]နှင့် ဘာရိုးဟန်[၁၃] တို့ ပေါင်းစပ်ထားသည် ဆိုဏ်။ ဖျတ်ခနဲ ဖျတ်ခနဲ ကြည့်ရသော လေ့လာရေးဆိုတော့လည်း ထူးခြားဆန်းကြယ်သော ဘုရားရှိခိုးကျောင်းအဖြစ်သာ မှတ်လိုက်ရတော့သည်။

'အလယ်ခေတ်လောက်ကနေ ဆယ့်ရှစ်ရာစုလောက်အထိ ဘုရားရှိခိုးကျောင်းကြီးက ဘာသာရေး စီတန်းလှည့်လည်ပွဲကြီးတွေ လုပ်ခဲ့တယ်။ အဲသည်ကာလက ပါရီမှာ ရောဂါဘယတွေ၊ စစ်ပွဲတွေ၊ သေခြင်းတရားတွေ

၁။ Victor Hugo
၂။ Emile Zola
၃။ Voltaire
၄။ Soufflot
၅။ Carnot
၆။ Mirabeau
၇။ Rousseau
၈။ J P. Laurens
၉။ The Death of Sainte Genevieve
၁၀။ The Church of Saint-Etienne-Du-Mont
၁၁။ Gothic Style
၁၂။ Renaissance Style
၁၃။ Baroque Style



ကာဆက်ကာ ဖြစ်နေလေတော့ မယ်တော် ဂျီနီဗီးကို ပူဇော်ရင်း ဘေးပေါင်းက ကင်းဝေးအောင် ဆုတောင်းခဲ့ကြတာလေ'

ဘုရားကျောင်းဘေးက Giftshop ဆိုင်ကလေးတွေမှာတော့ လူတွေ ကြိတ်ကြိတ်တိုး ဝယ်နေသည်။ ပါရီညနေခင်းမှာ ညနေခင်းပျော်ပွဲကလေးလည်း အစာရှာဖို့ထွက်ကြပြီ။ အထူးသဖြင့် ကဖေးဆိုင်တွေမှာ လူတွေပြည့်။ ကမ္ဘာကျော် ဆောဗွန်းတက္ကသိုလ်ကြီးနှင့်လည်း နီးသည်ကော။ က္ကသိုလ်ဝင်းထဲမှာတော့ ဗာစကိုဒဂါးမားရဲ့ ရွက်လှေပုံ ပိုစတာကြီးကို ချိတ်ဆွဲထားကာ ယာယီပန်းချီပြပွဲတစ်ခု ကျင်းပနေသည်။ ဘရစ်ဂျစ်ကတော့ စ်လက်စတည်းဟု ဆိုကာ ကလူးနီးပြတိုက်[၁] ဆိုတာကို ဝင်လိုက်သေးသည်။ ဆယ့်ငါးရာစုနောက်ပိုင်း လက်ရာဟု ဆိုသည်။ ဟိုတုန်းကတော့ ဟိုတယ်ကြီးအဖြစ် ဆောက်ခဲ့သည်။ တည်ဆောက်ပုံအရ ရိုးရိုးအရပ်သုံး ကာဟန်က ဟိုတယ်ဖြစ်ခဲ့ဖူးကြောင်း မြင်သာသည်။ အေဒီနှစ်ရာလောက်တည်းက တည်ရှိခဲ့သော ရောမရေဖျန်း မင်္ဂလာခန်းမဟောင်းကြီးကလည်း ပြင်သစ်၏ ကျန်ကောင်းကျန်ရာ ရှားရှားပါးပါး ရောမခေတ်လက်ရာ ဖြစ်သည်။ ရောမခေတ် အုတ်ရိုးဟောင်းကြီးကိုလည်း သံဆန်ခါခတ်ကာ ထိန်းသိမ်းထားတာကိုလည်း တွေ့ရသည်။ ပြင်သစ်တို့ကား အဟောင်းတွေကို ဖျက်ဆီးပစ်သူများ မဟုတ်။ အဟောင်းတိုင်းကို ထိန်းသိမ်းထားနိုင်သူ။ ဒါတော့ မြင်ခဲ့ရသမျှ ထိန်းသိမ်းမှုတွေမှာ ဆန္ဒ ဒေါသ ဘယာ မောဟ ရှိ။ ချစ်ခြင်း မုန်းခြင်းမရှိ။ တန်ဖိုးသည် တန်ဖိုးသာ ဖြစ်သည်။ လူဝီဘုရင်ချုပ်၏ ဦးရစ်ဖောင်းတော်ကို လူထုက ဖြုတ်ချနိုင်ခဲ့သော်လည်း၊ လူဝီတို့၏ င်းဆောင်းသရဖူတွေကို ပြည်သူတွေက ချွတ်ယူနိုင်ခဲ့ကြသော်လည်း လူဝီတို့၏ သမိုင်းအဆင်တန်ဆာတွေကို တမြတ်တနိုး ထိန်းသိမ်းထားနိုင်ခဲ့ကြတာကိုတော့ သူ လေးစားနေမိလေသည်။

နေရာတိုင်းမှာ ရဲတွေ ရှိနေသည်။ သန်ဘက်ခါဆိုလျှင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကြီး စတော့မည်။ လက်နက်ကိုင် ပြောက်ကျားဒီဇိုင်းတ် တပ်မတော်သားတချို့ကိုလည်း တွေ့နေရသည်။ တချို့ ကုန်းမြင့်မြင့်မ်းတွေပေါ်ကိုရောက်လျှင် ပါရီ၏ခပ်ဝေးဝေး မိုဒန်အဆောက်အအုံတွေကို

၁။ Cluny museum

လှမ်းတွေ့ရတတ်သည်။ ခေတ်သစ်ဟန် ပါရီတက္ကသိုလ်ကျောင်းတစ်ကျောင်း မြို့တွင်းနီးနီး ဆောက်ခဲ့သဖြင့် ပါရီလူထုက ကန့်ကွက်တာတွေ ဖြစ်ခဲ့ဖူးသည် ဆို၏။ ဘရစ်ဂျစ်က ဘယ်ကိုမောင်းနေတာလဲ သူမသိ။ Cafe de Notre-Dame ကဖေးဆိုင်ကလေးကို လှမ်းမြင်နေရပြန်သည်။ သိပြီ။ ဆိန်းမြစ်ကမ်းဘေးက လမ်းကို ယူလိုက်ခြင်းဖြစ်သည်။ နိုင်ငံစုံအလံကလေးတွေက တလွင့်လွင့်…။ ခပ်လှမ်းလှမ်းမှာ Centre Georges Pompidou (ဂျော့ပွန်ပီဒူး စင်တာ)ကို တွေ့ရသည်။ ဒေသခံတွေကတော့ ဗိုးဘော့ Beaubourg ဟု ခေါ်သည်။ ၁၉၆၉ ခုနှစ်နောက်ပိုင်းလောက်မှာ ပြင်သစ်သမ္မတ ဂျော့ပွန်ပီဒူးက ယဉ်ကျေးမှုဗိမာန်ကြီးတစ်ခု တည်ဆောက်ဖို့ ဆုံးဖြတ်သည်။ ၁၉၇၇ ရောက်တော့မှ သမ္မတ ဂျီးစကာဒ်ဒက်စတိုင်း[၁]က ဖွင့်ပေးနိုင်ခဲ့သည်။ သည်ဘက်နောက်ပိုင်းမှာတော့ အပေါ်ထပ်သုံးထပ်ကို အမျိုးသား မိုဒန်အနုပညာပြတိုက်[၂]ကြီး ဖွင့်လှစ်ထားနိုင်ခဲ့သည်။

'ပွန်ပီဒူးစင်တာကြီးနားမှာ နျူးဗိုးရီယယ်လစ်ဇင်ဂရုပ်[၃]ရဲ့ ကိုင်နက်တစ်[၄] ပန်းပုလက်ရာတွေ ရှိတယ်။ လူတွေက မိုဒန်အနုပညာတွေကို အမှတ်တရ သွားကြည့်ကြတယ်'

နျူးဗိုးဆိုတာက ပြင်သစ်လို အသစ်ဆိုသည့် အဓိပ္ပာယ်ရသည်။ နျူးဗိုးရီယယ်လစ်ဇင်း။ ရီယယ်လစ်ဇင်သစ်။ Neo-realism များလား။ မြို့စွန်ဘက် ရောက်လာခဲ့ပြီ။ ကြီးမားလှသည့် ဘူတာရုံကြီးရှေ့ကို ရောက်ပြီ။ ဘူတာရုံကြီးရှေ့ကနေ မြို့၏တော်တော်ဝေးဝေး နေရာတစ်ခုဆီကို သွားနေသည်။ ညနေ ငါးနာရီမှာ GRET နှင့် တွေ့ရမည်။ ဘရစ်ဂျစ်က အချိန်တွေကို တိကျစွာ အသုံးချသည်။ အခုလည်း ငါးနာရီထိုးခါနီးမှာ ကပ်ပြီး ထွက်လာခြင်း ဖြစ်သည်။

GRET အဆောက်အအုံက ကြီးမားလှသည်။ အဆင့်ဆင့် မှန်တံခါးတွေကို တွန်းဖွင့်၊ ဓာတ်လှေကားကိုသုံး၊ အမျိုးသမီးနှစ်ဦးလောက်နှင့် အရင်တွေ့ပြီးမှ ဘရစ်ဂျစ်၏ ဦးလေးတော်သူနှင့် တွေ့ရသည်။ မစ္စတာဒစ်ဒီယာ

၁။ Giscard d' Estaing
၂။ The National Museum of Modern Art
၃။ Nouveau Realism Group
၄။ Kinetic Art



…ိုးက ပြုံးရွှင်သောမျက်နှာနှင့် သူ့ကို ဆီးကြိုသည်။ မြန်မာပြည်က …ော်ခွေလို့ ဘရစ်ဂျစ်က ကြိုပြောထားတော့ ရုံးမဆင်းသေးဘဲ စောင့်နေတာ …ည်း ဖြစ်နိုင်သည်။ ပြီးတော့ သူ့ကို စိတ်ဝင်စားတာထက် မြန်မာပြည်ကို …ပြီး စိတ်ဝင်စားတာလည်း ဖြစ်နိုင်သည်။

'ကျွန်တော်တို့ဌာနက NPA[၁]အဖွဲ့အစည်းပါ။ ၁၉၇၆ ခုနှစ်က တည် …ဆောင်ခဲ့တာဆိုတော့ နှစ်ပေါင်းနှစ်ဆယ်ကျော် အတွေ့အကြုံရှိနေပါပြီ'

GRET၏ အဓိကဆောင်ရွက်မှု နယ်ပယ်ကြီး သုံးခုမှာ ပတ်ဝန်းကျင် …နှင့် ကျေးလက်ဖွံ့ဖြိုးရေး[၂]၊ မြို့တော်များနှင့် အင်တာပရိုက်စ်များ[၃]၊ ပြီးတော့ …ဆက်သွယ်ရေးနှင့် လူထုဆက်သွယ်ရေး လုပ်ငန်းများ[၄] စီမံဆောင်ရွက်ပေး …ခြင်းတွေ ဖြစ်သည်။ နိုင်ငံရပ်ခြား ဒေသပေါင်းလေးဆယ်လောက်မှာ စီမံ …ကိန်းသစ် သုံးဆယ်ကျော်အပါအဝင် ဆောင်ရွက်မှုပေါင်း တစ်ရာ့ငါးဆယ်ခန့် …ရှိနေပြီ။ နှစ်စဉ် ဘတ်ဂျက်ဖရန့် ငါးဆယ့်လေးသန်းခန့် သုံးစွဲနေသည့် …သုတေသနနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ နည်းပညာဖလှယ်ရေး အစီအစဉ်ကြီးလည်း ဖြစ်သည်။

'ကနေ့ ကမ္ဘာမှာ ရှေ့တန်းရောက်လာတဲ့ စက်မှုတီထွင် ဆန်းသစ်မှုနဲ့ …လူမှုရေးအပြောင်းအလဲ၊ နောက် နိုင်ငံတကာပေါင်းစည်းမှု၊ သုတေသန၊ …နည်းပညာ ပူးပေါင်းဖလှယ်ရေးနဲ့ ဆက်သွယ်ရေးဆိုင်ရာ ကိစ္စတွေဟာ …ကျွန်တော်တို့ရဲ့ ရည်မှန်းချက်တွေပဲ ဖြစ်ပါတယ်'

စင်စစ် သုတေသနနှင့် ဖွံ့ဖြိုးရေး (R & D) ဆိုသော်လည်း လူမှုရေး …ပတ်ဝန်းကျင်၊ သဘာဝရာသီဥတု ပတ်ဝန်းကျင်၊ ပညာတတ် အခြေခံပတ်ဝန်း …ကျင်၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဘဝ ဖွံ့ဖြိုးမှုပတ်ဝန်းကျင် စသည့် ပတ်ဝန်းကျင် …ခြင်း မတူတာတွေကလည်း နည်းပညာဖလှယ်ရေးတွင် ပြဿနာဖြစ်သည်။ …ကျိုးစီးပွား၊ ချဉ်းကပ်မှုနှင့် တန်ဖိုးချင်း ကွာခြားနေတတ်သည်။ အာဖရိက၊ …အာရှ၊ လက်တင်အမေရိကနှင့် ဥရောပ ပထဝီဝင်တိုက်ကြီးများ၏ ကျေး …လက်နှင့် မြို့ပြကွာဟမှု ပြဿနာတွေချင်းကလည်း မတူနိုင်ပါ။ GRET

၁။ NPA: Non-Profit Association
၂။ Environment and rural development
၃။ Cities and Enterprises
၄။ Communication and the media.

ကတော့ ကန်ထရိုက်နည်း ဆက်သွယ်မှု၊ အစုစပ်ညှိနှိုင်းမှု စသည့်နည်းနာများဖြင့် ကမ္ဘာကြီးရဲ့ တောင်ခြမ်းနဲ့ မြောက်ခြမ်းကို စက်တပ်ပေးနေသည်ဆို၏။ 'ပတ်ဝန်းကျင်နှင့် ကျေးလက်ဖွံ့ဖြိုးရေး'ဆိုသည့် GRET၏ ပထမနယ်ပယ်အောက်တွင် ဆောင်ရွက်နေတာတွေကလည်း များသား။ ဒေသဖွံ့ဖြိုးရေးနှင့် ထုတ်လုပ်သူများ စုစည်းခြင်းတွေ ပါသည်။ မိသားစု အခြေခံလယ်ယာ စိုက်ပျိုးရေးနှင့် ထုတ်လုပ်ရေးနည်းနာများ၊ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ၏ နည်းစဉ်ဆောင်ရွက်ပေးခြင်း (Processing) တွေ ပါသည်။ လယ်ယာထွက်ကုန် အစားအစာကုန်စည် (Agro-food productions) ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုကို ကွင်းဆက် ဆက်ပေးခြင်း၊ ကျေးလက်ဒေသမြေယာအသုံးပြုခြင်းတွေ ပါသည်။ တစ်ကျော့ပြန်ရင်း မြစ်သစ်များ စီမံခန့်ခွဲမှု ဆောင်ရွက်ပေးခြင်းတွေ ပါသည်။ ကျေးရွာဆည်မြောင်း ရေရင်းမြစ်စီမံခန့်ခွဲမှုတွေ ပါသည်။

'မြို့ပြမြို့တော်များနဲ့ အင်တာပရိုက်စ် နယ်ပယ်အောက်မှာတော့ မြို့ပြလူမှုရေး ဖွံ့ဖြိုးရေးကိစ္စတို့၊ မြို့ပြစီမံခန့်ခွဲမှုမှာ ပါဝင်ဆောင်ရွက်ပေးတာတို့၊ ဝင်ငွေနိမ့် မိသားစုတွေ အိုးအိမ်ပိုင်ဆိုင်ရေးတို့၊ အငယ်စား စွန့်ဦးတီထွင်လုပ်ငန်းတွေ ဖော်ထုတ်ပေးတာတို့၊ သက်မွေးဝမ်းကျောင်း သင်တန်းမျိုးတွေတို့၊ ထုတ်လုပ်ဖြန့်ဖြူး ရောင်းဝယ် ကွင်းဆက်ချိတ်ဆက်ပေးရေးတို့၊ စွမ်းအင်စီမံခန့်ခွဲမှုတို့ကိုလည်း ကျွန်တော်တို့ GRETက ဆောင်ရွက်ပေးနေပါတယ်'

GRET ၏ တတိယနယ်ပယ် လုပ်ဆောင်ချက်ကတော့ ဆက်သွယ်ရေးနှင့် လူထုဆက်သွယ်ရေး ဆောင်ရွက်ချက်တွေ ဖြစ်သည်။ အာဖရိကတိုက်လုံးဆိုင်ရာ ရေဒီယိုနှင့် သတင်းစာ ပရိုဖက်ရှင်နယ်လစ်ဇင်း တိုးတက်ရေးတွေ ပါသည်။ ထုတ်ဝေရေးလုပ်ငန်းတွေ ပါသည်။ ဖွံ့ဖြိုးရေးအတွက် လူမှုဆက်သွယ်ရေးနည်းနာတွေ ပါသည်။ သတင်းပြန်ကြားမှု ကွန်ရက်များ (Information network)နှင့် ဖွံ့ဖြိုးမှု စွမ်းဆောင်သူတို့အကြား အစုစပ်ဆောင်ရွက်ခြင်းတွေ ပါသည်။ မော်ကွန်းတင်ခြင်းနှင့် သတင်းပြန်ကြားခြင်းစနစ်တွေ ပါသည်။ အထူးပြုစာအုပ်စာတမ်းတွေ၊ လက်စွဲလမ်းညွှန်စာအုပ်တွေ၊ စာနယ်ဇင်းထုတ်ဝေခြင်းတွေ ပါသည်။

'ခင်ဗျားတို့ နိုင်ငံမှာလည်း ကျွန်တော်တို့ GRET က လုပ်နေတာတွေ ရှိပါတယ်။ သုံးနှစ်လောက်တော့ ရှိပြီ။ ချင်းပြည်နယ်မှာ လုပ်နေတာ



ပါ၊ ချင်းတောင်က ငယ်တော့ စိုက်ပျိုးရေးဧရိယာကတော့ နည်းတယ်။ ဒါပေမဲ့ ချင်းတောင်တန်းက အေးတော့ ပြင်သစ်က သစ်သီးပင်တချို့ကိုလို့ရနိုင်တယ်။ ဆိုပါတော့ ပန်းသီးဆိုရင် မျိုးကွဲပေါင်းများစွာရှိတော့ ချင်းတောင်ရာသီဥတုနဲ့ လိုက်မယ့်မျိုးတွေကို ကျွန်တော်တို့ အရင်စမ်းသပ်စိုက်ပျိုးကြည့်နေပါတယ်'

'ပန်းသီး ဘယ်နှမျိုးလောက် စမ်းသပ်နေပါသလဲ'

'သုံးဆယ့်ငါးမျိုးလောက် ရှိမယ်။ သုံးဆယ့်ငါးမျိုးထဲကမှ အကောင်းဆုံး ငါးမျိုးကိုယူပြီး ချင်းတောင်မှာ ရှိနှင့်ပြီးသား ပန်းသီးပင်တွေနဲ့ ကိုင်းကူးတဲ့မျိုး လုပ်ခဲ့တာတွေ ရှိတယ်။ ၁၉၉၅ လောက်က လုပ်ခဲ့တာပါ။ သည်နှစ် ၁၉၉၈ မှာ အသီးတွေ စခူးပါတော့မယ်။ သည်တော့မှ ဘယ်အမျိုးဟာ အကောင်းဆုံးလဲ ကျွန်တော်တို့ ဆုံးဖြတ်မယ်။ ဆုံးဖြတ်တဲ့အထဲမှာ ဒေသတွင်း စားသုံးမှုပမာဏနဲ့ ပြည်ပပို့နိုင်ဖို့ကအစ ကျွန်တော်တို့ တွက်ရပါမယ်'

'တခြား ဘာကိုကြည့်ရပါသေးသလဲ'

'ကျွန်တော်တို့ စဉ်းစားတာကတော့ မြန်မာတွေက ချိုမှကြိုက်တာတို့၊ အရောင်အဆင်းလှပမှုနဲ့ လမ်းခရီး သယ်ယူပို့ဆောင်ရေးမှာ သစ်သီးတွေ ခံနိုင်မှုကအစ ကြည့်ရပါလိမ့်မယ်။ ချင်းတောင်ရဲ့ လမ်းပန်းကိစ္စကလည်း အရေးကြီးပါတယ်။ ပြင်သစ်ကြိုက်က မြန်မာကြိုက်ဖြစ်ချင်မှ ဖြစ်မယ်လေ'

ပန်းသီး သုံးဆယ့်ငါးမျိုး ဆိုသော်လည်း ပြင်သစ်မှာပင်လျှင် ဆယ့်နှစ်မျိုးလောက်သာ ပြည်ပ ပို့နိုင်သေးသည်။ ကျန် နှစ်ဆယ့်လေးမျိုးမှာ ပြည်တွင်း စားသုံးရုံအဆင့်သာ ရှိသည်ဆို၏။ ဈေးကွက် မတိုးနိုင်သည့် မျိုးဟောင်းတွေ ဖြစ်သည်။ အကောင်းဆုံးပန်းသီးနည်းပညာကို ပေးချင်၊ ပေးနိုင်သော်လည်း မြန်မာဘက်က အကြိုက်တွေနဲ့ ချိန်ထိုးရဦးမည်။ ရာသီဥတု၊ ဈေးကွက်၊ စားသုံးသူအကြိုက်သဘာဝတွေ။ ထို့ကြောင့် 'သင့်လျော်သော နည်းပညာ[၁]'ကိုသာ ရွေးချယ်ပေးနိုင်ဖို့ ကြိုးစားနေသည်။

ပြင်သစ်တို့ နောက်ထပ်ပေးချင်နေသည့် နည်းပညာထဲမှာ မုယော (Malt) နှင့် မြင်းစားဂျုံ (Oats) ကိစ္စတို့လည်း ပါသေးသည်။ မုယောကတော့ ဘီယာကုန်ကြမ်းအတွက် ရည်ရွယ်သည်။ ဝီစကီကလည်း မုယောကိုပဲ

---

၁ appropriate technology

အခြေခံသည်။ သို့သော် Malt နှင့် Oats စိုက်ပျိုးရေးနည်းပညာတွေ ပေးဖို့ ရည်ရွယ်သော်လည်း အေးသောဒေသများဖြစ်သည့် ရှမ်းပြည်နယ်မှာရော ချင်းပြည်နယ်မှာ ယခင်က စိုက်ပျိုးထားခဲ့ဖူးသည့် အတွေ့အကြုံမရှိသေးတော့ ပေးဖို့ ခက်နေသည်ဟုလည်း ဆိုသည်။

'ပန်းသီးတွေ မှည့်ချိန်မှာ ချင်းပြည်နယ် တောင်ပေါ်လမ်းတွေက တစ်ဆင့် စည်သွတ်စက်ရုံတွေဆီပို့ဖို့ ခက်ခဲပါတယ်။ သည်တော့ သစ်သီးစိုက်ခင်းနဲ့ မနီးမဝေးမှာပဲ ယိုတွေ၊ သစ်သီးရည်တွေ ထုတ်လုပ်နိုင်ဖို့ လိုတယ်၊ အသီးချည်း ဖြန့်ဖြူးတာထက် အသွင်ပြောင်းပြီး ဖြန့်တဲ့နည်းကို ကျွန်တော်တို့ သုံးရပါလိမ့်မယ်။ ချင်းပြည်နယ်က မိသားစု ဆယ်အိမ်ထောင်လောက်ကို သစ်သီးကနေ သစ်သီးထွက် စားသောက်ကုန်ပြုလုပ်နည်းတွေ သင်ပြပေးထားပြီးပါပြီ။ ပြဿနာက ယိုတွေတော့ရပြီ။ ဒါပေမဲ့ ထည့်ရမယ့်ဘူးတွေက ကောင်းကောင်းမရနိုင်တာမျိုးတွေ တွေ့ရပါတယ်။ ဘူးဒီဇိုင်းတွေကလည်း ဆွဲဆောင်မှုမရှိသလောက်ပဲ။ သည်တော့ လုပ်နိုင်တာက Transformed လုပ်ပြီးသား သစ်သီးယိုတွေကို ပုံးကြီးတွေနဲ့ထည့်၊ မြို့ကြီးတွေရောက်မှ ခေတ်မီစည်သွတ်နည်းတွေနဲ့ ပြန်ပြီးထုတ်လုပ်ဖို့ လိုတယ်။ သည်လိုဆိုရင်တော့ အောင်မြင်နိုင်ပါလိမ့်မယ်'

မစ္စတာ ဒစ်ဒီယာပီလိုးက မမောနိုင် မပန်းနိုင် ရှင်းပြနေသည်။ ပြတင်းဝက ညနေခင်း ခရမ်းရောင်နေခြည်က သူ့ကိုကျော်ဖြတ်ကာ စားပွဲပေါ် ကျနေသည်။ မစ္စတာပီလိုးရဲ့ မျှော်လင့်ချက်ရောင်ခြည်ကပါ နေရောင်ခြည်နှင့်ရောကာ တောက်လက်နေသည်။ ပါရီနှင့် ချင်းတောင် ပန်းသီးတံတားထိုးဖို့ စိတ်ကူးနေသူပေလား။ ဆွေးနွေးသူတွေက အားရပါးရ ရှိသလောက် ဘရစ်ဂျစ်ကတော့ ပျင်းနေပုံရသည်။ စားပွဲပေါ်က မဂ္ဂဇင်းတစ်အုပ်ကို ဖတ်နေသည်။ သူကတော့ သူ့နိုင်ငံက ပန်းသီးစိုက်ခင်းတွေအကြောင်း ပြောနေတာဆိုတော့ စိတ်ဝင်စားပါသည်။ မစ္စတာပီလိုးက ကလောဘက်က GRET စိုက်ခင်းကလေးတွေဆီကို သွားလိုက်ပါဦး ဆိုနေသေးသည်။

'စိုက်ပျိုးရေး တောင်သူတွေကို သိပ်များများမဟုတ်တဲ့ ချေးငွေမျိုး



ပေးနိုင်ဖို့ ကျွန်တော်တို့လုပ်နေပါတယ်။ မိသားစုငါးထောင်လောက်ကို ပေးထားပါတယ်။ အောင်လည်း အောင်မြင်နေပါတယ်'

ပြင်သစ်မှာက စိုက်ပျိုးရေးဆိုင်ရာ ပုဂ္ဂလိကအဖွဲ့အစည်းတွေကသာ နည်းပညာနှင့် စိုက်ပျိုးရေးပညာ ဖြန့်ဖြူးကြသည်ဆို၏။ အစိုးရက သည်တာဝန်ကို မယူပါ။ စိုက်ပျိုးရေးမူဝါဒ ချပေးထားတာတော့ ရှိကောင်းရှိနိုင်သော်လည်း နည်းပညာပိုင်းမှာတော့ အစိုးရစွက်ဖက်မှု မရှိပါဟု ဆိုသည်။ စိုက်ပျိုးထုတ်လုပ်သူများ အဖွဲ့အစည်း၏ သဘောဆန္ဒကိုသာ နိုင်ငံတော်က အပ်သမျှ ဖြည့်ဆည်းပေးနေသည့်သဘော ဖြစ်သည်။ သည်ကွာဟမှုပေါ် လက်တွေ့အားဖြင့် အခက်အခဲတချို့ ရှိနေသော်လည်း လုပ်ရကိုင်ရတာ ဆောင်ပြေပါသည်ဟု မစ္စတာ ဒစ်ဒီယာပီလိုးက ပြောသည်။ ဆွေးနွေးလိုက်ကြတာ တော်တော်ကြာသွားပါပကော။ ည ခုနစ်နာရီ ထိုးတော့မည်။ နေ မဝင်သေး။ ဘရစ်ဂျစ်ကတော့ မျက်လုံးပြာကြီးတွေကို ပြူးကာ သူမ ကိုယ် သူမ ပန်းသီးဖြစ်သွားပြီလား မကြာခဏ စမ်းနေရသည်ဆိုလေ၏။

သူ ဆာသလိုလိုရှိသော်လည်း မစ္စတာပီလိုးက ရေတစ်ပေါက်ပင် တိုက်ပါ။ ဒါလည်း သူတို့ယဉ်ကျေးမှု ဖြစ်နေသလား မသိ။ များသောအားဖြင့် သူ ရောက်ခဲ့သမျှ လက်တစ်ကမ်းမှာ ရေတွေ့ရလေ့မရှိ။ အိမ်ရှင် မှာ ကိုယ့်ရေပုလင်းကိုယ် ထုတ်သောက်နေဖို့ကလည်း မြန်မာပီပီ အားနာ ရသေးသည်။ GRET က ပြန်တော့ လမ်းမှာ အဝတ်ဆိုင်းဘုတ်ကြီးကို င်းပတ်ကိုင်ကာ လူတော်တော်များများ မတ်တတ်ရပ်နေတာ တွေ့သည်။ ရစ်ဂျစ်က အဲဒါ ဆန္ဒပြနေကြတာဟု ဆိုသည်။ ပိတ်ဖြူဆိုင်းဘုတ်ကြီးက တော်တော်ရှည်သည်။ ပိတ်စပေါ်မှာ စာတွေရေးထားသည်။ လူတွေ ပိတ်အနားစကိုကိုင်ကာ ရိုင်ပတ် ပတ်ထားသလို အတွင်းမှာ ရပ်နေကြ င်း ဖြစ်သည်။ လမ်းသွားလမ်းလာတချို့က ပိတ်ပေါ်က စာကိုဖတ်၊ ဝင်စားလျှင် ပိတ်စဝိုင်းကြီးထဲ ဝင်လိုက်ရုံ။ သည်ကိစ္စ ကျုပ်လည်း ကျနပ်ပါ ဆိုသည့်သဘော။ မနီးမဝေးမှာ ရဲကားနှစ်စီး ရှိသည်။ ရဲတချို့ ကားပေါ်ကဆင်းကာ မတ်တတ်ရပ်နေကြသည်။ ဘာမှတော့မပြောပါ။ စဝိုင်းကြီးထဲက လူတွေကလည်း ဘာမှမပြော။ အချင်းချင်းစကားပြော ကြတာပဲ ရှိသည်။ တချို့က ဆဲလ်လူလာဖုန်းတောင် ဆက်နေကြသေး။

တချို့က စီးကရက်သောက်လို့။ တချို့ကတော့ ရယ်ကာမောကာ။ တချို့ကား ကကြ ခုန်ကြ။ တီးဝိုင်းကလေးတောင် ပါသေး။

'မကျေနပ်တာကို ပိတ်မှာရေးပြီး ဆန္ဒပြကြတာ ဝင်းရဲ့။ မအော်ကြဘူး၊ ပြီးတော့ ရန်လိုနေတာမျိုးတွေလည်း မရှိဘူး။ ရဲတွေကလည်း ကူညီဖို့နဲ့ ရန်းရင်းဆန်ခတ် မဖြစ်အောင် ထိန်းတာကလွဲရင် ဘာမှမစွက်ဖက်ကြပါဘူး'

သူကတော့ သြော်… ပြင်သစ်လူမျိုးတွေဟုသာ တွေးမိနေလေသည်။ တစ်ခါတလေ မြေအောက်ရထား (Metro) စီးနေရင်းက ရထားလမ်းဆုံ တစ်နေရာရောက်၊ နောက်ရထားတစ်စီးကို စောင့်နေသော်လည်း ပေါ်မလာတာ ရှိသေးသတဲ့။ မြေအောက်ရထားလမ်း အူကြောင်းတွေ ရှုပ်ယှက်ခတ်နေသည့်အထဲက တချို့လိုင်းက ဆန္ဒပြနေလို့ မထွက်ဘူးဆိုတာတွေလည်း ရှိတတ်သတဲ့။ သည်တော့လည်း ရောက်ရာဘူတာက မြေပေါ်ပြန်တက်ကြပေါ့။ အထူးသဖြင့် ကမ္ဘာ့ဖလားဘောလုံးပွဲတော်ကြီး နီးကပ်နေသည့်ရက်တွေမှာ သည်လိုပွဲကလေးတွေ လုပ်နေကြတာ များသတဲ့။ ပြင်သစ်တီဗီသတင်းတွေမှာလည်း ဆန္ဒပြသည့် အမျိုးသမီးတွေ ထောင်သောင်းချီကာ လုပ်နေကြတာတွေ မကြခဏ ပါနေတတ်သည်။

'ဝင်း ဟိုမှာကြည့်စမ်း၊ စကော့တစ်ရှိတွေ…'

လမ်းပေါ်မှာ လူမျိုးပေါင်းစုံ။ ဦးချိုကြီးတွေနှင့်လည်း ပါသည်။ ငှက်တောင်တွေနှင့်လည်းပါသည်။ အင်္ကျီချွတ်တွေလည်းပါသည်။ နိုင်ငံတော်အလံတွေကို သိုင်းချီကာ တလွင့်လွင့် စူပါမင်းတွေလည်း ပါသည်။ တချို့ကတော့ နိုင်ငံအလိုက် ဝတ်ဆင်ကစားကြမည့် ဘောလုံးပြိုင်ပွဲဝင် အင်္ကျီတွေကိုပင် ကြိုတင်ဝတ်ထားကြသည်။ ဒါတွေကလည်း လမ်းဘေးဘယ်နေရာမှာမဆို ဝင်လို့ရနိုင်သည်ကိုး။ ဘရစ်ဂျစ်က 'ဝင်း ဘယ်နိုင်ငံအားပေးမှာလဲ' မေးနေသေးသည်။

'ကိုယ်က အီတလီကို အားပေးမှာ။ ကိုယ်က အီတလီအသင်းရဲ့ Teamwork ရော Teamspirit ကိုရော ကြိုက်တယ်။ အထူးသဖြင့် ဗီယာရီကို ကြိုက်တယ်'

'တို့ပြင်သစ်က ဇီဒန်း မကြိုက်ဘူးလား'



'မကြိုက်ဘူးတော့လည်း မဟုတ်ပါဘူး'

လမ်းပေါ်မှာ မိန်းကလေးတွေ ကနေသည်။ ယောကျာ်းလေးတချို့က စ်ပင်အောက်တွေမှာ ထိုင်ကြလို့။ ဘရာဇီးနိုင်ငံ တံဆိပ်ပါသည့် အင်္ကျီတွေ တ်ထားသော လူအုပ်စုကြီးက ဘရာဇီး… ဘရာဇီးဟု အော်နေတာတွေ သည်း ရှိ၏။ တချို့ကား အမျိုးသားသီချင်းတွေကို သံပြိုင်…။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကြီးအတွက် လုံခြုံရေးကလည်း လမ်းိုင်းမှာ အပြည့်ချထားသည်။

သူ ဟိုတယ်ပြန်ရောက်တော့ ကမန်းကတန်း ပုဆိုးလဲသည်။ အထူးဖြင့် ခြေချောင်းကလေးတွေကလည်း နာနေသည်။ ဝတ်နေကျမဟုတ်သည့် ဝတ်တွေ ဖယ်လိုက်တော့ ပေါ့ပါးလွတ်လပ်လိုက်တာလေ။ ပြီးတော့ ီဗီကို အရင်ဖွင့်လိုက်ရသည်။ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအကြို အားစားပြိုင်ပွဲတွေအကြောင်း၊ ကမ္ဘာကျော် ဘောလုံးသမားတွေအကြောင်း၊ ဘောလုံးကမ္ဘာမှ ဟာသများနှင့် ပြိုင်ပွဲတစ်လျှောက် အမှားများအကြောင်း၊ လေ့ကျင့်ခန်း ပြုလုပ်နေကြသည့် ဘောလုံးအသင်းတွေအကြောင်း၊ ကခုန်နေကြသည့် ကင်မရွန်းပျိုမေများအကြောင်း။ ဘောလုံးကြော်ငြာနှင့် အင်တာဗျူးတွေချည်း။ ကနေ့ညတော့ ဘားဂတ်စားဖို့ စိတ်မကူးတော့ပါ။ ခပ်လှမ်းလှမ်း မ်းဆုံက လောင်ဇူး (Lao Tseu) ဆိုသည့် တရုတ်ဆိုင်က ကြက်သား မင်းကြော် တစ်ဘူးဝယ်ဖို့ ဆုံးဖြတ်လိုက်သည်။ ဒါဆိုရင် ခြေအိတ်ပြန်စွပ်မည်။ ရှူးပြန်စီးရမည်။ ပြီးတော့ ဘောင်းဘီစွပ်ရဦးမည်။ မလွယ်။ မလွယ်သော်လည်း မလုပ်လို့မရ။ ဒါ ပါရီလေ…။ လေအေးစက်ကို ပိတ်လိုက်သည်။ အပြင်မှာ နှင်းမိုးတဖြောက်ဖြောက် ကျနေသည်။ သူ ခဏကလေး ပျော်သွားသည်။ သူ့အာရုံထဲမှာ ကင်မရွန်းမကလေးတွေ ယိမ်းထိုးပြီး နေလေသည်။

❖

'အဲသည်နေရာကြီးက ဟိုတုန်းက သားသတ်ကုန်းကြီး ဝင်းရဲ့၊ ၁၉၆၇ ခုနှစ်မတိုင်ခင်ကပေါ့။ ၁၉၇၂ ခုလောက်ကျတော့မှ သမ္မတ ဂျီး စကတ်ဒက်စတိုင်း လက်ထက်မှာထင်တယ်။ သိပ္ပံနှင့် နည်းပညာဗိမာန်ကြီး ဆောက်လိုက်တယ်၊ သည်ကွင်းကြီးထဲမှာပဲ ကမ္ဘာလုံး ရုပ်ရှင်ခန်းမကြီး[1] လည်း ဆောက်လိုက်တယ်။ ရာစုနှစ်ရဲ့ အကောင်းဆုံး သတ္တုစပ်ဗိမာန်ကြီး ပဲ။ အဲသည် ကမ္ဘာလုံး ရုပ်ရှင်ခန်းမထဲမှာ ရုပ်ရှင်ဝင်ကြည့်ခဲ့ဦး'

ကနေ့တော့ ပါရီက နာရီဝက်လောက်လာရသည့် မြို့တွင်းတစ်နေရာကို သူတစ်ယောက်တည်း လာခဲ့ခြင်း ဖြစ်သည်။ ပြင်သစ်ဘာသာဖြင့် လာဗီးလက်[2]လို့ ခေါ်ကြသည့်နေရာ ဖြစ်၏။ တရားဝင်နာမည်ကတော့ ပြင်သစ်ဘာသာအားဖြင့် La Cite des Sciences et de l' Industrie ဖြစ်သည်။ ကမ္ဘာ့အကြီးဆုံးသိပ္ပံနှင့် နည်းပညာဗိမာန်ကြီး ဖြစ်ပြီး ၁၉၈၆ ခုနှစ်က ဖွင့်လှစ်ခဲ့သည် ဆိုသည်။ ဧရိယာအကျယ် ငါးဆယ့်ငါးဟက်တာကွင်းကြီးထဲက လှပသော ခေတ်သစ် သံမဏိအဆောက်အအုံကြီး ဖြစ်သည်။

ပါရီ၏ အရှေ့မြောက်အရပ်က Parc de la villette ဗီးလက်ဥယျာဉ်အရပ်မှာရှိသဖြင့် အလွယ်တကူ ဗီးလက်ခေါ်ကြခြင်း ဖြစ်သည်။ အခုတော့လည်း ဗီးလက်က အီဖဲလ်မျှော်စင်က ခရီးသွားဧည့်သည်တွေကို ဆွဲရဆောင်ရာ ညို့ယူဖမ်းစားရာနေရာ ဖြစ်လာခဲ့ပြီ။ နှစ်စဉ် ဧည့်သည် ၃ သန်းကျော် လည်ပတ်ရောက်ရှိ လေ့လာရာနေရာ ဖြစ်နေပြီ။ အမြဲတမ်းပြသသည့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပြပွဲအခင်းအကျင်းတွေ ရှိသလို ယာယီပြပွဲ

[1] Hemispherical projection hall
[2] La Villette



အခင်းအကျင်းတွေလည်း ရှိတတ်သည်။ သည်ကိုမလာခင်ကတည်းက ဘရစ်ဂျစ်က တယ်လီဖုန်းထဲက ရှင်းပြလိုက်သေးသည်။

'ကလေးသိပ္ပံရွာ ဆိုတာလည်းရှိတော့ နှစ်စဉ် ကျောင်းတွေက ဆရာဆရာမတွေနဲ့ ကလေးတွေဆိုတာ အမြဲစည်ကားနေတာ ဝင်းရေ့။ မင်းလည်း ကလေးတွေကြားထဲ တိုးတတ်တယ်မဟုတ်လား။ ၃ နှစ်က ၅ နှစ်ခန်းမနဲ့ ၅ နှစ်က ၁၂ နှစ်ခန်းမတွေ ခွဲထားသေးတယ်၊ မင်းနဲ့ဆိုရင် ၃ နှစ်က ၅ နှစ်နဲ့ ကိုက်မယ်ထင်တယ်'

'ကလေးတွေအတွက်ချည်း သီးသန့်လုပ်ထားတာလား'

'အဲသလိုချည်းတော့လည်း မဟုတ်ဘူး ဝင်းရဲ့၊ Comprehensive Conference တွေ၊ Congress Centres တွေလည်း ရှိတယ်၊ ပညာရေးသုတေသန ကိစ္စရပ်တွေလည်းရှိတော့ တက္ကသိုလ်ဆင့် လူငယ်တွေလည်း များသောအားဖြင့် ရောက်ကြရတယ်။ Multimedia Library ကြီးလည်း ရှိတော့ လူကြီးတွေလည်း သွားကြတယ်'

သည်ကို သူလာတော့ ဘရစ်ဂျစ်ရေးလိုက်သည့် စာကလေး တစ်စောင်ပဲ ပါသည်။ မဒမ်ဗီဂျေးလက်ချ်မီး ဆိုသည့် အိန္ဒိယနွယ် ပြခန်းတာဝန်ခံ တစ်ဦးထံ စာရေးပေးလိုက်ခြင်း ဖြစ်သည်။ ဖုန်းလည်း ဆက်ထားပေးမည် ဆို၏။ အဆင်ပြေပါသည်။ Information desk မှာပဲ မဒမ်ဗီဂျေးကို တွေ့သည်။ 'ကျွန်မထွက်မကြိုနိုင်တာ ခွင့်လွှတ်ပါ။ ကျွန်မ ဘရစ်ဂျစ်ဆီက ဖုန်းရပါတယ်။ ကျွန်မ လိုက်ပြပါ့မယ်။ ခဏလေးစောင့်ပါနော်' ခပ်ဝဲဝဲ အင်္ဂလိပ်ဘာသာစကားဖြင့် သူမက စောင့်ခိုင်းလိုက်သေးသည်။ ဘရစ်ဂျစ် ကကိုယူရင်း ထွက်သွားလိုက်တာ တော်တော်နှင့်ပေါ်မလာ။ နောက်တော့မှ ပြပွဲဝင်ဖို့ Press and info မှ ကတ်သွားထုတ်ယူနေခြင်း ဖြစ်သည်ဆို၏။

သူ လာတုန်းက သည်လောက်ကြီးကျယ် ခမ်းနားလိမ့်မည် မထင်ခဲ့။ အပြာရောင်သတ္တုရောင်ပြေး ခန်းမကြီးကပင် လောကဓာတ် သိပ္ပံခေတ်ကို ညည်ညွှန်းနေဟန်။ ဝင်ပေါက်မျက်နှာစာက ကြီးမားကျယ်ပြန့်သည့် အုတ်ခုံလှေကားကျယ်ကျယ် ခပ်မြင့်မြင့်ကို လှမ်းတက်လိုက်တိုင်း သူ့ရင်တွေခုန်နေသည်။ သားသတ်ကုန်း၏ အရောင်အသွေးတွေ ကင်းစင်နေတာ ရာစုခေတ်သစ်၏ ဂုဏ်ရောင်တွေတဖျပ်ဖျပ် တောက်ပနေသည်။ အမြဲတမ်း

မယုံကြည်နိုင်လောက်အောင် ပြောင်းလဲနေသည့် မဟာစကြဝဠာကို ထိတွေ့ကိုင်တွယ်နိုင်သည့် နေရာဟုသာ တင်စားရတော့မည်။ ပတ်ဝန်းကျင်၊ ကြယ်နှင့် နဂါးငွေ့တန်း၊ ဇီဝဆေးပညာသုတေသန၊ လူသားနှင့် ကျန်းမာရေး၊ ကျောက်သားနှင့် မီးတောင်များ။ သိပ္ပံနှင့် နည်းပညာ၏ အံ့မခန်းဖွံ့ဖြိုးမှုသစ်။ ပြီးတော့ အနာဂတ်ရာသီဥတု ဖန်လုံအိမ်ဥယျာဉ်။

'အမြဲတမ်းပြတဲ့ ပြပွဲကြီးတွေရဲ့ ခေါင်းစဉ်ကိုပဲ ကျွန်မပြောတော့မယ်။ တစ်ခုချင်းမှာတော့ အများကြီးပဲ။ လေကြောင်းသိပ္ပံ၊ ယန္တရား၊ အာကာသ၊ သမုဒ္ဒရာ၊ ဂြိုဟ်အိမ်နဲ့ လူ့အဖွဲ့အစည်းဆက်ဆံရေး၊ စွမ်းအင်၊ ပတ်ဝန်းကျင်၊ သင်္ချာ၊ အသံ၊ အပြနဲ့ အပြုအမူ[၁]၊ ကွန်ပျူတာသိပ္ပံ၊ ရုပ်ပုံလွှာ[၂] တွေ၊ စိတ်၊ အာရုံ၊ စက်မှုနဲ့ မက်ကယ်နစ်ဇင်၊ နောက်ပြီး ကမ္ဘာတစ်လွှားမှာ ပြောနေကြတဲ့ ဘာသာစကားတွေ၊ ပြီးတော့ ဘဝနဲ့ ကျန်းမာရေး၊ ဆေးဝါးဗေဒ၊ ဇီဝဗေဒ၊ အလင်းကစားပွဲ[၃]တွေ၊ မီးတောင်နဲ့ နဂါးငွေ့တန်း… စုံလို့ပဲ ဆိုပါတော့ရှင်'

မဒမ်ဗီဂျေးလက်ချ်မီးက အရပ်ရှည်ရှည် ညိုညက်ညက်ဖြစ်သည်။ သူမ၏ အင်္ဂလိပ်စကားက ပြင်သစ်သံဝဲဝဲ။ ပြင်သစ်ကိုရောက်နေတာ ကြာခဲ့ပုံ ရသည်။ မရှိမတိုင်းသူတို့၏ အမှတ်အသား နှာခေါင်းတစ်ဖက်ပေါ်က ကျောက်ပွင့်ကလေးက တလက်လက် တောက်ပနေသည်။ အထူးခြားဆုံးကတော့ သူမ၏ဖြူဖွေးဖွေး သွားလှလှညီညီကလေးတွေ ဖြစ်လေသည်။

'သည်မှာက ဝင်ကြေးတွေက အဆင့်ဆင့်ပေးရတယ်။ Press and Info ကတ်သွားထုတ်တော့ လူကြီးမင်းအတွက် အဆင်ပြေတာပေါ့။ နိုင်ငံတကာက စာရေးဆရာတွေလာရင် Press ဌာနက ကတ်ထုတ်ပေးပါတယ်'

'မဒမ်ဗီဂျေးက ကျွန်တော့် Biodata တွေ ဘယ်လိုလုပ်သိသလဲ'

'ဘရစ်ဂျစ်က မနေ့ကညနေကတည်းက ကျွန်မဆီ ဖက်စ် (Fax) ပို့ထားပါတယ်။ သူ မအားလို့ လိုက်ပြလိုက်ပါလို့လည်း ပါတယ်။ ကျွန်မကို အားမနာပါနဲ့၊ ဒီကပြီးရင် နေရှင်နယ် အဇမ်ဗလီကိုလည်း ပို့မယ်။ နောက် River Tour လည်း ကျွန်မ စီစဉ်ထားတယ်'

---

၁။ Expression and behaviour
၂။ Images
၃။ Lightgames



River Tour။ ဆိန်းမြစ်ထဲမှာ အပျော်စီးသင်္ဘောခရီး။ သူကတော့ တော်တော်စိတ်ညစ်သွားသည်။ ဘရစ်ဂျစ်ကတော့ လုပ်တော့မည်။ ကနေ့ မနက်စောစော သူမလာနိုင်ကြောင်း ဖုန်းဆက်တော့ ဗီးလက်ကို ရောက်အောင် သွားပါ ဆိုတာပဲ ပါသည်။ ကျန်ခရီးစဉ်တွေအကြောင်း မပါပါ။ ပြီးတော့ အသွားမှာ တက္ကစီကို သုံးပါဟုလည်း ဆို၏။ မိတ်ဆက်စာကို ဟိုတယ်ဧည့်ကြိုဆီမှာ ယူသွားပါ။ သူမ၏ရုံးက ကလေးတစ်ယောက်နှင့် စောစောစီးစီး ကြိုတင်ပို့ထားပါမည် ဆို၏။ သူ မနက်စာစားပြီး ဧည့်ကြို ကောင်တာကို မေးတော့ ပြင်သစ်ဘာသာနှင့်ရေးထားသည့် မိတ်ဆက်စာက ရောက်နှင့်နေပြီ။ ဗီးလက်အကြောင်း အကြမ်းရှင်းပြတာတွေက တယ်လီဖုန်းထဲက ပြောခဲ့ခြင်း ဖြစ်သည်။ သူ မသွားချင်လို့လည်း မရတော့။ သည်လိုနှင့် သည်ကို ရောက်လာခြင်း ဖြစ်သည်။

'ကျေးဇူးတင်ပါတယ် မဒမ်ဗီဂျေး၊ မက်ဆီး ဒါထက် ယာယီပြပွဲ ဆိုတာက ဘယ်လိုဟာလဲ'

'ယာယီပြပွဲဆိုပေမဲ့ နှစ်ချီပြီးပြတာတွေ ရှိပါတယ်။ ဆိုပါတော့ လောလောဆယ် ၉၇ ဒီဇင်ဘာက ၉၈ ဒီဇင်ဘာထိပြနေတဲ့ 'နိမိတ်ပုံသစ်၊ ကွန်ရက်သစ်များနှင့် ဆိုင်ဘာစပေ့စ်အတွက် နိုင်ငံကူးလက်မှတ်'[၁] ဆိုတဲ့ ပြပွဲပြနေတယ်၊ ရည်ရွယ်ချက်ကတော့ ကွန်ယက်ဆိုင်ရာ နည်းပညာပြပွဲကြီး ပါ၊ အာကာသနဲ့ ဟင်းလင်းပြင် ကန့်သတ်မှုတွေဆီကလာတဲ့ Abstract Communications တွေရယ်၊ နောက်တစ်ချက်ကတော့ ကွန်ယက်နည်းပညာတွေကတစ်ဆင့် ယဉ်ကျေးမှု၊ စက်မှုနဲ့ စီးပွားရေးနည်းပညာတွေ ကျယ်ပြန့်နိုင်ဖို့ ရည်ရွယ်ပြီး ပြသတာ ဖြစ်ပါတယ်'

သူ သိပ်နားမလည်လိုက်ပါ။ သွက်လက် ချက်ချာသော သူမ၏ အင်္ဂလိပ်ဘာသာစကားထဲက သူ သိပ်မကျွမ်းကျင်သော ဘာသာရပ်ကို မြန်မြန်ကြီး ပြောလိုက်သည့်အထဲက သူ နားလည်သလောက် ရလိုက်သည့် အဓိပ္ပာယ်ခပ်နည်းနည်း ဖြစ်သည်။

'New image ဆိုတာကကော ဘာကိုညွှန်းတာလဲ'

---

၁။ New image, New Networks, Passport for Cyberspace.

'New image ဆိုတာက Digitized, Interactive and animated image ကို ဆိုလိုတာပါ၊ Networks ဆိုတာကလည်း Highspeed circuit switched networks တွေကို ပြောတာပါ'

ပိုလို့တောင် ဆိုးသွားသေးသည်။ သူ ဘာမှနားမလည်။ ရှိပါစေတော့။ စောစောက ဖန်လုံအိမ်ဥယျာဉ်ဆိုတာ ကြားလိုက်သည်။ ဒါကတော့ သူနဲ့ ပိုနီးစပ်နိုင်သေးသည်။ မဒမ်ဗီဂျေးက သူ့ကို ခန်းမကြီးထဲ ခေါ်မသွားသေး။ Information desk နှင့်နီးသော အပေါက်ဝက လှေကားထစ်ပြင်ကျယ်ကြီးရှေ့မှာ ပြောနေခြင်းဖြစ်သည်။ သည်နေရာကကြည့်လျှင် ခပ်လှမ်းလှမ်း ပတ်ဝန်းကျင် အဆောက်အအုံတွေက ခေတ်မီအဆောက်အဦးတွေချည်းဖြစ်သည်။ ပုံစံဆန်းဆန်းလှလှကလေးတွေ။ ပြီးတော့ ဟိုတယ်ကြီးနှစ်ခုလည်း ရှိသည်။ တစ်ခုက သစ်တောတောင်ကုန်းဟိုတယ်[၁]၊ တစ်ခုက ဟိုတယ်ရဲဇီးဒင့်စ်[၂]။ နှစ်ခုစလုံး ကြယ်သုံးပွင့်ဟိုတယ်တွေ ဖြစ်သည်။

'စောစောကပြောတဲ့ ဖန်လုံအိမ်ဥယျာဉ် ဆိုတာလည်း သိချင်ပါတယ်'

'ဪ 'Greenhouse, garden of the future'လို့ နာမည်ပေးထားတဲ့ Exhibition တစ်ခုပါ။ ဟိုရှေးကတော့ အပင်တွေကို တိုးပွားချင်တာတို့၊ မျိုးရိုးဗီဇကိစ္စတို့ ဆိုရင် သမားရိုးကျနည်းပဲ သုံးခဲ့ကြတယ်။ ကနေ့ခေတ်ကျတော့ အပင်ဘဝကို အခြေခံမက်ကင်နစ်ဇင်နဲ့ ပွားယူတာတွေ ရှိလာခဲ့ပါပြီ။ ဆိုလိုတာက ဇီဝနည်းပညာဟာ အမြင်သစ် ရှုထောင့်သစ် ချဉ်းကပ်မှုတွေနဲ့ ဖြစ်လာခဲ့တယ် ဆိုတဲ့သဘောပဲ။ ဆိုပါတော့၊ သစ်သီးတွေ၊ ပန်းတွေ၊ ဟင်းသီးဟင်းရွက်တွေ၊ သစ်ဥသစ်ဖုတွေ၊ အလှဆင်ပန်းပင်တွေဆိုရင် ပွားနိုင်လွန်းလို့ စက်မှုဆန်ဆန် လို့တောင် သုံးလာနိုင်တာမျိုး၊ Industrially ပေါ့။ အပင်ကြီးထွားမှု နည်းနာတွေလည်း အသစ်ထပ်တွေ့ထားတယ်။ သည် နည်းနာတွေရဲ့ ပင်မရည်စူးချက်သဘောက တိုးတက်ရမယ်၊ နောက်ပြီး အမယ်စုံ ထွေပြားရမယ်၊ Improving and multiplaying လို့ သုံးပါတယ်။ အဓိကကတော့ Biological machanism ကို ပြတာပါ'

၁။ Hotel Forest Hill

၂။ Hotel Residence



ဒါလည်း သူနဲ့ နည်းနည်းတော့ဝေးသည်။ သို့သော် သိသလိုလိုတော့ ရှိသည်။

'သည်မှာ ကလေးတွေအတွက်ပါ စီစဉ်ထားတာတွေ ရှိတယ်လို့ ဘရစ်ဂျစ်က ပြောပါတယ်။ ကလေးတွေအတွက် မြင့်မနေဘူးလား'

'သိပ်ကောင်းတဲ့ မေးခွန်းပါရှင်၊ မမြင့်ပါဘူး။ ကလေးတွေရဲ့အသက်နဲ့ ဉာဏ်ရည်လက်ခံနိုင်စွမ်းကို ကျွန်မတို့ အထပ်ထပ် သုတေသနလုပ်ထားပြီးသားပါ။ ဆိုပါတော့ လျှပ်စစ်ဓာတ်အကြောင်း ကျွန်မတို့ ပြသထားတာ ရှိတယ်၊ လျှပ်စစ်ဆိုတာ လူ့ဘောင်ဘဝဖွံ့ဖြိုးမှုရဲ့ ပင်မဖြစ်တယ်။ ကျွန်မတို့ ရဲ့ နေ့စဉ်ပတ်ဝန်းကျင်မှာ လျှပ်စစ်ရဲ့ အရေးပါမှုတွေဟာ သိပ်ကြီးမားတယ်။ ဘာသာရှင်းပြတာမျိုး မဟုတ်ပါဘူး။ ကလေးတွေကျတော့ သုံးမျိုးပဲ၊ ကျွန်မတို့ ပြောတယ်။ လျှပ်စစ်ဆိုတာ မမြင်ရတဲ့အရာ၊ အသုံးဝင်တယ်၊ အန္တရာယ်လည်း ရှိတယ်။ ဒါပဲ။ invisible, useful and dangerous ဒါပဲ ပြောပါတယ်။ ဒါမျိုးပေါ့လေ'

ဒါက သုံးနှစ်က ငါးနှစ် ကလေးတွေအတွက် ရှင်းပြခြင်းဖြစ်ပြီး ငါးနှစ်က ၁၂ နှစ်ကလေးတွေကိုတော့ သည်ဘက်က ပလပ်တပ်လိုက်ရင် ဟိုခြားတစ်ဖက်မှာ ဘာဖြစ်သွားသလဲ ဆိုတာမျိုး၊ လျှပ်စစ်စီးကြောင်းကို သည်ပါးအောင် လုပ်ယူလို့ရတယ် ဆိုတာမျိုး၊ ကမ္ဘာကြီးကို လျှပ်စစ်အားဖြင့် အသွင်ပြောင်းသွားစေတယ် ဆိုတာမျိုး၊ လျှပ်စစ်ဓာတ်အားက ဘာတွေလုပ်ပေးသလဲ ဆိုတာမျိုး၊ လျှပ်စစ်ရဲ့ပင်ကိုယ်သဘာဝ ဆိုတာမျိုးတွေကို ရုပ်ပုံများနှင့် တွဲဖက် ရှင်းပြသည် ဆို၏။ သူရောက်နေချိန်မှာ 'Electricity' ဆိုသည့် ခေါင်းစဉ်ဖြင့် ယာယီပြပွဲပြသနေသည်။ ၁၉၉၉ ဇွန်လအထိ။

၁၂ နှစ်အထက် ကလေးတွေအတွက် ကွန်ပျူတာသုံး နည်းပညာပြခန်းတွေလည်း ရှိသည်။ Machanism in movement, Software design, Developing a prototype, Manufacturing techniques, Sensors and automatism ဆိုတာတွေ ပါသည်။ ကွန်ပျူတာနှင့် ရင်းနှီးပြီးဖြစ်သည့် သူတို့ကလေးတွေအတွက် သည်အစီအစဉ်တွေက မြင့်မားသည်ဟု မဆိုနိုင်တော့ပါဟုလည်း မဒမ်ဗီဂျေးက ရှင်းပြသည်။ အဆောက်

အအုံထဲ ဝင်မကြည့်သေးဘဲ သည်ဗိမာန်ကြီးရဲ့ ဝန်ဆောင်မှုတွေကို သူခန့်မှန်းလို့ ရနေပြီ။

'သည်ဖောင်ဒေးရှင်းကြီးရဲ့ ဘတ်ဂျက်က ဘယ်လိုရသလဲ မဒမ်'

'ပြင်သစ်နိုင်ငံတော် ဘတ်ဂျက်က နှစ်စဉ် ဖရန့် ၆၇၃ သန်းနဲ့ ရန်ပုံငွေက ၅၁၄ သန်းလောက် ရှိပါတယ်။ နှစ်စဉ်ပြပွဲက ဝင်ငွေကပဲ ဖရန့် ၁၅၉ သန်းလောက်ရှိတယ်။ ဆိုပါတော့ စာအုပ်တွေရောင်းတာ၊ ကွန်ဖရင့်ခန်းတွေ ငှားရမ်းတာ၊ ရုပ်ရှင်ပြတာ စတာတွေက ရတာပေါ့လေ။ ဝန်ထမ်းကလည်း ၈၀၀ ကျော် ရှိပါတယ်'

'ဖောင်ဒေးရှင်းကြီးနဲ့ ပူးပေါင်းဆောင်ရွက်တာမျိုးကော ရှိသလား'

'ပြင်သစ်ကုမ္ပဏီတွေချည်းတော့ မဟုတ်ဘူး။ တခြား Corporate Sporsorships တွေလည်း ရှိပါတယ်။ ဆိုပါတော့ ဖီလစ်[၁]တို့၊ သွမ်ဆင်[၂]တို့၊ အက်ပဲလ်[၃]တို့၊ ဟျူးလက်ပက်ကာ့ဒ်[၄]တို့၊ ဒိန်းမလားဘင်ဇင်[၅]တို့...'

သိပ္ပံနှင့် နည်းပညာ ဖောင်ဒေးရှင်းကြီးတစ်ခုလုံးမှာ နိုင်ငံတကာက လူမျိုးစုံအတွက် လက်ကမ်းစာစောင်များ၊ စာအုပ်များ၊ ခေါင်းစွပ်နားကြပ် (Headphones) များ ရရှိနိုင်သည်။ အင်္ဂလိပ်၊ ဂျာမန်၊ စပိန်နှင့် အီတလီဘာသာဖြင့် ရှင်းပြချက်များလည်း စီစဉ်ထားသည်။ အရက်ဘား၊ ကဖေးစားရေးယား၊ ဘဏ်၊ စာအုပ်ဆိုင်နှင့် အမှတ်တရ ဈေးဆိုင်ခန်းတွေလည်း ရှိသည်။ မသန်မစွမ်းသူတို့အတွက် သက်သောင့်သက်သာ ကြည့်ရှုလေ့လာနိုင်ရေးသာမက မျက်မမြင်များအတွက် ဘရေး (Braille) လက်စမ်းစာအုပ်တွေပါ စီစဉ်ထားပေးသည်။ သူ သတိထားမိသလောက် သူတို့ဆီမှာ မသန်စွမ်းသူတွေကို အထူးဦးစားပေးသည်။ ကလေးတွေနှင့် တန်းတူဦးစားပေးထားသည် ဆို၏။ မသန်မစွမ်းသူ Disabled လို့ မသုံးဘဲ Handicapped 'ဦးစားပေး' ဆိုသည့် စကားကိုသာ ရေးသားသုံးနှုန်း ဖော်ပြကြသည်။ Voice synthesis recording ထားပေးသည်၊ Three dimensional maps လည်း

၁။ Philips
၂။ Thomson
၃။ Apple
၄။ Hewlett Packard
၅။ Daimler Benz



ထားပေးသည်။ Three dimensional maps ဆိုသည်မှာ ရိုးရိုးအသံများ င်လယ်သမုဒ္ဒရာတွင်း အသံများနှင့် အာကာသသရုပ်ဖော် အသံများကို Headphone က တစ်ဆင့် ခံစားနိုင်ရန် စီစဉ်ပေးထားခြင်းတွေ ဖြစ်သည်)။

မဒမ်ဗီဂျေးက သူ့ကို 'La cite des enfants' ဆိုသည့် ကလေးများအတွက် သီးသန့်ပြသထားသည့် အခန်းတွေရှိရာ ခေါ်ဆောင်သွားသည်။ ပ္ပံနှင့် နည်းပညာ ခန်းမကြီးထဲ ဝင်လိုက်ကတည်းက စက်လှေကားနှင့် က်ရသော အခန်းများ၊ ကျယ်ဝန်းတောက်ပသည့် အပြင်အဆင်တွေကို တွေ့ထိနေရပြီ။ ၃ နှစ်က ၅ နှစ်အတွက် သတ်မှတ်ထားသည့်အခန်း အောက်ထပ်မှာ။' ကာတွန်းပုံတွေ ဆွဲထားသည်။ မှန်ခန်းတွေထဲမှာ ကြားမှု အထောက်အကူပြု ပစ္စည်းတွေ၊ ကလေးတွေ၊ ရောင်စုံကစား တွေ၊ ပလတ်စတစ်ရောင်စုံနှင့် ပြုလုပ်ထားသည့် စက်ပစ္စည်းပုံစံငယ် လေးတွေ။

'ကလေးတွေဆိုတော့ အံ့သြစရာခရီးစဉ်တို့၊ အချိန်နာရီကို နားထောင် ခြင်းတို့၊ မင်း ဘယ်လိုလှုပ်ရှားသလဲတို့၊ လိပ်တစ်ကောင်ရဲ့ အစီအစဉ်တို့၊ ကိန်းကားမောင်းကြစို့တို့၊ လယ်ကွင်းထဲက ဂျုံတွေ ဘယ်လိုသယ်တို့၊ င်မုန့်လုပ်ကြစို့တို့ စသဖြင့် ကဏ္ဍတစ်ခုစီမှာ တစ်ခါတည်း သူတို့ကိုယ် င် လုပ်ရင်းကိုင်ရင်း ပါဝင်ရင်း ရင်းနှီးနားလည်သွားအောင် လုပ်ပေးနေပါ ယ်။ ဆိုပါတော့ ရေသွယ်တဲ့လမ်းကြောင်းစနစ်၊ ရေကျုံးပုံကျနည်းတွေပါတဲ့ နှင့်ကစားခြင်း ဆိုတဲ့အခန်းတွေ၊ တကယ်လို့ ငါသာ တိရစ္ဆာန်ဖြစ်ခဲ့ရင် ခန်းမှာ ဆိုရင်လည်း ကိုယ့်ရင်သွေး ကိုယ်သယ်ဆောင်သွားတတ်တဲ့ ရစ္ဆာန်မိခင်တွေ၊ သူတို့ရဲ့နေပုံ ထိုင်ပုံ သဘာဝတွေ ပြသထားတယ်။ ပြင်ဆရာကလေး ကဏ္ဍဆိုရင်လည်း ကားဂိုဒေါင်နဲ့ ကားကို မတင်နိုင် ကိရိယာတွေ၊ အိမ်ဆိုတာ ဘာလဲ၊ တစ်ဝက်တစ်ပျက်အိမ်၊ မီးရထားလမ်း ကာတွေပါ ထည့်သွင်းပြသပါတယ်'

ကလေးငယ်တွေအတွက် အခန်းက ခန်းမကြီးသုံးခု ဖြစ်သည်။ မတွေ့ရှိချက်များ[၁]' ဟု အမည်ပေးထားသည်။ မဒမ်ဗီဂျေးက သည်

၁။ First Discoveries

ပြကွက်တွေက ဗဟုသုတဖြစ်ရုံသာ မဟုတ် ကလေးငယ်တို့၏ အာရုံကို စစ်ဆေးခြင်းနှင့် ဟန်ချက်ညီမျှခြင်း ဖြစ်စေသည်ဟု ဆိုသည်။ အာရုံများ စစ်ဆေးခြင်းနှင့် ဟန်ချက်ညီမျှခြင်း[၁]သည် ကလေးတွေအတွက် အရေးတကြီး လိုအပ်ချက်ပေလား။ သူငယ်ငယ်ကကော…။ သူ့အာရုံတွေကို ဘယ်သူကမှ မစစ်ဆေးခဲ့။ ဟန်ချက်ညီမျှခြင်းကကော…။ သူကတော့ ငယ်ငယ်က အညာနေပူကျဲကျဲ ညောင်မုတ်ဆိတ်ပင်တွေအောက်မှာ ပေသီး ထုခဲ့ရတာကိုပဲ သတိရနေသည်။ ဒါလည်း သူ့ဘဝနှင့်သူ ဟန်ချက်ညီခဲ့တာ ထင်ပါရဲ့။

ငါးနှစ်က ၁၂ နှစ်အတွက် ပြခန်းကတော့ အဆင့်မြင့်လာသည်။ ဘဝကို လေ့လာခြင်းတွင် ပန်းဝတ်ရည်စုပ် လိပ်ပြာ၊ မြက်ရွက်တွေပေါ်က နံကောင်၊ ပန်းနှင့် လိပ်ပြာ၊ မြက်နှင့် နံကောင်တို့ တစ်ခါတစ်ခါ အရောင်တူကြတာ၊ လိပ်ပြာဖြစ်ပုံအဆင့်ဆင့်၊ ပြတင်းမှာ ဝဲနေသည့် ပိုးတုံးလုံးကလေးတွေ၊ နေလှုံတဲ့မြွေ၊ ကြာပွင့်မှာ အမြစ်ရှိ မရှိ ပြဿနာ၊ ကျူရိုးဆစ်ထဲက အစေ့ထောင်ပေါင်းများစွာ၊ ပုရွက်တွင်းကလေးတွေထဲကို ကြည့်၊ ပုရွက်ဆိတ်ကလေးတွေရဲ့ ဘုရင်မကိုရှာ။ သူကတော့ ကလေးတွေ လေ့လာနေတာကို ကြည့်ရင်း ခေါင်းစဉ်ကလေးတွေ ပေးကြည့်နေတာ ဖြစ်သည်။

တချို့ကလေးတွေက ရေပိုက်၊ ရေပန့်၊ ရေသွယ်ပုံစနစ်တွေကို လေ့လာနေကြသည်။ ပိုက်လုံးကြည်ကြည်ထဲက ရေပြာပြာတွေ စီးဆင်းနေတာကို ကြည့်ရင်း Pump တို့၏သဘောကို လေ့လာနိုင်သည်။ စက်နှင့် စက်၏ သဘောပြခန်းမှာ သူ ကြာကြာကြည့်နေဖြစ်သည်။ 'သင်နှင့် လူတကာ' ဆိုသည့်အခန်းမှာတော့ လူ့ခန္ဓာကိုယ်တွင်း ခန္ဓာဗေဒကို ရှင်းပြသည်။ ID card ဆိုသည့်အခန်းမှာတော့ မိမိမျိုးရိုးဖြစ်စဉ် ခြောက်ချက်ကို ကိုယ်တိုင် သွားစစ်ဆေးရသည်။ ရသည့်အဖြေကို အခြားသူငယ်ချင်းတွေနှင့် ယှဉ်တွဲ လေ့လာခိုင်းသည်။

'Genetic characteristics အချက်အလက်တွေကို ကလေးတွေ ရှာတတ်ကြရဲ့လား…'

'စက်က ရှာပေးပါတယ်။ နောက် အဖြေပါ ထုတ်ပေးလိုက်တာ။

၁။ Senses and equilibrium



ဒါကို ကျွန်မတို့က 'Make your Own ID CARD'လို့ နာမည်ပေးထားပါတယ်'

နောက်တစ်ခန်းမှာတော့ ပြထားသည့် နမူနာပုံစံတွေထဲမှာ ကိုယ့်ဆံပင်အရောင်နှင့် တူတာကို ရွေးပြရတာမျိုး ဖြစ်သည်။ မျက်လုံးအရောင်၊ အသားအရောင်၊ လက်ဗွေပုံစံ…။ 'Communication and Techniques' အခန်းကလည်း စိတ်ဝင်စားစရာ။ Pneumatic Tube ခေါ် အထုပ်ပြွန်များမှ သတင်းပို့ပုံစနစ်၊ Visiophone ခေါ် တီဗီဖုန်းသားရေ့မှာရပ်ရင်း ကိုယ့်ရုပ်ပုံနှင့် ကိုယ် စကားပြောနိုင်တာမျိုး၊ ကမ္ဘာတစ်လွှားမှာ 'Hello and welcome' ကို ဘယ်လိုပြောကြသလဲ ဆိုတာတွေ'

'သဘောကတော့ စူးစမ်းရှာဖွေခြင်း ဆိုတာ ဘာလဲ။ ပန်းတို့ရဲ့ ဘဝကို လေ့လာသင်ကြားခြင်း၊ လူ့ခန္ဓာဗေဒ၊ ပန့်နဲ့ ဂီယာတို့ရဲ့ စက်၏ အရည်သဘော၊ စက်ရုပ်လူသားနဲ့ ဆက်သွယ်ရေးစနစ် ဆိုတာတွေကို ပေါ့ပေါ့ပါးပါး နားလည်အောင် လုပ်ပေးထားတဲ့ ပြခန်းတွေပါ'

မဒမ်ဗီဂျေးက ခန်းမထဲကထွက်လာရင်း သူ့ကို ရှင်းပြသည်။ တစ်နေရာမှာတော့ MAIF အသက်အာမခံကုမ္ပဏီက ကလေးတွေအတွက် ဘေးအန္တရာယ် ကာကွယ်ရေးသရုပ်ပြပွဲကို ပြပေးနေသည်။ အသက်သုံးနှစ်မှ ဆယ့်လေးငါးနှစ်အရွယ်သုံး စာကြည့်တိုက်ငယ်မှာတော့ စာအုပ်တွေ၊ ရုပ်ပုံကားတွေ၊ ရုပ်ပြကာတွန်းတွေ၊ သိပ္ပံရုပ်ရှင်ကားတွေ၊ ပညာရေးဆိုင်ရာ ဆော့ဖ်ဝဲပရိုဂရမ်တွေ ရှိသည်။ မော်ကွန်းနှင့် ကာတွန်းအစီအစဉ်တွေကတော့ တနင်္ဂနွေနေ့တိုင်း ပြပေးသည်။ ယန်းဘာတင်[၁] ခန်းမကြီးမှာတော့ ကလေးတွေအတွက် သရီးဒီ (3D) ရုပ်ရှင်ကားတွေ ပြသပေးသည် ဆို၏။

မဒမ်ဗီဂျေးက သူ့ကို အော်ဒစ်တိုရီယမ်[၂]ကို ခေါ်သွားသည်။ အော်ဒစ်တိုရီယမ်မှာက ရုပ်ရှင်နှင့် ပြသမှုအစီအစဉ်တွေ ဖြစ်သည်။ သံမဏိကမ္ဘာလုံးကြီး (The Geode) ထဲမှာ ရုပ်ရှင်ကြည့်ဖို့ စီစဉ်ထားသည်ဟုလည်း ဆိုသည်။ ပြီးတော့ 'သည်ဆီနာ'[၃] မှာလည်း ကြည့်နိုင်သည်။ 'သည်လူစီ

၁။ Jean-Bartin room
၂။ Auditorium
၃။ The Cinaxe

လူမီးယားစီနီမာ'[၁] မှာလည်း ကြည့်နိုင်သည်။ 'သည်ဆားလ်ယန်းဘာတင်'[၂] မှာ ကြည့်နိုင်သည်။ 'သဓ်ဆားလ်ယန်းပိန်လေးဗေး'[၃] မှာ ကြည့်နိုင်သည်။ တစ်ချိန်တည်းတော့ မဟုတ်။ သူ့ရက်နှင့်သူ။ သူ့ဘာသာရပ်နှင့် သူ။ ပြီးတော့ ဝင်ကြေးယူတာလည်း ရှိ၊ မယူတာလည်း ရှိ။ အော်ဒစ်တိုရီယမ်တွေရဲ့ သဘာဝအရ ထိုင်ခုံအရေအတွက်ချင်းကလည်း မတူပါ။ ပြီးတော့ ပလဲနက်တေးရီးယမ်း[၄]ခေါ် နက္ခတ်တာရာပြခန်း ဆိုတာ ရှိသေးသည်။ သည်ခန်းမမှာတော့ အင်္ဂါဂြိုဟ်၊ အာကာသလွန်းပျံခရီး၊ လကိုဝန်းပတ်ခြင်း၊ ကြယ်တို့ရဲ့ သမိုင်း၊ နဂါးငွေ့တန်းများဆီသို့… စသည့်အစီအစဉ်တွေ ပြသထားသည်။

'သိပ္ပံသတင်းခန်းမကြီးထဲမှာတော့ နောက်ဆုံးသိပ္ပံပညာ တွေ့ရှိချက်တွေ၊ နည်းပညာနဲ့ သတင်းတွေကို ဗီဒီယိုအစီရင်ခံချက် ပုံစံနဲ့ရော၊ သတင်းစာပုံစံနဲ့ရော တီဗီရီဗျူးပုံစံ အနေနဲ့ပါ ကျွန်မတို့ လစဉ်ပြောင်းလဲ တင်ဆက်ပေးနေပါတယ်။ ကမ္ဘာလုံးကြီးမှာတော့ လောလောဆယ် ဧဝရက်တောင်တက်သမားတွေရဲ့ ကမ္ဘာ့ခေါင်မိုး စွန့်စားခန်းဖြစ်တဲ့ Everest ရုပ်ရှင်ကားကို ပြသနေပါတယ်'

သိပ္ပံနှင့် နည်းပညာ ခန်းမကြီးကို တော်တော်နှံ့အောင် ကြည့်ပစ်လိုက်သည်။ Headphone တွေ တပ်ကြည့်သည်။ ပင်လယ်ရဲ့ အော်သံတွေ၊ ကောင်းကင်ရဲ့ ထစ်ကျည်းသံတွေ၊ မြေကမ္ဘာရဲ့ တုန်ဟီးတော်လည်းသံတွေ။ သံမဏိစက်လှေကားနှင့် တက်ချည်သက်ချည်။ ကလေးတွေကတော့ တဖြည်းဖြည်း များလာလိုက်တာ သောင်းချီပြီး ရှိနေလိမ့်မည်ထင်သည်။

'သည်ဗိမာန်ကြီးကို ကလေးတွေရဲ့မြို့လို့ ခေါ်နိုင်ပါတယ်။ ကမ္ဘာလောကကို ကလေးတွေကိုပဲ ကျွန်မတို့က ယုံယုံကြည်ကြည် လွှဲအပ်ပေးခဲ့ရမှာမဟုတ်လား။ ကျွန်မတို့ စောစောက တော်နေဒိုးမုန်တိုင်းအသေးစားကလေးကို ပုံစံငယ်ပြထားတာ တွေ့ခဲ့တယ်နော်။ ကလေးတွေက လက်ထည့်ပြီး ဖျက်လိုက်တော့ ပျက်သွားတယ်လေ။ ပြီးတော့ မုန်တိုင်းက ပြန်ဖြစ်လာပြန်တယ်။ မုန်တိုင်းတွေကို ကစားစရာလို့ ကလေးတွေက မြင်သွားကြပြီ

၁။ The Louis Lumiere Cinema
၂။ The Salle Jean-Bertin
၃။ The Salle Jean-Painleve
၄။ Planetarium



ငှ်၊ နောင်မှာ သူတို့ မုန်တိုင်းတွေကို အောင်နိုင်ဖို့ ကြံဆကြတော့မယ်လေ။ ကြီးမင်းကော ယုံတယ်မဟုတ်လား'

မဒမ်ဗီဂျေးက သူ့ကို မေးနေသည်။ အင်း… သူလည်း ယုံပါသည်။

မဒမ်ဗီဂျေးက ကမ္ဘာကျော် သံမဏိကမ္ဘာလုံးကြီးထဲမှာ ရုပ်ရှင်ကြည့်အောင်ဟု ဆိုသည်။ ကမ္ဘာလုံးကြီးက သိပ္ပံနှင့် နည်းပညာအဆောက်အအုံကြီး၏ အနောက်ဘက်ကပ်လျက်မှာ ရှိသည်။ သိပ္ပံအဆောက်အအုံကြီးရဲ့ အောက်ထပ်ကို စက်လှေကားနှင့်ဆင်းကာ ကမ္ဘာလုံးကြီးဘက် လျှောက်လာကြသည်။ ပြင်သစ်ဘာသာဖြင့် la geode ခေါ်သည့် သည်လုံးဝန်းသော ကမ္ဘာလုံးကြီးကိုယ်က ၁၀၀၀ စတုရန်းမီတာ ကျယ်ဝန်းသည်။ အသက် နှစ်အောက်နှင့် ကိုယ်ဝန်နှစ်ဆယ့်ခြောက်ပတ်အထက် ဆောင်ထားသည့် ခင်များ ကြည့်ရှုခွင့်မပြုဟု မဒမ်ဗီဂျေးက ဆိုသည်။ သူနှင့် မဒမ်ဗီဂျေးက တော့ အများကြည့်ရသည့် ထိုင်ခုံတွေကမဟုတ်ဘဲ အထူးဧည့်သည်တော် ထိုင်ခုံတွေမှာ ထိုင်ရသည်။ မြေပြင်က ဓာတ်လှေကားနှင့်တက်ကာ ပြစက် မနီးမဝေး ဧည့်သည်တော်နေရာမှာ ဖြစ်သည်။ အပေါ်ဆုံးနေရာက မ်းကြည့်နေရသဖြင့် ကုလားထိုင်တွေက ၄၅ ဒီဂရီ နိမ့်ဆင်းနေကာ တို့ ရောက်နေချိန်မှာ လူသူတစ်ဦးတလေမှပင် မရှိသေး။ သံမဏိကမ္ဘာလုံး ကြီးထဲမှာ သူနှင့် မဒမ်ဗီဂျေးပဲ ရှိသည်။ သွားဖြူဖြူကလေးတွေက ဝိုး ဝါးအလင်းထဲမှာ တောက်လက်နေသည်။ ပြင်သစ်ရေမွှေးနံ့ သင်းသင်း။

ခဏနေတော့ ကလေးတွေရော လူကြီးတွေပါ တဝုန်းဝုန်း တိုးဝင်လာ ကုလားထိုင်တွေဆီကို အော်ကာဟစ်ကာ တက်လာသံတွေကြားရပြီး လေးအတွင်းမှာပင် ခန်းမကြီးတစ်ခုလုံး ပြည့်နှက်သွားလေသည်။ တစ် ရုပ်ရှင်ကားအတွက် ဝင်ကြေးက ငါးဆယ့်ခုနစ်ဖရန့် ဖြစ်သည်။ နာရီခြား တစ်ခါ ပြသည်။ ပြတိုင်း လူပြည့်သည်။ ၅၇ ဖရန့်ဆိုတော့ ဒေါ်လာနီးပါး။ မြန်မာငွေ ၃၅၀၀ လောက် ကျနေသည်။

ခဏနေတော့ ကမ္ဘာလုံးခြမ်း၏ သံမဏိနံရံတွေကို ရုပ်ရှင် ထိုးပြ သည်။ ဤမျှကြီးမားကျယ်ပြန့် ကြည်လင်တောက်ပသည့် ရုပ်ရှင်ကားကို တစ်ခါမှမကြည့်ဖူးပါ။ အသံတွေက ပတ်ဝန်းကျင်မှာအပြည့်။ ဓီနွှန် ခြည်သုံး ပြစက်ကတစ်ဆင့် ၄၄ မမ ဖလင်ကွက်တွေကို ဖြတ်ကာ

ဧဝရက်တောင်တန်းကြီး၏ အလှနှင့် နီပေါလ်နိုင်ငံ ကျေးလက်တောရွာသဘာဝတွေ၊ တောင်တက်သူတို့ နီပေါဗုဒ္ဓဘာသာ ဘုရားကျောင်းမှာ ဆုတောင်းပွဲ ကျင်းပတာတွေကို စိတ်ဝင်စားဖွယ်ရာ စတင်ပြသနေသည်။ အရုပ်ကြီးတွေက ကြီး၊ အသံစနစ်တွေက ကောင်းတော့ ကိုယ်ပါ သူတို့နှင့် ရောနှော ပါဝင်နေရသလို ဖြစ်နေသည်။ တစ်ခါတော့ ပြကွက်တစ်ကွက်မှာ တောင်တက်သူမိန်းကလေး တစ်ယောက်က ကျောက်ဆောင်စွန်းမှာ လှုပ်လီလှုပ်လဲ့ ချိတ်တွယ်ကာ သံစို့တစ်ချောင်းနှင့် သပ်ရိုက်နေတာကို အနီးကပ်ပြသည်။ တဖြည်းဖြည်း ကင်မရာက အဝေးရိုက်ချက်ပြလိုက်တော့ မြင့်မား မက်စောက်သော ကျောက်ဆွယ်ကြီးမှာ ချိတ်တွယ်နေသူကလေးက တကယ့်သေးသေးကလေး။ အောက်မှာက အသူတရာနက်ရှိုင်းသည့် နှင်းဖုံးချောက်ကြီး။ နောက်တော့ မိန်းကလေးက သံမဏိခါးကြိုးကို သပ်ရိုက်ကွင်းကလေးမှာ ချိတ်လိုက်ကာ အောက်က ချောက်ကမ်းပါးထဲကို ကမ်းပါးယံစွန်းမှ လျှောချလိုက်သည်။ တစ်ရုံလုံး ဝေါခနဲထအော်ကြ။ ရုပ်ရှင်ကြည့်နေသူများပါ ချောက်ကမ်းပါးထဲကို သူတို့နဲ့အတူ ထိုးကျသွားသလို ခံစားရသောကြောင့် ဖြစ်သည်။ ဧဝရက်တောင်စောင်းပေါ်က နှင်းမုန်တိုင်းကြောင့် နှင်းဖတ်တွေ ဝေါခနဲ သွန်ကျနေတာကို အနီးကပ် အမြန်ရိုက်ပြလိုက်တော့လည်း နှင်းတွေနဲ့အတူ ကိုယ်ပါ ပါသွားသလို။

'မကြည့်ရဲရင် မျက်စိမှိတ်ထားပါနော်။ နှလုံးရောဂါရှိသူတွေ ဆိုရင် ကြည့်တောင်မကြည့်သင့်ဘူး၊ ကျွန်မတို့တောင် ခဏခဏကြည့်နေရတဲ့ ကြားက တလှပ်လှပ်ခံစားရတယ်'

မဒမ်ဗီဂျေးက သတိပေးသည်။ တစ်ရုံလုံးမှာတော့ တဝူးဝူး တဝါးဝါး လန့်အော်သံတွေ ညံနေလေသည်။

မဟာကမ္ဘာလုံးကြီးထဲက ထွက်လာတော့ သူပါ ဧဝရက်တောင်တက်အဖွဲ့နဲ့ ပါသွားရာက တောင်ခြေပြန်ဆင်းလာရတာမျိုး ခံစားနေရသည်။ တလှပ်လှပ်ခံစားမှုလည်း ရှိနေသည်။ ဗိုးတဝါး အမှောင်သံမဏိလှောင်အိမ်ကြီးထဲမှာ မိန်းမချောကလေးနှင့် ရုပ်ရှင်ကြည့်ရလို့ မဟုတ်ပါ။ ရုပ်ရှင်ရသက အပြည့်အဝ ခံစားလိုက်ရလို့ ဖြစ်သည်။ မော်ကွန်းတင်ရုပ်ရှင်



Everest ကို ရိုက်ကူးခဲ့သူများဖြစ်သည့် ဒါရိုက်တာ ဒေးဗစ်ဘရက်ရှီးယားစ်[၁] နှင့် ဂရက်မက်ဂီးလစ်ဗရေး[၂]တို့၏ လက်ရာကလည်း ကောင်းလွန်းလှပါသည်။ ရုပ်ရှင်ကပြီးတော့ စားသောက်ဆိုင်ကလေးမှာ ပေါ့ပေါ့ပါးပါး နေ့လယ်စာ စားကြသည်။

'ကျွန်မတို့မှာ တခြားအစီအစဉ်တွေရှိသေးလို့ လျှပ်ပြေးကလေး ပြရတာ ခွင့်လွှတ်ပါရှင်။ သဘောကိုတော့ ငုံမိရောပေါ့နော်၊ သည်နေရာကြီးကိုက ရေခံမြေခံကောင်းတဲ့ နေရာပါ။ သည်ပတ်ဝန်းကျင်မှာပဲ ပြင်သစ်လိုတော့ ဆီတေးဒီလာမျူးဇစ်[၃]လို့ ခေါ်တဲ့နေရာ ရှိပါတယ်။ အင်္ဂလိပ်လို ဆိုရင်တော့ City of music ဆိုပါတော့။ ဂီတနဲ့ပတ်သက်ပြီး ထင်ရှားတဲ့နေရာကြီး ရှိတယ်၊ အနုပညာနဲ့ သိပ္ပံနယ်မြေပေါ့လေ။ ရုရှားသိပ္ပံပညာရှင် ကွန်စတန်တင်ဆိုင်ယိုကော့ဗ်စကီး[၄]ပြောသလို ကမ္ဘာမြေဆိုတာ လူသားတို့ရဲ့ ပုခက်ဆိုတာ သည်နေရာမှာ ပိုပြီးအဓိပ္ပာယ်ရှိသလိုပဲ။ ပုခက်မစီးရတဲ့ လူသားရယ်လို့မှ မရှိနိုင်တာနော်။ မနေ့က အိပ်မက်တွေဟာ ကနေ့ အမှန်တကယ်ဖြစ်လာခဲ့တာကို ကျွန်မတို့ ချက်ချင်း မှတ်တမ်းတင်နိုင်ရပါလိမ့်မယ်'

'မဒမ်ဗီဂျေး ပြောတာ မှန်ပါတယ်။ အာကာသဆိုရင်လည်း လူတွေက အောင်နိုင်ဖို့ ကြိုးပမ်းနေကြပြီ။ အာကာသနည်းပညာ[၅]တို့၊ အာကာသနဲ့ လူ့အဖွဲ့အစည်း ဆက်ဆံရေးတို့ ဆိုတာတွေလည်း ကနေ့ ပိုပြီးအဓိပ္ပာယ်ရှိလာတယ်၊ ရေကမ္ဘာကိုကြည့်ရင်းလည်း အာခီးမီးဒီးစ်ရဲ့ ယူရီးကားလို့ အော်သံဟာ ကနေ့အောင်ပွဲခေါ်သံ ဖြစ်လာခဲ့ပြီ။ သဘာဝပတ်ဝန်းကျင်ကို ကြည့်ရင်လည်း ဥတုရာသီဗေဒ[၆]နဲ့ ဂေဟဗေဒ[၇]၊ ရာသီဥတုဝပ်ရှော့[၈]၊ ရာသီဥတုမော်ဒယ်လ်[၉] ဆိုတာတွေကို လူသားတွေက တဖြည်းဖြည်း သိလာခဲ့ကြပြီ။ မဒမ်တို့ဌာနကြီးက ဒါတွေအားလုံးကို ဖော်ဆောင်ပေးနိုင်တာ တွေ့ရပါတယ်'

'ကျေးဇူးတင်ပါတယ်ရှင်၊ မစ္စတာဝင်းက ချီးကျူးတာကို ကျွန်မတို့ အကြီးအကဲတွေကို တစ်ဆင့်ပြောလိုက်ပါဦးမယ်...'

---

၁။ David Breashears
၂။ Greg Mac Gillivray
၃။ Cite dela musique
၄။ Konstantin Tsiolkovsky
၅။ Space Technology
၆။ Climatology
၇။ Ecology
၈။ Weather Workshop
၉။ Climatic Modelling

သူကတော့ ပျော်ရွှင်မြူးထူးနေကြသည့် ကလေးတွေရဲ့ အသံတွေကိုပဲ ကြားနေရသည်။ တစ်ခန်းဝင် တစ်ခန်းထွက် ပြေးကြလွှားကြ။ ကမ္ဘာလောက ဆိုတာ ဒါပဲလား ဆိုသည့် စိတ်ခံစားမှုနှင့် စူးစမ်းနေကြ။ မြင်သမျှတွေ့သမျှ ချက်ချင်း စက္ကူပုံစံကလေးတွေမှာ ဖြည့်ကာ ဆရာမတွေကို ပြကြ။ လေ့လာရင်း စာမေးပွဲဖြေကြရ။ သစ်ပင်တွေရဲ့ အသက်ရှူသံ၊ လူ့ခန္ဓာကိုယ်ရဲ့ သွေးစီးဆင်းသံ၊ မီးတောင်တွေရဲ့ ပေါက်ကွဲသံ၊ ရေအောက်ကြမ်းပြင်က ရေသတ္တဝါတို့ရဲ့ လှုပ်ရှားသံ၊ ကြယ်တာရာနဂါးငွေ့တို့ရဲ့ တညီးညီးမီးတောက်မီးလျှံ…။ ကလေးတွေက ဘာတွေကို သယ်ဆောင်သွားနိုင်ကြပါသလဲ။

မဒမ်ဗီဂျေးရဲ့ ကားကလေးကို မြို့တွင်းကို ပြန်မောင်းလာသည်။ သူကတော့ ခပ်ဝေးဝေး အဆောက်အအုံကြီးတွေထိပ်က နီယွန်မီးဆိုင်းဘုတ်ကြီးတွေကို မြင်ရသလောက် လိုက်ဖတ်လိုက်သည်။ Daewoo, Sharp, Ricoh, Astral, Comforama။ မဒမ်ဗီဂျေးက စကားသိပ်မပြောပါ။ တစ်ချက် တစ်ချက် ကားမောင်းရင်း ပြုံးပြတာကလွဲလျှင်။ သူမ နေရှင်နယ်အဇမ်ဗလီ[၁]ကို မောင်းနေခြင်းများလား၊ ဒါမှမဟုတ် ဆိန်းမြစ်တွင်းသင်္ဘော ခရီးဆီကိုလား။ မြို့တွင်းကို ဝင်လာခဲ့ပြီ။ လမ်းဘေး မှန်ဘတ်စကားမှတ်တိုင်လေးတွေမှာတော့ လူတစ်ယောက်စ နှစ်ယောက်စပဲ ရှိသည်။ များသောအားဖြင့်က Metro မြေအောက်ရထား စီးကြသူတွေက များတတ်ပါသည်။ ဘတ်စကားမှတ်တိုင်တွေ အားလုံးလိုလိုမှာ ကြော်ငြာသုံးမျိုးပဲ တွေ့ရတတ်သည်။ ခရစ်ရှန်ဒေါ်[၂] ရေမွှေးကြော်ငြာ၊ ကမ္ဘာကျော်ဘောလုံးသမား ပီလီရဲ့ အပြုံးနှင့် မာစတာကတ်ကြော်ငြာနှင့် နောက်တစ်ခုကတော့ ထရီဇာ[၃] ရေမွှေးကြော်ငြာ။ နေရှင်နယ်အဇမ်ဘလီ အဆောက်အအုံကြီးရဲ့ မလှမ်းမကမ်းမှာ ကားရပ်သည်။ အတွင်းကိုဝင်ဖို့ တန်းစီနေသည့် လူအုပ်ကြီးကိုကျော်ကာ မဒမ်ဗီဂျေးက အပေါက်ဝက တာဝန်ရှိသူတွေကို တစ်စုံတစ်ရာပြောသည်။ ပြီးတော့ Press လို့ ရေးထားသည့် သီးသန့်ရုံးချုပ်ကလေးရှိရာ နေရာကို သွားကာ Sticker ကပ်ခွာနှစ်ခု ထုတ်လာသည်။ ရဲရဲနီနေသည့် ကပ်ခွာပေါ်

၁။ National Essembly

၂။ Christian Dior

၃။ Tresor



ာ 'Presse' လို့ ခပ်ကြီးကြီးရေးထားသည်။ မဒမ်ဗီဂျေးက သူ့ကို တစ်ခု ပေးတော့ သူ့ရင်ဘတ်အင်္ကျီပေါ်မှာ ကပ်လိုက်သည်။

'သည်က စာကြည့်တိုက်ကြီးမှာ ယန်းဒါ့ခ်[၁]ရဲ့ လက်ရေးတွေ ရှိ ာယ်'

ယန်းဒါ့ခ်ဆိုတာ ဘယ်သူလဲ သူမသိပါ။ အရေးပါသည့် ပုဂ္ဂိုလ်တော့ ဖြစ်လိမ့်မည်။ နေရှင်နယ်အဇမ်ဗလီ စာပေဌာနက ဧည့်ကြိုအမျိုးသမီးက သူတို့နှင့် လိုက်လာရင်း ပြောခြင်းဖြစ်သည်။ တကယ်လည်း လွှတ်တော်အမတ်များ စာပေဖတ်ရှုနားနေရာ စာကြည့်တိုက်ကြီးထဲကို ခေါ်သွားပါသည်။ ရှိုးကောင်းကောင်း ခပ်တင်းတင်း အမတ်နှစ်ဦး သုံးဦးက စာဖတ်နေကြသည်။ စာအုပ်တွေက သောင်းချီကာရှိနေသည်။ ပြီးတော့ ပကတိ ာတ်ဆိတ်။ စားပွဲပေါ်မှာ ယန်းဒါ့ဒ်၏ လက်ရေးဆိုတာကို သူ ငုံ့ကြည့်တော့ စာရွက်တွေက ဝါကျင့်ကျင့် ဟောင်းမြင်းနေပြီ။ စာပေဌာနက အမျိုးသမီး ာ ကနေ့နေ့လယ်မှာ အမျိုးသားအဇမ်ဗလီရဲ့ အကြီးအကဲ (President)၏ ာက်တော်မှ အခမ်းအနားရှိသည်ဟု ဆိုသည်။ ဘယ်ကိုထွက်မှာတုန်း။ ာက်တော်မူ အခမ်းအနားဆိုတာကကော ဘာလဲ။ သူက မဒမ်ဗီဂျေးကို ားတိုးကလေး မေးရသည်။

'သည်မှာက လွှတ်တော်အမတ်တွေကို ဒက်ပြူတီးစ် (Deputies) ခေါ်တယ်။ သူတို့က ရက်သတ္တပတ်ရဲ့ သတ်မှတ်တဲ့ရက်တွေမှာ နိုင်ငံ ေး ကိစ္စတွေ ဆွေးနွေးလေ့ရှိတယ်။ အမျိုးသားစုံညီ ညီလာခံပေါ့။ သည် ညီလာခံကို ပရဲဇီးဒင့်က ဦးဆောင်ပါတယ်။ သူက ညီလာခံခန်းမထဲဝင်ရင် ေးမှုမပျက် ထွက်တော်မူ အခင်းအကျင်းနဲ့ ကြွလာတာကို ပြောတာပါ'

မဒမ်ဗီဂျေးက ရှင်းပြသည်။ သူမကကော ပြင်သစ်ပေါက် အိန္ဒိယ ်င်းရင်းသူလား၊ အိန္ဒိယကလာပြီး ပြင်သစ်နိုင်ငံသူ ခံယူထားတာလား၊ ခမဟုတ် ဘယ်နိုင်ငံရဲ့ သစ္စာတော်ခံလဲ။ ပြင်သစ်လား၊ အိန္ဒိယလား။ ူမ၏ အသက်ရှင်ဖြစ်တည်မှု ဘဝနှင့် ဆက်စပ်နေသည့် နိုင်ငံ၏သမိုင်း ည်ပင် သူမ၏ သမိုင်းပေလား။ ဒါဆိုရင် သူမမှာ မျိုးချစ်စိတ် ဆိုတာ ခလား။ သူ့ဟာသူ တွေးနေခြင်းဖြစ်သည်။ သူက လေးနက်နေသလောက်

၁။ Jeanne d' Arc

ဒမ်ဗီဂျေးကတော့ ပေါ့ပေါ့ပါးပါးပဲ။ စာပေဌာနက အမျိုးသမီးက ပရဲဇီးဒင့်
၏ နားနေခန်းကို လိုက်ပြသည်။ သီးသန့်စာဖတ်ခန်းကို ပြသည်။ ဧည့်သည်
တော်ဆောင်ကို ပြသည်။ ထမင်းစားခန်းကို ပြသည်။ အခန်းတိုင်းက ရွှေ
ရောင် တဖိတ်ဖိတ်။ ပန်းချီကားကြီးတွေ ရေးဆွဲထားသည့် ခုံးမိုးမျက်နှာကြက်
တွေနှင့်အပြိုင် နံရံတွေကလည်း ခမ်းနားလွန်းလှသည်။ ကျောက်ဆစ်ရုပ်၊
န်းပုရုပ်တွေကလည်း ခံ့ညားမှုကို အားဖြည့်ပေးသည်။ ဘယ်ပစ္စည်းတွေက
လိုအပ်ဘဲ ပိုနေသလဲ သူကြည့်တော့လည်း မတွေ့ရ။ ခန်းမတိုင်းမှာ
ရာအားလုံးက ကွက်တိ။ ဖန်မီးဆိုင်းကြီးတွေကတော့ ကြီးမားလွန်းရုံမက
ဆန်းကြယ်သည့် လက်ရာတွေနှင့် ဖြစ်သည်။ ကတ္တီပါကြက်သွေးနှင့် ရွှေ
ရောင်က အချင်းချင်း ပျော်ဝင်ပူးယှက်နေလေသည်။

'မဒမ် ကျေးဇူးပြုပြီး Institution ကို ပြောပြပါလား'

'ပြင်သစ်နိုင်ငံရဲ့ ဖွဲ့စည်းပုံစနစ်လား'

'ဟုတ်ပါတယ်'

မဒမ်ဗီဂျေးက ခပ်သုတ်သုတ် ပြေးလွှားနေရသည့် ခန်းမထဲမှာ
ပြင်သစ်နိုင်ငံ၏ ဖွဲ့စည်းပုံကို ပြောရမည်ဆိုတော့ ရယ်ချင်သွားသလားမသိ။
ရဲရဲနီသော နှုတ်ခမ်းတွေက အားရပါးရ ပြုံးလေသည်။ နှာခေါင်းပေါ်က
စိန်ပွင့်ကလေးက ဖျတ်ခနဲ။

'အကြမ်းပေါ့နော်။ သည်မှာက ဖွဲ့စည်းအုပ်ချုပ်ပုံ ကောင်စီဝင်[၁]
ကိုးဦး ဆိုတာ ရှိတယ်။ နိုင်ငံ့ဦးသျှောင်အဖွဲ့ ဆိုပါတော့။ နိုင်ငံ့အကြီးအကဲ
တာဝန်နဲ့ စစ်သေနာပတိချုပ် တာဝန်ကို နိုင်ငံတော်သမ္မတကြီးက တာဝန်
ယူပါတယ်။ အစိုးရအဖွဲ့ ဦးဆောင်သူကတော့ ဝန်ကြီးချုပ်ပါ။ ပါလီမန်က
နှစ်ခုခွဲထားတယ်။ တစ်ခုက ဟောသည် နေရှင်နယ်အဇမ်ဗလီ ဖြစ်ပြီးတော့
နောက်တစ်ခုက ဆီးနိတ်ဖြစ်ပါတယ်။ နေရှင်နယ်အဇမ်ဗလီက အမတ်ဦးရေ
၅၇၇ ဦး ရှိပြီးတော့ ဆီးနိတ်မှာတော့ ၃၂၁ ဦး ရှိပါတယ်'

'ကျေးဇူးတင်ပါတယ်၊ တရားစီရင်ရေးကိစ္စတွေကျတော့ကော'

'Courts သုံးမျိုး ထားပါတယ်။ Specialized Courts ရယ်၊ Civil
Courts ရယ်၊ နောက် Criminal Courts တွေရယ်ပါ။ ထပ်ခွဲရင်တော့

၁။ The Constitutional Council



နားပါတယ်။ တရားရေးဌာနရဲ့ မူဝါဒကတော့ လူတစ်ဦးချင်း လွတ်လပ်မှု
အတွက် တရားရေးဟာ ကိုယ်ရံတော်သက်တော်စောင့် ဖြစ်ရမယ်ဆိုတာနဲ့
သွားနေပါတယ်'

'နိုင်ငံတော်ရဲ့ ဆောင်ပုဒ်ကကော'

'အင်္ဂလိပ်လိုဆိုရင်တော့ နေဦး "Liberty, Equality, Fraternity"
လို့ ပြောရမယ်ထင်တယ်။ လွတ်လပ်မှု၊ တန်းတူညီမျှရှိမှုနဲ့ စိတ်တူကိုယ်တူ
ရှိမှုလို့ ပြောရမယ်နော်၊ ဟုတ်ရဲ့လား'

မဒမ်ဗီဂျေးက ပြင်သစ်ဘာသာနှင့်ရွတ်ပြသေးသည်။ သူ နားမလည်။
စာပေဌာနက အမျိုးသမီးကတော့ မဒမ်ဗီဂျေး ပြင်သစ်လိုရွတ်ပြတာကို
နားလည်သူဆိုတော့ ပြုံးသည်။ ပြီးတော့ သူမကပါ ပြင်သစ်လို လိုက်ရွတ်
လိုက်သေးသည်။

'ဟောသည်အခန်းတွေက အမိုးပန်းချီတွေရဲ့ သရုပ်ဖော်မှုကို မူတည်
ပြီး နာမည်ပေးထားတာပါ။ သည်အခန်းဆိုရင် ကလေးလူပုံတော်ကလေးတွေ
စားနေဟန် ဆွဲထားလို့ ဒါက အားကစားခန်းဆောင်လို့ ခေါ်ပါတယ်။
သည်အခန်းမှာ နိုင်ငံအတွက် အားကစားဆိုင်ရာ အစည်းအဝေးတွေ လုပ်လေ့
ရှိတယ်။ ရာသီဥတု သရုပ်ဖော်အခန်းတွေလည်း ရှိတယ်။ ဂီတခန်းမလည်း
ရှိပါတယ်'

သူနှင့် မဒမ်ဗီဂျေးက အပြေးကလေး လိုက်ကြည့်နေရသည်။ ပရဲဇီး
ဒင့်ကြီး ကြွချီတော်မူတော့မည်။ အပြင်ဘက်မှာ လုပသောဝတ်စုံဝတ် ဂုဏ်ပြု
တပ်ဖွဲ့ဝင် နေရာယူနေကြပြီ။ ဝတ်စုံနက်၊ သေနတ်လွယ်၊ တောက်ပသော
ဓားလွတ်ကိုင် စစ်သည်တော်များ။ ခဏနေတော့ တဖိတ်ဖိတ် ဝတ်စုံနက်
ဝတ် ပရဲဇီးဒင့်က နောက်လိုက်နောက်ပါ အခြံအရံတို့ဖြင့် ခပ်တင်းတင်း
ထွက်တော်မူလာသည်။ ဘင်တီးတပ်ဖွဲ့က တဒုံးဒုံးမြည်အောင် တီးရင်း
နောက်ကလိုက်သည်။ ဒါပါပဲ။ ခဏကလေးပါပဲ။ အပြင်ခန်းမှာတော့
သတင်းစာဆရာတွေ၊ သတင်းယူသူတွေ၊ တီဗီမီဒီယာက သတင်းသမားတွေ
က ဖလက်ရှ်ဂန်းတဖွေးဖွေး၊ ဆန်းဂန်းတဖွေးဖွေး ရိုက်ကူးရင်း သတင်းယူနေ
ကြသည်။ မဒမ်ဗီဂျေးနှင့် သူက ခန်းမ၏အပေါ်ထပ်ကို ဓာတ်လှေကားနှင့်

တက်ကာ သတင်းစာဆရာတို့၏ Pressbox နေရာကို အရောက်ပြေးရသည်။ စကားစစ်ထိုးပွဲကြီး စတော့မည်။

'မနက်ဖြန်မှာ ပြင်သစ်နိုင်ငံရဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီး စတော့မှာလေ။ အဲဒါ ပြင်သစ်ပိုင်လေကြောင်း အဲဖရန့်စ်က လေယာဉ်မှူးတွေ သပိတ်မှောက်တာနဲ့ ပတ်သက်ပြီး လွှတ်တော်မှာ စကားစစ်ထိုးပွဲ ရှိတယ်။ တာဝန်ရှိသူတွေနဲ့ အမတ်တွေ အချေအတင် အော်ကြဟစ်ကြလိမ့်မယ်'

သူနှင့်အတူ သတင်းသမားတွေက အခန်းအပေါ်က စီးမြင်နေရသည်။ အောက်ပိုင်းမြင်ကွင်းက အနီရောင်ကတ္တီပါစများဖြင့် ချုပ်ထားသည့် ကျွန်းထိုင်ခုံကွေးကွေးကြီးတွေ ဖြစ်သည်။ ပရဲစီးဒင့်ကြီးက မျက်နှာမူရာစင်မြင့်ပေါ်မှာ ရှုတင်းတင်းထိုင်နေသည်။ သူ့နောက်မှာ ဂုဏ်သရေရှိပုဂ္ဂိုလ်ကြီးတွေ ရှိသည်။ ပရဲစီးဒင့်ထိုင်ခုံအောက် ကပ်လျက်အနိမ့်မှာ ပုဂ္ဂိုလ်သုံးဦး။ ကျန်တာက ခပ်ကွေးကွေး ပွဲကြည့်စင်မြင့်လို ခုံတန်းတွေက တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်သွားကာ သဘာပတိစင်မြင့်နှင့် အမြင့်ချင်းတူသွားသည်။ လွှတ်တော်အမတ်ခုံတွေမှာ ခေတ်မီစကားပြော မိုက်ခရိုဖုန်းတွေ တပ်ဆင်ထားသည်။ Voting panel ခေါ်သည့် မဲပေးစက်ခလုတ်တွေ တပ်ဆင်ထားသည်။ အခန်းထဲမှာ အမတ်တွေအပြည့်။ အမျိုးသမီးအမတ်တွေလည်း ပါသည်။ တာဝန်ရှိသူက မိုက်ခရိုဖုန်းနှင့် ရှင်းပြနေတာကို အမတ်တွေက နားထောင်နေကြသည်။

ငြိမ်ငြိမ်သက်သက်တော့ မဟုတ်။ ဆူညံပွက်ထနေသည်။ အော်သူက အော်နေသည်။ အချင်းချင်း စကားပြောသူတွေက ပြောနေသည်။ တချို့ကတော့ မေးကိုလက်ထောက်ကာ စိတ်ဝင်တစား နားထောင်နေသည်။ ရှင်းပြသူက အချိန်တော်တော်ယူကာ ကျယ်ကျယ်လောင်လောင် ရှင်းပြနေသည်။ ပရဲစီးဒင့်ကတော့ သူ့နောက်က အသက်ကြီးကြီးပုဂ္ဂိုလ်ကြီးကို မကြာခဏ ခေါ်ကာ တိုးတိုးတိုးတိုး မေးနေသည်။

'အဲဒါ ပို့ဆောင်ဆက်သွယ်ရေး တာဝန်ရှိသူက နောက်ဆုံးညှိနှိုင်းဖြေရှင်းထားချက်တွေကို ရှင်းပြနေတာပါ။ လိုက်လျောသင့်တာတွေကို လိုက်လျောခဲ့ပြီး ညှိနှိုင်းစရာရှိတာတွေကို ညှိနှိုင်းဆဲဖြစ်ကြောင်း ပြောပြနေတာလေ'



မဒမ်ဗီရျေးက ရှင်းပြသည်။ သူကတော့ နေရှင်နယ်အဇမ်ဗလီ ဆိုတာကို နည်းနည်းတော့ သဘောပေါက်သွားခဲ့ပြီ။ ပြင်သစ်တော်လှန်ရေးကာလ ၁၇၈၉ ခုနှစ်ကတော့ နေရှင်နယ် အဇမ်ဗလီနှင့် ဆီးနိတ်ကို တစ်ပေါင်းတစ်စည်းတည်း ထားခဲ့ဖူးသည်။ ဗာဆေးလ်ရဲတိုက်[၁]ကြီးရဲ့ ဒက္ခိဏဆောင် နေရာမှာ ဖြစ်သည်။ ပြင်သစ်တွေက ရဲတိုက်ကို ရှာတိုး (chateau) ဟု အသံထွက်သည်။ တစ်ပေါင်းတစ်စည်းတည်း လွှတ်တော်ကို ကွန်ဂရက် (congress) ဟု ခေါ်ခဲ့ကြသည်။ ကွန်ဂရက်သည် တစ်နည်းအားဖြင့် ပြင်သစ်ပါလီမန် နှစ်ရပ်ပေါင်းဆိုသည့် အဓိပ္ပာယ်။ ၁၇၈၉မှာ ပြင်သစ်၏ ပထမဆုံးနေရှင်နယ် အဇမ်ဗလီကို ဖွဲ့စည်းခဲ့ရုံမက အခွင့်အရေးများဆိုင်ရာ ကြေညာစာတမ်း[၂]ကို ထုတ်ပြန်ခဲ့သည်။ ၁၇၈၉ သည် ပြင်သစ်၏ သက်ဦးဆံပိုင် ဧကရာဇ်စနစ်မှ ရီပတ်ဗလစ်စနစ်ကို ကူးပြောင်းခဲ့သည့် ထူးခြားသောသက္ကရာဇ် ဖြစ်သည်။ တစ်နည်းအားဖြင့် ကန့်သတ်အာဏာမှ ဝေပုံကျအာဏာသို့ ကူးပြောင်းခဲ့ရာကာလ၊ ဒါမှမဟုတ် ဧကဝစ်အာဏာစနစ်မှ ဗဟုဝစ်အာဏာစနစ်သို့ အကူးအပြောင်း။ လူဝီ ၁၆ ဘုရင်က The estates General ဆိုတာကို အမိန့်ထုတ်ပြန်သည်။ The estate General ဆိုတာက မင်းမျိုးမတ်မျိုးများ၊ ရဟန်းနှင့် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ရွေးချယ်ထားသော ပြင်သစ်လူထုကိုယ်စားလှယ် ကိုးဆယ်ရာခိုင်နှုန်း ပါဝင်သည့် the third estate ကို စုပေါင်းခေါ်ခြင်း ဖြစ်သည်။ သည် 'third estate'ကပဲ နေရှင်နယ် အဇမ်ဗလီကို တညီတညွတ်တည်း ပြဋ္ဌာန်းလိုက်သည်။ ပြဋ္ဌာန်းသည့်နေရာက လူဝီ ၁၆ ဘုရင်၏ တော်ဝင်တင်းနစ်အားကစားကွင်း (Royal Tennis Court) နေရာမှာ ဖြစ်သည်။

'၁၇၈၉ ခုနှစ် ဇွန်လ ၂၀ ရက်မှာ သည်လူထုကိုယ်စားလှယ်တွေက တော်ဝင်တင်းနစ်ကွင်းထဲမှာပဲ သစ္စာပြုခဲ့ကြတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမချမှတ် မပြီးပြတ်မချင်း ကျွန်ုပ်တို့ကား မခွဲမခွာ မကွဲမပြားရှိကြပါမည် ဆိုတာမျိုးပေါ့လေ'

စာပေဌာနက အမျိုးသမီးက ရှင်းပြခြင်း ဖြစ်သည်။ သူမ၏ ရှင်းပြ

၁။ Chateau de Versailles
၂။ Declaration of Rights

ျက်တွေအရဆိုလျှင် လူဝီ ၁၆ က ပြင်သစ်လူထု ကိုယ်စားလှယ်တွေ ါဝင်သည့် 'third estate' က ရာဇပလ္လင်ကို ခြိမ်းခြောက်လာတာကို ြင်လာတော့ ၁၇၈၉ ဇွန်လ ၂၃ ရက်မှာ 'third estate' ကို ဖျက်သိမ်းလိုက် ကြောင်း အမိန့်ထပ်ထုတ်လိုက်သည်။ မရနိုင်တော့ပါ။ လူထုကိုယ်စားလှယ် ခေါင်းဆောင် ဘေလီ[1]က အမျိုးသားအဇမ်ဗလီက မည်သည့်အမိန့်ကိုမှ လက်ခံလိမ့်မည်မဟုတ်ကြောင်း ဘုရင်ကို တုံ့ပြန်လိုက်သည်။ လူထု ခေါင်း ဆောင် မီရဗိုး[2]ကလည်း 'လူထုရဲ့ ပကတိဆန္ဒကို ဘုရင့်လုံ့စွပ်တပ်ကလည်း ဖြိုခွဲနိုင်လိမ့်မည် မဟုတ်တော့ပါ' ဆိုတာမျိုး တုံ့ပြန်လိုက်သည်။ ဤသို့ဖြင့် ၁၇၈၉ မှ ၁၇၉၁ သည် ပြင်သစ်သမိုင်း၏ အရေးတကြီး နှစ်ကာလများ ဖြစ်လာရသည်။ ၁၇၉၂ မှာ သက်ဦးဆံပိုင် ဘုရင်စနစ်ကိုဖြိုချကာ ရီပတ် ဗလစ်ကို တရားဝင် ထူထောင်နိုင်ခဲ့ကြသည်။

နှစ်ကာလ သမိုင်းလှေကားထစ်များအရ ကြည့်လျှင် ၁၇၉၉ မှ ၁၈၁၄ သည် နပိုလီယန် ဗိုနာပတ်၏ ပုဂ္ဂိုလ်ရေးအခွင့်အာဏာတွေ ရှိခဲ့ သည့် ကာလဟု ဆိုနိုင်သည်။ တိုင်းပြည်ကို အကြွင်းမဲ့သခင်[3]အဖြစ် အုပ်ချုပ်ခဲ့သည့်ကာလ ဖြစ်သည်။ နပိုလီယန်၏ နယ်ချဲ့စစ်ပွဲတို့ ဝေစည်ရာ ဥရောပ၏ မြေမျက်နှာပြင်တွေ တလွှားလွှား ကျယ်ပြန့်လာရာကာလတွေ။ ၁၈၁၄ က ၁၈၃၀ ကတော့ နိုင်ငံတော်၏ ထိန်းထိန်းသိမ်းသိမ်းကာလ ဖြစ်သည်။ ၁၈၁၄မှာ လူဝီ ၁၈က အင်္ဂလိပ်ပုံစံဖွဲ့စည်းပုံ အုပ်ချုပ်ပုံဆိုတာကို ပြဋ္ဌာန်းခဲ့သည်။ အာဏာတော်တော်များများကို ပြန်လည်ဆုပ်ကိုင်နိုင်ခဲ့သည်။ ၁၈၂၄ လူဝီ၁၈ ကံတော်ကုန်တော့ ညီတော် ဒသမချားလ်စ်က ပိုမိုအာဏာရှင် ဆန်လာခဲ့ပြန်သည်။ ၁၈၃၀ က ၁၈၄၈ ကတော့ ပြင်သစ်၏ July monarchy ခေါ်သည့် ဇူလိုင်သက်ဦးဆံပိုင် ဝါဒကာလ ဖြစ်သည်။ လူဝီဖိလစ် ဘုရင်၏ စက်ရိပ်ဘုန်းရိပ်ကာလ။ လူဝီဖိလစ်ကတော့ ရှေးဘုရင်တို့၏ အလေ့အထုံ တော်တော်များများကို စွန့်လွှတ်ကာ ပြင်သစ်ပြည်သူတို့၏ ဘုရင်[4]အဖြစ် ပြည်သူ့ကိုယ်စားလှယ်တွေ ရှေ့မှောက်မှာ ကျမ်းသစ္စာဆိုရင်း

၁။ Baily
၂။ Mirabeau
၃။ absolute master
၄။ King of the French People



ဘုရင်လုပ်ခဲ့သူ ဖြစ်သည်။ ၁၈၄၈ မှ ၁၈၅၁ ကတော့ ဒုတိယရီပတ်ဗလစ် ကာလ။ တိုက်ရိုက်အရွေးချယ်ခံ လေးနှစ်သက်တမ်း သမ္မတစနစ် ပေါ်ထွန်းခဲ့ သည်။ ဗိုနာပတ်၏ ဦးလေးတော်သူ လူဝီနပိုလီယန်ဗိုနာပတ်က အရွေးချယ်ခံ သမ္မတ ဖြစ်လာသည်။ ၁၈၅၂ က ၁၈၇၀ ကတော့ ဒုတိယအင်ပါယာ ကာလ။ ၁၈၇၀ က ၁၉၄၀ ကတော့ တတိယ ရီပတ်ဗလစ်ကာလ။

'၁၈၇၇ ကျတော့ မာရှယ်မက်မဟွန်း[1]က ရီပတ်ဗလစ်ရဲ့ ပရဲစီးဒင့် ဖြစ်လာပါတယ်။ ဒက်ပြူတီးစ်တွေနဲ့ တစ်သားတည်းဖြစ်အောင် နေခဲ့သူပါ။ ါပေမဲ့ ဒက်ပြူတီးစ် ၃၆၃ ယောက်ရဲ့ ညီညွှတ်ရေးတပ်ဦး ခေါင်းဆောင် မ်ဗက်တာ[2]က ပရဲစီးဒင့်ကို လူထုက ပြောစရာရှိလို့ ပြောလာပြီဆိုတာနဲ့ ခင်ဗျားလိုက်နာရင် လိုက်နာ၊ မလိုက်နာနိုင်ရင် ချက်ချင်းထွက်ရလိမ့်မယ်လို့ ပြောခဲ့တာရှင့်။ နောက်ပိုင်း ၁၈၇၉ ကျတော့ ပရဲစီးဒင့်ကို အတင်းနုတ်ထွက် ိုင်းလိုက်ရတယ်'

ပါလီမန်က အရေးတကြီးဆုံးဖြတ်ချက်တွေ ချမှတ်နိုင်ခဲ့သည်။ ဥပဒေ တွေကို ပြဋ္ဌာန်းနိုင်ခဲ့သည်။ အထူးသဖြင့် ဘာသာရေးနှင့် သီးခြားကင်းလွတ် သော ကြားနေလောကီနိုင်ငံတော်[3] ဖြစ်လာခဲ့သည်။ ပြည်သူလူထု၏ အခြေခံ ွတ်လပ်မှုဘဝကို ဖော်ဆောင်နိုင်ခဲ့သည်။ နိုင်ငံစီးပွားရေး၏ အခက်အမ ဖြစ်သည့် အလုပ်သမားတို့၏ ရပိုင်ခွင့်ဥပဒေတွေကို ပြဋ္ဌာန်းနိုင်ခဲ့သည်။ အမျိုးသား အာမခံလုပ်ငန်းတွေ၊ ပင်စင်ကိစ္စတွေ၊ အလုပ်ပိတ်ရက်ကိစ္စတွေ၊ အလုပ်ချိန်နာရီ ကိစ္စတွေ။

'ရက်သတ္တတစ်ပတ်ကို နာရီလေးဆယ်သာ အလုပ်လုပ်ရမယ်ဆိုတာ တွေက အဲသည်ကတည်းက စခဲ့တာပါ။ ဒါဟာ တတိယရီပတ်ဗလစ် ကာလအတွင်းက ကျွန်မတို့ရလိုက်တဲ့ အောင်ပွဲဆိုပါတော့...'

သမိုင်းတွေ တော်လောက်ပါပြီ။ သူကတော့ အကြောင်းကိစ္စတိုင်း ှာ သမိုင်းပါနေရတာကို သဘောပေါက်ပါသည်။ ပြီးတော့ သမိုင်းကို ခံဖိုးထားတာကိုလည်း လေးစားပါသည်။ ပြီးတော့ သမိုင်းကို ကျေးဇူး

၁။ MacMahon
၂။ Gambetta
၃။ Neutral Secular State

တင်နေသည့် သူမကိုလည်း နားလည်နိုင်ပါသည်။ သို့သော် လောလောဆယ်တော့ သမိုင်းနှင့် မူးယစ်မနေချင်သေးတာပဲ ဖြစ်သည်။ မဒမ်ဗီဂျေးကလည်း ရိပ်မိပုံရသည်။ ကျေးဇူးတင်ကြောင်းပြောကာ Pressbox ပေါ်က ဆင်းလာခဲ့ကြသည်။

'နှစ်ဆယ်ရာစုရဲ့ ဒုတိယရာစုဝက် နှစ်ကာလတွေကတော့ ပြင်သစ်ရဲ့ သမိုင်းကာလတွေ ဖြစ်ပါတယ်။ ၁၉၄၆ ကနေ ၁၉၅၈ ခုနှစ်က စတုတ္ထ ရီပတ်ဗလစ်ဖြစ်ပြီး ၁၉၅၈ နောက်ပိုင်း မျက်မှောက်ကာလအထိဟာ ပဉ္စမ ရီပတ်ဗလစ်ပါ။ ခေတ်သမိုင်းအဆက်ဆက်မှာ သည်နေရှင်နယ် အဇမ်ဗလီရဲ့ အမျိုးသားအခန်းကဏ္ဍဟာ ကြီးမားလှပါတယ်။ သည်ကျောက်ဆစ်နန်းတော်ကြီးကို ကြွရောက်တဲ့အတွက် ကျွန်မတို့ ကျေးဇူးတင်ပါတယ်'

စာပေဌာနက အမျိုးသမီးကို ကျေးဇူးတင်ကြောင်း ပြန်ပြောကာ သူနှင့် မဒမ်ဗီဂျေး ထွက်လာခဲ့ကြသည်။ နန်းတော်ကြီးရှေ့မှာ သူ ဓာတ်ပုံရိုက်ယူလိုက်သည်။ အပြင်မှာတော့ နိုင်ငံစုံ ဘောလုံးဝတ်စုံတွေ ဝတ်ထားသည့် လမ်းသွားလမ်းလာ ပရိသတ်ကြီးက အုတ်အော်သောင်းသဲ။ ဂျမေကာ နိုင်ငံသားတွေကတော့ သူတို့နိုင်ငံတော်အလံကို လွှင့်ထူကာ အော်ဟစ်နေကြသည်။ နောက်ခဏကလေးမှာတော့ သူနှင့် မဒမ်ဗီဂျေး ဆိန်းမြစ်ထဲက အပျော်စီးသင်္ဘောပေါ်ကို ရောက်နေကြပြီ။ သူတို့စီးသည့် သင်္ဘောကြီးက ကြီးသလောက် လူသိပ်မပါပါ။ ဆိန်းမြစ်ထဲမှာ သည်လိုသင်္ဘောကြီးတွေက အများကြီး။ သန့်ရှင်းသပ်ရပ် တောက်ပနေသည့် သင်္ဘောတွေချည်း။ သင်္ဘောပေါ်မှာ ဂျပန်ဘာသာ၊ အင်္ဂလိပ်ဘာသာနှင့် ပြင်သစ်ဘာသာသုံးမျိုးဖြင့် ကမ်းဘေးဝဲယာက သမိုင်းဝင်အဆောက်အအုံတွေကို အသံချဲ့စက်ကတစ်ဆင့် ရှင်းပြနေသည်။ ပါရီ၏ ညနေခင်း မြစ်တွင်း မြင်ကွင်းသည် လွမ်းစရာတောင်ကောင်းသေးတော့…။ သူတို့သင်္ဘော စတင်ထွက်ခွာခဲ့ရာ Pont De L' Alma တံတားကြီးက ကျန်ရစ်ခဲ့ပြီ။ သင်္ဘောဆိပ်က ဘာတိုမိုရှေး (Bateaux-Mouches) ဆိုသည့် အနီရောင်စာတန်းကြီးကို သမင်လည်ပြန်ကြည့်ရင်း ရောဝတီကို သတိရနေမိသေးသည်။

ဆိန်းမြစ်နှင့် ရောဝတီကို စိတ်ကူးနှင့် နှိုင်းဆနေခြင်းလည်း ဖြစ်နိုင်သည်။ ပါရီမြို့တွင်းကို ခပ်ကွေးကွေးကလေး ဖြတ်သန်းသွားသည့် ဆိန်းမြစ်



တော့ လှပသည့် မင်္ဂလာသတို့သမီးကလေးနှင့် တူသည်။ မျက်လုံးစိမ်းစိမ်း ပင်ကလေး သပ်သပ်ရပ်ရပ်ဖြီးသင်ကာ တောက်ပသည့် ကျက်သရေ မျက်နှာကလေးနှင့် ဧည့်ခံပွဲကို ဆင်းတော့မည့် သတို့သမီးကလေး။ ဝတီကတော့ သတို့သမီးမဟုတ်။ ကလေးတွေ တစ်ပြုံတစ်ခေါင်းနှင့် ဆင်းဆင်းရဲရဲ ဝမ်းကျောင်းရသည့် အကြော်သည်မိခင်နှင့် တူသည်။ အကြော် မ်းတရဲရဲမှာ ချွေးသံတရွှဲရွှဲ လုပ်ကိုင်ကျွေးမွေးသည့် ကျေးဇူးရှင်မိခင်နှင့် သည်။ ဆင်းရဲသော်လည်း မြင့်မြတ်သော မိခင်စိတ်နှင့် တင့်တယ်နေသည့် မျိုး…။ ဆိန်းမြစ်ထဲမှာတော့ ဘဝမျိုးစုံမရှိ။ ချောင်းသာသာ ရေထုပြင် ယ်ကို အုတ်ရိုးစီ အနားသတ်ကာ မြင်းယာဉ်ကို ကကြိုးဆင်ထားသလို သားကျ ကလေး ဖြစ်သည်။

သူစီးနေသည့် အပျော်စီးသင်္ဘောမျိုးတွေက ရောင်စုံဖြစ်သည်။ မြစ် တံတားကြီးတွေအောက်ကို ရောက်ခါနီးလျှင် သင်္ဘောရှေ့ဦးပိုင်းက ဒြောလစ်စနစ်အားဖြင့် နိမ့်ဝင်သွားသည်။ တံတားကျော်လျှင် ပြန်လည် ဘက်လာသည်။ လူစီးရသည့် သင်္ဘောဝမ်းပြားကြီးကတော့ နိမ့်ခြင်း ခြင်းမရှိ။ အဝါရောင် ပလတ်စတစ်ခုံတွေမှာ ကြိုက်သလို အဆင်ပြေသလို နိုင်သည်။

'မြစ်ဖြတ်တံတားတွေက တချို့က ခေတ်ဒီဇိုင်းဖြစ်ပြီး များသောအား က သမိုင်းနောက်ခံ ရှေးခေတ် အုတ်ခုံးတံတားကြီးတွေ များပါတယ်။ ယအလက်ဇန္ဒား တံတားကြီးနောက်ခံနဲ့ ဓာတ်ပုံရိုက်ကြတာ များတယ်'

တစ်နေရာမှာတော့ ဆိန်းမြစ်က နှစ်မြွာကွဲသွားသည်။ သင်္ဘောက ဘက်ကိုလိုက်သွားကာ ဘယ်ဘက်ရေကြောင်းနှင့်ဆုံရာ ရောက်တော့ လမ်းအတိုင်း ပြန်ကွေ့လေသည်။ လမ်းမှာတွေ့သည့် သင်္ဘောတွေက လူတွေအပြည့်။ သင်္ဘောချင်းဆုံတော့ အော်ကြနောက်ကြ။ တံတား ပေါ်ကလည်း အော်ကြ နောက်ကြ။ သင်္ဘောအလယ်ထပ်မှာတော့ ရက် ရင့် ရှိသည်။ သင်္ဘောက လာလမ်းအတိုင်း ပြန်လှည့်တော့ ခပ်ဝေးဝေး ဘေးက အီဖယ်လ်မျှော်စင်ကြီးနဲ့ အနီးဆုံးနေရာကို ရောက်လာသည်။ ။ မျှော်စင်ပေါ်မှာ မီးစာလုံးကြီးတွေနဲ့ သရုပ်ဖော်ထားသည့် ဂဏန်း ဖြစ်သည်။ မဒမ်ဗီဂျေးက သက္ကရာဇ် ၂၀၀၀ ကို ရောက်ဖို့ ၅၇၁

ရက်သာ လိုတော့ကြောင်း ရှင်းပြသည်။ မျှော်စင်ကြီးရဲ့ အလယ်အဆင့်မှာ ကြီးမားသည့် ပိတ်ဖြူပါးပါးစတစ်စ ချိတ်ဆွဲထားသည်။ လူပုဂ္ဂိုလ်တစ်ဦး၏ မျက်နှာကြီးကို ရေးဆွဲထားကာ ပုံရဲ့အောက်မှာတော့ အင်္ဂလိပ်ဘာသာဖြင့် ဂျူးလ်စ်ဗန်းဟု ရေးထားသည်။ မဒမ်ဗီဂျေးက သင်္ဘောလက်မှတ်ရှည်ကြီးကို ပြကာ လက်မှတ်ပေါ်မှာ ရိုက်ထားသည့် ခရီးစဉ်မြေပုံပေါ်က သင်္ဘော ရောက်ရှိရာနေရာကို ထောက်ပြသည်။ သံစို့ပေါင်း ၂၅၀၀၄၀၇ စို့ သုံးထားသည့် အီဖယ်လ်သံမဏိမျှော်စင်ကြီးက သူ့ကို ဒါ ပါရီလေလို့ လှုပ်နှိုးလိုက်ပြန်ပြီကော။ ငယ်ငယ်က ရုပ်ပုံကားချပ်တွေမှာ တွေ့ခဲ့ရဖူးသည့် သံမဏိမျှော်စင်ကြီးကို သူငေးကြည့်ရင်း တလှိုက်လှိုက် ခံစားနေရသည်။ သည်မျှော်စင်ကြီးကိုပဲ မိုင်ပေါင်းများစွာ ကျော်ဖြတ်ရင်း သူ လာကြည့်တာလား။ သင်္ဘောက မျှော်စင်ကို နောက်မှာထားခဲ့ရင်း မူရင်းထွက်ခွာခဲ့ရာ ဆိပ်ကမ်းဆီသို့ သွားနေသည်။ တစ်နာရီစာ အပျော်စီးခရီး ပြီးဆုံးတော့မည်။

'ညနေ မှောင်ရင် လာကွန်းကော့ဒ်နဲ့ ရှောင်ဇေလီဇေးကို လမ်းထွက်လျှောက်ပါနော်။ ကနေ့ ကမ္ဘာ့ဖလားဘောလုံးပွဲကြီး အကြိုပျော်ပွဲရေးတွေ ရှိတယ်။ ကျွန်မ လိုက်မပို့နိုင်တာ ခွင့်လွှတ်ပါ'

မဒမ်ဗီဂျေးက ပြောနေသည်။ သင်္ဘောဆိပ်မှာတော့ မီးရောင်စုံ၊ အလံရောင်စုံ။ သင်္ဘောပေါ်က ဆင်းဆင်းချင်း လူတစ်ယောက်က ဖိုတို… ဖိုတိုဟု အော်နေတာကို တွေ့သည်။ သင်္ဘောမထွက်ခင်ကလေး သင်္ဘောပေါ်မှာ တဖျပ်ဖျပ်ရိုက်ယူသွားသည့် ဓာတ်ပုံတွေက ခုတော့ ကူးပြီးသား။ ဖရန့်သုံးဆယ်နှင့် ရွေးရုံ။ သူနှင့် မဒမ်ဗီဂျေးကိုကော ရိုက်ခဲ့သေးသလား။ သူတို့မသိ။ Photo Board ကိုလည်း သွားမကြည့်တော့။ သူနှင့် မဒမ်ဗီဂျေး ခွဲခွာရတော့မည်။ ခဏကလေးနေတော့ သူမရဲ့ကားကလေးက တတိယ အလက်ဇန္ဒြား တံတားကြီးပေါ်ကို ဖြတ်နေပြီ။ ခဏကလေးနေတော့ သူ တည်းခိုရာ ဟိုတယ်ကယ်ရေးရှေ့ကို ရောက်ပြီ။ မဒမ်ဗီဂျေးက ကားပေါ်က ဆင်းကာ သူ့ရှေ့ လာရပ်သည်။ သူက 'အော်ဗွားမဒမ်' လို့ နှုတ်ဆက်ဖို့ ပြင်ဆင်လိုက်သည်။

'နမား စတေး ဘာဘူ…'

သူ မျှော်လင့်မထားပါ။ အိန္ဒိယလူမျိုးတို့၏ နှုတ်ခွန်းဆက်စကား



ဖြစ်သည်။ လက်အုပ်ကလေးချီထားရင်း သူမပြုံးနေသည်။ သူကလည်း အိန္ဒိယလူမျိုးတို့၏ထုံးစံ လက်အုပ်ချီလိုက်ရသည်။

'နမားစတေး ဘေတီး…'

မင်္ဂလာပါ သမီးရယ်။ အေးမြသော မေတ္တာလှိုင်းတွေက ဖျတ်ခနဲ ဖျတ်ခနဲ ခဏကလေးတွေ့ကြုံ။ ခဏလေး ခွဲခွာကြရ။ တကယ့်ကို ခဏကလေးပါလား။ ကားကလေးက ဝေါခနဲ မောင်းထွက်သွားတော့မှ သူ ဟိုတယ်ထဲ ဝင်လာခဲ့သည်။ ဧည့်ကြိုမကလေးက သူ့အခန်းသော့ကို ကိုင်ရင်း ပြုံးနေသည်။

'ဗွန်ရှူး မဒမ်'

'ဗွန်ရှူး…'

ဟိုတယ်အခန်းထဲရောက်လို့ ဘောင်းဘီရှည်ကိုချွတ်ကာ ပုဆိုးဝတ်လိုက်တော့ သူ မြန်မာပြန် ဖြစ်သွားလေသည်။ ဆာသလိုလိုရှိသော်လည်း သူ့မှာ စားစရာ ဘာမှမရှိ။ ဦးချိန်တီ အစာကြေဆေးပုလင်းပဲ ရှိသည်။ လေးချော်ဆိပ်က ဆေးနက်ကျော် ဝမ်းနုတ်ဆေးပဲ ရှိသည်။ ဟိုတယ်တွင်း မုန့်ထုပ်တွေကလည်း ဈေးကြီးသည်။ ပြီးတော့ မုန့်လည်းမဟုတ်။ သစ်သီးဆန်ထုပ်များ ဖြစ်သည်။ ရေတစ်ကျိုက်သောက်ကာ တီဗီဖွင့်သည်။ သတိရန်း မနေ့က ဝယ်ထားခဲ့သည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအထိမ်းအမှတ် ပို့စကတ်တွေကိုထုတ်ကာ စာရေးသည်။ ရန်ကုန်နှင့် မန္တလေးမှ မိတ်ဆွေများ ထံသို့။ အပြင်ထွက်တော့မှပဲ ထည့်ရတော့မည်။ စာတိုက် (La poste) က သူ့ဟိုတယ်ရှေ့တည့်တည့်မှာပဲ ရှိသည်။ စာထည့်ပုံးကတော့ အချိန်မရွေး ထည့်နိုင်သည်။ စာရေးပြီးတော့ ကိုယ်လက်သန့်စင်ကာ ခဏလှဲနေလိုက်သည်။ အပြင်မှာ မိုးတွေ ရွာနေပုံရသည်။

တီဗီချန်နယ်တိုင်းက ဘောလုံးပွဲဆိုင်ရာ မြင်ကွင်းတွေကို တိုက်ရိုက် လွှင့်ပြနေလေ၏။ သူ ရှောင်ဇေလီဇေးကို သွားရဦးမည်။ လာကွန်းကော့ဒ်ကို သွားရဦးမည်။

တစ်ချိန်တည်းမှာ ငါးပိရည်မွှေးမွှေး၊ ခရမ်းသီးချက်နှင့် ဆန်ထမင်းဖွေးဖွေးကို သူ သတိရနေလေသည်။

✤

ဟိုတယ်ကယ်ရေး ဧည့်ကြိုခန်းမထဲမှာ ဧည့်သည်တွေ သိပ်မရှိပါ။ ဆိုဖာအိအိကြီးတွေပေါ်မှာတော့ အိန္ဒိယလူမျိုး သုံးလေးဦး ရှိသည်။ ဧည့်ကြို ကောင်တာရှေ့မှာလည်း ဂျပန်လူမျိုးဧည့်သည်က စကားတွေ ဖောင်ထအောင် ပြောနေသည်။ နည်းနည်းကလေး မူးနေပုံရသည်။ သူကတော့ တီရှပ်လက်တို လောက်ကို ဝတ်ထားသော်လည်း ပါရီ နေဝင်ရီတရောသည် အေးစက်လှ ချည့်။ သည်ညနေ သူ လာကွန်းကော့ဒ်ကို သွားရမည်။ ရှောင်ဇေလီဇေးဘက် ကို တစ်ကိုယ်တော် ချီတက်မည်။ သူတစ်ယောက်တည်း အားငယ်သလိုလို ရှိသော်လည်း ကြောက်ရွံ့နေတာမျိုးတော့ မဟုတ်ပါ။ ဧည့်ကြိုကောင်တာကို သော့ပေးတော့ ဂျပန်ဧည့်သည်က သူ့ကို ဝမ်းသာအားရ နှုတ်ဆက်သည်။

'ဘရူနိုင်းဘုရင်မင်းမြတ်နဲ့ တူတယ်'

သူက အလိုက်သင့်ပြုံးလိုက်ကာ ရင်းရင်းနှီးနှီး လက်ဆွဲနှုတ်ဆက် လိုက်သည်။ ခပ်ဝဲဝဲ အင်္ဂလိပ်ဘာသာစကားကို ကျင်ကျင်လည်လည် ပြော နိုင်သူ ဖြစ်ကာ ပြင်သစ်ကို အရောက်အပေါက်များဟန် တူပါသည်။

'ခင်ဗျား ပါရီကို ပထမအကြိမ်လာတာလား။ ခင်ဗျား ဘယ်တော့မှ ပါရီကို မေ့နိုင်မှာမဟုတ်ဘူး။ ကျွန်တော်တို့တိုင်းပြည်လည်း လှပါတယ်။ ခင်ဗျား ဘယ်တိုင်းပြည်ကလည်း ကျွန်တော် မသိဘူး။ ဒါပေမဲ့ ခင်ဗျား တိုင်းပြည်လည်း လှပါလိမ့်မယ်။ သို့သော် ပါရီကို အင်း… ပြင်သစ်ရဲ့ အလှကို မမီနိုင်ဘူး။ ခင်ဗျား လက်ခံရဲ့လား'

သူကတော့ ဘာမှပြောမနေတော့ပါ။ သည်အချိန်မှာ အလှချင်း ပြိုင်နေရမည့်အချိန် မဟုတ်။ ကိုဂျပန်က သူ့လက်ထဲက မိုင်းလ်ဆဲဗင်း စီးကရက် သူ့ကိုကမ်းသည်။ ဂျပန်တွေက စီးကရက် တော်တော်သောက် သည်။ သို့သော် များသောအားဖြင့် ဂျပန်စီးကရက် mild seven ကိုသာ



သောက်တတ်ကြသည်။ ကတ္တရာစာတ်နှင့် နီကိုတင်းဓာတ် လျှော့ချထား သည့် သည်စီးကရက်ကိုပဲ တစ်ဝက်လောက်ပဲသောက်ကာ ထိုးချေပစ်တတ် တာကို သူ မကြာခဏတွေ့ဖူးသည်။ သူကလည်း သူ့အိပ်ရာထဲက ဒူးယား စီကာစ်ပို့ဘူးကို ကမ်းပေးတော့ ဂျပန်ဘာသာဖြင့် ထအော်သည်။ ကျေးဇူး တင်ကြောင်း ပြောသော်လည်း မြန်မာစီးကရက်ကို ကိုဂျပန် မသောက်ပါ။

'ဟော့… နေဦး။ ငါ့ကို တက္ကစီခေါ်ပေးပါဦး။ ငါ လာကွန်းကော့ဒ် ကို သွားမလို့။ တို့တိုင်းပြည်မှာ လူတွေကော ကျန်သေးရဲ့လား မသိဘူး'

ပြင်သစ်နိုင်ငံ ကမ္ဘာ့ဖလားဘောလုံးပွဲကို ဂျပန်တွေ တသဲသဲဝင်နေ တာကို ရည်ညွှန်းနေတာ ဖြစ်သည်။ ဧည့်ကြိုစာရေးမလေးက လာကွန်း ကော့ဒ် ဆိုလျှင် လမ်းလျှောက်သွားတာ ပိုကောင်းကြောင်းရှင်းပြတော့ သူ လက်ခံသည်။ သူပါ လမ်းလျှောက်ဖို့ဆင်းလာကြောင်း ပြောပြတော့ ကိုဂျပန် တော်တော်ဝမ်းသာသွားလေသည်။

'ကျွန်တော့်နာမည် တာနာကားပါ။ ဂျပန်တက္ကသိုလ် တစ်ခုမှာ ကျောင်းဆရာ လုပ်နေပါတယ်။ ကျွန်တော်က သိပ်မသင်ရဘူးဗျ။ ကလေး တွေက ကျွန်တော့်ကို ပြန်သင်နေတာ'

'ကျွန်တော် မြန်မာပြည်က စာရေးဆရာပါ။ စီးပွားရေးမဂ္ဂဇင်းတစ်ခု ကို အယ်ဒီတာ လုပ်… ဝင်တိုင်ရေးနေပါတယ်။ ကျွန်တော် ခင်မောင်ဝင်းပါ။ ဝင်းလို့ ခေါ်နိုင်ပါ တယ်'

တာနာကားက သူ့လိပ်စာကဒ်ကိုပေးတော့ သူကလည်း ပေးလိုက် သည်။ သူက အိုဆားကားတက္ကသိုလ်က ကထိက ဖြစ်သည်။ ပျော်ပျော် နေတတ်သည့် အရိပ်တွေက သူ့မျက်နှာမှာ စွန်းပေနေသည်။

'အို… မြန်မာလား၊ အာရှကပေါ့။ စာရေးဆရာဆိုတော့ သူဌေးပေါ့။ ကျွန်တော်တို့ အာရှစီးပွားရေးကျတာ စီးပွားရေးပညာရှင်တွေနဲ့ ခင်ဗျားတို့ ကြောင့်ဗျ။ ခင်ဗျားတို့က သီဝရီတွေ များများထုတ်လေ စီးပွားရေးက ကျလေကိုး'

သည်တစ်ခါတော့ သူ တော်တော် ရယ်ချင်သွားလေသည်။ သူနဲ့ တာနာကားဟိုတယ်ရှေ့ ရောက်တော့ လမ်းပေါ်မှာ တော်တော်စည်ကားနေ သည်။ အထူးသဖြင့် ဂျပန်ဘောလုံးအသင်း အင်္ကျီအပြာရင့်ရောင်ကို ဝတ်ဆင်

ထားကြသည့် ဂျပန်မကလေးတွေကို တာနာကားက မကြာမကြာ ဂျပန်ဘာသာဖြင့် လှမ်းနှုတ်ဆက်တတ်သည်။

'ကျွန်တော်က စီးကရက်နဲ့ မိန်းကလေးတွေကို ဖန်ဆင်းတော်မူခဲ့တဲ့ ဘုရားရှင်ကို သိပ်ကျေးဇူးတင်နေတာ။ တကယ်ပြောတာ'

သူနှင့် တာနာကားက မက်ထရိုဘူတာရုံကို ဆင်းသည့် မြေအောက်ရထားလမ်းထိပ်မှာ ခဏရပ်ကာ နားလိုက်သည်။ လာကွန်းကော့ဒ်ကို မက်ထရိုနှင့်လည်း သွားနိုင်သည်။ မြေအောက်ရထားတွေက မြန်တော့ ကွန်းကော့ဒ် ဘူတာရုံကို ခဏကလေးနှင့် ရောက်နိုင်ပါသည်။ ဒါပေမဲ့ လမ်းပဲလျှောက်ဖြစ်သည်။ တာနာကားက လမ်းလျှောက်ရင်း ဂယ်ဂါရီလာဖေးယက်ကုန်တိုက်ကြီးက ဖြန့်ဝေသည့် ပါရီမြေပုံကြီးကို ခဏခဏကြည့်သည်။ သူတို့လျှောက်လာတာက ဟိုတယ်နှင့်နီးသည့် ရူးဂျူဘာ့က် (Rue du Bac) မြေအောက်ဘူတာမှ ဖြစ်သည်။ တည့်တည့်လျှောက်လျှင် ဆိန်းမြစ်ဖြတ် တံတားတစ်စင်းဖြစ်သည့် ရွိုင်ရယ်လ်တံတားဆီသို့ ရောက်နိုင်သည်။ သို့သော် သူနှင့် တာနာကားက နေရှင်နယ် အဇမ်ဗလီနှင့်နီးသော ကွန်းကော့ဒ် တံတားကြီး (Pont de la Concorde) ဘက်ကိုပဲ လျှောက်လာခဲ့သည်။ နည်းနည်းတော့ဝေးသည်။ ဝေးသည့်လမ်းကိုပဲ တမင်ရွေးချယ်လိုက်ကြခြင်း ဖြစ်သည်။

'ရှိတ်စပီးယားက ပြောတယ်ဗျ။ ကမ္ဘာလောကက ဇာတ်ခုံကြီးနဲ့တူသတဲ့။ လူတွေကတော့ ဇာတ်ကောင်တွေ၊ ဇာတ်ရုပ်တွေပေါ့တဲ့။ ဒါ ဟုတ်တယ်ဗျ၊ ပါရီမှာ ဒါ ပိုပြီးသဘာဝကျတယ်။ ခင်ဗျား လီဒိုကာဗရေးကပွဲရုံကို ရောက်ပြီးပြီလား။ တိုင်းပြည်တစ်ဖက်မှာ စစ်ဖြစ်နေတယ်။ တိုင်းပြည်တစ်ဖက်မှာ ကခုန်နေကြတယ်။ တစ်ဖက်မှာ ငတ်မွတ်နေကြတယ်၊ တခြားတစ်ဖက်မှာ ပိုလျှံနေကြတယ်။ ကျွန်တော်တော့ မနေ့က ခံရပြီးပြီ။ ညစာရယ်၊ ကပွဲရယ်၊ ရှမ်ပိန်လေး နည်းနည်းရယ်ကို ဖရန့် ရှစ်ရာတဲ့လေ။ ဒေါ်လာတစ်ရာကျော် ကုန်တာပဲ။ ဒါတောင် ဘားခန်းကနေ လှမ်းကြည့်ရတဲ့ကပွဲဆိုတာ ရှိသေးဗျို့။ အရက်နှစ်မျိုးသောက်နဲ့ ဖရန့်လေးရာတဲ့။ ဖော်တာတွေ၊ ချွတ်တာတွေကို ခပ်လှမ်းလှမ်းက ကြည့်ရတာဗျ။ Show from



the Bar with two drinks တဲ့လေ။ ခင်ဗျားတို့ စာရေးဆရာတွေ လေ့လာသင့်တယ်နော်။ တကယ့်ရီယယ်လစ်ဇင်ဗျ'

'ရှိပါစေတော့...'

သူက စိတ်ပျက်လက်ပျက်ဟန် လုပ်ပြတော့ တာနာကားက ရယ်သည်။ ဂျပန်ကျောင်းဆရာက ပြင်သစ်ကို ခဏခဏ ရောက်ဖူးတာ ထားတော့။ သည်တစ်ခေါက်လည်း နေရာတော်တော်များများကို ရောက်ခဲ့ပြီးပြန် ရှိသည်။ တစ်ခါတစ်ခါ သူက အတည်ပြောတတ်ကာ တစ်ခါတစ်ခါတော့ ရယ်စရာ မောစရာ လုပ်ပစ်တတ်သည်။

'ခင်ဗျားနဲ့ ကျွန်တော်က ကံကောင်းတယ်နော်။ ကမ္ဘာ့လူဦးရေက ခြောက်ဘီလျံဗျာ။ မျက်လုံးနှစ်လုံးနဲ့တွက်ရင် ဆယ့်နှစ်ဘီလျံရှိမယ်။ ကိုင်း... သည်မျက်လုံးတွေအားလုံးက ပြင်သစ်ကို ဝိုင်းကြည့်နေကြချိန်ဗျ။ the eye of the world will be on France... OK..?'

သူပြောတော့လည်း ဟုတ်တုတ်တုတ်။ နေရောင်ခြည်တွေ ရှိသော်လည်း အေးမြသောလေက တသုန်သုန်တိုက်ခတ်နေသည်။ ဆိန်းမြစ်ဆီကို ရောက်သေး။ လမ်းတစ်လျှောက်မှာ လူတွေက ဟေးခနဲ ဟေးခနဲ အော်ဟစ်နေကြသည်။ တာနာကားကလည်း အော်သည်။ သူ့ကိုပါ အော်ဟစ်ပစ်လိုက်စမ်းပါဟု ခိုင်းနေသည်။ ကလေးကလေးတစ်ယောက်လို နေပစ်လိုက်စမ်းပါဟုလည်း မကြာမကြာပြောသည်။ လမ်းလျှောက်ရင်း ပြောသွားသည့် သူ့စကားတွေအရ ပြင်သစ်မှာ သူ ငွေတော်တော်သုံးခဲ့ပြီးပြီ ဆို၏။ ဂီတပွဲ၊ ပန်းချီပွဲ၊ အားကစားပွဲ၊ ပြဇာတ်၊ ရုပ်ရှင်နှင့် Gay pride စီတန်းလှည့်လည်ပွဲတွေပါမကျန် ရောက်ခဲ့ပြီးပြီ ဆိုလေသည်။

'ခင်ဗျား ပါရီလာပြီး ဟိုတယ်ထဲမှာ ငိုက်နေတယ်နဲ့ တူတယ်၊ ကျွန်တော်တော့ ညတိုင်းထွက်တာပဲ။ ဂယ်ဗရီယယ်အိုရော့ဇ်ကို[၁]ရဲ့ မိုဒန်ပန်းချီပြပွဲလည်း ရောက်ပြီးပြီ။ သူက ပန်းချီတွေပြတာ မဟုတ်ဘူး။ ဓာတ်ပုံတွေ ပြတာ။ မက္ကဆီကန် အနုပညာရှင်လေ။ လှုံ့ဆော်ရေးဓာတ်ပုံတွေ သိပ်ကောင်းတယ်'

လှုံ့ဆော်ရေး ဓာတ်ပုံတွေ။ တာနာကားကတော့ Provocative

၁။ Gabriel Orozco

photographs ဟု သုံးသည်။ ပြင်သစ်ခေတ်သစ် ပန်းချီဆရာ ခရစ်ရှန် ဗိုလ်တန် စကီးရဲ့[၁]၊ ရုပ်ဒြပ်ကို တွေ့ရှိခြင်း[၂] ပြပွဲကိုလည်း ရောက်ခဲ့ပြီဟု ဆိုသည်။ မည်သူမဆို ပန်းချီစုတ်တံ လက်တစ်ဆုပ်နှင့် ဆေးဘူးရောင်စုံ ယူလာကာ ပတ္တမြားဖျင်သုံးချပ်နှင့် ကြိုက်ရာရေးဆွဲ ယှဉ်ပြိုင်နိုင်သော Day Long Competition မှာလည်း သူ သွားပြိုင်ခဲ့သေးသတဲ့။

ကမ္ဘာကျော် ပန်းချီဆရာခုနစ်ဆယ်ကျော် ယှဉ်ပြိုင်ကြသည့် ဘောလုံးပန်းချီ[၃] ပြပွဲကိုလည်း သူရောက်သည်။ ပြင်သစ်တွေက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အထိမ်းအမှတ် ပန်းချီပြပွဲတွေပါ ကျင်းပနေချိန် ဆိုတော့ နာမည်အမျိုးမျိုးနှင့် ပြပွဲတွေတန်းစီနေသည်။ ဘောလုံးရသ ပန်းချီပြပွဲ[၄] တဲ့။ ဘောလုံးအနုပညာ သုခုမ[၅]။ သည်ကြားထဲကမ္ဘာကျော် ဘရာဇီးလ် ပန်းချီပညာရှင် ရူဘင်ဂါ့ချ်မင်း[၆]က သူ့နိုင်ငံသား ဘောလုံးသမားတွေရဲ့ ပုံတူပန်းချီကားတွေကို ပြသလိုက်သေးသည်။ မဟာဈေးကွက်ပန်းချီ (Hypermarche Art) ဆိုတာလည်း ရှိပါသည်။ ဒါမျိုးကတော့ စတိုးဆိုင်ကြီးတွေက ကမကထပြုကာ ခင်းကျင်းတတ်သည်။

'ပြင်သစ်ကို ကျူးဘားဂီတပညာရှင်တွေ ရောက်နေတာ တော်တော်ပိုက်ဆံရနေတာ ဆရာရေ။ ဂျတ်စ်အင်ဘလူးစ်[၇]ဆိုရင် ဒီမောင်တွေချည်းပဲ။ လူတကာမကြားဖူးတဲ့ Wild Sounds ဆိုတာတွေ တီးပြတာ၊ စန္ဒရားဆရာ ဂျက်ကီတာရာဆန်[၈]ရဲ့ လက်သံကို ခင်ဗျား နားထောင်စေချင်တယ်'

အာဂျပန်ပါပဲလား။ တချို့ပြပွဲတွေ၊ ဂီတပွဲတွေက ဝင်ကြေးပင်လျှင် ဖရန့်ကိုးရာကျော်လောက် ကျတတ်သည်။ တာနာကားကို ပိုက်ဆံသုံးနိုင်တာ အံ့သြခြင်းမဟုတ်။ ခံစားနားလည်တတ်ခြင်းကို အံ့သြရခြင်း ဖြစ်သည်။ တာနာကားက ရောက်ခဲ့သမျှ ကြွားဝါနေခြင်းမဟုတ်ဘဲ ပြင်သစ်သို့ ပထမ

၁။ Christian Boltanski
၂။ Found objects
၃။ Football related Art
၄။ L'Esthetique du Football
၅။ Footballistic Art
၆။ Rubers Gerchman
၇။ Jazz & Blues
၈။ Jacky Terrason



အကြိမ် ရောက်ဖူးသည်ဆိုသော သူ့ကို ပြင်သစ်နှင့် မိတ်ဆက်ပေးနေမှန်း သိပါသည်။ ပြင်သစ်တွေက ရော့ခ် (Rock) ဂီတနှင့် ပတ်သက်လျှင် တန်းက မဟုတ်ပါ။ သို့သော် သူ ရောက်နေချိန်မှာ 'အမှိုက်သရိုက်'[၁] ရော့ခ်ဂီတအဖွဲ့က ပြင်သစ်မှာ နာမည်ကြီးနေသည်။ နောက်ထပ် နာမည်ကြီးသည့် ရော့ခ်ဂီတတစ်ဖွဲ့မှာ 'ဖရုံသီးကောင်းကောင်း[၂]များ' ဖြစ်သည်။ ကြည့်ခဲ့ရတာတော့ မဟုတ်ပါ။ ဟိုတယ်ဧည့်ကြိုခန်းထဲမှာ ကြော်ငြာ ခြင်းကြောင့် ဖြစ်သည်။ ပြင်သစ်တွေကြိုက်သည့် အမေရိကန်အဆိုကျော် းကလေး ဂျက်နက်ဂျက်ဆင်လည်း ပါရီမှာပါပဲ။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးနေ့မှာ ကျင်းပမည့် စိန့်ဒဲနစ်စ်ပွဲတော် ဆိုတာကတော့ ပါသေးသည်။

'အကောင်းဆုံးကတော့ ပြင်သစ်အနုပညာကောင်းကောင်း ကြည့်နိုင် ပြဇာတ်တွေနဲ့ ကပွဲတွေပဲ စာရေးဆရာ ရှိတ်စပီးယား ပရိုဒတ်ရှင်းက ဆယ့်နှစ်ကြိမ်မြောက်ည[၃]ကို ကနေတယ်။ အင်္ဂလိပ်ဘာသာနဲ့ စကားပြော တာဆိုတော့ ဧည့်သည်တွေအတွက် အဆင်ပြေတာပေါ့။ ပြင်သစ်တွေက အင်္ဂလိပ်လိုပြောဖို့ တော်တော်ဝန်လေးတဲ့လူမျိုး မဟုတ်လား'

သူနှင့် တာနာကား နေရှင်နယ် အဇမ်ဘလီနားကို ရောက်လာခဲ့ပြီ။ တွေလည်း မောလှပြီ။ လေအေးအေးမှာ ချွေးတွေပင် စို့နေသည်ကော။

ရှေ့မှာ လာကွန်းကော့ဒ်တံတားကြီးကို တွေ့နေရပြီ။ သည်တံတား ကြီးက တတိယမြောက် အလက်ဇန္ဒားတံတားကြီးနှင့် နီးသည်။ လာကွန်း ကော့ဒ် ကွက်လပ်ကျယ်က တံတားကြီးရဲ့ တစ်ဖက်ကမ်းမှာ ဖြစ်သည်။ ဆောက်အအုံကြီး တစ်ခုရဲ့ရှေ့က ကျယ်ပြန့်သည့် လှေကားထစ်တွေမှာ တွေအပြည့် ထိုင်နေသည်။ လမ်းဘေးတေးဂီတပွဲကို အားပေးနေကြခြင်း ဖြစ်၏။ လူဖြူနှစ်ယောက်နှင့် လူမည်း ဂီတပညာရှင်တစ်ယောက်။ တူရိယာ အားလုံး တယောတွေချည်း။ လက်နှင့်တီးရသော တယောနှင့် ထိုးတံနှင့် ရသည့်တယောပဲ ကွာသည်။ ပြင်သစ်ဆိုရိုးစကား တစ်ခုမှာ 'မကျန်းမာ

၁။ Garbage
၂။ Smashing Pumpkins
၃။ Twelfth Night

သူတွေသာ အိမ်ထဲမှာ နေသည် တဲ့။ ဒါဆိုရင် ကျန်းမာသူတွေက အိမ်အပြင်မှာပေါ့။ တယောသံနွဲ့နွဲ့က သူ့တိုင်းပြည်ကို လွမ်းဆွတ်နေစေသည်။

လူတွေက များသထက် များလာသည်။ လမ်းတွေပေါ်မှာ၊ ပလက်ဖောင်းတွေပေါ်မှာ၊ လှေကားထစ်တွေပေါ်မှာ။ လမ်းလျှောက်သူတွေကလည်း အုတ်အော်သောင်းသဲ ဖြစ်သည်။ မနက်ဖြန်မှာကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအကြိုအခမ်းအနားကို ဝတ်စုံပြည့် ဓာတ်တိုက်လိမ့်မည် ဆိုသဟာကိုး။ တွေ့နေရပြီ။ ပြင်သစ်မိန်းမငယ်တို့ လှပဆန်းကြယ်သည့် ဝတ်စုံတွေကို တစ်ဝက်တစ်ပျက် ဝတ်ထားကြပြီ။ အပြာ၊ အဝါ၊ ခရမ်း၊ အနီ၊ အစိမ်း၊ ရွှေရောင်နှင့် အဖြူ။ ပြင်သစ်နိုင်ငံ၏ သုံးရောင်ခြယ်အလံတွေက နေရာတိုင်းမှာ ဝေ့ဝေ့ဝဲဝဲ။ ပြင်သစ်အမျိုးသားသီချင်းသံက နေရာတိုင်းမှာ။ သူနှင့် တာနာကားကတော့ က တော့ လူချင်းကွဲမသွားအောင် မနည်းတွဲထားရသည်။ ကျိုင်းကောင်လိုလို၊ နှံကောင်လိုလို ဝတ်စုံတွေနဲ့ မိန်းကလေးတွေကလည်း လူတွေကြားမှာ ဟန်ရေးတပြပြ။

ယူရိုကတ်မာစတာကတ်တို့၏ တရားဝင် ပြောရေးဆိုရေးခွင့် ရှိသူ ကမ္ဘာကျော် ဘောလုံးသမားဟောင်းကြီး ပီလီ၏ အဖြူအမည်း ရုပ်ပုံလွှာတွေက နေရာတိုင်းမှာ။

'ကျွန်တော်ကတော့ ကျွန်တော်တို့ဂျပန် နိုင်ပါစေ ဆုတောင်းတယ်။ တရားပါတယ်နော်။ ပီလီတောင် သူ့ဘရာဇီးလ် နိုင်စေချင်သတဲ့။ ဒါလည်း သဘာဝပဲမဟုတ်လား။ ဒါပေမဲ့ ပီလီပြောသလိုပဲ သည်ခေတ် ဘောလုံးဆိုတာ မှော်သေတ္တာလိုပါပဲ။ ဘာမဆို ဖြစ်သွားနိုင်တယ်လေ။ ခင်ဗျားကော ဘယ်အသင်းကို ကြိုက်သလဲ'

'ကျွန်တော်က အီတလီသင်းကို သိပ်ကြိုက်တယ်။ သည်ပွဲစဉ်တွေမှာတော့ ဘယ်လိုနေမလဲ မသိဘူးပေါ့လေ'

'ပြင်သစ်က လက်ရွေးစင်ဟောင်း မစ်ချေးလ် ပလာတီနီကတော့ သည်နှစ် ကမ္ဘာ့ဖလား ဘောလုံးပွဲကတော့ ခြေရည်တူတွေချည်း ဆိုတော့ ကြိုတင်ဟောကိန်းထုတ်ဖို့ ခက်သတဲ့လေ။ ကျွန်တော်ကတော့ မခက်ပါဘူး။ ဂျပန်နိုင်မှာပဲ'

ဂျပန်အသင်း နိုင်မည်ပြောနေသည့် ဂျပန်ကျောင်းဆရာကို သူ နား



ည်နိုင်ပါသည်။ မြန်မာအသင်းက ကမ္ဘာ့ဖလားဘောလုံးပွဲမှာ ပါဝင်ခွင့်ရလျှင် သူကကော မြန်မာအသင်း ဗိုလ်စွဲလိမ့်မည် ဆိုဝံ့ပါ့မလား။ သူနှင့် တာနာကား ဆိန်းမြစ်ဖြတ်တံတားကို ဖြတ်ကျော်ခဲ့ကြပြီ။ တံတားထိပ်မှာ ကားတွေ ကျပ်ခဲနေသည်။ ရဲတွေက ရနိုင်သလောက် လမ်းရှင်းပေးနေသော်လည်း လူတွေရော ကားတွေပါ ရှင်းမရအောင် ရှုပ်ထွေးနေသည်။ လာကွန်းကော့ဒ်ကွင်းကြီးထဲ ရောက်ခါမှ အသက်ရှူဝတော့သည်။

သည်နေရာကြီးကိုပဲ နာမည်အမျိုးမျိုး ခေါ်ခဲ့ကြသည်ဆို၏။ စောစောင်းတုန်းက သည်နေရာကို လူဝီ ၁၄ အရပ်ဒေသ (Place Louis XIV) ဟု ခေါ်ခဲ့ကြသည့်။ နောက်တော့ တော်လှန်ရေးနယ်မြေ (Place de la Revolution) ဟု ခေါ်ခဲ့ကြကာ ၁၇၉၅ ခုနှစ်ကျတော့မှ လာကွန်းကော့ဒ်အမည်တွင်လာသည်။ သက်ဦးဆံပိုင် ကာလတွေတုန်းက ရာဇဝင်သမိုင်းဆရာများအပါအဝင် ထင်ရှားသည့် လူပုဂ္ဂိုလ်ပေါင်း တစ်ထောင့်တစ်ရာလောက်၏ ဦးခေါင်းတွေ ပြန့်ကျဲခဲ့ရာ နေရာကွက်လပ်လည်း ဖြစ်သည်။

'Freedom- what crimesmen have committed in your name'

သည်နေရာမှာ စက်တိုင်၊ ကြိုးစင်၊ ဓားစက်တို့အားဖြင့် သေသူတို့၏ နောက်ဆုံး နှုတ်ထွက်စကားတွေက ကမ္ဘာမြေပြင်အနှံ့ ပျံ့သွားခဲ့သည့်နေရာ။ ဤသို့ဖြင့် သွေးစွန်းသော ကွင်းပြင်ကျယ်သည် နောက်ပိုင်းမှာ လာကွန်းကော့ဒ် အမည်တွင်လာသည်။ သမိုင်းအဆက်ဆက် နေရာယူခဲ့သော ဒေသရာဇ် အမှတ်အသားတွေကို ဖျက်သိမ်းလိုက်ကြသည်။ သည်နေရာမှာ နေရာသစ် အထိမ်းအမှတ် လေးမြှောင့်ကျောက်စာတိုင်ကြီး ပေါ်ထွန်းလာသည်။ အီဂျစ်ဘုရင် ဈူလတန်မိုဟာမက်အလီ၏ ဒသမမြောက် ချားလ်ဘုရင်ထံ ဆက်သသည့် ပဏ္ဏာတော်ဟုလည်း ဆိုလေသည်။

'ရှေးတုန်းက သည်နေရာကြီးမှာ လူဝီ ၁၄ ရဲ့ မြင်းစီးကျောက်ရုပ်ကြီး ရှိတယ်။ ပြင်သစ်တော်လှန်ရေးကာလမှာ လူထုက ဖြိုဖျက်ပစ်လိုက်ကြတယ်၊ လူဝီ ၁၆ တို့ သူ့မိဖုရား အင်တွိုင်းနေးတို့ကအစ မဒမ်ရိုလမ်တို့အထိ သည်နေရာမှာ ကွပ်မျက်ခံကြရတာပေါ့'

သူက တာနာကားကို ပြောပြတော့ ဂျပန်ကြီးက ကမ္ဘာ့သမိုင်းကတော့ သည်လိုချည်းပါပဲဟု ဆိုလေသည်။ မိန်းမငေးက ရေပန်းရုပ်တုကြီးက

တော့ ခံ့ညားလှပါသည်။ အီတလီနိုင်ငံက ပီဇာစိန့်ပီထရီ ရေပန်းကြီး၏ နမူနာကို ယူကာ တည်ဆောက်ထားသည် ဆို၏။ ကြေးရုပ် မိန်းမငယ် တစ်ယောက် ပွေ့ပိုက်ထားသော ငါးကြီးပါးစပ်က ရေမှုန်ရေပန်းတွေ တဖွားဖွား လွင့်စဉ်နေသည်။ သူနှင့် တာနာကားကတော့ အီဂျစ်ကျောက်စာတိုင်ကြီးရှေ့မှာ ဓာတ်ပုံရိုက်ကြသည်။ ကျောက်စာတိုင်ကြီးက ၇၅ ပေမြင့်ကာ အီဂျစ်အရုပ်စာတွေ ရေးထွင်းထားသည်။ အီဂျစ်ဘုရင် ဒုတိယဖာရိုရမ်ဆေး[1] လက်ထက် လက်ရာဟု ဆိုသည်။

သူတို့ရောက်ချိန်မှာတော့ ကြီးမားလှသည့် ဖိုင်ဘာပလတ်စတစ်ရောင်စုံပြားတွေ တပ်ဆင်ထားသည့် လူရုပ်ကြီးတွေကို မီးတွေ ဖိတ်ဖိတ်တောက်အောင် ထိုးပြထားသည်။ သည်လူရုပ်တုကြီးတွေရဲ့ အတွင်းမှာ ဟိုက်ဒြောလစ်စနစ်သုံး မောင်းတံများကို အသုံးပြုထားသဖြင့် ရွေ့လျားနိုင်သည်။ လက်မြှောက်နှုတ်ဆက်နိုင်သည်။ ဟိုဘက် သည်ဘက် လှည့်နိုင်သည်။ ကွင်းပြင်ကြီး ပတ်ပတ်လည်မှာတော့ တိုက်ရိုက်ရုပ်သံလွှင့် သံမဏိစင်ကြီးတွေ ရှိသည်။ ကွင်းထဲမှာ လူအုပ်ကြီးက တဝေါဝေါ မြည်ဟည်းနေသည်။ ဖိုင်ဘာပလတ်စတစ် ရောင်စုံတွေက မြင်ရိုးမြင်စဉ် အရောင်တွေမဟုတ်။ သတ္တုရောင်ပြေးတွေ ဖြစ်သည်။ အရောင်တွေရဲ့ အတွဲအဖက်တွေက ပြေပြစ်လှပသည်။ ပြီးတော့ တောက်တောက်စူးစူးကြီး မဟုတ်။ ငြိမ်ငြိမ်သက်သက် လှပနေခြင်း ဖြစ်၏။

ကျိုးကောင်တွေ၊ နံ့ကောင်တွေ၊ မှိုပွင့်တွေ၊ သစ်ပင်ပုကလေးတွေ၊ နွယ်ပင်တွေ၊ ပုရွက်ဆိတ်တွေ၊ ပုရစ်တွေ၊ လူသားရောင်စုံ သတ္တဝါကလေးတွေက ပြေးလွှားမြူးထူးနေသည်။ မျက်နှာကလေးတွေလောက်သာ ဖော်ထားသည် ပလတ်စတစ်ဝတ်စုံဝတ် ပြင်သစ်ကလေးတွေက ရာပေါင်းများစွာဖြစ်သည်။ စူးရှသည့် မီးမောင်းရောင်တွေအောက်မှာ ပါရီညဦးမြူတွေဆိုင်းနေပါပကော။ ကွင်းကျယ်ကြီးထဲမှာ လူတိရစ္ဆာန်ငယ်ကလေးတွေ ကနေသည်။ လူသစ်ပင်ကလေးတွေ ယိမ်းနွဲ့နေသည်။ လူ ပိုးမွှားကောင်ကလေးတွေ ဟန်ရေးပြနေကြသည်။

၁။ Pharoah Ramses II.



'ကျွန်တော်တို့ ပြန်ထွက်ကြရအောင်။ လူတွေ မတရားများလာပြီဗျ။ ကျွန်တော်တော့ ဗီဒီယိုကင်မရာမပါတာ နောင်တရနေတယ်'

သူနှင့် တာနာကား အပြင်ဘက် ခပ်လှမ်းလှမ်းကို ထွက်လာခဲ့သည်။ တာနာကားက မြင်သမျှ ဓာတ်ပုံတွေချည်း ရိုက်နေသည်။ သူကတော့ လူတွေကြားမှာ မွန်းကျပ်နေသည်။ တာနာကားက ကျူးလရီးပန်းခြံ[1] ဘက် လျှောက်ရအောင် ဆို၏။ သူ မရောက်ဖူးသေးပါ။ ကီလိုမီတာ နည်းနည်း လျှောက်လိုက်ရင် ရောက်ပြီဆိုသော်လည်း တော်တော်လေး လျှောက်ရသေးသည်။

'သည်ပန်းခြံက ကာရီးဆဲလ်အာ့ခ်နဲ့ လာကွန်းကော့ဒ်ကို ဆက်ထားတဲ့ လမ်းပေါ်မှာ ရှိတာဗျ။ ကျူးလရီးပန်းခြံကြီးကို ကျော်ရင် လုဗ်ပြတိုက်ကြီးကို ရောက်တယ်။ ခင်ဗျား မှတ်မိလား'

တာနာကားက ပြောနေသော်လည်း သူ မမှတ်မိပါ။ သူ ဘာမှမသိ။ ကန္တာရထဲမှာ မုန်တိုင်းကြောင့် ဝဲလွင့်ကျလာရသော သစ်ရွက်ခြောက်တစ်ရွက်လို ဘယ်နေရာမှာ သူရှိနေသလဲဆိုတာတောင် သူမသိ။ မြေပုံလည်း အသုံးမပြုတတ်တာ ပါလိမ့်မည်။ ဒါပေမဲ့ ကာရီးဆဲလ်အာ့ခ် ဆိုတာကိုတော့ ကြားဖူးသည်။ နပိုလီယန် ဗိုနာပတ်၏ ၁၈၀၅ ခုနှစ် အောင်ပွဲများ အထိမ်းအမှတ် ခုံးကြီးဖြစ်သည်။ ကျူးလရီးပန်းခြံကိုတော့ သူ စိတ်ဝင်စားသည်။ ခေါင်းနောက်ပြေသွားအောင် ထိုင်လိုက်ရဦးမည်။

တာနာကားကတော့ ခဏခဏ ရောက်ဖူးသည်ဆို၏။ ကက်သရင်းဒီမယ်ဒီဆီက သည်ပန်းခြံနေရာကို ဝယ်လိုက်ကာ အင်္ဂလိပ်ဟန် ပန်းခြံကြီးကို ၁၆၆၃ ခုနှစ်ကတည်းက လှပဝေဆာအောင် ပြုစုခဲ့ခြင်းဖြစ်သည် ဆိုလေသည်။ သည်အင်္ဂလိပ်ဟန် ပန်းခြံကြီးရဲ့ ထူးခြားမှုက ပန်းမွေ့ရာ ထူထူထဲထဲကြီးတွေဖြစ်အောင် စိုက်ပျိုးထားတာပဲ ဖြစ်သည်။

'မစ္စတာ တာနာကားက သည်ပန်းခြံကြီးအကြောင်းတော့ သိသားပဲ'

'အင်း... နည်းနည်းတော့ သိမှာဗျ။ ကျွန်တော်က ပါရီကို ခဏခဏရောက်တယ်၊ ရောက်တိုင်း သည်ကိုလာတယ်။ ပါရီမှာ ပန်းတွေပွင့်တာက လှတယ်ဗျ။ ပါရီဟာ ဂြိုဟ်ကမ္ဘာကြီးရဲ့ အဆန်းကြယ်ဆုံး ဗိမာန်ကြီးပဲ'

၁။ Garden of the Tuileries

ပန်းခြံထဲကိုတော့ မဝင်ပါ။ ဒါကြောင့် တာနာကား ခဏခဏအော်တတ်သည့် 'Flower-beds' ဆိုတာတွေကိုလည်း မတွေ့ခဲ့ရပါ။ ပန်းခြံအပြင်က ခုံတန်းမှာ ထိုင်ဖြစ်ကြသည်။ ပွဲတော်ကွင်းကြီးဆီက အသံဗလံတွေ ရောက်လာတတ်သည်။ မီးတောက်မီးလျှံတွေက ကောင်းကင်ရောင်နှင့် ရောနေသည်။ အလင်းဖျော့ဖျော့ ရှိနေသေးသဖြင့် သူ့နာရီကိုကြည့်တော့ ညရှစ်နာရီ ထိုးပြီးပြီ။ တာနာကားကတော့ ကီရင်ဘီယာ တစ်ဘူးစီလောက် ရရင် သိပ်ကောင်းမယ်ဟု ဆို၏။

'ခင်ဗျား ပါရီကို ဟယ်လီကော့ပတာနဲ့ လှည့်ကြည့်ဖူးမယ် မထင်ဘူး။ ကျွန်တော်က ကြည့်ဖူးတယ်။ သည်မှာက ဟယ်လီကော့ပတာ Sight-seeing fleet တွေ ရှိတယ်။ ပြောချင်တာက ပါရီဟာ ကောင်းကင်က ကြည့်ရင် သိပ်လှတယ်။ ဆိန်းမြစ်ကလည်း လှတယ်။ ပေါင်မုန့်ဝိုင်းဝိုင်းကလေးပေါ်ကို မိန်းကလေးတွေ ခေါင်းစွပ်တဲ့ဆံကုပ်ကလေး အကွေးလိုက်ချထားတာနဲ့ တူတယ်။ ပေါင်မုန့်ဝိုင်းဝိုင်းက ပါရီဆိုရင် ဆိန်းမြစ်က ဆံကုပ်ကွေးကွေးကလေးပေါ့။ ပါရီကိုယ်တိုင်က သမိုင်းပဲ'

တာနာကားက သည်တစ်ခါတော့ စကားကို အတည်ပြောနေပြန်သည်။ ဒါပေမဲ့ ထုံးစံအတိုင်း ပေါ့ပေါ့ပါးပါးပဲ။ သူက သမိုင်းကို ဘယ်လို နားလည်ထားပါသလဲလို့ မေးတော့ တာနာကားက ရယ်သည်။

'အေးဗျ၊ လူတွေသိသလိုလိုနဲ့ မသိတာ အဲဒါပဲ။ ကျွန်တော်က ကျောင်းဆရာဆိုတာ နည်းနည်းတော့သိတယ်။ သမိုင်းဆိုတာ ဆင်နဲ့ ခါငှက်တို့ စေ့စပ်ကြောင်းလမ်းတာကို မျောက်က မှတ်တမ်းတင်တာပဲဗျ။ ခင်ဗျား ကြားဖူးသလား။ ဘယ်ကြားဖူးမလဲ။ အဲဒါ ကျုပ်ရဲ့ကိုယ်ပိုင် သမိုင်းပေါ်မှာ အမြင်ပဲ'

တာနာကားက ချိုးငှက်ဟု သုံးလိုက်သည်။ သို့သော် သူက ခါငှက်လို့ နားလည်ယူလိုက်သည်။ ဆင်၊ မျောက်၊ ခါ သတ္တဝါသုံးဦးပေါ့။ ဆင်နဲ့ ခါငှက်ရဲ့ စေ့စပ်ကြောင်းလမ်းမှု။ အုပ်စိုးသူနှင့် အုပ်စိုးခံတို့၏ ခေတ်သမိုင်း အလျားလိုက် မတူညီခဲ့သော ပဋိပက္ခဆက်ဆံရေး ဘဝကို ဆိုလိုသလား။ သည်သိမ်မွေ့သော ပဋိပက္ခဖြစ်စဉ်ကို မျောက်က မှတ်တမ်းတင်သတဲ့။ မျောက်က သမိုင်းဆရာတွေလား။ ဟုတ်ချင်မှလည်း ဟုတ်မည်။



သူ့ဟာသူ စဉ်းစားနေမိခြင်း ဖြစ်၏။ သူနှင့် တာနာကား စကားတွေ ပြောဖြစ်ကြဘဲ ပန်းခြံကြီးရဲ့ဘေးမှာ မိနစ်တော်တော်ကြာသွားသည်။ တာနာကားက တော်တော်လေးကြာတော့ ဂျပန်သီချင်းတစ်ပုဒ် ညည်းသည်။

သီချင်းသံက ဆွေးဆွေးမြည့်မြည့် ဖြစ်သည်။ သူကတော့ ကွယ်လွန်ခဲ့ပြီဖြစ်သော အဘွားကို ဖျတ်ခနဲ ဖျတ်ခနဲ သတိရနေသည်။ ဂျပန်ခေတ်က အဘွားတို့ ခြံဝင်းကျယ်ကြီးထဲကို ဂျပန်တွေ ရောက်လာတတ်သတဲ့။ ဂျပန်သီချင်းတွေ ဆိုတတ်ကြသတဲ့။ ဂျပန်စစ်သားတွေက အဘွားတို့ကို သူတို့ ဇနီးသားစုဓာတ်ပုံကလေးတွေ ထုတ်ပြတတ်သတဲ့။ နောင် အဘွားက သူ့ကို ဂျပန်သီချင်းတွေ ဆိုပြတတ်တာကိုလည်း မှတ်မိနေသည်။ နှစ်ပေါင်းငါးဆယ်လောက် ကွာလာခဲ့ပြီဖြစ်သည့် ခုအချိန်မှာတော့ ဂျပန်ကျောင်းဆရာနှင့် သူ ပါရီက ပန်းခြံဘေးမှာ လွမ်းဆွတ်ဖွယ် ဂျပန်သီချင်းသံနှင့်အတူ ရှိနေခဲ့ပြန်ပြီ။ နှစ်ကာလတွေက အရာရာကို ဦးစောက်ကျွမ်းပြန် ပြောင်းလဲပစ်လိုက်ပြီ။ ကမ္ဘာကျော် ရုပ်ရှင်ထုတ်လုပ်သူ မာရင်ခါးမစ်ဇ်[၁]က

'ကျွန်တော်တို့က ခေတ်ပေါ်စကားလုံးတွေကို ရုပ်ရှင်ရိုက်နေရတာပါ။ ဟိုတုန်းကလို ဇာတ်လမ်းတွေကို ရိုက်နေရတာ မဟုတ်တော့ပါဘူး။ အဲဒါတွေကတော့ အလင်း၊ သူပုန်ထခြင်း၊ အချစ်၊ ညီတူညီမျှရှိမှု၊ ဒီမိုကရေစီ၊ အကြည့်များ၊ ဆန္ဒများ၊ လွတ်လပ်မှု၊ အသော့အထေ့နဲ့ အနာဂတ်ဆိုတာတွေပေါ့။ ပြောင်းကုန်ပြီပေါ့လေ'

ဟု ပြောဖူးသည်။ သူက တာနာကားကို ပြောပြတော့ တာနာကားက စီးကရက်ကို တွင်တွင်ဖွာရင်း ခေါင်းညိတ်သည်။ သူ့ဆီက အိတ်စပို့ ဒူးယားအငွေ့နှင့် တာနာကားဆီက မိုင်းလ်ဆဲဗင်း စီးကရက်ငွေ့တို့ လေထဲမှာ ပေါင်းမိနေကြပြီ။ နိပွန်ဘီရမှာ ဘန်ဖိုင်းလို့များ မီးခိုးအချင်းချင်း အော်ဟစ်နှုတ်ဆက်နေကြပြီလား။

'ပြန်ကြရအောင်... ခင်ဗျားကို ကျွန်တော် ဧည့်ခံပါရစေ။ ခွင့်ပြုပါ၊ လက်ခံပါ'

'လက်ခံပါတယ်၊ အရှေ့အာရှ သာတူညီမျှ ကောင်းစားရေးပေါ့။ ဒိုက်ထိုးဝကျူ့အေ့ကောင်...'

[၁] Marin Karmitz

တာနာကားတော့ တဟားဟား အော်ရယ်နေလေသည်။ ညဥ့်နက်သေးသည် မဟုတ်သော်လည်း အမှောင်ရင့်နေပြီ။ လာကွန်းကော့ဒ်ကွင်းဘက်ကိုပဲ ပြန်လျှောက်ခဲ့ကြသည်။ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အစမ်းလေ့ကျင့်ပွဲသည် ပြဇာတ်သာဆိုလျှင် ဇာတ်ထွတ်ကို ရောက်နေပြီ။ သူနှင့် တာနာကားကတော့ လမ်းဘေးစားသောက်ဆိုင် တစ်ဆိုင်မှာ ဝင်ထိုင်ရင်း ပါရီညကို လည်ချောင်းထဲ လောင်းထည့်နေသည်ကော။

‘ကျွန်တော်ကတော့ သဘာဝအားဖြင့် အဆိုးမြင်တတ်သူဗျ၊ ဒါဟာ သူတစ်ပါးနဲ့ ပဋိပက္ခဖြစ်နိုင်တယ်ဆိုတာ သိသားပဲ။ ဒါပေမဲ့ လူတကာလိုပါပဲဗျာ၊ ကျွန်တော် ဒလိမ့်ကောက်ကွေး မကျချင်ဘူး။ ဘာကိုမှ မစွန့်လွှတ်ချင်ဘူး’

တာနာကားက အရက်ကလေး ဝင်သွားတော့ ပိုပြီးအာသွက်လာသည်။ မက္ကဆီကန် ဟင်းတစ်မျိုးဖြစ်သည့် တံဆိပ်တော်ရ ငရုတ်သီးချက် (Prize-winning Chili) ဆိုတာကို အမဲသားပေါင်းနှင့် စားသည်။ သူ့ဖို့ကတော့ တက္ကဆပ်ကနုကမာချက် (Texas Nacre) ဖြစ်သည်။ သိပ်မသတိလှသော်လည်း မတတ်နိုင်တော့။

ဟိုတယ်ပြန်ရောက်တော့ သူ မူးယစ်နေပြီ။ တာနာကားကို အနိုင်နိုင်ဖွတ်နိုက်လုပ်ကာ ဓာတ်လှေကားပေါက်ကို လှမ်းရသည်။ အခန်းထဲရောက်တော့ အေးစက်နေသည်။ လေအေးစက်ခလုတ်တွေကို ပိတ်လိုက်ဖို့တော့ သူ သတိရှိနေသေးသည်။

✤

တယ်လီဖုန်းသံကြောင့် သူ ဆတ်ခနဲ တုန်သွားသည်။ သူ ကောင်းကောင်း မနိုးသေး။ တယ်လီဖုန်းကို ကောက်ကိုင်လိုက်ရသော်လည်း က်လုံးတွေက အိပ်ချင်မူးရီ။

‘ဟယ်လို…’

‘မန်ဂလားဘား ဝင်း၊ ညက မင်းကို ဖုန်းဆက်တယ်။ မင်း မရောက်သေးဘူးတဲ့။ ကိုယ်ကတော့ သိလိုက်ပြီ။ ရှောင်ဖေလီဇေဘက် ရောက်နေပြီ တာ ကနေ့ အပ္ပိုင့်မင့်ရှိတယ်။ မင်းကို မာရှေးအင်တာနေရှင်နယ်ကို ပို့ ဝင်းရဲ့။ အင်္ဂလိပ်လိုဆိုရင်တော့ အင်တာနေရှင်နယ် မားကက်ပေါ့။ တကာ သားငါးနဲ့ သစ်သီးဈေးကြီးပဲ။ ကနေ့ သွားရမယ်။ မနက်စာ စောစောစားထားပါ။ ကိုယ် စောစောလာခေါ်မယ်၊ သွားရမှာက ကီလို တော်ဝေးတယ်လေ’

‘သည်လို… ကိုယ် ညက…’

‘လုပ်မနေနဲ့၊ ကိုယ်ချိန်းပြီးပြီ။ မနက် ခုနစ်နာရီခွဲ အောက်ထပ်က စောင့်နေ’ နာရီကြည့်တော့ မနက် ငါးနာရီ မိနစ်နှစ်ဆယ်။ သူထရတော့ သည်။ ခေါင်းကိုက်မနေသော်လည်း ကိုက်ခဲတောင့်တင်းနေသည်။ ပြီးတော့ ကနေ့ ကမ္ဘာ့ဖလား ဘောလုံးပွဲဖွင့်ပွဲနေ့။ လက်မှတ်ရထားပြီးပြီ။ ကွင်းထဲကို စောစောဝင်ရမည်။ တစ်မနက်လုံး အနားယူထားပါဆိုသည့် ဘရစ်ဂျစ်က တော့ ဈေးကြီးတစ်ဈေးကို သွားရဦးမတဲ့။ ပျင်းနေလို့မရတော့ပါ။ သူ လိုက်သည်။ တီဗီကို ဖွင့်လိုက်တော့ သတင်းလာနေသည်။ မှတ်ဆိတ် တ်၊ သွားတိုက်၊ ရေချိုးပြီးတော့ ခြောက်နာရီ။ အောက်ထပ် မနက်ခင်းစာ အတွက် စားသောက်ခန်း ဖွင့်ဦးမည်မဟုတ်။ ဝတ်ရမည့်အဝတ်အစားကို

ရွေးကာ သေတ္တာပေါ်မှာပဲ တင်ထားလိုက်သည်။ ဘရစ်ဂျစ်ကတော့ သူ့ကို ရှောင်ဇေလီဇေးဘက် ရောက်ခဲ့သည် ထင်နေပုံရသည်။ ညက လာကွန်းကော့ဒ်မှာပဲ မိုးချုပ်သွားခဲ့သည်။ ရှောင်ဇေလီဇေးကို တစ်ညနေသပ်သပ် သွားရဦးမည်။ ခုနစ်နာရီကျော်ကျော်မှာ အောက်ဆင်းလာခဲ့သည်။ ဘရစ်ဂျစ် မလာနိုင်သေး။ ဧည့်ကြိုခန်းမထဲမှာပဲ လန်ဒန်သတင်းစာ တစ်စောင်ဖတ်ရင်း အချိန်ဖြုန်းနေလိုက်သည်။ စားသောက်ခန်းမ ဖွင့်နေပြီဖြစ်သော်လည်း ခဏ စောင့်နေလိုက်သည်။

ခုနစ်နာရီ ခွဲခါနီးမှ ဝင်လိုက်သည်။ ကော်ဖီပြင်းပြင်းတစ်ခွက်နှင့် နှမ်းဖြူးပေါင်မုန့် နှစ်လုံးစားလိုက်သည်။ ပြီးတော့မှ ကမ္ဘလာရည်နှစ် ဖျော်ရည်တစ်ခွက် သောက်သည်။ အဆင်ပြေသွားပြီ။ အတော်ပါပဲ။ ဘရစ်ဂျစ် ရောက်လာတော့ ကားပေါ်တက်လိုက်ရုံ။

'ဘယ်လိုဖြစ်ရတာတုန်း ဘရစ်ဂျစ်ရဲ့ ကိုယ်က မနက်ပိုင်း နားမယ်ဆိုပြီး ညက လျှောက်လည်နေတာ။ ရှောင်ဇေလီဇေးကို မရောက်ဘူး။ ကွန်းကော့ဒ်ကိုပဲ ရောက်တယ်။ နောက် ကျူးလရီးစ်ကို ရောက်တယ်'

'ကျူးလရီးစ်… ဘုရားရေ… ညဘက်ကြီး'

'သွားထိုင်တာပါကွာ၊ ကိုယ်နဲ့ ဂျပန်တစ်ယောက်နဲ့ သွားတာ။ သူက ကျောင်းဆရာကွ'

'ကောင်းတာပေါ့၊ ကျောင်းဆရာနဲ့ စာရေးဆရာ။ လောကကို ဆရာလုပ်ချင်သူတွေချည်းပဲနော်'

ဘရစ်ဂျစ်က ကနေ့မနက် လှနေသည်။ ကျောက်စိမ်းရောင် ထက် အောက်ဆင်တူ ဖြစ်သည်။ လည်ပင်းမှာ ပလက်တီနမ်ရောင်ပြေး လည်တုံ ကြီးကြီးတစ်ကုံး ဆွဲထားသည်။ ပြီးတော့ ကားအရောင်လည်း ပြောင်းသွား သည်။ မီးခိုးရောင်မဟုတ်တော့။ အစိမ်းပုပ်။

'သည်လိုကွ၊ ကိုယ်က ရန်းဂျီးစ်သွားဖို့ ဟိုရက်ကတည်းက အပွိုင့်မင့် ယူထားတာ။ မနေ့ကမှ ကပ်ပြီးဖုန်းဆက်လို့၊ မနက်ခြောက်နာရီ အရောက် လာခိုင်းတာ ဆရာ။ ကိုယ်က ဧည့်သည်ကိုအားနာလို့ပါ၊ ဘာညာတောင်း[illegible] ထားရတာလေ'

ရန်းဂျီးစ်ဟု ခေါ်သည့် နိုင်ငံတကာ လတ်ဆတ်ကုန်စည်ဈေးကြီး[illegible]



[illegible]ရောပမှာ နာမည်ရသည်။ လတ်ဆတ်ကုန်စည်တို့ရဲ့ ကမ္ဘာ The world [illegible] fresh products လို့ ခေါ်တာသာ ကြည့်တော့။ ပြင်သစ်ဘာသာနဲ့ [illegible]န်းဂျီးစ် (Rungis) လို့ ခေါ်လိုက်လျှင် သည်ဈေးကြီးမှန်း သိကြသည်။

ပါရီမြို့တွင်းမှ ၁၂ ကီလိုမီတာ တောင်ဘက်ရှူးရှူးအရပ်မှာ ရှိသည် [illegible]၏။ ပို့ဒီအော်လင်း[1]ဘက်ကို သွားသည့်လမ်းပေါ်မှာ ရှိကာ အော်လီ [illegible]လေဆိပ်[2]နှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်သည်။

'ကိုယ်က ရင်းဂျီးစ်ကို ရောက်စေချင်တာ။ ရင်းဂျီးစ်မှာက ငါးတွေ၊ [illegible]ကြက်သား၊ သိုးသား၊ အမဲသားတွေကအစ သစ်သီးသီးနှံတွေ၊ ဖြတ်ပန်းနဲ့ [illegible]စိုက်ပန်းပင်တွေ စုံနေတာ ဝင်းရဲ့။ တကယ့် နိုင်ငံတကာဈေးကြီးပဲ။ [illegible] ရောက်သင့်တယ်။ သည်ဈေးကြီးအကြောင်းလည်း မင်းတို့နိုင်ငံ ရောက် [illegible] ရေးသင့်တယ်'

ဘရစ်ဂျစ်စေတနာကို သူ နားလည်ပါသည်။ မြို့ပြင်ထွက်လိုက်တော့ [illegible]ဖြည်းဖြည်း ပိုအေးလာသည်ထင်၏။ သူ အနွေးထည် ထပ်ဝတ်မလာတာ [illegible] ဘရစ်ဂျစ်က ပြောချင်ပုံရသော်လည်း ဘာမှတော့ မပြောပါ။ ပါရီ [illegible]တောင်ဘက်သို့ သွားရာ မြို့ပြင်လမ်းသည်လည်း လှပပါသည်။

'သည်လမ်းက ကမ္ဘာ့ဖလား ဘောလုံးပွဲတွေ ခွဲကျင်းပမယ့် နန့်စ်[3]နဲ့ [illegible]လီယွန်[4] မြို့တွေကို ရောက်တယ်'

ရန်းဂျီးစ်ကို ရောက်သွားတော့ ဈေးရုံခန်းကို အရင်သွားရသည်။ [illegible]ကတော့ အေးစက်နေပြီ။ ပိုဆိုးတာက ဈေးရုံ အအေးခန်းတွေထဲမှာ [illegible]လျှောက်လှေ့လာရမည် ဆိုသောအခါ သူ ကျောချမ်းသွားလေသည်။ ဈေးရုံ [illegible]ကပင် သူတို့ဆီက သိမ်ကြီးဈေးသစ်ကြီးလောက် ရှိသည်။ လှသူလေးပါး [illegible]၊ နောက်တော့မှ ဝန်ထမ်းအမျိုးသမီးကလေးက သူနှင့် ဘရစ်ဂျစ်ကို [illegible]သွားသည်။ ဘရစ်ဂျစ်နဲ့ ပြင်သစ်လို တော်တော်ကြာကြာ ပြောပြီးတော့ [illegible]ဆက်ပေးသည်။ သိပ်မကြာလှပါ။ မေးစေ့မှာ အချိုင့်ကလေးပါသည့်

---

[1] Porte d' Orleans
[2] Aeroport d' Orly
[3] Nantes
[4] Lyon

လူရွယ်ချောချောတစ်ယောက် ရောက်လာသည်။ သူ့လက်ထဲမှာ ဖြူဖွေးတောက်ပနေသည့် အထူးပြု ပလတ်စတစ်အင်္ကျီရှည်သုံးထည် ပါလာသည်။

'ကျေးဇူးပြုပြီး ဒါတွေ ထပ်ဝတ်လိုက်ကြရအောင်။ စားသောက်ကုန်စည်တွေ ဖြစ်လို့ပါ။ ပြီးတော့ စည်းကမ်းအရပါ'

သူက ဈေးကော်မတီဝင် တစ်ဦးဖြစ်ကာ သူတို့ကို လိုက်ပြမည့်ပုဂ္ဂိုလ်ဖြစ်ကြောင်း ဘရစ်ဂျစ်က ရှင်းပြသည်။ သုံးဦးစလုံး အင်္ကျီဖြူဖြူဖားဖားကြီးတွေ ဝတ်လိုက်တော့ ဓာတ်ထဲက ပုဏ္ဏားတွေနဲ့ တူသွားလေသည်။ ပြီးတော့ ခေါင်းစွပ်ဖြူဖြူ။

'ကျွန်တော် ဈေးတာဝန်ခံ ဖိလစ်ပါ။ ကျွန်တော် စောင့်မနေတာ ခွင့်လွှတ်ပါ။ သည်အချိန်က ဈေးကွဲချိန်ခင်ဗျ။ မနက် နှစ်နာရီကတည်းက ဈေးက စည်နေတာပါ။ ဒါပေမဲ့ ကျွန်တော် လိုက်ရှင်းပြပါ့မယ်'

ဘရစ်ဂျစ်ကားကလေးနဲ့ပဲ ဈေးကွင်းကွက်လပ်ကြီးထဲကို မောင်းထွက်လာခဲ့ကြသည်။ ကွက်လပ်ကြီးက ၂၃၂ ဟက်တာ ကျယ်ဝန်းကာ စုစုပေါင်း ၅၅၀၀၀၀ မီတာပတ်လည်ရှိသည့် အဆောက်အအုံကြီးငယ်တွေ ပြည့်နှက်နေသည်။ သည်အဆောက်အအုံတွေထဲကမှ စီးပွားရေးဆိုင်ရာ အဆောက်အအုံတွေက စုစုပေါင်း ၄၇၀,၀၀၀ မီတာပတ်လည် ကျယ်ဝန်းသည်ဟု ဖိလစ်က ကားထဲမှာပဲ ရှင်းပြသည်။ ဈေးရုံတွေဘက်သွားရာ လမ်းတစ်လျှောက်မှာ ဘဏ်ခွဲတွေ စီကာရီကာ။ ဘဏ်ခွဲပေါင်း နှစ်ဆယ်ကျော်က သည်ဈေးကြီးအတွက် ငွေကြေးဝန်ဆောင်မှု ပေးနေသည်ဆို၏။

'နှစ်စဉ် ဥယျာဉ်ထွက်သီးနှံ[၁] တန်ပေါင်း နှစ်သန်းကျော် ဝင်နေပါတယ်။ ပန်းကတော့ ဖြတ်ပန်းက ပန်းစည်းပေါင်း ၃၅.၉ သန်းလောက် ဝင်ပြီး အိုးစိုက်ပန်းက ၁၈.၆ သန်း ဝင်ပါတယ်။ ပါရီစားသုံးသူ ၁၂ သန်း အပါအဝင် ဥရောပစားသုံးသူ ၁၈ သန်းအတွက် နေ့စဉ် အရောင်းအဝယ် ရှိနေပါတယ်။ ဒါကြောင့် ၁၉၉၆ ခုနှစ် တစ်နှစ်တာ ဈေးတွင်းလည်ပတ်ငွေဟာ ဖရန့်ငွေ ၃၉.၄ ဘီလီယံဖိုး ရှိခဲ့ပါတယ်'

'ဘယ်သူတွေနဲ့ ဆက်သွယ် ရောင်းဝယ်နေတာပါလဲ'

'ကုမ္ပဏီအုပ်စုကြီးပေါင်း ၁,၃၃၀ နဲ့ လုပ်နေတာပါ။ လက်ကား

၁။ Horticultural products



သည်ကြီး ၆၀၀ ကျော်လည်း ရှိပါတယ်။ ဝန်ဆောင်မှုဥယျာဉ်ခြံမြေ င်း ၃၇၀ နဲ့ သီးနှံနဲ့ အသားထုတ်လုပ်သူပေါင်း ၃၆၀ ကလည်း ဈေး ဆီကိုပဲ သွင်းနေကြပါတယ်။ စုစုပေါင်း ကုမ္ပဏီဝန်ထမ်း ၁၂၀၀၀ နဲ့ ထိတွေ့နေပါတယ်။ ကြီးမားတဲ့ အလုပ်အကိုင်နေရာ[၁]လည်း ဖြစ်ပါ ယ်'

'ဝယ်သူတွေကကော'

'နေ့စဉ် ဝယ်ယူသူပေါင်း နှစ်သောင်းကျော် ပျမ်းမျှရှိပါတယ်။ အစား သောက် ကုန်သည်တွေ၊ စားသောက်ဆိုင်တွေနဲ့ အစားအသောက် ဝန် င်မှုဌာန[၂]တွေက ဝယ်ကြတာပါ'

'အဓိကရောင်းဝယ်နေတဲ့ ကုန်စည်က ဘာတွေပါလဲ'

'ကျွန်တော်တို့ ငါးမျိုး ရောင်းဝယ်နေပါတယ်။ သစ်သီးနဲ့ ဟင်းသီး ရွက်ရယ်၊ အသားမျိုးစုံရယ်၊ ရေချိုရေငန် ထွက်ကုန်တွေရယ်၊ နို့ထွက် တွေရယ်၊ နောက် ဥယျာဉ်ခြံမြေ ထွက်ကုန်စည်တွေရယ်ပါ'

'အဓိက ပါရီကို ပို့ရတာပေါ့'

'ပါရီချည်းတော့ မဟုတ်ဘူး။ တခြားကိုလည်း သွားပါတယ်။ ပါရီ တော့ ရေချိုငန်ပစ္စည်းတွေရဲ့ ငါးဆယ်ရာခိုင်နှုန်း၊ သစ်သီးနဲ့ ဟင်းရွက် ရဲ့ လေးဆယ့်ငါးရာခိုင်နှုန်း၊ အသားတွေရဲ့ သုံးဆယ့်ငါးရာခိုင်နှုန်း၊ တွေရဲ့ ငါးဆယ်ရာခိုင်နှုန်း ဝယ်ယူကြပါတယ်'

သေချာလှချည်လား။ ဒါတောင် ဈေးကော်မတီပဲ ရှိသေးသည်။ မဟုတ်သေး။ ဥက္ကဋ္ဌလောက်ဆိုလျှင် ကိန်းဂဏန်း တော်တော်များများ သည့်ထက် ရွတ်ပြလိမ့်မည် ထင်၏။

ကြီးမားသည့် ဈေးရုံကြီးတစ်ရုံရှေ့မှာ ကားရပ်သည်။ ကားထဲမှာ သော်လည်း ကားပေါ်ကဆင်းတော့ အေးစက်နေသည်။ ဝတ်ရုံဖြူ စွပ်ဖြူဝတ်ထားသော သူ့ကိုကြည့်ကာ ဘရစ်ဂျစ်က ရယ်လေသည်။ သည်ရသွားလို့ ဟန်ကျတာပေါ့လို့ တိုးတိုးလေး နောက်လိုက်သေး

Biggest employment poles
Catering Services

သည်။ ပထမဆုံး ဝင်လိုက်သည့်ရုံက ငါးရုံဖြစ်သည်။ အတွင်းကိုဝင်လိုက်တော့ စိမ့်ခနဲ။

'ကျွန်တော်တို့ဈေးကြီးက ဟောင်းနေပြီခင်ဗျ။ နှစ်ပေါင်းသုံးဆယ်ရှိပြီလေ။ အအေးခတ်တွေ ယိုစိမ့်နေလို့ ကုန်သည်တွေက အသင်းကိုတင်ပြထားကြတာ ရှိပါတယ်။ တစ်နေ့တာမကုန်တဲ့ ကုန်စည်တွေကိုတော့ မြေတိုက်ခန်း အအေးခန်းတွေထဲ ပို့ပေးပါတယ်'

အအေးတွေ ယိုစိမ့်နေသည်ဆိုသော်လည်း တော်တော်အေးပါသေးသည်။ နှစ်ပေါင်း သုံးဆယ်ကြာပြီ ဆိုသော်လည်း သစ်လွင်တောက်ပဆဲ။ ဒါကို ကုန်သည်တွေက ကန့်ကွက်နေသတဲ့။ သူတို့ဆီမှာတော့ လက်ကားကုမ္ပဏီ၊ သိုလှောင်ရုံကုမ္ပဏီ၊ ထုတ်လုပ်မှုကုမ္ပဏီ၊ ဝန်ဆောင်မှုကုမ္ပဏီတွေ သီးခြားရှိသည်။ အုပ်ချုပ်မှုရုံးခန်း၊ သိုလှောင်ရုံများ၊ ဈေးရုံများ သီးခြားခွဲထားသည်။

ငါးဆိုလျှင် ကုမ္ပဏီ ၉၁ ခုက ပို့ဆောင်နေသည်။ ၁၉၉၆ ခုနှစ်က ငါးတန်ချိန် ၁၁၅၃၅၆ တန် ရောင်းချခဲ့သည်။ ငါးဖိုးချည်း အလှည့်အကြိမ် တန်ဖိုး ဖရန့်ငွေသန်းပေါင်း ၄၀၇၁ ရှိခဲ့သည်။

'ကုမ္ပဏီချင်း အရောင်းအဝယ်လုပ်နေကြတာပါ။ အစိုးရက ဝန်ဆောင်ခနဲ့ အခန်းခပဲ ယူပါတယ်။ သန့်ရှင်းရေးကတော့ ကိုယ်တိုင်သန့်ရှင်းမှု စနစ်ပါပဲ။ ကျွန်တော်တို့က လိုက်လံစစ်ဆေးရပါတယ်'

ငါးကြီးတွေက သေးသေးကွေးကွေး သိပ်မရှိလှပါ။ ရေခဲမှုန်တွေကြားမှာ လတ်ဆတ်တောက်ပြောင်နေသည်။ ဘူးကြီးတွေထဲမှာတော့ ဆော်လမွန် ငါးတွေ ထုပ်ပိုးပြီးသား။ ပါးလွှာသော သစ်ပွသားထုပ်ပိုးသေတ္တာကလေးတွေက ချစ်စရာကောင်းလှသည်။ ကုမ္ပဏီတံဆိပ်မျိုးစုံကို လှပသေသပ်စွာ ရိုက်နှိပ်ထားတော့ ယုံယုံကြည်ကြည် ဝယ်ချင်စဖွယ်။ တစ်နေရာမှာတော့ ငါးခေါင်းတွေ၊ ငါးအူတွေ၊ ငါးဥတွေ သီးသန့်ခွဲခြားထားသည်။

'ကျွန်တော်တို့ ဈေးစက်ရုံက ရေခဲမှုန် တစ်နေ့ကို တန်ခြောက်ဆယ်က တန်ရှစ်ဆယ် ထုတ်ပေးနေရပါတယ်။ ရေခဲသန့်ရှင်းမှုကိုလည်း စစ်ဆေးပေးနေရတာပါပဲ'

ငါးဘူး သေးသေးကလေးမှာပေမဲ့ ငါးအမျိုးအစား၊ ငါးထွက်ရာ



ဒေသ၊ အလေးချိန်၊ အတန်းအစား စသည့် လေဘယ်တွေ ကပ်ထားပေးရသည်။ စားသုံးသူက အသင့်ရွေးချယ်နိုင်ဖို့ ဖြစ်သည်။ ပုစွန်တွေကတော့ အရေခွံခွာပြီး၊ သန့်စင်ပြီး ဖန်ကြည်ပုလင်းနဲ့ ထုပ်ပိုးပြီးအသင့်။ ဟင်းအိုးထဲ လောင်းထည့်ရုံ။ ငါးအသားလွှာဘူးတွေကလည်း အသင့်ပါပဲ။ ဖြတ်တောက်သန့်စင်ပြီး၊ နည်းစဉ်အရ ဆောင်ရွက်ပြီး (Processing)၊ ပြုပြင်ပြီး၊ ထုပ်ပိုးပြီး ဖြန့်ဖြူးပြီး… စသည့် အဆင့်တွေကို တစ်ဆင့်ဆီ ဆောင်ရွက်ပေးသည် ဆို၏။

'ငါးလာရောင်းကြသူတွေက သံပရာသီးတွေ၊ နံနံပင်တွေပါ တစ်ပါတည်း သွင်းကြတာလည်း ရှိပါတယ်။ ဒါတွေကလည်း ထုပ်ပိုးသန့်စင်ပြီး ဖြစ်ရပါတယ်'

လို့ မစ္စတာဖိလစ်က ရှင်းပြသည်။ ဂျပန်တွေက ငါးအရှင် စားသုံးကြသူတွေဆိုတော့ သံမဏိတာကြီးတွေနဲ့ သယ်ယူလာရသတဲ့။ ငါးကုမ္ပဏီတွေက ကိုယ့်အခန်းနဲ့ကိုယ်၊ ကိုယ့်ကုမ္ပဏီဆိုင်းဘုတ်နဲ့ ကိုယ် ဆိုတော့ မီးရောင်တွေ လင်းချင်းထိန်ညီးနေသည်။ ပြောင်လက်သန့်ရှင်းနေသည်။ သယ်ဆောင်လာချိန်မှာ ဖြစ်တတ်သည့် ငါးပုပ်၊ ငါးနာပြယနာက တစ်ရာခိုင်နှုန်းလောက်ပဲ ရှိသည်။ ဒါတွေကိုတော့ စွန့်ပစ်လိုက်တာပါပဲဟု ဆိုသည်။

'အသားတွေကတော့ အအေးခန်း ထရပ်ကားကြီးတွေနဲ့ သယ်ယူလာပါတယ်။ ဈေးရုံထဲက ကားဖင်ထိုးပေါက်တွေမှာ ဖင်ထိုးပေးလိုက်ရင် ပြင်ပအပူချိန် သိပ်ရခွင့်မရှိတော့ပါဘူး။ ပြီးတော့ အပြင်က သတ်ဖြတ်သန့်စင်ပြီးအဆင့်မှ ဈေးထဲ သွင်းခွင့်ပြုပါတယ်'

အသားတွေကို ကျန်းမာရေးဌာနက မကြာမကြာ စစ်ဆေးရေးဝင်လာတတ်သည်။ အသားတွေကိုတော့ အသားကုမ္ပဏီ တစ်ရာကျော်က တင်သွင်းသည်။ အသားရုံများ၏ စုစုပေါင်း ကြမ်းခင်းဧရိယာမှာ ၄၄၀၀၀ မီတာကျော်လည် ရှိသည်။ အသားဖိုးအလှည့်အကြိမ် တန်ဖိုးက တစ်နှစ်လျှင် ဖရန့်ငွေသန်းပေါင်း ၉,၁၄၀ ရှိသည်။ သူနှင့် ဘရစ်ဂျစ်က အမဲသားရုံထဲ ဝင်လိုက်တော့ ကုမ္ပဏီတာဝန်ရှိသူတွေက နှုတ်ဆက်ကြသည်။ သံမဏိတန်းကြီးတွေမှာ နွားအကောင်လိုက် ချိတ်ထားတာကိုက မျက်စိတသုံး။ နွားခေါင်းတွေချည်း ချိတ်ထားတာကလည်း ရာပေါင်းများစွာ။ နွားခေါင်း

တစ်ခေါင်းချင်းမှာ လေဘာယ်တစ်ရွက်စီ ကပ်ပြီးသား။ ရွှေရောင်လေဘာယ်တွေက အထူးနွားခေါင်းတွေတဲ့လေ။

ပြင်သစ်သမ္မတကြီးက နွားခေါင်းသားဟင်း သိပ်ကြိုက်တာခင်ဗျ။ ကျွန်တော်တို့ ပြင်သစ်တွေက တိရစ္ဆာန်ဝမ်းတွင်းသားလည်း ကြိုက်တော့ သည်ကိုချည်း လာတာပဲ။ တချို့နိုင်ငံတွေက ဝမ်းတွင်းသား မစားကြဘူးလေ'

ကြက်သားတွေကတော့ ဖြူဖတ်ဖြူရော်။ မြန်မာတွေလို သွေးရဲရဲ သံရဲရဲ ကြက်သားကို မစားနိုင်ကြ။ ပြင်သစ်မှာ ရေထိုးပြီးသား ကြက်တွေမရှိ။ ကံဆိုးပါဘိ။ သားပိုက်ကောင်သားတွေကတော့ ပုံစံသွင်းပြီးသားဖြစ်သည်။ ပြင်သစ်တွေက ဩစတြေးယားနိုင်ငံက အသားတွေကို ပိုကြိုက်သည် ဆို၏။ သိုးသား၊ ဆိတ်သား၊ ဘဲသားတွေလည်း များများစားစား ရရှိနိုင်ပါသည်။ ကြက်ပေါင်ချည်းသပ်သပ် ထုပ်ပိုးထားတာကလည်း စားချင်စဖွယ်။ အမဲသားနှင့် ကြက်သားရောဂါ ပြဿနာတွေ တက်ပြီးသည့်နောက်ပိုင်း ဥရောပမှာ နေ့စဉ် အဝင်နှုန်းကျသွားခဲ့သည်ဟု ဈေးတာဝန်ခံက ဆိုသည်။ အသားခုတ်ထားတာတွေကလည်း တစ်ပုံစံတည်း။ တိရစ္ဆာန်ပြိုင်ပွဲဆုရအသားတွေကတော့ ဈေးကောင်းရတတ်သည်။ ဝယ်ယူပြီး အသားတုံးကြီးတွေကိုတော့ အအေးခန်းကားကြီးတွေထဲ အရောက် ဖော့ကလစ်ဖ် (Forklift)နဲ့ မတင်ပေးသည်။

'မနေ့က လက်ကျန်က တန်လေးရာကျော်၊ ကနေ့ဝင်လာတာက တန်ငါးရာကျော်၊ စုစုပေါင်း တန်ကိုးရာကျော် ရှိနေတာကို ဒစ်ဂျစ်တယ်စနစ် ဆိုင်းဘုတ်တွေက ဖော်ပြထားပါတယ်။ ရောင်းပြီးရင်လည်း ဒစ်ဂျစ်တယ်စနစ်ကပဲ နုတ်ပေးသွားပါတယ်'

ဈေးရုံတွေရဲ့ထိပ်မှာ အသားအလေးချိန်ပြ Digital light box တွေရှိသည်။ နို့ထွက်ပစ္စည်း ဈေးရုံတွေကလည်း သန့်ရှင်းသည်။ ဒိန်ခဲသေးသေးက လှည်းဘီးလောက် ဒိန်ခဲကြီးတွေအထိ သည်ဈေးကြီးမှာ ရနိုင်သည်။ နိုင်ငံစုံက ဒိန်ခဲတွေလည်း ရှိသည်။ တစ်ကမ္ဘာလုံးက ဒိန်ခဲတံဆိပ်ပေါင်းလေးရာကျော်ကို သည်မှာတွေ့နိုင်သည်။ ၁၉၉၆ခုနှစ်က ထောပတ် ၁၂,၉၁၅ တန်၊ ဒိန်ခဲမျိုးစုံ ၁၀၈,၉၅၁ တန်၊ ကြက်ဥ ၄၃,၆၇၈ တန်၊ နွားနို့ရည်



[illegible]၆၄ တန်၊ နို့မှုန့်နှင့် နို့ပျစ် (Cream) က ၆၆၇၄ တန် ရောက်ရှိခဲ့သည်။ [illegible]င်းသီးဟင်းရွက်နှင့် သစ်သီးမျိုးစုံက တန်ချိန် တစ်သန်းကျော်။

'ဂေါ်ရခါးသီး၊ ကျောက်ဖရုံသီး၊ ကန်စွန်းဥ၊ ချင်းတက်၊ ပိန်းဥ၊ [illegible]မ်းသီး၊ ဟင်းရွက်မျိုးစုံ၊ မှို၊ စောင်းလျားသီး၊ မင်းဂွတ်သီး၊ ကြက်မောက်[illegible] သခွားသီး၊ ချယ်ရီသီး စသဖြင့် နိုင်ငံစုံက အသီးအနှံတွေ ဝင်နေပါ[illegible]ယ်။ ငရုတ်သီးစိမ်းပွတွေ၊ မုန်လာဥတွေ၊ ပဲသီးစိမ်းတောင့်တွေကတော့ [illegible]ထူး အဝယ်လိုက်တာတွေပေါ့'

ရွှေပဲသီးတောင့်တွေကတော့ ပက်ကင်ဘူး လှလှကလေးတွေနဲ့ ဖြစ်[illegible]သည်။ ဘူးဖိုးက ရွှေပဲသီးဖိုးထက်များ ကြီးနေမလား။ ဘရစ်ဂျစ်ကတော့[illegible]ယ်က နှိုက်လာမှန်းမသိ။ နီညိုညို ချယ်ရီသီးတွေ တစ်ဆုပ်ကြီးကိုင်ထား[illegible] ဝါးနေသည်။ သူနှင့် မစ္စတာဖိလစ်ကို ခတ်ပုံတွေ တဖျပ်ဖျပ်ရိုက်လိုက်၊ [illegible]စ်သီးတွေ တဂျွမ်းဂျွမ်းကိုက်လိုက်။ သည်ဈေးကြီးမှာ တစ်လုံးစ နှစ်လုံးစ [illegible]ယ်လို့မရမှန်း သူသိပါသည်။ ပွဲရုံတစ်ရုံရုံက လက်ဆောင်ပေးလိုက်တာပဲ [illegible]ည်။ သူနှင့် ဘရစ်ဂျစ်ကတော့ ရုံတွေနှံ့အောင် မကြည့်နိုင်တော့။ [illegible]ကြီးကျန်သေးသတဲ့။ အမြည်းသဘော ကြည့်ခဲ့ရတာကပဲ မောလှပြီ။

'ကျွန်တော်တို့ဈေးကြီးက အအေးခံချိန်းစနစ်[၁] သုံးဈေးတွေထဲမှာတော့ [illegible]အကြီးဆုံး ဈေးကြီးပါ။ အသားတွေကို လေအေးပေးထားတဲ့ အသားရုံ[illegible]လျှောက် လိုတဲ့နေရာကို လိုသလောက် ချိန်းနဲ့ပို့ဆောင်နိုင်တဲ့ သဘော[illegible]တော့။ ပန်းတွေဆိုရင်လည်း တစ်ကမ္ဘာလုံးကပန်းတွေ ရှိပါတယ်။ [illegible]အေးပေး ပန်းဖြတ်စက်ရုံတွေ၊ လေအေးပေး အိုးစိုက်ပန်းမျိုးတွေ၊ အပူ[illegible]ရုံတွေ၊ မှန်လုံးအိမ်[၂]တွေနဲ့ ပန်းပင်သုံး အရန်ပစ္စည်းတွေပါ သည်မှာ [illegible]တယ်။ ဖြတ်ပန်းတွေက အစည်းထောင်ပေါင်း ၃၆၀၀ လောက် အတွက် [illegible]း နှစ်စဉ် ဖရန့်ငွေ ၁၉၁၆ သန်းဖိုး အရောင်းအဝယ်လုပ်နေတဲ့ နေရာ[illegible]တော့'

'အိုးစိုက်ပန်းတွေကကော'

၁။ Refrigeration Chain
၂။ Heated Sheds
၃။ Glass-House Stores

'အိုးစိုက်ပန်းပင်ပေါင်းနဲ့ တွက်ရင် အမယ် ၁၈ဖ သိန်းလောက် ရှိပါလိမ့်မယ်။ ပျိုးပင်သက်သက်ကတော့ ၅ သိန်းကျော်လောက် အရောင်းအဝယ် ရှိပါတယ်'

ဈေးတာဝန်ခံက ပန်းရုံတွေဘက်ကိုတော့ လိုက်မပြတော့ပါ။ ပါရီမြို့လယ် လမ်းဘေးတစ်လျှောက်က ပန်းပွင့်ရောင်စုံတွေက သည်ကလာတာကိုး။ သူ့မျက်စိထဲမှာတော့ ပန်းတွေ... ပန်းတွေ...။ မြတ်လေး၊ ခတ္တာ၊ နှာညို၊ မဉ္ဇူ၊ အင်ကြင်း၊ ဒေါနနှင့် သဇင်တွေကော ရှိရဲ့လား။ ရှိလိမ့်မည်မထင်ပါ။

'ကျွန်တော် ပြောခဲ့သလိုပါပဲ။ ဈေးကြီးကိုမှီပြီးတော့ ဘဏ်တွေက ၂၀ လောက်၊ စားသောက်ဆိုင်တွေက ၃၀ လောက်၊ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းတွေနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေက ၁၃၀ လောက် ရှိနေတော့ ဈေးကြီးကပဲ ထမင်းကျွေးထားတယ်လို့ ဆိုနိုင်ပါတယ်'

'Total turnover က ဘယ်လောက်များရှိမလဲ'

'ကျွန်တော်ထင်တယ်၊ ဖရန့်ငွေ သန်း ၇,၀၀၀ လောက် ရှိပါလိမ့်မယ်။ သည်ကိန်းဂဏန်းက ဘဏ်တွေရဲ့ ကိန်းဂဏန်းတွေ မပါပါဘူး။ ပိုင်ဆိုင်မှုကတော့ နိုင်ငံတော်က ရှယ်ယာအများဆုံး ပိုင်ပါတယ်။ ၅၆.၈၅ ရာခိုင်နှုန်းလောက် ပိုင်ဆိုင်ပါတယ်'

'ကျွန်တော်ကတော့ မစ္စတာဖိလစ်ရဲ့ ကွန်ပျူတာမှတ်ဉာဏ် ချပ်စ်စ်တွေကိုပဲ ချီးကျူးရတော့မှာပါ။ တော်လိုက်တာဗျာ'

'ကျွန်တော့်ကို အထင်မကြီးပါနဲ့။ ဒါတွေက ဧည့်သည်လာတိုင်း ရွတ်ရွတ်ပြနေရတာလေ။ မှားရင်လည်း ဧည့်သည်က သိတာမှတ်လို့'

မစ္စတာ ဖိလစ်က သူ့စကားကို သူ သဘောကျနေသည်။ ပြီးတော့ ဘရစ်ဂျစ်ရဲ့ ကားကလေးဆီကို လိုက်ပို့သည်။ အင်္ကျီဖြူကြီးတွေကိုတော့ လက်ဆောင်ယူသွားပါဟု ဆိုသည်။ သူ့လက်တွေကို တအားဖျစ်ညှစ်ကာ နှုတ်ဆက်သည်။ ရန်းဂျီးစ်နဲ့ပတ်သက်သည့် နှစ်ချုပ်အစီရင်ခံစာတွေကို ပေးလိုက်သေးသည်။ ပြင်သစ်ဘာသာနှင့် ပြုစုထားတော့ သူ့အတွက် သိပ်တော့ အသုံးမတည့်လှပါ။ ရင်းဂျီးစ်ကပြန်တော့ ဘရစ်ဂျစ်က ဗိုက်ဆာနေပြီ။ လမ်းဘေးဆိုင်ကလေး တစ်ဆိုင်မှာ ဝင်စားတော့လည်း ရန်းဂျီးစ် ဝတ်ရုံဖြူ



ကြီးတွေနဲ့ပါပဲ။ လူတွေက သူနှင့် ဘရစ်ဂျစ်ကို အထူးအဆန်းဖြစ်နေသည်။ ဘရစ်ဂျစ်ကတော့ ဘာကြောင့် ဝတ်ထားမှန်းမသိ။ သူကတော့ အချမ်းလုံ့ဖြစ်သည်။ ရန်းဂျီးစ်က အပြန်မှာတော့ ဘရစ်ဂျစ်က သစ်တောလမ်းကလေး ရွေးချယ်ကာ မောင်းသည်။ လမ်းက သစ်တောညို့ညို့ကြားမှာ။ ကွေ့ကောက်သော်လည်း ပြန့်ပြူးနေလေသည်။

သစ်တောစိမ်းမှောင်က ရှည်လျားလွန်းသည်။ မြို့ပြအရောင်အရိပ်တွေ ခဏကလေး ပျောက်ကွယ်သွားတာကိုပဲ သူ အံ့သြနေရသည်။ နေရောင်ခြည်က သစ်တောအုပ်ထဲကို ထိုးကျနေသည်။ ထိုအခါ အစိမ်းရောင်ကတ္တီပါအားလိပ်တစ်ချပ်လို တသိမ့်သိမ့် လှုပ်ခါနေတာနှင့်တူသည်။ ပင်စည်ရိုးတံရှည် သစ်ပင်ကြီးတွေက မြင့်မားလွန်းသော်လည်း အရွက်တွေက အုပ်အုပ်ဆိုင်းဆိုင်း။ ဘရစ်ဂျစ်က သစ်တောလမ်းကွေ့ကို အလိုက်သင့်ကွေ့ရင်း လှမ်းပြောသည်။

'ပြင်သစ်မှာက သည်လိုသစ်တောကြီးတွေ သိပ်များတယ် ဝင်းရဲ့၊ သစ်တောဧရိယာဟာ တစ်နိုင်ငံလုံးရဲ့ ရှစ်ဆယ်ရာခိုင်နှုန်း ရှိတယ်ဆိုရင် ယုံမှာမဟုတ်ဘူး။ နောက်တစ်နေ့ ကိုယ်တို့သွားမယ့် ပါရီအနောက်ပိုင်းမှာ ဟက်တာ ခြောက်ရာလောက်ကျယ်တဲ့ သစ်တောကြီးတစ်တောကို ပြမယ်။ ကိုယ်တို့ဆီမှာတော့ သဘာဝပတ်ဝန်းကျင် ကိစ္စတွေကို တော်တော်ရှုပ်တာ ကျေးဇူးတင်နေရသေးတယ် ဝင်းရေ။ သည်မှာဆိုရင် အမျိုးသားဥယျာဉ်ကြီးက ခုနစ်ခု ရှိတယ်။ သဘာဝအရန်သစ်တော ၁၃၄ ခုကို ကာကွယ်ပေးထားတယ်။ ဒေသဆိုင်ရာ ဥယျာဉ်ကြီး ၃၄ ခု ရှိတယ်။ သစ်တောကော်မရှင်က ကာကွယ်တောတွေရဲ့ နှစ်ဆယ့်ငါးရာခိုင်နှုန်းကို အပြည့်အဝ ထိန်းသိမ်းပေးထားနိုင်တယ်'

သစ်တောလမ်းကလေး ထွက်ခဲ့ပြီ။ မြို့ပြအာရုံတွေ လျှောခနဲ တိုးဝင်လာပြန်ပါပကော။ ပြင်သစ်မှာ လေထုညစ်ညမ်းမှု သိပ်မရှိသေးဟု ထင်သည်၊ သူ့အထင်သာ ဖြစ်သည်။ အသံအညစ်အကြေး၊ လေထုအညစ်အကြေး၊ မြေဆီလွှာအညစ်အကြေးတွေ သိပ်မတွေ့ရ၊ မကြားရ။

'ကိုယ်တော့ ပတ်ဝန်းကျင်နဲ့ ပတ်သက်တာလေးတွေ ရေးချင်သေးတယ်၊ ကိုယ်တို့ဆီမှာတော့ ရေတိမ်ဒေသ ထိန်းသိမ်းရေးတွေနဲ့ သဘာဝတော

အဆိုပြုသစ်တောတွေ ထိန်းသိမ်းဖို့ လုပ်နေကြတယ်။ ကမ်းရိုးတန်း ဘာဝထိန်းသိမ်းရေးတွေရောပေါ့'

'ဒါတွေက သည်မှာတော့ လူထုအဖွဲ့အစည်းတွေက အသိရှိရှိ လုပ် နေတာ ဝင်းရဲ့။ Local authorities တွေက လုပ်တာ ပိုကောင်းတယ်။ ခွင့်အာဏာတော့ ပေးထားရမှာပေါ့။ နောက် Professional associa-ions တွေက အကူအညီ အထောက်အပံ့လည်း လိုတယ်'

'ဒါတွေက ကာကွယ်ပေးထားရုံနဲ့ မရဘူးလေ။ စီမံခန့်ခွဲမှုလည်း ဖစ်ပါတည်း ပါရတယ်'

'သိပ်မှန်တာပေါ့ရှင်။ မင်းရေးရင် အရေးကြီးတာတွေ မမေ့နဲ့ကွ၊ မှာ Outdoor persuits ဆိုတာမျိုးပေါ့။ Outdoor persuits ကို မင်း သိသလား'

'မသိဘူး'

'မသိတာတော့ မဟုတ်ဘူးကွ၊ တာဝန်ရှိသူ တော်တော်များများက ဒါတွေ ထည့်မတွက်ကြတာ ဆိုပါတော့။ ကနူးလှေလှော်ကစားဖို့ နေရာတွေ၊ လှေလှော် ရွက်တိုက်နိုင်မယ့် ရေအခြေအနေတွေ ရှိဖို့လိုတယ်။ ငါး ကောင်းကောင်းမျှားနိုင်ရမယ်ကွာ၊ စက်ဘီးကောင်းကောင်း ဘေးကင်း ရန် ကင်း စီးနိုင်ရမယ်ကွာ။ ကျောက်ဆောင်တက်တာတွေ ရှိရမယ်ကွာ။ Rock climbing လေ။ နောက် ကားကောင်းကောင်းမောင်းနိုင်ရမယ့် ဘေးကင်း ရန်ကင်းလမ်းတွေ စီမံပေးထားရမယ်ကွာ။ ဒါတွေကလည်း သဘာဝပတ်ဝန်း ကျင်နဲ့ ဆိုင်တယ်ရှင့် ပေါ့ပေါ့မထင်နဲ့'

'ကျေးဇူးပဲကွာ၊ ဒါ ကိုယ်ထည့်မစဉ်းစားမိဘူး၊ ပြောပါဦး။ သဘာဝ ပတ်ဝန်းကျင်ထဲမှာ ဘာတွေပါသေးသလဲ'

'ပတ်ဝန်းကျင်လို့ ပြောတာနဲ့ ကိုယ်တို့ဆီမှာ နားလည်တာကတော့ အခြေခံရှစ်မျိုးနဲ့ စဉ်းစားကြတယ်။ အဲဒါတွေကတော့ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု၊ ရေရင်းမြစ် စီမံခန့်ခွဲမှု၊ အလဟဿဖြစ်မှုများ ကာကွယ်ရေး၊ waste prevention ကို ပြောတာ။ နောက်တော့ စွမ်းအင်ရယ်၊ လမ်းပန်း ဆက်သွယ်ရေးရယ်၊ လယ်ယာစိုက်ပျိုးရေးရယ်၊ စက်မှုရယ်၊ နောက် ဆောက်



ပ်ရေးနဲ့ လူထုရေးရာ လုပ်ငန်းတွေ[3]ရယ်၊ ရှစ်ခုပြည့်ပြီလားတောင် မသိ ဘူး'

'ပြည့်ပါတယ်၊ ပြင်သစ်မှာကော ဘယ်လိုလုပ်နေသလဲ ဘရစ်ဂျစ်'

'ပြင်သစ်လိုတော့ အတိုကောက် အေဒီအီးအမ်အီး (ADEME) ဲ့ ခေါ်ကြတယ်။ အင်္ဂလိပ်လိုတော့ ပတ်ဝန်းကျင်နဲ့ စွမ်းအင်ဆိုင်ရာ စီမံ ခန့်ခွဲမှု အေဂျင်စီ[4]ပေါ့လေ၊ ပတ်ဝန်းကျင်လို့ပြောရင် စွမ်းအင်တွေပါ တွဲပါ ရှိတယ်။ ဝင်း ရေးရင် ဒါတွေမမေ့နဲ့နော်။ သူက သီးခြားစီမဟုတ်ဘူး၊ ဆက်ပြောမယ်။ သည်အေဂျင်စီက ပထမဆုံး စီမံချက်ဆွဲရတယ်။ ပတ်ဝန်း င်ဆိုင်ရာ စွမ်းဆောင်မှုစီမံချက်[5] ဆိုပါတော့၊ စီမံချက်သဘောထဲမှာ ည့်ဆွဲရတာတွေက စွမ်းအင်နဲ့ စွမ်းအင်ကုန်ကြမ်းတွေ ထိန်းသိမ်းရေးရယ်၊ မ်းအင်ရင်းမြစ်သစ်တွေ တိုးမြှင့်ဖို့ရယ်၊ စွမ်းအင်လုံလောက်မှု နည်းပညာနဲ့ န့်ရှင်းရေးရယ်၊ အလဟဿလျှော့ချရေး၊ စီမံခန့်ထားရေး၊ ပြန်လည် ထောင်ရေးနဲ့ စီးပွားရေးတန်ဖိုးအရ စွမ်းဆောင်ရည်ရှိဖို့ရယ်၊ နောက်တစ်ခု စောစောကပြောတဲ့ လေထု၊ မြေဆီလွှာနဲ့ အသံအညစ်အကြေးတွေ လျှော့ချရေးတွေ ပါရတယ်။ လေထု၊ မြေဆီလွှာနဲ့ အသံအညစ်အကြေး တော့ Prevention and remediation လို့ သုံးတယ်။ ကာလည်း ကာ ယ် ပျောက်ကွယ်အောင်လည်းလုပ် ဆိုတဲ့သဘောပေါ့'

'နေပါဦး၊ ဒါတွေ ဘရစ်ဂျစ်က ဘယ်လိုသိတာလဲ'

'အိုး… ဒါတွေက လူတိုင်း သိရတဲ့ကိစ္စတွေပဲ ဝင်းရဲ့။ ဘာထူးဆန်း လဲ။ ကျောင်းတွေမှာကတည်းက ပတ်ဝန်းကျင်ကို ချစ်ခင်မြတ်နိုးတတ်ဖို့၊ ကွယ်စောင့်ရှောက်တတ်ဖို့ သင်ပေးလိုက်တာပဲဟာ။ ပြီးတော့ စိတ်ဝင်စား တိုင်းက သည်စီမံချက်တွေမှာ ပါဝင်လေ့ရှိကြတယ်။ သည်မှာက Local dies တွေ ရှိတယ်လေ။ ဒါကိုပဲ Integrated and participatory ap-ach လို့ ခေါ်ကြတယ်။ စုပေါင်းစွမ်းဆောင် လူတိုင်းပါဝင်လေ'

ပါရီမြို့တွင်းကို ဝင်လာပြီ။ လိုဏ်ခေါင်းဥမင်တွေထဲကို ဖြတ်နေပြီ။

---

၃။ Construction & Public Works
၄။ The Agency for Environmental &Energy Management
၅။ Environmental Action Plan

အလင်းစူးစူး မိုးကောင်းကင်အောက်မှာ ရှေးဟောင်းမြို့တော်ကြီးက ခံ့ညားနေသည်။ ဘရစ်ဂျစ်က သည်တော့မှ စကားဖြတ်ကာ နာရီကိုကြည့်သည်။

'ပတ်ဝန်းကျင်အကြောင်း ပြောရတာနဲ့ ပတ်ဝန်းကျင်ကို မေ့သွားပြီနော်။ နေဦး ဝင်း ဘာလုပ်မှာလဲ။ ဘောလုံးပွဲက ညနေ ငါးနာရီခွဲမှကွ။ ဖွင့်ပွဲနဲ့ ဘာနဲ့မှ နှစ်နာရီလောက် ကွင်းထဲဝင်ထားရင် ဖြစ်ပါတယ်။ ခုမှ ဆယ့်တစ်နာရီပဲ ရှိသေးတယ်။ ပြန်မအိပ်နဲ့တော့ကွာ။ တစ်နေရာ သွားကြရအောင်။ မပျင်းနဲ့ ဝင်းရေ့ ရောက်တုန်း အကျိုးရှိအောင် သုံးပစ်လိုက်၊ ဟုတ်ပြီနော်'

သူကတော့ ပတ်ဝန်းကျင်အကြောင်းတွေ ဘရစ်ဂျစ်ဆီကရသလောက် သိချင်နေသေးသော်လည်း မတတ်နိုင်တော့။ သူ့ဆန္ဒကတော့ ဟိုတယ်ကို ပြန်နားချင်သည်။ တရေးတမော အိပ်ချင်သေးသည်။ ညကလည်း အိပ်ရေးပျက်ထားသည် မဟုတ်လား။ ဒါပေမဲ့ ဘရစ်ဂျစ်ပြောတာလည်း မှန်သည်။ ပါရီကိုရောက်ခါမှ အိပ်ပစ်လို့ မဖြစ်သေး။ မျက်လုံးကို ကျားကန်ကာ ခေါင်းညိတ်ရတော့သည်။ ညနေ ဘောလုံးပွဲ ကြည့်ရဦးမည်။ စိန့်ဒဲနစ်စ်ကို သွားရမည်။

'စိန့်ဒဲနစ်စ်က ဝေးသလား'

'မင်းလာတဲ့ ချားလ်စ်ဒီဂေါလ် လေဆိပ်နဲ့ နီးနီးကလေးလေ၊ မေ့သွားပြီလား။ ပါရီမှာ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် ကွင်းကြီးနှစ်ကွင်း ရွေးထားတယ်။ Parc de Princes နဲ့ Stade de France ကွ။ Stade ဆိုတာ Stadium ကို ပြောတာ။ ဖွင့်ပွဲက Stade de France မှာ လုပ်လိမ့်မယ်'

'အခုက ဘယ်သွားမှာလဲ'

'မျူဇီယမ်တစ်ခုကို သွားရအောင်။ သည်လိုလုပ် မျူဇီယမ်ကို ဝင်ကြည့်မယ်၊ ထမင်းစားမယ်၊ စိန့်ဒဲနစ်စ်ကို သွားမယ်။ အိုကေ'

'အိုကေ'

ကားလေးက ပါရီ၏ အနောက်ဘက်ကို ဦးတည်နေပြန်ပါပကော။ သူက ခေါင်းကို နောက်မှီခုံပေါ်မှာ မှေးတင်ထားလိုက်သည်။ ဘရစ်ဂျစ်ဆီက ပြင်သစ်ရေမွှေးနံ့က သင်းပျံ့ပျံ့။ ကားထဲမှာ ပြင်သစ်တီးလုံးသံ သဲ့သဲ့



လေး ရှိနေသည်။ သူ့ခေါင်းထဲမှာတော့ သစ်သီးတွေ၊ နွားခေါင်းတွေ ...း‌ပွင့်တွေ၊ နောက် စိမ်းမှောင်မှောင် သစ်တောညိုညို့ကြားက တလွင့်လွင့် ...ရောင်ဆံမျှင်စတွေ။

❖

'MUSEE NATIONAL des ARTS et TRADITIONS POPULAIRES'

ပြတိုက်ကြီး ရှေ့မျက်နှာစာမှာ ရေးထားသည့်စာတန်းကို လှမ်းကြည့် ရင်း သူ စိတ်ဝင်စားသွားသည်။ ပြင်သစ်ဘာသာနှင့် ရေးထားသော်လည်း အမျိုးသာအနုပညာနှင့် ရိုးရာအသုံးအဆောင်များ ပြတိုက်မှန်း သူ ခန့်မှန်း နိုင်ပါသည်။ ဘရစ်ဂျစ်က သည်လမ်းကြီးကို မဟတ္တမဂန္ဒီရိပ်သာ[၁]လမ်း ဟု ခေါ်ကြောင်း၊ ဆက်ဗလွန် မြေအောက်ရထားဘူတာနှင့် နီးကြောင်း ရှင်းပြသည်။ ပြတိုက်ကြီးနှင့် မနီးမဝေးမှာ ချားလ်စ်ဒီဂေါလ် ရိပ်သာလမ်းမ ကြီးလည်း ရှိသည်။ ပြီးတော့ ပြတိုက်ပတ်ဝန်းကျင်က သစ်တောဥယျာဉ်ကြီး နှင့် ဆက်စပ်နေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာ ဆိတ်ငြိမ်ရပ်ကွက်ဖြစ်ရုံ မက သစ်တောဥယျာဉ်ကြီးပါ ရှိတော့ ပကတိ အေးချမ်းလှသည်။ သူနှင့် ဘရစ်ဂျစ်က ပြတိုက်တွင်းကို မဝင်သေးဘဲ အပြင်မှာ တော်တော်ကြာကြာ ရပ်နေလိုက်သေးသည်။ အဆောက်အအုံကြီးက ကြီးမားသလောက် သပ်ရပ် လှပသည်။ ကျောက်သားလှေကားထစ်တွေက သိပ်မမြင့်သော်လည်း ဘေး ကို ခပ်ကျယ်ကျယ်ယူထားသဖြင့် ကျယ်ပြော လွတ်လပ်သည့်ရသကို ခံစား နေရသည်။

'လာ ဝင်ရအောင် ဝင်းရေ၊ ကိုယ် သည်ပြတိုက်ကြီးကို သိပ်ပြချင် နေတာ။ သည်ပြတိုက်ကြီးကို ကြည့်လိုက်မှ ပြင်သစ်ခေတ်ဟောင်း လူနေမှု ဘဝကို ခံစားလို့ရမှာ။ ပြင်သစ်အနုပညာတွေချည်း ကြည့်နေလို့ မပြည့်စုံ သေးဘူး။ ပြင်သစ်တွေ ဘယ်လိုနေခဲ့ထိုင်ခဲ့၊ ဘဝကို ဖြတ်သန်းခဲ့ကြသလဲ

၁။ Avenue du Mahatma Gandhi



...ကကော အရေးမကြီးဘူးလား။ ကိုယ်တို့လည်း လှေတွေ၊ လှည်းတွေ ...ထောင်းစင်တွေနဲ့ နေခဲ့ရတာပါပဲ။ ရုပ်ဝတ္ထုတွေကို ကြည့်နေရပေမဲ့ ...ဝတ္ထုတွေကိုလည်း တွဲပြီးခံစားရမှာ သေချာပါတယ်'

ဘရစ်ဂျစ်က ပြတိုက်လှေကားထစ်တွေပေါ်မှာ သူ့ကို ခတ်ပုံရိုက်ပေး ...ပြောနေခြင်း ဖြစ်သည်။

မှန်တံခါးကြီးကို တွန်းဖွင့်လိုက်တော့ နီဂရိုးအမျိုးသမီးကြီး တစ်ဦး ...ကြိုဆိုသည်။ တခြားဧည့်သည်တွေက ပြခန်းတွေထဲမှာ ရှိလိမ့်မည် ...သည်။ ဧည့်ခန်းမကြီးထဲမှာ မရှိ။ ဘရစ်ဂျစ်က ပြင်သစ်ဘာသာနှင့် ...မိတ်ဆက်ပေးတော့ သူကလည်း ဗွန်ရှူးမဒမ် လုပ်လိုက်ရသည်။ ...တော့ အမျိုးသမီးကြီးက တယ်လီဖုန်းဆက်သည်။ ဘရစ်ဂျစ်ကို ...သစ်ဘာသာနှင့် လှမ်းပြောပြန်သည်။ နောက်တော့ ကော်ဖီစက်ရှိရာကို ...သွားကာ မိုးတိုးမတ်တတ် ဧည့်ခံသည်။ ကော်ဖီစက်ထဲကို ပိုက်ဆံအကြွေ ...ကာ ခလုတ်တွေ နှိပ်မည်ပြုပြီးခါမှ ဘရစ်ဂျစ်ကို လှမ်းမေးပြန်သည်။

'ဝင်းက ကော်ဖီသောက်မှာလားတဲ့၊ ကော်ဖီဆိုရင်ကော နို့ပါတာ ...သောက်မှာလားတဲ့၊ အချိုကော ကြိုက်သလားတဲ့ မေးနေတာ'

'သကြားနည်းနည်းနဲ့ နို့ ပါတဲ့ ကော်ဖီပေါ့ခင်ဗျာ'

နီဂရိုး အမျိုးသမီးကြီးက နှုတ်ခမ်းနီတွေ ရဲနေအောင် ဆိုးထားသော ...ခမ်းထူကြီးတွေကို ဟသွားအောင် ရယ်မောလိုက်သည်။ ပြီးတော့မှ ...လိပ်ဘာသာနှင့် သူ့ကို ခပ်ပြုံးပြုံးကလေး ပြောသည်။

'ပြတိုက်ကို မြန်မာပြည်က စာရေးဆရာရောက်လာတာ ကျွန်မတို့ ...ဆိုပါတယ်။ ပုံမှန်အတိုင်းဆိုရင် ဝင်ကြည့်ရုံပါပဲ။ ကျွန်မက ဒုတိယ ...ကမှူးကြီးကို သတင်းပို့လိုက်တော့ သူပါ လာခဲ့ပါ့မယ်လို့ ပြောပါ ...။ ကော်ဖီ သောက်လိုက်ပါဦး'

ဘရစ်ဂျစ်လက်ချက်တွေပဲ ဖြစ်ရမည်။ ခဏကြာတော့ ဒုတိယ ...ကမှူးကြီး ရောက်လာသည်။ အနားက ဆက်တီခုံမှာထိုင်ကြရင်း စကား ... ပြောဖြစ်ကြသည်။ အထူးသဖြင့် သည်ပြတိုက်အမျိုးအစားက လူမျိုးစု ...နှင့် ပတ်သက်၍ လေ့လာသည့်ဘာသာရပ် (Ethnology) ကို အခြေခံ ...ကြောင်း ရှင်းပြသည်။ အထူးသဖြင့် ခေတ်ကလေးသူငယ်များကို

ဦးတည်ပရိသတ် ထားရှိသည်ဆို၏။ ပြတိုက်တွင်း ပစ္စည်းတွေက ယေဘုယျအားဖြင့် အစိုးရက ပိုင်ဆိုင်သော်လည်း မြို့များနှင့် ဌာနဆိုင်ရာတွေက ပိုင်ဆိုင်တာတွေလည်း ရှိသည်။ ရှေးဟောင်းအနုပညာ သုတေသနဌာနကတော့ ခေတ်နှင့် ခေတ်သုံးပစ္စည်းများ မှန်ကန်ကြောင်း အတည်ပြုပေးသည်။ လူမျိုးစုများ၏ နေထိုင်ပုံဘဝ၊ ဝတ်ဆင်ပုံဘဝ၊ စားသောက်ပုံဘဝ၊ အလုပ်သဘာဝနှင့် အသုံးအဆောင်တွေကို တစ်နိုင်ငံလုံးက ရှာဖွေစုဆောင်းထားရှိသည်ဟုလည်း ဆိုလေသည်။

'ကျွန်တော်က သည်လိုပြောလို့ ပြင်သစ်လူမျိုးတွေရဲ့ လူမှုဘဝနဲ့ အသုံးအဆောင်တွေကိုချည်း ပြသထားတယ်လို့ ယူဆလိုက်မှာ စိုးပါတယ်။ တခြားက ရောက်လာကြသူတွေရဲ့ လူမှုဘဝတွေကိုလည်း ပြသထားပါတယ်။ တစ်နည်းအားဖြင့် သည်ပြတိုက်ကြီးဟာ ပြင်သစ်ရဲ့ ပြတိုက်ကြီးမဟုတ်ပါဘူး။ လူတွေရဲ့ပြတိုက်ပါ။ ပြင်သစ်မှာတောင်မှ တောင်ပိုင်း၊ မြောက်ပိုင်း၊ အနောက်ပိုင်း စသဖြင့် နေထိုင်ခဲ့ကြရတဲ့ ဘဝတွေမတူကြပါဘူး။ ကျွန်တော်တို့က ခွဲခြားပြသထားနိုင်အောင် တော်တော်ကြိုးစားခဲ့ရပါတယ်'

ကမ္ဘာစစ်ကြီး မဖြစ်မီကတည်းက ပြတိုက်သေးသေးကလေး ရှိခဲ့ဖူးသည်။ ပြင်သစ်အစိုးရ အဆက်ဆက်လက်ထက်တွေမှာ သည်ပြတိုက်ကလေး ကြီးထွားလာအောင် ကြိုးပမ်းခဲ့ကြသည်။ နောက် ကမ္ဘာစစ်ကြီးပြီးတော့လည်း ပြင်သစ်နိုင်ငံ လူမျိုးစုများ၏ ယဉ်ကျေးမှု အမွေအနှစ်တွေကို တမှတ်တရပြသဖို့ ဆက်လက် ကြံဆခဲ့ကြသည် ဆို၏။ ဤသို့အားဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ပစ္စည်းများ တော်တော်စုဆောင်းမိခဲ့ပြီ။ ဒါသည်ပင် ကြီးမားသည့်ဖြစ်ရပ်အဖြစ် ခံယူခဲ့ကြသည်။ ၁၉၆၉ ခုနှစ်မှာ ပြတိုက်ပညာရှင် တစ်ဦးက သည်ပြတိုက်ကြီး စနစ်တကျ ပြသထားရှိနိုင်ရေးကို ကြိုးပမ်းခဲ့သည်။ ပြတိုက်တင်ပြပုံနည်းနာများ ဆန်းသစ်လာသည်။ စနစ်ကျလာသည်။ ထိုပုဂ္ဂိုလ်၏ နည်းနာများကို ကမ္ဘာ့ပြတိုက် တော်တော်များများက လက်ခံကျင့်သုံးနေကြပြီ။

'မိသားစုတွေက ဘယ်လိုနေသလဲ၊ လူ့အဖွဲ့အစည်း ပုံသဏ္ဌာန်ကို ဘယ်လိုတည်ဆောက် ယူကြရသလဲ၊ တောင်ပေါ်နေသူနဲ့တောင် အောက်နေသူ ဘဝတွေကွာခြားသလဲ၊ သည်ပစ္စည်းတွေကပဲ လူကြီးမင်းကို ရှင်းပြပြီး



[illegible] ဖြစ်နေပါလိမ့်မယ်။ ပြတိုက်ကပေးမယ့် သဘောထားထက် လူကြီးမင်း[illegible]ရှိတဲ့ သဘောထားက ပိုအရေးကြီးပါတယ်'

ဒုတိယပြတိုက်မှူးကြီးက စကားတွေ အားရပါးရပြောရင်းက သူ့ကို [illegible]ခွဲနှုတ်ဆက်သည်။ ပြတိုက်တာဝန်ခံ လူငယ်တစ်ယောက်က သူနှင့် [illegible]ဂျစ်ကို ပြတိုက်တွင်းကို ခေါ်လာသည်။ ပြတိုက်အတွင်းပိုင်းမှာတော့ [illegible]ောင်ရင့်ရင့် ရှိနေသည်။ ကြည့်သူတွေကို အလင်းပေးမထားပါ။ ပထမ [illegible] မြင်ရသည့်အခန်းထဲမှာ ခပ်စောင်းစောင်းလှဲထားသည့် ရှေးသစ်သား[illegible]ကြီး တစ်စင်းရှိသည်။ လှေကြီးရှေ့မှာ လက်သမားသုံးကိရိယာ တန်ဆာ[illegible]တွေ၊ ဂေါ်ပြားတွေ၊ သံပုံတွေ ပြသထားသည်။ ရွက်တိုင်ပေါ်က [illegible]ဖျင်တွေက ကြမ်းတမ်းဝါကျင်နေပြီ။ တစ်ခန်းစီမှာတော့ ရှေးဟောင်း[illegible]ကြီးတွေ၊ သံထည်ပစ္စည်း ကြမ်းကြမ်းတွေ၊ ကျောက်ဘီးကြီးတွေ၊ စာအုပ်[illegible]ောင်းတွေပေါ်မှာ ပုံကြမ်းခြစ်ထားတာတွေ၊ ကြေးထည်ပစ္စည်းတွေနဲ့ အမဲ[illegible] လက်နက်တွေ။

'ဒါတွေကတော့ အမဲလိုက်ရာမှာသုံးတဲ့ သားရေအိတ်နဲ့ ခရာတွေပါ။ [illegible]ေးလက် ပန်းပဲရုံကလုပ်တဲ့ ရှေးဟောင်းသေနတ်တွေပေမဲ့ တော်တော်[illegible]ောင်းတာ တွေ့ရပါတယ်။ အထူးသဖြင့် လူငယ်တွေ လာကြည့်တဲ့အခါ [illegible] သိပ်သဘောကျကြပါတယ်'

ပြတိုက်တာဝန်ခံ လူငယ်က ပြောသည်။ ပစ္စည်းတွေပေါ်မှာ အလင်း[illegible]ေးသားတော့ ထင်းကြွနေသည်။ ပြီးတော့ တစ်ခန်းချင်းရဲ့ထိပ်မှာ ခလုတ်[illegible]လေးတွေ ရှိသည်။ အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာ၊ စပိန်ဘာသာနှင့် [illegible]လီဘာသာများဖြင့် အလိုအလျောက် ရှင်းပြသည့်စနစ်ကို သုံးထားသဖြင့် [illegible]တ်ကို နှိပ်လိုက်ရုံ။ မီးပေးထားပုံတွေကလည်း ခေတ်မီစနစ်တွေပါပဲ။ [illegible] တော့ မိသားစုနေအိမ်ခန်းကလေးကို ပြသထားသည်။ ပထမအိပ်ခန်း[illegible]ည့် နေရာကို မီးလင်းပေးထားသည်။ နောက်တော့ ထမင်းစားခန်းထဲက [illegible]ငုံကလေး လင်းလာသည်။ စားပွဲ၊ ကုလားထိုင်၊ ကြွေပန်းကန်၊ ဇွန်း၊ [illegible]ရင်းတွေကို မီးအလင်းရောင်ကျလာတော့ အိပ်ခန်းနေရာက မီးရောင်က [illegible]းသွားသည်။ တစ်ခါ ဂျုံတွေကို မောင်းဆုံဖြင့်ထောင်းပြီး ဖွပ်ရတာကို [illegible]ရောင်က ထိုးပြလိုက်သည်။ ထမင်းစားခန်းမီးက မှိန်ကျသွားပြန်ရော။

ရက်ကန်းစင်ကလေးကို မီးရောင်စုံးစုံးကလေး ထိုးပြတော့ စောစောက ဂျုံကြိတ်ဆုံ မီးကလေးငြိမ်းသွားပြန်သည်။ ဤသို့ဖြင့် တစ်နေရာကို စက္ကန့် သုံးဆယ်စာလောက် အလိုအလျောက် မီးပွင့်ကလေးတွေလင်းကာ လင်းကာ ပြသ ရှင်းလင်းသွားသည်။ ဤသို့ဖြင့် တစ်ခန်းလုံးစုံအောင် ရှင်းပြပြီးလောက်ပြီ ဆိုလျှင် မီးအားလုံး ငြိမ်းသွားလေသည်။

'တယ်ကောင်းပါလား ဘရစ်ဂျစ်ရယ်၊ ဆောင်းဘောက်ကလည်း ခလုတ်နှိပ်ရုံနဲ့ ဘာသာစကားအလိုက် ရှင်းပြတယ်။ ပြတော့လည်း မီးကလေးတွေ လင်းသွားရာကို လိုက်ကြည့်ရုံပဲ။ စပီကာက ရှင်းပြတာနဲ့ မီးလင်းတာနဲ့ ပစ္စည်းပစ္စယကို မြင်စေချင်တာနဲ့ ကွက်တိပဲနော်'

'ဒါမှ ကလေးတွေ နားလည် ခံစားနိုင်မှာပေါ့ ဝင်းရဲ့၊ ပြီးတော့ အာရုံတွေမပျံ့အောင် လုပ်ထားတာလေ။ မီးကလေးလင်းရာကို လိုက်ကြည့်ပြီး ရှင်းပြတာကို နားထောင်ရုံပဲ။ တခြားပစ္စည်းတွေဆီ စိတ်မရောက်အောင်တော့ တစ်ခုချင်းပေါ်မှာ အာရုံစူးစိုက်မှု ပိုကောင်းတာပေါ့'

တစ်နေရာမှာတော့ ရှေးဟောင်းခေတ် ပြင်သစ်တွေက သကြားအစားပျားရည်ကို သုံးခဲ့ကြကြောင်း ပြသထားသည်။ ပျားရည်ကို အိမ်ထဲမှာပင် ကြိမ်ခြင်းတောင်းကလေးတွေနဲ့ မွေးမြူကာ လိုတော့မှ ယူငင်သုံးစွဲကြသည်။ ကြိမ်ခြင်းတောင်းကလေးမှာတော့ ပိတ်စအနက်ကလေးတစ်စ ကပ်ထားသည်။ 'ပျားရည်ကို ယူငင်သုံးစွဲရသော်လည်း ပျားကောင်များအတွက် ဝမ်းနည်း ကြေကွဲရပါသည်' ဆိုတဲ့သဘောပါဟု ပြတိုက်တာဝန်ခံက ရှင်းပြသည်။ ဒါကိုကြားတော့ ဘရစ်ဂျစ်က ပြုံးသည်။

'တို့ပြင်သစ်တွေလည်း ခံစားတတ်ပါတယ် ဝင်းရဲ့၊ မတရားယူတာပေမဲ့ တောင်းပန်တတ်ပါတယ်'

တစ်နေရာမှာတော့ ရှေးလူတွေရဲ့ မြင်းကုန်းနှီးကြီးတွေ၊ အင်္ကျီရှည်ကြမ်းကြမ်းကြီးတွေ၊ မြင်းစီးဖိနပ်တွေ တွေ့နေရသည်။ တချို့ပြခန်းမှာတော့ ရှေးကျေးလက် ရွာပုံစံငယ်ကလေးတွေ ပြသထားသည်။ သည်ရွာကလေးကိုပဲ နွေရာသီနှင့် ဆောင်းရာသီ ရွာတည်နေပုံချင်းမတူတာ တွေ့ရသည်။ မြက်ခင်းကောင်းကောင်း စားကျက်ကွင်းနှင့် အနီးအဝေးလိုက်ကာ ပြောင်းသည် ဆို၏။ လူနေအိမ်၊ နွားတဲ၊ ဂိုဒေါင်၊ စိုက်ခင်း၊ စားကျက်… သူ



…ရာနှင့် သူ။ မည်းချိတ်ချိတ်သံ ထွန်သွားကြီးတွေကတော့ လယ်သမား… ကြမ်းကြမ်းကြီးတွေရဲ့ နိမိတ်ပုံ ဖြစ်သည်။ ဂျုံတွေကို ရိတ်သိမ်း… ယူ၊ သိုလှောင်၊ ကြိတ်ခွဲပုံအဆင့်ဆင့်ကမှ ပေါင်မုန့်ညိုကြမ်းကြမ်းကြီး…အထိ ပြထားတာကလည်း မြန်မာ့ကျေးလက်သဘာဝနှင့် မခြားလှပါ။ …၀၀ ပြည့်နှစ်ကျော်ကျော်မှာ ပြင်သစ်တစ်နိုင်ငံလုံးနီးပါး စပျစ်စိုက်ပျိုးခဲ့…ကြောင်း မြေပုံကားချပ်တွေက ညွှန်းနေသည်။ ရက်ကန်းစင်တွေကတော့ မြန်မာ့ရက်ကန်းစင်တွေနဲ့တောင် တူသေး။

'ပြင်သစ်နိုင်ငံ တောင်ပိုင်းက ရှေးလူတွေဟာ သိုးကျောင်းရင်း…မြင်ရအောင် ကုလားမခြေထောက်တွေနဲ့ သွားကြ လာကြတာ တွေ့နိုင်…တယ်။ သိုးမွေးကနေ အနွေးထည်ရက်ပြီး ဝတ်ကြတာ ခေတ်စားချိန်ပေါ့။ …တော့ သိုးကျောင်းရင်း၊ ကုလားမခြေထောက်ကြီးနဲ့ သွားရင်း သိုးမွေး…ဘတ်ကြပါတယ်။

ပြင်သစ်အရှေ့တောင်ပိုင်း အိပ်ခန်းသဘောတွေကတော့ မြန်မာနှင့်…တော်တူပါသည်။ ဗီရိုကလေးထဲမှာ ပုလင်းတွေ၊ ခွက်တွေ၊ ချိန်ခွင်…ကလေးတွေ၊ ကြွေထည်ပစ္စည်းကလေးတွေ ထားတာကလည်း မြန်မာလို…၊ ဖားဖို၊ ပန်းပဲဖို၊ လက်သမားခုံတွေလည်း အိမ်ထဲမှာပဲ အသင့်ရှိသည်။

'ဒါ ပန်းချီဆရာကြီး ပီကာဆိုလုပ်ခဲ့တဲ့ မြေရေတကောင်းကလေး…'

တစ်နေရာမှာတော့ ပီကာဆို၏လက်ရာ ရေတကောင်းကို မှန်လုံခန်း…မှာ ပြထားသည်။ ကျောက်တုံးကြမ်းကြမ်းကြီးတွေကို ခုတ်ဖွဲ့ရင်း ကျောက်…တုံးဖြစ်အောင် လုပ်ထားတာကလည်း တစ်တုံးတစ်တုံး လနှင့်ချီကြာလိမ့်…။

'သည်ပြခန်းကတော့ ပြင်သစ်နော်မန်ဒီဒေသ နေထိုင်မှုနဲ့ ပြင်သစ်…ပိုင်းခေတ် တစ်ခေတ်တည်းမှာပဲ နေထိုင်မှုမတူညီတာကို ပြသတာပါ။ …ပင်တွေကို ရွာတွေရဲ့အနောက်ပိုင်းနဲ့ အလယ်ပိုင်းတွေမှာ စိုက်ကြပြီး …ရှေ့မှာ သစ်ပင်မစိုက်တာတွေလည်း ထူးထူးဆန်းဆန်း တွေ့ရပါတယ်'

ပြခန်းတာဝန်ခံက မပြောင်းသော်လည်း သူကတော့ ညောင်းညာနေ… ဘရစ်ဂျစ်ကတော့ စိတ်ဝင်စားနေတာလား၊ စိတ်ညစ်နေတာလားမသိ။

နော်မန်ဒီ အိမ်ကလေးတွေမှာတော့ မီးလင်းဖိုမည်းမည်းကြီးပေါ်မှာ ကြွေပန်းကန်တွေ ထောင်စီကာ ပြထားသည်။ အသားကင်မီးဖိုကလေး၊ ထမင်းစား စားပွဲနဲ့ ကြွေအိုးကလေး။ တချို့ ပြင်သစ်ကျေးလက်တွေမှာ ကနေ့ခေတ်အထိ ရိုးရာမပျက် နေထိုင်ကြဆဲဟု ဆိုသည်။ ကြွေပန်းကန်တွေ စီထောင်ထားတာက ပိုင်ဆိုင်မှုပြတာတဲ့။ ပန်းကန်များသူက ဂုဏ်ရှိသတဲ့။ အိမ်ခန်းတွေထဲက ဗီရိုကြီးတွေကတော့ အဝတ်အစားထည့်ဖို့ မဟုတ်ပါ။ လူကြီးမိဘတွေ ဝင်အိပ်ဖို့ဗီရိုဟု ဆိုသည်။ ကလေးတွေက ထမင်းစား စားပွဲဘေးက ခုံတန်းရှည်ကြီးတွေမှာ အိပ်ကြရသည်။

'ပန်းကန်တွေက ဒေသ့သည်ဖို့ ရည်ရွယ်တာပါ။ ဒါဟာ ချမ်းသာကြွယ်ဝမှုသင်္ကေတလည်း ဖြစ်ပါတယ်။ ဧည့်သည်ကို လက်သီးဆုပ် နှစ်ဆုပ်စာ ဝက်သားတုံးကြီးတွေ ကျွေးတတ်ကြပါတယ်။ ထူးဆန်းတာက ၁၉၃၀ လောက်အထိ ရှေးရိုးမပျက် နေခဲ့ကြတာ တွေ့ရတာပါပဲ။ ကျွန်တော်တို့ ပြတိုက်က လူ့ဘဝရဲ့အစ ပုခက်တွေကနေ ခေါင်းတလားတွေအထိ ခေတ်အဆက်ဆက် ရနိုင်သမျှရအောင် စုဆောင်းထားတာ တွေ့နိုင်ပါတယ်'

ရွာအခမ်းအနားတွေမှာတော့ ရှေ့ဆုံးက ခေါင်းလောင်းတီးသွားရသော အလေ့ရှိသည်။ မြန်မာတွေ ကန်တော့ပွဲရွက်အလေ့မျိုး ဖြစ်လိမ့်မည်။ ရွာလူကြီး ဦးထုပ်တွေကိုတော့ သူ စိတ်ဝင်စားသည်။ အဝတ်နှင့် ထိုးထားသော ဦးထုပ်မှာ ကျစ်ဆံမြီးလို အမြီးရှည်ကြီးတွေ ချထားသည်။ တချို့ဦးထုပ်က ကျစ်ဆံမြီးသုံးချောင်း၊ တချို့ဦးထုပ်က ကျစ်ဆံမြီးလေးချောင်း။ ကျစ်ဆံမြီးသုံးချောင်းချထားသူက မိန်းမသုံးယောက် ယူထားသူ။ လေးချောင်းချထားသူက မိန်းမလေးယောက်။ ဦးထုပ်ကိုကြည့်ပြီး မိန်းမအရေအတွက်ကို သိနိုင်သည်။ ရှေးပြင်သစ်တွေကတော့ မိန်းမနဲ့ ပန်းကန်ပြားစုတာ တော်တော်ဝါသနာပါပုံရသည်။

တချို့ရွာတွေမှာတော့ ယောကျ်ားတွေက သူတို့ပိုင်ဆိုင်သမျှ အဝတ်အစားတွေကို ထပ်ဝတ်ထားတတ်ကြသည်။ တချို့ဆိုလျှင် ဆယ့်သုံးလေးထပ်ထပ်ဝတ်ကြသည်။ ဒါလည်း ချမ်းသာမှုသင်္ကေတပါပဲ။ မိန်းမတွေကတော့ မိခင်ချုပ်သည့် အင်္ကျီပုံစံနှင့် သမီးဝတ်သည့် အင်္ကျီပုံစံ တူညီလေ့ရှိသည်။



ကြီးတာနှင့် ငယ်တာပဲကွာသည်။ ပုံစံ၊ အရောင်အစပ်အဟပ်ကတော့ အတူ ဆိုတာတွေလည်း ရှိသည်။

'အမျိုးသားတွေရဲ့ ဦးထုပ်က ကျနေတဲ့ ချည်ထည်ကျစ်ဆံမြီးချောင်းကို ကြည့်ပြီးယူထားတဲ့ မိန်းမအရေအတွက်ကို သိနိုင်သလိုပဲ မုဆိုးဖိုလား၊ ...စ်ခုလပ်လား၊ လူပျိုလား ဆိုတာလည်း ခွဲခြားသိနိုင်အောင် တချို့လူမျိုးစု ...တွေက စီစဉ်ထားတတ်ကြပါတယ်'

ပြခန်းကြီးတစ်ခုလုံး စုံအောင်ကြည့်ပြီးသွားချိန်မှာတော့ အချိန်တော် ...ော် ကုန်သွားခဲ့ပြီ။ ခြေထောက်တွေလည်း တောင့်လှပြီ။ ဘာပဲဖြစ်ဖြစ် ...ကျိုးရှိသည်။ လူမျိုးစုအလိုက်၊ အချိန်ကာလ ခေတ်သမိုင်းအလိုက် လူတို့၏ ...ထိုင်မှုဘဝကို ပြန်လည်တူးဖော် စုဆောင်းထားနိုင်သည့် ပြတိုက်ကြီးကို ...ာ သူ အံ့သြသည်။ နောင်းလူတို့က အလွယ်တကူ လေ့လာနိုင်သည်။ ...း‌လူတို့၏ လူနေမှုအခြေအနေကို အကဲခတ်နိုင်သည်။ ဒုတိယပြတိုက် ...ကြီး ပြောသလို ပြင်သစ်တို့၏ပြတိုက် မဟုတ်။ လူသားတို့၏ပြတိုက် ဖြစ်နေတာ သေချာသွားပြီ။ စုဆောင်းထားသည့် ပစ္စည်းတွေကပဲ လူတို့၏ ...တ်အခြေအနေ၊ ရုပ်အခြေအနေတွေကို ထင်ဟပ်နေသည်။ ကာလသုံးပါး ...က်စပ်မှုအရ အတိတ်နှင့် ပစ္စုပ္ပန်သည် သီးခြားဖြစ်တည်နေခြင်း မဟုတ် ...ော်လည်း အရာရာပြောင်းလဲသွားခဲ့ပြီ။ အတိတ်သည် အံ့သြထိတ်လန့် ...ောက်ချားဖွယ် ကျန်ရစ်ခဲ့သည်။ ပစ္စုပ္ပန်ကလည်း ပြင်းထန်သောအဟုန်ဖြင့် ...ာဂတ်ဆီသို့ ပြေးလွှားနေသည်။

'ဘရစ်ဂျစ်ရေ၊ ကိုယ်ကတော့ သည်ပြတိုက်ကိုကြည့်ရတာ ရှင်းလင်း ...ြည်လင်တဲ့ လူ့အဖွဲ့အစည်းဟောင်းနဲ့ ညစ်ထေးနောက်ကျူနေတဲ့ လူ့အဖွဲ့ ...စည်းသစ်ရဲ့ ခြားနားမှုကို သွားတွေ့တယ်။ ခေတ်သစ်ကလည်း ရှုပ်ထွေး ...ထက် ရှုပ်ထွေး၊ နက်နဲသထက် နက်နဲလာတာကိုး။ ဒါကို ပညာရှင်တွေ ... Growing complexity လို့ ခေါ်တာပဲ'

'Human gap ကို ပြောတာလား'

'Human gap တော့ မဟုတ်ဘူးကွ။ လူသားကွာဟမှု ဆိုတာက ...ဘက်ခေတ်သစ်ရဲ့ ပြဿနာပါ။ ကြီးထွားလာတဲ့ ခေတ်သစ်ရှုပ်ထွေးမှု

ကို ခေတ်သစ်လူတွေကပဲ ကိုင်တွယ်မဖြေရှင်းနိုင်တာကိုခေါ်တာ။ ခေတ်သစ်လူနဲ့ ခေတ်သစ်ပြဿနာ ကွာဟမှုကို Human gap ခေါ်တာပါ'

'သည်ကွာဟမှုကို လူတွေက မဖြေရှင်းနိုင်ဘူးလား'

'ပညာရှင်တွေကတော့ သည်ကွာဟမှုကို ကျဉ်းမြောင်းသွားအောင် သီဝရီအမျိုးမျိုးနဲ့ တံတားထိုးကြည့်ကြတယ်။ ဖြစ်နိုင်ချေသီဝရီတွေပေါ့လေ။ သီဝရီတွေကို ပြောရင်တော့ အများကြီးပဲ။ ဒါ ထားပါတော့နော်။ တချို့က လည်း သည်လို တံတားထိုးကြည့်တာဟာ ရန်ပွဲဖြစ်နေတုန်း အပေါ်စီးက တရားဟောတာမျိုးဖြစ်နေတယ်လို့ ခနဲ့တယ်။ Above the fray လို့ သုံးတယ်'

'နည်းနည်းတော့ သဘောပေါက်ပြီ၊ ခေတ်လူနဲ့ ခေတ်ပြဿနာ ပဋိပက္ခကွာဟမှု ဆိုတာကို နမူနာတစ်ခုလောက် ပြောပါလား။ ဘယ်လိုဟာလဲ'

'သည်လို ဘရစ်ဂျစ်ရဲ့ ဆိုပါတော့။ အခုက ကွန်ပျူတာခေတ်။ ဒါကို တီထွင်သူတွေက လူတွေ ဟုတ်တယ်နော်။ လက်ငင်းပြဿနာက ကွန်ပျူတာက လူသားဆန်ဖို့နီးလာပြီ။ လူ့ဦးနှောက်က စက်ဆန်လာတာမျိုးတွေဟာ သိပ္ပံခေတ်လွန် ပြဿနာပေါ့။ ဒါက ဥပမာတစ်ခုပေါ့လေ'

'ဒါဖြင့် ဝင်း စောစောကပြောတဲ့ ရိုးရှင်းတဲ့ လူ့အဖွဲ့အစည်းဟောင်းနဲ့ ရှုပ်ထွေးတဲ့ လူ့အဖွဲ့အစည်းသစ်ခြားနားမှု ကြီးမားလာတာကကော ဘာကြောင့်လဲ'

'ပညာရှင်တွေကတော့ အချက်သုံးချက်ကို တင်ပြကြည့်နေကြတယ်။ ပထမတစ်ချက်က အတိတ်ကာလဟောင်းနဲ့ ပစ္စုပ္ပန်ကာလသစ်ဟာ စွမ်းအင် ပြဿနာ မတူတာကြောင့် ဖြစ်ရတယ်။ နံပါတ်နှစ်က သိပ္ပံနဲ့ နည်းပညာ အခြေအနေချင်း မတူတော့တာနဲ့ တတိယအချက်က ယဉ်ကျေးမှုဥပဓိ သဘောလက္ခဏာတွေ ကွာခြားသွားတာကြောင့် ဖြစ်ရတယ်လို့ ဆိုတာပဲ'

'အိုကေ'

'မအိုကေနဲ့ဦး၊ သိပ္ပံနဲ့ နည်းပညာဖြစ်ထွန်းမှုကြောင့်ပဲ ဆက်သွယ်ရေး မီဒီယာတွေ ခုန်ပျံကျော်လွှားလာလို့ တစ်ကမ္ဘာလုံး ယဉ်ကျေးမှုတစ်မျိုး



...စ်စားတည်းပြဿနာ[1] လာတော့မတဲ့၊ လူတွေမှာ စိတ်အခြေခံယဉ်ကျေးမှု အခြေခံပြိုကွဲမှု[2]တွေ ပေါ်လာလိမ့်ဦးမတဲ့'

'တော်ပြီကွာ၊ ကိုယ်တော့ ပြတိုက်ထဲက ရှေးလူတွေလိုပဲ နေတော့ ...ယ်။ ဝင်းလည်း ကျစ်ဆံမြီးများများပါတဲ့ ဦးထုပ်တစ်လုံး ရှာတော့'

'အိုကေ'

သစ်တောအုပ်စိမ်းစိမ်းဘေးက ကားတန်းကြီးဆီကို လျှောက်လာခဲ့ကြသည်။ ဘရစ်ဂျစ် ကနေ့တော့ အားပုံရသည်။ သူမလက်ထဲက ကားသော့ ...ဲ့ ကားတံခါးကို ချိန်လိုက်တော့ အတွင်းက Lock တွေ ပွင့်သွားသည်။ ... ဗိုက်ဆာနေပြီ။ ရေလည်းချိုးချင်လှပြီ။ မနက်စောစောကတည်းက ...နေးဂျီးစ်ကို ရောက်ခဲ့ပြီ။ နောက် ရှေးဟောင်းလူတွေဆီကို ရောက်ခဲ့ပြီ။ ...မှ ဟုတ်တိပတ်တိမစားရသေး။ ဘရစ်ဂျစ်ကတော့ ပြတိုက်ကိုကြည့်ပြီး ...င် တစ်ခုခုစားကြတာပေါ့ဟု ဆိုခဲ့သည်။ သတိကော ရသေးရဲ့လား။ ...စ်ခါက ကဖေးဆိုင်တစ်ဆိုင်မှာ အေးအေးဆေးဆေး ထိုင်ကြရအောင်ဟု ...ဖူးသည်။ သူ ကော်ဖီမသောက်ချင်ပါ။ ဗိုက်ဝသွားအောင် အဖတ်စားချင် ...သည်။ ဘရစ်ဂျစ်ကတော့ မဟတ္တမဂန္ဓီ ရိပ်သာလမ်းမကြီးပေါ်က လျှော ...က်လိုက်ကာ ချားလ်စ်ဒီဂေါလ် လမ်းမကြီးဘက်ကို ဦးတည်လိုက်သည်။

'သည်နေရာက ရပ်ကွက်ကြီးနံပါတ် ဆယ့်ခြောက်ဧရိယာထဲမှာ ...င်းရဲ့။ ပါရီကို ရပ်ကွက်ကြီးနှစ်ဆယ်နဲ့ ဖွဲ့စည်းထားတယ်လို့ ပြောခဲ့ဖူး ...ယ် ထင်တယ်။ ဖွဲ့စည်းပုံက နာရီလက်တံအတိုင်း ခရုပတ်ပုံလို့ ဆိုရ ...ယ်။ ဆိုလိုတာက ရပ်ကွက်ကြီး တစ်နှစ်သုံးလေးက တစ်ဆက်တည်း ...ခွေပြီး ပတ်သွားတာလေ။ မျက်စိထဲ မြင်သလား။ ခြင်ဆေးခွေလိုလေ'

'မြင်ပြီ၊ သဘောလည်း ပေါက်ပြီ'

'မင်း မနေ့က သွားတယ်ဆိုတဲ့ ကျူးလရီးစ်ဥယျာဉ်ဆိုတာ ရပ်ကွက် ...စ်ထဲမှာ ပါတာပေါ့၊ ဆိန်းမြစ်နဲ့ကပ်လျက် ရပ်ကွက်တွေက တစ်၊ လေး၊ ...း၊ ခြောက်၊ ခုနစ်၊ ရှစ်တွေပဲ။ မင်းတို့ဟိုတယ်က ခုနစ်ထဲမှာ'

---

၁။ Cultural Homogenization

၂။ Cultural and Psychological disintegration

'ဟိုတယ်ဆိုလို့ ကိုယ့်ကို ဟိုတယ်ပြန်ပို့ကွာ၊ ရေချိုးလိုက်ချင်သေးတယ်။ ဘောလုံးပွဲကြည့်မှာနဲ့'

'ကောင်းတယ်၊ ကိုယ်လည်း ခဏပြန်ပြီးမှ လာခေါ်မယ်။ မင်းဖွင့်ပွဲတော့ မီချင်မှမီမှာနော်။ ကိုယ်က ရန်းဂျီးစ်ကပြန်ရန် အိမ်တန်းပြန်ဖို့ စိတ်ကူးထားတာ။ လက်မှတ်တွေ ထားခဲ့လို့'

'ရပါတယ်၊ ကိုယ် ဟိုတယ်က စောင့်မယ်လေ'

'နေဦး တို့ တစ်ခုခုစားကြဦးစို့။ မင်းတော့ မသိဘူး၊ ကိုယ်တော့ ဆာနေပြီ။ ပြတိုက်ထဲတုန်းက ပေါင်မုန့်ညိုညိုကြီးတွေ စားချင်လို့ မှန်တွေ ခွဲမိတော့မလို့ကွ။ ပေါင်မုန့်တွေက ပလာစတာတွေ ဖြစ်နေလို့'

ဖွင့်ပွဲအခမ်းအနားကို ကြည့်ချင်သော်လည်း ဘရစ်ဂျစ်ကို အားနာနေပြီ။ တစ်မနက်လုံး ကားမောင်းရင်း သူ့ကို အချိန်တော်တော်များများ ပေးခဲ့သည်။ ပြီးတော့ ညနေ သူ့ကို စိန့်ဒဲနစ်စ်ကို လိုက်ပို့လိမ့်ဦးမည်။ သူနှင့် တစ်ချိန်လုံး တကောက်ကောက်ဆိုတော့လည်း စောဒကမတက်ချင်တော့။ ဘရစ်ဂျစ်ကတော့ စားသောက်ဆိုင် တစ်ဆိုင်ဆိုင်ကို မောင်းနေပုံရသည်။

'ညက ဘယ်သူနဲ့ လမ်းလျှောက်တာလဲ။ နေဦး စက်ဘီးနဲ့သွားရင်လည်း သွားလို့ရတယ်နော်။ ဖုန်းဆက်လိုက်ရုံပဲ။ 'Ride-A-Bike'တဲ့ စက်ဘီးငှား ကုမ္ပဏီရှိတယ်။ ဖုန်းနံပါတ်မှတ်ထား ၀၁၄၇၈၁၃၈၁၈ ဖုန်းဆက်လိုက်ရင် လာပို့တယ်'

'ကိုယ် စက်ဘီးမစီးတတ်ဖူးကွ။ ကိုယ်တို့နိုင်ငံက အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ ကိုယ် အဲဒါတော့ သွားတူတယ်'

ဘရစ်ဂျစ်က ပြုံးသည်။ ပြင်သစ်မှာ ဧည့်သည်တွေအတွက် အစစအရာရာအဆင်ပြေသည်။ တိုင်းတစ်ပါးကလာသည့် ဧည့်သည်ပေမဲ့ mobile phone တွေ ငှားထားလို့ရသည်။ ဖုန်းငှားခ သီးသန့်မပေးရဘဲ ဆက်သွယ်ရေးဌာန၏ ကျသင့်အခွန်အခကို ဆောင်ရုံ။ ပြီးတော့ ခရစ်ယာန်ဘာသာဝင်ဆိုလျှင် ပါရီရောက်တုန်းရောက်ခိုက် မြို့လယ်က The American Church ကို တနင်္ဂနွေ ဘုရားကျောင်း တက်နိုင်သည်။ ပြီးတော့ Computer rental တွေလည်း ရှိသည်။ Notebooks, Desktops, Printer, Optional fax-modern, Internet စသဖြင့် ငှားရမ်းထားကာ သုံးနိုင်သည်။



ဘ နာရီက လပြတ်စနစ် ငှားထားလို့ရတာတွေကလည်း တစ်ပုံကြီး။ အထူးသဖြင့် ခရီးသွားလုပ်ငန်း အေဂျင်စီတွေက နိုင်ငံခြားသားဧည့်သည်တွေအတွက် စစ်တမ်းပုံစံတွေ ဟိုတယ်တိုင်းမှာ ပေးထားတတ်သည်။ ဧည့်သည် တော်တော်များများကလည်း စိတ်ပါလက်ပါ ဖြည့်ပေးတတ်ကြသည်။ ပုဂ္ဂိုလ်ရေး လွတ်လပ်မှုကို စပ်စုခြင်းမဟုတ်ဘဲ နောက်တစ်ကြိမ် ပါရီကိုလာလျှင် မိုကောင်းမွန်သော ထိတွေ့မှုရရှိနိုင်ရန် ဖြစ်သည်။ ဥပမာ 'ပါရီကို ဘာ ဘာလုပ်တာလဲ' ဆိုလျှင် ကုန်သွယ်ရေးပြပွဲ လာတာလား၊ ကွန်ဖရင့် လာ ဘက်တာလား၊ စီးပွားရေးလား၊ အပန်းဖြေခရီးလား၊ ဘောလုံးပြိုင်ပွဲလာတာ လား၊ ဒါမှမဟုတ် ဘာလာလုပ်တာလဲ ဆိုတာတွေ မေးထားသည်။ ဟိုတယ် ဒါမှမဟုတ် စားသောက်ဆိုင်တစ်ခုခုကို ရွေးချယ်တယ်ဆိုပါတော့။ လူကြီးမင်း ဘာကိုအဓိကထားရွေးပါသလဲ၊ နေရာဒေသလား၊ ဈေးနှုန်းလား၊ အစားအသောက် အမျိုးအစားလား၊ ကဖေးဆိုင်တွေနဲ့ နီးလို့လား၊ အမြန်စာ ဒါမှမဟုတ် အဝေးသယ်စာ[၁] ရလို့လား ဆိုတာမျိုး။

ပါရီကိုတော့ ရောက်နေပြီ၊ လူကြီးမင်း ဘယ်နေရာတွေကို ပိုပြီး စိတ်ဝင်စားသလဲ သိပါရစေ။ ခေါင်းစဉ်အောက်မှာ ဆိုလျှင်တော့ ပန်းချီပြခန်းတွေလား၊ ရှေးဟောင်းပစ္စည်းဆိုင်တွေလား၊ ယဉ်ကျေးမှုဆိုင်ရာ နေရာတွေ လား (ဥပမာ အော်ပရာ၊ ဘဲလေး စတာတွေ)၊ ပြဇာတ်၊ သီယေတာ၊ ပွဲ တော်တွေလား၊ Department Stores တွေလား၊ Shopping Malls တွေ လား၊ လက်လီဆိုင်တွေလား၊ အလှကုန်ဆိုင်တွေလား၊ နိုက်ကလပ်တွေလား၊ ဂျတ်ဇ်ကလပ်တွေလား၊ စားသောက်ဆိုင်တွေလား၊ ကဖေးတွေလား၊ ရှုခင်း ကြည့် ခရီးစဉ် (Scenic Tours) တွေလား၊ သယ်ယူပို့ဆောင်ရေး ယာဉ်တွေ ကို စိတ်ဝင်စားတာလား၊ အားကစားကိစ္စတွေလား စသဖြင့် မေးထားတတ် သည်။

သည်တစ်ခေါက် ဘာတွေ ဝယ်ထားဖြစ်သလဲ ဆိုတာမှာလည်း ပစ္စည်းအမယ်အစုံစုံ ဖော်ပြထားသည်။ ပါရီရောက်လို့ လူကြီးမင်း ဘယ်ဝန် ဆောင်မှုတွေမှာ အဆင်မပြေဖြစ်နေရသလဲ ဆိုတာမှာတော့ တယ်လီဖုန်း ငှားရတာလား၊ ကားငှားရတာလား၊ ပန်းစည်းပေးချင်တာများကော အဆင်

၁။ Fast Food or Take Away

မပြေဖြစ်နေသလား၊ ခရီးသွားလုပ်ငန်းတွေကကော ဟန်ကျရဲ့လား၊ ဘဏ် တွေကများ စိတ်ညစ်နေရသလားတဲ့။ ပါရီမှာ စာအုပ်တွေ ဖတ်ရတာကော ကောင်းရဲ့လား၊ ခေါင်းစဉ်အောက်မှာတော့ သတင်းပေးထားတာတွေ ကောင်း ရဲ့လား၊ အဖုံးတွေကကော၊ အဆင်အပြင်တွေကကော၊ စာမျက်နှာနံပါတ်တွေ ကကော၊ မဂ္ဂဇင်းအရွယ်အစားတွေ၊ ဓာတ်ပုံအရေအတွက်တွေ၊ အယ်ဒီတာ့ အမှာစကားတွေ၊ ကြော်ငြာတွေ၊ စာမျက်နှာ အထူအပါးကအစ စိတ်တိုင်းကျ ပါရဲ့လား စသည့် မေးခွန်းပေါင်းများစွာကို ကိုယ့်သဘောထားအတိုင်း ပွင့်ပွင့်လင်းလင်း ဖြေနိုင်သည်။ သူကတော့ သည်စစ်တမ်းကောက်ယူမှုတွေ ကို နှစ်သက်သည်။ ဖြေဖို့လည်း စိတ်ကူးထားသည်။ ဒါက စစ်တမ်းနှင့် ပတ်သက်၍ သတိရသလောက် ရေးပြခြင်းဖြစ်သည်။ မေးခွန်းကြီး သုံးဆယ် ကျော်မှာ မေးခွန်းငယ်တွေ တော်တော်များများ မေးထားတာကို အမှန်ခြစ် စနစ် (✔) နဲ့ ဖြေရုံ။

'ဘရစ်ဂျစ်ရေ 'A little something about why you're here' Survey ကို ကိုယ်တော့ သိပ်သဘောကျတယ်။ ဒါမျိုးတွေကို တိုင်းတစ်ပါး သားတွေက အရှိအတိုင်းဖြေသွားတော့ ကိုယ့်နိုင်ငံကလည်း လိုတာတွေ ပြင်နိုင်တာပေါ့။ အထူးသဖြင့် ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းတွေက သည်လို စစ်တမ်းတွေနဲ့ သဘောထားယူသင့်တယ်'

ဘရစ်ဂျစ်ကို သူ ပြောခဲ့ဖူးသည်။ ဘရစ်ဂျစ်က သည်လိုစစ်တမ်းတွေ သူတို့ဆီမှာ သိပ်တော့မဆန်းလှပါဟု ဆိုသည်။ စစ်တမ်းအမျိုးမျိုးကို ပြင်သစ် သူ ပြင်သစ်သားတို့ လိုလိုလားလား ဖြေကြသည်ဟုလည်း ပြောပြသည်။ စစ်တမ်းတစ်ခုခုကို ဖြေလိုက်ခြင်းက ကောင်းကျိုးတစ်ခုခုကို ဆောင်ကြဉ်း လာဖို့ ကိုယ်ကပါ တစ်တပ်တစ်အား ပါဝင်လိုက်ရခြင်းဖြစ်သည် ဆို၏။

ဘရစ်ဂျစ်က အေးချမ်းဆိတ်ငြိမ်သည့် လမ်းမကြီးအတိုင်း မောင်းလာ ခဲ့သည်။ သည်လမ်းမကြီးမှာတော့ လူတွေ ကြွက်စီကြွက်စီ ပဒူအုံတုတ်ထိုး ဖြစ်မနေပါ။ ပကတိအေးချမ်းသည့် ခြံဝင်းကျယ်တွေ စီကာစဉ်ကာ ရှိသည်။ ပါရီမြို့စွန်၏ လူကုံထံရပ်ကွက် ဖြစ်လိမ့်မည်။ လမ်းပေါ်မှာတော့ ခွေး တစ်ကောင် လူတစ်ယောက်နှုန်းနှင့် ခွေးပြိုင်ပွဲလုပ်နေတာနှင့်ပင် တူသည်။ အထူးသဖြင့် ပြင်သစ်အဘွားကြီးတွေက ခွေးတစ်ကောင်စီကိုဆွဲကာ တအိအိ



လမ်းလျှောက်နေတာ ဖက်ရှင်လေလား။ နေရာအနှံ့မှာ သည်မြင်ကွင်းရှိသည်။ နွေဦးကြွေ သစ်ရွက်ရော်ရီတွေက ဆိတ်ငြိမ်လမ်းမပေါ်မှာ တဖျော့ဖျော့ ပြေးနေသည်။ ချက်ခနတ်ပင် ရိုးတံရှည်တွေကတော့ ပင်စည်ရိုးတော်တော် မြင့်မြင့်ရောက်မှ သစ်ရွက်တွေကို ချီမပွေ့ပိုက်ထားတာနှင့် တူသည်။

ကားကလေးက ဝင်းကျယ်ကြီးထဲ ချိုးဝင်လိုက်သည်။ သွားခင်းတွေ လိုက်ရတာကတော့ ဆွတ်ဆွတ်ဖြူအောင် ဆေးသုတ်ထားသည့် ကုလားထိုင် လှလှကလေးတွေ ဖြစ်သည်။ စားပွဲတွေမှာတော့ တောက်ပသည့် အဖြူရောင် စားပွဲခင်းတွေ။ ပြီးတော့ စားပွဲပေါ်မှာ ရောင်စုံပန်းခြင်းကလေး တစ်ခုစီ တင်ထားသည်။ သည်စားပွဲဖြူကြီးတွေရဲ့ နောက်မှာတော့ ချက်ခနတ်ရိုးတံ ရှည် စိမ်းစိမ်းအပင်ကြီးတွေက အုပ်မိုးထားသည်။ ထောင့်လေးထောင့်မှာ အညိုရောင် မီးတိုင်ကြီးတွေ ရှိသည်။ မီးလုံးတွေကိုဖျောက်ထားသည့် မီးပန်း အိုးကြီးတွေကလည်း အဖြူပါပဲ။ အုတ်သားကို အလှဆင်ထားသည့် တိုက်ခံ အိမ်ကလေးရဲ့ နံရံပေါ်မှာတော့ တိုက်ကပ်နွယ်တွေ ထူထူထဲထဲ။ အမိုးစွန်း အောက်နားမှာတော့ ၁၈၂၅ ဆိုသည့် သက္ကရာဇ်ပြဂဏန်းကို ထွင်းထားသည်။ စားပွဲဖြူတွေရဲ့ဘေးမှာ မြက်ခင်းစိမ်းနှင့် ပန်းပွင့်ရောင်စုံ။ ပြီးတော့ တမျှော် တခေါ်ကြီး ဖြစ်သည်။ စားပွဲတွေပေါ်မှာတော့ နေရောင်ခြည်ကျသည့်အရာက ကျနေကာ ချက်ခနတ်ပင်ရိပ် ထိုးသည့်နေရာက ထိုးနေသည်။

အသံဆိုလို့ လေတိုက်တိုင်းလှုပ်နေသည့် ခေါင်းလောင်းကလေးတွေ ဆီက အသံတွေပဲရှိသည်။ ပြီးတော့ ဝင်းကျယ်ကြီးထဲမှာ တတောက်တောက် လမ်းလျှောက်နေသည့် ဥဒေါင်းငှက်များ။ ဒါကိုပဲ 'တိရစ္ဆာန်ပန်းပုများကို ပြင်ပ၌ ပြသခြင်း'ဟု ဆိုသည်။ တချို့ညဘက်တွေမှာတော့ ရှိုပင် ပွဲတော် ဂီတညတွေ ရှိတတ်သည်ဆို၏။ ပီယာနိုကွန်ဆာ့ထ်တွေလည်း ရှိတတ်သည် ဆိုပါ၏။

'ဒီမှာက စားသောက်ဆိုင်တွေဆိုရင် စားဖိုမှူး ပြောင်းထားပါတယ်လို့ ကြော်ငြာတာရှိသလိုပဲ။ စားဖိုမှူးကြီး ကျွန်တော်တို့ဆိုင်နဲ့ ခွဲမသွားသေးပါဘူး လို့ ဂုဏ်ယူပြီး ကြော်ငြာကြတာလည်း ရှိတယ် ဝင်းရဲ့။ တချို့ကတော့ မျက်နှာကြက်ပန်းချီတွေ ရှိပါတယ်တို့၊ တချို့ကတော့ အင်မတန် တိတ်ဆိတ် အေးချမ်းပါတယ်၊ တချို့ကတော့ ရိုးရာပုံစံအတိုင်း ချက်ပါတယ်လို့ ကြော်ငြာ

ပြီး တချို့ကျတော့လည်း ရိုးရာချက်နည်း ပြုတ်နည်းတွေ စွန့်လွှတ်လိုက်တာ ကြာပါပြီ စသဖြင့် ကြော်ငြာကြတယ်'

'ဒီဆိုင်ကကော ဘယ်လိုကြော်ငြာသလဲ ဘရစ်ဂျစ်

'ဆန္ဒမစောပါနဲ့၊ စားသောက်စာရင်း[1] ကို သမိုင်းသင်ခန်းစာလို ကျေညက်စွာ နားလည်ပြီဆိုမှ မှာပါတဲ့ကွ၊ ဆိုလိုတာက မီနူးဆိုတာက နိုင်ငံ့သမိုင်းလိုပဲ အရေးကြီးသတဲ့။ ဆိုးမွေးတွေ ထားခဲ့တတ်ဖို့နဲ့ ကောင်းမွေ ကို ဆက်ခံတတ်ဖို့ လိုတယ်ဆိုတဲ့ သဘောပဲ၊ ဟုတ်တယ်နော်။ တော်တော် များများက ဆိုင်ထဲဝင်လာပြီး အဆင်ပြေသလို မှာစားလိုက်တာချည်းပဲ ဝင်းကော'

'အဲဒါ အမှန်ပဲ၊ သူငယ်ချင်းတွေနဲ့ ဆိုင်သွားရင် ကိုယ်က မမှာတတ် ဘူး။ သူများ မှာတာတွေကလည်း တစ်ခါတစ်ခါ ကိုယ့်အကြိုက်မဟုတ်ပြန် ဘူးလေ။ ရန်ကုန်ရောက်ရင်တော့ မီနူးကို ရာဇဝင်သမိုင်းလို လေ့လာတော့ မယ်'

ဘရစ်ဂျစ်က သည်လိုဆိုင်မျိုးကို ခေါ်လာလိမ့်မည်မထင်ပါ။ ပြီးတော့ ရေမချိုး မိုးမချိုး ရှိုးစမိုးမပါဘဲ ညှင်းသိုးသိုးဝင်လာခဲ့ရခြင်း ဖြစ်သည်။ ဆာသည်ဆိုသော်လည်း ပေါ့ပေါ့ပါးပါး တစ်ခုခုလောက်စားဖို့သာ စဉ်းစား ထားခဲ့သည်။ ခုတော့ ဆိုင်က ကြီးကျယ်ခမ်းနားလှသည်။ အရိပ်ကျနေသည့် ချက်စနတ်ပင်တွေရဲ့ အောက်က စားပွဲတစ်လုံးကို သူတို့ ရွေးချယ်လိုက် သည်။ တောက်ပသော အစိမ်းရင့်လည်စည်းနှင့် ပန်းနုရောင် ရှပ်အင်္ကျီဝတ် စားပွဲထိုးလူငယ်က ဘရစ်ဂျစ်ကို ပြင်သစ်ဘာသာနှင့် လာမေးနေသည်။

'သည်မှာက အင်္ဂလိပ်စကားပြော စားသောက်ဆိုင်ပါ ဆိုတာကို တကူးတက ကြော်ငြာလေ့ရှိတယ်။ နိုင်ငံခြားသားတွေအတွက်ပေါ့။ ပြီးတော့ သက်သတ်လွတ်သမားတွေအတွက် ရနိုင်တာတွေလည်း ကြော်ငြာလေ့ ရှိ တယ်။ ဗီယက်နမ်၊ တရုတ်၊ အိန္ဒိယနဲ့ အာရပ်အစားအစာတွေကို ပြင်သစ်တွေ ကြိုက်တယ်'

စားပွဲထိုးပြန်သွားပြီး တော်တော်ကြာတဲ့အထိ အစားအစာတွေ ရောက်လာနိုင်သေးပါ။ သူ့အတွေ့အကြုံအရ များသောအားဖြင့် အစားအစာ

၁။ Menu



တွေ ကြာတတ်ပါသည်။ ခံတွင်းရှင်း အရက်တစ်ပုလင်း၊ ပုစွန်ကြော်တစ်ပွဲနှင့် အသည်းပြုတ်တွေ အရင်မှာထားသည် ဆို၏။

'ကျူးဘားတွေ၊ ရုရှားတွေ၊ ဂျပန်တွေ၊ အမေရိကန်တွေကလည်း သူတို့ဟန် ချက်နည်းပြုတ်နည်းတွေနဲ့ လာဖွင့်ကြတာလည်း အများကြီးပဲကွ။ ပြင်သစ်ကတော့ ဘာသည်လာလာ ကုန်တယ်ဆိုတဲ့ တိုင်းပြည်ထင်ပါရဲ့ကွာ။ မီနူးဖြစ်ကြတာ များတယ်'

ဘရစ်ဂျစ်က ပြင်သစ်စားသောက်ဆိုင်တွေအကြောင်း ပြောပြတာ လည်း စိတ်ဝင်စားဖို့ ကောင်းသည်။ သည်မှာက ဘိုးဘေးစဉ်ဆက် ရိုးရာ ထိန်းသိမ်းတာကို ဂုဏ်ယူစရာအဖြစ် မြင်သည်။ ဆိုပါတော့ တချို့ဆိုင်တွေ ဆိုလျှင် သက္ကရာဇ် ၁၇၀၀ ကျော် ကာလတွေကတည်းက ထိန်းသိမ်းလာခဲ့ ကြတာတောင် ရှိသည်။ ဘိုးကြီးဘေးကြီးခေတ်က ဆိုင်အပြင်အဆင် ဒါမှ မဟုတ် လက်ကျန်သစ်သား ကနုတ်ပေါင်းတွေကို ခေတ်သစ်ဟန် ပြင်ဆင်မှု တွေထဲမှာ ညှပ်သုံးကာ သက်တမ်းရင့်ဆိုင်ဖြစ်ကြောင်း ပြသထားတတ်သည်။ တချို့ဆိုင်တွေကတော့ ဘိုးဘွားတို့၏ နေရင်းဒေသကို ဆိုင်အမည်အဖြစ် သုံးကာ ဒေသစာတွေ ရောင်းချတတ်တာလည်း ရှိသည်။ တောက်ပသည့် ပရိဘောဂ၊ လှပသည့် အပြင်အဆင်၊ တည်ငြိမ်သည့် ပသာဒ၊ လိုအပ် သလောက် ပေးထားသည့် မီးရောင်နှင့် တေးဂီတ၊ တည်ငြိမ်သည့် ဈေးနှုန်း တွေကို စားသောက်ဆိုင်တိုင်းမှာ တွေ့နိုင်သည်။

'ဆိုင်တစ်ဆိုင်ကဆိုရင် ကြော်ငြာတာ သိပ်ကောင်းတာပဲ။ ကမ္ဘာ ကျော် လုဗ်ပြတိုက်ကြီးကို ရောက်အောင်သွားလိုက်စမ်းပါတဲ့။ ပြီးတော့ နာရီတော်တော်ကြာ ခံစားပစ်လိုက်ပါဦးတဲ့။ ပြီးရင်တော့ မိုနာလီဆာရှိတဲ့ ခန်းချီခန်းမဆောင်ကြီးထဲကို လျှောက်လာခဲ့ပါတဲ့။ ပြီးတော့ မိုနာလီဆာနဲ့ မျက်နှာချင်းဆိုင်မှာ ရပ်လိုက်ပြီး မိုနာလီဇာရဲ့ မျက်လုံးတွေကို စူးစူးနစ်နစ် ကြီး စိုက်ကြည့်လိုက်ပါဦးတဲ့။ မိုနာလီဇာရဲ့ မျက်လုံးတွေကို တော်တော် ကြာကြာ ကြည့်ပြီးတော့မှ ရင်ထဲက တွေးလိုက်စမ်းပါတဲ့။ ကျွန်တော်တော့ ဗိုက်ဆာနေပြီလို့ တဲ့။

'ပြောပါဦး၊ ပြီးတော့ကော…'

ဒါပဲကွ။ ပြီးတော့မှ ကျေးဇူးတင်စွာဖြင့် ကျွန်တော်တို့ကို ချီးမွမ်းနိုင်

ပါတယ်တဲ့လေ။ မိန္နာလီဇာက သူ့ဆိုင်ကို မျက်လုံးတွေနဲ့ပဲ ညွှန်းလိုက်သည် လို့ပေါ့။ ပြီးတော့ ရှိသေးတယ်ကွ၊ ကြော်ငြာတာတစ်ခုက ကျွန်တော်တို့ဆိုင် နံရံပေါ်မှာဆွဲထားတဲ့ ပန်းချီကားကို ကြည့်ဖြစ်အောင် ကြည့်သွားဦးနော်တဲ့။ လက်ရာမွန် ကောင်းကောင်းကြီးတော့ မဟုတ်ပါဘူးတဲ့။ ပြီးတော့မှ ကမ္ဘာကျော် မင်းသားကြီး ဂျွန်ဝိန်း ခြစ်ထားခဲ့တာလေတဲ့။ ရယ်ရတယ်နော်'

အရက်ပုလင်း ရောက်လာသည်။ သူက တံဆိပ်ကို ဖတ်ကြည့်တော့ စပိန်နိုင်ငံလုပ် ခံတွင်းရှင်းအရက် ဖြစ်သည်။ အမြည်းတွေလည်း ရောက်လာသည်။ တကယ်တော့ အမြည်းမဟုတ်ပါ။ ပထမဆုံး ပဏာမအစားအစာသာ ဖြစ်လိမ့်မည်။ နောက်ထပ်မှာထားတာတွေ တစ်မျိုးပြီးတစ်မျိုး လာလိမ့်မည်။ စားနိုင်အောင်သာ စားပေတော့။ ဘရစ်ဂျစ်က အရက်ကို ခွက်ကြည်ကြည်ကလေးတွေထဲမှာ သေသေချာချာချိန်ထည့်သည်။ အရက်လေး နည်းနည်းသောက်နဲ့တော့ဖြင့် စိတ်ဝမ်းမကွဲချင်ပါဘူးဟုလည်း တိုးတိုးကလေး နောက်လေသည်။

'အီတလီစားသောက်ဆိုင်တွေ မှာစားရင် ဇူချီးနီး[၁] ဆိုတဲ့ အစေ့မပါတဲ့ အသီးကလေးတွေနဲ့ ဟင်းတွေ ရတတ်တယ်၊ ဒါကို ဆိတ်နို့ကချက်တဲ့ ဒိန်ခဲရယ်၊ ခရမ်းချဉ်သီး စွပ်ပြုတ်အေးရယ်နဲ့ဆိုရင် တကယ်နိပ်တယ်။ ကိုယ်တော့ သိပ်ကြိုက်တာ။ အီတလီ ဂန္ထဝင်ဟင်းအမယ်လို့ ပြောတာပဲ'

သူကတော့ နှစ်ခွက်လောက် သောက်ပြီးကတည်းက စပိန်နိုင်ငံကို ပြောင်းချင်နေသည်။ စပိန်တွေကတော့ နွားရိုင်းနဲ့သတ်လိုက်၊ အရက်ကလေး ချက်လိုက်များ လုပ်နေကြသလား။ သူ တရုတ်နိုင်ငံ နယ်စပ်ခရီးတွေမှာ ကမ္ဘာကျော် ကွမ်ဖြူးရှပ်ခေတ် အရက်တွေကို သောက်ခဲ့ဖူးသည်။ ရှေးရိုး အရက်ချက်နည်းကို ခေတ်သစ်နည်းပညာနှင့် ပေါင်းစပ်ထားပြီး ချက်ထားတော့ ကောင်းပေမပေါ့။ ဒါပေမဲ့ သူ့စိတ်ထဲ အမွှေးနံ့တွေပါနေတာ မကြိုက်ပါ။ စပိန်အရက်ကတော့ အရက်၏ရိုးဂုဏ်ဖြင့် ကောင်းနေတာမျိုး ဖြစ်သည်။ နှစ်ခွက်လောက်သောက်ပြီး မှတ်ချက် ပေးနေမိတာများလား။

'ပြင်သစ်နိုင်ငံ အကြီးအကဲတစ်ယောက်က မြို့တော်ဝန်ဘဝမှာ ခရီးတစ်ခုကို တာဝန်နဲ့ သွားတာပေါ့လေ။ စီးသွားတာက မီးရထားကွ။ ဒါနဲ့

၁။ Zucchini



ဉ်ကို ခဏရပ်ပြီး ဗိုက်ဆာတာနဲ့ ဘူတာတစ်ခုနဲ့နီးနီး စားသောက်ဆိုင် ဆိုင်မှာ ဝင်စားတယ်။ ပြီးတော့မှ ရထားနဲ့ ခရီးဆက်သွားတယ် ဆိုပါ လေ။ သည်တုန်းမှာပဲ အဲသည်ရထားကို ဗုံးနဲ့ တိုက်ခိုက်တာခံရတယ်။ မှတော့ မဖြစ်ပါဘူး။ ဒါပေမဲ့ အဲသည်ဆိုင်က နာမည်ကြီးသွားတယ်။ တွေ စိတ်ဝင်စားသွားတဲ့ သတင်းနဲ့လည်း ဆက်စပ်နေတာကိုး။ ဆိုင်က ပြောတယ် ထင်သလဲ ဝင်း၊ စားသောက်ဆိုင် တော်တော်များများဟာ ဘကြီးရဲ့အသက်ကို မကာကွယ်နိုင်ပါဘူးတဲ့လေ'

နောက်ထပ် ဟင်းမယ်တွေကတော့ အအေးခံယုန်သား၊ နွားကလေး ၊ ကြက်သားကို ဆေးဖက်ဝင် သစ်ဥသစ်ဖုတွေနှင့် ရောထားသည့် အစားအစာတစ်မျိုး ဖြစ်သည်။ ပြီးတော့ ကော်ရည်တွေတချွဲချွဲ။ သူကတော့ မှမစားချင်တော့ပါ။ Veal ဆိုတာကို ပထမတော့ နွားကလေးသားမှန်း ၊ ဘရစ်ဂျစ်က ရှင်းပြတော့မှ ပိုလို့တောင်မစားချင်တော့။ သူ အမဲသား ပါ။ ရိုင်းရာကျ မကျ သူမသိသော်လည်း နောက်ထပ် သူ့ဖို့မမှာပါနဲ့ တော့ ပြောယူရသည်။ ဘရစ်ဂျစ်ကတော့ ဘဲရင်အုပ်ကင်နှင့် သစ်အယ်သီး၊ သားကင်နဲ့ ပဲဖြူဟင်းတွေတောင် ထပ်မှာနေသေးသည်ကော။

နောက်တော့ အချိုပွဲ။ ကျောက်ကျောညိုညိုတွေပေါ်မှာ ခပ်ပျစ်ပျစ် အချဉ်ရည်ရောင်စုံ ဆမ်းထားသည့် အချိုပွဲ။ အချဉ်ရည်ရောင်စုံက ပန်းကန် ဖြူပေါ်မှာ ပန်းချီဆန်ဆန် ဖိတ်စဉ်ကျနေတာမျိုး လုပ်ပေးထားတာကိုက းချင်စရာ။

အစာပိတ်ကတော့ ကော်ဖီပဲပေါ့။ အချိန်တွေ တော်တော်ကြာသွားပြီ။ တောင်စောင်းတော့မည်။ ချက်စနတ်ပင်တွေပေါ်မှာတော့ အလင်းတွေ ဆဲပါ။ စားပွဲတော်တော်များများကို ဧည့်သည်တွေ ရောက်နေသော်လည်း တိတ်တိတ်ဆိတ်ဆိတ်။

'ကော်ဖီတော့ သောက်ပါကွာ။ ကော်ဖီက စားပြီးသားအစာတွေကို ချေပေးတဲ့ အာနိသင်ရှိတယ်။ ခံတွင်းရှင်းတယ်။ စိတ်ကြည်လင် လန်းဆန်း တယ် ဝင်းရဲ့။ သိပ်တော့မကြာလှသေးဘူး ထင်တယ်။ ကိုယ်တို့ပြင်သစ်က ဆိုင်ငယ်တွေမှာရော ဆိုင်ကြီးတွေမှာပါ အမေရိကန်ကော်ဖီတွေ ရလာတာ တွေ့ရတယ်။ ကော်ဖီခွက်တစ်ဝက်လောက် သောက်တာမျိုး ဆိုပါတော့။

ကော်ဖီနဲ့ပတ်သက်ရင် ပြင်သစ်တွေက စည်းမျဉ်းခေါ်မလား၊ အစဉ်အလာ အတိုင်း ဖျော်ကြတာ။ ခုတော့ သောက်သူကစွဲလမ်းရင် ကဖိန်းရည်စပ်ပေး တာတွေ ဘာတွေ လုပ်တယ်လို့ ပြောတယ်'

'ကော်ဖီကို ဘယ်လိုလုပ်ပေးတာလဲ'

'ကိုယ်လည်း သိပ်တော့မသိဘူး။ ကိုယ်တို့ရုံးကလူတွေ ပြောတာ ကြားဖူးတာ။ ပထမတစ်မျိုးက ကော်ဖီခပ်ပြင်းပြင်းဖြစ်အောင် ရေကို ခါတိုင်း ထက် တစ်ဝက်လျှော့ထည့်ထားတာပဲ။ ပြင်သစ်နာမည်တွေတော့ ရှိတယ်။ မင်းသိမှာ မဟုတ်ဘူး။ နောက်တစ်မျိုးက ခပ်ပျော့ပျော့ကော်ဖီကို ရေနွေး ကိုင်းခွက်ကလေး တစ်ခွက်စာ ဘေးမှာထားပြီး ရေနွေးထည့်ထည့်သောက် ကြတာ။ နောက်တစ်မျိုးကတော့ ကော်ဖီကို နွားနို့ပူနဲ့ရောထားတာ၊ နောက် ထပ်တစ်မျိုးက နွားနို့ပါတယ်ဆိုရုံကလေး ပါတာတဲ့ကွ။ ကဖိန်းဓာတ်လျှော့ ထားတဲ့ ကော်ဖီရယ်လို့လည်းမှာရင် လုပ်ပေးသေးသတဲ့ရှင့်'

'ကောင်းမယ်နော်၊ နေပါဦး ကဖိန်းဓာတ်က ဘယ်လိုထည့်ပေးတာ လဲ'

'အထူးဆေးထိုးအပ်လိုမျိုးနဲ့ နေမှာပေါ့၊ နေပါဦး ဝင်း ဘာဖြစ်လို့ ကောင်းကောင်းမစားတာလဲ။ ပြင်သစ်ဟင်းတွေက မကောင်းဘူးလား။ ဒါ တောင် ကိုယ်က သိုးသားရယ်၊ အရည်ရွှမ်းငါးကြီးသား ဟင်းရယ်၊ ဖား ခြေထောက်နဲ့ သံပရာသီးချက်ရယ် ကျွေးချင်သေးတာ'

'သိုးသားနဲ့ သံပရာသီး ဟုတ်လား'

'ဖားခြေထောက်နဲ့ပါ။ သိုးသား သံပရာသီးချက်က အာဖရိက မြောက်ပိုင်းက လာဖွင့်တဲ့ စားသောက်ဆိုင်တွေမှာပဲ ရတတ်တယ်။ အဲဒါ သူတို့ရိုးရာစာလေ'

ကားပေါ်ပြန်ရောက်တော့ ဘာမှ မည်မည်ရရမစားဘဲ သူ့ဝမ်းက ပြည့်နှင့်နေသည်။ သောက်ထားတဲ့အရက်က ခပ်ပျော့ပျော့ဆိုတော့ သိပ်မမူး ပါ။ စကားပြောလို့ကောင်းရုံ၊ လန်းဆန်းကြည်လင်သွားရုံ။ ဘရစ်ဂျစ်ကတော့ သည်လောက်စားတာကို ဘာမှမဖြစ်သလို အေးအေးဆေးဆေးပါပဲ။ သူ့ကို ကြည့်ရတာ ဘယ်ကိစ္စ ဘယ်လောက်အရေးကြီးကြီး စားတာ သောက်တာ တော့ လာမလောနဲ့ ဆိုသည့်ပုံ။ သူ ကြုံခဲ့ရသမျှ ပြင်သစ်တွေစားသောက်နေ



ဘာ သည်တစ်သက်တော့ မထတော့ပါဘူးဆိုသည့် အေးဆေးမှုမျိုးနဲ့ချည်း ဖြစ်သည်။ ကော်ဖီလေးတစ်ခွက် ထိုင်သောက်ရင်း ကဖေးဆိုင်တွေမှာ ကျောက်ချနေသူတွေကကော။ သတင်းစာကိုဖတ်ရင်း၊ လမ်းသွားလမ်းလာ တွေကို ငေးရင်း၊ စကားတွေ တတွတ်တွတ်ပြောရင်း ကော်ဖီသောက်နေသူ တွေကို နာရီပေါင်းတော်တော်ကြာကြာ မပြောင်းမလဲတွေ့နိုင်သည်။

'နေပါဦး၊ စကားပြတ်သွားတယ်။ မနေ့က ဘယ်တွေကိုရောက်တယ်၊ ဘာကွန်းကော့ဒ်ပဲ ဟုတ်လား'

'ဟုတ်တယ်၊ လူတွေက များလွန်းတော့ ပြန်ထွက်လာခဲ့ရတယ်'

'မနေ့က Parade လေးပွဲ တစ်ပြိုင်နက်လုပ်တာကွ။ မနေ့က ညနေ ခြောက်နာရီမှာ ပြိုင်တူစကြတာ။ နေရာ လေးနေရာခွဲလုပ်တာ ဆိုပါတော့။ ဘျမ်းဘားကစားတဲ့ကလေး သုံးထောင့်ငါးရာကို လေ့ကျင့်ပေးထားတာ တွေ့လား။ နောက် နိုင်ငံစုံဘောလုံးဝတ်စုံ ဝတ်ပေးထားတဲ့ကလေး နှစ်ထောင့် ငါးရာလည်း ရှိသေးတယ်။ စုရပ်ကြီး လေးခုကတော့ Paris-Ecole Militaire မှာ တစ်ခုရှိတယ်။ ညဖ်တံတားကြီးမှာ စုရပ်တစ်ခု ရှိတယ်။ Place Charles-de-Gaulle မှာ စုရပ်တစ်ခု ရှိတယ်။ ပြီးတော့ ဝင်း သွားတဲ့ Place de la Concorde မှာ စုရပ်တစ်ခု ရှိတယ်။ သည်လူတွေ အားလုံး ကိုယ့်စုရပ်က ကိုယ် ထွက်လာရပြီး ပရိသတ်အင်အား သောင်း ပေါင်းများစွာနဲ့ ခြံရံထားမှာတဲ့ရှင့်။ သည်စီတန်းလှည့်လည်ပွဲကြီးက ပါရီမြို့ ဘွင်းကို ဖြတ်ကြတာပေမဲ့ ဘယ်နေရာမှာ ဘယ်လိုဆုံကြရမလဲဆိုတဲ့ အသေး စိတ် အစီအစဉ်တွေကို တာဝန်ရှိသူတွေက ကျင်းပနေဆဲအထိ လျှို့ဝှက်ထား သတဲ့။ မနေ့က ဝင်း သွားကြည့်တဲ့ စီတန်းလှည့်လည်ပွဲအတွက် ကုန်ကျ ငွေက ဖရန့် သန်းငါးဆယ်ကျော်တယ်'

'ဟုတ်တယ်နော်၊ ကိုယ်တော့ ဘယ်တော့မှမေ့မှာ မဟုတ်တော့ပါ ဘူး'

'နောက်ထပ် ဝင်း အမှတ်တရဝယ်ဖို့က တံဆိပ်ခေါင်းရယ်၊ စာအိတ် တွေရယ်၊ စာအိတ်နဲ့ ပို့စကတ်တွေက ကာတွန်းပညာရှင်တွေရဲ့ လက်ရာတွေနဲ့ ဆိုတော့ သိပ်ချစ်စရာကောင်းတယ်။ မင်း သူငယ်ချင်း မိတ်ဆွေတွေဆီကို

သည်ပို့စကတ်နဲ့ စာတွေရောက်သွားရင် ငါ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကြီး ကျင်းပရာ ပါရီမှာလေလို့ ပြောပြီးသား ဖြစ်သွားတာပေါ့'

သူ ဝယ်ထားပြီး ဖြစ်ပါသည်။ ပို့စကတ်ငါးခုပါသည့် အသင့်ဝယ်နိုင်သော စာအိတ်တွေက ချစ်စရာကောင်းလှသည်။ ပြင်သစ်နိုင်ငံ၏ ဘောလုံး ပြိုင်ပွဲကျင်းပရာ မြို့ကြီးဆယ်မြို့ အထိမ်းအမှတ်စာအိတ်တွေ ဖြစ်သည်။ အမှတ်တရ ဘောလုံးတွေလည်း ထုတ်လုပ်ထားရှိသည်။ ကိုကာကိုလာ ကုမ္ပဏီထုတ် ဘောလုံးက ဒီဇိုင်းတစ်မျိုး၊ လူဝီဗျူတန်[၁] ကုမ္ပဏီက အထူးထုတ်လုပ်သည့် သားရေဘောလုံးဒီဇိုင်းက တစ်မျိုး၊ ကမ္ဘာကျော် အားကစားပစ္စည်းကုမ္ပဏီဖြစ်သည့် အက်ဒီးဒက်စ်[၂] ဘောလုံးဒီဇိုင်းက တစ်မျိုး။ အထူးသဖြင့် ကလေးပရိသတ်က နေရာတကာမှာ သည်ဘောလုံးတွေနှင့် တအုံးအုံးဖြစ်နေသည်။

နောက်ထပ် စီစဉ်ထားတာတွေကတော့ 'World Cup' 98 on a giant Screen' အစီအစဉ်ဖြစ်သည်။ ဘောလုံးပွဲလက်မှတ် မရသူများအတွက် စားရင်းသောက်ရင်း အပန်းဖြေရင်း ကြည့်နိုင်သည့် အစီအစဉ်တွေ ဖြစ်သည်။ အထူးသဖြင့် ဒုတိယပတ်လည် အုပ်စုပြိုင်ပွဲများမှ စကာ တစ်ချိန်တည်း တစ်ပြိုင်တည်း တိုက်ရိုက်ကြည့်ရှုနိုင်သည့် မဟာဖန်သားပြင် အစီအစဉ်မှာ သေးသေးကွေးကွေးမဟုတ်။ ၈၄ ကိုက်ပတ်လည် ဖန်သားမျက်နှာပြင်ကြီးတွေ ဖြစ်သည်။ ကမ္ဘာကျော် မော်လင်းရုဂျ်ပါရီ[၃] စားသောက်ဆိုင်ကြီးကတော့ သည်အစီအစဉ်ကို မီဒီယာမျိုးစုံက ကြော်ငြာနေတာ သူ သတိထားမိသည်။ ဘောလုံးပွဲကြည့်ရင်း ညစာနှင့် ကပွဲပြပွဲ အစီအစဉ်တွေလည်း စီမံထားသည်။ ဒါကိုတော့ ကမ္ဘာ့ဖလား ဘောလုံးပါတီလို့ နာမည်ပေး ကြော်ငြာသည်။ အချွတ်အဖော် အကအလှ၊ ဘောလုံးပွဲနှင့် ယမကာရသတို့ ပေါင်းစုံခံစားနိုင်မည့် မဟာဖန်သားပြင် အစီအစဉ်ပါတကား။

သည်လိုအစီအစဉ်တွေကို လီဒို[၄]နှင့် ရွန်းပွိုင့်သီယေတာ[၅] တွေမှာ

၁။ Louis Vuitton
၂။ Adidas
၃။ Moulin Rouge Paris
၄။ Lido
၅။ Theatre du Rond-point



သည်း စီစဉ်ထားသည်။ သည်နှစ်ခုကလည်း ကမ္ဘာကျော် ကပွဲခန်းမဆောင်များ ပါသည့် စားသောက်ဆိုင်ကြီးတွေပဲ ဖြစ်သည်။ မဟာဖန်သားပြင် အစီအစဉ်ကို အခမဲ့ထုတ်လွှင့်ပြသမည့် နေရာတွေလည်း ရှိပါသေးသည်။ မြို့တော်ဟိုတယ်[၁]၊ ရှာလတီအားကစားရုံ၊ ထရိုကားဒရိုးဥယျာဉ်၊ စတာ ဂရက် နေရာတွေမှာ ဖြစ်သည်။ ဘောလုံးကွင်းထဲ မရောက်နိုင်သူက သည့်နေရာတွေကို သွားကြည့်နိုင်သည်။

ကမ္ဘာ့ဖလား ဂုဏ်ပြုပွဲအထိမ်းအမှတ် အထူးရွှေဒင်္ဂါး၊ ငွေဒင်္ဂါးပြားတွေကိုလည်း အမှတ်တရလက်ဆောင်အဖြစ် ဝယ်ယူ သိမ်းဆည်းနိုင်သေးသည်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကြီးကို ထိုင်ရာမထ ကိုယ့်အိမ်ကိုယ့်ရာ ကိုယ့်တည်းခိုရာ ဟိုတယ်ခန်းတွေက ကြည့်နိုင်ဖို့ ပြင်သစ် တီဗီချန်နယ်တွေက သူ့ထက်ငါ အကောင်းဆုံးဖြစ်အောင် ကြိုးစားနေသည်။ တချို့ တီဗီချန်နယ်တွေဆိုလျှင် နည်းပြဆရာများ၊ အားကစားသတင်းထောက်များ၊ အားကစားသမားများ၊ ဘောလုံးပရိသတ်များ စသည်ဖြင့် ရနိုင်သလောက် သူတွေ တွေ့ဆုံခန်းတွေ လွှင့်ထုတ်ပေးနေသည်။ အထူးသဖြင့် TF 1 နှင့် Eurosports channels တွေကို စိတ်ဝင်စားမှု များသည်။ 'ပြင်သစ်စကား ဘာ သင်နားလည်လျှင် ပြင်သစ်ရေဒီယို[၂]ကို ဖွင့်လိုက်ပါ။ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွေဆီက ပရိသတ် အော်ဟစ်သံတွေကို လွှင့်ထုတ်ပေးနေပါသည်။ အားကစားပြိုင်ပွဲကျင်းပရာ မြို့ကြီးများတွင် သင့်ကားရပ်နားဖို့ နေရာအခြေအနေတွေကအစ မနက်ဖြန်ဖြစ်နိုင်မည့် မိုးလေဝသခန့်မှန်းချက်တွေအထိ သင် နားဆင်ရပါမည်' ဟု ပြင်သစ်ရေဒီယိုကလည်း ကြော်ငြာသည်။ Internet Websites တွေထဲက တရားဝင် World Cup websites မှာ http: 11 www.France 98 Com. ဖြစ်ကြောင်း နေရာတိုင်းမှာ ကြော်ငြာထား ရှိသည်။

ပြီးတော့ ပါရီတစ်မြို့လုံးမှာ သတင်းပြန်ကြားရေးရုံ[၃] ဆယ့်ငါးရုံ

၁။ Hotel de Ville
၂။ La radio Parisienne
၃။ Information Booths

ွင့်ပေးထားသည်။ ပြင်သစ်ဘာသာ၊ အင်္ဂလိပ်ဘာသာ၊ ဂျာမန်ဘာသာ၊ အီတလီဘာသာနှင့် စပိန်ဘာသာစကား တတ်ကျွမ်းသူများဖြင့် ဖြည့်ဆည်းထားသည်။ ပြင်သစ်ခရီးသွားလာရေး ဌာနကတော့ 'ပါရီနှင့် သူ၏ဒေသများကို တွေ့ရှိခြင်း' အစီအစဉ်ဖြင့် နေရာထိုင်ခင်းတွေ၊ လေ့လာရေးခရီးတွေ၊ ရဲတိုက်ကြီးတွေ၊ ပြတိုက်ကြီးတွေ၊ အထိမ်းအမှတ် ရုပ်တုကြီးတွေ၊ အပန်းဖြေဒေသတွေဆီ ပို့ဆောင် စီစဉ်ပေးနေသည်။

'ဝင်းကတော့ ထင်မှာပဲနော်၊ ဘုရားရေ လက်စသတ်တော့ ပါရီဆိုတာ ခရစ်ရှန်းဒေါ်ရေမွှေးနံ့နဲ့ စတိုးဆိုင်တွေချည်း မြင်ရတဲ့နေရာပါလားလို့ မထင်နဲ့ ဆရာ။ တစ်နေ့တော့ ဆိန်းမြစ်ရဲ့ ဘယ်ဘက်ကမ်း ညာဘက်ကမ်းက ဆွတ်ပျံ့ဖွယ်ရာတွေ လိုက်ပြဦးမယ်'

ဘရစ်ဂျစ်က ကားမောင်းရင်း ပြောလိုက်ခြင်းဖြစ်သည်။ သူကလည်း လူတွေ အုတ်အုတ်ကျက်ကျက် ဈေးဝယ်နေကြသည့် ဈေးဆိုင်တွေကို ငေးရင်း တစ်ဦးချင်းဝင်ငွေနှင့် ဈေးဝယ်နိုင်အားကို တွေးမိနေချိန်နှင့် တိုက်ဆိုင်နေသည်။ ဘရစ်ဂျစ်ပြောသလိုတော့ မထင်ပါ။

'ကိုယ်ကတော့ အဲသလိုမထင်ပါဘူး၊ ပါရီကို ကိုယ်တင်စားထားတာတော့ ရှိတယ်။ အာရုံငါးပါးရဲ့ ကျွန်းသောင်လို့။ ကိုယ် အတွေ့အကြုံရေးဖြစ်ရင် သည်နာမည် ပေးမယ်'

'ပါရီက ကျွန်းဟုတ်ရဲ့လား ဝင်းရဲ့၊ ပြင်သစ်တစ်နိုင်ငံလုံးက တောင်ကျွန်းမှ မဟုတ်တာ'

'ပြင်သစ်နိုင်ငံက ကျွန်းတော့လည်း မဟုတ်ဘူးဆိုပေမဲ့ ပင်လယ်ပတ်လည်ဝိုင်းနေတဲ့ တစ်ဖက်ပွင့်ကျွန်းပါပဲ။ ရေနဲ့ဆက်စပ်နေတဲ့ ကျွန်းသောင်ကြီးပေါ်က နိုင်ငံပဲမဟုတ်လား။ သည်နေရာမှာ ကိုယ်က ပါရီကို ကျွန်းဆိုတာ Island ကို ဆိုလိုချင်တာထက် ခန္ဓာအိမ် Body ကို ဆိုလိုချင်တာ။ အာရုံငါးပါးတို့ဖြင့် ဝေစည်အပ်သော ခန္ဓာအိမ်လို့ ပြောချင်တာ'

အာရုံငါးပါးရဲ့ ကျွန်းသောင်။ ဘရစ်ဂျစ်က သူ့ကို ဟိုတယ်မှာ ထားခဲ့သည်။ ငါးနာရီမထိုးခင် ပြန်လာမည်ဆို၏။ ဖွင့်ပွဲကို မကြည့်ဖြစ်တော့ပါ။ ဘောလုံးပွဲကိုတောင် မီအောင်ပြေးရလိမ့်မည် ထင်သည်။ သူ့အခန်းထဲ ရောက်တော့ ဖွင့်ပွဲအခမ်းအနားကို တီဗီက ချန်နယ်တွေက လာနေသည်။



ရေမိုးချိုးလိုက်တော့ တော်တော်လန်းဆန်းသွားသည်။ တာနာကားဆီ ဖုန်းဆက်တော့ ပြန်မထူးဘူး။ ဘောလုံးပွဲထဲ ရောက်လောက်ပြီ။ သူကတော့ အဝတ်အစားလဲပြီးမှ ခုတင်ပေါ် ခဏလှဲလိုက်သည်။ အိပ်လိုက်ရင်တော့ ပျော်သွားမည် ထင်သည်။ တိုက်ရိုက်ထုတ်လွှင့်နေရာက ကြော်ငြာတွေ ဝင်လာတာကိုကြည့်တော့ မာစကာကတ် (ယူရိုကတ်) ကြော်ငြာတွေ။

'တစ်ခါတလေ မော်ဆရာတွေလည်း ဘောလုံးကန်ကြတာပါပဲ'

ကမ္ဘာကျော် ဘောလုံးသမား ပီလီကိုညွှန်းသည့် ကြော်ငြာ။ မာစတာကတ် ကြော်ငြာတွေက ဘောလုံးနောက်ခံ အရုပ်တွေနဲ့ပေမဲ့ တွေးစရာကလေးတွေ ပါတတ်သည်။

'ဖျတ်ခနဲ ဆုပ်ဖမ်းမိတဲ့ တချို့ကိစ္စတွေကတော့ တစ်သက်လုံး ကိုင်တွယ်ထားလိုက်ရတာလည်း ရှိတတ်တယ်'

ဂိုးသမားတစ်ယောက် ဘောလုံးကို ခုန်ပျံကျော်လွှား ဖမ်းယူလိုက်သည့် မြင်ကွင်းနှင့်အတူ ပေါ်လာသည့်စာတန်း ဖြစ်သည်။ ဂိုးသွင်းလိုက်ပြီး အားရပါးရပြေးလာသော ရှေ့တန်း တိုက်စစ်မှူးကိုပြရင်းက စာတန်းထိုးလိုက်တာလည်း ကြည့်ပါဦး။

'လူတစ်ယောက်ရဲ့ ပျော်ရွှင်ချမ်းမြေ့မှုဟာ တစ်မျိုးသားလုံး ပြုံးပျော်သွားအောင် လုပ်နိုင်တာပဲ မဟုတ်လား'

သူနှင့် ဘရစ်ဂျစ် စိန့်ဒဲနစ်စ်ကိုရောက်တော့ ဒေသစံတော်ချိန် ဆယ့်ခုနစ်နာရီ။ ပြင်သစ်တွေကတော့ သည်အားကစားရုံသစ်ကြီးကို တော်တော်ဂုဏ်ယူပုံရသည်။ ဘောလုံးလက်မှတ်မရနိုင်လို့ ပွဲမကြည့်ရဦးတော့၊ အားကစားရုံသစ်ကို မြင်ဖူးလိုက်တာနဲ့ပဲ တန်လှပါပြီတဲ့လေ။ ပွဲကြည့်ဖြစ်ခဲ့ရင်လည်း စိန့်ဒဲနစ်စ်ကအပြန် ချစ်သူကို ဖုန်းဆက်လိုက်ပါဦး။ ကိုယ် Stade de France မှာ ကနေ့ ဘောလုံးပွဲကြည့်ခဲ့ပြီးပြီလို့ ဆိုတာကလည်း ရှိသေး။ ပြောတော့လည်း ပြောချင်စရာ။ အာကာသလွှန်းပျံ ယာဉ်ကြီးလိုလို၊ လေသင်္ဘောကြီးလိုလို၊ ဘုရားရှိခိုးကျောင်းလိုလို၊ ပင်လယ်ကူးသင်္ဘောကြီးလိုလို။ ဗိသုကာဟန်က တောက်ပသည့် သံမဏိနှင့် ကွန်ကရစ် တွဲစပ်ထားသည့် ခေတ်သစ်ဟန်ဖြစ်သည်။ ဖီဖာဥက္ကဋ္ဌ ဟားဗားလန့်ချ်က သည်အားကစားရုံကြီးပြီးစ ပြင်သစ်ကိုရောက်လာခြင်း မှတ်ချက်ပေးခဲ့ဖူးသည်။

'ကမ္ဘာပေါ်မှာ အကောင်းဆုံး အားကစားပြိုင်ပွဲရုံကြီးပါပဲ'

ပြင်သစ်သတင်းစာတွေမှာ သည်အားကစားပြိုင်ပွဲရုံကြီး အကြောင်း ရေးတိုင်း ဟားဗားလန့်ချ်၏ မှတ်ချက်ပါတတ်လေသည်။ ပြင်သစ်မှာက FFF ခေါ် France Football Federation က အမြင့်ဆုံးဘောလုံးဆိုင်ရာ အဖွဲ့အစည်း ဖြစ်သည်။ သူ့အောက်မှာတော့ အမျိုးသားဘောလုံး အဖွဲ့ချုပ် (National Football League) ရှိသည်။ ဘောလုံး အဖွဲ့အစည်းများ၏ ရည်ရွယ်ချက်မှာ စည်းရုံးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စဉ်ဆက်မပြတ် ပေါ်ထွန်းရေးတို့ ဖြစ်သည်။ နိုင်ငံတော် ဘတ်ဂျက်ဖြည့်ဆည်းမှု အနေဖြင့် နှစ်စဉ်ဖရန့်ငွေ သန်း ၄၀၀ နီးပါး ရရှိသည်။ သည်ငွေက အမေရိကန်ဒေါ်လာ ၆၆ သန်းလောက်နှင့် ညီမျှသည်။ နှစ်စဉ် ဘောလုံးသမား မှတ်ပုံတင်ဦးရေ နှစ်သန်းခန့်ရှိတတ်ပြီး တစ်သန်းမှာ အသက် နှစ်ဆယ့်တစ်နှစ်အောက် လူငယ်များ ဖြစ်သည်။ မိန်းကလေးဘောလုံးကစားသူ ၂၆၀၀၀ ခန့် ရှိသည်ဆို၏။ အပျော်တမ်း ကလပ်အသင်းပေါင်း ၂၀၀၀၀ ခန့်ရှိပြီး ကြေးစားကလပ်သင်း ၄၅ သင်းမှာ ကြေးစားဘောလုံးသမား ၈၀၀ ခန့် ပါဝင်ကစားနေကြသည်။

'ကိုယ်တို့ စာနယ်ဇင်းတွေက ပြင်သစ်နိုင်ငံအနေနဲ့ ကမ္ဘာ့ဖလား အိမ်ရှင်နိုင်ငံ ဖြစ်ခွင့်ရတာ နှစ်ပေါင်းခြောက်ဆယ်ကြာမှ တစ်ခါ ဖြစ်ရတာ ဆိုတော့ ဟယ်လီကြွယ်တံခွန်ကြီးကို လူ့သက်တမ်းတစ်လျှောက် တစ်ခါပဲ မြင်ခွင့်ရတာမျိုးနဲ့ တင်စားပြီးရေးကြတယ်။ ဟုတ်တော့လည်း ဟုတ်တယ် ဝင်းရဲ့။ ၁၉၉၂ ခုနှစ်လောက်ကတည်းက သည်ပွဲကြီးအတွက် လုံးပမ်းနေကြတာလေ'

Stade de France ကွင်းကြီးအပြင်မှာ တန်းစီးနေရင်း ဘရစ်ဂျစ်က ပြောခြင်းဖြစ်သည်။ သူကတော့ ပါရီမြို့စွန်က သည်စိန့်ဒဲနစ် မြို့ကလေးကိုပဲ သဘောကျနေသည်။ မြို့စွန်ဆိုတော့ အဝေးပြေး လမ်းမကြီးတွေနဲ့ နီးသည်။ ချားလ်ဒီဂေါလ်လေဆိပ်နှင့် ဆယ်မိုင်ခန့်ဝေးသည်။ ပါရီနှင့် နှစ်မိုင်လောက် ဝေးလိမ့်မည်ထင်သည်။ နှစ်ပေါင်း နှစ်ထောင် သမိုင်းပေါ်ကမြို့ပေမဲ့ ရှေးရိုးနှင့် ခေတ်သစ်ဟန်တွေ ရောထွေးနေသည်။ ပြင်သစ်၏ ပထမဆုံး ဂေါသစ်ဟန် အဆောက်အအုံများရှိရာ မြို့၊ ကမ္ဘာကျော် စိန့်ဒဲနစ်စ် ဘုရားကျောင်းကြီးရှိရာ မြို့၊ ပြင်သစ်နိုင်ငံသမိုင်းမှာ ထင်ရှားခဲ့သည့် မင်း မိဖုရား



အချို့ မြှုပ်နှံသင်္ဂြိုဟ်ခဲ့ရာ သင်္ချိုင်းမြို့အဖြစ် နာမည်ကြီးသည်။ သည်မြို့ကလေးမှာ သည်ပြိုင်ပွဲရုံကြီးဆောက်ဖို့ တော်တော်ရွေးချယ်ခဲ့ရသတဲ့။ Stade de France အဆောက်အအုံကြီးကို လပေါင်းသုံးဆယ်ကျော် တည်ဆောက်ခဲ့ရပြီး Lightweight Architecture ဖြစ်သည်။ ရွှေ့လျားနိုင်သည့် ပထမတန်း ပွဲကြည့်စင်အပါအဝင် ပရိသတ်ထိုင်ခုံပေါင်း ၈၀၀၀၀ ဆံ့သည်။

လူတွေက အုပ်မနိုင်ထိန်းမရ ဖြစ်နေသည်။ ဝင်ပေါက်ကြီးတွေဆီ မရောက်ခင် သံမဏိတန်းများ ကာရံထားသည့် တန်းစီပေါက်တွေမှာ အရင် တန်းစီကြရသည်။ လူငယ်တွေက လက်မှတ်တွေကို စစ်ဆေးပြီးလျှင်တော့ ဘောလုံးကွင်းကြီးရဲ့ ဝင်ပေါက်တွေဆီ ရောက်နိုင်ပြီ။ ဖွင့်ပွဲတေးဂီတသံတွေက တဝေါဝေါဆူညံနေသည်။ ပရိသတ်အော်ဟစ်သံ၊ လက်ခုပ်သံ၊ ထရမ်းပက်မှုတ်သံ၊ တီးဝိုင်းတွေဆီက ဒရမ်ရိုက်သံတွေ ညံစီနေသည်။

ဩော်… ၂၀ ရာစုနှစ်၏ နောက်ဆုံးနှုတ်ဆက်ပွဲ။ နာမည်ကျော် ပြင်သစ်မဂ္ဂဇင်း လေဘယ်လ်ဖရန့်စ်[၁]က အယ်တီတာ့အမှာကို သူ သတိရနေသည်။

'ပြင်သစ်က စောင့်ဆိုင်းနေရတာပဲ နှစ်ပေါင်းခြောက်ဆယ် ရှိခဲ့ပြီ။ ဤသို့ဖြင့် ၁၉၉၂ ခုနှစ်ကတည်းက ပြင်ဆင်ခဲ့ရသည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီး၏ အိမ်ရှင်နိုင်ငံ တစ်ကျော့ဖြစ်လာခဲ့ရပြန်ပြီ။ ကမ္ဘာ့တိုက်ကြီးငါးတိုက်မှ နိုင်ငံပေါင်း ၁၆၈ နိုင်ငံအနေဖြင့် တစ်နှစ်ခွဲကြာ ကစားခဲ့သည့် ကမ္ဘာ့ဖလား ခြေစစ်ပွဲများအပြီးမှာတော့ အသင်းပေါင်း ၃၂ သင်း ဆန်ခါတင် ကျန်ရစ်ခဲ့သည်။ သည်ပြိုင်ပွဲကြီးကို ကမ္ဘာ့ပြည်သူတွေက ကြည့်ရှုကြလိမ့်မည်။ ကမ္ဘာအရပ်ရပ်က သတင်းသမား ၁၂၀၀၀ တို့လည်း အဆင်သင့်ဖြစ်နေပြီ။ ပြိုင်ပွဲတစ်လျှောက် လုပ်အားပေးကြမည့် လူငယ် ၁၂၀၀၀ တို့လည်း အရန်သင့်ဖြစ်နေပါပြီ။

နိုင်ငံတော်နှင့် ပုဂ္ဂလိက အခန်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှုမှသည် ပေါ်ထွန်းလာခဲ့သည့် စိန့်ဒဲနစ်စ် အားကစားကွင်းကြီးကတော့ အောင်မြင်မှုအတွက် သင်္ကေတဖြစ်သည်။ ပြင်သစ်၏ လှပသောမြို့ကြီး မြို့ငယ် ဆယ်မြို့မှာ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင် ၃၂ သင်းက ပွဲပေါင်း ၆၄ ပွဲ ကစားဖို့

---

၁။ Label France

ပြင်ဆင်နေသည်။ နိုင်ငံတကာဧည့်သည်ပေါင်း ရှစ်သိန်းကလည်း ပါရီကို ရောက်နေကြပြီ။

သေချာတာကတော့ ပြိုင်ပွဲများ ယှဉ်ပြိုင်ခြင်းထက် ပိုမိုမြင့်မားသည့် အကြောင်းအရာမှာ လောင်းကစားကြေးများ ဖြစ်လိမ့်မည်။ မည်သို့ပင်ဖြစ်စေ ပြင်သစ်ကတော့ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကြီးမှတစ်ဆင့် ကမ္ဘာ့ပြည်သူတွေကို လှပသည့် ယဉ်ကျေးမှုအမွေအနှစ်တွေ ပြသခွင့်ရနိုင်တော့မည်’

ပြင်သစ်တို့က ဖရန့်ငွေ ၈.၅ ဘီလျံ ကုန်ကျမည့် သည်ပွဲကြီးဆီက ဘာကိုမှ ပြန်လည်မမျှော်လင့်ပါ။ အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုများဆီမှ ပြန်ရချက်သည် ကုန်ကျစရိတ်ကို ထေမိဖို့ သိပ်တော့မလွယ်လှပါ။ သို့သော် ကမ္ဘာ့ဂြိုဟ်ပေါ်က ဧည့်သည်တော်များ၏ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ချမ်းသာခြင်းနှင့် ပြင်သစ်တို့၏ ဖော်ရွေပျူငှာမှုတွေကို ပြသခွင့်ရရှိခြင်းကိုတော့ ရတောင့်ရခဲ အမှတ်တံဆိပ် နိမိတ်ပုံအဖြစ် ခံယူပါသည်ဟု ဆိုသည်။ ပြင်သစ်ဘောလုံးပွဲ တာဝန်ရှိသူတွေကတော့ ‘ကျွန်တော်တို့ကတော့ အတိတ်လည်း မထား၊ အနာဂတ်လည်းမရှိ၊ ပကတိသဘောထားနဲ့ ပေါင်းဖော်သွားမှာပါ’ဟု ဆိုသည်။

‘၁၉၉၄ ခုနှစ်က အမေရိကန်တွေရဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပရိသတ် ၃၂ ဘီလျံလောက်ပဲ ကြည့်ခွင့်ရခဲ့တယ်။ ကျွန်တော်တို့ကတော့ ၃၇ ဘီလျံ ကြည့်နိုင်အောင် စံချိန်ယူ ချိုးယူလိုက်တယ်။ ပြိုင်ပွဲတွေအတွက် ပြင်သစ်နဲ့ နိုင်ငံခြား တီဗီစတေရှင် ၁၈၀ နဲ့ ရေဒီယိုစတေရှင် ၁၃၀ တွေက သတင်း ထုတ်ပြန်ပေးနေမှာပါ။ အထူးသတင်းယူသူနှင့် စာနယ်ဇင်းသတင်းသမား ၉၀၀၀ လောက်ကလည်း သည်ပွဲတွေကတစ်ဆင့် သတင်းရေးကြပါလိမ့်မယ်’

ဆက်သွယ်ရေး စနစ်တွေကိုလည်း တိုးချဲ့ထားသည်ဆို၏။ တယ်လီဖုန်းနဲ့ မီနီတဲလ် (Minitel) ပေါင်း ၁၅၀၀၀ကို Sites တွေမှာ တပ်ဆင်ထားသည်။ ရေဒီယိုဖုန်း၊ ရေဒီယိုပေဂျာနှင့် ကေဘယ်တီဗီ ကွန်ရက်တွေကိုလည်း ချိတ်ဆက်ထားသည်။ ကွန်ပျူတာကွန်ရက်များနှင့် အချက်အလက်ထုတ်လွှင့်မှုစနစ်[၁] တွေကိုလည်း တာမီနယ်လ် ၂,၀၀၀ နှင့် ချိတ်တွယ်ပေး

၁။ Data Transmission System



ထားသည်။ Workstation နှင့် Terminal ပေါင်း ၁၈၀၀ကို တပ်ဆင်ပေးထားပြီး ဖြစ်သည်။ TVRS 98 အစီအစဉ်က ဆက်သွယ်ရေးစနစ်ကြီး တစ်ခုလုံး ဒစ်ဂျစ်တယ်လ် ပြောင်းနိုင်ရေးဖြစ်သည်။ သည်အစီအစဉ်ကို "Go digital"ဟု နာမည်ပေးထားသည်။

ကစားကွင်းများ ပတ်လည်မှာ အသင့်တပ်ဆင်ထားသည့် ကင်မရာ များနှင့် အိုဘီယာဉ် (OB Vehicles)တွေကိုလည်း Audio-visual circuit စနစ်မှ Digital standard စနစ်သို့ ပြောင်းခဲ့သည်ဆို၏။

‘သည်မြို့ကလေးက နေရာထိုင်ခင်း လူတစ်သောင်းစာလောက်ပဲ ပေးနိုင်တော့ ပါရီနဲ့ ချားလ်စ်ဒီဂေါလ်ကို ချက်ချင်းပြန်နိုင်အောင် ကားရော ရထားရောသာမက TGV ပါ စီစဉ်ပေးထားတယ်။ လာမယ့်နှစ်ဆယ်ရက် နေ့ကျရင် သည်မှာ Grand fancy-dress parade ဆိုတာ လုပ်လိမ့်မယ်။ ဝင်းတော့ မီမယ်မထင်တော့ဘူး’

ဘရစ်ဂျစ်က တန်းစီထားသူတွေကြားမှာ ညပ်နေသည်။ စကား တော်တော်များများ သူ့ကို ပြောနေသော်လည်း သူ့စိတ်ထဲမှာ ပြင်သစ်နိုင်ငံရဲ့ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကြီး ပထမဆုံးနေ့ကျင်းပရာ ဘောလုံးကွင်းကြီး ရှေ့ကို ငါ ဘယ်လိုလုပ်ပြီး ရောက်လာတာပါလိမ့် ဆိုသည့်အတွေးတွေသာ ပလုံစီထနေသည်။ ကြားတစ်ချက် မကြားတစ်ချက်။ နောက်ထပ်အတွေးတွေ ကတော့ ရယ်စရာကောင်းသည်ဟုပဲ ဆိုဆို တွေးမိတာအမှန်ပါဟုသာ ဝန်ခံ ရတော့မည်။ သူထွက်မလာခင်က ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲလက်မှတ်တွေ ကိစ္စ သတင်းကြီးနေသည်။ နိုင်ငံပေါင်း သုံးဆယ်ကျော်က ပြင်သစ်ကို ပြဿနာရှာနေချိန်။ မှောင်ခိုမှာ ဘောလုံးပွဲတစ်ပွဲစာ လက်မှတ်တစ်စောင် ဒေါ်လာ ၂၀၀၀ ပေါက်နေသည်။ မြန်မာငွေနှင့်ဆိုလျှင် တစ်ဒေါ်လာ ၃၅၀ ပဲ ထားပါဦး။ မြန်မာငွေ ခုနစ်သိန်းလောက် ဈေးရှိသည်။ ဘရစ်ဂျစ်ရယ် ဟိုတယ်ကိုပြန်ပြီး တီဗီက တိုက်ရိုက်လွှင့်တာပဲ ကြည့်ရအောင်ပါ။ လက်မှတ် တွေ ရောင်းလိုက်ပါလားလို့ မပြောမိဖို့ တော်တော်သတိထားနေရသည်။ တကယ်သာ ဒေါ်လာ နှစ်ထောင်ဈေး ရတာမှန်လျှင် နှစ်စောင်ကို ၁၄ သိန်း။ သူသာ ငွေ ၁၄ သိန်းရမယ်။ သေချာလျှင် ဘရစ်ဂျစ်ကလည်း

ကြည့်တော့မည် မထင်ပါ။ သူ့ကို လက်မှတ်ရောင်းရငွေတွေ ပေးလိုက်မှာ သေချာသည်။

ပြီးတော့မှ မျက်လုံးပြာပြာတွေကို ပြူးကာ 'ဟုတ်ရဲ့လား ဝင်းရယ်' ဟု မယုံတစ်ဝက် ယုံတစ်ဝက် မေးလိမ့်မည်ထင်သည်။ လက်မှတ်တစ်စောင်ကို မြန်မာငွေ ခုနစ်သိန်းတောင် ရသလားလို့မေးလျှင် သူကကော ဘယ်လိုဖြေရပါ့မလဲ။ ဘရစ်ဂျစ်ကလည်း နိုင်ငံခြားရေး ဝန်ကြီးဌာနက သူ့အတွက် ခွဲတမ်းပေးထားသည့် ဘောလုံးပွဲလက်မှတ်တွေ ဖြစ်သည်။ လက်မှတ်တွေပေါ်မှာ နိုင်ငံခြားရေး ဝန်ကြီးဌာနဆိုသည့် ပြင်သစ်ဘာသာ စာတန်းတွေ ရိုက်ထားသည်။ ဘာပဲဖြစ်ဖြစ် ရောင်းလိုက်သည်ဆိုပါတော့။ ဒါဟာ ဂုဏ်သိက္ခာ ထိခိုက်သွားစေနိုင်သလား သူ စဉ်းစားနေမိသော်လည်း တိကျသည့် အဖြေမရှိပါ။ သူ့မှာ အဲသလိုစိတ်ကူးတွေ ဘာဖြစ်လို့ ပေါ်လာရတာပါလိမ့်။

'ဝင်းရေ အုပ်စုဒီကို ကိုယ်စိတ်ဝင်စားတာကွ။ သည်အုပ်စုကို မရဏအုပ်စုလို့ ပြင်သစ်တွေက နာမည်ပေးထားတယ်။ Group of Death တဲ့လေ။ နိုင်ဂျီးရီးယားရယ်၊ ပါရာဂွေးရယ်၊ ဘူလ်ဂေးရီးယားရယ်၊ စပိန်ရယ်ပါတဲ့ အုပ်စုပေါ့။ ဆယ့်နှစ်ရက်နေ့ မွန့်ပယ်လီယေးကို သွားကြည့်ရအောင်'

ကွင်းထဲကို သူတို့ရောက်သွားတော့ နိုင်ငံပေါင်းစုံက ပွဲကြည့်ပရိသတ်တွေထဲ ရောထွေးသွားသည်။ သစ်တောအုပ်ကြီးထဲက သစ်ရွက်ကလေးနှစ်ရွက်လိုပါပဲ။ ရောင်စုံအလံတွေက တဖျပ်ဖျပ်လွင့်နေသည်။ ပါရီညနေက မိုးလေကင်းစင်နေသည်။ ပူနွေးရှိန်းမြသည့် အရသာနှင့် နေရောင်ခြည်နုနုက လင်းချင်းနေသည်။ လူတွေအားလုံးက ပွဲကြည့် ထိုင်ခုံတွေမှာ မိုးတိုးမတ်တတ်။ မျက်နှာပေါ်မှာတော့ ဆေးခြယ်ထားသည့် ကမ္ဘာ့နိုင်ငံပေါင်းစုံက အလံအမှတ်အသားတွေ။ လူတွေကလည်း နိုင်ငံတွေ ဖြစ်ကုန်ကြပြီ။

'ဝင်းရေ… ကမ္ဘာကြီးရဲ့ဖလားတစ်လုံး မဟုတ်တော့ဘူးနော်။ ဖလားတစ်လုံးအတွက် ကမ္ဘာကြီး ဖြစ်သွားပြီ'

ဘရစ်ဂျစ်က တွေးတွေးဆဆ ပြောနေသည်။ သူမနှင့် အသားချင်းသိအောင် မနေချင်လို့ မရတော့။ ထိုင်ခုံတွေက ပူးကပ်လွန်းနေသည်။ သူတို့နှစ်ယောက် ကွင်းထဲကိုရောက်တော့ နှစ်သင်းစလုံး အမျိုးသားသီချင်းတွေ ဆိုပြီးကြပြီ။ လူတွေကတော့ လက်ခုပ်တွေမဆုံးနိုင်အောင် တီးကြဆဲ။



အမျိုးသားသီချင်းတွေကို ပရိသတ်က လူမျိုးအလိုက် ဟစ်ကြွေးနေကြဆဲ။ အစီအစဉ်ကြေညာသူက ပြင်သစ်ဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် အားကစားသမားများကို မိတ်ဆက်ပေးနေသည်။ ကမ္ဘာကျော် ဘောလုံးသမား ရော်နယ်လ်ဒိုရဲ့ နာမည်ကိုကြော်ငြာတော့ ပရိသတ်က ဟေးခနဲအော်ကာ ဂုဏ်ပြုသည်။

'အမေရိကန် ကမ္ဘာ့ဖလားပြိုင်ပွဲကြီး ပြီးတော့ ကမ္ဘာ့အသင်းတွေ အားလုံးလိုလိုက တစ်သင်းနဲ့တစ်သင်း ခြေချင်းမကွာတော့သလိုပဲ။ ကိုယ်တော့ သိပ်မသိပါဘူး။ ဒါပေမဲ့ စွမ်းရည်တွေ တူညီနေကြသလိုပဲ။ ဝင်းတို့အာရှက လေးသင်းပါလာတာလည်း ဂုဏ်ယူစရာပါပဲ။ ကိုယ်တော့ အီရန်အသင်းကို ကြိုက်တယ်'

'ပြင်သစ်ကိုကော ဘယ်လိုသဘောထားသလဲ'

'ပြင်သစ်ကိုတော့ စာနယ်ဇင်းတွေက လှိုင်းဖျားပေါ်မှာ လှိုင်းစီးရတာမျိုးနဲ့ တင်စားကြတယ်။ မသေချာဘူးပေါ့နော်။ ဒါပေမဲ့ ပြင်သစ်က ဇီဒန်း၊ သူရမ်၊ ဒေဆယ်လီနဲ့ ဂျော်ကာအက်ဖ် လေးယောက်ကို ကိုယ်ကြိုက်တယ်'

ပထမပိုင်းပြီးတော့ ဘရစ်ဂျစ်က စင်မြင့်ပေါ်က ဆင်းသွားသည်။ ပြန်လာတော့ ကိုကာကိုလာပုလင်းကြီး နှစ်ပုလင်းနှင့် အာလူးချောင်းကြော်တွေ ပါလာသည်။ မက်ဒေါနယ်လ်တော့ မဟုတ်။ ဘာပဲဖြစ်ဖြစ် မဆလာနဲ့ မွှေးမွှေး အာလူးချောင်းကြော်တွေကို သူ ကြိုက်သည်။ ကိုကာကိုလာ သစ်ကြမ်းပိုးနံ့သင်းသင်းက ရင်ထဲ အေးမြသွားသည်။ ကျေးဇူးပါ ဘရစ်ဂျစ်ရယ်။ ဘောလုံးပွဲကြီးပြီးတော့ ကားရပ်စခန်းဆီကို လျှောက်လာရင်း နောက်တစ်နေ့ အစီအစဉ်တွေကို ဘရစ်ဂျစ်က ပြောပြနေသည်။ မအားရအောင်ပါပဲကလား။ မနက်ဖြန်မနက် ဆယ်နာရီမှာ စိန့်အန်းဆေးရုံကြီးကို သွားရအောင် ဟု ဆိုသည်။ သူ့အစီအစဉ်တွေထဲမှာ ဆေးရုံလည်း ပါနေပါရောလား။

'ဆေးရုံမှာ ကိုယ် ဘာလုပ်ရမှာတုန်း'

'မင်းကို ဆေးစစ်မလို့ကွ။ အထူးသဖြင့် မင်းက စာရေးဆရာဆိုတော့ ဦးနှောက်နဲ့ အာရုံကြော စစ်ဆေးဖို့လေ'

ဟိုတယ်ရှေ့ကို ကားရပ်တော့ သူ နှုတ်ဆက်လိုက်သည်။ တာနာကားကြီးတော့ ပြန်မရောက်နိုင်သေး။ ည နှစ်ဆယ့်တစ်နာရီမှာ ဒုတိယ

ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှု ရှိသေးသည်။ ရေမိုးချိုးပြီးလျှင် ထမင်းတစ်ဘူး သွားဝယ်မည်။ ပြီးတော့ အားရပါးရနားမည်။

'ဝင်းရေ… မနက်ဖြန်ညနေပိုင်းကျရင် ရှာတိုးဗားဆေးလ်[၁]ကို သွားရအောင်။ မင်း ကြားဖူးတယ်မဟုတ်လား။ ဗာဆေးလ်ရဲတိုက် နန်းတော်ကြီးလေ'

အို… ဗာဆေးလ်တဲ့လား။ သူ့တစ်ကိုယ်လုံး တုန်ခါသွားသည်။ ဘာကြောင့်ရယ်တော့ မသိ။ သူ အခန်းပေါ် မတက်သေးဘဲ လောင်ရှူးတရုတ် ဟိုတယ်ဆီကို လျှောက်လာခဲ့သည်။ သိပ်တော့မဝေးပါ။ လမ်းလျှောက်လို့ကောင်းရုံ အကွာအဝေးဖြစ်သည်။ ထမင်းကြော်တစ်ဘူးက ၂၉ ဖရန့်။ ဟိုတယ်က အခန်းကိုပြန်ရောက်တော့ ထမင်းကြော်ဘူးကို စားပွဲပေါ်တင်ကာ လေအေးစက်ခလုတ်ကို ပိတ်လိုက်သည်။ ပြီးတော့ သည်အတိုင်း အဝတ်အစား မလဲသေးဘဲ ခုတင်ပေါ်ပစ်လှဲလိုက်သည်။ ဩော်… နေဦး၊ တီဗီက ဘာတွေလာနေပါလိမ့်။ Eurosports channel က စောစောကန်ပြီးသွားသည့် ဘရာဇီးလ် - စကော့တလန် ဘောလုံးပွဲကို အစအဆုံးပြန်ပြနေသည်။ တီဗီက ကြည့်ရတာကတောင် ပိုကောင်းနေပါလား။ လေအေးစက် ပိတ်ထားသော်လည်း အအေးစိမ့်စိမ့်က တော်တော်များများ ကျန်နေသေးသည်။ သူ့တစ်ကိုယ်လုံးကတော့ ဖျားချင်သလိုလို တုန်ရီနေသည်။ မျက်လုံးတွေ ပူနေသည်လား။ အသားတွေလည်း ပူလာသလိုလို ခံစားနေရသည်။ ဖျားပြီထင်ပါရဲ့။ သူ့မှာ ဘာဆေးမှ မပါ။ ဝမ်းနုတ်ရန် ယူလာသည့် မန္တလေး ချော်ဆိပ်ဆေးနက်ကျော်ကလည်း ဘောင်းဘီဝတ် တိုင်းပြည်မှာ သိပ်ဟန်မကျ။ ပြီးတော့ ဝမ်းတွေလည်းချုပ်နေသည်။ အသားတွေလည်း ပတ်နေသည်။ အသားပတ်တာကတော့ Skin lotion တစ်ပုလင်းရှိလို့ တော်သေးသည်။ အားငယ်စိတ်တွေ ဝင်လာသလိုလို သူ ဝမ်းနည်းနေသည်ကော။ ပြင်သစ်မှာ ခင်မင်ရသူဆိုလို့ ဘရစ်ဂျစ်ပဲ ရှိသည်။ သူမ ဘယ်မှာနေမှန်းမသိ။ သူမ၏ဖုန်းနံပါတ် မရှိ။ ပြီးတော့ သူ မဖျားချင်ပါ။ အထူးသဖြင့်ပါရီမှာ ဖျားမနေချင်ပါ။ မှေးခနဲ အိပ်ပျော်သွားသည်။

✤

၁။ Chateau de Versailles

တယ်လီဖုန်းသံကြောင့် သူ လန့်သွားသည်။ သူ ကမန်းကတန်းထလိုက်ကာ လက်က နာရီကို ကြည့်လိုက်သည်။ ည ရှစ်နာရီကျော်ပြီ။ သူ့တစ်ကိုယ်လုံး ချွေးတွေရွှဲနစ်နေသည်။ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။ ဘရစ်ဂျစ်ပဲ ထင်ပါရဲ့။

'ဟဲလို…'

'စာရေးဆရာလား၊ ကျွန်တော် တာနာကားပါ။ ကျွန်တော် အခုပဲရောက်တယ်။ ခင်ဗျားအခန်းနံပါတ် ဧည့်ကြိုကောင်တာမှာမေးပြီး ဆက်တာခွင့်လွှတ်ပါ။ ကျွန်တော်တို့ အာရှယဉ်ကျေးမှုမှာ ဒါတွေ မလိုပါဘူးနော်။ ခင်ဗျား ဆင်းခဲ့။ ဘားရှေ့မှာ ကျွန်တော် စောင့်နေမယ်'

'မစ္စတာ တာနာကား၊ အခုမှ ပြန်ရောက်တာလား။ ကျွန်တော်လည်း အခုပဲရောက်တယ်။ ဖျားနေလို့ဗျာ ခွင့်လွှတ်ပါ၊ ကျွန်တော်…'

'ဆင်းသာ ဆင်းခဲ့ပါဗျာ၊ ဂျပန်ဆေးဝါးတွေ ဘယ်လောက်ကောင်းတယ် ဆိုတာ ကျွန်တော် ပြရဦးမယ်။ လာပါဗျာ၊ ခင်ဗျား စကားမပြောပါနဲ့။ ကျွန်တော်ကချည်း ပြောမှာပါ'

'ကောင်းပြီလေ'

ဘာပဲဖြစ်ဖြစ် သူ့မှာ စကားပြောဖော်တော့ ရသွားခဲ့ပြီ။ သူ ကိုယ်လက် သန့်စင်ကာ သွားတိုက်သည်။ အဝတ်အစားလဲကာ ဓာတ်လှေကားနှင့် ဆင်းလာခဲ့သည်။ Bar Room ထဲမှာ လူသိပ်မရှိ။ အရက်ပုလင်းမျိုးစုံတို့ဖြင့် ပြင်ဆင်ထားသည့်အခန်းက ကျဉ်းမြောင်းသော်လည်း မီးရောင်တွေ ထိန်ညီးနေသည်။ ဘားမန်နေဂျာကတော့ တယ်လီဗီးရှင်းက လာနေသည့် ဘောလုံး

ပွဲမှာ စိတ်ရောက်နေသည်။ တစ်ကမ္ဘာလုံးက ပြင်သစ်ကို ဘောလုံးပွဲ လာကြည့်နေချိန်မှာ ပြင်သစ်နိုင်ငံသားက တယ်လီဗီးရှင်းက ဘောလုံးပွဲကို ငေးနေရတာကို သူ နားလည်နိုင်ပါသည်။ တာနာကားက သူ့ကိုပြုံးပြရင်း လှမ်းခေါ်သည်။ အခန်းကို ရောက်ပုံမရသေး။ ဂျပန်ဘောလုံးအသင်း အကြောင်း နှင့် ကျောင်းဆရာက နည်းနည်းတော့ ချထားပုံရသည်။ မျက်နှာကြီးတစ်ခုလုံး ရဲတွတ်နေသည်။

'ဘရာဇီးလ်ကောင်တွေ ညှံ့ချက်တော့ဗျာ၊ ကျူပ်က စကော့တလန့်ကို ကောင်းကောင်းအားပေးခဲ့တာ။ အာတွေလည်းညောင်းနေပါပြီဗျာ။ ကျွန်တော်တို့ ဂျပန်တွေနဲ့ သည်ကောင်တွေ ဖိုင်နယ်မှာ တွေ့ရင်တော့လား…'

တာနာကားက ဘောလုံးကန်သည့်ဟန်တွေ လုပ်ပြနေသေးသည်။ ဘာပဲဖြစ်ဖြစ် သူ ပျော်သွားသည်။ ဂျပန်ဆေးဝါး ဆိုတာကိုတော့ မမြင်ရသေး။ ခရီး မကြာခဏသွားသူဆိုတော့ ဆေးဝါးတွေ ပါလာနိုင်သည်။ ဂျပန်ဆေးဆိုပေမဲ့ ဓည့်ဖျားလောက်ကိုတော့ ဖျောက်နိုင်မယ်ထင်ပါရဲ့။

'နေဦး မစ္စတာ တာနာကား၊ ကျွန်တော် ဆေးသောက်ချင်သေးတယ်'

'ဆေး… ဘာဆေးတုန်း၊ ကျွန်တော်တိုက်မယ် ဆိုတဲ့ဆေးလား။ စာရေးဆရာကတော့ဗျာ၊ ဘားခန်းကို ပရဆေးဆိုင်မှတ် ထင်ပါရဲ့။ ဟော သည်နံရံပေါ်က ပုလင်းတွေဟာ ဆေးတွေချည်းပဲ။ မယုံမရှိနဲ့ ခင်ဗျ၊ အရက်ဆိုတာ သဘာဝသစ်သီးသစ်နှံတွေကို ပေါင်းခံထားတာ။ သိပ်ကောင်း'

'ဖြစ်ပါ့မလားဗျာ၊ ပိုဆိုးနေမှာ ကျွန်တော် စိုးတယ်'

'အဲဒါတော့ ခင်ဗျားစိတ်နဲ့ဆိုင်တယ်။ တကယ်ပြောတာ၊ အရက်သောက်တော့မယ်ဆိုရင် ဆိုရိုးရှိတယ် 'Single minded or open minded, It's a master of taste' တဲ့။ အရက်ဆိုတာ ငါကြိုက်တာမှ အရက်၊ ကျန်တာမသောက်ဘူး မလုပ်ရဘူးဗျ။ Open minded ဖြစ်ရမယ်၊ ဘာလာလာ ချနိုင်ရမယ်။ တံဆိပ်မစွဲလေနဲ့၊ ဒါမှ အရက်ရဲ့အရသာတဲ့ ခင်ဗျ။ သည်တော့ ခင်ဗျားစိတ်တွေ ဖွင့်ထားလိုက်တော့'

တာနာကားကတော့ ကျောင်းဆရာပီပီ စကားကြွယ်သည်။ သူ့အင်္ဂလိပ်စကားက သိပ်ခက်ခက်ကြီးတွေ မဟုတ်။ အာရှသုံး ပေါပေါလော



သော အင်္ဂလိပ်စကားမျိုးသာ ဖြစ်သည်။ တာနာကားက စကော့တလန်တွေ ဘောလုံးပွဲ ရှုံးသော်လည်း စကော့အရက်သောက်ပြီး ဂုဏ်ပြုရမည် ဆို၏။ Scottish whisky သုံးပက်စီ မှာသည်။

'နေဦးဗျ၊ ဝီစကီမသောက်ခင် ခင်ဗျားကို မေးရဦးမယ်။ ဝီစကီ ဘယ်နှမျိုးရှိသလဲ သိသလား။ စိတ်မဆိုးနဲ့၊ ကျွန်တော်က ခင်ဗျားမသိပါစေ နဲ့ ဆုတောင်းနေတာ။ ပြောချင်လွန်းလို့'

'ခင်ဗျား ဆုတောင်းပြည့်ပါတယ်ဗျာ၊ ကျွန်တော် တကယ်မသိပါဘူး။ တစ်ခါတလေ သောက်တော့ သောက်လိုက်တာပါပဲ'

'အိုကေ သည်လိုဗျ။ ဝီစကီငါးမျိုး ရှိတယ်၊ Malt whicky ဆိုတာ ရှိတယ်၊ Single malt ဆိုတာ ရှိတယ်၊ Vatted malt ဆိုတာလည်း ရှိတယ်၊ Grain whisky ဆိုတာ တစ်မျိုးရှိသေးတယ်။ နောက်တစ်မျိုး Blended ဆိုတာပဲ၊ ဟုတ်ပြီနော်'

တာနာကားက စပ်ပြီးသားဝီစကီကို တော်တော်များများ သောက်ချလိုက်သည်။ သူကတော့ တစ်စက်မှမထိရသေး။ တာနားကားက စကော့ဝီစကီ ငါးမျိုးအကြောင်းကို ရှင်းပြသည်။ Malt whisky က နူးနပ်ကာဖောက်ထားသော ဘာလီစေ့နှင့် ပြုလုပ်တာများသည်။ ထုံးစံအတိုင်း ကဇော်ဖောက်ထားသည့် ဘာလီကို နည်းစဉ်အတိုင်း စီမံပြီးလျှင် မီးဖိုမှာ လှော်ရသေးသည်။ မီးဖိုဆိုတာကလည်း ရိုးရိုးမီးဖို မဟုတ်။ Peat လို့ ခေါ်သည့် သစ်ရွက်ခြောက်တွေ၊ မြေဆွေးတို့ပါသည့် အမှိုက်သရိုက် လောင်စာသုံး မီးဖိုကို ဆိုလိုသည်။ သည်မီးဖိုနှင့်လှော်ထားသည့် ဘာလီ သို့မဟုတ် မုယောစပါးကို ပြန်ချက်ယူတော့မှ မီးခိုးနံ့ကလေးသင်းနေသည့် မုယောဝီစကီ သို့မဟုတ် ဘာလီဝီစကီကို ရသည်။ ကဇော်ဖောက်ပြီးသားကို သွေ့အောင် ပြန်လှော်သည့်စနစ်ကြောင့် Dry whisky ခေါ်ခြင်းဖြစ်သည် ဆို၏။

ဒုတိယတစ်မျိုးဖြစ်သည့် Single malt ကတော့ မုယောစပါးကို ရိုးရိုးကဇော်ဖောက်နည်းနှင့် ချက်ယူရသည့် ဝီစကီ ဖြစ်သည်။ တစ်ကြိမ်တည်း ပေါင်းခံစနစ်က ထွက်လာသည့်အရက် ဖြစ်သည်။ Vatted Malt ကတော့ မုယောစပါး ကဇော်ဖောက်ရည်ကို နှစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်

ထက် ပိုကာ ပေါင်းခံယူသည့်အရက် ဖြစ်သည်။ အထူးသဖြင့် အဆင့်မြင့် အရက်တွေထုတ်လုပ်လျှင် သည်နည်းကို သုံးသည်ဆို၏။

Grain whisky ကတော့ ကဓော်ဖောက်မထားသည့် ဂျုံ၊ ပြောင်း၊ လူး၊ ဆတ် စသည့် အသီးအနှံတစ်မျိုးမျိုးကို ထုချေနယ်ဖတ်ပြီး မုယောစပါး စိမ်း နည်းနည်းကလေးနှင့် ရောကာ ပေါင်းခံချက်ယူသည့် အရက်ဟူ၏။

'Grain whisky က ဂျုံနဲ့ ပြောင်းကို များသောအားဖြင့် သုံးတယ်။ Unmalted cereals တွေဆိုပါတော့။ Blended whisky ဆိုတာကတော့ စောစောကပြောတဲ့ Grain whisky နဲ့ မုယောစပါးနဲ့ ရောထားပြီးချက်ယူ တာ။ ဒါကို နှစ်နဲ့ချီပြီး လှောင်ထားနိုင်လေ တန်ဖိုးကြီးလေ ဆိုပါတော့။ ဒါမျိုးကျတော့ သိပ်ဈေးကြီးပေါ့ဗျာ'

တာနာကားကတော့ ဝီစကီတော်တော်ကြိုက်ပုံ ရသည်။ ဝီစကီ အကြောင်းလည်း တော်တော်သိသည်။ ဝီစကီဆိုသည့်စကားက ဂေးလစ် ဘာသာ[၁] အစ်စ်ဂေး[၂]က လာသည်ဆို၏။ စကော့ဂေးလစ်ဘာသာ အစ်စ် ဂေး ဆိုတာ အသက်ဇီဝရဲ့ ရေဓာတ်[၃]ဟု အဓိပ္ပာယ်ရသည်။

'ဒါကြောင့် စကားတောင်ရှိတယ်။ အသက်ဇီဝရဲ့ ရေဓာတ်ကလေး မဖြစ်စလောက်ထဲကို ရေထပ်ထည့်လိုက်ရင် အရက်ရဲ့ရနံ့တွေ ပျောက်ကုန် မှာပေါ့တဲ့။ သွားမလုပ်နဲ့ ဆရာရေ့'

အရက်ခန်းကလေးထဲမှာ ဘောလုံးပွဲပြန်တွေ စုမိကြပြီ။ အိန္ဒိယ တိုင်းရင်းသား လေးငါးယောက်က သည်အခန်းကျဉ်းကလေးကို နယူးဒေလီ အောက်မေ့နေပုံရသည်။ တစ်ယောက်ကတော့ ကြီးမားလှသည့် နက်ကတိုင် ကြီးကို ဖြေလျှော့ထားကာ ခေါင်းငိုက်စိုက်ကျနေပြီ။ တော်တော်များများက တော့ ဥရောပတိုက်သားတွေ။ တာနာကားကတော့ ဝီစကီ တော်တော်များ များ ဝင်သွားခဲ့ပြီ။ စကားတွေလည်း တော်တော်ပြောသည်။ သူကတော့ ချွေးကလေးတစိုစိုနှင့် ရီဝေဝေ။ ဒုတိယဘောလုံးပွဲ လာတော့မည်။ သူ့အခန်း ကို မတက်ဖြစ်သေး။ တာနာကားကို စကားဖြတ်လို့ မကောင်းနိုင်။ ပြီးတော့

---

၁။ Gaelic
၂။ Uisge
၃။ Water of life



အရက်အကြောင်းဆိုသော်လည်း သူ မသိသေးသည့် အကြောင်းအရာဆိုတော့ စိတ်ဝင်စားသည်။

'နေဦး၊ ဥရောပလေဆိပ်တွေမှာ ဒါမှမဟုတ် Euroshops တွေမှာ အရက်ဝယ်ရင် သင်္ကေတတွေ ရှိတယ်။ ဒါတွေနားလည်ရင် ပိုကောင်းတယ်။ ပထမ ခင်ဗျား ဝင်ကြေးမပေးရတဲ့ Taxfree plus ဆိုတဲ့ အသင်းဝင်ဖို့ လိုတယ်။ သည်အသင်းက ခရက်ဒစ်ကတ်လိုကတ်မျိုး ပေးထားတတ်တယ်၊ ခင်ဗျားဝယ်သမျှ ဈေးလျှော့တဲ့အပြင် ဘောနပ်ရတတ်လို့ ကျွန်တော်တော့ ဝင်ထားတယ်။ နောက် Pre order ဆိုပြီး ခင်ဗျားပြန်ခါနီး လေဆိပ်ဆင်း တော့မယ်ဆိုရင် အသင့်ဝင်ယူသွားလို့ရတဲ့ ကြိုတင်မှာစနစ်လည်း ရှိတယ်။ လေးငါးရက် တစ်ပတ်ကတည်းက စာရင်းပေးထားရတယ်။ သူက ပုံစံလေး ရှိတယ်။ ဖြည့်ပြီး စာတိုက်ကကြိုပို့ထားရင်လည်း ရတာပဲ။ လေဆိပ်ကျတော့ မှ Check-in ဝင်ပြီးပြီ။ လေယာဉ်ပေါ် တက်တော့မယ်ဆိုရင် Pre order desk မှာ သွားယူရုံပဲ။ ကျသင့်ပိုက်ဆံချေခဲ့၊ ဟန်ကိုကျလို့။ ဒါလည်း ခင်ဗျားသိထားဖို့ လိုတယ်'

တာနာကားက လေဆိပ်ဆိုင်တွေက အရက်ရောင်းသင်္ကေတတွေ လည်း ရှင်းပြနေသည်။ ပထမသင်္ကေတတစ်ခုက Best Buy လို့ ရေးထား သည့် သင်္ကေတဖြစ်သည်။ လတော်တော်ကြာ ရောင်းပြီးသည့်အရက်တွေကို (ဒါမှမဟုတ် စီးကရက်၊ ဆေးပြင်းလိပ် စသည်) ဈေးလျှော့ရောင်းနေပြီ ဆိုသည့် သင်္ကေတဖြစ်သည်။ ဥရောပမှာ ဈေးအနည်းဆုံး ချထားပြီးပါပြီ ဆိုသည့်သဘော။ နောက်သင်္ကေတတစ်ခုကတော့ Exclusively Tax & Duty free လို့ ရေးထားသည့် သင်္ကေတဖြစ်သည်။ ဒါကတော့ ပြည်တွင်း စားသုံးသူတွေထက် နိုင်ငံတကာ ခရီးသွားဧည့်သည်တွေကို သီးသန့်ရောင်း သည့် အမှတ်အသားဖြစ်သည်။ အခွန်မဲ့ဈေးနှုန်းဖြင့် ဝယ်ရုံသာ။ သည်အခွင့် အရေးမျိုး တခြားဆိုင်မှာမရနိုင်။ နောက်ထပ်သင်္ကေတ တစ်ခုကတော့ Sale လို့ ရေးထားသည်။ ဒါကတော့ လက်ကျန်စာရင်းက ပယ်ဖျက်ပြီးသား လက်ကျန် သိပ်မရှိတော့သည့် (အမျိုးအစား သိပ်မစုံတော့သော) အထူး ဝယ်နိုင်သည့် ဈေးဝယ်သင်္ကေတဟု ဆိုသည်။ နောက်တစ်မျိုးကတော့ Highly Recommended လို့ ရေးထားတာ တွေ့နိုင်သည်။ ရွေးချယ်

ထုတ်လုပ်ထားသော လူသိများ လူကြိုက်များသည့် တံဆိပ်တွေကို သင့်လျော်ရာ ဈေးနှုန်းနှင့်ရောင်းပေးသည့် သင်္ကေတဖြစ်သည်။ News ဆိုသည့် သင်္ကေတကို တွေ့လျှင်တော့ နောက်ဆုံးထုတ်ပစ္စည်းတွေ ဒါမှမဟုတ် လတ်တလောထုတ် အမယ်သစ်တွေ ရနိုင်သည်ဆိုသည့် သဘော (New လို့ မရေးဘဲ News လို့ ရေးတတ်သည်)။

'မစ္စတာ တာနာကားရေ၊ ကျွန်တော်တော့ အဖျားတောင် ပျောက်သွားပြီ။ ပြီးတော့ ကျွန်တော် စိတ်ဝင်စားပါတယ်။ ဟုတ်တယ်၊ ကျွန်တော်တို့ ဒါတွေလည်း သိဖို့လိုတယ်'

'နေဦး… ခင်ဗျားတို့နိုင်ငံမှာ ဝီစကီထဲက ဘာတွေကြိုက်ကြသလဲ။ နမူနာပေါ့ဗျာ'

'ကျွန်တော်သိသလောက်တော့ ဘယ်လင်တိုင်း ဂိုးလ်ဆီးလ်[၁]ရယ်၊ ရှီးဗာ့စ်ရီဂယ်[၂]ရယ်၊ ရှီးဗာ့စ်ရွိုင်ရယ်ဆလုတ်[၃]ရယ်၊ ဂျော်နီဝေါ့ကား ဘလက်လေဘယ်[၄]၊ နောက် ရက်ဒ်လေဘယ်[၅]ရယ်၊ အဲ… အဲဒါတွေပေါ့လေ'

'အို… ကောင်းတာပေါ့။ ဒါတွေက ရက်ဒ်လေဘယ်က လွဲရင် ကျန်တာတွေက Scotch Deluxe ခေါ်တယ်။ သိပ်ကောင်းတဲ့အရက်တွေပေါ့ဗျာ။ ဘယ်လင်တိုင်း ဂိုးလ်ဒ်ဆီးလ်က ဆယ့်နှစ်နှစ်သား အရက်လေ။ မီးခိုးနံ့ သင်းသင်းနဲ့ အရက်စည်နံ့ကလေး ပါတတ်တယ်။ ရှီးဗားစ်ရီဂယ်လည်း ဆယ့်နှစ်နှစ်သားအရက်ပဲ။ သူကျတော့ မီးခိုးနံ့သင်းသင်းနဲ့ သစ်သီးနံ့ပါတယ် ဆိုရုံကလေး ပါတတ်တယ်။ ရှီးဗားစ်ရွိုင်ရယ်ဆလုတ်ကတော့ နှစ်ဆယ့်တစ်နှစ်သား အရက်ဆိုတော့ ဘာပြောကောင်းမလဲပေါ့ဗျာ။ သူကျတော့ မီးခိုးနံ့နဲ့ မုယောစပါးနဲ့မှုအောင် ပေါင်းစပ်ထားတာလေ။ ရှီးဗားစ်ထဲမှာ ရှီးဗားစ်ဘရားသား ၁၈၀၁[၆]ဆိုတာ ရှိသေးတယ်။။ သူက အရသာကောင်းကောင်း သစ်သီးနံ့ ချိုရိုန်းရိုန်းကလေးနဲ့။ ဂျော်နီဝေါ့ကား ဘလက်လေဘယ်က

---

၁။ Ballantine Gold Seal
၂။ Chivas Regal
၃။ Chivas Royal Salute
၄။ Johnnie Walker Black Label
၅။ Johnnie Walker Red Label
၆။ Chivas Brothers 1801



တော့ ဆယ့်နှစ်နှစ်သား အရက်ဖြစ်ပြီး ဗင်နီလာနံ့နဲ့ သောက်ပြီးရင် မီးခိုးနံ့ကလေးလိုလို စွဲကျန်ရစ်တတ်တယ်။ ဝီစကီဒီးလပ်တွေထဲမှာ ဖေးမတ်စ် ဂရောက်စ် ဂိုးလ်ဒ်ရီဇာ့ဗ်[၁] ဆိုတာ နာမည်ကြီးပဲ၊ သစ်သီးနံ့နဲ့ ဆီနံ့အရသာပါတတ်လို့ ကျွန်တော့်အကြိုက်ဆုံးပဲ'

မွန့်ပယ်လီယေး အားကစားကွင်းကြီးက တိုက်ရိုက်လွှင့်ထုတ်နေသော မော်ရိုကိုနှင့် နော်ဝေးဘောလုံးပြိုင်ပွဲကို တီဗီမှာ လှမ်းတွေ့နေရသည်။ ဧည့်သည် တော်တော်များများကတော့ ကိုယ့်အခန်းရှိရာ ကိုယ်ပြန်ကြပြီ။ အချို့ကတော့ ဘားခန်းထဲက တီဗီကိုကြည့်ရင်း သောက်ကြဆဲ။ သူလည်း တော်တော်မူးနေပြီ။ တာနာကားကတော့ အရက်အကြောင်းပြောရတာ ပိုပြီး ခံတွင်းကောင်းနေပုံ ရသည်။ တာနာကား၏ ဘဝအဆစ်အချိုး တစ်ကွေ့မှာ နိုင်ငံခြားအရက်မျိုးစုံ တင်သွင်းသည့် ကုမ္ပဏီတစ်ခုတွင် အရောင်းလက်ထောက် လုပ်ခဲ့ဖူးသည်ဆို၏။ သည်တုန်းက ကမ္ဘာ့မြေပုံကြီး တစ်ချပ်ပေါ်မှာ ကမ္ဘာ့ကျော်အရက်များ ထွက်ရှိရာဒေသနှင့် အရက်နာမည်တွေကို ပင်အပ်ကလေးတွေနဲ့ ချိတ်သီရင်း ရက်ပေါင်းများစွာ ကျက်မှတ်ခဲ့ရသည်။ ကုမ္ပဏီ၏ အရောင်းမြှင့်တင်ရေး ဆွေးနွေးပွဲများတွင် ဦးဆောင် ဆွေးနွေးနိုင်သူ ဖြစ်လာကာ နိုင်ငံတကာ အရက်ဗေဒကျွမ်းကျင် ဖြစ်လာခဲ့သည်။ ဆိုပါတော့ ကော့ညက်။ ကော့ညက်ခေါင်းစဉ်အောက်မှာ ထွက်ရှိရာနိုင်ငံ၊ အရက်အမျိုးအစား၊ အရောင်၊ အနံ့၊ အရသာတွေကို သူ ပြောနိုင်သည်။ အလုပ်တစ်ဖက်နှင့် ကျောင်းတက်ရင်း တက္ကသိုလ်ပညာကို ဆည်းပူးခဲ့သည်။ အရက်တွေကို မြည်းစမ်းရင်းက အရက်ကြိုက်လာတော့တာပါပဲဟုလည်း ရယ်ကာမောကာ ပြောနေတတ်သည်။

'၁၈၆၀ ခုနှစ်တွေတုန်းက တစ်ကြိမ်၊ ၁၈၇၀ ခုနှစ်တွေတုန်းက တစ်ကြိမ် ဥရောပမှာရော ပြင်သစ်မှာပါ စပျစ်ပင်တွေ ပိုးကျတဲ့ကပ်ကြီး ဆိုက်ခဲ့တယ်။ အထူးသဖြင့် ကော့ညက်ထုတ်ကြတဲ့ အရက်စီးပွားရေးသမားတွေ ဒုက္ခကောင်းကောင်း ရောက်ခဲ့ကြတယ်။ သည်မှာတင် စကော့လူမျိုးတွေက ဝီစကီကို စလုပ်ကြတော့တာပဲ။ သူတို့က အရက်ချက်ရာမှာ အိုးကြီးနှစ်အိုးနဲ့ ချက်ကြတယ်။ တစ်အိုးကကြီးကြီး၊ နောက်တစ်အိုးက သေးသေး။

---

၁။ The Famous Grouse Gold Reserve

နံနက် ရှစ်နာရီမှာ နိုးသည်။ နိုးနိုးချင်း တီဗီဖွင့်တော့ မနေ့က စားခဲ့သည့် ဘောလုံးအသင်းများ၏ Stock Shot တွေ ပြန်ပြနေသည်။ သူ ကြည်ကြည်လင်လင် နိုးနေခြင်းဖြစ်၏။ ဘရစ်ဂျစ်က ဆယ်နာရီမှ လာခေါ်လိမ့်မည်။ ရေမိုးချိုး၊ မုတ်ဆိတ်ရိတ်၊ သွားတိုက်လုပ်လိုက်တာ နာရီဝက်လောက် ကုန်သွားသည်။ အောက်ဆင်းပြီး မနက်ခင်းစာ တော်တော် များများကို စားလိုက်ရသေးသည်။ မနေ့က ဘာမှဟုတ်တိပတ်တိ မစားခဲ့ရ ဘရစ်ဂျစ်ကတော့ ပိုက်ဆံတော်တော် ထိလိမ့်မည်ထင်သည်။ သူမက လစာ ကောင်းကောင်းရလို့လား။ မိဘ ဒါမှမဟုတ် သူမကပဲ ချမ်းသာလို့လား။

သူတို့ဆီက အမှုဆောင်စီမံခန့်ခွဲသူ ဝန်ထမ်းတစ်ယောက် ဆိုလျှင် တစ်နှစ်လုပ်ခ ဖရန့်ငွေ သုံးသိန်းနီးပါးရသည်။ လုပ်ငန်းစုံ ဝန်ထမ်းတွေက ပျမ်းမျှ တစ်နှစ်ကို ဖရန့် လေးသိန်းခြောက်သောင်းကျော် ရသည်။ ပြင်သစ် လယ်သမားတွေက တစ်နှစ်ဝင်ငွေ ဖရန့်တစ်သိန်းလေးသောင်းလောက် ရ တတ်ကာ စက်မှုနှင့် ကြီးကြပ်ရေးမှူးတွေက တစ်နှစ် တစ်သိန်းခုနစ်သောင်း ခြောက်ထောင်ကျော် ရသည်ဆို၏။ ကျွမ်းကျင်လုပ်သားရဲ့ လခက တစ်နှစ် ပျမ်းမျှ ဖရန့် တစ်သိန်းနှစ်သောင်းကျော်၊ ကော်လာဖြူဝန်ထမ်း လစာက တစ်နှစ် ပျမ်းမျှ တစ်သိန်းနှစ်သောင်း၊ မကျွမ်းကျင်သည့် လုပ်သားတွေက တော့ တစ်နှစ် ဖရန့်ငွေ ရှစ်သောင်းလောက် ရသည်။ တစ်ခါကတော့ ဘရစ်ဂျစ်ကို အိမ်ထောင်စု အသုံးစရိတ်အချို့ကို မေးကြည့်ဖူးသည်။

'နေအိမ်၊ လျှပ်စစ်ဓာတ်အားခနဲ့ အပူစွမ်းအင်ခက ဝင်ငွေရဲ့ ၂၂.၃ ရာခိုင်နှုန်း၊ အစားအစာနဲ့ ယမကာက ၁၇.၈ ရာခိုင်နှုန်း၊ သယ်ယူပို့ဆောင် ရေးနဲ့ ဆက်သွယ်ရေးစနစ်အတွက် ကုန်ကျငွေက ဝင်ငွေရဲ့ ၁၆.၇ ရာခိုင်နှုန်း



ကျန်းမာရေးအသုံးစရိတ်က ၁၀ ရာခိုင်နှုန်း၊ အိမ်အသုံးအဆောင်ပစ္စည်းနဲ့ ကြံခိုင်ရေးစရိတ်က ၇.၃ ရာခိုင်နှုန်း၊ အားလပ်ချိန်နဲ့ ယဉ်ကျေးမှု အသုံး စရိတ်က ၇.၄ ရာခိုင်နှုန်း၊ အဝတ်အစားက ဝင်ငွေရဲ့ ၅.၂ ရာခိုင်နှုန်း၊ အခြားအထွေထွေ ဝန်ဆောင်မှုစရိတ်တွေက ၁၃ ရာခိုင်နှုန်း သုံးနေကြတယ်။ ဒါကတော့ အစိုးရက တွက်ချက်ထားတာပေါ့လေ'

အစားအစာနဲ့ ယမကာခက ဝင်ငွေရဲ့ ၁၇ ရာခိုင်နှုန်းပဲ ကုန်ကျ သလား။ ငွေ ၁၀၀ မှာ ၁၇ ကျပ်နဲ့ လောက်အောင် စားနိုင်ကြသလား။ ဟုတ်ပါ့မလား။ ဖြစ်တော့လည်း ဖြစ်နိုင်သည်။ ပြင်သစ်စားသုံးသူတို့၏ ရေရှည်ခံ ပစ္စည်းပိုင်ဆိုင်မှု ကို ကြည့်လျှင် ရုပ်မြင်သံကြားစက် ၉၅ ရာခိုင် နှုန်း၊ တယ်လီဖုန်း ၉၅ ရာခိုင်နှုန်း၊ မော်တော်ကား ၇၈ ရာခိုင်နှုန်း၊ ဒီဒီယိုရီကော်ဒါ ၅၉.၃ ရာခိုင်နှုန်း၊ မိုက်ခရိုဝေ့ဗ်မီးဖို ၄၇.၃ ရာခိုင်နှုန်း၊ ပန်းကန်ဆေးစက် ၃၅ ရာခိုင်နှုန်းနှင့် ကွန်ပျူတာ ၁၆ ရာခိုင်နှုန်း ပိုင်ဆိုင်နေ ကြကြောင်း တွေ့နိုင်သည်။

ဘရစ်ဂျစ် ရောက်လာတော့လည်း သည်မနက် သူ့ခေါင်းထဲ ရောက် လာသည့် အကြောင်းအရာတွေကိုပဲ စကားစဖြစ်သည်။ ဘရစ်ဂျစ်က ကနေ့ တော့ နီလာပြာရောင်ကြည်ကြည် အင်္ကျီဖျော့ဖျော့ပေါ်မှာ နက်ပြာရင့်ရင့် အနွေးထည်ပါးပါးကလေး ထပ်ဝတ်ထားသည်။ မိတ်ကပ်လိမ်းမထားသော် လည်း ရေမွှေးနံ့က သင်းပျံ့နေသည်။ ခါတိုင်း ရနေကျရေမွှေးနံ့ မဟုတ်။

'ကိုယ်တို့လူမျိုးတွေက ဝင်ငွေထဲက စားလို့၊ ဝတ်လို့ပိုတာကို စုထား ကြသေးတာ။ တစ်နှစ်တစ်နှစ်ကို လူဦးရေရဲ့ ၆၂ ရာခိုင်နှုန်းလောက်ဟာ ခရီးဝေးထွက်ကြတယ်။ ပြည်တွင်း ပြည်ပခရီးတွေပေါ့။ ပိတ်ရက်က တစ်နှစ် ကို ရက်သတ္တပါးပတ် ရတယ်လေ'

လမ်းတစ်လျှောက်မှာတော့ ဆေးဝါးကုသမှုနှင့် လူမှုသက်သာ ချောင် ချိရေး ကိစ္စတွေ မေးဖြစ်သည်။ ပြင်သစ်လူမှုရေး လုံခြုံမှုအဖွဲ့။ ဒါမှမဟုတ် လူမှုဖူလုံရေး အဖွဲ့ကို ၁၉၄၅ ခုနှစ်ကတည်းက တည်ထောင်ခဲ့သည်။ ပြင်သစ်တွေကတော့ "Pay as you go" system လို့ ခေါ်သည့် ရန်ပုံငွေ ပေါ်မှာ ဆေးဝါး ကုသနိုင်ကြသည်။ တိုင်းပြည်ပြည်တွင်း အသားတင် ထုတ်လုပ်မှုတန်ဖိုး၏ ၃၀.၅ ရာခိုင်နှုန်းနှင့် ညီမျှသည့်ငွေကြေးကို အလုပ်ရှင်

---

၁။ Consumer durables

နှင့် အလုပ်သမား ဝေပုံကျ[၁]စာရင်းနှင့် CGS[၂]မှ ရရှိသည်။ အမြတ်အစွန်းခွဲဝေမှုကတော့ ပင်စင် ၄၉.၂ ရာခိုင်နှုန်း၊ ကျန်းမာရေး ၂၇.၂ ရာခိုင်နှုန်းဖြစ်သည်။ မိသားစုခွင့်ပြုငွေ ၁၂.၈ ရာခိုင်နှုန်း၊ အလုပ်ခွင်သုံး အကူအညီ ၈.၄ ရာခိုင်နှုန်း ဖြစ်သည်။ ပင်စင်ခံစားသူတွေက အလုပ်လုပ်ကိုင်သူဦးရေထက် ပိုမိုတိုးပွားနေသည့် ပြဿနာလည်း ရှိသည်။ ၁၉၉၆ ခုနှစ်က ပြင်သစ် လူမှုဖူလုံရေး အဖွဲ့အနေဖြင့် ထပ်ကာထပ်ကာ တိုးပွားလာနေသည့် လိုငွေပြမှုတွေကို ကြုံတွေ့ခဲ့ရသည်။ လိုငွေက ဖရန့်ငွေ ၅၃.၂ ဘီလျံတောင် ရှိသည်။ အမေရိကန်ဒေါ်လာနှင့် ဆိုလျှင် ၈.၈ ဘီလျံလောက် ရှိလိမ့်မည်။ သည်ပြဿနာကို ဆေးမြီးတိုကုသမှု သဘောအနေဖြင့် အခွန်နှုန်းသစ်သဘော ဝင်ငွေ၏ ၀.၅ ရာခိုင်နှုန်း ကောက်ခံကာ ပြန်ဖြည့်ဆပ်ပေးနေရသည်။ သည်အခွန်နှုန်းသစ်ကို လူထုကလည်း ကျေကျေနပ်နပ် ပေးဆောင်ကြသည်။

‘အသက်အာမခံ ကိစ္စတွေကတော့ကော’

‘ကမ္ဘာမှာ တတိယအခိုင်မာဆုံးကဏ္ဍပဲ။ အသက်အာမခံ၊ ကျန်းမာရေး အာမခံနဲ့ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု အာမခံတွေမှာ လူတွေ တော်တော်စိတ်ဝင်စားကြတယ်။ အလှည့်အကြိမ် လည်ပတ်ငွေကိုပဲ ဖရန့်ငွေ ၉၅၀ ဘီလျံလောက် ရှိတယ်။ လုပ်ငန်းခွင် အာမခံကိစ္စတွေဆိုရင် လုပ်ငန်းပေါင်းနှစ်သိန်းနဲ့ ဆက်စပ်မှုရှိတယ်’

‘နိုင်ငံခြားကုန်သွယ်မှုတွေ ပြောပါဦး’

‘မနှစ်က ပို့ကုန်တန်ဖိုး ဖရန့်ငွေ ၁၈၈၆ ဘီလျံရှိပြီး သွင်းကုန်တန်ဖိုးက ဖရန့်ငွေ ၁,၆၈၂ ဘီလျံရှိတယ်။ ကုန်သွယ်မှုက ပိုငွေပြနေတဲ့ အခြေအနေပေါ့။ ကုန်သွယ်ရေး ပိုငွေဆိုရင် ဖရန့် ၁၇၃.၄ ဘီလျံတောင် ရှိတယ်’

ဘရစ်ဂျစ်ရဲ့ ရှင်းပြချက်တွေအရ ပြင်သစ်၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး[၃]မှာ မနှစ်က ဖရန့်ငွေ ၈၁၁၀ ဘီလျံရှိခဲ့သည်။ ငွေကြေးဖောင်းပွမှုနှုန်းကတော့ ၁.၁ ရာခိုင်နှုန်းတဲ့လေ။

‘တိုင်းပြည်ချမ်းသာရင် တိုင်းသူပြည်သားတွေလည်း ချမ်းသာတာပဲ

---

၁။ Employers and employees' Contributions

၂။ CGS: Contribution Sociale Generalisee

၃။ Gross Domestic Product (GDP)



ဝင်းရဲ့။ ကိုယ့်ဝီရိယစွမ်းအားအလိုက် ဆုကြေးနိမ့်မြင့်တော့ ရှိတာပေါ့။ သေချာတာကတော့ တိုင်းပြည်ချမ်းသာရင် တိုင်းသူပြည်သားတွေ စိတ်တော့ ချမ်းသာတာပဲ မဟုတ်လား။ ပြင်သစ်ခရီးသွားလုပ်ငန်းဆိုရင် သိပ်ဝင်ငွေကောင်းတယ်။ တစ်နှစ်ကို ဧည့်သည်ခြောက်ဆယ့်နှစ်သန်းခွဲတောင် လာကြတယ်။ ကမ္ဘာ့ပထမနေရာမှာ ရှိတယ်၊ တစ်ယောက်ကို ဒေါ်လာတစ်ထောင်ပဲ သုံးတယ် ထား။ သန်း ထောင်ပေါင်း ခြောက်ဆယ့်နှစ်သန်းခွဲ ရတဲ့သဘောပဲ။ သားရေထည်နဲ့ ရေမွှေးကလည်း ကမ္ဘာ့အရောင်းရဆုံးနိုင်ငံကွ’

ပါရီနှင့် သိပ်မဝေးသော စိန့်အန်း ဦးနှောက်နှင့် အာရုံကြောဆိုင်ရာဆေးရုံကြီးကို ရောက်လာခဲ့ပြီ။ အပေါက်ဝမှာ ကားရပ်ကာ သတင်းပို့လိုက်တော့ လျှပ်စစ်သုံးမောင်းတံက ပွင့်သွားသည်။ ဆေးရုံဝင်းကြီးမှာ ကျယ်သလောက် သန့်ရှင်းလှပသည့် ပန်းခြံကြီးကိုလည်း ဖန်တီးထားသည်။ သန့်ရှင်းသပ်ရပ်မှုနှင့် တိတ်ဆိတ်အေးချမ်းမှုက အုံ့ပျပျ မိုးကောင်းကင်အောက်မှာ လွမ်းစရာကောင်းနေသည်။ ပန်းခြံဥယျာဉ်ကြီးထဲမှာ ပန်းတွေ··· ပန်းတွေ။ ပြီးတော့ ကျောက်ဖြူသား ကျောက်ဆစ်ရုပ်ကြီးတွေ။ ဆေးရုံပေါက်ဝက ပိုက်ဆံကောက်ခံသူ မရှိ။ ထမင်းပို့သူတွေ မရှိ။

သူနှင့် ဘရစ်ဂျစ်ကို နျူရိုဆာဂျင်ပါမောက္ခ ဒေါက်တာ ဖရန်ဆွာဇေးဗီးယားရူ[၁]က ကြိုဆိုသည်။ မျက်နှာချိုချို၊ ပိန်ပိန်ပါးပါး၊ မွှန်မွှန်ရည်ရည်။ ဆရာဝန်ကြီးက သူ့ရုံးခန်းထဲကို ခေါ်သွားသည်။ ကျယ်ဝန်းသောအခန်းကြီးထဲမှာ စာအုပ်ဗီရိုကြီးတွေ တော်တော်များများရှိသည်။ မှန်ဗီရိုတစ်လုံး၏ မျက်နှာစာမှာတော့ နိုင်ငံစုံက အမှတ်တရပစ္စည်းတွေ စီကာစဉ်ကာ ထည့်ထားသည်။ တစ်နေရာမှာတော့ ရွှေပိန်းချကျောက်စီ မြန်မာ့စောင်းကလေးတစ်လက်။ သူ့ရင်တွေ ခုန်သွားလောက်အောင် စောင်းကလေးက သူ့ကို နှုတ်ဆက်နေသည်။

‘ကျွန်တော်တို့ ကျန်းမာရေးအဖွဲ့အစည်းဆိုတာ မေတ္တာနဲ့ မျှော်လင့်ချက်တွေ ပေးရတဲ့အဖွဲ့အစည်းပါ။ ကျွန်တော် မြန်မာပြည်ကို ရောက်ဖူးပါတယ်။ မြန်မာနိုင်ငံက ဦးနှောက်နဲ့ အာရုံကြောဆရာဝန်တွေနဲ့ အလုပ်တွဲလုပ်ဖူးပါတယ်။ သူတို့ သိပ်တော်ကြတယ်။ သဘောလည်း ကောင်းကြ

---

၁။ Professor Francois-Xzvier Roux

တယ်။ ကရင်အမျိုးသား ဆရာဝန်တစ်ယောက်ဆိုရင် ကျွန်တော် အမြဲတမ်း
သတိရနေတယ်'

ရန်ကုန်မှာ လပေါင်းများစွာ နေဖူးသည်။ ရန်ကုန်က ဆရာဝန်ကြီး
တစ်ယောက် စိန့်အန်းဆေးရုံကြီးမှာ တစ်နှစ်လောက်လာပြီး ပညာဆည်းပူး
ခဲ့တာကိုလည်း ပြောပြသည်။ ကျန်းမာရေး ဆေးကုသမှုဆိုင်ရာ လူမှုဖူလုံရေး
သဘာဝတွေကို ရှင်းပြသည်။

ပြင်သစ်မှာတော့ ဆေးရုံတော်တော်များများ ရှိသည်။ အထူးပြုဆေးရုံ
ကြီးတွေလည်း ရှိသည်။ ဆေးရုံတက်သူက နေ့စဉ်စရိတ် ပေးချေရတာ ရှိ
သော်လည်း နည်းပါးသည်။ လူမှုဖူလုံရေးရန်ပုံငွေက တော်တော်များများ
ကျခံသည်။ လောလောဆယ် စိုက်ထုတ်ကုန်ကျထားတာ ရှိရင်လည်း ပြန်
သည် ထုတ်ပေးသည်ဆို၏။ သူနှင့် ဘရစ်ဂျစ်ကို ဆေးရုံကြီးတစ်ခုလုံးကို
လေ့လာဖို့ စီစဉ်ပေးသော်လည်း သူ ငြင်းလိုက်သည်။

'ကျွန်တော် မြန်မာပြည်ကို မမေ့ဘူး။ ခဏခဏလည်း ရောက်တယ်။
ပလည်းသွားချင်သေးတယ်။ ကျွန်တော် ဗီဒီယိုတိပ်တွေ ရိုက်ယူလာတယ်။
သတိရရင် ကြည့်တယ်'

သည့်နောက်တော့ ဒေါက်တာဖရန်ဆွာဖေးဗီးယားရုကချည်း မေးခွန်း
တွေ မေးသည်။ သူကလည်း တတ်သလောက် မှတ်သလောက် ဖြေသည်။
ကားတွေ တော်တော်ပြောပြီးတော့ နှုတ်ဆက်လိုက်ကာ ဆေးရုံကြီးပေါ်က
ဝင်းလာခဲ့သည်။ ပန်းခြံလမ်းကလေးတွေမှာတော့ သက်ဆိုင်ရာလူနာဆောင်
တွေကို ခပ်သုတ်သုတ် ပြေးလွှားနေကြသည့် ဆရာဝန်၊ ဆရာမတွေ။ သူတို့
ငင်မှာ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကြီး ဟီးထနေသော်လည်း သူတို့နှင့်
ဆိုင်သလိုလို။ ဘရစ်ဂျစ်က ဗာဆေးလ်နန်းတော်ကြီးဆီကို မသွားသေးဘဲ
ထဲတစ်နေရာမှာ ကားရပ်သည်။ သစ်သီးဆိုင်တွေမှာ သစ်သီးတချို့
ယ်သည်။ စတိုးဆိုင်တစ်ခုဝင်ကာ မိန်းမဝတ် အဝတ်အထည်တွေကို လိုက်
ကြည့်သည်။ အသင့်ချုပ်ပြီးအင်္ကျီတွေနဲ့ စကတ်တွေကို တစ်ထည်ပြီး တစ်
ည် လိုက်ရွေးသည်။ သူတို့ဆီမှာတော့ ချုပ်ပြီးသားအထည်တွေကိုသာ
တွေ့နိုင်သည်။ ပြီးတော့ Ready made လို့ မခေါ်ကြ။ ready to wear
ashion လို့ ခေါ်တာ သတိထားမိသည်။



'ပြင်သစ်ရောက်ရင် ရေမွှေးတော့ ဝယ်သွား ဝင်းရဲ့။ မင်းပြန်ရင် ကိုယ်လည်း ပေးလိုက်မှာပါ။ နေဦး အမျိုးသားသုံးရေမွှေးထဲက နီနိုရှာရူတီ[၁] ဝယ်ပေးလိုက်မယ်။ ရေမွှေးဆိုတာ လူ့ရဲ့ခန္ဓာဓာတုဗေဒနဲ့ ဆိုင်တော့ သူများ ရွေးပေးတာထက် ကိုယ်တိုင်ရွေးတာ ပိုကောင်းတယ်'

'ခန္ဓာဓာတုဗေဒ'

'ဟုတ်တယ်၊ ရေမွှေးဟာ Body chemistry နဲ့ ဆိုင်တယ်။ များသောအားဖြင့် လက်ကောက်ဝတ် သွေးကြောပေါ်မှာဆွတ်ကြည့်လို့ တစ်နာရီမခံရင် မဝယ်သင့်ဘူး ဝင်းရဲ့။ လူတစ်ယောက်နဲ့ တည့်ပေမဲ့ နောက်တစ်ယောက်နဲ့ အဆင်မပြေတတ်ဘူး'

'ဘရစ်ဂျစ်ရေ၊ ညတုန်းက ဂျပန်ကြီး တာနာကားက ဝီစကီအရက်အကြောင်းတွေ ပြောသွားလိုက်တာကွာ စုံနေတာပဲ။ ဘရစ်ဂျစ်က ပြင်သစ်အလှကုန်အကြောင်းတွေ ပြောပါဦး'

'ပြင်သစ်အလှကုန်တွေ အကြောင်းဆိုတာက တစ်ထောင့်တစ်ညဇာတ်လမ်း ဝင်းရဲ့။ ပြီးတော့ ကိုယ်က အဲဒါတွေသိပ်မသုံးဘူး။ သိသလောက်တော့ ပြောမယ်၊ အလှကုန်အုပ်စုတွေထဲမှာ အမယ်တွေက အများကြီး။ ပထမဆုံးသိသင့်တာက လူ့ရဲ့အသားအရေပဲ။ ကိုယ်က ဘာအသားအရေ အုပ်စုထဲ ပါသလဲဆိုတာ အရင်သိရတယ်'

လူ့အသားအရေးတွေထဲမှာ ခြောက်သွေ့နေတတ်သည့် Dry skin ဆိုတာ ရှိသည်။ သူ့အလိုလိုတောက်ပနေသည့် Radiant skin ဆိုတာလည်း ရှိသည်။ အဆီပြန်နေတတ်သည့် Oily skin တွေလည်း ရှိသည်။ သာမန်မထူးခြားသည့် Normal skin တွေ ရှိသည်။ Conbination skin, Dehydrate skin, Sensitive skin, Dry and oily skin, Dry and normal skin, Dry and Sensitive skin စသဖြင့် စသဖြင့် အများကြီး။ ပြင်သစ်တွေကတော့ လူတစ်ကိုယ်လုံး ဘယ်နား ဘာလိမ်းလို့ရမလဲ စဉ်းစားကြသူတွေ ထင်ပါရဲ့။ တီထွင်ကြ၊ ထုတ်လုပ်ကြ။ နှုတ်ခမ်းဆိုးဆေး ခေါင်းစဉ်အောက်မှာပဲ ကြည့်လေ။ Different lipstick ရှိသည်။ Almost lipstick ရှိသည်။ Long last lipstick ရှိသည်။ Glosswear with Brush

၁။ Nino Cerruti

တယ်။ ကရင်အမျိုးသား ဆရာဝန်တစ်ယောက်ဆိုရင် ကျွန်တော် အမြဲတမ်း သတိရနေတယ်'

ရန်ကုန်မှာ လပေါင်းများစွာ နေဖူးသည်။ ရန်ကုန်က ဆရာဝန်ကြီး တစ်ယောက် စိန့်အန်းဆေးရုံကြီးမှာ တစ်နှစ်လောက်လာပြီး ပညာဆည်းပူး ခဲ့တာကိုလည်း ပြောပြသည်။ ကျန်းမာရေး ဆေးကုသမှုဆိုင်ရာ လူမှုဖူလုံရေး သဘာဝတွေကို ရှင်းပြသည်။

ပြင်သစ်မှာတော့ ဆေးရုံတော်တော်များများ ရှိသည်။ အထူးပြုဆေးရုံ ကြီးတွေလည်း ရှိသည်။ ဆေးရုံတက်သူက နေ့စဉ်စရိတ် ပေးချေရတာ ရှိ သော်လည်း နည်းပါးသည်။ လူမှုဖူလုံရေးရန်ပုံငွေက တော်တော်များများ ကျခံသည်။ လောလောဆယ် စိုက်ထုတ်ကုန်ကျထားတာ ရှိရင်လည်း ပြန် လည် ထုတ်ပေးသည်ဆို၏။ သူနှင့် ဘရစ်ဂျစ်ကို ဆေးရုံကြီးတစ်ခုလုံးကို လေ့လာဖို့ စီစဉ်ပေးသော်လည်း သူ ငြင်းလိုက်သည်။

'ကျွန်တော် မြန်မာပြည်ကို မမေ့ဘူး။ ခဏခဏလည်း ရောက်တယ်။ ထပ်လည်းသွားချင်သေးတယ်။ ကျွန်တော် ဗီဒီယိုတိပ်တွေ ရိုက်ယူလာတယ်။ သတိရရင် ကြည့်တယ်'

သည့်နောက်တော့ ဒေါက်တာ ဖရန်ဆွာဖေးဗီးယားရကချည်း မေးခွန်း တွေ မေးသည်။ သူကလည်း တတ်သလောက် မှတ်သလောက် ဖြေသည်။ စကားတွေ တော်တော်ပြောပြီးတော့ နှုတ်ဆက်လိုက်ကာ ဆေးရုံကြီးပေါ်က ဆင်းလာခဲ့သည်။ ပန်းခြံလမ်းကလေးတွေမှာတော့ သက်ဆိုင်ရာလူနာဆောင် တွေကို ခပ်သုတ်သုတ် ပြေးလွှားနေကြသည့် ဆရာဝန်၊ ဆရာမတွေ။ သူတို့ နိုင်ငံမှာ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကြီး ဟီးထနေသော်လည်း သူတို့နှင့် မဆိုင်သလိုလို။ ဘရစ်ဂျစ်က ဗာဆေးလ်နန်းတော်ကြီးဆီကို မသွားသေးဘဲ မြို့ထဲတစ်နေရာမှာ ကားရပ်သည်။ သစ်သီးဆိုင်တွေမှာ သစ်သီးတချို့ ဝယ်သည်။ စတိုးဆိုင်တစ်ခုဝင်ကာ မိန်းမဝတ် အဝတ်အထည်တွေကို လိုက် ကြည့်သည်။ အသင့်ချုပ်ပြီးအင်္ကျီတွေနဲ့ စကတ်တွေကို တစ်ထည်ပြီး တစ် ထည် လိုက်ရွေးသည်။ သူတို့ဆီမှာတော့ ချုပ်ပြီးသားအထည်တွေကိုသာ တွေ့နိုင်သည်။ ပြီးတော့ Ready made လို့ မခေါ်ကြ။ ready to wear fashion လို့ ခေါ်တာ သတိထားမိသည်။



'ပြင်သစ်ရောက်ရင် ရေမွှေးတော့ ဝယ်သွား ဝင်းရဲ့။ မင်းပြန်ရင် ကိုယ်လည်း ပေးလိုက်မှာပါ။ နေဦး အမျိုးသားသုံးရေမွှေးထဲက နီနိုရှာရူတီ[၁] ဝယ်ပေးလိုက်မယ်။ ရေမွှေးဆိုတာ လူ့ရဲ့ခန္ဓာဓာတုဗေဒနဲ့ ဆိုင်တော့ သူများ ရွေးပေးတာထက် ကိုယ်တိုင်ရွေးတာ ပိုကောင်းတယ်'

'ခန္ဓာဓာတုဗေဒ'

'ဟုတ်တယ်၊ ရေမွှေးဟာ Body chemistry နဲ့ ဆိုင်တယ်။ များသော အားဖြင့် လက်ကောက်ဝတ် သွေးကြောပေါ်မှာဆွတ်ကြည့်လို့ တစ်နာရီမခံရင် မဝယ်သင့်ဘူး ဝင်းရဲ့။ လူတစ်ယောက်နဲ့ တည့်ပေမဲ့ နောက်တစ်ယောက်နဲ့ အဆင်မပြေတတ်ဘူး'

'ဘရစ်ဂျစ်ရေ၊ ညတုန်းက ဂျပန်ကြီး တာနာကားက ဝီစကီအရက် အကြောင်းတွေ ပြောသွားလိုက်တာကွာ စုံနေတာပဲ။ ဘရစ်ဂျစ်က ပြင်သစ် အလှကုန်အကြောင်းတွေ ပြောပါဦး'

'ပြင်သစ်အလှကုန်တွေ အကြောင်းဆိုတာက တစ်ထောင့်တစ်ည ဇာတ်လမ်း ဝင်းရဲ့။ ပြီးတော့ ကိုယ်က အဲဒါတွေသိပ်မသုံးဘူး။ သိသလောက် တော့ ပြောမယ်၊ အလှကုန်အုပ်စုတွေထဲမှာ အမယ်တွေက အများကြီး။ ပထမဆုံးသိသင့်တာက လူ့ရဲ့အသားအရေပဲ။ ကိုယ်က ဘာအသားအရေ အုပ်စုထဲ ပါသလဲဆိုတာ အရင်သိရတယ်'

လူ့အသားအရေတွေထဲမှာ ခြောက်သွေ့နေတတ်သည့် Dry skin ဆိုတာ ရှိသည်။ သူ့အလိုလိုတောက်ပနေသည့် Radiant skin ဆိုတာလည်း ရှိသည်။ အဆီပြန်နေတတ်သည့် Oily skin တွေလည်း ရှိသည်။ သာမန် မထူးခြားသည့် Normal skin တွေ ရှိသည်။ Conbination skin, Dehydrate skin, Sensitive skin, Dry and oily skin, Dry and normal skin, Dry and Sensitive skin စသဖြင့် စသဖြင့် အများကြီး။ ပြင်သစ် တွေကတော့ လူတစ်ကိုယ်လုံး ဘယ်နား ဘာလိမ်းလို့ရမလဲ စဉ်းစားကြ တွေ ထင်ပါရဲ့။ တီထွင်ကြ၊ ထုတ်လုပ်ကြ။ နှုတ်ခမ်းဆိုးဆေး ခေါင်းစဉ် အောက်မှာပဲ ကြည့်လေ။ Different lipstick ရှိသည်။ Almost lipstick ရှိသည်။ Long last lipstick ရှိသည်။ Glosswear with Brush

၁။ Nino Cerruti

ဆိုတာ ရှိသည်။ Lip pencil ရှိသည်။ Super last cream lipstick ရှိသည်။ Quick liner lipstick ရှိသည်။ Long wearing true color lipstick ဆိုတာ ရှိသည်။ Glossy lipstick ရှိသည်။ lipgloss ဆိုတာ ရှိသေးသည်။ lipliner ဆိုတာ ရှိသည်။ Crayon lipstick တွေ ရှိသည်။ သည်တစ်မျိုးစီ၏ အောက်မှာ မျိုးကွဲတွေ ရှိသေးသည်ဆို၏။

အလှကုန်အုပ်စုကြီးတွေကို ကြည့်လျှင် အသားအရေတွန့်ခြင်းမှ ကာကွယ်သည့် Anti -wrincle treatment တဲ့။ အိုနာကျခြင်းမှ ကာကွယ်သည့် Anti-Age treatment တဲ့။ မျက်လုံးတွေအတွက် Eye-treatment ပစ္စည်းတွေကလည်း အစုံ။ အထူးအလှကုန် Special Beauty treatment တွေကလည်း များသား။ Basic Body care တဲ့။ Special Body care တဲ့။ Sun care တဲ့၊ Three Step Skin Care System တဲ့။ Cleaning Accessories တဲ့။ Exfoliating products တဲ့။ Lubricators တဲ့။ Foundations တဲ့။ Concealers တဲ့။ Powders တဲ့။ Blushers တဲ့။ Hair Care တဲ့။ Masscara တဲ့။ Nails တဲ့။ Eyes တဲ့။ Lips တဲ့။ တစ်မျိုးစီရဲ့အောက်မှာ အမယ်တစ်ထောင်စီလောက် ရှိလိမ့်မည်။

'ဆိုပါတော့ ဝင်းရယ်၊ လက်သည်းဆိုးဆေးအုပ်စု Nails ထဲမှာပဲ Nail enamel ဆိုတာတွေ ရှိတယ်။ Ridge filler ဆိုတာတွေ ရှိတယ်။ Extra Strength base special တွေ ရှိတယ်။ Top coat တွေ ရှိတယ်။ Gentle polish remover တွေ ရှိတယ်။ Nutitional cream ဆိုတာတွေ ရှိတယ်။ Perfect finish nail lacquer ဆိုတာတွေ ရှိတယ်။ Glosy nail enamel တွေ ရှိတယ်၊ Reflect immediate ဆိုတာတွေ ရှိတယ်'

'ဟန်တစ်ခါပြင် ရွှေစင်ဆယ်တင်း ကုန်သူတို့အတွက် လက်သည်းကလေး တစ်ဖက်ပေါ်မှာတင်မယ့် အရောင်တွေ၊ အမျိုးအစားတွေကလည်း မနည်းလှပါကလား။ ရေမွှေးတွေကတော့ များမှများ။ ရေမွှေးသမိုင်းကလည်း သေးသေးကွေးကွေး မဟုတ်။ အစောဆုံး အီဂျစ်ဖာရိုဘုရင်တွေက ဧည့်ခန်းဆောင်တွေမှာ Air fresher တွေ သုံးခဲ့ကြသည့် အထောက်အထားတွေ ရှိသည်။ ရေမွှေးတွေ သုံးခဲ့ကြပြီ။ ရေချိုးခန်းနဲ့ အလှပြင်ခုံတွေပေါ်မှာ



ဘုရင်ခေတ်ကတည်းက ရေမွှေးတွေ ရှိနေသည်ဆို၏။ လူတစ်ဦးချင်းရဲ့ ခြားနားမှု၊ အခြေအနေအချိန်အခါရဲ့ ခြားနားမှုနဲ့ ရေမွှေး သဘာဝခြားနားမှုတွေကို သိနားလည်မှ ရေမွှေးကောင်းကို ရွေးချယ်နိုင်သည်။ ရေမွှေးတွေကို ရွေးချယ်ရာမှာတော့ နှစ်သက်သည့်ရသ (Taste)၊ ဘဝနေဟန် (Life style) နှင့် လူ၏ဆန္ဒပုံရိပ်တွေ (Image a person wishs to projects) က အဓိကကျသည်။

ရေမွှေး ရွေးချယ်တတ်မှုထဲမှာ အလုပ်အကိုင်၊ နေထိုင်မှုဘဝနှင့် ခံစားမှုတွေလည်း ပါသည်။ ကနေ့ခေတ်မှာတော့ သဘာဝသစ်ဥသစ်ဖု အမယ် ၄၀၀ လောက်က အဆီထုတ်ယူနေကြပြီ။ ဆင်သက်တစ်[၁] ဓာတုပစ္စည်း ၄၀၀၀ လောက်ကလည်း ထုတ်ယူနေကြပြီ။ ရေမွှေးတစ်မျိုးထဲမှာ သဘာဝရော၊ ဆင်သက်တစ်ရော အမယ်ငါးဆယ်လောက်စီ ပါတတ်သည်ဟု ဆို၏။ ရေမွှေးပညာရှင်တွေထဲမှာ ယန်းကာလီယို[၂]နှင့် ဂျက်ပိုလ်ဂေး[၃] တို့ နှစ်ဦးမှာ ထင်ရှားသူများ ဖြစ်သည်။ ဂျက်ပိုလ်ဂေးကတော့ ကမ္ဘာကျော် ရှေနယ်လ်[၄] ရေမွှေးကို တွေ့ရှိသူဖြစ်သည်။

'ရေမွှေးစီးပွားရေးကို Nosy business ခေါ်ကြတယ်။ စပ်စပ်စုစု စီးပွားရေး ဆိုပါတော့။ အနံ့ခံရတဲ့ စီးပွားရေးပေါ့နော်။ ရေမွှေးဆိုတာလည်း ဂီတသီချင်းလိုပဲ လေထဲကမမြင်ရဘဲ ခံစားရတဲ့အထိအတွေ့ ဆိုတော့ Invisible Touch လို့ သုံးကြတယ်'

ရေမွှေးတွေကို အမျိုးသားသုံး၊ အမျိုးသမီးသုံး မခွဲခြားဘဲ အဆင်ပြေသလို ဝယ်ယူ သုံးစွဲနေကြတာတွေလည်း အာရှနိုင်ငံ တော်တော်များများမှာ ရှိနေသည်။ နိုင်ငံတကာ ရေမွှေးဆိုင်ကြီးတွေမှာတော့ မရှိမဖြစ် တင်ရောင်းနေကြသည့် အမျိုးသမီးသုံး ရေမွှေးတံဆိပ်လေးဆယ်လောက် ရှိသည်။ အမျိုးသားသုံးက တံဆိပ်သုံးဆယ်လောက် ရှိသည်။

အမျိုးသမီးသုံးတွေထဲက Elizabeth Arden, Biotherm, Hugo Boss, Boucheron, Calvin Klein, Chanel Cartier, Clinique, Salvador Dali, Christian Dior, Escada, Givenchy, Gucci, Lacome,

---

၁။ Synthetic fragrances
၂။ Jean Karleo
၃။ Jaques Polge
၄။ Chanel

ပြီးတော့ ကြေးအိုးကြီးတွေဗျ။ အိုးကြီးနဲ့ ချက်လို့ရတာတွေကို 'Low wines' လို့ ခေါ်တယ်။ တစ်ပေါင်းကျပေ့ါဗျာ။ အိုးသေးကလေးနဲ့ ကျတော့မှ တစ် ကျော့ ထပ်ပြီး အရက်ကောင်းကောင်း ချက်ယူရတာ။ ကျွန်တော်ပြောတဲ့ Single malt နဲ့ Vatted malt ဝီစကီဆိုတာ ဒါပဲ'

'နေပါဦး မစ္စတာတာနာကား၊ ဝီစကီလိုပြောရင် စကော့တွေကပဲ လုပ်ကြတာလား။ ကမ္ဘာကျော် တခြားဝီစကီတွေကော မရှိဘူးလား'

'စကော့တွေက တော်တာတော့ အမှန်ပဲဗျ၊ တစ်ကမ္ဘာလုံးမှာ ဝီစကီ တွေ ထွက်နေတာပါပဲ။ ခက်တာက အရက်ဆိုတာ ကြော်ငြာကောင်းရုံနဲ့ မရဘူး။ အရည်အသွေးကောင်းမှ ရတာလေ။ ဥပမာ အိုင်းရစ်ရှ်ဒီးလပ်[၁] ဆိုတာတွေ ရှိတယ်။ ဘွတ်ရှ်မီးလ်မော့လ်တ်[၂]လို့ ခေါ်တာတွေပဲ။ ဒီကောင်တွေ က မြက်ရိုင်းနဲ့မွှေးအောင် လုပ်ထားတာ။ ဟင်းခတ်အမွှေးအကြိုင်နံ့တွေ မုယောနံ့တွေ၊ ရှယ်ရီနံ့တွေ၊ ခပ်ကြိုင်ကြိုင်အနံ့တွေ ပါတတ်တယ်။ အိုင်းရစ်ရှ် စတင်းဒတ်[၃] ဝီစကီတွေကျတော့ ပါရမယ့်မီးခိုးနံ့ မပါပြန်ဘူး။ ဥပမာ ကျူလာမောဂျူးဝီစကီ[၄] ဆိုရင် ပူတယ်ဗျာ။ သစ်သီးနံ့တွေနဲ့ ချိုနေတော့ တချို့က မကြိုက်ဘူး'

'နောက် ဘယ်ကထွက်သေးသလဲ'

'အမေရိကန်နဲ့ ကနေဒါကလည်း ထွက်ပါတယ်။ အမေရိကန်က ကမ္ဘာကျော်တာဆိုရင် ဖိုးရိုးစစ်[၅]၊ ဂျက်ဒဲနီယယ်စ်[၆]နဲ့ ဂျင်းဘီးမ်[၇] ဝီစကီ တွေပေ့ါ။ သစ်သားစည်နံ့၊ ချောကလက်နံ့နဲ့ မီးခိုးနံ့တွေ ပါတတ်တယ်။ များသောအားဖြင့်ကတော့ အနံ့တွေ ထွေပြားတတ်တယ်။ Complexity ဖြစ်တယ်လို့ ခေါ်တာပဲ။ ကနေဒါကတော့ ဆီးဂရမ်စ်ဗီအို[၈]တို့၊ လော့ဒ်ကားလ် ဗာ့ထ်[၉]တို့ ကောင်းပါတယ်။ သစ်သီးနံ့ပျော့ပျော့၊ သစ်သားစည်နံ့တွေ ဖြစ်နေ တတ်တယ်'

ဝီစကီကောင်းကောင်းကို လူတွေက 'Sippin smooth' လို့ ခေါ်

---

၁။ Irish Deluxe
၂။ Bushmills malt
၃။ Irish Standard
၄။ Tullarmore Dew
၅။ Four Roses
၆။ Jack Daniels
၇။ Jim Beam
၈။ Seagram's V.O.
၉။ Lord Calvert Old Tradition



သတဲ့။ နူးညံ့ချောမွတ်သော လျှာပေါ်တွင် အမြည်းကလေးပေလား။ သူနှင့် တာနာကားကတော့ ကြမ်းတမ်းခက်ထရော်သော သောက်မျိုးမှုတွေ ဖြစ်နေ ကြပြီ။ သူလည်း တော်တော်မူးပြီ။ ဘောလုံးပွဲလည်း လွတ်ခဲ့ပြီ။ တာနာကား က ဓာတ်လှေကားအထိ လိုက်ပို့သည်။

'ဘာပဲဖြစ်ဖြစ် ကျွန်တော့်အတွက် အများကြီးဗဟုသုတ ရပါတယ် မစ္စတာ တာနာကား၊ ကျေးဇူးလည်း တင်ပါတယ်။ အဖျားလည်း ပျောက် သွားပြီနော်'

'ကျွန်တော်ကလည်း ခင်ဗျားနဲ့ ခင်မင်ရတာ ဝမ်းသာတာပါပဲ။ မီး ကျွမ်းအောင် မြှိုက်ထားတဲ့ ဝက်သစ်ချသား အရက်စည်ထဲမှာ နှစ်ပေါင်း များစွာ အောင်းနေတဲ့ ရွှေရောင်ယမကာတွေ ရှိတတ်တယ်ဆိုတာ မမေ့နဲ့။ သည်မယ် ကျွန်တော် ခင်ဗျားကို တစ်သက်လုံးစာ ပြောလိုက်မယ်။ အရက် ကောင်းတို့ရဲ့ ရနံ့ဆိုတာ ချုံပုတ်မီးရှို့ထားတဲ့အနံ့နဲ့ ကတ္တရာမီးလောင်နံ့ ပေါင်းထားတာတဲ့ဗျ'

ဓာတ်လှေကား ခလုတ်တွေကို မှန်မှန်ကန်ကန် နှိပ်နိုင်နေသေးသည်။ ကိုယ့်အခန်းကို ကိုယ် မှန်မှန်ကန်ကန် ရွေးချယ်နိုင်သေးသည်။ သော့ပေါက် ထဲကို မာစတာကီး ပလတ်စတစ်ပြားကို ကောင်းကောင်းထည့်နိုင်သေး သည်။ သူ ခုတင်ပေါ်ကို လှဲချလိုက်တဲ့အထိ မှတ်မိနေသေးသည်။ သူ့အခန်း ထဲမှာတော့ ချုံပုတ်မီးရှို့ထားသည့် အနံ့တွေ၊ ကတ္တရာမီးလောင်နံ့တွေ၊ ဝက် သစ်ချသား သစ်သားစည်နံ့တွေ၊ မြက်ရိုင်းနှင့် ဗနီလာနံ့တွေ၊ ပြီးတော့ မီးခိုးနံ့။ မီးကျွမ်းအောင်မြှိုက်ထားတဲ့ ဝက်သစ်ချသား အရက်စည်မည်းမည်း ထဲမှာ ရွှေရောင်ယမကာတွေ ရှိတတ်သတဲ့။ သူ နားလည်သလိုလိုတော့ ရှိသည်။ နားလည်သလိုလိုတော့ ရှိလေသည်။

✤

Ralph Lauren, Moschino စတာတွေ နာမည်ကြီးသည်။ အမျိုးသားသုံး ရေမွှေးတွေထဲက သည်တံဆိပ်တွေအပြင် အမေရိကန်ရေမွှေး Grant ကို လူ ကြိုက် များသည်။ Van Gils နှင့် အမေရိကန် အလှကုန်တွေမှာတော့ Ralph Lauren က ထင်ရှားသည်။ ပြင်သစ်က Boucheron, Moschino, Dolce & Gabbana, Allure Chanel တို့ ထင်ရှားသည် ဆို၏။

ရေမွှေးစတိုးထဲမှာ ရေမွှေးနံ့တွေ သင်းပျံ့နေသည်။ ဝယ်သူတွေက များသလောက် ရောင်းသူတွေက စိတ်ရှည်သည်။ နမ်းကြည့်တော့လည်း ပုလင်းတိုင်းက စွဲမက်ချင်စရာ။ ပုလင်းဒီဇိုင်းတွေက ဝယ်ချင်စရာ။ ဈေးတွေ ကတော့ ကောင်းသည်။ ဘရစ်ဂျစ်က ဆာဂျီယိုတက်ချီးနီး အော်ဒီတွိုင်းလက် နေချယ်လ်စပရေး[၁] တစ်ဘူး သူ့ကို လက်ဆောင်ပေးသည်။ ဆိုင်ခန်းတွေက စီတန်းနေသည်။ သစ်သီးနှင့် ဟင်းသီးဟင်းရွက်ဆိုင်တွေ၊ မုန့်မျိုးစုံဆိုင်တွေ၊ အသားမျိုးစုံ ချက်ထားသည့်ဆိုင်တွေ၊ အထည်ဆိုင်တွေကို တစ်ဆိုင်ပြီး တစ်ဆိုင်ဝင်ရင်း ဘရစ်ဂျစ်က ရေမွှေးငှီကာချဲ့နေခြင်း ဖြစ်သည်။ လမ်းပေါ် မှာ မတ်တတ်ရပ် နမ်းနေကြသူတွေကို ရှောင်ကာ တိမ်းကာ တော်တော် ဝေးဝေးကို ရောက်လာခဲ့သည်။ အီဗီယင် သောက်ရေသန့်လေးဘူးနှင့် ချော ကလက်တစ်တောင့် ဝယ်ပြီးတော့ ကားဆီသို့ ပြန်လာခဲ့သည်။ မုန့်ရပြီ၊ ရေရပြီ၊ သစ်သီးတွေပါပြီ။ ဗာဆေးလ်[၂]ကို သွားမည်။

ဗာဆေးလ်နန်းတော်ကြီးက ပါရီရဲ့ အနောက်တောင်ဘက်မှာ ရှိ သည်။ ပြင်သစ်တွေကတော့ ဗားဆေးလ်ရဲတိုက် ဒါမှမဟုတ် ဗာဆေးလ် ဉယျာဉ်လို့ ခေါ်လေ့ရှိသည်။ ပါရီက တော်တော်ကလေးမောင်းမှ ဗာဆေးလ် ကို ရောက်သည်။ လမ်းမှာတော့ သစ်တောတွေ၊ လုံးချင်းအိမ်ကလေးတွေ၊ သန့်ရှင်းလှပသည့် လမ်းတွေကို ဖြတ်လာခဲ့သည်။ ဗာဆေးလ်ကို ကမ္ဘာ လှည့် ခရီးသွားတို့ မရောက်မရှိ ရောက်ကြသည်။ ဗာဆေးလ်မြို့ကလေး မှာ အဆောက်အအုံမြင့်မြင့်ကြီးတွေ ဆောက်ခွင့်မပြုဟု ဆိုသည်။ ပန်းဆိုင် တွေ တော်တော်များသည်။ ကဖေးဆိုင်တွေကတော့ ချစ်စရာကောင်းအောင် ဆောက်ထားကြသည်။ အမိုးနီနီ၊ ရွှေရောင်စာလုံး၊ ပုံစံတူ ကုလားထိုင်

၁။ Sergio Tacchini Eau de Toilette Natural Spray

၂။ Versailles



လေးတွေနှင့် လှပသည့် ဗာဆေးလ်။ ခဏလေးပါပဲ။ ဗာဆေးလ်နန်းတော် ရဲတိုက်ကြီးကို တွေ့ရပြီ။ နန်းတော်ကွင်းပြင်ကြီးရဲ့ရှေ့မှာ အညိုတက်ကြေးနီ မြင်းစီးရုပ်တုကြီး ရှိသည်။ လူဝီ ၁၄ များလား။ ဧည့်သည်တော်တော်များများ ကွင်းကျယ်ကြီးထဲမှာ ရှိနေသည်။ တော်တော်များများက ထိုင်လို့။ နန်းတော် အဝင် ခံ့ညားလှသည့် သံစည်းရိုးကြီးအပြင်မှာတော့ အနက်ရောင်ဝတ် နီဂရိုးနှစ်ဆယ်လောက်က နန်းတော်အမှတ်တရ လည်ဆွဲပုတီးတွေ၊ လက် ဆောင်ပစ္စည်းတွေ ရောင်းနေသည်။

အသားက မည်းကြုတ်ကြုတ်၊ ဝတ်ထားတာက အနက်တွေ၊ ဦးထုပ် တွေက အနက်၊ မုတ်ဆိတ်ကျင်စွယ်တွေက ပါသေး။ သူကတော့ ဘုရား ဆောင်းတန်းမှာ ပန်းတွေ လုကာယက်ကာ ရောင်းတတ်သည့် ဘုရား ဈေးသည်တွေကို သတိရနေသည်။ ကားတစ်စီး ဆိုက်လာလျှင် နီဂရိုး ဈေးသည်တွေ ဝိုင်းထားတတ်သည်။ နန်းတော်ဝင်းတံခါးထဲကို ကားဝင် လိုက်တော့ လုံခြုံရေးရဲအရာရှိက လှမ်းတားသည်။ ဘရစ်ဂျစ်က ဝင်ဖို့ချည်း ပြောနေပုံရသည်။ ရဲအရာရှိကလည်း ပြင်သစ်ဘာသာနှင့် မဝင်ဖို့ တားမြစ် နေသည်။ နောက်တော့ ဘရစ်ဂျစ်က အော်သည်။ ရဲအရာရှိကလည်း အော် သည်။ ဘာတွေဖြစ်နေတာပါလိမ့်။ ဘရစ်ဂျစ်က ကားထဲကမဆင်းဘဲ ကား ထဲကပဲ ဖုန်းဆက်သည်။ ရဲအရာရှိက ကားကိုတော့ အပေါက်ဝက ဖယ်ပါဦး၊ ကားတွေဝင်ဖို့ ထွက်ဖို့ရှိသေးသည် ဆိုသည့်သဘော အတင်း မောင်းထုတ် နေသည်။ ဘရစ်ဂျစ်ကလည်း မဖယ်ပါ။ တယ်လီဖုန်းနှင့် စကားတော်တော် ပြောပြီးတော့ ကင်းဂိတ်အတွင်းက တယ်လီဖုန်းမြည်လာသည်။ ရဲအရာရှိက တယ်လီဖုန်းကို ကောက်ကိုင်ကာ နားထောင်သည်။ ပြီးတော့ ဘရစ်ဂျစ်ကို ပြုံးပြသည်။ ပြီးတော့ စကားတစ်ခွန်း လှမ်းပြောကာ ဝင်ခွင့် ပြုလိုက်သည်။

'ဘာပြောတာလဲ ဘရစ်ဂျစ်'

'မင်း နိုင်ပါတယ်တဲ့လေ'

နောက်တော့မှ ဘရစ်ဂျစ်က ရှင်းပြသည်။ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းကတ်ပြား၊ ဧည့်သည်တော်ပို့ဆောင်ခွင့် အထူးကတ်ပြားတွေ ပြတာ တောင် ရဲက ကားမဝင်ရချည်းလုပ်နေတော့ ဝန်ကြီးဌာနကို ဖုန်းဖြင့် တိုက်

ရိုက် ခွင့်တောင်းလိုက်ရသတဲ့။ သည်တော့မှ ဗာဆေးလ်နန်းတော် လုံခြုံရေး ဌာနကို ဝန်ကြီးဌာနက ကားဝင်ခွင့်ပြုလိုက်ဖို့ အမိန့်ပေးသတဲ့။

'လမ်းလျှောက်ဝင်ရင်လည်း ရတာပဲဟာ ဘာရစ်ဂျစ်ရယ်'

'ဝင်းကြီးက အကျယ်ကြီး ဆရာရေ့၊ ကားကို တမင်အထဲယူသွားချင်တာလည်း ပါတယ်'

နန်းတော်ဆောင်ကြီး တစ်ဆောင်ရဲ့ဘေးမှာ ကားကလေးကို ရပ်ကာ ဆင်းလိုက်ကြသည်။ သူကတော့ ရောက်ရောက်ချင်းပဲ နန်းတော်ကြီးကို ဓာတ်ပုံတွေ တော်တော်များများ ရိုက်ယူလိုက်ပြန်သည်။ နန်းတော်ကြီးရဲ့ အနောက်ဘက်မှာတော့ သစ်တောထူထူမည်းမည်းကြီး ရှိသည်။ ဗာဆေးလ် လို့ ခေါ်သည့် သည်နေရာကြီးက ၁၆၂၄ ခုနှစ်အထိ မင်းပေါက်စိုးရောက် နေရာ မဟုတ်သော်လည်း လူဝီ ၁၃ ဘုရင်လက်ထက်မှာတော့ အမဲလိုက် တောကစားထွက်တော်မူရာ နေရာဒေသ ဖြစ်လာခဲ့သည်။ နောင်တော့ သည် နေရာမှာ အမဲလိုက်ရဲတိုက်ကြီး တစ်တိုက်ဆောက်ဖို့ စိတ်ကူးရလာခဲ့သည်။ လူဝီ၁၄ဘုရင်လက်ထက်မှာတော့ သည်ရဲတိုက်ကြီးကို ပုံစံရော အရွယ်အစား ပါ တိုးချဲ့မွမ်းမံပစ်လိုက်သည်။ ကနေ့မြင်နေရသည့် ရဲတိုက်နန်းဆောင်ကြီးကို တော့ ၁၉၆၀ ကတည်းက ပြင်ဆင်ထားနိုင်ခဲ့ပြီး ဖြစ်သည်။ ဘုရင့် အင်ဂျင်နီယာတွေဖြစ်သည့် ဗိသုကာပညာရှင် လေဗော[၁]နှင့် ဟာဒွင်မင်း ဆာ့ထ်[၂]တို့၏ စိတ်ကူးစိတ်သန်း ချဲ့ထွင်မှုတွေက အံ့မခန်း ဖြစ်သည်။ ဘုရင့်ဥယျာဉ်တော်မှူး လေနိုးတား[၃]၏ တော်ဝင်ဥယျာဉ်တော်ကလည်း တစ်ကမ္ဘာလုံးက လာကြည့်နေရသည်။

၁၆၈၂ ခုနှစ်မှာတော့ ပြင်သစ်၏ ပါရီထီးနန်းက ဗာဆေးလ်ရဲတိုက် ကြီးဆီကို ရောက်လာခဲ့သည်။ ဘုရင့်နိုင်ငံတော်၏ မြို့ပြဖြစ်သည့် ပါရီ၏ အရှိန်သြဇာကို ဗာဆေးလ်က ဝါးမျိုပစ်လိုက်သည်။ လူဝီ ၁၄ ဘုရင်၏ သက်ဦးဆံပိုင်အာဏာသည် သည်နန်းတော်ဆောင်တွေက တစ်ဆင့် တလွှား လွှား ပျံ့နှံ့နေချိန်ဖြစ်သည်။ ၁၇၈၉ ပြင်သစ်တော်လှန်ရေး မတိုင်ခင်ကလေး အထိ ဗာဆေးလ်၏ ဂုဏ်ရောင်သည် တလက်လက် တောက်ပနေသည်။

၁။ Le Vau
၂။ Hardouin-Mansart
၃။ Le Notre



ကြီးကျယ်ခမ်းနားသော ရွှေနန်းအဆောင်ဆောင်ကြားမှာ ဘုရင့်မိသားစု နေ ထိုင်လှုံသည့်ကိစ္စကနေ နိုင်ငံတော်၏ ကြီးလေးသော ပြဿနာတွေအထိ ဗာဆေးလ်နန်းတော်က ဖြည့်ဆည်းပေးနေသည်။ ရွှေနန်းစည်းစိမ်တွေကို ဘာသိမ့်သိမ့်ခံစားရင်း၊ တောကစားရာက ရလာသည့်အမဲကောင်ကို အကြောင်း ပြု၍ အောင်သေအောင်သား စားကြရင်း၊ တောက်ပသော နန်းဥကင်ရွှေနန်း ဆောင်တွေထဲမှာ ပွဲသဘင်အဆန်းဆန်း ဆင်ယင်ကျင်းပရင်း····။

၁၇၈၉ ခုနှစ် အောက်တိုဘာလ။ မင်းနှင့် မိဖုရားတို့ ရွှေပိန်းချ ခင်းစီးရထားနှင့် ပါရီကို အသော့နှင်လာခဲ့သည်။ ဈေးသည်မိန်းမတို့၏ အုတ်အော်သောင်းသဲ ချီတက်လာခြင်းက ဗာဆေးလ် နန်းတော်ကြီးဆီကို ဦးတည်လာခြင်းကြောင့် ဖြစ်သည်။ ဤသို့ဖြင့် ဗာဆေးလ်နန်းဆောင် ရဲတိုက် သည် စွန့်ပစ်ခံပြည်သူတို့၏လက်ဝယ် ကျဆင်းသွားခဲ့သည်။ နန်းတော် ဆောင်ကြီးထဲက အဖိုးတန်အနုပညာလက်ရာများ၊ တော်ဝင်နန်းသုံးပစ္စည်း ပစ္စယများ အားလုံးနီးပါး သယ်ယူသွားခဲ့ကြသဖြင့် ဗာဆေးလ်သည် ရေမဲ့ သောက်ရေအိုးတစ်လုံး ဖြစ်သွားခဲ့ရသည်။ ၁၈၃၇ မှာတော့ ဘုရင်လူဝီဖိလစ် က နန်းတော်ကြီးကို ပြန်လည်အသက်သွင်းလိုက်ပြန်သည်။ ၁၈၇၀ မှာတော့ ဂျာမန်တွေက ပြင်သစ်ကို သိမ်းသည်။ ထိုအခါ ဂျာမန် စစ်ဘုရင်တွေရဲ့ နန်းတက်ပွဲတွေ ဥကင်သမင်္ဂလာတွေ ဗာဆေးလ်ကို ရောက်လာခဲ့ပြန်သည်။ ၁၈၇၅ မှာတော့ ပြင်သစ်ရီပတ်ဗလစ် ဖြစ်လာကာ ၁၉၁၉ မှာ ဂျာမန်- ပြင်သစ် ငြိမ်းချမ်းရေးစာချုပ်တွေ ဗာဆေးလ်နန်းတော်ထဲမှာ ချုပ်ဆိုသည်။

'ဝင်းရေ၊ ဟောသည်နန်းတော် ရဲတိုက်ကြီးထဲမှာ အောင်မြေရင်ပြင် ကျယ်ကြီး သုံးနေရာရှိတယ်။ သည်တလင်းပြန့်ကျယ်ကြီးတွေကို အာမေး[၁] လို့ ခေါ်တဲ့နေရာက လှမ်းကြည့်ရင် တွေ့နိုင်တယ်။ သည်နေရာဟာ နန်းတော် ကြီးရဲ့ ခမ်းနားထည်ဝါမှုကို တွေ့နိုင်တဲ့နေရာပဲ။ ပထမရင်ပြင်ကျယ်ကြီးကို ဝန်ကြီးများရဲ့ ရင်ပြင်တော်[၂] လို့ ခေါ်တယ်။ ကိုယ်တို့ဝင်လာတော့ လူဝီ၁၄ ရဲ့ မြင်းစီးကြေးရုပ်ကြီးရှိတဲ့ ရင်ပြင်ကြီးကို ခေါ်တာလေ။ ဒုတိယရင်ပြင်ကို တော့ တော်ဝင်ရင်ပြင်တော်[၃] ခေါ်ကြတယ်။ သည်နေရာက ဘုရင်ခေတ်က

၁။ Place d' Armes
၂။ Court of the Ministers
၃။ Royal Court

မင်းစီးမြင်းရထားတွေ၊ စစ်ရထားတွေ ထားတဲ့နေရာပေါ့။ နောက် တတိယ ရင်ပြင်ကြီးကိုတော့ ကျောက်သားရင်ပြင်တော်[၁]လို့ ခေါ်တယ်။

သည်ကျောက်သားရင်ပြင်တော် နေရာက ဗားဆေးလ် နန်းတော်ကြီး၏ မူလပန္နက်တည်ရာ ဗဟိုနန်းဆောင်ကြီး နေရာဖြစ်သည်။ တိုးချဲ့ဆောင်များ မဟုတ်။ လူဝီ၁၃ ဘုရင် စတင် အုတ်မြစ်တော်စီခဲ့ရာ နန်းဆောင်များဖြင့် ဝန်းရံနေသည့် ရင်ပြင်ကြီးလည်း ဖြစ်သည်။ လူဝီ၁၃ ကတော့ နီညိုရောင် အုတ်သားတစ်လှည့်၊ ကျောက်ဖြူသားတစ်လှည့် မြင်ကွင်းနှင့် ရသကို နှစ်သက်ဟန်ရှိသည်။ လူဝီ ၁၃ခေတ် အဆောက်အအုံတွေမှန်း သိသာသည်။ ဘုရင့်အကြိုက်ဒီဇိုင်းများ။ သည်နေရာကနေ အနောက်ဘက်နန်းဆောင်တွေဘက် တိုးလျှိုးပေါက်သွားနိုင်သည်။ သည်စကြံတစ်လျှောက် ဘုရင့်တော်ဝင် ဥယျာဉ်တော်ကို အပေါ်စီးငုံ့ကြည့်နိုင်သည်။ သူက မှန်ပြတင်းခုံးရှည်ကြီးတွေကြားက လှမ်းမြင်နေရသည့် ဥယျာဉ်စိမ်းစိမ်းကို ဓာတ်ပုံလှမ်းရိုက်လိုက်သည်။ နိုင်ငံခြားသား တော်တော်များများက ဗီဒီယိုရိုက်ကြသည်။ ဂျပန်တွေကတော့ ဥယျာဉ်တော်ရှုခင်းကို နေရာမရွေ့တမ်း ကြည့်နေကြသည်ကော။ သူ့မှာတော့ ခံစားနေဖို့ အချိန်မရပါ။ သည်နန်းတော်ကြီး တစ်ခုလုံးကို နှံ့အောင် သွားဖို့တောင် အချိန်တော်တော်ပေးရလိမ့်မည်။ နန်းဆောင်တစ်နေရာမှာ သူရှိနေသည်။ သူ့ရှေ့က လူတွေကတော့ နန်းဆောင်ကြီးရဲ့ တစ်နေရာကို ရောက်နေကြလိမ့်မည်။ အခုမှ အသစ်ဝင်လာသူတွေကတော့လည်း တန်းစီကြတုန်း။ လေ့လာခံစားကြသူတွေရဲ့ ဆက်စပ်မှုအလျဉ်က ပြတ်တောက်သွားသည် မရှိ။

'သည်မှာက အစိုးရအဖွဲ့ပါ ရွှေ့လာခဲ့တော့ မင်းနှင့် မိဖုရားတင်မကဘဲ အခြွေအရံ မောင်းမမိဿံတွေကအစ ပြောင်းလာတာဆိုတော့ လူတစ်ထောင်လောက် နေခဲ့ကြတယ်လို့ ဆိုတာပဲ။ တိုင်းသူပြည်သားတွေကိုလည်း အဖူးမြော်ခံတော့ သည်မှာက အမြဲတမ်းစည်ကားနေလိမ့်မယ် ထင်တယ်နော်'

မင်းမိဖုရား ဘုရားဝတ်ပြုရာ ခန်းမဆောင်ကြီးထဲကို ရောက်တော့ လူဝီ ၁၄နှင့် မရင်းနှီးခဲ့ပါဘဲလျက် သူ လွမ်းနေသည်။ ဘုရင်ဆိုတော့လည်း

၁။ Court of Marbel



လူတွေနဲ့ ထွေးရောယှက်တင်ဘဝ၊ သီးခြားအထီးကျန်ဘဝ နှစ်မျိုးစလုံးနှင့် ယှဉ်ဝင်နေရလိမ့်မည်။ နည်းသုံးပစ္စည်းတွေ၊ ပရိဘောဂတွေ၊ ပန်းချီကားတွေက နောက်ပိုင်းထပ်တိုး ဖြည့်စွက်ထားတာ မရှိ။ ပကတိအရှိအတိုင်း ပြန်သည် ရှာဖွေဖြည့်ဆည်းထားသည့် ပစ္စည်းတွေသာ ဖြစ်သည်ဆို၏။ ပြင်သစ်ခေတ်ဟောင်း မြင်ကွင်းတွေကို ပန်းချီကားကြီးတွေမှာ တွေ့နေရသည်။ လူဝီဘုရင်အဆက်ဆက် တောကစားရာ အမဲလိုက်ဟန် ပန်းချီကားကြီးတွေ ရှိသည်။ ရွှေပိန်းချသစ်သားကနုတ်များ၊ ကျောက်ဖြူသားထွင်း ပန်းပုလက်ရာများ၊ ပြောင်လက်တောက်ပနေသည့် မဟော်ဂနီသား ကြမ်းခင်းအကွက်အကွက်များ၊ လှပသည့် ရွှေရောင်မီးဆိုင်းကြီးများ။ အပေါ်ထပ်မှာလည်း ဘုရားဆောင်ခန်းကျယ်ကြီး ရှိသည်။ လူပေါင်းများစွာ တစ်ပြိုင်နက်ဝတ်ပြုဆုတောင်းနိုင်လောက်အောင် ကျယ်ဝန်းသည်။ အမိုးပေါ်က ပန်းချီကားတွေကလည်း သီးခြားဘာသာရပ်၊ သီးခြားဂုဏ်ရည်တွေနှင့် ဖြစ်သည်။ တစ်နေရာမှာတော့ လူဝီ ၁၆ရဲ့ ပန်းချီကားကြီးရှိသည်။ ဘုရင့်မိသားစုများ၊ မှူးကြီးမတ်ရာများ၊ နန်းတော်သူ နန်းတော်သားတွေအားလုံးသည် အဆောင်တွေမှာ နေသည်ဆိုတော့လည်း မြို့ငယ်လေးတစ်မြို့လို ဖြစ်နေသည်။

တချို့အဆောင်တွေကိုတော့ အဆောင်နာမည်တွေ ပေးထားသည်။ လူဝီ ၁၅ ဆောင်လို့ခေါ်သည့် အဆောင်ကြီးကတော့ လူဝီ ၁၃နှင့် လူဝီ ၁၄တို့၏ သမိုင်းခေတ်ပစ္စည်းများ ပြသထားရာ အဆောင်ကြီးဖြစ်နေပြီး စုစုပေါင်း ဆယ့်တစ်ဆောင်ရှိသည်။ သည်အဆောင်တွေကမှ ဘုရင့်သဘင်ဆောင် သို့မဟုတ် အော်ပရာဆောင်ကို တိုက်ရိုက်သွားနိုင်သည့် စင်္ကြံလမ်းတွေ ရှိသည်။ သည်အော်ပရာဆောင်ကြီးက လူဝီ ၁၆နှင့် မာရီအင်တွိုင်းနေတို့၏ မင်္ဂလာခန်းဆောင်လည်း ဖြစ်သည်။ ရွှေပိန်းချသစ်သားများနှင့် ရတနာကျောက်စီ ခုံးခုံးကွေးကွေး အဆင်တန်ဆာတွေက အပြာရောင်နောက်ခံမှာ သင်းကြွနေသည်။

တစ်နေရာမှာတော့ မှန်သားနန်းဆောင်ကြီးထဲကို ရောက်သွားသည်။ လွှယ်လွှယ်ကူကူ Glass Hall လို့ ခေါ်ကြသည့်နေရာ ဖြစ်သည်။ တကယ်တော့ Gallery of mirrors လို့ ခေါ်ကြခြင်းဖြစ်သည်။ သည်ကမှ စစ်ခန်းမဆောင် (Hall of war)ကို ရောက်သည်။

'တစ်နေရာမှာ Grand appartments ခေါ်တဲ့ ခြောက်ဆောင်တွဲ အဆောင်တော်နေရာ တစ်နေရာရှိတယ်။ ဘုရင်က တစ်ပတ်သုံးကြိမ်ညီလာခံ ခေါ်တဲ့နေရာပဲ။ ခေါ်ရင်လည်း ညနေ ခြောက်နာရီက ည ဆယ်နာရီအထိ ခေါ်တာကွ။ သည်နေရာမှာပဲ လူဝီ ၁၄ နတ်ရွာစံတယ်။ ၁၇၁၅ ခုနှစ်ကာလ မှတ်မိတယ်နော်။ တစ်ဆက်တည်းမှာ Grand appartment of the Queen လို့ ခေါ်တဲ့ မိဖုရားနဲ့ မောင်းမမိသံတွေရဲ့ ခန်းဆောင်ကြီးရှိတယ်။ လူဝီ ၁၆ ရဲ့ မိဖုရား မာရီအင်တွိုင်းနေးရဲ့ ကိုယ်ရံတော်တပ်ဖွဲ့နဲ့ ဆန့်ကျင်ရေး တပ်သားတွေ တိုက်ခိုက်ခဲ့ကြလို့ သွေးစွန်းခဲ့ဖူးတယ်'

မှန်နန်းဆောင်ကြီးရဲ့ တစ်နေရာမှာတော့ လူဝီ ၁၄ရဲ့ ဆောင်ပုဒ်ကို အမြင့်တစ်နေရာမှာ ထွင်းထုထားသည်။ ပြင်သစ်ဘာသာနှင့် ရေးထားသည့် စာကို ဘရစ်ဂျစ်က အင်္ဂလိပ်လို ဘာသာပြန်ပေးသည်။

'ဘုရင်မင်းမြတ်က ကိုယ်တော်တိုင် အုပ်ချုပ်တော်မူသည်'

သူတို့အောက်ထပ်ကို ဆင်းလာခဲ့ကြသည်။ ဘုရင့်ဥယျာဉ်တော်ကြီး ဆီကို ဖြစ်သည်။ တော်ဝင်ဟင်းသီးဟင်းရွက် ဥယျာဉ်တော်ကြီးလည်း ရှိသည်။ ပင်လယ်ကဗွီးလို အပင်တွေကို စနစ်တကျလှီးထားတာကိုက ညီတူ ညာတူ လှလှပပ ရှင်းရှင်းသန့်သန့်။ မှန်နန်းဆောင်ကြီးကို တော်ဝင်ဗိသုကာ ပညာရှင် ဟာဒွင်မင်းဆာ့ထ်က မွမ်းမံခြယ်လှယ်သလို ဥယျာဉ်တော်ကို ဥယျာဉ်မှူးကြီး လီနိုးတား[1]က မွမ်းမံအလှဆင်သည်။ စိမ်းမြသောဥယျာဉ် တော်နှင့် တောက်ပသည့် နန်းဆောင်တွေက အေးငြိမ်းမှုနှင့် ငြိမ်းချမ်းမှုကို နက်နက်ရှိုင်းရှိုင်း ထွင်းဖောက်စူးနစ်နေသလို ခံစားနေရသည်။ ဥယျာဉ်တော် ကြီးက ပြင်သစ်ဟန်ဥယျာဉ်မျိုး ဖြစ်သည်။ ဘရစ်ဂျစ်ကတော့ ငြိမ်းချမ်းသော အစိမ်းရောင်လို့ တင်စားသည်။ သူကလည်း သဘောတူပါသည်။ ဧက နှစ်ရာ့ငါးဆယ် ကျယ်ပြန့်သည့် ဂျီဩမေထရီကျကျ မြင်ကွင်းကြီးထဲမှာ ရေပန်းတွေရှိသည်။ ကြေးရုပ်တွေရှိသည်။ ရေကန်နှင့် တူးမြောင်းရှိသည်။

နန်းတော်ကြီးနှင့် မနီးမဝေး ဥယျာဉ်တော်နှင့် ကပ်လျက်မှာ လာတိုး အား ရေပန်းကြီးရှိသည်။ မယ်တော်၊ သားတော် အပိုလိုနှင့် သမီးတော် ဒိုင်ယာနာတို့၏ ကြေးရုပ်တွေကို ထုဆစ်ထားသည်။ သည်အဖျားရှူး လေး

---
၁။ Le Notre



ဆင့် ရေပန်းခုံကြီးက ခပ်ဝေးဝေးအထိ လှမ်းမြင်နေရသော တူးမြောင်းရှည် ကြီးနှင့် တဖြောင့်တည်းဖြစ်သည်။ သူနှင့် ဘရစ်ဂျစ်ကတော့ ဥယျာဉ်တော် သားက ကျောက်သားထိုင်ခုံမှာ ထိုင်ရင်း နန်းတော်ကြီး၏ မဟာဆန်သည့် အလှကို ငေးဖြစ်နေသည်။ နေရောင်ခြည်အောက်မှာ တူးမြောင်းရှည်ကြီးက ဘစ်မိုင်ခွဲသာသာ အဝေးအထိ တဖျပ်ဖျပ်တောက်လက်နေသည်။ သစ်တော အုပ်အုပ်ဖားဖားကြီး တစ်ဖက်တစ်ချက်က တူးမြောင်းရှည်ကြီးကို အနားသတ် ထားသည်။ သည်သစ်တော၊ သည်ရေကန်၊ သည်တူးမြောင်း၊ သည် မြင်ကွင်းမျိုးဖြစ်အောင် လီးနိုးတားက ဖန်ဆင်းခဲ့သည်လား။

သည်ကွင်းကြီးထဲက ရုပ်တုတွေက ကြေးရုပ်တုတွေရော၊ ခဲရုပ်တု တွေရော၊ ကျောက်သားရုပ်တုတွေရော ရောနေတာကွ၊ သည်ရေပန်းကြီးကို ကနေတဲ့ရေလို့ ခေါ်ကြတယ်။ နှစ်စဉ် မေလက အောက်တိုဘာလအထိ တနင်္ဂနွေနေ့တိုင်း ဗားဆေးလ်ရေပန်းပွဲတော်[1] ကျင်းပလေ့ရှိတယ်။ ဆည်းဆာ ပွဲတော်[2] ဆိုတာလည်း သူ့ရာသီနဲ့သူ လုပ်လေ့ရှိတယ်'

'ဘရစ်ဂျစ်ရေ၊ စိတ်ကူးတွေကလည်း ကောင်းလိုက်တာကွာ။ ရှေး ခေတ် လူတွေဟာ စစ်တိုက်ဖို့နဲ့ ကောင်းကောင်းနေတတ်ဖို့ပဲ စဉ်းစားကြသူ တွေ များလားမသိဘူးနော်။ စစ်ခန်းမကြီးထဲမှာ ၄၉၆ ခုနှစ်ကစပြီး ပြင်သစ်မှာ ဖြစ်ခဲ့တဲ့ စစ်ပွဲတွေကို တစ်ပွဲမကျန် မှတ်တမ်းတင်ထားတယ်။ တစ်ချိန်တည်း မှာ အံ့မခန်းအနုပညာတွေကို ဖန်တီးထားတယ်။ အံ့ဩစရာမကောင်းဘူး လား'

'ကိုယ်ကတော့ သိပ်မအံ့ဩတော့ဘူး။ ပြန်စဉ်းစားကြည့်တော့ ဘုရင် ဆိုတဲ့ လူတွေလည်း သည်အလုပ်နှစ်လုပ် ရှိတာပဲမဟုတ်လား။ ဘုရင့်အကျိုး စီးပွား ထိခိုက်တာနဲ့ တိုင်းသူပြည်သား အကျိုးစီးပွား ထိခိုက်တာနှစ်မျိုးထဲ က တစ်ခုခုကို ရွေးချယ်ရတာပဲ'

သူက ဘရစ်ဂျစ်ကို ထားခဲ့ကာ ကွင်းကျယ်ကြီးထဲကို လျှောက်သွား လိုက်သည်။ ပန်းခြံကျယ်ကြီးက လှေကားထစ်လေးငါးထစ်လောက် ဆင်း လိုက်လျှင် ရေကန်၊ ရေပန်းတို့ရှိရာ ကွက်လပ်ကျယ်ထဲကို ရောက်သည်။

---
၁။ Versaillers Waterworks Display
၂။ Twilight extra Vaganza

လူတွေကတော့ ရာပေါင်းများစွာ။ လူစီး ကား ရထားကလေးတွေပေါ်မှာ လည်း ခရီးသည်တွေ။ အပိုလိုရေပန်းနှင့် နက်ပကျွန်းရေပန်းတွေမှာ လူတွေ ဝိုင်းနေသည်။

ရေကန်ကျယ်ကြီးထဲမှာ စစ်ရထားတစ်စီး ဒုန်းစိုင်းဖြတ်သန်းသွား ဟန် ကြေးရုပ်တုကြီးကို ကြည့်နေကြခြင်း ဖြစ်သည်။ စစ်ရထားဘီးတွေက ရေထဲက တစ်ဝက်တစ်ပျက် ပေါ်နေသည်။ မြင်းတွေက ရေထုကို ရုန်းကန် ကာ ပြေးလွှားဟန် ရေပန်းရေမြှာတွေ ဘေးကိုပန်းထွက်နေသည်။ ရထားထိန်း က အဝတ်သင်တိုင်းတို့ လွင့်ပျံကာ မြင်းဇက်ကိုထိန်းကိုင်ရင်း ပျော့နွဲ့နေ သည်။ သို့သော် ကြေးရုပ်တုကြီးတစ်ခုထဲမှာ အားတွေမောင်းတွေကို တွေ့နေ ရသည်။ ရေထဲကို ဝုန်းခနဲခုန်ဆင်းလိုက်ကာ တစ်ဒင်္ဂကူးဖြတ်ရင်း ချက်ချင်း လိုလို ရေတွေထဲက လွတ်မြောက်ကျော်လွှားသွားတော့မည့် ဟန်တွေကို ခံစားနိုင်သည်။ ခရုသင်းမှုန်ဟန် လူယောကျ်ားရုပ်တုတွေကို စစ်ရထား ဘေးပတ်လည်မှာ ပါးကြီးတွေဖောင်း၊ မျက်လုံးကြီးတွေ ပြူးထနေအောင် ထုဆစ်ထားသည်။ ရေကြည်စိမ်းစိမ်းထဲမှာ ရွှေရောင်ကြေးရုပ်တုတွေလို့ မထင်ရ။ တကယ့်လူတွေ သရုပ်ဆောင်နေတာ ဒါမှမဟုတ် ကိုယ့်ရှေ့မှာတင် စစ်ရထားတစ်စီး လေအဟုန်ကို တိုးခွဲရောက်ရှိလာတာမျိုး ဖြစ်သည်။ ထူထဲထဲ ရိုးတံရှည်သစ်ပင်ကြီးတွေ။ အဝေးက တစ်မျှော်တစ်ခေါ် သစ်တော ကြီးတွေ။ ဗာဆေးလ် နန်းတော်ဆောင်တွေချည်းပဲ ဆိုလျှင်လည်း မဟာဆန်မှု သည် ငြိမ်သက်နေလိမ့်မည်။ သည်ရုပ်တုကြီးတွေဆီက လှုပ်ရှားမှုဟန်တွေနဲ့ ပေါင်းလိုက်တော့မှ ဗာဆေးလ်က ကျက်သရေတော်အပြည့်နှင့် လှပသွား သည်။ စင်ကြယ်သွားသည်။ ကြီးမြတ်ခမ်းနားသွားသည်။ နန်းတော်ဆောင် တချို့ကိုတော့ သံငြမ်းတွေဆင်ကာ အသေးစားပြင်ဆင်မှုတွေ လုပ်နေသည်။ သူက ဘရစ်ဂျစ်ထိုင်နေရာကို ပြန်လျှောက်လာခဲ့သည်။

'ကိုယ်တို့ တစ်ဆောင်တည်းကြည့်ရတာတောင် မဝဘူးနော်။ အားလုံး ကြည့်နိုင်ဖို့ မလွယ်ဘူး။ တော်တော်အချိန်ပေးရမယ်။ နန်းတော်ကြီးတစ်ခုလုံး အထဲမှာ ဒါမျိုးတွေ ပြင်ဆင်ထားတာချည်းပဲလား'

ဘရစ်ဂျစ်က ခေါင်းညိတ်သည်။ လေက တူးမြောင်းဘက်ဆီက တိုက်ခတ်နေတော့ အေးမြနေသည်။ ရှုမျှော်ခင်း၊ ကွင်းကျယ်နှင့် ကျောက်



သား နန်းတော်ကြီးထဲမှာ လူတွေက မီးခြစ်ဘူးကလေးတွေနဲ့တောင် တူသေး တော့။

'နိုင်ငံခြားက ဂုဏ်ထူးဆောင်ဧည့်သည်တွေလာရင် သည်မှာ Re-ception လုပ်ပေးတဲ့ အခမ်းအနားတွေ ရှိတယ်။ ဧည့်သည်တွေက သိပ် သဘောကျတာ ဝင်းရဲ့'

ဗားဆေးလ်က ပြန်လာတော့ မြို့ပြင်လမ်းကိုရွေးကာ ပြန်ခဲ့ကြသည်။ ရှင်းသန့်သော မြို့ကလေးက လတ်လတ်ဆတ်ဆတ် ဆေးသုတ်ပြီး ချထား သည့် ပုံစံငယ် စက္ကူအိမ်ကလေးတွေနဲ့တောင် တူသေးတော့။ လမ်းက ကျဉ်းသော်လည်း ရှင်းသည်။ ဗာဆေးလ်ကို ကျော်လာတော့ ဒီဗရေးမြို့ ကလေး[၁]ကို ရောက်သည်။ ပါရီနှင့်ကပ်နေသည့် မြို့ကလေး။ ရန်ကုန်လို ဆိုလျှင် မှော်ဘီလိုမြို့ကလေး ဖြစ်သည်။ ဘယ်ဘက်က သစ်တောအုပ်၊ ညာဘက်က မြို့အိမ်ကလေးတွေ၊ မြို့သချိုင်းကလေးနှင့် ရှင်းသန့်သော ညနေခင်း။

ဘရစ်ဂျစ်က ပါရီဘက်ကိုမကွေ့ဘဲ မြို့ပြင်ဘက်ကို ပြန်ထွက်နေမှန်း သူသိနေပါသည်။ ပါရီဘက်ကိုပြသည့် ဆိုင်းဘုတ်တွေဘက်ကို မောင်းနေ တာ မဟုတ်ဘဲ ပါရီနှင့် ဆန့်ကျင်ဘက်အရပ်ကို မောင်းနေမှန်း သူသိပါ သည်။ သူ့အစီအစဉ်က စောစောပြန်ရောက်လျှင် မြေအောက်ရထားလျှောက် စီးမည် စိတ်ကူးထားသည်။ C&A ကုန်တိုက်ကိုသွားကာ အင်္ကျီ သုံးလေး ထည် ဝယ်မည်။ ပြီးလျှင် မက်ထရိုပြန်စီးကာ ပြန်လာမည်။ ထမင်းဝယ်မည်။ ဘီဗီြကည့်မည်။ မိတ်ဆွေတွေဆီကို စာရေးမည်။ မန္တလေးကို စာရေးမည်။ ဒါက သူ့စိတ်ကူးဖြစ်သည်။ ခုတော့ ဘရစ်ဂျစ်က စောစောပြန်ဖို့ စိတ်ကူးဟန် မတူပါ။ လမ်းတွေက ကျယ်ပြန့်လှသည်။ လမ်းညွှန်ဆိုင်းဘုတ်တွေက ခတ်မီသပ်ရပ်သည်။ လမ်းအမှတ်စဉ် အတိုကောက်တွေရေးထားတော့ မြေပုံညွှန်းနှင့် လွယ်လွယ်ကူကူ သွားနိုင်သည်။ ကိုယ်သွားမည့်ဘက်ကို ရွေးချယ်ဖို့ ကိုက် ၂၀၀၀ လောက် အဝေးကတည်းက သတိပေးဆိုင်းဘုတ် တွေ စီစဉ်ထားတော့ မမှားနိုင်။ လမ်းမကြီးဘေးမှာ ရပ်ထားသည့်ကားတွေ တွေ့ရ။ ကားတိုင်းလိုလို အမြန်နှုန်းဖြင့်မောင်းနေကြသည်။ အထူးသဖြင့်

၁။ Ville d' Avray

အအေးခန်းကားကြီးတွေက ပါရီဘက်ကို ဥဒဟိုဝင်လာနေသည်။ ကားကြီးတွေပေါ်က ကုမ္ပဏီတံဆိပ်တွေကို လိုက်ဖတ်နေရတာကိုပဲ သူပျော်နေသည်။

'ဟောဟိုးက မြို့ကလေးက စက်မှုဒေသပဲ။ ကိုယ်တို့ဆီမှာ ဒေသထွက်ကုန်ကို တည်မှီပြီး စက်မှုမြို့ကလေးတွေ လုပ်ထားပေးတယ်။ လျှပ်စစ်နဲ့ လမ်းပန်းကကောင်းတော့ ပါရီနဲ့ဝေးပေမဲ့ အဲသည်မှာ သွားနေကြသူတွေလည်း ရှိတယ်'

အဝေးမှာ တောင်ကုန်းမြင့်မြင့်ကလေးတွေ ရှိသည်။ ကျယ်ပြန့်သော မြစိမ်းရောင် စာကျက်ကွင်းတွေ ရှိသည်။ ဂျုံခင်းတွေကတော့ ရွှေရောင်ဖူးကြပြီ။ နွေဦး၏သင်္ကေတ ပြာစင်စင်မိုးကောင်းကင်နှင့် ကြည်ကြည်လင်လင်နေရောင်ခြည်တွေက ဂျုံခင်းတွေကို တဖိတ်ဖိတ် တောက်ပနေစေသည်ကော။ ဘာကယ့်ကို မြို့ပြင်ကို ရောက်ရှိလာသည်။ မြင်ကွင်းထဲမှာ မိုးကုပ်စက်ဝိုင်းတဆုံး မြင်နေရသည်။ အစိမ်း၊ အဝါ၊ အပြာနှင့် ရွှေရောင်။ စပျစ်စိုက်ခင်းစိမ်းတွေကလည်း မဆုံးနိုင်အောင် ရှည်လျားသည်။ ခေါင်မိုးနီနီ၊ ရိုးပြတ်ပုံနုံးမို့မို့၊ စပျစ်ခင်းများနှင့် ဝိုင်ချက်စက်ရုံတွေကတော့ ကျေးလက်၏ နိမိတ်ပုံဖြစ်သည်။ ရွာကလေးတစ်ရွာကိုဖြတ်တော့ သစ်တောလမ်းထဲကို ရောက်ပြန်သည်။ ပြင်သစ်ကျေးလက် ခံစားမှုသည် သူ့ကို လူးလွန့်သွားစေသည်။ လယ်ကွင်း၊ ရေချိုတွင်း၊ ရိုးပြတ်တော၊ နတ်ကွန်းစင်၊ မောင်းစင်၊ ရေချမ်းစင်တွေ ရှိတတ်သည့် သူ့မွေးဇာတိ ရွာကလေးကို သတိရနေသည်။ အထူးသဖြင့် ကောက်သင်းကောက်ကာ နေဝင်ရီတရော ပြန်လာတတ်သည့် အမေ့ကို သတိရသည်။ ရွာကျောင်းကလေးကို သတိရသည်။ ပေပင်တော၊ သီးပင်တောတွေထဲမှာ ပြေးလွှားကစားရတာ သတိရနေသည်။ သူ့ရွာကတော့ အမိုးနီနီကလေးတွေနဲ့ မဟုတ်။ ရှင်းသန့်သော ကားလမ်းမရှိ။ သစ်တောသို့သို့မရှိ။ ပြီးတော့ ရွှေဝါရောင်ဂျုံခင်းတွေနဲ့ မဟုတ်။ သက်ငယ်မိုးကြွပ်ခြောက်ခြောက် ဖုန်ရောင်ထနေသည့် ရွာကလေးဖြစ်သည်။

အိမ်ကလေးတွေက ဖုန်ရောင်ထနေသလို လူတွေကလည်း နေရောင်ဖြင့် လောင်ကျွမ်းနေကြသူတွေ။ မုန်းချောင်းစပ် ရွာကလေးတွေက ဈေးလာရောင်းတတ်သော အညာသူတွေ။ ထင်းလှည်းက တအီအီ၊ မီးသွေးလှည်းအိုးလှည်း တစာစာ။ အညာ၏ပူလောင်လောင်ရသကို ပါရီကျေးလက်မှာ သူ



ခံစားနေရသည်လေ။ ဘာပဲဖြစ်ဖြစ် မြို့ပြနှင့် အနီးအဝေးသည် ရုပ်ဝတ္ထုဖွံ့ဖြိုးမှုနှင့် အနီးအဝေးဖြစ်သည်။ သည်မှာပဲကြည့်လေ၊ ကျေးလက်၏ ပကတိအလှကို မြင်နေရသည်။ ကျေးလက်၏ရိုးဂုဏ်ကို ခံစားနေရသည်။ သစ်ပင်၊ သစ်တော၊ တောင်ကုန်း၊ ချိုင့်ဝှမ်း၊ စားကျက်ကွင်း၊ မိုးကုပ်စက်ဝိုင်းနှင့် ကောင်းကင်။

ဘရစ်ဂျစ်က ပြင်သစ်သီချင်းတစ်ပုဒ်ကို ညည်းရင်း ကားမောင်းနေသည်။ သူကကော အမေနဲ့ ရွာကို လွမ်းတယ်ဆိုရတော့မှာလား။ အမေနဲ့ရွာကို တကယ်လွမ်းရတာတော့ အမှန်။ ဘရစ်ဂျစ်က သီချင်းဆို ခဏရပ်ကာ မြင်ကွင်းတွေကို ရှင်းပြသည်။ သည်တောင်ကုန်းတောင်တန်းတွေနဲ့ ရွာတွေကြားမှာ သိပ္ပံဆိုင်ရာ၊ နည်းပညာဆိုင်ရာ၊ ဒေသဆိုင်ရာ ကောလိပ်ကြီးတွေ ရှိသည်ဆို၏။ တက္ကသိုလ်၊ သုတေသနဌာန၊ နည်းပညာသိပ္ပံကျောင်းတွေလည်း တော်တော်များများရှိသည်။ မြင်တော့ မမြင်ရပါ။ ပါရီ၏ တောင်ဘက်စူးစူးအရပ်ဟု ဆိုသည်။ တချို့နေရာတွေကိုဖြတ်တော့ ကောင်းဘွိုင်ရုပ်ရှင်ကားတွေထဲက မြို့ကလေးတွေလို တိုက်ကပ်ပန်းတွေ တွယ်ကပ်နေသည့် အိမ်ကလေးတွေနှင့် ဖြစ်သည်။ တစ်ဖက်တစ်ချက်က အိမ်တွေ၊ အလယ်ကလမ်း၊ ဓာတ်ဆီဆိုင်၊ စတိုးဆိုင်၊ ယမကာဆိုင်၊ စားသောက်ဆိုင်ကလေးတွေက ကားရပ်နားစခန်းထောက် ရွာကလေးတွေ ဖြစ်နိုင်သည်။ အိမ်တွေမှာ ထူးခြားတာက ပန်းခြံကလေးတွေကိုယ်စီ စိုက်ထားသည်။ ပန်းရောင်စုံတွေ ရှိသည်။ ပန်းခြံစည်းရိုးကလေးတွေ ရှိသည်။

'နေပါဦး၊ ကိုယ်တို့ ဘယ်သွားနေတာလဲ။ အပြန် သိပ်မိုးချုပ်နေဦးမယ်နော်'

'ကျေးလက်ကို ခံစားစေချင်လို့ ဝင်းရဲ့။ ပြင်သစ်လိုတော့ ခေါ်ရတာခက်တယ်။ အင်္ဂလိပ်လိုဆိုရင် Farm of Coubertin ပေါ့။ ကိုဘာတင်မွေးမြူရေးခြံ ဆိုပါတော့။ ကိုယ့်အမေရဲ့ အစ်ကို၊ ကိုယ်တို့ဘကြီး ရှိတယ်။ နွားတွေ မွေးထားတာ။ သူ့ဆီသွားမယ်လေ။ ကိုယ်လည်း မရောက်တာ ကြာပြီ'

တစ်နေရာရောက်တော့ Buvez le Lait Cru de la Ferme de Coubertin ဆိုသည့် ဆိုင်းဘုတ်ကို တွေ့လိုက်ရသည်။ နို့စားနွားမ တစ်

ကောင် မျက်လုံးကြီးပြူးပြီး ခေါင်းငဲ့ကြည့်နေသည့် ရုပ်ပြောင်ဆွဲထားသည်။ သူက မြင်ကွင်းတွေကိုကြည့်ရင်း တောင်ကြီးက ဟဲဟိုးလေဆိပ်ကို ဆင်းသည့် လမ်းကလေးကို သတိရနေသည်။ လမ်းဘေးမှာ နွားအုပ်တွေ၊ ဆိတ်အုပ်တွေ၊ သိုးအုပ်တွေ၊ မြင်းတွေ တော်တော်များများ တွေ့နေရပြီ။ မွေးမြူရေးဒေသကြီး၏ အရိပ်တွေမြင်လာရပြီ။ သစ်တောနှင့် တောင်ကုန်းကြားက စားကျက်လွင်ပြင်ကား နိမ့်မြင့်ငုံ့ငိုက် နီးလိုက် ဝေးလိုက်။

'သည်နေရာက မြို့နဲ့လည်းမဝေး၊ မြို့ပြင်လည်း ကျတဲ့နေရာ ဝင်းရဲ့။ တချို့က သည်မှာလာနေပြီး အခြေချကြသလို တချို့ကတော့ မြို့ကို ပြန်ကြလေ့ ရှိတယ်။ မြို့နဲ့နီးတော့ Farm က ထွက်တဲ့ နွားနို့၊ ဒိန်ခဲ၊ ကြက်ဥ၊ ဘဲဥ စတာတွေရောင်းတဲ့ ဆိုင်ကလေးတွေ ဖွင့်ထားတတ်ကြတယ်။ စိုက်ပျိုးသူက စိုက်ပျိုး၊ မွေးမြူသူက မွေးမြူပေါ့လေ'

၇၅ ကေကျယ်သည့် စားကျက်ကွင်းပြင်ထဲမှာ နွားတွေ အကောင်ပေါင်းများစွာ တွေ့နေရသည်။ နွေဘက်မှာတော့ ကွင်းထဲမှာပဲ လွှတ်ကျောင်းထားကာ ဆောင်းရာသီမှာတော့ မွေးမြူရေးခြံထဲမှာပဲ လပေါင်းများစွာ ထားရသတဲ့။ လွှတ်ကျောင်းသည့်ရာသီမှာတော့ ညနေဘက် နွားတွေအားလုံး ပြန်သိမ်းကြရသည်။ ကိုဘာတင် ခြံဝင်းကျယ်ကြီးထဲ ရောက်တော့ ပျဉ်ထောင်မည်းမည်း ပြင်သစ်ကျေးလက် ယာတောအိမ်ခပ်ကြီးကြီးကို တွေ့ရသည်။ ထင်းရှူးပင် မြင့်မြင့်ကြီးတွေအောက်မှာ နွားခြံတွေ၊ လူနေအိမ်ကလေးတွေ၊ ဒိန်ခဲချက်သည့် အအေးခန်းကလေးတွေ ရှိသည်။ ဘရစ်ဂျစ်က သူ့ဘကြီးနှင့် မိတ်ဆက်ပေးသည်။ ဘွိုင်လာစွပ် ဂျင်းအင်္ကျီထူထူကို အပေါ်က ထပ်ဝပ်ထားသည့် ပြင်သစ်အဘိုးအိုက သူ့ကို လက်ဆွဲနှုတ်ဆက်သည်။ မျက်နှာက ပန်းသွေးထနေကာ ဆံပင်တွေက လှိုင်းထနေသည့် ဝါရွှေညိုရောင်။ မစ္စတာကတ်တိုး[၁]ဟု ခေါ်သည်။

'နွားအကောင် တစ်ရာ့ငါးဆယ်ကျော် ရှိပါတယ်။ နို့စားနွားမကြီးအကောင်လေးဆယ် အပါအဝင်ပါ။ အထီးတွေကတော့ မွေးပြီးတာနဲ့ ရောင်းပစ်တာ များတယ်။ အရေးကြီးတာကတော့ တိရစ္ဆာန်တွေထားတဲ့ ရုံကြီးတွေကိုလည်း ခေတ်မီနည်းနာတွေပါတဲ့ ဆောက်လုပ်ရေးနည်းတွေ သုံးပြီး ပြန်

၁။ Mr. Catteau



ဆောက်ပစ်ရပါတယ်။ တိရစ္ဆာန်တွေရဲ့ သက်သောင့်သက်သာရှိမှုက အရေးကြီးတယ်လေ'

မစ္စတာကတ်တိုးက နွားရုံကြီးတွေကို လိုက်ပြသည်။ နေ သိပ်မကောင်းသည့် နွားမကြီးတွေကလွဲလျှင် နွားတော်တော်များများ မရှိ။ ဘရစ်ဂျစ်က သူနှင့် မစ္စတာကတ်တိုးကို နွားခြံရှေ့မှာပဲ ဓာတ်ပုံရိုက်သည်။ နွားခြံထဲက နွားချေးတွေ၊ အညစ်အကြေးတွေကို သတ်မှတ်ထားသည့် နေရာကို ရောက်အောင်ပို့ကာ (မော်တာတပ် ကွန်ဗေယာကိုသုံးကာ) အပြင်ကို ဆွဲထုတ်သည်။ သန့်ရှင်းရေးသည် မွေးမြူရေးလုပ်ငန်းအတွက် အသက်ဟု ဆိုသည်။

'အမေရိကန်နွားမျိုးတွေ၊ ဟော်လန်က နွားမျိုးတွေကို အဓိကထားမွေးကြတယ်။ ပြင်သစ်မျိုးတွေလည်း ရှိတယ်။ ကျွန်တော်တို့ သိပ်မသုံးဖြစ်တော့ဘူး။ ဒါပေမဲ့ မျိုးမတုံးအောင်ထိန်းထားတဲ့ သဘောတော့ ရှိပါတယ်'

ကိုဘာတင် ခြံကျယ်ကြီးထဲမှာ လေတွေတအားတိုက်နေသည်။ ပါရီနှင့် မဝေးသော်လည်း ပါရီထက် အေးသည်။ ထင်းရှူးပင်ကြီးတွေက တရှဲရှဲမြည်နေအောင် လေတွေတိုက်နေသည်။ ခြံကျယ်ကြီးထဲမှာ ရစ်တွေ၊ ငုံးတွေ၊ ကြက်တွေ ရှိသည်။ မန်ဒါလီနှင့် ကြက်ဆင်တွေလည်း ရှိသည်။ နွားမပေါက်ကလေးတွေကိုတော့ သီးခြားရုံကလေးတွေနဲ့ ထားသည်။ မစ္စတာကတ်တိုးက ကိုယ်တိုင် ဒိန်ခဲချက်သည့် အခန်းတွေကို လိုက်ပြသည်။ နွားနို့ညှစ်စက်တွေကို ပြသည်။ စက်တွေက သံမဏိရောင် ပြောင်လက်နေကာ အခန်းတွေကလည်း သန့်ရှင်းလှသည်။ နွားအကောင်ငါးဆယ် တစ်ပြိုင်နက် နို့ညှစ်နိုင်သည်။

'နွားနို့တွေကို တစ်ကောင် ဘယ်နပိဿာပဲ ညှစ်ရမယ်ဆိုတဲ့ ညွှန်ကြားချက်ရှိတော့ ကျွန်တော်တို့ တိတိကျကျ ဆောင်ရွက်ရပါတယ်။ ဥရောပသမဂ္ဂ နိုင်ငံတွေက သည်သတ်မှတ်ချက်ကို တစ်ပြေးညီ လိုက်နာကြပါတယ်'

'ပိုညှစ်လို့တော့ ရနိုင်တာပေါ့နော်'

'ရနိုင်တာပေါ့လေ၊ ဒါပေမဲ့ ကျွန်တော်တို့မှာ ကျင့်ဝတ်ရှိရပါတယ်။

သတ်မှတ်တဲ့အတိုင်းပဲ ညှစ်ပါတယ်။ ဥရောပမှာ နွားနို့အတွက် လိုတာထက် ပိုများနေလို့ ၁၉၈၃ နောက်ပိုင်းမှာ ကန့်သတ်ထားတာပါ'

ပြင်သစ်မှာ မွေးမြူရေးခြံပေါင်း ၇၃၅၀၀၀ တောင် ရှိသည်။ ခြံလုပ်သားဦးရေပေါင်း ၉၉၇၀၀၀ ရှိသည်။ နွားနို့အထွက်နှုန်းက ဥရောပသမဂ္ဂဝင် နိုင်ငံတွေထဲမှာ ပြင်သစ်က ဒုတိယနေရာမှာ ရှိသည်။ ကမ္ဘာမှာ ပဥ္စမနေရာမှာ ရှိသည်။ နှစ်စဉ် နွားနို့တန်ပေါင်း ၂၃.၄ သန်း ထွက်နေသည် ဆို၏။ နွားနို့နှင့် ဒိန်ခဲချက်ခန်းတွေကို နေ့စဉ် မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ပိုးသတ်ဆေးဖျန်းကာ ဆေးကြောပစ်ရသည်။ အခန်းတွေအောက်မှာ ရေထွက်ပေါက်တွေ စီစဉ်ထားတော့ ဆေးချပြီးလျှင် ရေတွေ သန့်စင်ပြီးသားဖြစ်သွားသည်။ နွားနို့အထွက်က နွားတစ်ကောင် တစ်နှစ်ကို လီတာ ၆၅၀၀ လောက် ထွက်နေတော့ နွားနို့ချည်းရောင်းနေလို့ မကုန်နိုင်ပါ။ သည်တော့ ဒိန်ခဲချက်စက်တွေ ဝယ်ကာ တပ်ဆင်ထားသည်။ နွားနို့အရည်အသွေးအရ ထောပတ်ချက်လိုက်ရတာတွေ ရှိသည်။ ဈေးနှုန်းတွေကတော့ တစ်ပြေးညီ သတ်မှတ်ထားတဲ့ ဈေးပါပဲ။

'နွားနို့တော်တော်များများက ပုံမှန်ဖောက်သည်ကြီးတွေက လာယူပါတယ်။ ကျန်တာတွေကတော့ အနီးအနားပတ်ဝန်းကျင်က ဝယ်ကြတယ်။ သည်တော့ ဆိုင်ကလေး ဖွင့်ထားရတယ်'

နွားနို့ဆိုင် အခန်းထဲမှာတော့ တံဆိပ်ကလေးတွေ ကပ်ထားသည့် ဒိန်ခဲမျိုးစုံရှိသည်။ နို့ထွက်မုန့်တွေ ရှိသည်။ မာဂျရင်း၊ ထောပတ်တွေ ရှိသည်။ ဆိတ်နို့ကချက်သည့် ဒိန်ခဲတွေလည်း ရှိသည်။ လေအေးစက်ပေးထားသည့် အခန်းထဲမှာ နွားနို့နံ့သင်းနေသည်။ စားကျက်ကွင်း မြေပုံကြီးပေါ်မှာတော့ ရာသီနှင့် လွှတ်ကျောင်းရမည့် နေရာတွေကို ပြထားသည်။ နွားနို့အရောင်း Graph တွေ ရှိသည်။

ဧည့်သည် လာမယ်ဆိုလို့ ချက်ချင်းဖန်တီးထားသည့် သပ်ရပ်မှုမျိုး မဟုတ်။ ဧည့်သည်လာမယ်ဆိုလို့ အထင်ကြီးအောင် ပြင်ဆင်ထားသည့် အထားအသိုမဟုတ်။ ပကတိအတိုင်း မြင်နေရခြင်းဖြစ်သည်။ အပြင်မှာ ရိုးပြတ်၊ နွားချေးနံ့တွေ ရှိသလောက် သည်နေရာတွေကျတော့ တောက်ပပြောင်လက်နေသည်။ သူနှင့် ဘရစ်ဂျစ်ကိုတောင် ပိုးသတ်ထားသည့် ပလတ်



စတစ် ခြေအိတ်တွေ စွပ်ခိုင်းထားတာကိုသာ ကြည့်တော့။ အခန်းတွေထဲကို ဝင်ခါနီးတိုင်း သည်ပိုးသတ်ပလတ်စတစ် ခြေစွပ်အိတ်တွေ စီးထားသည့် ဖိနပ်ပေါ်က ထပ်စွပ်ကြရသည်။

'မိသားစုတစ်စုချင်း သီးခြားလွတ်လပ်စွာ လုပ်ကိုင်နေကြပါတယ်။ ဒါပေမဲ့ လုပ်ငန်းတူ စီးပွားတူချင်းပူးပေါင်းပြီး အဖွဲ့ကလေးဖွဲ့ထားတာလည်း ရှိတယ်။ ဈေးကွက်နဲ့ နည်းနာကိစ္စတွေ ညှိနှိုင်းနိုင်တာပေါ့'

မွေးမြူရေးခြံ အနောက်ဘက်မှာတော့ အောက်ခြေရှင်းရှင်း သစ်တောကြီး ရှိသည်။ သစ်တောအုပ်ကလေးထဲ၊ ရုံကလေးတွေထဲမှာတော့ ယုန်ကလေးတွေ မွေးထားတာ တော်တော်များသည်။ သစ်ပင်ကြီးတွေကိုလည်း နာမည်ကမ္ပည်းထိုးထားတာ သတိထားမိသည်။ တစ်နေရာမှာတော့ မြက်ထုံးကြမ်းကြီးတွေ လှောင်ထားသည်။ ဂျုံကြမ်းတွေ လှောင်ထားတာလည်း ရှိသည်။ မစ္စတာကတ်တိုးကို နှုတ်ဆက်ပြီးပြန်တော့ ကြွပ်ကြွပ်အိတ်နှင့် ထည့်ထားသည့် နို့ထွက်ပစ္စည်းတွေ ထည့်ပေးလိုက်သည်။ လယ်တောမွေးမြူရေး ခြံကျယ်ကြီးထဲက ထွက်လာတော့ နေဦးလေက တသုန်သုန်။ အေးရှ။ အနောက်မိုးကောင်းကင်မှာ မိုးတိမ်တွေ နိမ့်ကျနေပြီ။ နေလည်း ချိုပြီလေ။

အပြန်မှာ ဘရစ်ဂျစ်က ဆီဝင်ထည့်သည်။ ပြီးတော့ ပါရီကို ပြန်မောင်းလာသည်။ သည်တစ်ခါ လမ်းကတစ်မျိုး။ အလာတုန်းက လမ်းမဟုတ်။ လမ်းဘေးတစ်နေရာက တစ်ယောက်စီး လေယာဉ်ကွင်းကလေးထဲမှာ လေယာဉ်တွေ။ ပါရီအဝင်မှာတော့ နွေးလာသည်။

'ကိုယ်တို့ဆီမှာလည်း စပါးစိုက်တဲ့ဒေသ ရှိတယ်။ ဆန်စပါး သုတေသန ဌာနကြီးလည်း ရှိတယ်။ အက်ဂရိုပိုးလစ်စ်[၁]လို့ ခေါ်တယ်။ တစ်နေ့လိုက်ပို့ဦးမယ်။ ကိုယ်သိသလောက်တော့ ပြင်သစ်ရဲ့ စိုက်ပျိုးမြေ ဟက်တာပေါင်း Utilized agricultural hectares ကိုပြောတာနော်။ ၂၉,၉၉၇,၀၀၀ တောင် ရှိတယ်။ ဒါက ပြင်သစ်မြို့ပြဒေသ ဧရိယာရဲ့ ၅၄ ရာခိုင်နှုန်းရှိတဲ့ သဘောပဲ'

'ပြင်သစ်ကထွက်တဲ့ လယ်ယာထုတ်ကုန်တွေ ပြောပါဦး'

'သကြားမုန်လာကတော့ အထွက်ဆုံးပဲ။ ဥရောပသမဂ္ဂမှာ ပထမ၊

---

၁။ Agropolis

ကမ္ဘာမှာ ဒုတိယအထွက်ဆုံးကွ၊ တစ်နှစ်ကို တန် သန်းပေါင်းသုံးဆယ်ကျော် ထွက်တယ်။ နောက် ဝိုင်က တစ်နှစ်ကို ဟက်တိုလီတာပေါင်း ငါးဆယ့်ကိုး သန်းလောက် ထွက်တယ်။ ကမ္ဘာမှာ ဒုတိယအထွက်ဆုံးပဲ။ နောက် ဘာရှိမလဲ။ ကောက်ပဲသီးနှံကတော့ ဂျုံရော၊ ပြောင်းရော တန်သန်းပေါင်း ခြောက်ဆယ်လောက် ထွက်တယ်။ ဆီထွက်သီးနှံက တန် ငါးသန်းလောက် ထွက်တယ်'

'လယ်ယာထွက် စားသောက်ကုန်တွေ[၁]က အဓိကထွက်ကုန်နေရာမှာ ရှိသလား'

'သူလည်း Leading sector ပဲ။ နှစ်ပတ်လည် အလှည့်အကြိမ် တန်ဖိုး ဖရန့်ငွေ ဘီလျံခြောက်ရာ ခုနစ်ဆယ်လောက်တောင် ရှိတာကွ။ ကျန်တာတွေကတော့ ဓာတုပစ္စည်းတွေ၊ ရာဘာတွေ၊ ဆေးဝါးတွေ၊ ယာဉ်ထုတ်လုပ်မှုတွေ၊ သတ္တုထွက်ပစ္စည်းတွေ၊ ဆက်သွယ်ရေးသုံး ပစ္စည်းတွေပေါ့လေ။ သင်္ဘောတည်ဆောက်ရေး၊ လေယာဉ်တည်ဆောက်ရေး၊ ရထားမျိုးစုံ တည်ဆောက်ရေးတွေကလည်း ကျယ်ပြန့်တဲ့ စီးပွားရေးတွေပါပဲ'

ဟိုတယ်ကိုရောက်တော့ ည ခုနစ်နာရီထိုးတော့မည်။ ဘရစ်ဂျစ်က မနက်က ဝယ်ထားသည့် ချယ်ရီသီးတွေ၊ ပန်းသီးတွေ၊ ဒိန်ချဉ်ဘူးတွေထဲက တချို့ကို ပေးထားခဲ့သည်။ သူဝယ်ထားသော မုန့်ခြောက်တွေနှင့်ဆိုလျှင် ထမင်းဘူး မဝယ်ရတော့။ ဒါဆိုရင် ၂၉ ဖရန့် သက်သာသွားပြီ။ ၂၉ ဖရန့်ဆိုလျှင် ငါးဒေါ်လာနီးပါး။ မြန်မာငွေ ဆိုလျှင် နှစ်ထောင်နီးပါး။ ကောင်းလေစွ။

သူ တီဗီဖွင့်သည်။ ခဏနားကာ ရေချိုးသည်။ နာရီကိုကြည့်တော့ စောသေးသည်။ မြေအောက်ရထားစီးလို့ ရသေးသည်။ ဟိုတယ်ရှေ့ကို ပြန်ထွက်လာတော့ မိုးတွေရွာနေပြန်သည်။ မိုးတွေထဲမှာ လမ်းလျှောက်နေသူတွေ ရှိသည်။ တချို့က ထီးပါသည်။ တချို့က မပါပါ။ ဟိုတယ်အပေါက်ဝနှင့် မက်ထရို မြေအောက်ဘူတာရုံ ကုန်းဆင်းက သိပ်မဝေး။ တကယ့်နီးနီးကလေး။ သူ ခပ်သုတ်သုတ်ကလေး ပြေးလိုက်သည်။ မြေအောက်ရထား လှေကားထစ်တွေအတိုင်း ဆင်းလိုက်ကာ လက်မှတ် တစ်

၁။ Agri-foodstuffs



စောင် ဝယ်သည်။ ၈ ဖရန့်။ လက်မှတ်အစိမ်းကလေးမှာ သံလိုက်ပြားလေးပါတော့ စက်ထဲကို ထိုးထည့်လိုက်ရုံ။ လူတစ်ကိုယ်စာ သံမဏိအကာတန်းထဲကို ဝင်လိုက်တော့ မောင်းတံလေးပွင့်သွားသည်။ ရထားလမ်းအထိ ကုန်းဆင်း လှေကားထစ်တွေအတိုင်း ဆင်းလာတော့ ဘူတာထဲမှာ ရထားမရှိသေး။ တအောင့်ကလေးကြာတော့ ရထားတစ်စီး တဝေါဝေါပြေးဝင်လာသည်။ သူ တက်လိုက်သည့်တွဲက တော်တော်ချောင်သည်။ ခုံလွတ်တွေ တော်တော်များသည်။ ရထားက ဝေါခနဲပြေးထွက်သွားသည်။ သူစီးလာသည့် ဘူတာရုံက ရူးဂျူဘတ် (Rue du Bac) ဖြစ်သည်။

ပြင်သစ်မှာက မြေအောက်ရထား အစီးများသည်။ Metro ခေါ်သည့် ရထားတွေရှိသလို ဘူတာကြီးတွေမှာရပ်သည့် RER ရထားတွေလည်း ရှိသည်။ မက်ထရိုကတော့ ဆယ့်ငါးလိုင်းလောက် ရှိသည်။ သည်ရထားတွေက မနက် ငါးနာရီခွဲဆိုလျှင် စစီးနိုင်ပြီး ညသန်းခေါင်ကျော် ဆယ့်နှစ်နာရီခွဲတော့မှ ရပ်သည်။ သူ့လိုင်းအမှတ်နဲ့သူ စုရပ်ဘူတာရုံတွေက စထွက်ခြင်း ဖြစ်သည်။ ပါရီမြို့ကြီး တစ်မြို့စာလုံးနီးပါး မြေအောက်မှာ ငါးဖမ်းပိုက်ကွန်ကွက်လို ရထားလိုင်းအချင်းချင်း တွယ်ချိတ်ထားတော့ သွားချင်ရာကို မက်ထရိုမြေပုံ ကြည့်သွားရုံ။ တိုက်ရိုက်မရောက်နိုင်သည့် တချို့လမ်းဆုံ ဘူတာတွေမှာတော့ ရထားပြောင်းဖို့ ဆင်းလိုက်ရတာရှိသည်။ ပြီးတော့ ရထားပြောင်းစီးနိုင်သည်။ လက်မှတ်ထပ်ဝယ်ရန် မလိုတော့။ လက်မှတ် ဝယ်ရန် လှေကားထစ်တွေပေါ် တက်သွားရန်မလို။ သို့သော် ညာဘက်သွားမယ့် လက်ယာရစ် ရထားလမ်းဘက်ကို ကိုယ်က ရောက်နေသည်ဆိုပါတော့။ ဘယ်ဘက် လက်ဝဲရစ်ရထားလမ်းကို ကူးချင်လျှင် ရထားလမ်းကူး ကုန်းပေါ် ပြန်တက်ကာ ရထားလမ်းကူးရသည်။ ရထားလမ်းတွေပေါ်က ဖြတ်လိုက်လို့ မရ။ ရထားတွေက မိနစ်မခြားဝင်ထွက်နေတော့ အန္တရာယ်ရှိနိုင်သည်။ ပြီးတော့ ရထားလမ်းပေါ်က ဘယ်သူကမှလည်း ဖြတ်မကူးကြပါ။ နောက် ထပ် ရထားတစ်မျိုးကတော့ RER လို့ ခေါ်သည်။ Reseau Express Regional ၏ အတိုကောက်ဖြစ်သည်။ မက်ထရိုမြို့ပြစနစ် ရထား (Metro Urban System)တွေနဲ့ SNCF ရထားတွေက ခရီးသည်တွေကို RER

က ခွင့်ပြုသည်။ သည်ရထားတွေကလည်း မနက်ငါးနာရီခွဲက ညသန်းခေါင်အထိ ပြေးဆွဲပေးသည်။

မြို့တော်၏ သတ်မှတ်နေရာများ[၁] အတွင်းမှာတော့ မက်ထရိုရော RER ရော SNCF တွေပါ တစ်နေ့စာလက်မှတ်တူတွေ သုံးနိုင်သည်။ လက်မှတ်တစ်စောင်တည်းနှင့် လုံလောက်သည်။ မက်ထရိုရထားလမ်းတွေ၊ RER လမ်းတွေမှာ အဆင်းအတက် ဘယ်လောက်ပဲလုပ်လုပ် တစ်စောင်တည်းနှင့် အဆင်ပြေသည်။ သတ်မှတ်နေရာကျော်လျှင်တော့ ထပ်ဝယ်ရလိမ့်မည် ထင်သည်။ ဒါတော့ သူမသိ။ မြေအောက်ရထားကို အဲသလောက်ဝေးဝေးလည်း သူ မစီးဖြစ်ခဲ့။ SNCF ရထားလက်မှတ်တွေကတော့ သတ်မှတ် ခရီးအကွာအဝေးတွေ သတ်မှတ်ထားကာ အပိုင်းလိုက် လက်မှတ်တွေ ထပ်ကာထပ်ကာ ဝယ်ရတာတွေရှိသည်။ လက်မှတ်တွေကိုလည်း တစ်နေ့စာ တစ်စောင်ချင်းသာမက ဆယ်ခုပါ အထုပ်တစ်ထုပ်ချင်းလည်း ဝယ်နိုင်သည်။ လက်မှတ်ဝယ်ဖို့ ဖော်မြူလာဝမ်း[၂] အစီအစဉ်ဆိုတာလည်း ရှိသည်။ ဖော်မြူလာ ဝမ်း လက်မှတ်ကျတော့ တစ်စောင် တစ်နေ့စာဖြစ်သည်။ သတ်မှတ်ခရီးအကွာအဝေးတွေ ဘာတွေမရှိ။ ပါရီဗစ်ဇစ်ကတ်[၃] ဆိုတာ ရှိသေးသည်။ ပိတ်ရက် သုံးရက် ဒါမှမဟုတ် ငါးရက်ဆက်တိုက် ဆက်နေသည့်အခါတွေမှာ သုံးနိုင်သည့် လက်မှတ်မျိုးဖြစ်သည်။ RATP, RER, Paris and Ile de France SNCF networks တွေမှာသာမက Noctambus, Orlybus, Orlyrail, Roissy rail တွေမှာပါ သုံးနိုင်သည့်ကတ် ဖြစ်သည်။

ဘတ်စကားတွေကတော့ တော်တော်များများက မနက် ၆:၃၀ မှာ စထွက်ပြီး ည ၈:၃၀ မှာ သိမ်းတတ်သည်။ တချို့ယာဉ်လိုင်းတွေကတော့ ည ၁၂:၃၀ အထိ ပြေးဆွဲကြတာလည်း ရှိသည်။ ညသန်းခေါင်ကျော် တစ်ချက်ထိုးက မနက် ငါးနာရီအထိ ပြေးဆွဲသည့် Noctambus တွေလည်း ရှိသည်။ တနင်္ဂနွေနေ့နှင့် ပိတ်ရက်တွေမှာ ဝန်ဆောင်မှုလျှော့ချလိုက်သည့် ကားလိုင်းတွေရှိသလို သည်ရက်တွေကျတော့မှ အထူးပြေးဆွဲပေးသည့် ကား

၁။ City Limits
၂။ Formula 1
၃။ Paris visite card



တွေလည်း ရှိသည်။ ဥတုရာသီ ခါတော်မီ (Seasonal form of transport) ဆိုတာတွေကလည်း ရှိသည်။ ဆိုပါတော့၊ ဘယ်လက ဘယ်လအထိပဲ ပြေးဆွဲပေးသည် ဆိုသည့်သဘော ဖြစ်သည်။ သည်ကားတွေကတော့ အထူးသဖြင့် ပါရီ၏ ထင်ရှားသည့် သမိုင်းဝင်နေရာဒေသတွေကို ပို့ဆောင်ပေးသည့် ခရီးသွားဧည့်သည်သုံး ခရီးစဉ်တွေလို့ ဆိုနိုင်သည်။ သတ်မှတ်ထားသည့် နေရာငါးနေရာကိုပဲ ပို့ပါသည်ဆိုသော 5 Stops ကားတွေလည်း ရှိသည်။ အီဖဲလ်မျှော်စင်၊ အော်ဆေးပြတိုက်၊ လုဗ်ပြတိုက်၊ နိုတာဒမ်းဘုရားကျောင်းကြီးနှင့် မြို့တော် ဟိုတယ် ပွန်ပီဒူးစင်တာ စသည့်နေရာတွေကို ရည်ညွှန်းသည့် ငါးနေရာဖြစ်သည်။

ပြင်သစ်၏ နာမည်ကျော် လေဆိပ်ကြီးများဖြစ်သည့် ရွိုင်ဇီချားလ်စ်ဒီဂေါလ်လေဆိပ်[၁]နှင့် အော်လီလေဆိပ်[၂]တွေကနေ ပါရီမြို့တွင်းသို့ ပြေးဆွဲသည့် Bus and rails တွေလည်း ရှိသည်။ Roissy rail, Orlay rail တွေ မထားပေးလို့ မရပါ။ လေယာဉ်တွေက အဝင်အထွက်တွေ များသည်။ သည်တော့ ခရီးသည်တွေအတွက် သီးခြားသယ်ယူပို့ဆောင်ရေး အစီအစဉ်တွေ ထားပေးရသည်။

တက္ကစီတွေကတော့ ကားငှားခတွေကို နေ့ဈေး ညဈေး ခွဲခြားထားပုံရသည်။ ဘူတာရုံများ၊ လေဆိပ်များကိုသွားလျှင် ဒါမှမဟုတ် လူ လေးယောက် စီးလျှင် ခရီးသွားအိတ်တွေပါလျှင်၊ ခရီးသည်နှင့်အတူတူ တိရစ္ဆာန်တွေပါ ပါလာလျှင်တော့ သီးခြား အခွန်အခပေးရသည် ဆို၏။ ပါရီကို လှည့်လည်ကြည့်ရှုဖို့ Sightseeing tour ဒါမှမဟုတ် Easy chair tours ခေါ်ကြသည့် သီးသန့် နှစ်ထပ်အအေးခန်း ကားကြီးတွေလည်း ရှိသည်။ သည်ကားတွေကိုတော့ နှစ်ထပ်ဖိမ်ခံကား[၃]လို့ ခေါ်သည်။ နှစ်နာရီ လှည့်လည် ခရီးတွေ၊ နေ့ဝက် လှည့်လည်ခရီးတွေ၊ တစ်နေကုန် လှည့်လည်ခရီးတွေ၊ နှစ်ရက် လှည့်လည်ခရီးတွေ စသဖြင့် ရွေးချယ်စီးနိုင်သည်။ နှစ်ရက်ခရီးတွေကတော့ ဝေးလံသော ပြင်သစ်၏နယ်စပ်တွေအထိ ခရီးပေါက်သည်။ ပြင်သစ်၏ နာမည်ကြီး ကုမ္ပဏီတွေကတော့ Cityrama, Cityssimmo,

၁။ Roissy-Charles-De-Gaulle Airport
၂။ Orly Airport
၃။ Double-decker coaches

Paris Vision, Les Cars Rouges စသည့် ကုမ္ပဏီတွေ ဖြစ်သည်။ ‘ပါရီ အလင်း မြို့တော်အစီအစဉ်[၁] အတွက် ညလည်ခရီးစဉ်[၂]တွေလည်း မနားရပါ။

ပါရီည[၃] လှည့်လည်ရေး အစီအစဉ်ကတော့ စားသောက်ဆိုင်ကြီးတွေမှာ စားရင်းသောက်ရင်း လည်ပတ်ခံစားရသည့် ခရီးစဉ်မျိုး ဖြစ်သည်။ လူလေးယောက်စီး သီးခြားခရီးစဉ်တွေကတော့ ဘာသာပြန်ပေးသူပါ ပါတတ်သည်။ ပြီးတော့ လူက သယ်ဆောင်သွားနိုင်သည့် မီးဖိုကလေးလည်း ပါပါသေးသည်။

သူကတော့ မြေအောက်ဘူတာရုံတွေထဲက ပိုစတာတွေကို ငေးရင်းက ထိုင်လိုက်လာခဲ့သည်။ သူ့တိုင်းပြည်နှင့် ဝေးလံသော မြို့ကြီးတစ်မြို့၏ မြေတွင်းထဲကို သူ ရောက်နေသည်ကော။ လင်းချင်းမှုက သူ့ကို ကြောက်ရွံ့မနေစေပါ။ နေရှင်နယ်အဇမ်ဗလီ ဘူတာရုံ၊ လာကွန်းကော့ဒ် ဘူတာရုံတွေကို ကျော်လာခဲ့ပြီ။ သည်ဘူတာမှာ သူ ဆင်းလိုက်ကာ ပဲလေ့စ်ရွိုင်ရယ်မြူဇေဂျူလုဗ် ဘူတာဘက်ကို လိုင်းပြောင်းစီးသည်။ မြူဇေဂျူလုဗ် ဘူတာရုံမှာ တစ်ခါဆင်းကာ နောက်ကြောင်းပြန်စီးလာခဲ့သည်။ သူ သိပ်ဝေးဝေးမသွားရဲတော့တာလည်း ပါပါသည်။ အစိမ်းရောင် မက်ထရိုရထားက မသန်စွမ်းသူတွေအတွက်ပါ စဉ်းစားကာ ဒီဇိုင်းထုတ်ထားခြင်းဖြစ်၍ ဆင်းရတက်ရတာလွယ်ကူသည်။ အလိုအလျောက် တံခါးတွေတပ်ဆင်ထားသော်လည်း ပိုသေချာအောင် မောင်းချိတ်တွေ တပ်ဆင်ထားသည်။ မိုးတိုးမတ်တတ်စီးသူတွေ၊ ရထားတွဲပေါ်မှာ နမ်းနေကြသူတွေ၊ စာဖတ်နေကြသူတွေကြားမှာ သူကတော့ မက်ထရိုမြေပုံနှင့် ရောက်နေသည့် ဘူတာခရီးစဉ်ကိုပဲ သဲကြီးမဲကြီး ကြည့်နေရသည်။ ရထားပေါ်မှာလည်း ဘူတာစဉ်တွေ ရေးပေးထားတာပါပဲ။ လာကွန်းကော့ဒ် ဘူတာမှာ ပြန်ဆင်းကာ သူ့ဟိုတယ်ရှိရာ ရှူးဂျူဘာ့စ် ဘူတာဘက်ကို ပြန်စီးလာပြီး ဘူတာတော်တော်များများ ကျော်စီးဖို့ ဆုံးဖြတ်လိုက်သည်။ ရှူးဂျူဘာ့စ်ပြီးတော့ နောက်တစ်ဘူတာက Sevre Babylone ဘူတာဖြစ်သည်။ နောက်တစ်ဘူတာက Rennes ဘူတာ။ သည်

၁။ Paris, the city of light

၂။ Night-time tour

၃။ Paris by night



က ကျော်တော့ Notre-Dame des Champs ဘူတာ။ သူ မဆင်းသေးဘဲ နောက်တစ်ဘူတာ ဆက်စီးလိုက်သည်။ Montparnasse Bienvenue ဘူတာရုံ။

မွန့်ပါးနာ့စ်ဘူတာ။ သူ ဆင်းလိုက်သည်။ သူ သွားချင်နေသည့် C&A ကုန်တိုက်ကြီးကို သည်ဘူတာကဆင်းပြီး လျှောက်သွားနိုင်သည်။ သည်ဘူတာက ဘူတာရုံကြီးအဆင့်ဆိုတော့ တော်တော်ကြီးသည်။ ကုန်းပေါ်ဘက်ဖို့ လှေကားထစ်တွေပေါ်ကို နင်းလိုက်တော့ တယောသံများများစားသံသည် ဘူတာရုံကြီးထဲမှာ ညံစီနေသည်။ ဂီတသမား လေးငါးယောက်က ဘူတာတွင်း ထောင့်ချိုးလေးမှာ တီးဝိုင်းတီးနေကြခြင်း ဖြစ်သည်။ C&A ကုန်တိုက်ကြီးကို သိပ်မရှာရပါ။ ကြီးမားခံ့ထည်ကာ မီးရောင်တွေ ထိန်ညီးနေအောင် ထွန်းထားသည်။ သူက ကုန်တိုက်ကြီးထဲဝင်လိုက်ကာ တီရှပ်တွေထားသည့် ခန်းမကျယ်ကြီးထဲမှာ အချိန်တော်တော်ကြာကြာ ဖြုန်းလိုက်သည်။ ဘယ်ဒီဇိုင်း ဝယ်ရမှန်းမသိ။ ဒီဇိုင်းတွေက ရာနှင့်ချီ ရှိနေသည်။ ဈေးနှုန်းနှင့် ဒီဇိုင်း၊ အရောင်နှင့်အရွယ်အစား သေချာတော့မှ နှစ်ထည်ဝယ်လိုက်သည်။ အင်္ကျီတွေကို ချိတ်ကကိုင်ကာ ကွန်ပျူတာသုံး ငွေလက်ခံဌာနတွေမှာ သွားတန်းစီရသည်။ ခဏကလေးပါပဲ။ အားလုံးပြီးသွားတော့ ကုန်တိုက်အပြင်ကို ထွက်လိုက်ကာ ကုန်တိုက်ကြီးကို ဓာတ်ပုံရိုက်ယူလိုက်သည်။ အပြင်က လှမ်းကြည့်တော့မှ ကမ္ဘာကျော် လာဖေးယက်ကုန်တိုက်ကြီး[၁]ရဲ့ အထပ်တစ်ထပ်ထဲကို သူရောက်နေတာပါလား။ C&A ကုန်တိုက်က ဂယ်လာရီလာဖေးယက်၏ အထပ်တွေထဲက တစ်ထပ်ဖြစ်နေသည်ကော။

အပြန်မှာလည်း သူ့ဟိုတယ်ရှိရာ ရှူးဂျူဘာ့စ်ဘူတာရုံကို မက်ထရိုပဲ စီးလာခဲ့သည်။ ရထားစီးလာရင်းက ခရီးသွားလာမှုကို သက်သောင့်သက်သာဖြစ်အောင်၊ အန္တရာယ်ကင်းကင်းနဲ့ မြန်မြန်ဆန်ဆန် ရောက်နိုင်အောင် စီစဉ်ထားနိုင်မှုတွေကို တွေးလာခဲ့သည်။ ဟိုတယ်ပြန်ရောက်လို့ တာနာကားနဲ့ တွေ့တော့လည်း သည်အကြောင်းပဲ ပြောဖြစ်သည်။ ပြင်သစ်နိုင်ငံက ယာဉ်ကြော ပိတ်ဆို့မှု ကာကွယ်ရေးအစီအစဉ်တွေ ကောင်းသည်ဆို၏။

၁။ Galleries Lafayette

'သူတို့မှာ တစ်ကျော့ပြန်လမ်းမကြီး[၁]တွေ လုပ်ထားနိုင်တာ ချီးကျူးစရာ ကောင်းတယ်။ မြေပုံတွေကို နေရာတိုင်းမှာ ထားပေးတယ်။ စက္ကူမြေပုံတွေ နေရာတိုင်းက အလကားယူလို့ ရနိုင်တယ်။ Alternative routes တွေကို အစိမ်းရောင်လိုင်းတွေ၊ မြားတွေနဲ့ပြထားတော့ ယာဉ်ကြောပိတ်ဆို့မှု ကာကွယ်ပြီးသား ဖြစ်သွားတယ်။ လမ်းမကြီးတွေမှာ အဝါရောင်လမ်းညွှန်ဆိုင်းဘုတ်တွေ တွေ့ရင် အဲဒါ ယာဉ်ကြောသစ်သင်္ကေတ၊ အစိမ်းရောင်လမ်းညွှန်ဆိုင်းဘုတ်တွေက ယာဉ်ကြောဟောင်း သင်္ကေတဗျ'

တာနာကားက ရှင်းပြသည်။ ပြီးတော့ နွေရာသီသုံး ယာဉ်ကြောပြက္ခဒိန်[၂]တွေ ထုတ်ပြန်ပေးထားသည်။ ဇွန်၊ ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာလတွေအတွက် ဖြစ်သည်။ Normal Traffic, Dense Traffic, Difficult Traffic Condition, Excessively Difficult Traffic Condition, Out Going Direction, Return Direction, Both Directions စသည်အားဖြင့် ပြက္ခဒိန်ရက်တွေအလိုက် အရောင်သင်္ကေတတွေနဲ့ ပြစုထားသည်။ ကျောင်းပိတ်ရက်တွေကိုလည်း ယာဉ်ကြောပြက္ခဒိန်မှာ ခရမ်းရောင်နှင့် ပြသထားတတ်သည်။ ကားမောင်းသူက ဘယ်နေ့ ဘယ်ရက်တွေမှာတော့ ယာဉ်ကြောအခြေအနေ ယေဘုယျအားဖြင့် ဘယ်လိုဖြစ်နေနိုင်သလဲ စသဖြင့် ကြိုတင်ခန့်မှန်းနိုင်သည်။ ပြီးတော့ အဓိကအမျိုးသား လမ်းမကြီးတွေပေါ်မှာ သတင်းပြန်ကြားရေးရုံးပေါင်း ခြောက်ဆယ်ကို တစ်နိုင်ငံလုံးအနှံ့ ဖွင့်လှစ်ထားသည်။ အထူးသဖြင့် 'အထူးနွေရာသီ ခရီးသွားလာရေးကာလ[၃]' တွေမှာ ဖြစ်သည်။ အရှိန်နှုန်း ကန့်သတ်မှုတွေလည်း ရှိပါသည်။ အဓိကလမ်းမကြီးတွေပေါ်မှာ နေပူလျှင် တစ်နာရီ ၉၀ ကီလိုမီတာ၊ မိုးရွာလျှင် ၈၀ ကီလိုမီတာနှုန်း၊ အဝေးပြေးလမ်းမကြီးတွေပေါ်မှာတော့ နေပူလျှင် တစ်နာရီ ၁၃၀ ကီလိုမီတာ၊ မိုးရွာလျှင် ၁၁၀ ကီလိုမီတာနှုန်း၊ အမြန်လမ်းမကြီးတွေမှာတော့ နေပူလျှင် တစ်နာရီ ၁၁၀ ကီလိုမီတာ၊ မိုးရွာလျှင် ၁၀၀ ကီလိုမီတာနှုန်း ဖြစ်သည်။ မြို့ငယ်နှင့် ကျေးလက်တွေမှာတော့ ၅၀ ကီလိုမီတာနှုန်း ဖြစ်

၁။ Alternative Routes
၂။ Summer Calendar
၃။ Great Summer migration period



သည်။ သည်သတ်မှတ်ချက်တွေက အမြင့်ဆုံး အမြန်နှုန်းဖြစ်ပြီး သည့်ထက် ပိုမောင်းချင်လို့ မရနိုင်ပါဟု ဆိုသည်။ ယာဉ်မောင်းသူက နှစ်နာရီ ကားမောင်းပြီးတိုင်း တစ်ခါနားဖို့လည်း ညွှန်ကြားထားသည်။ သွေးထဲမှာ အရက် ၁.၅ ဂရမ်/လီတာ ရှိနေသူများ တစ်နည်းအားဖြင့် အရက်နှစ်ခွက်သောက်ထားသူများ ကားမောင်းခြင်းကို တင်းကျပ်စွာ တားမြစ်ထားတာလည်း ရှိသည်။

'လမ်းတွေမှာ အရေးပေါ်တယ်လီဖုန်းတွေ ရှိတယ်။ အဓိကလမ်းမကြီးတွေပေါ်မှာ လေးကီလိုမီတာဝေးတိုင်း အရေးပေါ်တယ်လီဖုန်းဆက်ဖို့ နေရာရှိတယ်။ အဝေးပြေးလမ်းမတွေပေါ်မှာတော့ နှစ်ကီလိုမီတာဝေးတိုင်း တစ်နေရာရှိတယ်ဗျ။ တယ်လီဖုန်းခက အခမဲ့စနစ်လေ။ Emergency phone calls တွေအတွက် ပိုက်ဆံမပေးရဘူး'

တာနာကားနှင့် သူ ဟိုတယ်အပြင်ဘက် ပလက်ဖောင်းတစ်လျှောက် လမ်းလျှောက်ရင်း စကားတွေပြောဖြစ်သည်။ တာနာကားက သူ့ကို ဇွန်လ ၁၄ ရက်နေ့ တူးလုစ်[၁]မှာ ကစားမည့် အာဂျင်တီးနား-ဂျပန်ဘောလုံးပွဲကို လိုက်ခဲ့ဖို့ ခေါ်နေသည်။ ဇွန်လ ၂၀ ရက်နေ့မှာတော့ ဂျပန်ဘောလုံးအသင်းက ခရိုအေးရှားနှင့် ကစားလိမ့်မည်။ နန့်တ်စ်[၂]ကွင်းမှာ ဖြစ်သည်။ ဂျမေကာနှင့် ဂျပန်က ဇွန်လ ၂၆ ရက်နေ့ လီယွန်[၃]မှာ ကစားမည်။ တူးလုစ်၊ နန့်တ်စ်၊ လီယွန်မြို့တွေကို တစ်မြို့ပြီးတစ်မြို့ သူ သွားမည်။ စင်စစ် သည်မြို့သုံးမြို့မှာ နီးနီးနားနားမဟုတ်။ နန့်တ်စ်က ပါရီနှင့် ကီလိုမီတာ ၄၀၀ နီးပါးဝေးသည့် အတ္တလန္တိတ် သမုဒ္ဒရာနားက မြို့ကလေးဖြစ်သည်။ တူးလုစ်ကတော့ ပါရီနှင့် ကီလိုမီတာ ၇၀၀ နီးပါးဝေးသည်။ ဂါရောန်မြစ်စီးဆင်းရာ ပါရီ၏မြောက်ဘက်ကျကျ မြို့ကလေး။ လီယွန်ကတော့ ရိုမန်ခေတ် နှစ်နှစ်ထောင်မြို့ဟောင်း ဖြစ်သည်။ ပါရီနှင့် ကီလိုမီတာ ၄၇၀ ဝေးသည်။ ကမ္ဘာကျော် Alps တောင်ခြေကမြို့ဆိုတော့ သွားချင်စရာ။ သူ့ကိုခေါ်နေသော်လည်း သူ မလိုက်နိုင်။ သူ့မှာ တခြားအစီအစဉ်တွေ ရှိသေးသည်။

၁။ Toulouse
၂။ Nantes
၃။ Lyon

'ကျွန်တော်က မွန့်ပယ်လီယေးကို သွားမယ်။ ဘူလ်ဂေးရီးယားနဲ့ ပါရာဝွေးပွဲ သွားကြည့်လိုက်ဦးမယ်၊ ပြီးတော့ စိုက်ပျိုးရေး သုတေသနဗိမာန် အက်ဂရိုပိုးလ်စ်ကို လေ့လာစရာ ကျန်နေသေးတယ်'

သူက ဘရစ်ဂျစ်ပြောထားဖူးသည့် သူ့အစီအစဉ်ကို ပြောလိုက်ခြင်း ဖြစ်သည်။ တာနာကားက ဇွန်လ ၁၃ ရက်နေ့ကျရင် လန်ဒန်သွားဖို့ သူ စီစဉ်ထားလိုက်မယ် ဆိုလေသည်။ ၁၃ ရက်နေ့ သူ မွန့်ပယ်လီယေးမှာ ရှိဦးမည်။ ၁၃ ရက်နေ့ ညနေမှ မြန်နှုန်းမြင့်ရထား TGV နှင့် ပါရီကို ပြန်ရမည်။ ၁၄ ရက်နေ့ကျတော့ တာနာကားက တူးလုစ်ကို သွားတော့မည်။ ကနေ့ည တာနာကားနှင့် လမ်းလျှောက်ခြင်းက ကံအားလျော်စွာ နောက်ဆုံးတွေ့ဆုံခြင်းလည်း ဖြစ်သွားနိုင်သည်။ ဒါပေမဲ့ လန်ဒန်သွားရမည့် လမ်းကြောင်းကိုတော့ သူ မေးထားလိုက်သည်။

'ရီဇာ့ဗ်ဖေးရှင်း လုပ်လို့ရပါတယ်။ လန်ဒန်နဲ့ ဘယ်လ်ဂျီယမ်းက သွားရတာ လွယ်တယ် စာရေးဆရာရဲ့။ လန်ဒန်က သဘော်ဖယ်ရီတွေနဲ့ သွားရင်လည်း ရတယ်။ အကောင်းဆုံးကတော့ ယူရိုတာနယ်လ်နဲ့ သွားတာပဲ။ ယူရိုစတားဆိုတဲ့ ရထားတွေက သိပ်မြန်တယ်။ စီတီးရားမား ပို့ဆောင်ရေးက ဖရန့် ၉၉၅ လောက် ကျတယ်။ တိုးရင်းစကုပ်[1]နဲ့ သွားရင် ဖရန့် ၉၉၀ ကျမယ်။ သူတို့က Short-break လို့ ခေါ်တယ်ဗျ။ မနက် ၇ နာရီ ပြင်သစ်ကထွက်ရင် ပြင်သစ်ကို ည ဆယ်နာရီ ပြန်ရောက်တယ်။

လန်ဒန်ကို သွားချင်လျှင် ပြင်သစ်ဘူတာရုံ Gare du Nord က စီးရသည်။ မနက် ခုနစ်နာရီကထွက်လျှင် လန်ဒန် ဝါတာလူး ဘူတာရုံကြီးကို မနက် ဆယ်နာရီပတ်ဝန်းကျင်မှာ ရောက်သည်။ လန်ဒန်ခရီးစဉ်ထဲက သူတို့အစီအစဉ်နဲ့ ကြည့်သင့်တာကြည့်ပြီးလျှင် လန်ဒန်မှာ နေ့လယ်စာစားဖို့နှင့် ဈေးဝယ်ဖို့ ကိုယ်ပိုင်အချိန်ပေးသည်။ ပြီးလျှင် ဝါတာလူး ဘူတာရုံကြီးကို ညနေ ခြောက်နာရီအရောက် ပြန်ခဲ့ရုံ။ စီတီးရားမား ခရီးသွားလာရေးကတော့ Short-break လို့ မခေါ်ပါ။ 'One day in London' လို့ နာမည်ပေးထားသည်။ ယူရိုစတား အမြန်ရထားကို ဒေါ်လာ ၄၇၀ တန် ပထမတန်းက စီးခွင့်ပေးသည်။ ရထားပေါ်မှာ ဒါမှမဟုတ် လန်ဒန်မှာ မနက်စာ

၁။ Touringscope



ညစာ နှစ်နပ်ကျွေးသည်။ လန်ဒန်ရောက်လျှင် လေးအေးပေးစက်သုံး နှစ်ထပ်ကားကြီးတွေနဲ့ Sightseeing လိုက်ပြသည် ဆို၏။ ကားပေါ်မှာတော့ ဘိပ်ရီကော်ဒါသုံး ဘာသာပြန်စနစ်ပါသည်။ အင်္ဂလိပ်၊ ပြင်သစ်၊ စပိန်၊ အီတလီ၊ ဂျပန်၊ ဂျာမနီ၊ ဒတ်ချ်ဘာသာတွေနဲ့ မြင်ကွင်းတွေကို ရှင်းပြသည်။ ပြီးလျှင် ကိုယ့်နေ့လယ်စာ ကိုယ်စား။ လန်ဒန် ဝါတာလူးဘူတာရုံကို ညနေ ခြောက်နာရီအရောက်။ ပါရီကို ည ဆယ်နာရီပြန်ရောက်။

'ပတ်စပို့တို့၊ ဗီဇာတို့ မလိုဘူးလား'

'လိုတဲ့အခါ လိုတယ်၊ လွယ်ပါတယ်။ ကျွန်တော် ခဏခဏသွားနေတာပဲ'

တာနာကားက ဘယ်လ်ဂျီယမ်ကိုလည်း သည်လိုသွားလိုက်တာပဲဟု ဆို၏။ ဘယ်လ်ဂျီယမ်ကတော့ ဖရန့် ၇၀၀ပဲ ပေးရသည်။ ဘယ်လ်ဂျီယမ်ကို ပြင်သစ်တွေက မြောက်ပိုင်း၏ ဗင်းနစ်စ်[1]ဟု ခေါ်သည်။ တာနာကားကတော့ ကမ္ဘာပေါ်မှာ ဘယ်လ်ဂျီယမ် ကော်ဖီနဲ့ ဘယ်လ်ဂျီယမ် ချောကလက်က အကောင်းဆုံးဟု ဆိုလေ၏။ ပါရီဘတ်စ်ဆားဗစ်က ပို့ဆောင်ပေးသည့် ခရီးစဉ်တွေကလည်း စိတ်ဝင်စားစရာကောင်းသည်။ ဆိုပါတော့၊ ကမ္ဘာကျော် ပန်းချီဆရာမိုနေး[2] နေထိုင်ရာ ဂျီဗားနီးနှင့် နော်မန်ဒီ တောလမ်း ခရီးစဉ်ဆိုတာလည်း ရှိသည်။ အင်ပရက်ရှင်နစ်ဇင်း ပန်းချီဆရာ မိုနေး၏ စိတ်ကူးစိတ်သန်းတို့ မွေးဖွားရာ၊ ဉာဏ်ကွန့်မြူးရာ သည်အိမ်နေရာကိုလည်း တော်တော်များများ သွားတတ်ကြတော့ ခရီးစဉ်ဒေသအဖြစ် ပို့ဆောင်ပေးနေရသည်။ ပန်းချီဆရာရဲ့အိမ်၊ စတူဒီယို၊ ပန်းခင်း၊ ရေကန်၊ ဂျပန်ပုံစံ တံတားနှင့် နှင်းပန်းခင်းကို သွားခံစားကြခြင်း ဖြစ်သည်။ အပြန်ကျတော့ နော်မန်ဒီတောလမ်းက ပြန်ကာ ဆိန်းမြစ်ဝှမ်းကျယ်ကြီးကို တစ်လက်စတည်း ခံစားနိုင်သည်။ တချို့ခရီးစဉ်တွေကတော့ ရှမ်ပိန်ခရီးစဉ်လို့တောင် နာမည်ပေးထားသည်။ ရှမ်ပိန်ကြိုက်သူများက စပျစ်ခြံတွေ တပြန့်တလျားရှိရာ ဒေသတွေအထိသွားကာ ခံစားမှုနဲ့ သောက်နိုင်ကြခြင်း ဖြစ်သည်။ စပျစ်ခြံတွေ၊ အရက်ချက်ရုံတွေ၊ အရက်လှောင်အိမ်တွေ၊ အရက်စည်

၁။ The Venice of the North

၂။ Clande Monet

တွေ ကြားထဲကို ရောက်နိုင်သည်။ ရှမ်ပိန်ကောင်းကောင်း မြည်းခွင့်ပေးသည် ဆို၏။

သူတို့ဆီမှာတော့ ခရီးစဉ်နာမည်တွေကပဲ ခရီးသွားသူတွေကို ဆွဲဆောင်နေသည်။ လွားမြစ်ရဲတိုက်များသို့ တီဂျီဗီခရီးစဉ်[၁] ဆိုတာမျိုး၊ ဂန္ထဝင်နှင့် ပြန်လည်ထွန်းသစ်စ ခရီးစဉ်[၂]၊ ရိုမန်တစ်နှင့် အလယ်ခေတ်ခရီးစဉ်[၃] ဆိုတာမျိုးတွေလည်း ရှိသည်။ ခေတ်အလိုက် နေရာဒေသနှင့် ဗိသုကာဟန် အဆောက်အအုံတွေဆီ ပို့ဆောင်ပေးသည့် ခရီးစဉ်တွေ ဖြစ်လိမ့်မည်။ စူးရှသော အလင်းတန်းများ[၄] အစီအစဉ်ကတော့ ပါရီရှုခင်းတွေ ကြည့်သည့် အစီအစဉ်တွေ ဖြစ်သည်။ ပါရီသုခုမအလင်းမျှင်များ[၅] ဆိုတာလည်း ရှိသည်။

'ပါရီရောက်ရင် အော်ပရာကြည့်ရမှ ဆိုသူတွေလည်းရှိတော့ ခရီးသွား ကုမ္ပဏီတွေက ညနေခင်း အော်ပရာကြည့်ပြီးရင် ညနေစာစားတဲ့ အစီအစဉ်တွေလည်း လုပ်ပေးတတ်ကြတယ်။ ဒါကို Evening at the opera and supper after the performance လို့ ခေါ်ကြတယ်'

တာနာကားကြီးဆီက ပြင်သစ်ဗဟုသုတတွေ သူတော်တော်ရသည်။ သူ မရောက်ဖူး မထိတွေ့ဖူးသော်လည်း တော်တော်များများကို သဘောပေါက်သွားခဲ့ပြီ။ ပါရီရောက် နိုင်ငံခြားသားတွေရဲ့ ချင်ခြင်းတွေထဲမှာ အီဖဲလ်တာဝါ ပထမရင်ပြင်ပေါ်က ညစာဖြစ်သည်။ အီဖဲလ်မျှော်စင်ကြီးရဲ့ ပထမရင်ပြင်မှာ ကျယ်ပြန့်သော စားသောက်ခန်းမကြီး ရှိသည်။ 'အမြင့် ၉၅[၆]' စားသောက်ဆိုင်မှာ ညစာစား၊ ဆိန်းမြစ်ထဲမှာ ညနေခင်း သင်္ဘောစီးရသည့် ရသကို လူတော်တော်များများက တပ်မက်သတဲ့။ တချို့ကျတော့ အမြင့် ၉၅ စားသောက်ဆိုင်မှာ ညစာစား၊ အနီရောင်လေရဟတ်[၇] ကပွဲခန်းမှာ ကဖို့ခုန်ဖို့'

'စာရေးဆရာရေ့၊ ပါရီရောက်မှတော့ ၁၈ နှစ်အောက် မလာရတဲ့ Forbidden Paris ဆိုတဲ့ ကလပ်တွေကိုလည်း သွားသင့်သဗျ၊ သည်ခရီးစဉ်တွေကိုတော့ Tour X လို့ ခင်ဗျားမေးရလိမ့်မယ်။ သည်ကလပ်တွေက

၁။ Loire Castles by TGV.
၂။ Classics and Renaissance
၃။ Romantic and medieval
၄။ Illuminations
၅။ Paris Artlights
၆။ Altitude 95 Restaurant
၇။ Moulin Rouge



အေးဆေးဖို့နဲ့ လုံခြုံမှုကို တာဝန်ယူထားတော့ ပြဿနာမရှိပါဘူး။ သစ္စာဘရားနဲ့ ချစ်ခြင်းသမုဒယတွေက ခင်ဗျားကို အံ့သြသွားစေလိမ့်မယ်'

ပါရီမှာ သည်လိုကလပ်တွေ တော်တော်များများရှိသည်။ 'Live sex show' လို့ ခေါ်ကြသည်။ ကားငှားကုမ္ပဏီတွေမှာ 'X certificate tour' လက်မှတ်တွေ ရနိုင်သည်။ ပို့ခိုင်းနိုင်သည်။ ဒါကတော့ လူကြီးတွေအတွက်ပေါ့လေ။ ကလေးတွေက ဒစ်စနေးလင်းပါရီ[၁]ကို သွားနိုင်သည်။ ပါရီက တစ်နာရီစာလောက် ဝေးသောအရပ်မှာ ရှိသည်။ လူကြီးဖြစ်စေ၊ လူငယ်ဖြစ်စေ ဒစ်စနေးလင်းဂိတ်ဝမှာ သောကတွေ ကျန်ရစ်ခဲ့မှာပါလို့ ကြော်ငြာသည့် သည်အပန်းဖြေနေရာကြီးမှာ မှော်ဘုရင့်နိုင်ငံတော်[၂] ငါးနေရာ ရှိသည်။ မရပ်မနား ဖျော်ဖြေရေးတွေ၊ မိနစ်တိုင်း ဖျော်ဖြေရေးတွေ၊ ဒစ်စနေးပွဲတော် အစီအစဉ်တွေနှင့် ပြည့်နှက်နေသည်။

ဝင်ကြေးငွေတွေကတော့ မသက်သာလှပါ။ ရာသီအလိုက် ဝင်ကြေးတွေ ကွာတတ်သည်။ ကလေးအတွက်ပေမဲ့ ဖရန့် ၅၀၀ ကျော် ပေးရသည့် ရာသီတွေ ရှိသည်။ သည်ကိုတော့ ကားနှင့် မသွားချင်သူတွေအတွက် RER ရထား၊ TGV အမြန်ရထားတွေ ပြေးဆွဲပေးသည်။

'တာနာကားရေ ကျွန်တော်ကတော့ လူကြီးတွေရဲ့ Forbidden Paris ကိုလည်း သွားချင်တယ်။ ကလေးတွေရဲ့။ Magickingdoms ကိုလည်း သွားချင်တယ်။ ခင်ဗျားကော'

တာနာကားက ရယ်သည်။ သူတို့ ဟိုတယ် ပြန်ရောက်လာတော့ တာနာကားက ဂျပန်ကို ဖုန်းဆက်ဖို့ တစ်နေရာထွက်သွားသည်။ သူကတော့ ဟိုတယ်ထဲကို ဝင်လိုက်ကာ ဧည့်ကြိုခန်းထဲမှာပဲ ခဏနားလိုက်သည်။ ဧည့်ကြိုကောင်တာက ပြင်သစ်မလေးက ပြုံးကာ နှုတ်ဆက်သည်။

'မဒမ်ဘရစ်ဂျစ်က ဖုန်းဆက်ပါတယ်။ မနက်ဖြန် မွန့်ဝယ်လီယေး သွားဖို့ အော်လီလေဆိပ်ကို ဆင်းရမယ်ပြောပါတယ်။ မနက် ခုနစ်နာရီ အသင့်လုပ်ထားပါလို့ မှာထားပါတယ်'

'မက်ဆီးမဒမ်'

✤

၁။ Disneyland Paris
၂။ Magic Kingdoms

အော်လီ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ရောက်တော့ ခုနစ်နာရီလေးဆယ် ရှိပြီ။ သူ ဘာမှမစားရသေး။ ခုနစ်နာရီကျော်ကျော် ထွက်လာချိန်မှာ စားသောက်ခန်း မဖွင့်သေးပါ။ ညက တာနာကားနှင့် လမ်းလျှောက်တာ တော်တော်များသွားသည်။ စပရိန်မွှေ့ရာ တအိအိမှာ ငွမ်းစောင်ထူထူကို ခြုံကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလိုက်တာ မနက်မိုးလင်းမှ နိုးတော့သည်။ ဘောလုံးပွဲ ဒုတိယပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မှုကို မကြည့်ဖြစ်။ ပြင်သစ်မှာ ဒုတိယပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်ချိန်မှာ ည ကိုးနာရီဖြစ်သည်။ သူ့တိုင်းပြည်မှာတော့ ညကြီးသန်းလွဲ တစ်နာရီခွဲလောက် ဖြစ်လိမ့်မည်။ သူ့တိုင်းပြည်မှာ ညကြီးသန်းခေါင် ဘောလုံးပွဲထကြည့်သူတွေက ကြည့်နေချိန်မှာ ပြင်သစ်ရောက်နေသည့်သူကတော့ ဘောလုံးပွဲတွေကို ကောင်းကောင်းမကြည့်ဖြစ်တာ ဘာဖြစ်လို့ပါလိမ့်။ အော်လီလေဆိပ်ကို ရောက်တော့ ဂိတ်တွေမှာ ခရီးသည်တွေ တန်းစီးနေပြီ။ လူနည်းသည့် ဂိတ်ပေါက်တစ်ပေါက်မှာ တန်းစီကာ လေယာဉ်တက်လက်မှတ် Boarding Pass ယူရဦးမည်။ သူနှင့် ဘရစ်ဂျစ်က ဂိတ်နှစ်ဂိတ်မှာခွဲပြီး တန်းစီကာ မြန်မည်ထင်သည့် ဂိတ်ဘက်ကို တစ်ယောက်က ကူးလာဖို့ စီစဉ်လိုက်သည်။ ခရီးသည်တွေမှာက ပြည်တွင်းခရီးစဉ်ဆိုတော့ ပစ္စည်းပစ္စယ များများစားစား မပါကြ။ သူ့လက်ဆွဲသေတ္တာငယ်ကလေးထဲမှာ နောက်ထပ် အဝတ်တစ်စုံနှင့် သွားတိုက်ဆေး၊ မုတ်ဆိတ်ရိတ်ကိရိယာလောက်ပဲ ပါသည်။ လေယာဉ်တက်လက်မှတ်ရတော့ လေဆိပ်ဈေးဆိုင်တွေဘက် ပြေးကာ ကမ္ဘာ့ဖလားအထိမ်းအမှတ် တီရှပ်နှစ်ထည် ဝယ်လိုက်သည်။



ဘရစ်ဂျစ်က တက္ကစီငှားလာခြင်း ဖြစ်သည်။ အစီအစဉ်က မွန့်ပယ်လီယေးမှာ တစ်ညအိပ်မည်။ သည်တော့ သူ့ကားကလေး ထားခဲ့ရသည်။

အော်လီလေဆိပ်က ချားလ်စ်ဒီဂေါလ် လေဆိပ်လောက် မကြီးသော်လည်း အပြည်ပြည်ဆိုင်ရာ လေဆိပ်ဆိုတော့ သပ်ရပ်ခမ်းနားသည်။ လေဆိပ်ကြီးနားမှာ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ မျှော်စင်ကြီးရှိသည်။ မက်ထရိုမြေအောက်ရထားက အော်လီလေဆိပ်နားမှာတော့ မြေပြင်ခုံးတံတားပေါ်ကို ခဏကလေး တက်ရောက် ဖြတ်သန်းတာဆိုတော့ တဝေါဝေါဖြတ်သွားတာ မြင်နေရသည်။

လေဆိပ်လုံခြုံရေး ခန်းမထဲကိုရောက်တော့ ဘရစ်ဂျစ်က အရင်ဝင်နှင့်ကာ ကော်ဖီစက်က ကော်ဖီဝယ်နှင့်ဖို့ ထွက်သွားသည်။ သူ့အလှည့်ကျတော့ ပြဿနာတက်သည်။ အမျိုးသမီးရဲအရာရှိက လုံခြုံရေးတံခါးက သူဖြတ်တာကို သေသေချာချာကြည့်နေသည်။ သူ့နောက်မှာ တန်းစီနေသူတွေ တမျှော်တခေါ်။ လုံခြုံရေးအချက်ပြမီး အနီရောင်က လင်းသွားသည်။ သူ့ကို အပြင်ပြန်ထွက်ပေးဖို့ ပြောနေပြီ။ မီးပြန်စိမ်းသွာသည်။ သူက အိတ်ထဲက ပါလာတာတွေ ထုတ်သည်။ ကင်မရာကို ကွန်ဗေယာပေါ် တင်လိုက်သည်။ ပိုက်ဆံအိတ်ကို ယူထားလိုက်သည်။ ပြီးတော့ လူဝင်လိုက်သည်။ မီးက နီသွားပြန်သည်။ အမျိုးသမီးရဲအရာရှိနှစ်ယောက် ရောက်လာကာ သူ့လက်ဆွဲအိတ်ကို ရှာသည်။ ဘာမှမပါပါ။ သူ့ကိုယ်ကို ရှာသည်။ တွေ့ပြီ။ ထုံးစံအတိုင်း ထင်းရှူးဆီငုံဆေးပြား သတ္တုဘူး။ သည်ဘူးကိုသိမ်းပြီးတော့ အပြင်ထွက်ပြီး ပြန်ဝင်၊ မီးစိမ်း။ သည်တော့မှ သက်ပြင်းချနိုင်တော့သည်။ ဒါပေမဲ့ သူတင်ပေးလိုက်သည့် ကင်မရာက ကွန်ဗေယာပေါ်မှာ ပါသွားသည် မဟုတ်လား။ ကမန်းကတန်းပြေးမည် လုပ်တော့မှ ရဲအရာရှိအမျိုးသမီးက သူ့ကို လှမ်းပေးသည်။ သူ အလုပ်ရှုပ်နေတာကို ဘရစ်ဂျစ်က မသိ။ သူ ရောက်သွားတော့ ကော်ဖီသောက်နေပြီ။

'ကိုယ်ထင်ပါတယ်၊ မင်းထုံးစံအတိုင်း သူခိုးမိနေပြီ ဆိုတာ'

လေယာဉ်က ပြည်တွင်းလေယာဉ် ဆိုတော့ သိပ်ကြီးကြီးမားမား မဟုတ်။ ပြီးတော့ အဲလီဘာတီ[၁]။ အဲဖရန့်မဟုတ်။ အဲလီဘာတီက ဗြိတိသျှ

၁။ Air Liberty

လေကြောင်းပိုင် ဖြစ်သည်။ လေယာဉ်မယ်တွေလည်း အင်္ဂလိပ်မတွေ ဖြစ်သည်။ လေယာဉ်က အလယ်အူကြောင်း တစ်ကြောင်းသာရှိသည့် တစ်ဖက်နှစ်ခုံစီနှင့် တန်တန်းလေးခုပါ လေယာဉ်ဖြစ်သည်။ လေယာဉ်မယ်က ပျံသန်းချိန် တစ်နာရီခန့် ကြာမည်၊ မွန့်ပယ်လီယေးမက်ဒစ်တာရေးနီးယန်း လေဆိပ်ကို ကိုးနာရီခွဲမှာ ရောက်မည်၊ နံနက်စာကို ပင်လယ်ပုစွန်သားနှင့် ဟင်းရွက်ပြုတ် ကျွေးမည် စသည်ဖြင့် မိုက်ကရိုဖုန်း လက်ကကိုင်ကာ လေယာဉ်ရှေ့ မတ်တတ်ရပ်ရင်း ကြေညာပေးနေသည်။

မွန့်ပယ်လီယေးမက်ဒစ်တာရေးနီးယန်း[1]။ ဩော်... မြေထဲပင်လယ်ကို မြင်ရတော့မှာပါလား။ မွန့်ပယ်လီယေးက ပြင်သစ်နိုင်ငံတောင်ဘက်စူးစူးအဖျား မြေထဲပင်လယ် ကမ်းခြေပေါ်က မြို့ကလေးဖြစ်သည်။ ပါရီနှင့် ကီလို ၈၀၀ နီးပါးဝေးသည်။ မြေထဲပင်လယ် ရာသီဥတုနွေးနွေး၊ ပင်လယ်ကမ်းခြေ၊ မြေထဲပင်လယ် သဘာဝပေါက်ပင်တွေ။ ပြီးတော့ ကမ္ဘာကျော် မြေထဲပင်လယ်၏ တော်ဝင်ကောင်းကင်ပြာပြာ။

ရပ်ကွက်ဟောင်းတွေ တော်တော်များများ သမိုင်းအမွေအဖြစ် ကျန်ရစ်ခဲ့သည့် မြို့ကလေး။ လမ်းကျဉ်းကျဉ်းကလေးတွေမှာ လမ်းလျှောက်ရင်း မြို့ကို လှည့်ပတ်ကြည့်ဖို့ နှစ်စဉ် လာရောက်သူဧည့်သည်တွေ မနည်းလှပါဟု ဆိုသည်။ ဟောင်းမြင်းသော အနုအသက်တွေနဲ့ မြို့၊ ကဖေးဆိုင် တော်တော်များများရှိတဲ့ မြို့၊ လူဝီ ၁၄ ဘုရင်ရဲ့ ဘုန်းရိပ်စက်ရိပ် ကျခဲ့ဖူးတဲ့ မြို့၊ တက္ကသိုလ်တွေ၊ ပညာရပ်ကျောင်းတွေများတဲ့ မြို့။ ပြင်သစ်တွေကတော့ သည်မြို့ကလေးကို 'စည်းစိမ်ချမ်းသာရဲ့ စည်းမျဉ်း' လို့ ခေါ်သတဲ့။ အရင်က ပြင်သစ်ရဲ့ အမှတ်စဉ်နှစ်ဆယ်မြို့က ခုတော့ အမှတ်စဉ်ရှစ်မြို့ ဖြစ်လာခဲ့ပြီ။ မြို့တော်လူဦးရေက နှစ်သိန်းကျော်ရှိသည်။ ခရိုင်လူဦးရေက သုံးသိန်းနီးပါးရှိသည်။ မဟာမွန့်ပယ်လီယေး[2]မှာတော့ လူဦးရေ လေးသိန်းနီးပါး။

'ကျွန်တော်တို့မြို့ကလေးရဲ့ ခံယူချက်က မော်ဆရာရဲ့ ဆေးကြိမ်လုံးဖြစ်ဖို့သက်သက် မဟုတ်ပါဘူး။ ကျွန်တော်တို့မှာ တက္ကသိုလ်ကြီးတွေ ရှိတယ်။ သုတေသနပညာရှင်တွေနဲ့ ဗိမာန်ကြီးတွေ ရှိတယ်။ ပုဂ္ဂလိကပိုင်ရော

1။ Montpellier Mediterranean
2။ Greater Montpellier



အစိုးရပိုင်ရော သုတေသန အဖွဲ့အစည်းကြီးတွေ ရှိတယ်။ နိုင်ငံတကာ အနုပညာပြပွဲကြီးတွေ စီစဉ်ထားတယ်။ ကျွန်တော်တို့မူဝါဒက သန့်ရှင်းသပ်ရပ်ပြီး အကဲဆတ်တဲ့ မြို့ကလေးဖြစ်ဖို့လောက်၊ ခေတ်ဗိသုကာဟန် အဆောက်အအုံတွေနဲ့ ခမ်းနားနေဖို့လောက်နဲ့ မပြီးသေးပါဘူး။ ဟောင်းမြင်းတဲ့ သမိုင်းအမွေတွေကိုလည်း ကောင်းကောင်းစောင့်ရှောက်ထားတယ် ဆိုတာလည်း ပါပါသေးတယ်'

လေယာဉ်ပေါ်မှာဝေသည့် မွန့်ပယ်လီယေးမြို့တော်ဝန် ဂျော့ဖရီးရှေး[1]ရဲ့ နှုတ်ခွန်းဆက်လွှာထဲက ဖြစ်သည်။

'မြို့တော်ဝန်ကြီးက သူ့မြို့ကို သူ ညွှန်းလှချည်လား'

'ဟုတ်တော့ဟုတ်တယ်ကွ၊ မွန့်ပယ်လီယေးကို ကမ္ဘာလှည့်ခရီးသည်တွေ သိပ်လာတာ။ ပါရီနဲ့က ဆက်နေတာဆိုတော့ အလွယ်တကူ လာနိုင်တယ်။ တီဂျီဗီ ရှိတယ်၊ လေဆိပ်ရှိတယ်၊ ဆိပ်ကမ်းရှိတယ်၊ အေကိုး အဝေးပြေးလမ်းမကြီး ရှိတယ်။ ပြီးတော့ သည်မြို့က ဥရောပတောင်ပိုင်းရဲ့ ကမ္ဘာကြီးနဲ့ ဆက်သွယ်နိုင်တဲ့ တံခါးဝလေ။ အီတလီက မီလန်၊ စပိန်က ဘာစီလိုနာ နောက် ဂျီနီဗီးအထိ ရထားလမ်းပေါက်တယ်'

မွန့်ပယ်လီယေး ပင်လယ်ဆိပ်ကမ်းဆီတဲ[2]က အနီးဆုံးပင်လယ် ဆိပ်ကမ်း မာဆေးလ်[3]နှင့် ၉၉ မိုင်ပဲ ဝေးသည်။ စက်မှုဒေသကြီးတွေ ရှိသည်။ ကမ်းခြေလမ်းတစ်လျှောက် စပိန်ကို သွားနိုင်သည်။ အီတလီနိုင်ငံ တူရင်းနှင့် မီလန်ကို သွားနိုင်သည်။

'မွန့်ပယ်လီယေး နာမည်ကြီးတဲ့အထဲမှာ အလုပ်အကိုင် ဖန်တီးပေးနိုင်မှုဟာ တခြားမြို့တွေထက် ပိုကောင်းတယ်။ နောက် ပညာတတ်တွေ များတယ်။ စီးပွားရေးလုပ်သာကိုင်သာ အကောင်းဆုံးမြို့ ဖြစ်တယ်ဆိုတာလည်း ပါတယ်။ တက္ကသိုလ်ကြီး သုံးခုရှိတယ်။ ပြီးတော့ မဟာဘွဲ့နဲ့ ဒေါက်တာဘွဲ့ ပေးနိုင်တဲ့ စိုက်ပျိုးရေးဆိုင်ရာ ကျောင်းကြီးတွေလည်း ရှိတယ်။ သည်မြို့က သိပ္ပံပညာရှင် ဖြစ်သွားသူတွေ၊ စိုက်ပျိုးရေးပါရဂူ ဖြစ်သွားသူတွေ ကမ္ဘာအနှံ့မှာ ရှိတယ်'

1။ Georges Freche (Mayor of Montpellier)
2။ Sete
3။ Marseille

လေယာဉ်ကဆင်းဖို့ ခေါင်းလောင်းသံကြားရပြီ။ ခါးပတ်တွေ ပတ်ခိုင်းနေပြီ။ ပင်လယ်ပုစွန်သားနဲ့ ဟင်းရွက်ပြုတ် စားလိုက်ရတော့ တော်တော်နေသာထိုင်သာ ရှိသွားခဲ့ပြီ။ ဘရစ်ဂျစ်က လေယာဉ်နိမ့်အဆင်းမှာ ပြတင်းဝကို လှမ်းပြသည်။ ပြာလဲ့နက်မှောင်နေသည့် ပင်လယ်··· မဆုံးနိုင်အောင် ပြာလဲ့နေသည်။ အပြာလည်း မဟုတ်၊ အနက်လည်း မဟုတ်။ ပကတိနက်ပြာရောင်။ ကမ်းခြေမှာ ရေချိုးနေသူတွေ၊ ရေပူစာလှုံနေသူတွေ။ လေယာဉ်က နိမ့်သထက် နိမ့်လာကာ ပင်လယ်ကမ်းခြေက ရေချိုးသူတွေနဲ့ နီးသထက် နီးလာသည်။

တစ်နှစ်မှာ ရက်ပေါင်းသုံးရာ နေသာနေတတ်သည့် မြို့ကလေးကို ရောက်ပြီ။ ပြီးတော့ ပြင်သစ်၏ နာမည်ကျော်မြောက်လေ။ Mistral လို့ ခေါ်ကြသည့် အေးမြပြီး ခြောက်သွေ့သည့် မြောက်ပြန်လေ။ မြေထဲပင်လယ်နံ့မွှေးမွှေး၊ မြောက်ပြန်လေအေးအေး။ သည်ပတ်ဝန်းကျင်မှာ ကားမာ့ဂ်သဘာဝအရန်သစ်တော[1]ကြီး ရှိသည်။ ဆီဗင်းနီးတောင်တန်း[2] တွေ ရှိသည်။ စပိန်နိုင်ငံနှင့် နီးစပ်သည့် လမ်းတစ်လျှောက်မှာတော့ နွားရိုင်းမွေးသည့် ရွာကလေးတွေ ရှိသည်။ ပြီးတော့ ကြိုးကြာနီ ဘေးမဲ့တောကြီး ရှိသည်။ ဘရစ်ဂျစ်က လေဆိပ်ထဲက Hertz ကားငှားကုမ္ပဏီ ကောင်တာဆီ ကို သွားကာ ကားတစ်စီးငှားသည်။ ကောင်တာက လိုအပ်သည့် စာရွက်စာတမ်းတွေ ဖြည့်စွက်ပြီးတော့ သော့တစ်တွဲပေးလိုက်သည်။ လေဆိပ်အပြင်ကို ထွက်လိုက်တော့ ကားကွင်းထဲမှာ ကားတွေက ရောင်စုံ။ ဘရစ်ဂျစ်က ကားတွေထဲက ငွေရောင်တဖိတ်ဖိတ် တောက်နေသည့်ကားကြီးကို သဘောကျသွားသလို လက်ခုပ်တီးလိုက်သည်။ သေချာသွားအောင် သော့တွဲက ကားနံပါတ်နှင့် တိုက်ကြည့်လိုက်ပြီး တံခါးသော့ကို ဖွင့်သည်။

'ဒါ ကိုယ်တို့ကား ဖြစ်သွားပြီ၊ ကိုယ်တို့ ကံကောင်းတယ်။ ကိုယ်က ငွေရောင်ကို ကြိုက်တယ်'

သည်လိုတော့လည်း လွယ်သား။ သူကတော့ တောသားပီပီ မွန့်ပယ်လီယေး ရောက်လျှင် တက္ကစီပဲ ငှားလိမ့်မည်ထင်ခဲ့သည်။ သည်မြို့မှာလည်း

၁။ Camargue natural reserve

၂။ Cevennes mountains



လှေလာရေးခရီးတွေ ရှိသည်။ ဘောလုံးပွဲကြည့်ဦးမည်။ ပင်လယ်ကမ်းခြေခရီး ရှိသေးသည်။ တက္ကစီကို ဘယ်လိုငှားစီးမှာလဲ သူ စဉ်းစားနေခဲ့သည်။

မွန့်ပယ်လီယေးမြို့တွင်းကို မဖြတ်သေးဘဲ မြို့စွန်ရပ်ကွက်တစ်ခု ဖြစ်သည့် အာဆိုး[1]ရပ်ကွက်ကို တန်းမောင်းလာခဲ့သည်။ မွန့်ပယ်လီယေး စင်တာဟုခေါ်သည့် မြို့လယ်နှင့် သိပ်တော့မဝေးပါ။ ကြီးမားလှသည့် အုတ်ခုံးပေါက် တူးမြောင်းတံတားကြီးဘေးက လမ်းအတိုင်း ဝင်လာပြီး ဟိုတယ်သေးသေးကလေး တစ်ခုရှေ့မှာ ကားရပ်လိုက်သည်။ ဟိုတယ် အာဆိုး။ ကြယ်နှစ်ပွင့်ဟိုတယ်ကလေး ဖြစ်၏။ ပြီးတော့ ဟိုတယ်နှင့်တောင် မတူပါ။ သာမန်တိုက်ကလေး တစ်လုံးလိုပါပဲ။ လှေကားထစ် သုံးထစ်လောက် တက်လိုက်လျှင် ဟိုတယ်ဝကို ရောက်သည်။ ဟိုတယ်မန်နေဂျာက ဂျင်းဘောင်းဘီဝတ် အရပ်ရှည်ရှည် မိန်းကလေးတစ်ယောက် ဖြစ်သည်။ ဟိုတယ်ဧည့်ခန်းက ဧည့်ကြိုခန်းနှင့်ကပ်လျက် ဖြစ်သည်။ မဂ္ဂဇင်းပေါင်းစုံ၊ သတင်းစာပေါင်းစုံ ထားပေးသည်။ ဘရစ်ဂျစ်က အောက်ထပ်မှာ နေရာရသည်။ သူကတော့ လှေကားကတက်တက်ချင်း ထိပ်ဝကအခန်းမှာ။

သူ့အခန်းထဲမှာတော့ တီဗီကလေးတစ်လုံး ရှိသည်။ ထိုင်ကြည့်လို့ မရနိုင်ပါ။ ကုတင်ပေါ်မှာလှဲရင်းက ကြည့်မှရသည့် အမြင့်မှာ ချိတ်ပေးထားသည်။ အိပ်ခန်းကကျဉ်းကျဉ်း၊ စားပွဲကလေးတစ်လုံး၊ အိမ်သာနှင့် ရေချိုးခန်းကတော့ တွဲလျက်ပါပဲ။ တစ်ဖက်ခန်းက ဂျပန်မကလေးနှစ်ယောက် ဂျပန်ဘာသာနှင့် စကားပြောနေတာ ကြားနေရသည်။ ပြတင်းပေါက်တွေကတော့ ရှေးဟောင်းအိမ်ကြီးတွေမှာ တပ်လေ့ရှိသည့် Tall window ခေါ် ပြတင်းပေါက်ရှည်ကြီးတွေ ဖြစ်၏။ အခန်းတွေက တစ်ခန်းနဲ့တစ်ခန်း ကျပ်နေသည်။ ဆိုးတာက အရေးပေါ်ထွက်ပေါက် မရှိ။ ပြတင်းအပြင်ဘက်ကို လှမ်းကြည့်တော့ နေရောင်ခြည်ကျနေသည့် သစ်ပင်ကြီးတွေ တန္းန္း။ သူ အောက်ပြန်ဆင်းလာကာ ဧည့်ခန်းထဲ ဝင်လိုက်သည်။ ဘရစ်ဂျစ်ကို မတွေ့။ ပြင်တုန်းဆင်တုန်း ဖြစ်လိမ့်မည်။ ခဏနေတော့ ထွက်လာသည်။ ခဲရောင်ဝတ်စုံ။ ရွှေရောင်ဆံပင်တွေကို စုစည်းချည်ထားသည်။ နှုတ်ခမ်းဆိုးဆေးက အညိုရင့်ရင့်။

၁။ Arceaux

ဟိုတယ်မန်နေဂျာမကလေးက မွန့်ပယ်လီယေး မြေပုံတစ်ချပ် ပေးသည်။ ပြီးတော့ ဘရစ်ဂျစ်ကို ပြင်သစ်ဘာသာနှင့် တော်တော်ကြာကြာ ရှင်းပြနေသည်။ မြေပုံပေါ်မှာလည်း မင်နဲ့ခြစ်ကာ လမ်းကြောင်းတချို့ကို ပြသည်။ သူတို့ စကားပြောနေတုန်း သူ ဟိုတယ်ရှေ့က ဈေးကလေးထဲကို ဆင်းလျှောက်လာခဲ့သည်။ ဈေးတန်းကလေးက တော်တော်ရှည်သည်။ ကြီးမား ရှည်လျားလှသည့် ကျောက်သားခုံးပေါက်ကြီးအောက်မှာ ခင်းထားသည့် ဈေးကလေး။ တူးမြောင်းခုံးရှည်ကြီးနှင့်စာလျှင် ဈေးကလေးက သေးသိမ်နေသော်လည်း လိုက်ဖက်လှသည်။ လူဝီ ၁၈ခေတ်က ကောင်းကင်ရေသွယ်မြောင်းကြီးဟု ဆို၏။ တူးမြောင်းတစ်မြောင်းစာ ရေသွယ်နိုင်သည့် အုတ်ကျောက်စီ ဗိသုကာလက်ရာက မနက်ခင်းနေရောင်အောက်မှာ ခမ်းနားလှသည်။ ဈေးကလေးကတော့ ယာယီဈေးကလေးပါပဲ။ ဈေးကားတွေ ဖင်ထိုးရောင်းသည့် ဈေးမျိုးပါပဲ။

ဘရစ်ဂျစ် ရောက်လာတော့ ဟိုတယ်အားဆိုး နောက်ခံထားကာ ဓာတ်ပုံရိုက်သည်။ ပြီးတော့ မွန့်ပယ်လီယေးမြို့နှင့် နည်းနည်းကလေးလှမ်းသော Agropolis စိုက်ပျိုးရေးသုတေသန ဗိမာန်ကြီးဆီသို့။ ပါရီနှင့်စာလျှင် နယ်ဒေသလို့ ပြောနိုင်သော်လည်း ပါရီနှင့်မခြား လမ်းတွေက ကောင်းမွန်သည်။ မြေထဲပင်လယ် ရာသီဥတု၊ မြေဆီလွှာနှင့် သဘာဝပေါက်ပင်တွေက နေရောင်ခြည် ကြည်ကြည်ပျော့ပျော့ကလေးအောက်မှာ ဆွတ်ပျံ့စရာကောင်းနေသည်။ ကြည့်လေတိုင်း လာဗင်ဒါရေမွှေး ခရမ်းရင့်ရင့်တွေချည်း။ Agropolis က လမ်းဘေးမှာကပ်လျက် ဖြစ်သော်လည်း ဌာနခွဲတွေက လမ်းတစ်ဖက်တစ်ချက်မှာ ရှိနေသည်။ ဘယ်ကိုဝင်ရမှန်း မသိ။ အဆောက်အအုံကြီးတွေက သံမဏိနှင့် မှန်သား တွဲစပ်ဆောက်ထားသည့် ခေတ်သစ်ပုံစံ ဗိသုကာဖြစ်သည်။ ပြီးတော့ ကြီးမားလှသည်။ ပြီးတော့ လှပခံ့ညားသည့် အဆောက်အအုံတွေက လမ်းဟိုဘက် သည်ဘက် တော်တော်ကိုများသည်။ Agropolis museum လို့ ရေးထားသည့် အဆောက်အအုံထဲကို ဝင်သွားတော့ ဝန်ထမ်းတစ်ဦးက လမ်းတစ်ဖက်ရှိ ရုံးချုပ် အဆောက်အအုံကြီးကို လမ်းညွှန်သည်။



'ကနေ့လည်း ဘောလုံးပွဲ မီပါ့မလားကွာ'

ဘရစ်ဂျစ်က နောက်သည်။ သည်ကနေ့ နှစ်နာရီခွဲ မွန့်လယ်လီယေး ဘောလုံးကွင်းမှာ ဘောလုံးပွဲကြည့်ရမည်။ ဘူလ်ဂေးရီးယားနှင့် ပါရာဂွေး။ အခုပဲ ဆယ်နာရီထိုးပြီးပြီ။ သူနှင့် ဘရစ်ဂျစ် ရောက်သွားတော့ ပြင်သစ်မကလေး တစ်ယောက်က ဆီးကြိုကာ ဧည့်ခံခန်းမထဲကို ခေါ်သွားသည်။ ခဏနေတော့ Agropolis ၏ အထွေထွေအတွင်းရေးမှူး မစ္စတာမာတင်ဆေး[၁] ရောက်လာသည်။ ပန်းသီးနီနီကြီး တစ်လုံးနှင့်တူသည့် မျက်နှာပေါ်ကအပြုံးမှာ ချစ်ခင်စရာကောင်းသည်။ အတွင်းရေးမှူးမကလေးက ကော်ဖီ လာချပေးသည်။

'ကျွန်တော်တို့ဌာနကြီးက တစ်ကမ္ဘာလုံးရဲ့ လက်ငင်းပြဿနာ ဖြစ်နေတဲ့ စားရေရိက္ခာကိစ္စ၊ ပတ်ဝန်းကျင်ပြဿနာတွေ၊ ကမ္ဘာ့လက်ငင်းစိန်ခေါ်မှုတွေကို စိုက်ပျိုးရေးအခြေခံအားဖြင့် ဒေသတွင်းရော နိုင်ငံတကာအဆင့်ပါ ရည်မှန်းပြီး သုတေသနပြုနေတဲ့ ဌာနကြီးလို့ ခေါ်နိုင်မယ် ထင်ပါတယ်။ ကျွန်တော် မာတင်ဝေးပါ။ သည်ဌာနကြီးရဲ့ အထွေထွေအတွင်းရေးမှူးပါ။ ကျွန်တော်တို့ ဌာနက သုတေသနပြုချက်တွေနဲ့ ဆောင်ရွက်ချက်တွေကို ကျွန်တော် အရင်ရှင်းပြပါရစေ'

အထူးသဖြင့် မြေထဲပင်လယ်ဒေသ၊ အပူပိုင်းဇုန်ဒေသနှင့် အပူပိုင်းဇုန်ဒေသခွဲတွေအတွက် စိုက်ပျိုးရေးဆိုင်ရာ သုတေသန ဆောင်ရွက်ချက်တွေကို မစ္စတာ မာတင်ဝေးက ရှင်းပြလိုက်သည်။ စိုက်ပျိုးရေးဆိုင်ရာ တက္ကသိုလ်ကြီး သုံးခုမှာ သုတေသနပြုနေတာတွေ ရှိသည်။ စမ်းသပ်နေတာတွေ ရှိသည်။ ဒါကြောင့် သည်ဌာနကြီးကို အက်ဂရိုပိုးလစ်ပါ့ခ်[၂] ဟု ခေါ်ခြင်းဖြစ်သည်။

အထူးသဖြင့် သုတေသနဖွံ့ဖြိုးမှုနှင့် သုတေသနတိုးမြှင့်ရေးကို ဦးစားပေးသည်။ ဒေသဆိုင်ရာ စိုက်ပျိုးရေးကုမ္ပဏီတွေနဲ့ ပူးပေါင်းဆောင်ရွက်သည်။ အကြံဉာဏ်နှင့် နည်းပညာများပေးသည်။ သဘောတူစာချုပ်တွေ

---

၁။ Martin Weiss: General Secretary

၂။ Agropolis Park

ချုပ်ဆိုသည်။ အက်ဂရိပိုးလစ် အင်တာနေရှင်နယ်ခေါ် နိုင်ငံတကာအဆင့် ပူးပေါင်းဆောင်ရွက်မှုတွေက တစ်ဆင့် ဆီမီနာ၊ ဝပ်ရှော့၊ ဆင်ပိုစီယမ် ကွန်ဖရင့်၊ နိုင်ငံတကာ ကွန်ရက်ဖွံ့ဖြိုးမှု[၁]၊ ဝန်ဆောင်မှု၊ သိပ္ပံနည်းကျ နည်းပညာ သတင်းပြန့်ကြားရေး၊ လူထုဆက်သွယ်ရေး နည်းနာစုံရင်းမြစ်[၂] ပယ်ရီစကုပ် ဆိုင်ဖီယာပရက်စ် အေဂျင်စီ[၃]... စတာတွေ ဆောင်ရွက်ပေးနေသည်။ နည်းပညာဝပ်ရှော့ ဆယ့်တစ်ခုက စက်မှုအင်ဂျင်နီယာ ပညာ မိုက်ခရိ ဘိုင်အိုလိုဂျီပညာ၊ အစားအစာနည်းပညာ၊ ဟိုက်ဒ်ရိုလိုဂျီ၊ ရေသိပ္ပံနှင့် နည်းပညာ[၄]၊ စစ်ယူမှုနည်းပညာ[၅]၊ ဇီဝအင်ဂျင်နီယာပညာနှင့် အဝေးအာရုံခံ နည်းပညာ[၆]တွေ ဆောင်ရွက်ပေးနေသည်။

တချို့အကြောင်းအရာ ရှင်းပြချက်တွေကို သူနားမလည်ပါ။ ကြားရရုံ ကြားဖူးပြီး ဘာမှန်းမသိတာတွေ တော်တော်ပါနေသည်။

'အထူးသဖြင့် ကမ္ဘာ့တောင်ဘက်ခြမ်း တိုင်းပြည်တွေရဲ့ စီးပွားရေး ဖွံ့ဖြိုးမှုကို အထောက်အပံ့ပြုနေတာတွေ တွေ့နိုင်ပါတယ်။ စိုက်ပျိုးရေး နည်းပညာနဲ့ မဟာဗျူဟာတွေကတစ်ဆင့် စိုက်ပျိုးရေးအခြေခံ စားသောက်ကုန် ဖွံ့ဖြိုးရေးကို စီးပွားရေးစစ်တမ်း ကောက်တာမျိုးတွေလည်း လုပ်နေပါတယ်။ သိပ္ပံပညာရှင်အချင်းချင်း တွေ့ဆုံနိုင်ရေး၊ အမြင်ချင်းဖလှယ်နိုင်ရေး စာတမ်းဖတ်ပွဲတွေလည်း ရှိပါတယ်'

သုတေသနပညာရှင်နဲ့ သင်တန်းဆရာ ၂၃၀၀ ကျော် ရှိသည်။ သုတေသနဗိမာန်ကြီး ၁၈ ခု ရှိသည်။ ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံ ၆၀ မှာ သုတေသနပညာရှင် ၁၀၀၀ ကျော် သွားရောက် အမှုထမ်းနေသည် ဆို၏။ နိုင်ငံခြောက်နိုင်ငံမှာ သုတေသနယူနစ်နှင့် ဓာတ်ခွဲခန်း ၂၀၀ ကျော် ရှိသည်။ အဓိကစွမ်းဆောင်ချက်မှာ ဇီဝထွေပြားမှု ရေရှည်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲမှု ဖြစ်သည်။ ဆန်စပါး၊ ဝါဂွမ်း၊ ကြံ၊ ငှက်ပျော၊ ကော်ဖီ စသည့်

၁။ International network development
၂။ Multi-media resource
၃။ Periscoop-Syfia press agency
၄။ Water Science and technology
၅။ Filtration technology
၆။ Remote Sensing technology



သီးနှံတွေအတွက် သီးခြားဆောင်ရွက်မှုတွေလည်း ရှိသည်။ ရေနှင့် အစားအစာ လုံခြုံမှု၊ ရေနှင့် အစားအစာထိန်းသိမ်းမှု၊ ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုများ။

မစ္စတာ မာတင်ဝေးက စကားပြောလည်းကောင်းသည်။ လေးလံသော အကြောင်းအရာကို မပျင်းရအောင်ပြောတတ်သည်။ သူကိုယ်တိုင်က ကြီးမားလေးလံသော တာဝန်ကြီးကို ပခုံးထမ်းနေရသူပီပီ ကမ္ဘာ့စားရေရိက္ခာ အခြေအနေတွေကို ခြေခြေမြစ်မြစ် နားလည်ခံစားတတ်သူ ဖြစ်သည်။

'သိပ္ပံနည်းကျ နေထိုင်တတ်တဲ့ လူ့အဖွဲ့အစည်းအကျိုးစီးပွားကို ထင်ဟပ်နိုင်ဖို့ ကျွန်တော်တို့မှာ ချဉ်းကပ်မှုနယ်ပယ်သုံးခုနဲ့ လုပ်နေတာပါ။ ပထမတစ်ချက်ကတော့ ဇီဝထွေပြားမှု၊ ဇီဝဗေဒနဲ့ ပတ်ဝန်းကျင်ဆက်ဆံရေး၊ နောက် အပင်စည်ပင်ဖွံ့ထွားရေး၊ အပင်တွေရဲ့ မျိုးရိုးရင်းမြစ်[၁]နဲ့ ဇီဝဗေဒဆိုင်ရာ ထိန်းချုပ်မှုတွေ။ ဒါက ပထမနယ်ပယ် ဆိုပါတော့။ ဒုတိယနယ်ပယ်ကြီးကတော့ ရေရင်းမြစ်စီမံခန့်ခွဲမှုနဲ့ ခြောက်သွေ့ဒေသများ လယ်ယာစိုက်ပျိုးရေး[၂]၊ နောက် တတိယနယ်ပယ်က တိရစ္ဆာန် မွေးမြူထုတ်လုပ်ရေးနဲ့ အပူပိုင်းဇုန်နဲ့ မြေထဲပင်လယ်ဒေသ မွေးမြူရေးလုပ်ငန်းများရယ်လို့ ဖြစ်ပါတယ်'

မစ္စတာမာတင်ဝေးက ရှင်းပြပြီးတော့ သူတို့ကို နှုတ်ဆက်သည်။ အတွင်းရေးမှူးမကလေးက ဦးဆောင်ကာ လိုက်ပြပါလိမ့်မည်ဟု ဆိုသည်။ အတွင်းရေးမှူးကလေးကလည်း ဘရစ်ဂျစ်နဲ့ ရွယ်တူပါပဲ။ ပြီးတော့ ခပ်ချောချောကလေး။ ရွှေညိုရောင်ဆံပင်၊ မျက်လုံးလဲ့လဲ့။ အတွင်းရေးမှူးကလေးကလည်း ရှင်းပြရင်း တစ်ဌာနပြီး တစ်ဌာန လိုက်ပို့သည်။ သက်ဆိုင်ရာပညာရှင်တွေနဲ့ မိတ်ဆက်ပေးသည်။ ဘာသာရပ်ဆိုင်ရာ စကားလုံးတွေကို ပြင်သစ်ဘာသာက အင်္ဂလိပ်ဘာသာသို့ ပြောင်းလဲ ဘာသာပြန်ပေးသည်။

'FAO[၃]နဲ့ IPGRI[၄]ကဦးဆောင်ပြီး အပင်တွေရဲ့မျိုးရိုးဗီဇနဲ့ ပတ်သက်တာတွေ ဦးစားပေးလုပ်နေပါတယ်။ အထူးသဖြင့် ဂေဟဗေဒပညာရှင်တွေနဲ့

၁။ Genetic resource
၂။ Dryland agriculture
၃။ Food & Agricultural Organisation (FAO)
၄။ International plant genetic resources institute

မျိုးရိုးဗီဇပညာရှင်တွေ၊ နောက် ဇီဝဗေဒလေ့လာရေး ပညာရှင်တွေ။ ဒါကို အထူးပြု ဆောင်ရွက်နေပါတယ်။ ပြဿနာနှစ်ရပ်ကတော့ ဖွံ့ဖြိုးတဲ့တိုင်းပြည်တွေက အာဟာရဓာတ်တွေ ပိုလျှံနေပြီး ဆင်းရဲတဲ့နိုင်ငံတွေက အာဟာရဓာတ်ကြောက်စရာကောင်းလောက်အောင် ချို့တဲ့နေကြတယ်'

အတွင်းရေးမှူးမကလေးက ပညာရှင်တစ်ဦးနှင့် မိတ်ဆက်ပေးသည်။ ဓာတ်ခွဲခန်းကလေး တစ်ခုထဲမှာ ဖြစ်သည်။ ပညာရှင်က ကွန်ပျူတာတွေ တစ်ခုပြီးတစ်ခု နှိပ်ပြရင်း ရှင်းပြသော်လည်း သူ နားမလည်ပါ။ ပြင်သစ်ဘာသာနှင့် ရှင်းပြခြင်းဖြစ်သည်။ အတွင်းရေးမှူးမကလေးက ဘာသာပြန်ပေးသည်။ မျိုးရိုးဗီဇ ဖောက်ပြန်ခြင်း၊ မျိုးရိုးဗီဇ ရင်းမြစ်များ စီမံခန့်ခွဲမှုနှင့် အကဲဖြတ်မှု ပြုလုပ်ခြင်း၊ လူစိုက်သစ်ပင်များ၏ ဆင့်ကဲဖြစ်စဉ် ထွေပြားမှု၊ အပင်တို့၏ မက်ကင်နစ်ဇင်၊ ပတ်ဝန်းကျင်က ကန့်သတ်ပေးသည့် အခြေအနေများ၊ ရာသီဥတု၊ နိုင်ထရိုဂျင်အညစ်အကြေး၊ သစ်ပင်အဆိပ်၊ ဗီဇဖလှယ်ရေး[၁]၊ မျိုးရိုးအင်ဂျင်နီယာ၊ မျိုးရိုးအသွင်ပြောင်းခြင်း။ Vitro cultivation တို့၊ Somatic embryogenesis တို့၊ Biotechnology ဆိုတာတွေလည်း ပါသေး။ သည်အခန်းကိုတော့ မျိုးရိုးဗီဇရင်းမြစ်များ၊ အပင်ဇီဝနည်းပညာနှင့် အပင်ဖွံ့ဖြိုးရေးအခန်းဟု ဆိုသည်။ နောက်တစ်ခန်းကတော့ ဇီဝဗေဒဆိုင်ရာ ထိန်းချုပ်မှုအခန်း ဖြစ်သည်။ သည်အခန်းမှာတော့ သုတေသနပြဿနာများနှင့် သုတေသန၏ လားရာတွေအကြောင်း ရှင်းပြသည်။

နိုင်ငံအလိုက် အမျိုးသားစီမံချက်နှင့် နိုင်ငံတကာ ပေါင်းစည်းရေးတွေ ပါသည်။ တစ်ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းမှုကွန်ရက်တွေအကြောင်း ပါသည်။ အမျိုးသား စိုက်ပျိုးရေးဆိုင်ရာ စာကြည့်တိုက်တွေအကြောင်း ပါသည်။ နောက်တစ်ခန်းကတော့ ရေရင်းမြစ်စီမံခန့်ခွဲမှု၊ စိုက်ပျိုးရေ ကန့်သတ်ခြင်း အစီအစဉ် ဖြစ်သည်။

'အပင်တွေရဲ့ ရေလိုအပ်မှု[၂]တွေ၊ သဘာဝမျက်နှာကြက်[၃] ပြဿနာတွေ ကျွန်မတို့ လေ့လာနေပါတယ်။ ရေဟာ နောက်ဆယ်စုနှစ်တွေမှာ အဓိကပြဿနာ ဖြစ်လာတော့မှာပါ။ အခုကတည်းက အပင်တွေရဲ့ရေလိုအပ်

၁။ Gene transfer

၂။ Water deficit

၃။ Natural canopies



မှုကို တွက်ချက်နေရပါပြီ။ အဓိကရင်ဆိုင်နေရတာကတော့ ရာသီဥတုဖောက်ပြန်မှုတွေပါ။ ဒါကြောင့် ဂေဟဗေဒဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုတွေလုပ်နေရတယ်။ မိုးခေါင်ရေရှား တွန်းလှန်မှု[၁] စီမံခန့်ခွဲမှုတွေ ဆောင်ရွက်နေရပါတယ်'

နောက်ထပ် သူတို့ရောက်သွားသည့်ဌာနမှာ တိရစ္ဆာန်မွေးမြူ ထုတ်လုပ်ရေးနှင့် ကျေးလက်သဘာဝဝါဒ[၂] အခန်းဖြစ်သည်။ သည်အခန်းကတော့ အထူးသဖြင့် မြေထဲပင်လယ်ဒေသနှင့် အပူပိုင်းဒေသတွေက မွေးမြူရေးကို ဖောင်းပေး လေ့လာသည်ဆို၏။ လယ်ယာစားကုန် နည်းပညာနှင့် လူသား အာဟာရ[၃] အခန်းမှာတော့ အသေးစိတ်ရှင်းပြသည်။ အဓိကဆောင်ရွက်မှုတွေ လောက်ကိုပဲ မှတ်လာနိုင်တော့သည်။ အရည်အသွေးမြင့် လယ်ယာထွက်ကုန်တွေ ဖြစ်ဖို့၊ ကောက်ပဲသီးနှံတွေကို နည်းစဉ်အင်ဂျင်နီယာပညာ[၄]နဲ့ လေ့လာဖို့ (ဥပမာ ရေခန်းခြောက်စေတဲ့နည်း၊ အချဉ်ဖောက်တဲ့နည်း၊ သစ်သီးတွေကို ခွဲခြမ်းစိတ်ဖြာပြီး လေ့လာတဲ့နည်း၊ အပူပေးတဲ့နည်း၊ တိုင်းထွာစံချိန်ယူတဲ့နည်း၊ ချက်ကြည့်ပြုတ်ကြည့်တဲ့နည်း၊ အပူရှိန်မြှင့်ပေးတဲ့နည်း စတဲ့ နည်းစနစ်တွေကို သုံးသည်ဟု ဆိုပါသည်) အသီးအနှံတွေ ရေရှည်ခံဖို့၊ ကောက်ပဲသီးနှံတွေနှင့် ပတ်သက်သည့် စားသုံးသူအပြုအမူနှင့် ရာသီချိန်ကွင်းဆက်ချိတ်မိဖို့၊ ဒေသလူဦးရေနှင့် ကောက်ပဲသီးနှံတို့၏ အထူးပြုဆောင်ရွက်ချက်ဟန်ချက်ညီမျှဖို့၊ အစားအစာနဲ့ အာဟာရဓာတ် ထိန်းချုပ်မှုရှိဖို့ စသည်တို့ ဖြစ်သည်။

'လူ့အဖွဲ့အစည်း တစ်ခုလုံးအတွက် လိုအပ်တဲ့အာဟာရဓာတ်တွေဟာ အကြောင်းသုံးမျိုးနဲ့ ကမ္ဘာနဲ့ ကမ္ဘာနဲ့တစ်ဝန်း ဆုံးရှုံးနေကြရပါတယ်။ တိုင်းပြည်စီးပွားရေး ချွတ်ခြုံကျလို့ ဆုံးရှုံးရတာ၊ ပတ်ဝန်းကျင်က ပြောင်းလဲပစ်လို့ ဆုံးရှုံးရတာနဲ့ မြို့ပြကြီးထွားလာမှုကြောင့် ဆုံးရှုံးရတာတွေ ဖြစ်ပါတယ်။ ကျွန်မတို့ ဒါကို နိုင်ငံစုံအဖွဲ့အစည်းတွေက ပညာရှင် ၁၄၇ ဦးနဲ့ ဆောင်ရွက်နေတာပါ'

၁။ Drought resistance management

၂။ Animal production and pastoralism

၃။ Agro-food technology and human nutrition

၄။ Process engineering

Agropolis၏ အမည်အပြည့်အစုံကို မေးကြည့်တော့ 'လယ်ယာစိုက်ပျိုးရေးဆိုင်ရာ သုတေသနနှင့် အဆင့်မြင့်ပညာ နိုင်ငံတကာ စုပေါင်းရုံး[1] ဆိုသည့် အဓိပ္ပာယ်ရသည် ဆို၏။

တစ်နေရာမှာတော့ ဆန်ဌာနကို ရောက်သွားသည်။ ဆန်နမူနာတွေကို တော်တော်များများ ပြသထားသည်။ ပြင်သစ်မှာ စိုက်သည့်ဆန်တွေဖြစ်သည်။ ပြင်သစ်ဆန်က လုံးပုများဖြစ်သည်။ ဆန်ရှိးရှည်တာ သိပ်မတွေ့ရ။ များသောအားဖြင့် စပါးကို ဓာတ်ဂုဏ်သတ္တိ စစ်ဆေးနည်းသုံးကာ စစ်ဆေး လေ့လာသည်။ စားသုံးရာတွင် ကစီဓာတ်ညီညွတ်မှုကို ဦးစားပေးသည်။ ဆန်ရှည်ဆန်သား၊ ချက်ပြီးထမင်း၏အလျားနှင့် ကစီဓာတ်ပါဝင်မှုတွေကို ကွန်ပျူတာနှင့် တွက်ချက်ပြသည်။ ဆန်စပါးဌာနက ပညာရှင်က မြန်မာနှင့် ထိုင်းကို ရောက်ဖူးသည်။ အရပ်ရှည်ရှည် ထိပ်ပြောင်ပြောင်နှင့်ဆိုတော့ သူကိုယ်တိုင် ချက်ပြီးသား ထမင်းလုံးရှည်ရှည်တစ်လုံးနှင့် တူနေသည်။

'ကျွန်တော်တို့နိုင်ငံက အေးတော့ ဆန်ကို သိပ်ဦးစားမပေးပါဘူး။ သို့သော် ဆန်စိုက်တဲ့ဒေသတွေလည်း ဒီမှာရှိပါတယ်။ ဆန်ကို ဌာနတစ်ခုထားပြီး နည်းပညာဖြန့်ဝေပေးနေတာ ကြာပါပြီ။ အထူးသဖြင့် ဆန်ရဲ့ရူပကလာပ်စည်း အသွင်သဏ္ဌာန်ဖြစ်တဲ့ ဆန်ရဲ့အလျားနဲ့ ထုထဲမှု၊ နောက်ကစီဓာတ် ညီညွတ်မှုဒီဂရီ[2]၊ နောက် ဖြူနုန်း၊ စက်ကြိတ်အနေအထား၊ ချက်နေစဉ်နဲ့ ချက်ပြီး ထမင်းရဲ့အခြေအနေတွေကို လေ့လာပါတယ်။ ကျွန်တော်တို့ ကြည့်တာကတော့ ဆန်ရဲ့အသား၊ မွှေးရနံ့နဲ့ အရသာကိုလည်း လေ့လာပါတယ်'

သည်ဌာနက ချက်ပြီးသားထမင်းကို ဘူးသွင်းခြင်းနဲ့ အအေးခံခြင်းကို လေ့လာနေသည်။ အချိန်တိုအတွင်း ကျက်သည့်ဆန်အမျိုးအစား ထုတ်လုပ်ရေးကို သုတေသနလုပ်နေသည်။ အိန္ဒိယနှင့် ပါကစ္စတန်မှ ဘာစမာတီ

၁။ International Complex for research and higher education in Agriculture

၂။ Degree of translucency



ဆန်မွှေး[1]၊ ထိုင်းဆန်၊ ဒယ်လာ[2]နှင့် ဂျက်စမင်း[3]ဆန်မွှေးတွေကို သုတေသနလုပ်နေသည်။ ဆန်မွှေးဖြစ်စေ၊ ရိုးရိုးဆန်ဖြစ်စေ များသောအားဖြင့် ကွန်ပေါင်း ၁၃၀ ကျော် ပါတတ်သည်ချည်း ဖြစ်သည်။ သို့သော် ဆန်မွှေးတွေမှာ ပါဝင်တတ်သည့် (2 Acetyl-1 Pyrroline) သို့မဟုတ် AP ကွန်ပေါင်းကို သီးခြားလေ့လာသည်။ ဆန်တော်တော်များများ၏ စိုက်ပျိုးရာဒေသ၊ ရာသီဥတုအခြေအနေ၊ မသိုလှောင်မီနှင့် သိုလှောင်ပြီးအခြေအနေ၊ ဆန်ညိုကြိတ်ဖွပ်ခြင်းနှင့် ဆန်ဖြူကြိတ်ဖွပ်ခြင်းတွေကို လေ့လာသည်ဆို၏။ ထိုင်းဆန်မွှေး၊ အဇူဆီးနားဆန်မွှေး[4]နှင့် ဘာစမာတီဆန်မွှေးတို့ကို ရိုးရိုးဆန်မွှေးမျိုး မဟုတ်သည့် အိုင်အာရ် ၆၄[5]ဆန်နှင့် မျိုးရိုးဗီဇပေါင်းစပ်ကာ အငွေ့ပြန်လွယ်သည့် ကွန်ပေါင်းတွေ နုတ်ပယ်ခြင်း၊ အခြားကွန်ပေါင်းများ နုတ်ပယ်ခြင်းဖြင့် ရရှိနိုင်သည့် သုတေသနပြုချက်တွေကို ရှင်းပြသည်။ ဆန်စပါးသုတေသနဌာနထဲက ကမ္ဘာ့မြေပုံမှာ မြန်မာနိုင်ငံကို အဝါရောင်ခြယ်ထားသည်။

'ခင်ဗျားတို့နိုင်ငံက ဆန်စပါးတွေလည်း ကျွန်တော်တို့ လေ့လာနေပါတယ်။ ဒါပေမဲ့ ခင်ဗျားတို့ဆန်က ထိုင်းကိုမမီဘူး။ အာရှဆန်တွေက ဥရောပမှာ နေရာကောင်းကောင်းရနေတာ ဂုဏ်ယူစရာပါ'

ဆန်စပါး သုတေသနခန်းတွေက တစ်ခန်းတည်းမဟုတ်။ တော်တော်များသည်။ စပါးတွေ၊ ဆန်တွေ တော်တော်များများ သူ့လက်ထဲ ထည့်ထည့်ပေးရင်း ဆန်၏သဘာဝတွေကို ရှင်းပြနေတာကိုကြည့်ရင်း ဘရစ်ဂျစ်က ရယ်သည်။

'ကိုယ် ထင်ပါတယ်၊ ရန်ကုန်မှာ မင်း ထမင်းအိုး မတည်ဖူးဘူးဆိုတာ'

အတွင်းရေးမှူးမကလေးက ဘရစ်ဂျစ်ကို ပြင်သစ်ဘာသာနှင့် စကားတွေ တော်တော်များများ ပြောနေသည်။ ဘရစ်ဂျစ်ကလည်း ပြန်ပြောသည်။ ပြီးတော့မှ သူ့ကိုရှင်းပြသည်။ တချို့အခန်းတွေကို သွက်သွက်ကလေး

၁။ Basmati scented rice

၂။ Della scented rice

၃။ Jasmine scented rice

၄။ Azucena scented rice

၅။ IR 64

ပြပါရစေ။ အရေးကြီးသည့် အခန်းတွေကလည်း ရှင်းပြဖို့ စောင့်နေလို့ပါဟု ဆို၏။ ဆန်ကွဲချသည့်အခန်း၊ စပါးခွံချွတ်ခန်း၊ ဆန်ဖွပ်ခန်း၊ အပူချိန်ထိန်းညှိခန်း၊ ဆန်ဆေးရည်ကို အစေးဓာတ်တိုင်းခန်း၊ ဆန်စေ့များရဲ့ ကျေနှုန်းတိုင်းခန်းတွေကို သူတို့ ကြည့်သည်ဆိုရုံကလေးပဲ ကြည့်ရတော့သည်။ မြင်သမျှ တွေ့ရသမျှ ခေတ်သစ်ပစ္စည်းကိရိယာတွေ၊ ကွန်ပျူတာတွေချည်း ဖြစ်သည်။ မျက်ရမ်းမှန်းဆ တစ်ခုမှမရှိ။ လူငယ်ပညာရှင်တွေကလည်း အလုပ်ထဲမှာ စူးစူးနစ်နစ် အာရုံတစိုက် ပြေးလွှားနေကြသည်လေ။ သူ သတိထားမိတာကတော့ အခန်းတွေအားလုံးမှာ ပန်းချီကားကြီးတွေ ချိတ်ထားသည်။ ရောက်ခဲ့သမျှအခန်းမှာ ပန်းချီကားတွေ ရှိသည်။ လေးထပ်သံမဏိ အဆောက်အအုံကြီးထဲမှာ ဟင်းလင်းပြင်သဘောနှင့် ကျယ်ပြန့်လွတ်လပ်ခြင်းသဘောတွေ ခံစားနေရသည်။ ဘဲဥပုံငါးသေတ္တာဘူး လေးဘူး တပ်ထားတာနှင့် တူသော်လည်း အဆောက်အအုံကြီးကလည်း သိပ္ပံနှင့် နည်းပညာကိုပဲ ဖော်ညွှန်းနေဟန် ဖြစ်သည်။ အတွင်းရေးမှူးကလေးက သံမဏိလှေကားထစ်တွေကို ဒေါက်ဖိနပ်တဒေါက်ဒေါက်နှင်းရင်း ဆင်းသွားလေတော့ သူနှင့် ဘရစ်ဂျစ်ကလည်း လိုက်ရတော့သည်။ အောက်ဆုံးထပ်မှန်တံခါးကြီးကို တွန်းဖွင့်လိုက်တော့ ဆောင်းလေပြင်းက တသုန်သုန်။ လာဗင်ဒါ ခရမ်းပွင့်ကလေးတွေက တသိမ့်သိမ့်။ အဝေးယူကလစ်တော၊ ထင်းရှူးတောကြီး တစ်ခုလုံးကလည်း ယိမ်းထိုးနေသည်။ လမ်းတစ်ဖက်ကို ကူးရသည်။ တစ်ဖက်က အဆောက်အအုံကြီးကလည်း သံမဏိပိုးတုံးလုံးကောင်ကြီးနှင့် တူသည်။ အဝင်ဝမှာတော့ ဧည့်ကြိုဌာနရှိသည်။ ကြော်ငြာသင်ပုန်းမှာ လူတွေဝိုင်းနေသည်။ အင်္ဂလိပ်၊ ပြင်သစ်၊ စပိန်၊ အီတလီဘာသာတွေနဲ့ ရေးထားသည့်စာတွေ တော်တော်များများ ကပ်ထားတာကို ဝိုင်းဖတ်နေကြခြင်းဖြစ်သည်။ အခန်းတွင်းမှာ ဓာတ်ပုံရိုက်ခွင့်မပြုတာကို အတွင်းရေးမှူးမကလေးက သတိပေးသော်လည်း သူ ဓာတ်ပုံတွေ ရိုက်ချင်နေသည်။

‘ကျွန်မတို့ ဆန်ပြီးရင် မလေးရှားရဲ့ ထင်ရှားတဲ့ ဆီအုန်းနဲ့ ပတ်သက်တဲ့ သုတေသနလုပ်နေတာကို ပြချင်ပါတယ်။ မလေးရှားက ပြင်သစ်နည်းပညာကို ရယူနေပါတယ်။ အာဖရိကမှာ ရှိပေမဲ့ အာရှမှာ မဖွံ့ဖြိုးသေးတဲ့ ဆီထွက်သီးနှံ သုတေသနတွေလည်း သည်မှာလုပ်နေပါတယ်။ အထူးသဖြင့် အပင်မော်လီကျူးတွေကနေ မျိုးပွားယူတဲ့နည်းနဲ့ ပျိုးပင်တွေထုတ်လုပ်နေတာမျိုးတွေ လုပ်နေတာ တွေ့ရပါလိမ့်မယ်’



ဆီအုန်းသုတေသနခန်းက ပညာရှင်က ထူထဲထဲ နှုတ်ခမ်းမွေး ကားကားကြီးနှင့် ဖြစ်သည်။ ဖြူရော်ရော်ဆံပင်၊ မျက်မှန်ထူထူ၊ နှုတ်ခမ်းမွေး ထူထူက ရင့်ကျက်နေစေသော်လည်း လူငယ်ပညာရှစ်တစ်ယောက်သာ ဖြစ်သည်။

‘ဆီအုန်းက မလေးရှား၊ အင်ဒိုနီးရှား၊ အမေရိကားတိုက် တောင်ပိုင်းနဲ့ အာဖရိကမှာ တော်တော်ဖြစ်ထွန်းနေပါတယ်။ သည်မှာက မော်လီကျူးကနေ ပွားထားတဲ့အပင်တွေ တော်တော်များများ ရှိနေပါပြီ။ ဓာတ်ခွဲခန်းဖန်ပြွန်ထဲက ထွက်လာတဲ့ သစ်ပင်တွေပေါ့လေ။ သည်နည်းကို တကယ်စိုက်တဲ့ဒေသတွေကို နည်းပညာပေးနေတယ်။ ကျွန်တော်တို့ ဓာတ်ခွဲခန်းထဲက လင်ပန်းလေးထဲက အပင်ကလေးတွေဟာ စိုက်ခင်းမှာတော့ ဟက်တာတော်တော်များများ ဖြစ်သွားလိမ့်မယ်’

တုန်ခါနေသည့် မျိုးစေ့ရည်လင်ပန်းတွေက အခန်းထဲမှာ အများကြီး။ တချို့လင်ပန်းတွေမှာက အစိမ်းရောင် မုန်ညင်းစေ့ကလေးတွေလို အပင်စကလေးတွေ တွေ့နေရပြီ။ တချို့စမ်းသပ်မှုတွေက သည်လိုတုန်ခါနေတာကပဲ ခြောက်နှစ်ကျော်ပြီ ဆိုလေ၏။ တစ်လ တစ်လ ဆီအုန်းပင်ပေါက်ငါးသောင်းလောက် ထွက်နေသည်။ အပူပိုင်းဒေသ စားသုံးသစ်ပင် တော်တော်များများကို သုတေသနပြုနေသည်။ အတွင်းရေးမှူးမလေးက နောက်ထပ်ဌာနကြီးနှစ်ခုကို တွေ့ပါဦးဟု ဆိုနေသည်။ တစ်ခုက ORSTOM ဖြစ်၍ တစ်ခုကတော့ CIRAD ဖြစ်သည်။ ပြင်သစ်ဘာသာ စကားလုံးအစတွေ ဖြစ်သည်။ အော့စ်တွမ်နှင့် စီးရတ်ဟု အသံထွက်သည်။ ORSTOM ၏ အင်္ဂလိပ်ဘာသာနှင့် တရားဝင်အမည်မှာ 'French Scientific Research Institue for Development in Cooperation' ဖြစ်သည်။ ဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှု ပြင်သစ်သိပ္ပံနည်းကျ သုတေသနဗိမာန်ဟု ဆိုနိုင်မည်ထင်သည်။ နောက်ထပ် သုတေသနဗိမာန်ဖြစ်သည့် CIRAD ၏ အင်္ဂလိပ်ဘာသာ တရားဝင်အမည်မှာ 'A French Scientific Organization Specializing in Development-Oriented Research for the tropics and

Subtropics' ဖြစ်သည်။ အပူပိုင်းဒေသနှင့် အပူပိုင်းဒေသခွဲများဆိုင်ရာ သိပ္ပံနည်းကျ ဖွံ့ဖြိုးရေးအထူးပြု ပြင်သစ်သုတေသန အဖွဲ့အစည်း။

'ကျွန်တော်လေ့လာချင်ပါတယ်။ ဒါဟာ ကျွန်တော့်အတွက် ရတောင့်ရခဲ အခွင့်အရေးပါ။ ဌာနကြီး နှစ်ခုစလုံးနဲ့ တွေ့ပါရစေ'

အတွင်းရေးမှူးမလေးက နောက်ထပ် အမျိုးသမီးတစ်ယောက်နှင့် ထပ်ပြီး မိတ်ဆက်ပေးသည်။ သူမ၏အမည်မှာ မဒမ်ဒေါမနစ်ကော်တာဒီလာ[1] ဖြစ်၍ ရာထူးတာဝန်မှာ Responsable ဖြစ်သည်။ အရပ်မြင့်မြင့် မျက်နှာချိုချို ဖြစ်သည်။ လူထုဆက်ဆံရေးဌာန တာဝန်ခံဆိုပါတော့။ သူမက ရုံးခန်းတစ်ခုထဲကို ခေါ်သွားကာ ကော်ဖီနှင့် ဧည့်ခံသည်။ သည်ဌာနကြီး နှစ်ခုရဲ့ ဆောင်ရွက်မှုတွေကို သိလိုသမျှ မေးမြန်းနိုင်ကြောင်းနှင့် စိတ်ပါဝင်စားသဖြင့် ကျေးဇူးတင်ပါကြောင်း ပြင်သစ်ဘာသာနှင့် ပြောသည်။ သည်အခါမှာတော့ ဘရစ်ဂျစ်က ဘာသာပြန်ပေးလေ၏။

'ကျွန်မတို့ရဲ့ မျှော်မှန်းချက်[2]ကတော့ R&D ပါပဲ။ သုတေသနဖွံ့ဖြိုးရေးပေါ့။ နိုင်ငံတကာမှာ R&D ကို အခုမှပြောလာပေမဲ့ ကျွန်မတို့က နှစ်ပေါင်းများစွာ အတွေ့အကြုံ ရှိနေပါပြီ။ နောက် အခြေအနေကတော့ သုတေသနနဲ့ အစုစပ်အဖွဲ့အစည်း ဖြစ်ပါတယ်။ ဦးတည်ချက်ကတော့ အထောက်အပံ့ပြု ဖွံ့ဖြိုးရေး ဝေပုံကျသဘော ဖြစ်ပါတယ်'

ORSTOM က နိုင်ငံတော်ပိုင် အဖွဲ့အစည်းဖြစ်သည်။ ပြင်သစ်ဝန်ကြီးဌာနပေါင်းစုံက ငွေပင်ငွေရင်း စိုက်ထူသည်။ ဥရောပနှင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ အပူပိုင်းဒေသ နိုင်ငံတွေအတွက် သုတေသနအစီအစဉ်တွေ ဖော်ဆောင်ပေးနေသည်။ နယ်ပယ်ကြီးငါးခုမှာ သုတေသနပညာရှင် ၈၀၀ ရောက်ရှိနေပြီ။ သဘာဝသယံဇာတရင်းမြစ် အသုံးချနိုင်ရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး၊ မြို့များနှင့် ဖွံ့ဖြိုးရေး၊ ဖွံ့ဖြိုးမှုပုံစံများနှင့် အခြေအနေများ စသည့် လူသားအကျိုးပြု လုပ်ငန်းတွေလုပ်နေသည်။ ၁၉၉၆ ခုနှစ်က ဘတ်ဂျက် ၁.၁ ဖရန့် ဘီလျံသုံးခဲ့သည်။ သုတေသနပညာရှင်၊ အကြီးတန်းသုတေသန

၁။ Dominique Cortadellas

၂။ Mission



မှူးများနှင့် ဝန်ထမ်းများအားလုံး ၂၆၀၀ ရှိသည်။ အာရှ၊ အာဖရိက၊ လက်တင် အမေရိကားနိုင်ငံတွေမှာ စင်တာပေါင်း ၃၂ ခု ရှိနေပြီ။

'ကျွန်မတို့ဟာ ပညာတွေကို ရယူနိုင်ရမယ်။ ပြီးတော့ အဝေးကိုလည်း လွှတ်နိုင်ဖို့လိုပါတယ်။ Acquiring and transmitting knowledge ဖြစ်ရပါမယ်။ ဒါကြောင့် အော့စ်တွမ်က ဦးတည်ချက်အောက်မှာ ဌာနနှစ်ခု ထပ်ခွဲထားပါတယ်။ ဌာနကြီးတစ်ခုကတော့ ရင်းမြစ်များ၊ ပတ်ဝန်းကျင်နဲ့ ဖွံ့ဖြိုးရေးဌာနကြီး[1] ဖြစ်ပြီးတော့ နောက်တစ်ခုကတော့ သက်ရှိအခြေအနေများနဲ့ ဖွံ့ဖြိုးရေးဌာနကြီး[2] ဖြစ်ပါတယ်'

သည်ဌာနကြီးတွေက အပူပိုင်းဒေသ ရာသီဥတု ဖောက်ပြန်မှုတွေကို လေ့လာသည်။ ဒေသတွင်းရာသီဥတု ဆက်စပ်မှုတွေကို လေ့လာသည်။ အပူပိုင်းဒေသ ရေသယံဇာတပတ်ဝန်းကျင်၊ အပူပိုင်းဒေသ ကုန်းပိုင်းပတ်ဝန်းကျင်၊ အပူပိုင်းဒေသ ပင်လယ်ပတ်ဝန်းကျင်နှင့် ကမ်းရိုးတန်းဂေဟဗေဒ၊ ယင်းတို့၏ရင်းမြစ်များ၊ ဓာတ်သတ္တုသယံဇာတ အလားအလာ၊ ဇီဝဗေဒဆိုင်ရာ စိုက်ပျိုးရေးနှင့် လယ်ယာစက်မှုလုပ်ငန်း၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးမူဝါဒ၊ မြို့ပြပြဿနာနှင့် ဖွံ့ဖြိုးရေးမူဝါဒ၊ စီးပွားရေးနှင့် လူမှုရေးမျှော်မှန်းချက်များ...။ မဒမ်ဒေါမနစ်ကော်တာဒီလာက တော်တော်ကြာကြာ ရှင်းပြသည်။

'ကင်မရွန်းနိုင်ငံက ပြင်းထန်တဲ့ရာသီဥတုကြောင့် ဖြစ်ရတဲ့ မြေဆီလွှာဆိုင်ရာ ရူပ ပထဝီလေ့လာရေး စစ်တမ်းတွေကောက်ပါတယ်။ ရာသီဥတုလေ့လာရေး အနေနဲ့ကတော့ ပစိဖိတ်သမုဒ္ဒရာတွင်း အယ်နီညိုတောင်ပိုင်းချိန်သီးရွေ့လျားမှု သဘောတွေကိုလည်း လေ့လာနေပါတယ်။ သဘာဝအန္တရာယ် ပြဿနာတွေလည်း ရှိပါတယ။ အင်ဒီစ်၊ ကိုလမ်ဘီယာ၊ အီကွေဒေါနဲ့ မြောက်ပိုင်း ပီရူးမှာ ဒါတွေ လေ့လာနေပါတယ်'

ကမ္ဘာ့တောင်ဘက်ခြမ်း သမုဒ္ဒရာတချို့မှာ သမုဒ္ဒရာဖူးရောင်ခြင်းပြဿနာတွေ ဖြစ်နေသည်။ ရေမှုန်ရေမွှားနဲ့ ရေမြှုပ်တွေ ဆယ်မီတာက ဆယ့်ငါးမီတာလောက် မောက်မို ဖူးရောင်လာတတ်တွေက သဘာဝအန္တရာယ်ဟု ဆိုသည်။ မြောက်ဘက်ဒေသ မီးတောင်ရှင်တွေကတော့

၁။ Resources, Environment and Development

၂။ Living Conditions and Development

ရေခဲဦးထုပ်တွေ ဆောင်းနေပြန်သည်။ သမုဒ္ဒရာ ရေပူစီးကြောင်းတွေကတော့ ခါတိုင်းထက် ကီလိုမီတာပေါင်းများစွာ ပိုစီးဆင်းနေတာတွေလည်း ရှိသည်။ ၁၉၉၅ ခုနှစ်က ချီလီမြောက်ပိုင်းဒေသ မြေလျှောင်ကလည်း ပညာရှင်တွေ စဉ်းစားစရာတွေ ဖြစ်ခဲ့ဖူးသည်။ ပြင်သစ် ဂီယားနားနှင့် တူနီးရှားအလယ်ပိုင်း ဒေသမြစ်တွေကတော့ မြစ်ရေညစ်ညမ်းမှုတွေ ဖြစ်နေသည်။

'ကျွန်မတို့ရဲ့ သုတေသနကွန်ရက်ကို အာဖရိကဘက်က ပညာရှင်တွေနဲ့ပါ ချိတ်ဆက်ထားပါတယ်။ အထူးသဖြင့် အာဖရိကရေဇလလုပ်ငန်းတွေမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ အပူပိုင်းဇုန် သစ်တောတွေမှာ လူတွေရဲ့ မဆင်မခြင်ပြုမူ ဆောင်ရွက်ချက်တွေကလည်း ဆင်ခြင်ရမယ့် ကိစ္စပါ။ ဆာဗားနားသစ်တောဒေသ တောင်ယာတွေမှာ မီးရှို့တဲ့ကိစ္စတွေ၊ အမေဇုံသစ်တောဒေသက ဒေသထွက် ယူထားပီအိုလီရာဆီးယားအုန်း[1] တစ်မျိုးကို ဒေသမှဆိုးတွေက မျိုးတုံးအောင် ရှာဖွေချိုးဖဲ့နေကြတာမျိုးတွေ ဖြစ်ပါတယ်'

သည်ဌာနကြီးရဲ့ လုပ်ဆောင်ချက်တွေက များလွန်းတော့လည်း မှတ်နိုင်ဖို့ မလွယ်တော့ပါ။ ကော်ဖီရွက်တွေမှာ ကျတတ်သည့် မှိုပြဿနာ၊ ငါးတွေမှာ ကျရောက်တတ်သည့် ငါးနာရောဂါ၊ ပင်လယ်မှော်ထူထပ်မှု ဆိုတာတွေလည်း ပါရဲ့။ ဘိုလီးဗီးယား ဒေသကလေးများ၏ အစာတွင် သံဓာတ်ပါဝင်မှု၊ မော်လီကျူး လာဘိုင်အိုလိုဂျီ ပြဿနာ၊ အာဖရိက တိုင်းပြည်တွေမှာ အဖြစ်များနေသည့် ထရိုင်ပါနိုဆိုမီးယားဆစ်[2] ရောဂါ၊ ရှစ်စတိုဆိုမီးယားဆစ်[3] ရောဂါ၊ ကမ္ဘာအနှံ့က ငှက်ဖျား၊ နောက် အေအိုင်ဒီအက်စ်။ မြို့ပြပြဿနာတွေမှာတော့ စီးပွားရေးနှင့် လူမှုရေး မြင်ထောင့် ပြဿနာ[4]၊ ဦးနှောက်ယိုစီးမှု ပြဿနာ၊ ရွှေ့ပြောင်းနေထိုင်သူများ ပြဿနာ။ သူကတော့ ခေါင်း တော်တော်နောက်သွားပြီ။ ဗိုက်ကလည်း ဆာပြီ။ ဘရစ်ဂျစ်ကတော့ ဘာသာပြန်ရတာနဲ့ပဲ ဖတ်ဖတ်မောဟန် သူ့ကို မျက်လုံးတွေ ပြူးပြလေ၏။

---

၁။ Euterpe Oleracea Palm
၂။ Trypanosomiasis
၃။ Shistosomiasis
၄။ Economic and Social Dimension



'တော်လောက်ပြီပေါ့နော်၊ ကျွန်မတို့ စီးရတ် အဖွဲ့အစည်းကြီး အကြောင်း ပြောကြရအောင်။ ပြီးရင်တော့ ကျွန်မတို့ နေ့လယ်စာ စားဖို့ စီစဉ်ထားပါတယ်'

မဒမ်ဒေါမနစ်ကော်တာဒီလာကတော့ မောဟန်မရှိ။ ဒါကပဲ သူမ အလုပ် မဟုတ်လား။ ရုံးခန်းကြီးက ကျယ်သလောက် ခမ်းနားလှသည်။ ရုံးသုံး ပရိဘောဂတွေကိုလည်း ပန်းချီဆန်ဆန် ခင်းကျင်းထားသည်။ ပြီးတော့ နံရံဖြူဖြူမှာ မော်ဒန်ပန်းချီကား တစ်ချပ်။

စီးရတ် (CIRAD) ကလည်း မွန့်ပယ်လီယေး အခြေစိုက်ဖြစ်သည်။ ပြီးတော့ ဌာနခွဲကြီးနှစ်ခုကို နှစ်နေရာခွဲထားသည်။ တစ်နေရာက လာဗေးလက်[1] ဖြစ်၍ တစ်ခုက ဗီလာဂေး[2] ဖြစ်သည်။ လာဗေးလက်က မီတာ ၃၇၀၀၀ လောက် ကျယ်ကာ ဗီလာဂေးက မီတာ ၁၃၀၀၀ ကျယ်ဝန်းသည်။ တစ်နေရာနှင့် တစ်နေရာက ဝေးပါသည်။ လာဗေးလက်မှာ အထူးပြု ဆောင်ရွက်နေတာတွေက တစ်နှစ်ခံပင် သီးနှံများဌာန၊ သစ်ပင်သီးနှံများ၊ သစ်သီးဌာန၊ ဟင်းသီးဟင်းရွက်ဌာန၊ ဥယျာဉ်ခြံမြေထွက် သီးနှံများဌာန၊ မြေယာ စီမံခန့်ခွဲမှုဌာန၊ ဒေသတွင်း ဖွံ့ဖြိုးမှုဌာနနှင့် သိပ္ပံနည်းကျထောက်ပံ့ရေး ဌာနခွဲတွေ ရှိသည်။

ဗီလာဂေးမှာတော့ အပူပိုင်းဒေသ မွေးမြူရေးဌာန၊ တိရစ္ဆာန်ဆေးဝါးဌာနနှင့် သစ်တောဌာနတို့ ဖြစ်သည်။

'စီးရတ်မှာလည်း နယ်ပယ်ကြီးငါးခု ရှိပါတယ်။ သုတေသနနယ်ပယ်၊ ကျွမ်းကျင်မှုနဲ့ နည်းပညာဖလှယ်ရေး နယ်ပယ်၊ ဝန်ဆောင်မှု နယ်ပယ်၊ သင်တန်းနဲ့ ဘွဲ့ယူသင်တန်းများနယ်ပယ်၊ နောက်ဆုံးတစ်ခုကတော့ သိပ္ပံနဲ့ စက်မှုသတင်း ပြန်ကြားမှုနယ်ပယ်တွေ ဖြစ်ပါတယ်'

သူကတော့ ကက်ဆက်ခွေအသစ် လဲလှယ်နေရသေးသည်။ ရန်ကုန်က ပါလာသည့် ကက်ဆက်ခွေတွေကုန်တော့ ပါရီမှာ လေးငါးခွေ ဝယ်ရသေးသည်။ ကက်ဆက်ခွေတစ်ခွေ ၄၅ ဖရန့်ဆိုတော့ ၈ ဒေါ်လာနီးပါး ကျသည်။ ကက်ဆက်ခွေ များများယူမလာမိတာကိုပဲ နောင်တရနေသည်။

---

၁။ Lavalette
၂။ Baillarguet

မဒမ်ဒေါ်မနစ်ကော်တာ ဒီလာကတော့ ဆက်လက်ရှင်းပြနေသည်။ ဘရစ်ဂျစ်ကလည်း သူ စိတ်ဝင်စားမှန်းသိတော့ တတ်နိုင်သမျှ နားလည်အောင် ဘာသာပြန်ပေးသည်။ သူ နားလည်သလောက်ကတော့ အပင်မျိုးရိုး ခွဲခြမ်းစိတ်ဖြာမှုတွေ၊ အပင်ငယ် အပင်ကြီး ဖွံ့ဖြိုးရေးတွေ၊ ဘိုင်အိုမိုဒယ်လ်[၁] ဖွံ့ဖြိုးရေးတွေ၊ ပိုးသတ်ဆေး၊ ပိုးမွှားနှင့် မိုင်းရပ်ကာကွယ်ရေးတွေ၊ လယ်ယာလုပ်ငန်းခွင်သုံး ကိရိယာများ၏ ဒီဇိုင်းတွေ၊ လူ၊ သစ်ပင်နှင့် တိရစ္ဆာန်တို့၏ ပတ်ဝန်းကျင်ချင်း ဆက်ဆံရေးတွေ၊ မွေးမြူရေးမဟာဗျူဟာ၊ မြေယာအသုံးချ မှု… စသည့် လုပ်ငန်းတွေအကြောင်း ရှင်းပြသည်။

'ပန်းတွေရဲ့ဖွဲ့စည်းပုံ၊ အပင်ဗိသုကာပညာ၊ သစ်သားထည် ရေရှည်ခံနည်းစဉ်၊ အဝေးအာရုံခံကိရိယာတွေ ဆောင်ရွက်ပါတယ်။ နောက် သစ်စေ့နဲ့ သစ်ပင်တွေ၊ ဓာတ်ခွဲခန်း ပရိုတိုတိုက်ပ်တွေ၊ ပထဝီဝင် သတင်းပြန်ကြားမှုတွေ၊ မြေပုံတွေ၊ နောက်ပြီးတော့ ပိုးမွှားဆိုင်ရာ ဆော့ဖ်ဝဲနဲ့ စာရင်းဇယားထိန်းသိမ်းမှု၊ ဆော့ဖ်ဝဲတွေကိုလည်း နည်းပညာဖလှယ်ရင်း သုတေသနလုပ်ပါတယ်'

CIRAD က သုတေသနပြုချက်များအပေါ် အခြေခံကာ အကြံဉာဏ် ပေးတာတွေကိုလည်း ဆောင်ရွက်ပေးသည်။ အထူးသဖြင့် ဝန်ဆောင်မှုနှင့် အကြံဉာဏ်ရယူနိုင်သည့် အပင်ကိစ္စ၊ တိရစ္ဆာန်ကိစ္စ၊ ထွက်ကုန်ကိစ္စတွေအတွက် ဆက်သွယ်နိုင်သည်။ ပြီးတော့ သုတေသန သင်တန်းတွေက တစ်ဆင့် အဆင့်မြင့်ပညာတွေ တက်ရောက်သင်ကြားနေကြသူတွေ ရှိသည်။ မဟာဘွဲ့၊ ဒေါက်တာဘွဲ့ စသည့်ဘွဲ့တွေ အပ်နှင်းသည်။ ပြီးတော့ ဘာသာရပ်စာကြည့်တိုက်က စိုက်ပျိုးမွေးမြူရေးနှင့် အခြားစာအုပ် စာတမ်းပေါင်း တစ်သိန်းခွဲလောက်ကို ငှားရမ်းဖတ်ရှုခွင့် ပေးထားသည်။ စီးရတ်က ထုတ်ဝေသည့် စာအုပ်စာတမ်း၊ ဂျာနယ်၊ ပညာပေးစာစောင်တွေလည်း ရှိသေးသည်။ အထူးသဖြင့် လူထုဆက်သွယ်ရေးနည်းနာ လျင်မြန်လွယ်ကူနိုင်ဖို့ နိုင်ငံတကာ အီလက်ထရွန်းနစ် သတင်းပြန်ကြားရေးကွန်ရက်[၂]ကို စီစဉ်ထားပေးထားသည်။

၁။ Biomodel development
၂။ International Electronic Information Network



'ကျွန်မတို့မှာ သစ်သီးတွေတော့ အောင်မြင်ပါရဲ့၊ ဘာက ဒုက္ခပေးနေသလဲဆိုတော့ သစ်သီးထိုး ယင်ကောင်ကိစ္စက သစ်သီးနယ်ပယ်မှာ တော်တော်ကျယ်ပြန့်နေတယ်။ သည်ယင်ကောင်တွေက ဈေးကွက်ဥယျာဉ်ကို ဖျက်ဆီးနေတာဆိုရင် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁.၂ သန်းဖိုးထိ ရှိပါတယ်။ ဒါကြောင့် ၁၉၉၀ ကစပြီး သစ်သီးထိုး ယင်ကောင်အတွက် ကျွန်မတို့ စစဉ်းစားလာရပါတယ်'

ဘယ်လိုစဉ်းစားပါသလဲ ဆိုတော့ ယင်ထီးနှင့် ယင်မတို့၏ ပိုးမွှားအပြုအမူ သဘာဝလေ့လာရေး[၁]ကို စစဉ်းစားသည်ဟု ဆိုသည်။ ပြီးတော့ ဘယ်လိုသစ်သီးအရွယ်အစားကို ယင်ကောင်က စိတ်ဝင်စားသလဲ၊ ဘယ်လိုသစ်သီးအရောင်ကို ယင်ကောင်က သဘောကျသလဲ၊ ဘယ်လိုသစ်သီးအနံ့ကို ယင်ကောင်က နှစ်သက်သလဲ။ ဒါတွေကအစ စဉ်းစားသည်ဆို၏။ အလုံးကြီးပြီး ဝါနေတဲ့သစ်သီး ဒါမှမဟုတ် နီပြီးတော့ ခပ်မွဲမွဲဖြစ်နေတဲ့ သစ်သီးတွေကို ယင်ကောင်တွေ စိတ်ဝင်စားသတဲ့။ ယင်ကောင်တစ်မျိုးကတော့ မာလကာသီးကိုပဲ စိတ်ဝင်စားသည် ဆို၏။ ယင်အမတွေအတွက် သစ်သီးတု ထောင်ချောက်တွေ စီစဉ်ပေးရသည်။ ကာမဂုဏ်ထောင်ချောက်[၂]တွေကိုလည်း စီးရတ်က တီထွင်ထားပေးသည်။ သစ်သီးတစ်ပက်တာကို ထောင်ချောက်လေးလုံးဆိုလျှင် လုံလောက်သည်။ မဒမ်ဒေါ်မနစ်ကော်တာ ဒီလာ၏ ရှင်းပြချက်တွေက စိတ်ဝင်စားစရာကောင်းသည်။ တချို့ကိစ္စတွေက သူ့ တိုင်းပြည်မှာ မရှိ။ သည်တော့ ဝေဝေဝါးဝါး။ ဆိုပါတော့၊ သစ်သီးထိုး ယင်ကောင်ကိစ္စ။ သူ့တိုင်းပြည်မှာ ပြဿနာကြီးနေသလား၊ မကြီးသလား သူ မသိ။ သို့သော် သစ်သီးပို့ကုန်တွေ များများလုပ်ရတော့မည်ဆိုလျှင် ဒါက ပြဿနာ။ သူသိချင်တာတွေ မေးပါရစေဆိုတော့ မဒမ်ဒေါ်မနစ်က ခွင့်ပြုသည်။

'မေးပါရှင်၊ ကျွန်မက ပညာရှင်တော့မဟုတ်ပါဘူး။ ကျွန်မ သိသလောက်ပေါ့။ စီးရတ်ရဲ့ဆောင်ရွက်ချက်ကို တစ်ထိုင်တည်းပြောဖို့ ခက်ပါတယ်၊ မေးရင်တော့ ပိုကောင်းတာပေါ့'

၁။ Insect behavioural Studies
၂။ Sexual trap

'ကျေးဇူးတင်ပါတယ်။ ပထမဆုံးသိချင်တာက ရေနက်တွင်း ဒါမှမဟုတ် အနိမ့်ပိုင်း ရေဝပ်ဒေသတွေအတွက် စဉ်းစားတာတွေကော ရှိပါသလား'

'ဟုတ်ပြီ၊ အပူပိုင်းဒေသ ပြဿနာတွေထဲမှာ ဒါလည်း ပါပါတယ်။ များသောအားဖြင့် ရေဝင်ပြီး နိမ့်တဲ့ဒေသတွေအတွက် စိုက်ပျိုးရမယ့် နည်းနာတွေ ရှိပါတယ်။ ဆိုပါတော့ မာလီနိုင်ငံမှာဆိုရင် ဆီကားဆိုးဒေသ[၁]မှာ မိုးတွင်းဆိုရင် သည်ပြဿနာရှိတတ်ပါတယ်။ ဒါကို ရေဆုံဇုန်ငယ်လို့ ခေါ်တယ်။ ဒါမျိုးကျရင် ရေတွေကို စီမံခန့်ခွဲတဲ့နည်း၊ အပင်တွေကို လိုက်ဖက်ရာ တခြားအပင်တွေနဲ့ ကြားညှပ်စိုက်ပျိုးစေတဲ့နည်းတွေ လုပ်ပါတယ်။ ဆိုပါတော့ စပါးကွင်းဘေးမှာ သစ်သီးစိုက်တာမျိုးပါ'

စီးရတ်က ရေဝင်ဒေသအစီအစဉ်တွေမှာ ပိုလျှံရေတွေကို ပိုလျှံမြောင်းရေအဖြစ် လွှဲဖယ်ထုတ်ပစ်သည့် စနစ်တွေလည်း ပါသည်။ စပါးသီးနှံပြီးလျှင် ကျွဲနွားအစာပင်တွေ စိုက်ပျိုးနိုင်သည်။ ဒါကို စရိတ်နည်း သက်ရောက်မှု နည်းနာ[၂]ဟု ခေါ်သည်။ ရေဝပ်ဒေသမဟုတ်သည့် သာမန်မြေမျိုးတွင်လည်း ကြားညှပ်သီးနှံတွေ စိုက်ပျိုးနိုင်သည်။ ဥပမာ အုန်းတောထဲမှာ ပီလောပီနံ စိုက်တာမျိုး ဖြစ်သည်။ တစ်နှစ်ခံပင် ကြားညှပ်စိုက်မလား၊ နှစ်ရှည်ခံပင် ကြားညှပ်စိုက်မလား ဆိုတာကတော့ နေရောင်ခြည်ရရှိမှု၊ မြေအနေအထား၊ ဈေးကွက်ဝင် အခြေအနေတွေကိုလေ့လာဖို့ လိုသည်ဆို၏။ သူတို့ဆီမှာတော့ အုန်းတောထဲက နေရောင်ခြည်ကို ကွန်ပျူတာနှင့် ပုံဖော်ကြည့်သည်။ ဒါကို 'in-field testing' ခေါ်သည်ဆို၏။ ကွန်ပျူတာပုံရိပ်မှာ သစ်ရိပ်တွေက အပြာရောင်၊ နေရောင်ကွက်တွေက အဝါရောင်။ ခပ်ကျဲကျဲ အုန်းတောကြီးတွေထဲမှာတော့ ကျွဲစာ၊ နွားစာ စိုက်နိုင်သေးသည်။ ဒါကိုတော့ 'Cattle-raring' ခေါ်သည် ဆို၏။

'နောက်ထပ်မေးချင်တာက ရှင်းပြတဲ့အထဲမှာ လုပ်ငန်းခွင်သုံးရောဂါစစ်တမ်း ဆေးသေတ္တာဆိုတာ သတိထားမိပါတယ်။ အဲဒါကို သိချင်ပါတယ်'

'အဲဒါက FDK[၃]လို့ ခေါ်တဲ့သေတ္တာပါ။ ဆိုပါတော့ ဖွံ့ဖြိုးစ၊ ဖွံ့ဖြိုးဆဲ

---

၁။ Sikasso Region (Mali)
၂။ Cost-effective methods
၃။ FDK: Field Diagnosis Kit



နိုင်ငံတွေက တင်ပို့မယ့်အသားတွေကို ဓာတ်ခွဲခန်းကိုချည်း ပို့နေလို့မရနိုင်ဘူး။ သည်တော့ အသားတွေပို့မယ့် ကွင်းထဲမှာကတည်းက ရောဂါစစ်တမ်းအခြေအနေကို သိနိုင်မယ့် စံချိန်စံညွှန်းကိုက်အဖြေတွေ ပေးနိုင်ဖို့လိုပါတယ်။ ဒါကို စီးရတ်က တီထွင်ထားပါတယ်။ ဆိုပါတော့ အဆိပ်ထိထားတဲ့ အသားတွေ၊ ရောဂါရနေတဲ့ အသားတွေ၊ နာနေတဲ့အသားတွေ၊ မျက်စိနဲ့မမြင်ရတဲ့ ရောဂါပိုးမွှား ကိစ္စတွေဆိုရင် FDK သေတ္တာကို သုံးနိုင်ပါတယ်'

မဒမ်ဒေါမနစ်က ဇင်ဘာဘွေနိုင်ငံကို ဥပမာပေးသည်။ ဇင်ဘာဘွေက ဥရောပကို အသားမျိုးစုံပို့နေသည့် ပို့ကုန်ပို့နိုင်ငံ ဖြစ်သည်။ ဒါပေမဲ့ အမျိုးသားအဆင့် ဓာတ်ခွဲခန်းက သိပ်ရှိလှတာမဟုတ်။ ဇင်ဘာဘွေက ဥရောပသို့ပို့နေသည့် အသားတွေကို အလျင်မီအောင် အာမခံချက်မပေးနိုင်သည့်အခါ အသားတင်ပို့မှုတွင် ပြဿနာတွေ ကြုံခဲ့ရသည်။ အသားတွေက ကီလိုမီတာပေါင်းများစွာက၊ အဝေးက မြို့ပြကိုလာရခြင်း ဖြစ်သည်။ ကျေးလက်မှာ ဓာတ်ခွဲခန်း ကောင်းကောင်းမရှိ။ သည်တော့ စီးရတ်က FDK ကို တီထွင်ပေးသည်။ သည်ဓာတ်ခွဲခန်း အသေးစားကလေးတွေက စံချိန်စံညွှန်းနှင့် အမျိုးအစားစစ်ဆေးရေးကို အာမခံချက် ပေးနိုင်ခဲ့သည်ဆို၏။

'နောက်ထပ်သိချင်တာကတော့ ဂေဟဗေဒဖွံ့ဖြိုးမှုတွေနဲ့ ပတ်သက်ပါတယ်။ ဥပမာ ကျွန်တော်နားမလည်တာက အဝေးအာရုံခံစနစ် ဆိုတာမျိုးဆိုပါတော့'

'လယ်ယာထွက်ကုန် ပစ္စည်းတွေက အလျှံပယ်ထွက်နေပါပြီတဲ့။ ကျွန်မတို့ရဲ့ တကယ့်အရင်းအနှီးက သည်ထွက်ကုန်တွေ ဟုတ်ရဲ့လား။ ကျွန်မတို့ စဉ်းစားဖို့လိုပါတယ်။ သည်ပစ္စည်းတွေက ရတဲ့တန်ဖိုးထက်စာရင် မြေဆီလွှာ၊ ရေနဲ့ သစ်တောတွေကသာ အရင်းအနှီးအစစ်အမှန်ပါ။ ကျွန်မတို့က သဘာဝတရားကို ဖြုန်းတီးပစ်ဖို့မဟုတ်ဘူး။ ကမ္ဘာဂြိုဟ်ရဲ့ မြောက်ခြမ်းဘက်ဖြစ်ဖြစ်၊ တောင်ခြမ်းဘက်ဖြစ်ဖြစ် ညီညွတ်မျှတစွာ နေဖို့ ထိုင်ဖို့ ကျွန်မတို့ သင်ကြားရတော့မှာပါ'

မဒမ်ဒေါမနစ်က အာရှဘက်က ပြဿနာတွေကို ပြောပြသည်။ အာရှ၏ သစ်တောပြုန်းတီးမှုတွေက ၁၉၆၀ နှစ်များကတည်းက သတိပေးခေါင်းလောင်း မြည်နေခဲ့သည်ဆို၏။ ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီးပွားရေး

အခြေအနေတွေက သည်ဒေသတွင်းမှာ ချောက်ချားစရာကောင်းလောက်အောင် ခြောက်လှန့်နေခဲ့သည်။ သည်ဒေသကြီးတစ်ခုလုံးက အဆောတလျင် လိုအပ်နေသည့် အရေးတကြီး ကာကွယ်ရေး၊ အရေးတကြီး ပညာပေးရေး အရေးတကြီး ပစ္စည်းပစ္စယ ဖြည့်တင်းရေးတွေကို ဖြည့်ဆည်းဖို့လိုပြီ။ သစ်တောရင်းမြစ် စာရင်းဇယားနှင့် သစ်တောမြေပုံတွေ လိုသည်။

FAO စာရင်းဇယားတွေအရ ၁၉၈၀ နှင့် ၁၉၉၀ ကြားကာလအတွင်းမှာ အရှေ့တောင်အာရှဒေသ သစ်တောပြုန်းတီးမှု နှစ်စဉ် ၁.၂ ရာခိုင်နှုန်း ရှိနေသည်။ ဟက်တာပေါင်း ၁.၈ သန်း နှစ်စဉ်ပျက်စီးနေသည်။ ဖိလစ်ပိုင်ဆိုလျှင် နှစ်စဉ် ဆယ်စုနှစ်တွေအတွင်း ရှိသမျှ၏ထက်ဝက်ကျော် ဆုံးရှုံးသွားခဲ့ပြီ။ ရေစီးဆင်းမှုတွေ၊ မြေဆီလွှာခန်းခြောက်မှုတွေ၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း… သီးနှံအရည်အသွေး ကျဆင်းလာခြင်း၊ မြေယာအသုံးချနိုင်မှုနဲ့ မြေယာအရည်အသွေး လျော့ကျလာခြင်း…။

မဒမ်ဒေါမနစ်က ကောင်းကင်ဓာတ်ပုံတွေ ပြသည်။ ပန်းချီဆရာ၏ ဆေးစပ်ပျဉ်ပြားလို အရောင်စုံပေစွန်းနေသည့် ဓာတ်ပုံများ။ Computerized image processor က ဂြိုဟ်တုမှတစ်ဆင့် ရိုက်ပို့လိုက်သည့် ဓာတ်ပုံတွေ ဖြစ်သည်။

အရောင်တွေက သစ်တောတွေ၊ လယ်ယာတွေ၊ ချုံပုတ်တွေ၊ မြက်ခင်းတွေ၊ မိုးတိမ်တွေ၊ စိုက်ခင်းတွေ၊ ပင်လယ်တွေ၊ အမည်ဖော်မပြနိုင်သည့် အရာတွေကို ညွှန်းသည်။ သည်ဓာတ်ပုံတွေက ဂေဟဗေဒပျက်စီးနေမှုကို ဆန်းစစ်နိုင်သည်။ သည်ဓာတ်ပုံတွေကို အသေးစိတ်လေ့လာမှု ပြုခဲ့ကြသည်။ နှစ်ဆယ်မီတာကြီးမားသည့် ဓာတ်ပုံကြီးတွေအဖြစ်ချဲ့ကာ လေ့လာခဲ့ကြသည်။ ၁၉၈၆ ခုနှစ်နှင့် ၁၉၉၀ ပြည့်နှစ် ဓာတ်ပုံတွေကို ဒစ်ဂျစ်တယ်တိပ်ထဲကို ၁း၁၀၀၀၀၀ စကေးဖြင့် ထည့်ကြည့်သည်။

သည်ကောင်းကင်ဓာတ်ပုံ လေ့လာရေးစနစ်ကို အဝေးအာရုံခံစနစ် (Remote Sensing) ခေါ်သည်။ သည်စနစ်ဖြင့် သစ်တောထိန်းချုပ်မှုကို monitoring the forest ဟု သုံးကြသည်။

'သည်နေရာမှာ ကျွန်မတို့ ဘူရွန်ဒီနိုင်ငံကို ဥပမာကောင်းယူရပါမယ်။ သစ်တော ကတုံးဘဝက ဆယ်စုနှစ်တွေအတွင်းမှာ လယ်ယာသစ်တော



ဥယျာဉ်[၁] အဆင့်ရောက်အောင် ကြိုးစားခဲ့ကြတယ်။ တောင်တန်းဒေသ သစ်တောတွေ ကာကွယ်နိုင်ခဲ့တယ်။ တိုင်းပြည်ရဲ့ သစ်လိုအပ်ချက်တွေကို ထိန်းချုပ်နိုင်ခဲ့တယ်။ ကျန်တဲ့သစ်တောလေးကို ကာကွယ်တယ်။ အသစ်ပျိုးထောင်တယ်။ လူထုကို သစ်တောပညာပေးတယ်'

အလယ်ပိုင်း အာဖရိကဒေသက ဘူရွန်ဒီ။ ခုတော့လည်း စိမ်းမှောင်မှောင် သစ်တောကြီးကို ဖြစ်လာခဲ့ပြီ။ ကျေးလက်တောင်သူတွေကိုယ်တိုင်က ကိုယ်ပိုင်ပျိုးဥယျာဉ်တွေ ဖန်တီးနိုင်ခဲ့ကြပြီ။ ဘူရွန်ဒီနိုင်ငံ ကျေးလက်လူထုအတွက် လူသုံးသစ်တွေကို အမျိုးသားကာကွယ် တော်ဌာနက ဖြည့်ဆည်းပေးသည်။ သစ်တောကိုတော့ ပရမ်းပတာမထိနဲ့၊ လိုတာ တို့ ဖြည့်ဆည်းပေးမယ်ဆိုသည့် သဘောဖြစ်သည်။

'ဒါတွေခြုံပြောရရင်တော့ Remote sensing ဟာ အရေးပါလာပါပြီ။ မူဝါဒချမှတ်သူတွေအတွက် ကိရိယာလို့တောင် တင်စားနိုင်ပါတယ်၊ မူဝါဒချမှတ်နိုင်ဖို့ သတင်းအချက်အလက်တွေဟာ မှန်ဖို့နဲ့ မြန်ဖို့ လိုပါတယ်။ ရာသီဥတုနဲ့ လူဦးရေပြဿနာကြောင့် ပြောင်းလဲသွားရတဲ့ သဘာဝပတ်ဝန်းကျင် အခြေအနေဟာ အဝေးအာရုံခံစနစ်ကြောင့် ဘွားဘွားကြီး ပေါ်လာရတယ် ဆိုပါစို့'

အချိန်တွေ တော်တော်ကုန်သွားသော်လည်း သူ မေးချင်တာတွေ မေးလိုက်ရသည်။ သိချင်တာတွေ သိလိုက်ရပြီ။ မဒမ်ဒေါမနစ်က သူ့နှာရှိုက ကြည့်သည်။ သူမကလည်း အားနာနေပုံရသည်။ စကားတွေ အနားသတ်ချင်နေပုံ ရသည်။ ဘရစ်ဂျစ်က ပျင်းသွားပုံသမ်းပြလိုက်တော့ အားလုံးက ရယ်သည်။ သူကတော့ မပျင်းပါ။ လယ်ယာစိုက်ပျိုးရေးနိုင်ငံက လာသည့် သူ့အဖို့ မှတ်သားစရာတွေချည်း ဖြစ်နေသည်။ ကက်ဆက်ခွေကို တစ်ဖက်လှန်ကာ အသင့်ပြင်ထားလိုက်သည်။

မဒမ်ဒေါမနစ်က မြေဩဇာ ထိန်းသိမ်းရေးအကြောင်းတွေ ပြောသည်။ ကြံခင်းတွေမှာ ဒုက္ခပေးတတ်သော လောက်လန်းဖြူတွေကို ထိန်းချုပ်နိုင်သည့် မှိုတစ်မျိုးကို မာဒါဂါးစကား ကြံခင်းတွေမှာ သုံးနေကြောင်းတွေ

၁။ Agroforest Garden

ပြောသည်။ ဟီးဗီးယားရာဘာပင်[၁] ပေါက်တွေကို ဓာတ်ခွဲခန်းက ထုတ်လုပ်နေပုံတွေ ရှင်းပြသည်။ အင်ဗိုက်ထရိုဟီးဗီးယား ကာလ်တီဗေးရှင်း[၂]။ တောင့်ကပ်ပျော့ရိုင်းတွေကို အယဉ်ဖြစ်အောင် ဓာတ်ခွဲခန်းမှာပဲ မော်လီကျူလာဘိုင်အိုလိုဂျီ[၃] နည်းကိုသုံးကာ စားသုံးသူတွေဆီ ပို့ဆောင်နိုင်ခဲ့ပြီ။ မိုးခေါင်သော်လည်း အိမ်စိမ်းနည်းပညာ (ဖန်လုံအိမ်)က စိမ်းလန်းသော သစ်ပင်တွေကို ဖန်ဆင်းနိုင်သည် ဆိုတာလည်း ပါသေးသည်။

တီလားပီးယားငါးတွေကို အပူပေးနည်းစနစ်သုံးကာ ငါးဥတွေကို ငါးထီးတွေချည်းဖြစ်အောင် လုပ်နိုင်ပြီ။

'ကမ္ဘာမှာ တီလားပီးယားငါး နှစ်စဉ် တန် ၅၀၀၀၀၀ စားနေကြပါတယ်၊ ဈေးသက်သာပြီး တိရစ္ဆာန်အသားထက် တာသွားတယ်။ ဒါပေမဲ့ ငါးထီးတွေကိုချည်း ဈေးကွက်က တောင်းဆိုနေတော့ Thermal treatmentနည်းပညာကိုသုံးပြီး ထုတ်လုပ်နေကြပါတယ်။ ငါးထီးတောင် တစ်ကောင်ကို ၂၅၀ ဂရမ် မစီးရင် မစားကြဘူးရှင့်'

မဒမ်ဒေါမနစ်က စားသောက်ကုန်တွေ ကြာရှည်အထားခံနည်းပညာ၊ ဒီဇယ်အင်ဂျင်များအတွက် သစ်ပင်ဆီ[၄]၊ ပြောင်းလဲနေသည့် စိုက်ပျိုးရေးမူဝါဒများ၊ ကော်ဖီစိုက်ပျိုးရေး နည်းပညာသစ်၊ လယ်သမားယာသမားတို့၏ စိုက်ပျိုးရေးအသိပညာ၊ ကျေးလက်တစ်နိုင်တစ်ပိုင်စီးပွားရေး စသည့် စသည့် နည်းပညာနှင့် သုတေသနပြုချက်တွေကို အကျဉ်းချုံးပြောပြလိုက်သေးသည်။ ခဏနေတော့ Agropolis ရုံးစားသောက်ခန်းထဲကို ရောက်ကြပြီ။ ကိုယ့်လင်ပန်းကိုယ်ဆွဲကာ ကိုယ်ကြိုက်တာ တန်းစီထည့်စနစ်။ ဝိုင်တစ်ပုလင်း ပါလာတာကို သူ တော်တော်ဝမ်းသာသွားသည်။

'ကျွန်မတို့ရဲ့ Agropolis ကို ဘယ်လိုမြင်သလဲ သိပါရစေ'

ဓားနဲ့ ခက်ရင်း ဟိုထိုး သည်ဆွ လုပ်နေရတုန်း မဒမ်ဒေါမနစ်က မေးသည်။ သူ့မှာ အဖြေရှိပါသည်။ ချက်ချင်းမဖြေသေးဘဲ သူပြုံးလိုက်သည်။

'ကမ္ဘာကြီးက တော်တော်မကျန်းမမာ ဖြစ်နေပြီ မဒမ်။ မဒမ်တို့ဌာန

၁။ Hevea Rubber
၂။ In-Vitro Hevea cultivation
၃။ Molecular biology
၄။ Plant Oils



ကြီးကတော့ ဆေးရုံကြီးပေါ့။ အထူးသဖြင့် ပတ်ဝန်းကျင်၊ ရေရင်းမြစ်၊ လယ်ယာနဲ့ စားရေးရိက္ခာ၊ သစ်တောနဲ့ မြေဆီလွှာ၊ မိုးကောင်းကင်နဲ့ လေထု၊ အရာအားလုံးဟာ ကြောက်စရာကောင်းလောက်အောင် ချည့်နဲ့နေတယ်။ ဒါကို ကုစားပေးနေတယ်ဆိုတာ မြင်ရကြားရတော့ ကျွန်တော် ဝမ်းသာပါတယ်။ ဂုဏ်လည်းယူပါတယ်။ ပြီးတော့ မင်္ဂလာလည်း ရှိပါတယ်'

မဒမ်ဒေါမနစ်က တော်တော်ဝမ်းသာသွားပုံရသည်။ ဘာသာပြန်ပေးသည့် မဒမ်ဘရစ်ဂျစ်ကို ပြင်သစ်ဘာသာနှင့် မေးခွန်းတွေ ဆက်မေးနေသည်။ သူ ပင်တိုင်ရေးနေသည့် ဓနစီးပွားရေးမဂ္ဂဇင်းအကြောင်း မေးသည်။ သူ ရေးခဲ့သည့် ဝတ္ထုတွေအကြောင်း မေးသည်။ မြန်မာနိုင်ငံက စာမူခတွေ အကြောင်း မေးသည်။ သူကတော့ ပိုပိုသာသာပဲ ပြောလိုက်ရသည်။ ပြင်သစ်စာအုပ်တွေနဲ့ပတ်သက်၍ ဆရာမြသန်းတင့်အကြောင်း ပြောပြရသည်။ မဒမ်ဒေါမနစ်က ပါရီကို နောက်တစ်ခေါက်လာလျှင် ပြင်သစ်ဘာသာစကား သင်ခဲ့ဟု ဆို၏။ ဖရန်ကိုဖိုနီပေလား။ Agropolis ကို နှုတ်ဆက်တော့ မွန်းလွဲ တစ်နာရီခွဲပြီ။ ဘောလုံးပွဲက နှစ်နာရီ။ သူနှင့် ဘရစ်ဂျစ် ငွေရောင်ကားလေးပေါ်ရောက်တော့ စကားမပြောဖြစ်တော့။ နှစ်ယောက်စလုံး မောလှပြီ။ အက်ဂရိုပိုးလစ်စ်က မွန်ပယ်လီယေး ဘောလုံးကွင်းကို တော်တော်လေး မောင်းရသည်။ လမ်းတွေက ကောင်းပါသည်။ ဘောလုံးကွင်းကြီးကို လှမ်းမမြင်ရသည့် ကွင်းကျယ်ကြီးထဲမှာ ကားထားခဲ့ရသည်။ ကားနေရာချပေးသူတွေက တူညီဝတ်စုံတွေနှင့် ဖြစ်သည်။ ဘောလုံးကွင်းကြီးဆီကို ကုန်းကြောင်း လျှောက်လာသူတွေက လမ်းမကြီးပေါ်မှာ မဆံ့နိုင်။ သူနှင့် ဘရစ်ဂျစ်ကလည်း လူတွေနဲ့ရောကာ လိုက်နေရသည်။ သူကတော့ တော်တော် စိတ်ညစ်နေသည်။ ဘောင်းဘီချောင်ချောင်ကလည်း လျှောကျချင်နေပြီ။ ကုတ်အင်္ကျီက တစ်ဖက်၊ လက်ဆွဲအိတ်က တစ်ဖက်။ ကင်မရာကိုလည်း ထုတ်ကိုင်ထားချင်သည်။ ကက်ဆက်ကိုလည်း လက်မလွှတ်ချင်။ မြင်သမျှ ကြားသမျှအသံတွေ ထည့်ထားရဦးမည်။ အဆိုးဆုံးကတော့ ဖိနပ်ပေါက်နေခြင်း ဖြစ်သည်။ သူ့စိတ်ထင် ဘောလုံးကွင်းကြီးကိုရောက်ဖို့ နှစ်မိုင်နီးပါး လျှောက်လိုက်ရသည်ထင်၏။ အပေါက်ဝမှာ တန်းစီ၊ လက်မှတ်ပြ၊ ဘောလုံးကွင်းဝကို ရောက်။ မွန်ပယ်လီယေး ဘောလုံးကွင်းက ငယ်သော်လည်း

လှပသည်။ အပြာရောင် သံပေါင်ကြီးတွေနဲ့ အဝါရောင်တောက်တောက် အဆောက်အအုံကြီးက သူ့ရင်ကို ခုန်နေစေသည်။ အပေါက်ဝမှာ မဝင်သေးဘဲ ခဏနားသည်။ လူမျိုးစုံ၊ ဒီဇိုင်းစုံ၊ အဆင်စုံ၊ ဖြူဖြူမည်းမည်း။ သည်နေရာမှာတော့ အသားအရောင်ခွဲခြားမှု မရှိ၊ ချမ်းသာဆင်းရဲ မရှိ၊ ဖွံ့ဖြိုးစနှင့် ဖွံ့ဖြိုးပြီး မရှိ၊ စစ်မက် မရှိ၊ ရန်ငြိုးရန်ဘက် မရှိ၊ ပိုးမွှားလက်နက် မရှိ၊ ကြီးနိုင်ငယ်ညှင်း မရှိ၊ လက်နက်အားကိုး မရှိ၊ ပကတိ ငြိမ်းချမ်းမှုဖြင့် ကမ္ဘာ့သူ ကမ္ဘာ့သားတွေ ထွေးရောယှက်တင်။ အားလုံးက မြူးရွှင်နေသည်။ ခပ်လှမ်းလှမ်း အလှပြကားကြီးပေါ်က လူမည်းအမျိုးသမီးတွေရဲ့ အကကို လူဝါတွေက ဩဘာပေးနေသည်။ ထရမ်းပက်မှုတ်သံတွေ၊ ဒရမ်ရိုက်သံတွေ ဝေစည်နေသည်။ သင်တိုင်းနီနီ ဦးထုပ်ပြားကြီးတွေနဲ့ လူမျိုး တစ်စုက ဘောလုံးကွင်းကြီးရှေ့မှာ ကနေကြသည်။ ဓာတ်ပုံမီးပွင့်တွေက တဖျပ်ဖျပ်။ ဘောလုံးကွင်းဝက ပန်းပင်ခုံမြင့်မြင့်မှာ WORLD CUP 98 ပန်းပွင့်ရောင်စုံ စာတန်းရှိသည်။ စာတန်းနောက်ခံနှင့် ဓာတ်ပုံရိုက်နေကြသူတွေပါပဲ ထောင်ချီ ရှိသည်။ မက်ဒေါနယ် ဟမ်ဘာဂါဆိုင်တွေမှာ၊ ကိုကာကိုလာဆိုင်တွေမှာ၊ ဘောလုံးပွဲဝတ်စုံရောင်းသည့် လမ်းဘေးဆိုင် လှလှကလေးတွေမှာ၊ ဘီယာနဲ့ အချိုရည်သံဘူးရောင်းသည့် ဆိုင်ကလေးတွေမှာလည်း လူတွေခဲနေသည်။

သူနှင့် ဘရစ်ဂျစ် အထဲရောက်တော့ နှစ်ဖက်အသင်း အားကစားသမားတွေ အမျိုးသားသီချင်းဆိုပြီးပြီ။ သူတို့ထိုင်ခုံကို ဝန်ထမ်းတစ်ဦးက လိုက်ပြသည်။

မြို့တွင်းက ဘောလုံးကွင်းကို ပြေးဆွဲပေးနေသည့် ကားကြီးတွေက တမျှော်တခေါ်။ ရဲတွေကလည်း များလှချည့်။ ရဲမေတွေကလည်း ကွန်မန်ဒိုဝတ်စုံတွေနဲ့။ ခါးမှာ တုတ်နဲ့ ပစ္စတို။ ယောကျ်ားတစ်ယောက် နှစ်ယောက်ကို အေးအေးဆေးဆေး ကိုင်ပေါက်ပစ်လိုက်မည် ဆိုသည့်ပုံတွေ။ ကျောက်ဖြူသား ထိုင်ခုံခွက်ခွက်ကလေးထဲမှာ အံကျထိုင်ရင်း လူတွေ လှိုင်းလုံးလုပ်ရင် ထလိုက်ကြရ၊ လက်ခုပ်တီးရင် လိုက်တီးလိုက်ကြရ၊ ပါရာဗွေး… ပါရာဗွေး အော်လျှင် လိုက်အော်လိုက်ကြရ။ ဆွေမတော် မျိုးမစပ် ဘယ်သူ့ကိုမှ မရှုံးစေချင်တာလည်း အမှန်။ ဘောလုံးပွဲအားလပ်ချိန်မှာတော့ ပရိသတ်နောက်ခံနှင့် သူ ဓာတ်ပုံရိုက်သည်။ ကွင်းထဲမှာတော့ တူညီဝတ်စုံဝတ်



ကွင်းလုပ်သားတွေက မြက်ဖတ်တွေကို တစ်ကွင်းလုံးအနှံ့ ပြန်ကပ်နေကြသည်။ ဘောလုံးပွဲပြီးတော့ သည်လူတွေ ဘယ်လိုပြန်ကြမှာလဲ။ လူတွေကတော့ ပူပန်သောက ရှိပုံမရ။ ဘောလုံးပွဲက သူ ထင်ထားသလောက် မကောင်း။ ဘရစ်ဂျစ်ကတော့ သဘောကျပုံရသည်။ အာဂျင်တီးနားပွဲကို လာကြည့်ဦးမည် ဆိုနေသေးသည်။ ဘောလုံးပြိုင်ပွဲကြီး ပြီးသွားတော့လည်း လူတွေက သီချင်းတွေဆိုကာ ပြန်ကြသည်။ ဘောလုံးကွင်းအပြင်ရောက်တော့ သံမဏိအကာတန်း နိမ့်နိမ့်ကလေးတွေချထားကာ ကားရှည်ကြီးတွေ အသင့်တန်းစီထားသည်။ ကိုယ်ပိုင်ကား မပါသူတွေက မြို့တွင်းသွားဘတ်စ်ကားရှည်ကြီးတွေပေါ်ကို စနစ်တကျတန်းစီတက်သည်။ တစ်စီးပြီးတစ်စီး ကားတွေကအများကြီး။ ကိုယ်ပိုင်ကားကွင်းဘက်ကို သွားမည့်သူတွေက သတ်မှတ်လမ်းကြောင်းက ဘောလုံးကွင်းအပြင်ကို ထွက်ရသည်။ သွားချင်သလို သွားခွင့်မရှိ။ ကိုယ်ပိုင်ကားမစီးဘဲ ရောက်လာကြသူတွေကို ဦးစားပေးရသည့်သဘော ဖြစ်သည်။ အပြန်ခရီး နှစ်မိုင်လောက်လျှောက်ပြီးတော့ သူ မောဟိုက်နေပြီ။ ဘရစ်ဂျစ်ကလည်း အသံမထွက်တော့။ ကားမောင်းထွက်လာတော့ အေးမြသည့်လေက တစ်ကိုယ်လုံးကို လန်းဆန်းသွားစေသည်။ မြို့ရဲ့နေရာအနှံ့အပြားမှာ 'M' ဆိုသည့် မြို့သင်္ကေတအမှတ်အသားတွေ ရှိသည်။ မွန့်ပယ်လီယေး မြူနီစီပယ် အားကစားကွင်းကြီးကို တစ်နေရာမှာ တွေ့ရသည်။ တစ်နေရာမှာ လမ်းမှားသွားသေးသည်။ ဘရစ်ဂျစ်က ပြင်သစ်လို လမ်းမေးတော့ လူငယ်တွေက ယဉ်ယဉ်ကျေးကျေး ဖြေသည်။ သူ မြင်ခဲ့ရသလောက် ပြင်သစ်လူမျိုးတွေ ရိုင်းပျတာမတွေ့ခဲ့ရပါ။ ပြီးတော့ ဆူဆူပူပူသဘော မရှိဘဲ အေးချမ်းသည့်သဘောကိုသာ တွေ့နေရသည်။ ဒါ သူ မြင်သလောက်ဖြစ်လို့ အလုံးစုံမှန်ကန်သည်ဟု မဆိုလိုပါ။ မည်သည့်နေရာတွင်မဆို အကူအညီတောင်းလျှင် ပျာပျာသလဲကူညီဖို့ ပြေးလာတတ်ကြသည်။ ဟိုတယ် အာဆိုးကိုရောက်တော့ ညနေ ငါးနာရီခွဲတော့မည်။ အခန်းအမှတ် ၁၀၄ သော့ကိုတောင်းကာ တက်လာခဲ့သည်။ ရေချိုးခန်းကျဉ်းကျဉ်းမှာ ရေချိုးလိုက်ရတော့မှ နွမ်းနယ်မှုတွေ လျော့ပါးသွားသည်။ အခန်း၏ခပ်မြင့်မြင့် ချိတ်ထားသော တီဗီသေးသေးလေးကတစ်ဆင့် တီဗီအစီအစဉ်တွေကို လှဲအိပ်ရင်းကြည့်သည်။ တီဗီက ဒေဝူးဆယ့်လေးလက်မ

တီဗီကလေး။ မရှိတာထက်စာလျှင် တော်သေးသည်။ သူ့ဘေးမှာ ရှေးဟောင်း ဗီရိုကြီးတစ်လုံး၊ ရှေးဟောင်းမှန်တစ်ချပ်နှင့် စားပွဲခပ်သေးသေး တစ်လုံး ရှိသည်။

သူ့ခြေထောက်တွေက ဖိနပ်ကို ထပ်စွပ်ဖို့ကြောက်လန့်နေသော်လည်း စွပ်ရဦးမည်။ မွန့်ပယ်လီယေးမြို့ထဲကို သွားရမည် ဆိုလေ၏။

ဟိုတယ် ဒီအာဆိုးက တကယ့်ဟိုတယ်ကြီးနဲ့ မတူပါ။ ဟိုတယ် လုပ်တမ်းကစားဖို့ ဆောက်ထားတာမျိုး ဖြစ်သည်။ သို့သော် သန့်ရှင်းသပ်ရပ်သည်။ ကြေးလည်းကြီးပုံမရ။ အောက်ထပ်က ဆိုဖာအိအိကြီးတွေမှာ ထိုင်ရင်း ဘရစ်ဂျစ်ကို စောင့်သည်။

သူ ဟိုတယ်အပြင်က ရေသွယ်တူးမြောင်းခုံးကြီး အောက်ကို သူ ဆင်းလာခဲ့သည်။ မနက်က ဈေးကလေးမရှိတော့ပါ။ ဈေးရှိခဲ့ဖူးသည့် အမှတ်အသားပင် မရှိ။ ပကတိရှင်းသန့်နေသည်။ ခုံးမြင့်ကြီးက ရှည်လျားလှသည်။ ပြီးတော့ မြင့်လည်းမြင့်သည်။ ဘေးက ချက်စနတ်ပင်ပျိုတွေက ခုံးမြင့်ကြီးကို ကျော်နေပြီ။ နေရောင်ခြည်ဖွေးဖွေးက မြင်ကွင်းတစ်ခုလုံးကို လင်းချင်းနေစေသည်ကော။ မြို့ထဲကို ကားနှင့်မသွားတော့ပါ။ ခုံးတူးမြောင်းကြီးအောက်က လျှောက်လာခဲ့ကြသည်။ တစ်နေရာမှာတော့ လှေကားထစ် ခပ်မြင့်မြင့်ပေါ်ကို တက်လိုက်ရသည်။ သည်နေရာမှာတော့ အာဆိုးဟိုတယ်နေရာက မြေနိမ့်ဖြစ်ကာ ဘွားခနဲတွေ့လိုက်ရတော့ စိတ်တွေ လွတ်လပ်သွားသည်။ ပြီးတော့ အောင်ပွဲခံခုံးလို တည်ဆောက်ထားသည့် ရောမခေတ်လက်ရာ အဆောက်အအုံ။ အောင်ပွဲခံခုံးကြီးရှေ့မှာ ကြည်စိမ်းနေသည့် ရေကန်။ သည်ရေကန်တွေဟာ ကောင်းကင်တူးမြောင်းကြီးက စီးလာတာဖြစ်မည်။ ပြီးတော့ ဥယျာဉ်လမ်းကျယ်။ ဘေးတစ်ချက်မှာ ပန်းအလှပင်တွေ၊ သစ်ပင်လှလှကြီးတွေ စိုက်ထားသည်။ အသံချဲ့စက်တပ် ရဲကားနှစ်စီးက အသင့်အနေအထား။ အနားမှာ လူငယ်ဂီတာဝိုင်းကလေး ရှိသည်။ တော်တော်ဝေးဝေးကို လျှောက်လာတော့မှ မြို့လယ်ကို ရောက်သည်။

'ဝင်းကို ပြောခဲ့သလိုပဲ၊ သည်မြို့ရဲ့ထူးခြားချက်က လူဝီ၁၄ ဘုရင်ရဲ့ ဘုန်းရိပ်အောက်မှာ ရှိခဲ့ဖူးတယ်။ နောက် ရှေးခေတ်လူကုံထံကြီးတွေ နေခဲ့ဖူး



တယ်။ သမိုင်းဟောင်းအဆောက်အဦးတွေ များတယ်။ သည်လမ်းကလေးတွေကို ကြည့်လေ။ ကားသေးသေးကလေး တစ်စီးစာပဲရှိတယ်။ ပြီးတော့ ကွေ့ကောက်ပြီး ဝင်သွားလိုက်တာ ဟိုအောက်ဘက်အနိမ့်ထဲကို ရောက်သွားရော။ ပြီးတော့ လူနေရပ်ကွက်ထဲမှာပဲ ရောမခေတ် ဗိသုကာတွေရှိပြီး လူတွေက မပြုမပြင် အဟောင်းထဲမှာ နေကြတုန်းကွ'

ပန်းဈေးကလေးကိုကျော်တော့ ကဖေးဆိုင်တွေကို တွေ့ရပြီ။ အင်္ကျီ ဒီဇိုင်းမျိုးစုံကို ချိတ်ထားတသည့် ဆိုင်ကလေးတွေက ရောင်းတာနဲ့မတူ။ အင်္ကျီပြခန်းနှင့် တူသည်။ မြို့ခံတွေကတော့ အမြဲတမ်းနေသာတတ်သည့်မြို့ ဆိုတော့ သူတို့မြို့ကလေးကို 'နေရောင်အောက်မှာ အရာရာ'ဟု တင်စားကြသည် ဆို၏။ မြို့လယ်မှာ ခေတ်ဗိသုကာလက်ရာ 'လေကိုရမ်[1]' အဆောက်အအုံ ရှိသည်။ လေကိုရမ်က ပြဇာတ်ရုံဖြစ်သည်။ ပြီးတော့ အစည်းအဝေး ခန်းမဆောင်လည်း ဖြစ်သည်။ ဘာလီယော့ဇ် အော်ပရာ ခန်းမ[2]ဟု ခေါ်သည်။ ပြီးတော့ သီးခြားဇင်းနစ်ပြဇာတ်ရုံ[3]ကြီးလည်း ရှိသည်။ မွန့်ပယ်လီယေး ဂေါက်ကွင်းသန့်သန့်ရှိသည်။ အိုကီးယားနိုး[4]လို့ ခေါ်သည့် အဏ္ဏဝါ သုတေသနဌာနကြီး ရှိသည်။

အိုကီးယားနိုးက ပင်လယ်နှင့် ပတ်ဝန်းကျင်သုတေသန အစီအစဉ် ဖြစ်သည်။ နိုင်ငံတကာဆိုင်ရာ အဏ္ဏဝါသိပ္ပံ သုတေသနပွဲတွေ ကျင်းပတတ်သည်။ ပင်လယ်ဝန်းကျင်မှာ တစ်ပတ်ကြာအစီအစဉ်[5]တွေ ရှိသည်။ ပြီးတော့ ပြင်သစ်ဗိသုကာ ဘာစကိုနီရဲ့ ခေတ်သစ်ဟန် အဆောက်အအုံတွေက ကမ္ဘာကျော်သည်။ မြေထဲပင်လယ်ထဲကိုစီးဝင်သည့် လက်ဇ်[6]မြစ်ဘေးက ဆိပ်ကမ်း ဗိသုကာကို တကူးတကလာကြည့်ကြရသည်။ ကမ္ဘာကျော် ယူရိုမက်ဒီဇင်း[7] ဆေးဝါးသုတေသန ဌာနကြီးကလည်း ဆေးဝါးတွေ ထုတ်လုပ်သည်။ အနောက်ကမ္ဘာနှင့် ပြင်သစ်ဆေးပညာ၏ နိမိတ်ပုံဟု ဆိုသည်။ မွန့်ပယ်လီယေး ANTENNA အင်တင်နာရုပ်သံလွှင့် နည်းပညာသိပ္ပံနှင့် INFOR-

၁။ Le Corum
၂။ Berlioz Opera Hall
၃။ Zenith Concert Hall
၄။ Okeanos
၅။ Week on the Sea and its Environment
၆။ Lez River
၇။ Euromedicine

MATIQUE အင်ဖောမတစ် ကွန်ပျူတာသိပ္ပံကလည်း ပြင်သစ်မှာထင်ရှားသည်။

'ဒါ မြို့လယ်ပဲ။ မွန့်ပယ်လီယေးမြို့လယ်က သိပ်ရှိးရှင်းတယ်။ တွေ့လား၊ အလယ်မှာ အိမ်တွေမထားဘဲ ကွင်းကျယ်ကြီး လုပ်ထားတယ်။ အော်ပရာရုံကြီးက မြို့လယ်သင်္ကေတပေါ့။ ဈေးဆိုင်တန်းတွေမှာ ထိုင်ရင်း ကွင်းကျယ်ထဲက လူတွေကို ငေးနိုင်တယ်'

လူတွေကို ငေးနိုင်သည်။ ကွင်းကျယ်ထဲမှာ တကယ်ပဲ လူတွေများလှပါသည်။ မြို့လယ်ကွင်းကြီး တစ်ကွင်းလုံး ပြည့်ကျပ်နေအောင် မများလှသော်လည်း များတာကတော့ များသည်။ ကွင်းပြင်တစ်ဖက်တစ်ချက်က စားသောက်ဆိုင်တွေကလည်း စုံသည်။ ပြင်သစ်အစားအစာမျိုးစုံကို ရနိုင်သည်။ ဈေးဆိုင်တန်းတွေရဲ့ ကုလားထိုင်တွေကပဲ ထောင်ချီပြီး ရှိနိုင်သည်။ ကုလားထိုင်တွေ အပြည့်။ ကွင်းထဲမှာ လူတွေအပြည့်။ အော်ပရာရုံကြီး တစ်ဝိုက်မှာ အပြည့်။ ရေပန်းရုပ်တုရှေ့မှာ အပြည့်။ လူတွေကို ငေးနိုင်တယ်ဆိုတာ ဒါလား။ အော်ပရာရုံကြီးရဲ့ထိပ် တစ်ဖက်တစ်ချက်မှာ စာတန်းနှစ်တန်းရှိသည်။ တစ်ဖက်မှာ 'အလွမ်းအမော'လို့ ရေးထားသည်။ နောက်တစ်ဖက်မှာတော့ 'အသောအရွှင်'…တဲ့။ ပြဇာတ်ရုံကြီးရဲ့ ရှေ့မှာတော့ လူတွေ။ အော်ပရာဇာတ်ခုံပေါ်က သရုပ်ဆောင်တွေ မဟုတ်။ အရှိပကတိလူတွေ။ ဇာတ်ရုပ်ကိုယ်စီနဲ့ လောကသရုပ်ဆောင်တွေ။ ကံကြမ္မာသရုပ်တွေ။ ဘဝသရုပ်ဆောင်တွေ။ အလွမ်းအမော အသောအရွှင်တွေနဲ့ လူတွေ…။ စင်စစ် အော်ပရာရုံကြီးရော ကျောက်ဆစ်ရုပ်တု ရေပန်းကြီးရော တိုက်တာအိမ်ခြံတွေပါ ဟောင်းမြင်းညှိုးမှိန်နေသည်။ ရေပန်းခုံပေါ်မှာ ရေညှိတွေတက်နေပြီ။ ရေပန်းခုံပေါ်က ကျောက်ဆစ်နတ်မိမယ် နှစ်ယောက်ကတော့ ဆွတ်ဆွတ်ဖြူ ကျောက်သားရုပ်တုတွေ။ အပေါ်ပိုင်းဗလာ၊ လျှော့ရိလျှော့ရဲ ခါးစည်းစ၊ တစ်ယောက်ကို တစ်ယောက် ကျောပေးကာ လက်တွေမြှောက်ရင်း ချိတ်တွယ်ထားသည်။

ကွင်းထဲမှာတော့ မော်တော်ဆိုင်ကယ်စီးသူတွေက လူတွေကို ရှောင်ကာ တိမ်းကာ စီးနေကြသည်။ လမ်းမီးတိုင်မြင့်မြင့်ကြီးတွေက ကွင်းလယ်



မှာ။ သံရထားလမ်းကြီး နှစ်တိုင် သုံးတိုင်ပူးကာ ထောင်ထားတာမျိုးဖြစ်သည်။

ကမ္ဘာ့ဖလား ကစားနေကြသည့် နိုင်ငံစုံ အလံကြီးတွေကတော့ တအိအိ။ ဟိုးဝေးဝေးအထိ။ မီးတွေကိုထွန်းမထားသေးပါ။ မြို့၏ဟောင်းမြင်းမှုကို သည်နေရာမှာ ဘာလုပ်ထားတာလဲ။ တခြားနေရာတွေမှာ သစ်လွင်သလောက် မြို့လယ်စင်တာဆိုသည့် သည်နေရာက ဘာဖြစ်လို့ ဟောင်းမြင်းနေရတာလဲ။

ဘရစ်ဂျစ်ကတော့ မက်ဒေါနယ်ဟမ်ဘာဂါပဲ ဝယ်သည်။ စက္ကူကုတ်ဘူး တစ်ဘူးစီ ဝယ်သည်။ ကုလားထိုင်လေးနှစ်လုံးမှာ ထိုင်ရင်း ကိုယ့်အတွေးနဲ့ ကိုယ်။ သူ့စိတ်တွေကလည်း တွေးနေသည်။ သူ့နိုင်ငံကို သတိရနေသည်။ သူငယ်ချင်းမိတ်ဆွေတွေကို သတိရနေသည်။ သူ့မွေးရပ်ရွာကလေးကို သတိရနေသည်။ မိုင်ပေါင်း ၆၀၀၀ လောက်က အိုဟောင်းသော မြို့ကလေး တစ်မြို့ရဲ့ ကွင်းကျယ်ကြီးထဲမှာ သူထိုင်နေသော်လည်း သူ့စိတ်တွေကတော့ သူ့ကျေးလက်ရွာကလေးက ဖုန်တထောင်းထောင်း လှည်းလမ်းကြောင်းကို သတိရနေသည်။ ဟိုတယ်ဒီအာဆိုးကို အပြန်မှာတော့ သူ့စိတ်တွေ လေးလံနေသည်။ ပေါင်တစ်ခြမ်းပေါ်နေသည့် စီးကရက်မီးခိုး တငွေ့ငွေ့ ဆည်းဆာငှက်တချို့ တိုက်နံရံတွေကိုမှီကာ ရပ်နေကြသည်။ သူတို့ကတော့ ဟောင်းမြင်းမနေပါ။ အရက်မူးနေသူတွေ၊ ပိုက်ဆံလိုက်တောင်းနေသူတွေ၊ ဆည်းဆာငှက်တွေ၊ ဖွံ့ဖြိုးလွန်နိုင်ငံ တစ်နိုင်ငံရဲ့ ညနေခင်းမှာ မြဲတွေမှုတွေ တွေ့နေရတာကကော။

'ဘာတွေ တွေးနေတာလဲ ဝင်း'

'ဩ်… ဘရစ်ဂျစ်ပြောလိုက်တဲ့ လူတွေကို ငေးနိုင်တယ်ဆိုတာလေ။ ကိုယ် တကယ်ငေးမိသွားတယ်'

'အင်း… လူတွေကို ငေးနိုင်တယ်။ လူဆိုတာ လူပါပဲကွာ။ ပြင်သစ်က အနုပညာရှင်ကြီး ချားလ်စ်အက်ဇ်နာဗာ[၁] ပြောသလိုပဲ၊ ဇာတ်ညွှန်းက ကျွန်တော့်ကို ရုပ်ရှင်ရိုက်ဖို့ ဆုံးဖြတ်စေတာပါပဲ။ ဒါပေမဲ့ အနှစ်ငါးဆယ် ရုပ်ရှင်သက်တမ်းမှာ ဘာပဲတွေ့ရသလဲဆိုတော့ ဇာတ်လမ်း… ပြီးတော့

၁။ Charles Aznavour

ဇာတ်လမ်း၊ ပြီးတော့ ဇာတ်လမ်းတွေပါပဲ… တဲ့။ ကိုယ်တော့ သည်စကား ကို သိပ်ကြိုက်တယ်'

မာရင်ခါးမစ်ကတော့ ဇာတ်လမ်းတွေကို ရုပ်ရှင်ရိုက်နေတာ မဟုတ်။ စကားလုံးတွေကို ရုပ်ရှင်ရိုက်နေတာဟု ဆိုခဲ့ဖူးသည်။ စားပွဲမှာ ထိုင်တုန်းက စက္ကူကုတ် (Coke) ဘူးကိုပဲ သောက်ဖြစ်ခဲ့သည်။ လက်ထဲမှာ ဟမ်ဘာဂါ ဘူးလေး ပါလာသည်။ ဟိုတယ်ရောက်တော့လည်း မစားဖြစ်။ စားပွဲပေါ် တင်ထားလိုက်သည်။ ပြီးတော့ အောက်ပြန်ဆင်းလာကာ ဟိုတယ်ရှေ့က ကျောက်သလင်းဖြူ စားပွဲပေါ်မှာ သူ ထိုင်လိုက်သည်။ တော်တော်ကြာကြာ ထိုင်ပြီးတော့မှ အခန်းကို ပြန်တက်လာခဲ့သည်။ ခန်းဆီးစက ငြိမ်သက်နေ သည်။ မြေထဲပင်လယ် ကောင်းကင်ပြာကို တွေ့နေရသည်။ ဟမ်ဘာဂါနံ့ သင်းပျံ့နေသည့် မြေထဲပင်လယ်ရဲ့ ညပါလေ။

✣

မနေ့ကမနက် ဆယ်နာရီကျော်ကျော် ဟိုတယ် ဒီအာဆိုးကို ရောက် တော့ ဈေးကလေးက ဈေးစည်ချိန် ဖြစ်နေခဲ့သည်။ ဈေးခင်းတာမတွေ့ခဲ့ရ။ သည်မနက် သူနိုးတော့ နှစ်ထပ်ရေသွယ် တူးမြောင်းခုံးပေါက်ကြီးအောက်က ဈေးကလေးက ခင်းခါစဖြစ်သည်။ ဟိုတယ်လှေကားထစ် နိမ့်နိမ့်ကလေးက ဆင်းလျှင် ဈေးထဲကို ရောက်တာဆိုတော့ သူတစ်ယောက်တည်း ဈေးထဲ ရောက်သွားသည်။ သူ ပါရီကိုရောက်ခါစက သွားကြည့်ခဲ့ဖူးသောရပ်ကွက် ဈေးကလေးမျိုးပါပဲ။ ဒါက အာဆိုးရပ်ကွက်ဈေး ဖြစ်လိမ့်မည်။ ဈေးဆိုင် ကလေးတွေက ခင်းတုန်း။ ဈေးခင်းပြီးသူတွေက ရောင်းနေကြပြီ။ အသား ဆိုင်တွေမှာ ဈေးဝယ်တွေအုံနေပြီ။ ဒိန်ခဲပြားကြီးတွေ၊ ပေါင်မုန့်တုံးကြီးတွေ၊ အသားခြမ်းကြီးတွေကတော့ စားချင်စရာ။ 'လာနော်… လာနော်… ဟော သည်မှာ' လို့ အော်တတ်သော ဈေးသည်တွေကလည်း မြန်မာတွေလိုပါပဲ။ ကွန်တိန်နာကြီးနဲ့ တိုက်လာသော ရောင်စုံပန်းပုံးတွေက သူ့အရောင်နဲ့သူ့ပုံး ဖြစ်သည်။ ပလတ်စတစ်ပုံးကြီးတွေထဲမှာ ပန်းမျိုးစုံ။ ပန်းတင်ခုံမြင့်ကလေး တွေပါ ကားပေါ်ကချပြီး ဆင်လိုက် ပြင်လိုက်သည့်အခါ ပန်းဆိုင်ကလေး ဖြစ်သွားသည်။ သူကတော့ ဈေးနှုန်းကတ်ပြားတွေကို ရသလောက် လိုက် ဖတ်သည်။

ကြက်သားက တစ်ကီလိုဖရန့် ၃၀၊ ကြက်သွန်ဖြူကျတော့ တစ်ကီလို ဖရန့် ၄၀ ဖြစ်နေသည်။ ဂေါ်ဖီထုပ်က တစ်ကီလို ၁၅ ဖရန့်၊ ကြက်ဥက တစ်ကီလို ၇ ဖရန့်၊ စတော်ဘယ်ရီသီးတွေကတော့ တစ်ကီလို ဖရန့် ၂၀ က ၃၅ ဖရန့်အထိ ဈေးရှိသည်။ ကားတွေက ဈေးကလေးဆီကို လာကြ

တုန်း။ ဈေးခင်းဖို့ ပြင်ကြတုန်း။ နေရောင်ခြည်နုနုကလေး အောက်မှာ ဈေးသည်တွေက တပြုံးပြုံး။ ဈေးဝယ်တွေက တရုန်းရုန်း။

ဈေးကလေးကို ကြည့်ပြီးတော့မှ ဟိုတယ်ပေါ် ပြန်တက်၊ မျက်နှာသစ်၊ ရေချိုး၊ အဝတ်အစားလဲကာ တစ်ခါတည်း အထုပ်ဆွဲကာ ဆင်းလာခဲ့သည်။ ညက မစားဖြစ်သော မက်ဒေါနယ်ဟမ်ဘာဂါ ဘူးကလေးကို အမှိုက်ခြင်းထဲထည့်ဖို့ အောက်ကို ယူလာခဲ့သည်။

'ဝင်း ညက ဟမ်ဘာဂါ မစားဘူးလား'

ဘရစ်ဂျစ်က အောက်ထပ်ကော်ဖီခန်းထဲက လှမ်းမေးသည်။ သူက အမှိုက်တောင်းထဲ ပစ်ထည့်လိုက်ကာ မနက်စာ ဝင်စားသည်။ ကော်ဖီပူပူ၊ နွမ်းဖြူးပေါင်မုန့်ပျော့ပျော့၊ ထောပတ်သုတ်ပေါင်မုန့်မာမာ၊ နို့ဆမ်းပြောင်းဖူးပေါက်ပေါက်တစ်ပန်းကန် ဖြစ်သည်။ မန်နေဂျာမကလေးက သူတို့စားပွဲကို လာထိုင်ကာ နှုတ်ဆက်သည်။ သည်မနက် တစ်ခါတည်းထွက်ရမည်လေ။ မန်နေဂျာမကလေး ပြောသမျှ ဘရစ်ဂျစ်က ဘာသာပြန်ပေးသည်။ မွန့်ပယ်လီလေး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အထိမ်းအမှတ် တင်ဆက်မှုတွေအကြောင်း ဖြစ်သည်။ မန်နေဂျာမကလေး ပြောပုံအရ ပွဲတွေကစုံလှသည်။ စားပွဲတင်ဘောလုံးပွဲ ၉၈ ဆိုတာ ရှိသည်။ အားကစားနှင့် ဓာတ်ပုံပြပွဲများ အစီအစဉ်ရှိသည်။ သူတော်စင်မယ်တော်အန်း ညနေခင်း ဂီတပွဲတော်ရှိသည်။ ကိုရမ်ပြဇာတ်ရုံကြီးမှာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အထူးအစီအစဉ်တွေ ရှိသည်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကလေးအစီအစဉ် ရှိသည်။ ကမ္ဘာ့ဖလား ကျေးရွာအစီအစဉ်တွေလည်း ရှိသည်။

'ရစ်သမ်ရဲ့ ကန္တာရခရီးသည်' အစီအစဉ်ရှိသည်။ ရွှေရောင်ရာစုနှစ်၏ အလင်းတန်းများ အစီအစဉ်ရှိသည်။ ပြင်သစ်-ဘရာဇီးလ် ပူးပေါင်းတင်ဆက်သည့် Concert-match အစီအစဉ်ရှိသည်။ ပြင်သစ်ရေစီးချင်းထိုးပွဲ[၁] ဖလား အစီအစဉ်တွေ ရှိသည်။ ဂီတပွဲတော်တွေ ရှိသည်။ Drywet အစီအစဉ်တွေ ရှိသည်။ ဘာဗရာဟင်းဒရစ်ကပွဲ[၂] အစီအစဉ်ရှိသည်။ ဗားတော့ဗရက်ရဲ့ လေးပဲနီ အော်ပရာ[၃] အစီအစဉ်ရှိသည်။

၁။ French Water Jousting cup.

၂။ Barbara Hendricks in Concert

၃။ The Fourpenny Opera by Bertolt Brecht



'များလှချည်လား ဘရစ်ဂျစ်ရယ်။ သည်အစီအစဉ်တွေက ဘယ်မှာ တဲ့တုန်း'

'ရက်စွဲတွေကတော့ မတူဘူးပေါ့။ နေရာဌာနတွေလည်း မတူဘူး။ မွန့်ပယ်လီယေးမြို့က ကမ္ဘာ့ဖလားအထိမ်းအမှတ် စီစဉ်တင်ဆက်တာတွေ တဲ့ကွ'

Table football ဆိုတာကို ပြင်သစ်တွေ တော်တော်စွဲလမ်းသည်ဟု ဆိုသည်။ ဘယ်လိုကစားတာလဲ သူ မသိ။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ မတိုင်ခင်က ကျင်းပပြီးစီးသွားပြီဟု ဆိုသည်။ မွန့်ပယ်လီယေးခရိုင် ဒေသတွင်း အသက် ၁၃ နှစ်မှ ၁၅ နှစ်အောက် ကလေးများ ဘောလုံးပြိုင်ပွဲလည်း ကျင်းပပေးနေသည်။ ဒါက ပြင်သစ်တောင်ပိုင်းအတွက် သီးသန့် အစီအစဉ် ဖြစ်ကာ ပြင်သစ်မဂ္ဂဇင်း ဖရန့်စ်လေဘယ်လ်က ကြီးမှူးသည်ဟု ဆို၏။ အစည်ကားဆုံးပြပွဲကတော့ လွန်ခဲ့သော အနီးဆုံးနှစ်များက ကျင်းပခဲ့သည့် ပြင်သစ်ဘောလုံးပြိုင်ပွဲများမှ ဓာတ်ပုံကြီးတွေကို မီတာ ၁၀၀ ပတ်လည် ဓာတ်ပုံပိုစတာပြပွဲကြီးအဖြစ် ပြသခြင်းဖြစ်သည်။ မဟာဓာတ်ပုံကြီးများ ပြပွဲပေါ့။ ဒါကို အားကစားနံရံများဟု ခေါ်သည်။ ဥရောပလက်ရွေးစင် ဘောလုံးဓာတ်ပုံများကိုတော့ သီးခြားပြပွဲတွေအဖြစ် ကျင်းပပေးနေသည်။ သူတော်စင် မယ်တော်အန်းဂီတပွဲတော်ကတော့ ညနေခင်း ဂီတတင်ဆက်မှု အဖြစ် ရှစ်ရက် ရက်ခြား ကျင်းပပေးသည်။ လမ်းသွားလမ်းလာတွေသာမက မည်သူမဆို တက်ရောက်ခံစားနိုင်သတဲ့။

'The world cup at the Corum အစီအစဉ်မှာတော့ မော်ရိုကိုက ပလတ်စတစ် အနုပညာတင်ဆက်မှု[၁] ဆိုတာ ပြနေတယ်။ နောက် ပါရာဂွေး ပန်းချီဆရာတွေရဲ့ လက်ရာတွေ ပြနေတယ်။ ကင်မရွန်းကတော့ ရိုးရာလက်မှုပညာတွေပြလိမ့်မယ်။ ကင်မရွန်းဖက်ရှင် စီတန်းလှည့်လည်ပွဲလည်း ရှိတယ်။ ကပွဲနဲ့ စင်တင် ပြဇာတ်တွေလည်း ကင်မရွန်းက တင်ဆက်လိမ့်မယ်။ ကိုလမ်ဘီယာနဲ့ တူနီးရှားကလည်း သည်မှာလာပြီး ကိုလမ်ဘီယာ ကျေးလက် အစီအစဉ်၊ ကိုလမ်ဘီယာ ဆလိုက်ရှိုး၊ နောက် တူနီးရှားနဲ့ပေါင်းပြီး တော့ ပဒေသာကပွဲ လုပ်လိမ့်မယ်။ ကိုလမ်ဘီယာနိုင်ငံက ဘတ်စကားတွေ

၁။ Plastic Arts Exhibition

ကို ခြယ်မှုန်းပြီး မြို့ထဲလှည့်လည်ပွဲတွေလည်း ရှိတယ်။ နောက် ဂျာမနီက ယဉ်ကျေးမှုပြပွဲတွေလည်း ပါတယ်တဲ့'

မွန့်ပယ်လီယေးဒေသ ကျောင်းသူ ကျောင်းသားတွေရဲ့ ပန်းချီပြပွဲနှင့် ရိုးရာယဇ်သဘင် ပန်းချီအစီအစဉ်[၁]ကတော့ ပြင်သစ် ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲ ဂုဏ်ပြုအစီအစဉ် ဖြစ်သည်။ ရစ်သမ်အစီအစဉ်ကတော့ ပြင်သစ်နိုင်ငံ ဘာသာရေးအခမ်းအနားနှင့် ဆက်စပ်နေသည်။ ရစ်သမ်ရဲ့ ကန္တာရခရီးသည် အစီအစဉ်က တောက်ပခမ်းနားစွာ ဝတ်စားဆင်ယင်ကာ မြို့လုံးလှည့် ဆု တောင်းပွဲ ဖြစ်သည်။ ကင်မရွန်းနိုင်ငံနှင့် ကိုလမ်ဘီယာနိုင်ငံတွေကလည်း သူတို့နိုင်ငံ ကစားမည့်ပွဲတွေနှင့် ရက်ဆုံလျှင် တေးသံသာနှင့် အကများ ပါဝင်ဆင်နွှဲသည်ဆို၏။ သူတို့ကတော့ ဂီတ ထိပ်တိုက်ရင်ဆိုင်မှု[၂]ဟု တင်စား သည်။

'နာဗရားဆား ဆိုတာက အိန္ဒိယကချေသည် သုံးဆယ်က တင်ဆက်မှာ ဝင်းရဲ့။ ရာဆာရဲ့ ရသကိုးပါးအစီအစဉ်[၃]တဲ့။ သန္တရသ၊ ဝီရရသ၊ ဟာသရသ၊ ကရုဏာရသ၊ ရုဒ္ဒရသ၊ ဝိဘစ္ဆရသ၊ ဘယာနကရသ၊ အဗ္ဘုတရသ၊ သိင်္ဂါရရသ ဆိုတာတွေကို သရုပ်ဖော်မှာတဲ့'

ရသကိုးပါးကို ဘရစ်ဂျစ်က ပါဠိလိုရွတ်ပြနေခြင်း မဟုတ်။ serenity, heroism, comedy, pathos, fury, disgust, marvel, terror and love စသဖြင့် အင်္ဂလိပ်ဘာသာနှင့် ရွတ်ပြတာကို သူက ဆီလျော်အောင် ခံစားလိုက်ခြင်း ဖြစ်သည်။

'Dry wet ဆိုတာ ဘာလဲလို့ မေးပေးစမ်းပါဦး'

'Dry wet ကို ကိုယ် သိပါတယ်။ ရေတစ်ဝက်၊ ကုန်းတစ်ဝက် အစီအစဉ်ဆိုပါတော့။ သည်မှာက Sub-Aqua musicians တွေ ရှိတယ်။ တီးတဲ့ဂီတပညာရှင်က ရေထဲခုန်ချပြီး တီးတာကိုရေကူးရင်း နားထောင်ရတဲ့ ဂီတပွဲပေါ့။ သည်ပွဲကိုလာရင် တဘက်နဲ့ ရေကူးဝတ်စုံ ယူလာရတယ်။ ကုန်းပေါ်က နားထောင်ချင်ရင်လည်း ရတာပါပဲ။ ဒါမျိုးတွေ သည်မှာ သိပ်လုပ်တာ ဝင်းရဲ့'

---

၁။ Children world cup paintings and totems

၂။ In Musical Confrontation

၃။ Nine emotions of RASA.



သူကတော့ ဗားတော့ဗရက်ရဲ့ လေးပဲနီအော်ပရာကို ကြည့်ချင်နေသည်။ တုံ့ပြန်မယ့်မေတ္တာနဲ့ နိုင်ငံရေးသဘောတရားတွေ မွှေနှောက်ထားသည့် တေးဂီတတင်ဆက်မှုဟု ဆိုသည်။ လင်းလက်ခြင်း၊ ခမ်းနားခြင်း၊ ခေတ်ဆန်ခြင်းတွေကို သည်အော်ပရာမှာ တွေ့နိုင်လိမ့်မည်မဟုတ်ဟု ဆိုသည်။ မွန့်ပယ်လီယေးမှာ ဒါတွေရှိတာ သူမသိ။ သည်လိုဆိုတော့လည်း မွန့်ပယ်လီယေးက နေရောင်အောက်မှာ အရာရာဆိုတာ မှန်နေပါပကော။ ဟိုတယ် ဒီအာဆိုးကို နှုတ်ဆက်ပြီး ထွက်လာတော့ နေမြင့်ပြီ။ ဘရစ်ဂျစ်က ဒိုင်စက်ရုံတစ်ရုံကို သွားဖို့မေးထားပြီးပြီဟု ဆိုသည်။ ညက ဟိုတယ် မန်နေဂျာမကလေးက တယ်လီဖုန်းနှင့် ဆက်သွယ်ပေးသည်ဟု ဆိုသည်။ မွန့်ပယ်လီယေး စပျစ်စိုက်ခင်းတွေဆီကို သူ သွားချင်နေတာပါပဲ။ မြေထဲ ပင်လယ်လေကို ရှူရှိုက်ချင်နေတာပါပဲ ဘရစ်ဂျစ်ရယ်။

မြို့တွင်းကို မဝင်တော့ဘဲ အဝေးပြေးလမ်းမပေါ်ကို ရောက်နေပြီ။ မြို့ပြင်ကို ခဏကလေးနှင့် ရောက်သွားသည်။ မွန့်ပယ်လီယေး ခရီးသွား လုပ်ငန်းစုရုံးကို ခဏဝင်ကာ သူ့အတွက် စာရွက်စာတမ်းတချို့ တောင်းပေးသည်။ စပျက်စိုက်ခင်းတွေကို မြို့ပြင်ရောက်ကတည်းက တွေ့နေရသည်။ ဥယျာဉ်ခြံမြေတွေ လမ်းဘေးတစ်ဖက်တစ်ချက်မှာ စိမ်းစိုနေသည်။ ဂျုံခင်းတွေကတော့ ရင့်မှည့်ကြပြီ။ ကွင်းတွေထဲမှာ ဘာစက်ရုံတွေမှန်း မသိရသည့် စက်ရုံကလေးတွေ ရှိသည်။ တချို့နေရာမှာတော့ ပိုင်းပင်ရှည်ကြီးတွေ၊ ထင်းရှူးတောကြီးတွေ။ လူစိုက် ထင်းရှူးတောကြီးတွေလား၊ အလေ့ကျပင်တွေလား။ ထင်းရှူးပဒေသာပင်ကြီးတွေကလည်း စိမ်းရင့်နေသည်။ ခွတ်ဆီဆိုင်ကလေးတွေကတော့ ဝယ်သူကိုတောင် မျှော်နေရတာမျိုး။ ခြောက်သွေ့ တိတ်ဆိတ် သန့်ရှင်းနေသည်။ လမ်းမကြီးက ဘယ်ဘက်ကိုကွေ့လိုက်တော့ တောင်တန်းတွေကို တွေ့နေရသည်။ စပျစ်ခြံထဲကို ဖြတ်သန်းစီးဆင်းနေသည့် ရေမြောင်းက တောင်တန်းတွေဆီကို တဝေးတလျား။ ပန်းသီးပင်တွေက စီစီရီရီ။

ခဏနေတော့ ဘွားခနဲတွေ့လိုက်ရသည့် မြို့ကလေး။ မြို့ကလေးက ထွက်တော့ မြင်းစားကျက်ကွင်းတွေကို တွေ့ရပြီ။ မြင်းစီးတိရစ္ဆာန်ထိန်း ကျောင်းသူတွေက တောင်စောင်းတွေမှာ ကစားနေတာနဲ့ တူသည်။ တွေ့

လက် အိမ်ကလေးတွေဆီက ခွေးသံ၊ ကြက်တွန်သံတွေကြားရတော့ ဘရစ်ဂျစ်က လက်ခုပ်ဖွဖွကလေး တီးသည်။

'တောသံ တောင်သံတွေ ကြားရပြီ ဘရစ်ဂျစ်ရေ၊ ကိုယ်ကတော့ ကျေးလက်ကိုဖွဲ့တဲ့ တို့မြန်မာကဗျာတွေကို သတိရလိုက်တာ။ မင်းကော ပြင်သစ်ကဗျာတွေ ရရဲ့လား'

ဘရစ်ဂျစ်က ဘာမှပြန်မပြောပါ။ ကားကို စပျစ်ခြံတွေထဲကို ဖြတ်ဖောက်ထားသည့် လမ်းတွေထဲကို မောင်းဝင်လိုက်သည်။ ရှေ့မှာ ဘာမှမရှိ။ လမ်းဆုံးနေပြီ။ သည်တော့ နောက်ပြန်ဆုတ်လာကာ ညာဘက်ကို ကွေ့လိုက်သည်။ ဟော… ရှေ့မှာ လမ်းနှစ်မြွာ။ ကွင်းကျယ်ကြီးထဲမှာ စပျစ်ပင်တွေပဲ တစ်မျှော်တစ်ခေါ် ရှိသည်။ လမ်းမေးစရာ အနားမှာလူမရှိ။ အဝေးက ကြက်တွန်သံတွေတော့ ကြားနေရသည်။ ပြီးတော့ ဟိုးဝေးဝေးမှာ ဘုရားရှိခိုးကျောင်း မြင့်မြင့်ချွန်ချွန်။ ဘရစ်ဂျစ်က ဘယ်ဘက်လမ်းကို ရွေးလိုက်ပြန်သည်။ လမ်းကလေးတွေက ကျဉ်းသထက်ကျဉ်းလာသည်။ စပျစ်ခြံကာရံထားသည့် ခြံစည်းရိုးတွေက ကာထားသည်ဆိုရုံ နိမ့်နိမ့်ကလေးတွေ ဖြစ်သည်။ တစ်နေရာရောက်တော့ သမဝါယမ ဝိုင်ချက်စက်ရုံသို့ သွားသည့် လမ်းညွှန်ဆိုင်းဘုတ်ကို တွေ့သည်။

'ဝင်း… အသက်ဘယ်လောက်ရှိပြီလဲ၊ စိတ်မဆိုးနဲ့နော်'

'လေးဆယ့်ငါးနှစ် ရှိပြီ'

ကဗျာရွတ်ခိုင်းတာ မရွတ်ဘဲ သူ့အသက်ကိုမေးနေသည်။ ပြီးတော့မှ ဘရစ်ဂျစ်က ဂျာမန်ကဗျာဆရာ တစ်ယောက်ရဲ့ ကဗျာတစ်ပုဒ်ကို ပြင်သစ်လို ရွတ်ပြမယ်ဟု ဆိုသည်။ ပြင်သစ်လိုရွတ်ပြီးတော့မှ အင်္ဂလိပ်လို ဖြည်းဖြည်းကလေး ပြောလေသည်။

'ကမ္ဘာကြီးဟာ သစ်တော်သီးတွေ၊ နှင်းဆီပန်းရိုင်းတွေကို စုစုစည်းစည်း ဆုပ်ကိုင်ရင်း ရေကန်ထဲကို ဆွဲကြိုးချလိုက်တယ်။ ချစ်သော ငန်းတွေရေ… အနမ်းတွေမဲ့ မူးယစ်ရင်း မင်းတို့ရဲ့ဦးခေါင်းတွေကို မြင့်မြတ်ပြီး ဣန္ဒြေကြီးမားတဲ့ ရေပြင်ထဲ ထိုးထိုးငုပ်နေလိုက်ကြတာများ အလို… ငါက ဘယ်မှာ သွားရှာရမှာလဲ။ ဆောင်း ဘယ်တော့ရောက်လာမလဲ ဆိုတာ၊ ပန်းတွေ ဘယ်မှာလဲဆိုတာ၊ နေရောင်ခြည်ကကော ဘယ်မလဲ၊ ကမ္ဘာမြေရဲ့



အရိပ်တွေကကော၊ နံရံတွေကတော့ အေးစက်ခြင်းနဲ့ ရေငုံနှုတ်ပိတ် ခပ်ဝါးဝါးတိုးထွက်လာလိုက်တာလေ။ လေပြည်ထဲမှာတော့ လေကြောင်းပြ ကြက်ရုပ်ကလေးက တချောက်ချောက်နဲ့ပေါ့'

ကဗျာခေါင်းစဉ်က ဘဝရဲ့အလယ်မှာတဲ့။ ဒါပါပဲ။ ဘရစ်ဂျစ်က နောက်ထပ် ကဗျာအကြောင်းမပြောတော့။ ဝိုင်ချက်စက်ရုံကလေးရဲ့ အဝကို ရောက်ပြီ။ ကားထဲကဆင်းလာပြီး စက်ရုံဝင်းထဲ ရောက်လာသည့်တိုင် လူရိပ်လူယောင် မရှိ။ ခဏနေတော့မှ အနီရောင်သိုးမွေးထည်ကို ဝတ်ထားသည့် ပြင်သစ်တစ်ယောက် ထွက်လာကာ နှုတ်ဆက်သည်။ စက်ရုံထဲရောက်တော့ စက်ရုံတာဝန်ရှိသူ လေးငါးယောက်က ဝမ်းပန်းတသာ နှုတ်ဆက်သည်။ ဒေသသတင်းထောက် တစ်ယောက်က ဓာတ်ပုံတွေရိုက်လိုက်တာ တဖျန်းဖျန်း။ အိမ်ရှင်တွေက စက်ရုံသမိုင်းကို ရှင်းပြသည်။ ၁၉၂၄ ခုနှစ်ကတည်းက စက်ရုံ။ ပြီးတော့ သမဝါယမ ဝိုင်ချက်စက်ရုံဆိုတော့ စပျစ်စိုက်ပျိုးသူများ စုပေါင်းသမဝါယမအသင်းပိုင် စက်ရုံလည်း ဖြစ်သည်။ သိုလှောင်ရုံကြီးတွေကို တခြားတစ်နေရာမှာ တည်ဆောက်ထားသည် ဆို၏။ ၁၉၇၃ ခုနှစ်က စိုက်ပျိုးရေးအသင်းသား ၅၀၀ ကျော် ရှိခဲ့ရာက ခုတော့ အသင်းသားတွေ များလာပြီ။ သည်တော့ စပျစ်စိုက်ခင်း ဧရိယာတွေကလည်း ကြီးမားကျယ်ပြန့်လာသည်။

အရင်ကအသီးတွေ မကောင်းသော်လည်း တစ်စတစ်စ စပျစ်မျိုးကောင်းတွေ စိုက်နိုင်လာသည်။ ၁၉၈၃ မှာတော့ မျိုးကောင်းစပျစ်ဖြူတွေ ပိုစိုက်လာခဲ့သည်။ သည်ဒေသထွက်ဝိုင်တွေက ပြင်သစ်တစ်ပြည်လုံးကို ရောက်သည်။ ထုတ်လုပ်မှုကိုလည်း အရည်အသွေးရော အရေအတွက်ပါ မြှင့်တင်နေရသည်။ ဟက်တာငါးသောင်းလောက် စိုက်ခဲ့ရာက ဟက်တာနှစ်သိန်းထိ ကျယ်ပြန့်လာသည်။ များသောအားဖြင့် ပင်စင်သွားခါနီး ဝန်ထမ်းတွေက စပျစ်စီးပွားရေးကို ကူးပြောင်းလာကြတာ များသတဲ့။

'စပျစ်သီးခြောက်လုပ်ငန်းနဲ့ ဝိုင်အရည်အသွေးမြှင့်ဖို့ ဝိုင်နည်းပညာတွေ ရရှိထားပါတယ်။ စပျစ်စိုက်မြေတွေကိုလည်း ပြန်ရောင်းတာမျိုးမရှိအောင် ကိုင်တွယ်ထားနိုင်ခဲ့ပါတယ်'

စပျစ်မျိုးကောင်း တစ်မျိုးကိုတော့ ဟက်တာ ၃၂၀ လောက်အထိ

စမ်းသပ် စိုက်ပျိုးကြည့်နေသည်။ စပျစ်စိုက်သူတွေကို အသင်းကရော အစိုးရကပါ အမတော်ကြေးပေးသည်။ အသင်းဖွဲ့စည်းပုံအရ စီမံခန့်ခွဲရေးဝန်ထမ်း ရှစ်ဦးက စီမံကိန်းတစ်ခုလုံးကို ဦးဆောင်နေသည်ဆို၏။ စက်ရုံကြီးကတော့ တစ်နေ့ကို ဝိုင်လီတာ ၈၄၀၀၀ ချက်နိုင်သည်။ ခဏနေတော့ သူနှင့် ဘရစ်ဂျစ်ကို စပျစ်သီးဝိုင်တွေ စတင်ထုတ်လုပ်သည့် ဝိုင်ချက်စက်ရုံကြီးဆီ ခေါ်လာကာ ဝိုင်ထုတ်လုပ်မှုနည်းစဉ်ကို အသေးစိတ်ရှင်းပြသည်။ စပျစ်သီး ကြိတ်သည့် စက်ကြီးတွေကို ပြသည်။ စက်ရုံထဲမှာတော့ ပိုက်လိုင်းကြီးတွေ ရှိသည်။ သံမဏိလှောင်အိမ်ကြီးတွေ ရှိသည်။ စပျစ်သီး စတင်ထည့်သည့် Boxfeeder ကြီးတွေကတစ်ဆင့် စပျစ်သီးတွေကို ကြိတ်ချေသည့် စက်တွေ၊ အပူချိန်တိုင်းသည့် နေရာတွေကိုလည်း ပြသည်။ စက်ရုံကြီး တစ်ခုလုံး ချောင်ကြိုချောင်ကြားမကျန် အမှုဆောင်လူကြီးတွေက ဝင်တော့ သူတို့လည်း လိုက်ဝင်ရတော့သည်။

'စပျစ်သီးတွေကို ချိန်တွယ်တာ၊ ဆေးကြောတာ၊ ကြိတ်ချေတာက အစ စက်တွေအားလုံးနီးပါး ကျွန်တော်တို့ ပြောင်းပစ်လိုက်တယ်။ စပျစ်သီးတွေကို စဝင်တဲ့ ဇလားကြီးတွေမှာကတည်းက ခွဲခြားလွှတ်လိုက်တော့ စပျစ်ရည်တွေဟာ ပိုက်တွေကတစ်ဆင့် သီးခြားစီ သွားစုပါတယ်။ အရက်ပါဝင်မှုကို တိတိကျကျ တိုင်းရပါတယ်'

သည်စက်ရုံကြီးမှာတော့ ဝိုင်ဖြူ၊ ဝိုင်နီနှင့် ပန်းရောင်ဝိုင်တွေ ထုတ်လုပ်သည်။ စပျစ်သီးကြိတ်ဖတ်တွေကို သီးခြားစုထားပြီး အရက်ချက်စက်ရုံတွေဆီ ပို့သည်။ ပြီးတော့ သည်အရပ်ဒေသနာမည် အမှတ်တံဆိပ်ထိုးကာ အရက်ထုတ်လုပ်သည်။ စပျစ်ရည်တွေကတော့ နှစ်ပတ်အတွင်း ဝိုင်ဖြစ်သွားသည် ဆို၏။ စပျစ်ဝိုင်ထုတ်လုပ်သည့် ရာသီက စက်တင်ဘာလဖြစ်ကာ အလွန်ဆုံး စက်လည်ရက်သတ္တပတ်မှာ ၃ ပတ်မှ ၄ ပတ်လောက်သာ ရှိသည်။ ကျန်သည့်အချိန်တွေမှာ ထုတ်လုပ်မှု မရှိတော့ ရပ်ထားရသည်။ ဝိုင်ပုလင်း တော်တော်များများကိုတော့ အရက်စည်ကြီးတွေပေါ်မှာ နမူနာပြထားသည်။ Vin de pays d' Oc Vermentino။ ဗာမင်တီနိုဝိုင် အမှတ်တံဆိပ်တွေ။

ဗာမင်တီနိုက ၁၉၉၇ မှာ ဒေသဆိုင်ရာ ဝိုင်ရွှေတံဆိပ်ဆုကို ရရှိခဲ့



သည်။ Red merlot ဝိုင်အနီကလည်း သည်ကပဲထွက်သည်။ ကြေးတံဆိပ်တွေလည်း ရခဲ့ဖူးတာကို အမှုဆောင်လူကြီးတွေက ပုလင်းတွေကိုပြရင်း အားရပါးရ ပြောပြသည်။ ဝိုင်အမှတ်တံဆိပ်တွေနဲ့ ဝိုင်စက်ရုံတွေများသည့် တိုင်းပြည်မှာ တံဆိပ်ရတာ ကောင်းလို့ပေါ့ဗျာလို့များ ပြောနေလေသလား။ ပြင်သစ်ဘာသာစကားသံ တရှီးရှီးကသာ စက်ရုံခန်းမကြီးထဲမှာ ညံနေသည်။ ဒါပေမဲ့ ပြိုင်ပွဲတွေက နေရာတကာမှာ လုပ်လေ့ရှိသည်။ ခဏခဏလည်း လုပ်လေ့ရှိသည်။

'ကျွန်တော်တို့ဒေသကို အေးမာ့ဂ်[၁]လို့ ခေါ်ပါတယ်။ ပြင်သစ်မှာ အေးမာ့ဂ်ဝိုင်ဆိုရင် လူတိုင်းကြိုက်ပေါ့။ လူကြီးမင်းလည်း အေးမာ့ဂ်ဒေသကို ရောက်ခဲ့တာ ဂုဏ်ယူနိုင်ပါတယ်။ သည်ဒေသမှာ ပုဂ္ဂလိကစက်ရုံတွေလည်း များလှပါတယ်'

ခဏနေတော့ အသင်းဥက္ကဋ္ဌက ရွှေတံဆိပ်ဆုရ မယ်လိုဝိုင်အနီပုလင်းကို ဖောက်သည်။ ပုလင်းကလေးတွေ၊ တံဆိပ်ကလေးတွေကိုက သောက်ချင်စရာ ကောင်းသည်။ ဝိုင်ဖြူ၊ ဝိုင်ပန်းရောင်တွေကိုပါ ဖောက်ကာ တစ်လှည့်စီ တစ်ဖန်ခွက်စီ ထည့်ကာထည့်ကာ မဆုံးနိုင်။ မြည်းစရာမုန့်တွေကလည်း အမျိုးမျိုး။ မသောက်လို့လည်း မရ။ ကုန်အောင်မသောက်လို့လည်း မရ။

'ဝိုင်သောက်နည်းကတော့ ဝိုင်ကို လက်က ခပ်ဖြည်းဖြည်းလှုပ်နေပါ။ ပြီးရင် အနံ့ကလေးရှူ၊ ပြီးရင် နည်းနည်းမြည်း၊ ပါးစပ်ထဲ ရောက်တော့ မသိမသာ ပလုတ်ကျင်းပြီးမှ ဝါးရတယ်။ ဝိုင်ကိုသောက်ရတာ မဟုတ်ဘူးဗျ၊ ဝါးရတာ'

သူ တစ်ခါမှမကြားဖူးသော ပြင်သစ်တွေရဲ့ ဝိုင်သောက်နည်း ဖြစ်သည်။ လှုပ်၊ ရှူ၊ မြည်း၊ ဝါးလိုက်တော့မှ ဝိုင်ရဲ့ရသမှန်ဟာ ခံတွင်းမှာ စွဲကျန်သတဲ့။ အမေရိကား၊ တရုတ်တို့နှင့် ပို့ကုန်ပို့ဖို့ ရည်ရွယ်ထားသော်လည်း ပြည်တွင်းသောက်သုံးမှုကို အလျှင်မီဖို့ ကြိုးစားနေသည်ဆို၏။ ပြီးတော့ အေးမာ့ဂ်ဝိုင်က အယ်လ်ကိုဟော ပါဝင်မှုပိုများတော့ လူတွေက ပိုကြိုက်သတဲ့။ ဟုတ်လောက်ပါသည်။ တစ်ခွက်ပြီးတစ်ခွက် ဝိုင်ခွက်များကို မလှုပ်

---

၁။ Aimargues

မဝါးဘဲ သောက်မိတော့လည်း ရီဝေဝေခံစားနေရပြီ။ ပြင်သစ်မှာ နာမည်ကြီးတဲ့ ဝိုင်တွေကတော့ ဘိုဒိုး[၁]နဲ့ ဘူဂေါန်း[၂] ဝိုင်တို့ ဖြစ်သည်။

'ဘရစ်ဂျစ်ရေ၊ သမဝါယမ ဥက္ကဋ္ဌကြီးကို ကမ္ဘာကျော်ဝိုင်တွေ အကြောင်း ရှင်းပြပါဦးလို့ မေးပေးစမ်းပါ'

သမဝါယမ ဥက္ကဋ္ဌတွေကတော့ တစ်နိုင်ငံနှင့် တစ်နိုင်ငံ သိမ်မကွာလှပါ။ ပြင်သစ်သမဝါယမ ဥက္ကဋ္ဌကြီးကလည်း မြန်မာသမဝါယမ ဥက္ကဋ္ဌတွေလိုပါပဲ။ ဘာဖြေရမလဲ စောင့်နေသူတွေ မဟုတ်လား။

'ဝိုင်မှာ ပြင်သစ်ကတော့ ကမ္ဘာကျော်ပဲ။ ဒါ ခင်ဗျားတို့လည်း သိသားပဲ။ ပြင်သစ်မှာမှ ဘိုဒိုးဝိုင်နဲ့ ဘူဂေါန်းဝိုင်က နာမည်ကြီးတယ်။ ဆိုပါတော့ ဘိုဒိုးဝိုင်နီ ရှိတယ်၊ ဝိုင်ဖြူရှိတယ်။ ပြင်သစ်ရိုဇေး[၃] ရှိတယ်၊ နောက်တစ်ခါ ဂျာမန် ဝိုင်ဖြူဝိုင်နီ ရှိတယ်၊ စပိန် ဝိုင်ဖြူဝိုင်နီ ရှိတယ်၊ ပေါ်တူဂီ ဝိုင်ဖြူဝိုင်နီ ရှိတယ်၊ ဩစတြေးလျ ဝိုင်ဖြူဝိုင်နီ ရှိတယ်၊ တောင်အာဖရိက ဝိုင်ဖြူဝိုင်နီ ရှိတယ်၊ ယူအက်အေ ဝိုင်ဖြူဝိုင်နီ ရှိတယ်၊ ဒါ ကမ္ဘာကျော် ဒေသတွေပဲ'

ဥက္ကဋ္ဌကြီးက ကမ္ဘာကျော် ဝိုင်အမည်စာရင်းတွေ ထုတ်ပေးသည်။ များသောအားဖြင့် အသံထွက်ရခက်သည့် ပြင်သစ်နာမည်တွေ ဖြစ်သည်။ ဘိုဒိုးဝိုင်ဖြူမှာ လေဂက်စကွန်[၄]၊ ဘိုဒိုးဝိုင်နီမှာ ရှာတိုးရိုလန်[၅]၊ ဘူးဂေါန်းဝိုင်နီမှာ ဘူဂေါန်းရုဂျ်လီရိုင်း[၆]၊ ဘူဂေါန်းဝိုင်ဖြူမှာ ဘူဂေါန်းဘလန့်လီရိုင်း[၇]၊ ပြင်သစ်ဝိုင်နီမှာ ရှာတိုးဗာလ်ဂျိုနီ[၈]၊ ပြင်သစ်ဝိုင်ဖြူမှာ ရှာတိုးဒီထရေစီ[၉]၊ ပြင်သစ် ပန်းရောင်ဝိုင်မှာတော့ ရှာတိုးဗာလ်ဂျိုနီ[၁၀]၊ ဂျာမန်ဝိုင်ဖြူမှာ ဝီလီရှေ့ဖာရေစလင်း[၁၁]၊ အီတာလျံဝိုင်နီမှာ ချန်တီကလားဆီကို ရီဆာဗာ ဗီလာအင်တီနိုရီ[၁၂]၊ အီတာလျံဝိုင်နီမှာတော့ ကက်ပီတယ်ဆန်ဗင်ဆင်

၁။ Bordeaux
၂။ Bourgogne
၃။ French Rose (Rosy)
၄။ Le Gascon
၅။ Chateau Rolland
၆။ Bourgogne Rouge Leroy
၇။ Bourgogne Blanc Leroy
၈။ Chateau Vas Joanis
၉။ Pouilly Fume chateau de Tracy
၁၀။ Chateau Val Joanis
၁၁။ Willy Schaefer Riesling
၁၂။ Chianti Classico Riserva Villa Antinori



ဇို[၁]၊ စပိန်ဝိုင်နီမှာတော့ တင်တိုအာရူယာဂါခရီယင်ဇာ[၂]၊ စပိန်ဝိုင်ဖြူမှာ အယ်လ်ဗာရီနိုပါဇိုဒီဘားရန့်[၃]၊ ပေါ်တူဂီဝိုင်နီမှာ တင်တိုဂါရာဖီရာ ဘာရိုကာအို[၄]၊ ပေါ်တူဂီဝိုင်ဖြူမှာ ကွင်တာ၊ ဒီကာမာရာတေဘရန်ကိုဖွန်ဆီကာဆော့က်[၅]၊ ဩစတြေးလျဝိုင်နီမှာ နိုင်းပိုင်းကာဗားညက်ဆော်ဗီညွန်[၆]၊ ဩစတြေးလျဝိုင်ဖြူမှာ နိုင်းပိုင်းရှာဒွန်နေး[၇]၊ တောင်အာဖရိကဝိုင်နီမှာ ကာလီစတာဗရီဆင်ဟော့ဖ်[၈]၊ တောင်အာဖရိကဝိုင်ဖြူမှာ နီးလ်အဲလစ်စ်ရှာဒွန်နေး[၉]၊ ယူအက်အေဝိုင်နီမှာ မွန်ဒါဗီပီးနော့နွား[၁၀]၊ ယူအက်အေဝိုင်ဖြူမှာ ဘယ်ရင်ဂျာရှာဒွန်နေး[၁၁]တွေ နာမည်ကြီးသည် ဆို၏။ တစ်မျိုးစီမှာ အမှတ်တံဆိပ်အမျိုးမျိုးရှိသေးသည်။ ဒါက ဝိုင်တစ်မျိုး နာမည်တစ်ခုအကြိုက် စာရင်းထုတ်ပြခြင်း ဖြစ်သည်ဆိုလေ၏။

'ဒါတွေက ကျွန်တော့် အကြိုက်ပေါ့လေ။ ဝိုင်ထုတ်လုပ်နေတော့ တခြားက ဝိုင်တွေလည်း လေ့လာရ၊ မှတ်သားရ၊ သောက်ကြည့်ရ၊ ဝယ်ကြည့်ရ လုပ်နေရတာပါပဲ။ ဒါက ဝိုင်တစ်မျိုးစီမှာ ကျွန်တော့်အကြိုက် တစ်မျိုးစီကို ပြောတာနော်။ နောက်ထပ် ကျွန်တော်ကြိုက်တာတွေ ရှိသေးတယ်။ ဒါကြောင့် ဝိုင်ဥက္ကဋ္ဌ ဖြစ်နေတာပေါ့ဗျာ'

ဥက္ကဋ္ဌကြီးက အားရပါးရ ရယ်သည်။ အမှုဆောင်တွေကလည်း အလိုက်တသိ တစ်ပုလင်းစီ ထပ်ဖောက်သည်။ ဝိုင်အဖြူသောက်နေတုန်း ဝိုင်ဖန်ခွက်ထဲမှာ တစ်စက်မှမကျန်အောင် သောက်ရသည်။ ဝိုင်နီနဲ့ အရောမခံတာ သတိထားမိသည်။ နည်းနည်းကျန်နေလျှင် ကုန်အောင်စင်အောင်သောက်ခိုင်းသည်။ ပြင်သစ်အရှေ့ပိုင်းအရပ်က ဝိုင်တွေကတော့ စပျစ်သီးအရသာပိုထွက်သတဲ့။ နယ်မြေခံ သတင်းထောက်ကြီးကတော့ ခတ်ပုံတွေရိုက်ပြီး

၁။ Soave Capitel Sanvincenzo
၂။ Tinto Arzuaga Cerianza
၃။ Albarino Pazo de Barrantes
၄။ Tinto Garrafeira Barrocao
၅။ Quinta de Camarate Branco Funceca Succs
၆။ Nine Pines Cabernet Sauvignon
၇။ Nine Pines Chardonnay
၈။ Kallista Vriesenhof
၉။ Nei Ellis Chardonnay
၁၀။ Mondari Pinot Noir
၁၁။ Beringer Chardonnay.

ရင်း ရိုက်နေသည်။ ဘရစ်ဂျစ်ကိုလည်း မေးပြီးရင်းမေးရင်း ဆိုတော့ သတင်းထောက်နဲ့ ဝေးရာ သွားရပ်နေလေသည်။

အေးမာ့ဂ်အရပ်က မီလိုသမဝါယမ ဝိုင်ချက်စက်ရုံကို နှုတ်ဆက်တော့ အပြင်ဘက် စပျစ်ခင်းတစ်ခင်းလုံး နေရောင်တွေ ဖွေးကြည်နေသည်။ သမဝါယမဥက္ကဋ္ဌကြီးက ဝိုင်ဖြူ၊ ဝိုင်နီ၊ ဝိုင်ပန်းရောင် သုံးပုလင်းတွဲထားသည့် လက်ဆွဲစက္ကူသေတ္တာ လှလှကလေးတစ်လုံးစီ လက်ဆောင်ပေးသည်။ ရွှေတံဆိပ်ရ ဝိုင်ပုလင်းတွေများလား။

'အော်ဗွား...'

စက်ရုံကလေးက ထွက်လာပြီး ခပ်ဝေးဝေးက လယ်တောမွေးမြူရေးခြံကလေးဆီကို မောင်းသွားကာ ခြံဝမှာ ကားရပ်လိုက်သည်။ ခွေးတွေက တဝုန်းဝုန်းဟောင်နေတော့ အိမ်ရှင်ခြံသမားကြီး ထွက်လာသည်။ ဘရစ်ဂျစ်က ပြင်သစ်ဘာသာနဲ့ နှုတ်ဆက်တော့ သူ့ခြံထဲဝင်ဖို့ ဖိတ်သည်။ သူကတော့ မဝင်သေးဘဲ အဝေးကျေးလက်ရှုခင်းကို ဓာတ်ပုံရိုက်လိုက်သည်။ သည်နေရာက ကြည့်တော့ ဘုရားရှိခိုးကျောင်းကလေးကို မမြင်ရ။ ခြံရှင်ပြင်သစ်ကြီးက သိုးတဲတွေရှိရာ သွားဖို့ခေါ်တော့မှ သူ လိုက်သွားသည်။ သိုးတွေက တော်တော် များသည်။ ရုရှားမျိုးနဲ့ ရောမမျိုးစပ်ထားသည့် သိုးတွေက သည်နယ်တစ်ဝိုက် သူ့မှာပဲရှိသည် ဆို၏။ ပြီးတော့ သိုးအမအကောင် လေးဆယ်အတွက် သိုးထီးတစ်ကောင်ပဲ လိုသတဲ့။ ဒါကိုပြောပြတော့ ဘရစ်ဂျစ်က ရှက်မနေပါ။ ရယ်ရယ်မောမောပါပဲ။ 'Super ram'လို့ အော်လိုက်သေးသည်။ ပြင်သစ်ကြီးက ခြံထဲကို ကားနဲ့လာပြီး ညနေကျပြန်သည်ဟု ဆိုသည်။ ခြံကျယ်ကြီးထဲမှာ ထရက်တာတွေ၊ နောက်တွဲယာဉ်တွေ၊ မီးစက်ကြီးတွေက အစ ရှိသည်။ သိုးခြံတွေက သံပိုက်လုံးကြီးတွေနဲ့ ဆောက်ထားကာ ပလတ်စတစ်စတွေ မိုးထားသည်။ နွားခြံထဲမှာ နွားကလေးတွေပဲ ရှိသည်။ ခရမ်းချဉ်နှင့် သီးပင်စားပင်ကလေးတွေလည်း စိုက်ထားသေးသည်။ ကောက်ရိုးလား၊ ဂျုံရိုးလား မသိနိုင်သည့် တိရစ္ဆာန်အစာတွေကလည်း မြန်မာတွေလိုပဲ နှစ်ပေါက်စာ စုဆောင်းထားတာ တွေ့ရသည်။ လယ်တဲကအပြန် အေးမာ့ဂ်မြို့ကလေးထဲက ဖြတ်တော့ ဝတ်စားဆင်ယင်မှု၊ နေထိုင်မှုသဘာဝ၊ ပတ်ဝန်းကျင် အပြင်အဆင် အငွေ့အသက်တွေက ပကတိ ကျေးလက်ဆန်နေတာ



တွေ့ရသည်။ ကော်ဖီဆိုင်ကလေးတွေက မြန်မာကော်ဖီဆိုင်ကလေးတွေလို မြင်ကွင်းမျိုး ဖြစ်သည်။ စာသင်ကျောင်းကလေး၊ ဘုရားရှိခိုးကျောင်း၊ ဈေးကလေး၊ ဝါညစ်ညစ်အရောင်တွေ သုတ်ထားသည့် တိုက်အိမ်ကလေးတွေ။ မြို့ကလေးက ငြိမ်သက်နေသည်။

'မြေထဲပင်လယ် ကမ်းခြေလမ်းက လှည့်ပြန်မယ်။ ပြင်သစ်တစ်ပြည်လုံးမှာ စပါးစိုက်တဲ့ တစ်နေရာတည်း ရှိတယ်ဆိုတာ တွေ့လိမ့်မယ်'

မြေထဲပင်လယ်ကမ်းခြေလမ်း ပြန်မယ်တဲ့လား။ သူ ဝမ်းသာသွားသည်။ တကယ်လည်း အေးမာ့ဂ်က အထွက်လမ်းမှာ အခြားလမ်းတစ်လမ်း ဖြစ်သည်။ မြေထဲပင်လယ်ကို မတွေ့ရသေးပါ။ ကျေးလက်ဒေသကို ဖြတ်သန်းသွားသည့် အဝေးပြေးလမ်းမကြီးပေမဲ့ ကျယ်ပြန့်သန့်ရှင်းသည်။ ခြံမြေတွေ၊ စိုက်ခင်းတွေ၊ အိမ်ကလေးတွေကတော့ ဆက်နေသည်။

တစ်နေရာမှာတော့ လှိုင်မြစ်လောက်ကျယ်သောမြစ် ဒါမှမဟုတ် တူးမြောင်းကြီး ကန့်လန့်ခံနေသည်။ သည်မြစ်ကိုကျော်ဖို့ ဇက်ရေယာဉ် စောင့်ရဦးမည်ဆိုသည်။ ဘရစ်ဂျစ်က တာဝန်ရှိသူကိုမေးတော့ တံတားပေါ်က ကူးချင်လျှင် လမ်းညာဘက်အတိုင်း လိုက်သွားနိုင်သည် ဆိုသည်။ ကားကလေးကို နောက်ဆုတ်ကာ ညာဘက်လမ်းအတိုင်း ခပ်ပြင်းပြင်းကလေး မောင်းလာတော့ မြစ်ဖြတ်တံတားကြီးကို တွေ့သည်။ မြေပုံထဲမှာတော့ သည်နားအနီးဆုံးမှာ canal du Rhone ဆိုတာပဲ တွေ့သည်။ သည်တူးမြောင်းကြီးကို ခေါ်တာလား မသေချာပါ။

'ပြင်သစ်မှာ ကိုယ် သတိထားမိတာက ကျေးလက်နဲ့ မြို့ပြ မကွာသွားတာ လမ်းတွေကြောင့်ရယ်၊ လျှပ်စစ်ဓာတ်အားရယ်ကြောင့် ထင်တာပဲ'

သူကပြောသော်လည်း ဘရစ်ဂျစ်က ကြားမိဟန်မတူပါ။ ဝိုင်များ မူးနေတာလား။ မျက်နှာကလေးက ရဲနေသည်။ ရွှေရောင်ဆံစတွေက တလွင့်လွင့်။ ချွန်သွယ်သွယ်နှာခေါင်းနဲ့ ပါးကြည်ကြည်ကလေးကို သူ ဘေးတိုက်မြင်နေရသည်။ လမ်းတွေက အမြွာတွေများလွန်းသည်။ ဒါကို မမှားအောင် မြေပုံကြည့်ရင်း မောင်းနေတာကြောင့်လည်း ဖြစ်နိုင်သည်။ လမ်းညွှန်ဆိုင်းဘုတ်တွေက ပါရီကို ညွှန်နေတာမှန်ပေမဲ့ ပင်လယ်ကမ်းခြေလမ်းကို ရှာ

ဖွေနေပုံရသည်။ တစ်နေရာမှာ ကားမာ့ဂ်[၁] ဆိုသည့် လမ်းညွှန်ဆိုင်းဘုတ်ကို တွေ့လိုက်တော့ ဘရစ်ဂျစ်က သူမထုံးစံအတိုင်း လက်ခုပ်တီးလေသည်။

'ဝင်းရေ၊ မင်း မြန်မာကဗျာတစ်ပုဒ် ရွတ်ပြမယ်ဆိုတာ ရွတ်တော့'

သူ မထင်ပါ။ သူ မေ့တောင်နေခဲ့ပြီ။ ဂျာမန်ကဗျာတစ်ပုဒ်ကို သူ ရှင်းပြတုန်းက ငါကကော ဘာကိုရွတ်ပြရမှာလဲ စဉ်းစားနေခဲ့သေးသည်။ မြန်မာကဗျာကို အင်္ဂလိပ်လို ဘာသာပြန်နိုင်လောက်အောင် သူမစွမ်းသာပါ။ ပြီးတော့ ဘယ်ကဗျာဆရာရဲ့ ဘယ်ကဗျာကို ရွတ်ရမှာလဲ။ သူ ပထမဆုံး သတိရသည့် ကဗျာဆရာမှာ ဆရာတင်မိုး ဖြစ်သည်။ ပြီးတော့ ထုံးစံအတိုင်း ဆေးလိပ်လည်းတို နေလည်းညိုပြီပေါ့။ သည်လောက်တော့ သူ ရှင်းပြတတ်မည် ထင်သည်။

'ကဗျာလိုတော့ မရွတ်တတ်ပါဘူးကွာ။ ကိုယ်တို့နဲ့ အိမ်ချင်းနီးတဲ့ မြန်မာကဗျာဆရာကြီး တစ်ယောက်ရှိတယ်။ ဆရာကြီးကို တစ်တိုင်းပြည်လုံးက လေးစားကြတယ်၊ ချစ်ခင်ကြတယ်။ သူ့နာမည်ကို ပြောလိုက်ရင် အားလုံးက သိကြတယ်။ အခု အဲသည်ကဗျာဆရာကြီးရဲ့ ထင်ရှားတဲ့ကဗျာကို ပြောပြမယ်'

သူ စကားလုံးတွေ ရွေးနေရသည်။ သူ့ကြောင့် ဆရာ့ကဗျာ ပျက်သွားမှာလည်း စိုးရသေးသည်။

'ကဗျာခေါင်းစဉ်က ညည့်သည်တဲ့။ သည်လိုကွာ ဆေးလိပ်လည်း တိုသွားပြီတဲ့၊ နေကလည်း ဝင်တော့မယ်တဲ့၊ ငါ့ကို ပြန်ပို့ကြဦးလေတဲ့'

ဘရစ်ဂျစ်က ငြိမ်နေသည်။ ပြီးတော့ လက်ခုပ်တီးသည်။ ပြီးတော့ ပခုံးတွန့်သည်။ ပြီးတော့ ဟိုက္ကူအဖွဲ့မျိုးလားလို့ မေးသည်။ သူက မြန်မာကဗျာဖွဲ့ပုံတွေထဲမှာ သုံးကြောင်းကဗျာဆိုတာ ရှိကြောင်းရှင်းပြတော့ ခေါင်းညိတ်သည်။

'ဆေးလိပ်က တိုသွားပြီ၊ နေက ဝင်တော့မယ်၊ ငါ့ကို ပြန်ပို့ကြဦးလေ ဟုတ်လား။ ခေါင်းစဉ်က ညည့်သည်။ ညည့်သည် ကဗျာဆရာက ဘာကိုပြောချင်တာလဲ ဆိုတာ သပ်သပ်ရှိလိမ့်မယ်။ ကိုယ်ကတော့ အရှေ့တိုင်းရဲ့ ဝိညာဉ်ကို တွေ့ရတယ်။ အရှေ့တိုင်းသားတွေဟာ သိပ်ဆန်းကြယ်

၁။ Camargue



တယ်၊ သိပ်နူးညံ့တယ်။ သည်ကဗျာကို နူးညံ့ဆန်းကြယ်စွာ ကိုယ် တွေ့ရတယ်'

နူးညံ့ဆန်းကြယ်စွာ ကဗျာကို တွေ့သတဲ့။ ခုနောက်ပိုင်း ဘရစ်ဂျစ်ဆီက ဟာသဆန်ဆန် အပြောင်အရွှတ်တွေ မကြားရတာ ကြာပြီ။ တစ်ခါတစ်ခါ ဘာမှနားမလည်သည့် ကလေးတစ်ယောက်လို နေတတ်သော်လည်း တစ်ခါတစ်ခါတော့ ရင့်ကျက်နေတတ်သည်။ တစ်ခါတစ်ခါ သူ သုံးနှုန်းသည့် အင်္ဂလိပ်ဘာသာစကားကိုကော သူမ ဘယ်လောက်နားလည်သလဲ သူမသိ။ ခုထိတော့ ဟန်ကျနေသေးသည်။

'ဝေးလံကျွန်းများရဲ့ တိတ်ဆိတ်မြစ်များဆီက
လှေသမားပျော်ပျော်ကြီး ပြန်လာခဲ့…
အဲသည်မှာ သူ ရိတ်သိမ်းပြီးခဲ့လို့လေ…
ငါ… နောက်တစ်ခါ အိမ်ပြန်ချင်လိုက်တာ…
ဒါပေမဲ့ ခံစားမှုကလွဲရင်

ငါကတော့ တခြား ဘာကိုမှရိတ်သိမ်းနိုင်ခဲ့သေးတာ မဟုတ်ဘူးတဲ့။ အဲဒါ ဂျာမန်ကဗျာတစ်ပုဒ်ပဲ၊ အိမ်တဲ့။ မင်းလည်း အိမ်ပြန်ရတော့မယ်နော်'

ဂျာမန်ကဗျာတွေ ရွတ်ပြသည့် ပြင်သစ်မိန်းကလေးကို သူ အံ့ဩတကြီး ကြည့်လိုက်သည်။ ပါရီ၏ တောင်ဘက်စူးစူးဒေသက ပူနွေးနွေး။ ဒါကြောင့်လည်း သည်ဒေသကို 'ဒက္ခိဏအလင်းတန်းများ' လို့ ခေါ်ကြတာဖြစ်မည်။ တောင်တန်းတွေက ကမ်းရိုးတန်းကို ငုံ့ကြည့်ရာအရပ်။ ဆားငွေ့နဲ့ သဲပြင် ထိစပ်ရာဒေသ။ အဆုံးမဲ့ရေပြင်၊ အလျားမဲ့မြေပြင်… တို့ ထိဆုံရာဒေသ။ အရောင်များရဲ့ ဆင်ဖိုနီ။ ပန်းရောင်ကြိုးကြာများ၊ နက်မှောင်မှောင်နွားရိုင်းများ၊ ကျောက်သလင်းဖြူရောင် ကွင်းပြင်မြင်းများ လွတ်လပ်စွာ ပျံသန်းနေသည့် မြေပြင်။ စကြဝဠာ။ နွေဦး၏ နေရောင်တွေရှိသည်။ အေးမြ၍ ခြောက်သွေ့သည့်လေ ရှိသည်။ နှင်းဆောင်းမြူဝေ့ တောင်တန်းတွေရှိသည်။ စိမ်းလန်းသော တောရိပ်တောင်ရိပ်တွေ ရှိသည်။ ပြီးတော့ သူ့သောမှာ ကဗျာတစ်ပုဒ်လည်း ရှိနေသည်လေ။

'သည်နေရာက စပိန်နိုင်ငံနယ်စပ်နဲ့ ကပ်နေတာ ဝင်းရဲ့။ စပိန်ယဉ်ကျေးမှုနဲ့ ပြင်သစ်ယဉ်ကျေးမှုတွေ သည်နားက ကျေးရွာတွေမှာ ယဉ်

ကျေးမှုချင်း ရောစပ်နေတယ်။ နွားရိုင်းတွေ အများကြီးမွေးကြတယ်။ သည်နားက နီမားစ်[1]မြို့မှာ နွားရိုင်းသတ်တဲ့ အရီနာကွင်းကြီးရှိတယ်'

နီမားစ်မြို့ အရီနာကွင်းကြီးမှာ ပရိသတ်နှစ်သောင်း ဆံ့သည်။ စပိန်ရိုးရာပွဲတော်များနှင့် နွားရိုင်းသတ်ပွဲတွေ သည်ဒေသမှာ တွေ့နိုင်သည်။ ကိုယ်ပိုင် တနိုင်တပိုင် ဝိုင်ချက်စက်ရုံတွေကလည်း များသည်။ အဝေးမှာ မြင်းဖြူဖြူတို့ ပြေးလွှားနေကြ။ ကားလမ်းဘေး အိမ်ကလေးရှေ့မှာတော့ လာဗင်ဒါ[2] ခရမ်းရင့်ပန်းများ။ ပါရီတုန်းကတော့ နိမိတ်ပုံ၊ ကျောက်တုံး၊ မလေ့ထုံးစံ၊ အတွင်းစိတ်၊ လျှို့ဝှက်ချက်၊ သုခုမ၊ လက်ဝါးကပ်တိုင်နှင့် ကာတီယေးရေမွှေးနံ့တွေ ရောထွေးနေခဲ့သည်။ သည်မှာတော့ တောစိမ်းတောင်ရိပ်၊ လွတ်လပ်ကျယ်ပြောမှု၊ ပင်လယ်နှင့် အဖြူရောင် အဝေးတောင်တန်းများ။ သည်အရပ်ရဲ့ မလေ့တစ်ခုက အိမ်ကလေးတွေမှာ အခန်းတစ်ခန်း အလွတ်ချန်ထားတတ်သည်။ ဧည့်သည်လာလျှင် ဈေးသက်သက်သာသာနှင့် တည်းနိုင်သည်။ ထီးတွေထောင်ထားသလို ထူးထူးဆန်းဆန်း ထင်းရှူးပင်ကြီးတွေကလည်း နေရာတော်တော်များများမှာ တွေ့နိုင်သည်။ လမ်းဘေးစိုက်ခင်းတွေမှာတော့ ပြင်သူက ပြင်တုန်း၊ ဆွသူက ဆွတုန်း။ ရင့်မှည့်တာက ရင့်မှည့်နေပြီ။ မိုးသံလေသံကို စောင့်နေရသည့် တိုင်းပြည်မဟုတ်တာတော့ သေချာသည်။ ရာသီနှင့်သီးနှံ ချိန်ညှိနေစရာ မလိုတော့လို့များလား။

ရေတဖွေးဖွေးနဲ့ ရေသွင်းစပါးစိုက်ခင်းတွေကို ဘရစ်ဂျစ်က လှမ်းပြတော့ သူ အိမ်ကိုလွမ်းသည်။ သူ့နိုင်ငံကို လွမ်းသည်။ နိုင်ငံလွမ်းစိတ်၊ အိမ်လွမ်းစိတ်တွေဆိုတာ ဖန်တီးတည်ဆောက်ယူရသည့် ကိစ္စတွေမဟုတ်။ လိုအပ်လျှင် တလူလူထွက်လာတတ်သော ဗီဇစိတ်ဖြစ်သည်။ လမ်းဘေးမှာ ဟိုတယ်ကလေးတွေ ခပ်စိတ်စိတ်တွေ့လာရပြီ။ မိုတယ်ကလေးတွေ၊ အင်း (Inn) တွေ၊ တနိုင်တပိုင်ငှားရမ်းသည့် လော့ဂျင်းကလေးတွေ တော်တော်များများ တွေ့လာရသည်။ တချို့ဟိုတယ်တွေက ကြယ်လေးပွင့်ဟိုတယ်တွေ။ မြင်းဇောင်းနှင့် မြင်းများ ထားရှိပါသည်ဆိုသည့် ဆိုင်းဘုတ်တွေက နေရာတိုင်းမှာ ရှိတတ်သည့် ကြော်ငြာတွေ။ သည်ဒေသမှာတော့ ဟာလီဒေဗစ်ဆန်

---

၁။ Nimes

၂။ Lavender



မော်တော်ဆိုင်ကယ်ထက် မြင်းတစ်ကောင်ရဲ့ကျောကုန်းက ပိုမိုအရေးပါပုံရ၏။ တစ်ကိုယ်တော် ခရီးသွားတို့ကလည်း ကျောပိုးအိတ်ကို လွယ်ကာ လမ်းလျှောက်နေကြသည်။ ကားလမ်းတစ်နေရာမှာတော့ နွားရိုင်းတွေ တော်တော်များများ တွေ့ရသည်။ နွားရိုင်းခြံတွေမှာတော့ ကားလမ်းဘက်မကူးနိုင်အောင် သံဆူးကြိုးအရံအတားတွေ မိုင်တော်တော်များများ ကာရံပေးထားသည်။ ခေါင်စောက်စောက် သက်ငယ်လိုအမိုးတွေနဲ့ ပျဉ်အိမ်ကလေးတွေကကော။ တစ်နေရာ ရောက်တော့ ပင်လယ်ပြာကို တွေ့လိုက်ရသည်။ ပင်လယ်... ပင်လယ်...။ သူ့စိတ်ထဲမှာ ပင်လယ်ကို သည်လို ဘွားခနဲ တွေ့လိမ့်မည် မထင်သေး။

ပင်လယ်ရဲ့ အော်သံမရှိ။ ကမ်းခြေမှာ မြင်းစီးကျွန်း၊ မီနီဂေါက်ကွင်းနှင့် ဈေးဆိုင်တန်းရှည်ကြီး ရှိသည်။ ဖြူဖွေးတောက်ပသည့် အပျော်စီး၊ ငါးဖမ်း မော်တော်ဘုတ် ရာပေါင်းများစွာက ရေစပ်မှာ စနစ်တကျစီတန်းနေသည်။ သံမဏိရွက်တိုင်ရွက် ကြိုးဆိုင်းကြိုးတွေကို ကောင်းကင်ပြာနောက်ခံမှာ မိုင်တော်တော်ဝေးဝေးအထိ မြင်နေရသည်။ ကားမှာ့ဂ်က သဘာဝဘေးမဲ့တော ဒေသကြီးရဲ့အမှတ်အသား ကြိုးကြာပန်းရောင် သင်္ကေတ၊ နွားရိုင်းတွေရဲ့ အမှတ်အသားတွေကို ခရီးသွားလာရေး ဧည့်ကြိုဌာနတွေမှာ တွေ့ရသည်။ ပထမဆုံးစတွေ့သည့် ပင်လယ်မြင်ကွင်းနေရာမှာ ရေချိုးခွင့်ရှိပုံမရ။ ကမ်းစပ်ကို ကျောက်တုံးကြမ်းမြင့်မြင့်ကြီးတွေ ကာရံထားသည်။ ပင်လယ်ကို မျက်နှာမူထားသည့် မြို့ကလေးကတော့ စားသောက်ဆိုင်နှင့် ပင်လယ်သုံးပစ္စည်း၊ ခရီးသွားသုံးပစ္စည်းတွေ ရောင်းကြသည်။ ဘရစ်ဂျစ်က ရေကူးခွင့်ရသော ပင်လယ်တစ်နေရာကို မောင်းလာခဲ့သည်။ သူကတော့ 'ပင်လယ်နှင့် မှန် စကားပြောခြင်း' အင်္ဂလိပ်ကဗျာကို သတိရနေသည်။

'ပင်လယ်နဲ့နီးတဲ့ ဒေသတွေမှာ စပါးတိုး[1]လို့ ခေါ်တဲ့ ရေပူစမ်းခရီးစဉ်တွေ ရှိတတ်တယ်။ ဆောနား[2]လို့ ခေါ်တဲ့ ရေနွေးငွေ့ချိုးခန်းတွေ၊ ဟော့ထ်ဘာ့သ်[3]လို့ ခေါ်တဲ့ ရေပူချိုးခန်းတွေ ထားပေးတယ်။ ပင်လယ်တွေ ဝန်းရံတဲ့

---

၁။ Spa Tour

၂။ Sauna

၃။ Hot baths

နိုင်ငံပေမဲ့ မြေထဲပင်လယ်ကို ပိုစိတ်ဝင်စားကြတယ်၊ နေရောင်ခြည်လှုံဖို့နဲ့ ပင်လယ်ရေက နွေးတာကိုး'

ပင်လယ်ရေ ခွန်အားသစ်ကုထုံးတွေလည်း ရှိသည်။ သာလပ်ဆိုသာရာပီ[၁]၊ ဟိုက်ဒြိုသာရာပီ[၂] စသည့် ကုထုံးတွေ ဖြစ်သည်။ ပင်လယ်ရေ၊ ပင်လယ်ရွှံ့နွံ၊ ပင်လယ်ရေမှော် စသည်တို့ဖြင့် လိမ်းကျံရေချိုးခြင်း ကုထုံးများ ဖြစ်နိုင်သည်။ ၁၈၉၈ ခုနှစ်လောက်ကတည်းက ပြင်သစ်မှာ ခေတ်စားလာခဲ့သည့် ကုထုံးဖြစ်သည်။ ပင်ပန်းသူတွေ၊ စီးကရက် ဆေးလိပ်ဖြတ်သူတွေ၊ ကိုယ်ဝန်ဆောင်မိခင်တွေ၊ ကြွံခိုင်သန်စွမ်းလိုသူတွေ လာလေ့ရှိသည်။ ဒေသပင်လယ်စာတွေထဲမှာတော့ အနောက်တောင်ဘက် ပင်လယ်ဒေသ အစားအစာနှင့် အရှေ့တောင်ဘက် ပင်လယ်ထွက်အစားအစာတွေ ကွာတတ်သည်။ အနောက်တောင်ဘက်မှာတော့ ခရု၊ ကမာကောင်သား အစားအစာတွေ နာမည်ကြီးသည်။ ဂါဘတ်လို့ခေါ်သည့် ဂေါ်ဖီနှင့်ပဲ ရောမွှေထားသော ပျင်းတွဲတွဲ ပင်လယ်အစာသွပ် ကြက်သွန်ဖြူသုပ်[၃]၊ ကျောက်ငါးဟင်း၊ ငါးကြီးဆီငါး၊ ဟင်းရွက်ပြုတ်နှင့် အသားညှပ်ဟင်း၊ ကြက်ပဲဟင်း၊ သိုးနို့ဒိန်ခဲချက်တွေကလည်း ကောင်းလှသည်ဆို၏။ အကောင်းဆုံးကတော့ ပင်လယ် ငှက်မည်းခေါင်းသား[၄] ဟင်းတဲ့လေ။ ဘရစ်ဂျစ်ကတော့ အစားတွေအကြောင်း ပြောရင်းက ပင်လယ်နဲ့ တောင်တန်းတွေကြားက လာဗင်ဒါပန်းခရမ်းတောထဲမှာ မြင်းစီးချင်သည်ဆိုသည်။ ပြင်သစ်မှာ ကားမာ့ဂ်ဒေသဟာ မြင်းစီးဖို့ အကောင်းဆုံးဒေသပေါ့ဟုလည်း မချင့်မရဲ ပြောသေးသည်။

ပင်လယ်လေတဖြူးဖြူးမှာ ပင်လယ်စွန်လွှတ်သူတွေ ရှိတတ်သတဲ့။ သဲရွက်လွှင့်လှေ[၅] စီးသူတွေ ရှိတတ်သတဲ့။ ရေစပ်သဲပြင်မာမာထဲမှာ ဘီးတပ်လှေတွေကို စီးကာ ရွက်တိုက်ကစားသည့် အားကစားနည်း ဖြစ်သည်။ အင်္ဂလိပ်ရေလက်ကြားနဲ့ အတ္တလန္တိတ် ရေလက်ကြားတွေမှာတော့ ပင်လယ် ရွက်လွှင့်တာ ပိုများကြသည်။ ပင်လယ်ဒေသတိုင်းမှာ ပင်လယ်ခရီးသွား ကျွမ်းကျင်သူတွေ ရှိသည်။ သူတို့က ပင်လယ်ရဲ့ဒဏ္ဍာရီနဲ့ ပင်လယ်

၁။ Thalassotherapy

၂။ Hydrotherapy

၃။ Garlic mayonnaise

၄။ Blackbirds pates

၅။ Sand Yachting



သိုက်နန်းတွေဆီ ဆောင်ကြဉ်းသွားနိုင်သည် ဆိုတာကကော ဘာလဲ။ ခပ်ဝေးဝေး ကျွန်းတွေဆီကို ခေါ်သွားမှာပေလား။ မော်တော်ကားကလေးကို မိုရင်းက ပင်လယ်ပုံပြင်တွေကို နားထောင်ရုံမှတစ်ပါး ပင်လယ်ရေကိုတောင် သူ မထိခဲ့ရပါ။ အဝေးမှာတော့ Dinghy လို့ ခေါ်ကြသည့် ရာဘာလှေလေးတွေ အများကြီး။ ဘေးနှစ်ဖက်က ရေပေါ်တုံးများဖြင့် ဖေးမထားတတ်သည့် Cataraman လှေကလေးတွေလည်း ရှိသည်။ လှိုင်းကြမ်းစီးလှေ Surfboard တွေလည်း ရှိသည်။ ပင်လယ်လေကြောင့် ကမ်းခြေသံလွင်ပင်တွေ၊ ယူကလစ်ပင်တွေဆီက လေတိုးသံတဝေါဝေါ မြည်နေသည်။ သစ်ပင်ကြီးတွေရဲ့ အောက်မှာတော့ စခန်းသွင်းတဲကလေးတွေ ရှိသည်။ ဟိုတယ်ကြီးတွေ ရှိသည်။ ငှားအိမ်ကလေးတွေ[၁] ရှိသည်။ အားလပ်ရပ်ရွာကလေးတွေ[၂] ရှိသည်။

သူနဲ့ ဘရစ်ဂျစ်က ပင်လယ်ပို့စကတ်တွေ ဝယ်ကြသည်။ ပင်လယ်ကစားစရာနှင့် ခရုပုတီးတွေ ဝယ်ကြသည်။ ပင်လယ်မုန့်တွေ ဝယ်စားသည်။ မြေထဲပင်လယ် အထည်ဆန်းတွေကိုတော့ ဘရစ်ဂျစ်က သီးသန့်ဝယ်သည်။ သူ့ဒေသနှင့် သူ့အဆင်၊ သူ့အသွေး၊ သူ့ဒီဇိုင်း။ တခြားနေရာမှာ မရနိုင်ဟုဆို၏။ ယောကျ်ားလေးတွေက နွားရိုင်းရုပ်၊ မြင်းရုပ်တွေပါသည့် ငွေပြားကြေးပြားတွေကို လည်ပင်းမှာ ကြိုးလည်စည်းလို ဆွဲထားတတ်ကြသည်။ မြင်းစီးဖိနပ်၊ မြင်းကုန်းနှီး၊ မြင်းနှင်တံ၊ မြင်းစီးအဝတ်အစား၊ မြင်းစီးပဝါ… တွေ၊ ရိုးရာဆေးဝါးတွေ၊ သစ်သီးစုံ၊ ပန်းခြောက်၊ ပရဆေးစုံ၊ အလှဆင်ပစ္စည်းတွေ၊ ကျွဲရိုင်းရုပ်၊ မြင်းရုပ်၊ ဒေသထွက်အရက်တွေ။

'သည်မြို့ကလေးက သိပ်ရိုးရှင်းတာ တွေ့တယ်နော်။ နောက်လာမယ့်မြို့ကလေးကတော့ သိပ်ခေတ်ဆန်တဲ့ မြို့ကလေးအဖြစ် တွေ့ရလိမ့်မယ်။ အဲသည်ကျတော့ မင်းခံစားမှုကလည်း ပြောင်းသွားလိမ့်မယ်'

ပင်လယ်မြို့ကလေးက ထွက်လာတော့ ဗျိုက်တောကြီးတွေ တွေ့ရပြီ။ ငှက်ကြီးဝံပိုကြီးတွေ၊ ကြိုးကြာတွေ၊ ပင်လယ်ငှက်တွေရဲ့ ဘေးမဲ့ဒေသဆိုတော့ ဘယ်ကို ကြည့်ကြည့် ငှက်တွေ။ လမ်းတစ်လျှောက်မှာတော့ ပင်လယ်စာနဲ့ ပင်လယ်ဒေသ အပန်းဖြေအစီအစဉ် ကြော်ငြာကြီးတွေ စီစီရီရီ

၁။ Rented villas

၂။ Holiday Villages

စိုက်ထူထားသည်။ သည်ဘက်မှာတော့ ပန်းရိုင်းဝါဝါတွေနဲ့ ရွှေရောင်မြက်ခြောက်တွေက မြင်ကွင်းတဆုံး။ ကားဆက်ကျဲသော ပင်လယ်ကမ်းခြေလမ်းမကြီးမှာ သူနှင့် ဘရစ်ဂျစ် နှစ်ယောက်တည်းရှိနေသည်။ ဘရစ်ဂျစ်ကတော့ ဘေးမဲ့ကြိုးကြာလား၊ လှောင်ချိုင့်ထဲက ကြိုးကြာလား … သူမသိ။

အဝေးတောင်တန်းတွေက မှုန်ဝါးလွန်းသည်။ သစ်တောကြီးတွေကတော့ သိပ်မဝေးပါ။ ပြီးတော့ ရွှေရောင်မြက်ခြောက်ကွင်းပြင်။

'ကြည့်စမ်း၊ ကွင်းပြင်ရဲ့ ခပ်ရိုင်းရိုင်းတိရစ္ဆာန်တစ်ကောင်က မင်းကို ဝမ်းပန်းတသာ ဧည့်ခံနေလိုက်တာ၊ မင်းကို ယုံကြည်နေလိုက်ပုံများတော့၊ သစ်တောဟောင်းကြီးကတော့ ငြိမ်သက်၊ သူ့အတွေ့အကြုံ ဆိုရိုးစကားတွေ မင်းကိုပြောပြ၊ တောင်တန်းတွေကလည်း မင်းကို သင်ကြားပေးကြလို့'

ဘရစ်ဂျစ်က ကောက်ကာငင်ကာ ပြောနေခြင်းဖြစ်သည်။ ကွင်းပြင်ရဲ့ ခပ်ရိုင်းရိုင်း တိရစ္ဆာန်တစ်ကောင်က မင်းကို ယုံကြည်နေလိုက်တာတဲ့။ တော်တော်ကြာကြာ စကားမပြောဖြစ်။ ခဏငယ်များစွာ။

'အဲဒါ အဲ့လ်ပ်တောင်တန်းတွေအောက်မှာ သီချင်းဆိုခဲ့ ကဗျာထဲက တစ်ပုဒ်ပါ။ တောင်တန်းတွေနဲ့ သစ်တောတွေက သင်ကြားပေးနေတာကို မင်း လိုလိုလားလား သင်ယူပါ။ နောက်တစ်ကြိမ် ဆိုတာ ဘယ်ဟာမှ မသေချာဘူး ဝင်း'

ကဗျာထဲက တစ်ပိုဒ်လို ရွတ်လိုက်တာလား။ အဲ့လ်ပ်တောင်တန်းတွေအောက်မှာ သီချင်းဆိုခဲ့တဲ့လား၊ သစ်တောနဲ့ တောင်တန်းတွေဆီက သင်ကြားခဲ့ရဦးမတဲ့လား။ ဘယ်ဘက်ကပ်လျက်မှာ အင်းကျယ်ကြီးရှိသည်။ ပြီးတော့ အင်းစောင်းမှာ ငှက်ကြီးဝံပိုတွေ အကောင်ပေါင်းများစွာ။ ကြိုးကြာလည်ပင်းရှည်ကြီးတွေ၊ ငှက်ကုလားအုပ်ကြီးတွေ။ သူတို့ဆီကကော သင်ကြားရဦးမှာလား။ ဘရစ်ဂျစ် မင်းကကော ခပ်ရိုင်းရိုင်းတိရစ္ဆာန်တစ်ကောင်လား။ အင်းကြီးရဲ့ ဘေးမှာ ခေတ်အဆောက်အအုံတွေ ရှိသည်။ သည်အဆောက်အအုံတွေ ရောက်လာတာ သဘာဝကို ဖျက်ဆီးပစ်လိုက်တာပဲလို့ ဒေသခံတွေက ဝေဖန်ကြသည်ဟု ဆိုသည်။ ခဏကလေး မောင်းလိုက်ရင်ပဲ ပြင်သစ်ရဲ့ နာမည်ကျော်ကမ်းခြေမြို့ 'လာဂရောန်းမော့ထ်'[1]ကို ရောက်ပြီ။

၁။ La Grand motte



အင်္ဂလိပ်အသံထွက်နဲ့ဆိုလျှင် ဂရင်းမော့ထ်ပေါ့။ သူတို့ကတော့ ဂရောန်းမော့ထ်ပဲ အသံထွက်သည်။ တကယ်ပဲ အဆောက်အအုံကြီးတွေက ခေတ်မီလှပါသည်။ အဆောက်အအုံတွေက တစ်ခုနဲ့တစ်ခု ဒီဇိုင်းတူသလိုလို ရှိသော်လည်း ကွဲပြားသည်။ ပင်လယ်ကမ်းခြေအကွေးအတိုင်း အဆောက်အအုံတွေကလည်း တစ်ပတ်ကြီးကွေးကာ ပင်လယ်ထဲက ဝှန်းခနဲ ထိုးထွက်နေသလိုမျိုး။ အဆောက်အအုံတွေရဲ့ ရှေ့မှာတော့ ပင်လယ်ထွက်ခေတ်မီရေယာဉ်တွေ ဆိုက်ကပ်ထားလိုက်တာ ရာပေါင်းများစွာ ရှိလိမ့်မည်။ ပြီးတော့ ကမ်းခြေ လမ်းကလေး။ လမ်းကလေးဘေးမှာ စားသောက်ဆိုင်တန်း။ ပြင်သစ်ရဲ့ အနောက်ဘက်ပင်လယ်ဒေသ ကမ်းခြေတွေက ရှည်လျား သဲသောင်ပြင်တွေကြောင့်၊ ဒါမှမဟုတ် ပင်လယ်ဒီရေကြောင့် စိတ်ဝင်စားကြသည်။ မြေထဲပင်လယ်ကတော့ နေရောင်ခြည်ကြောင့်ပဲ ဂုဏ်ရှိနေသည်။ ဒါကို သူတို့က နေတစ်လှည့်၊ ပင်လယ်တစ်လှည့် တစ်ခုခြား တစ်ကျော့စီ ညီညွတ်မှုလို့ တင်စားလေ့ရှိသည်။

ပင်လယ်ကမ်းခြေ သဲသောင်ပြင် ဘော်လီဘောနှစ်ကွင်း သုံးကွင်းမှာ မိန်းကလေးတွေ ကစားနေသည်။ ဈေးဆိုင်တန်းအစွန်းအထိ လျှောက်လာခဲ့သော သူနှင့် ဘရစ်ဂျစ်က အဲသည်နားအထိ မသွားနိုင်ပါ။ တော်တော်ဝေးသေးသည်။ ကျောက်ဆောင်နီနီ၊ ကောင်းကင်ပြာပြာ၊ နေရောင်စူးစူး။

လာဂရောန်းမော့ထ် ကောင်းကင်ကိုတော့ ဘရစ်ဂျစ်က ကလိန်း[1]ရဲ့ ကောင်းကင်ဟု ဆိုသည်။ ကမ္ဘာကျော်ပန်းချီဆရာ ကလိန်း ရေးဆွဲတတ်သည့် အပြာကို ပြောချင်တာဖြစ်သည်။ လာဂရောန်းမော့ထ် တောင်တန်းတွေမှာတော့ တရွှေ့ရွှေ့စီးဆင်းတတ်သော ရေခဲမြစ်တွေ ရှိသည်ဆို၏။ ကျောက်ဆောင်မြင့်ကြီးတွေပေါ်က ကြိုးလျှောဆင်း အားကစားနည်းတွေ ရှိသည်။ နွေကာလ တောင်တက်အားကစားနည်းတွေ ရှိသည်။ နှင်းတောင်တန်းတွေပေါ်မှာ ဂျင်ဆင်းနှင့် နှင်းကြာပန်း လေ့လာရေးခရီးတွေ ရှိသည်။ နှင်းကြာပန်းတွေကြားမှာ ပုန်းလျှိုးကွယ်လျှိုးရှိတတ်သော နှင်းတောင်ရှဉ့်တွေ ရှိသည်။ ရှမွိုင်း[2]လို့ ခေါ်သည့် ဆွစ်ဇာလန် နှင်းဒရယ်ကလေးတွေ ရှိသည်။ ဒါကိုပဲ 'နွေနဲ့ ယဉ်ကျေးမှု'လို့ ခေါ်သည်။

၁။ Klein

၂။ Chamois

'သည်လိုလတွေမှာ တောင်တန်းနဲ့နီးတဲ့ ဒေသတွေမှာ ပန်းလှည့်ပွဲတွေ ရှိတတ်တယ်။ လှည်းကြီးတွေမှာ ပန်းတွေဆင်ပြီး ကျေးလက်ရိုးရာဂီတနဲ့ လှည့်ကြတာ ဝင်းရဲ့'

ဘရစ်ဂျစ်နဲ့ သူ လာဂရေန်းမော့ထ်မှာပဲ နေ့လယ်စာ စားလိုက်သည်။ ခေါက်ဆွဲကို ခရမ်းချဉ်သီးဆော့စ် ဆမ်းထားသည့် နေ့လယ်စာ ဖြစ်သည်။ လာဂရေန်းမော့ထ်က ထွက်လာတော့ ညနေ သုံးနာရီ ခွဲတော့မည်။ နေ့လယ်စာ စားရင်း သောက်ခဲ့သည့် ဝိုင်အဝါရောင်ကို သူ သတိရနေသည်။ သူသိတာက ဝိုင်ဖြူ၊ ဝိုင်နီ၊ ပန်းရောင်ဝိုင်။ အခုက အဝါရောင်။ သည်ဝိုင်ကတော့ သည်အရပ်က ထွက်တာမဟုတ်ဘဲ 'ဂျူရာ' ဘက်က ထွက်တာလို့ဆိုသည်။ ကော်ဆီးကား ကျွန်းတွေဆီကလည်း ဝိုင်အဝါရောင် လာတတ်သည် ဆို၏။ လာဂရေန်းမော့ထ်မှ မွန့်ပယ်လီယေး အပြန်လမ်းကတော့ မြင်ကွင်းတွေ ပြောင်းသွားခဲ့ပြီ။ မွန့်ပယ်လီယေးမြို့တွင်း တစ်နေရာမှာတော့ ကွက်လပ် ကွင်းကျယ်ကြီးကို တွေ့ရသည်။ အက်စ်ပလာနာ့ဒ်ဒီလို့ရော့ပ်[၁] လို့ ခေါ်သည်။ ရေကူးကန်တွေ၊ ကဖေးဆိုင်တွေ ရှိသည်။ မှန်တွေကာထားသည့် အားကစားရုံကြီးက မွန့်ပယ်လီယေးမြို့လယ် မြင်ကွင်းလို ဟောင်းနွမ်းမနေပါ။ အဆောက်အအုံတွေ၊ မြက်ခင်းတွေ၊ အလံတလူလူလွှင့်ထားသော ရုံးအဆောက်အအုံတွေထဲကို ရောက်တတ်ရာရာ မြင်သမျှလျှောက်ကြည့်ဖြစ်သည်။ လေးနာရီထိုးတော့ မြို့တွင်းက Hertz ကားငှားကုမ္ပဏီ ရုံးခန်းရှေ့မှာ ကားကိုရပ်ပေးလိုက်ကာ သော့ဝင်ပေးသည်။ ဘယ်သူမှ ကားကိုပွန်းလာသလား၊ ပဲ့လာသလား၊ ကွဲလာ ရှလာသလား ထွက်မကြည့်ပါ။ အမြန်ရထားက မွန့်ပယ်လီယေးဘူတာက ညနေ ၄း၅၃ မှာ ထွက်လိမ့်မည်။ ဘူတာရုံကြီးထဲရောက်တော့ လေးနာရီခွဲပြီ။

TGV ရထားကြီး ရပ်ထားသော်လည်း တံခါးမဖွင့်သေး။ လူတွေက ရထားတံခါးဝတိုင်းမှာ တန်းစီနေကြသည်။ သူနဲ့ ဘရစ်ဂျစ်ကလည်း ဝင်တန်းစီသည်။ တန်းစီဖို့ ဘယ်သူကမှ တိုက်တွန်းမနေရ။ ဘယ်သူကမှလည်း အခွင့်ထူးမခံ။ ဘယ်သူ့အတွက်မှ ရထားတံခါးကလည်း ကြိုဖွင့်ထားတာ

၁။ Asplanade de L' Europe



မရှိ။ ၄း၅ဝ ကျမှ ရထားတံခါးတွေအားလုံး တစ်ပြိုင်နက်ပွင့်သည်။ လူတွေတက်ဖို့ ၃ မိနစ်ပဲ အချိန်ရသည်။ ၄း၅၃ မှာ ဥသြဆွဲလေသည်။

သူက ဘရစ်ဂျစ်နဲ့ဝေးရာ ခုံလွတ်တစ်နေရာမှာ သွားထိုင်သည်။ မွန့်ပယ်လီယေး - ပါရီ TGV ရထားလမ်းတစ်လျှောက် မြင်ကွင်းတွေကို အသံသွင်းချင်လို့ ဖြစ်၏။ ဘရစ်ဂျစ်က တစ်နေရာမှာ။ ပြင်သစ်မဂ္ဂဇင်းတစ်အုပ်ကိုဖတ်နေသည်။ သူ့ထိုင်ခုံရှေ့မှာ ပြင်သစ်အဘိုးအဘွား လင်မယားက တစ်ယောက်နဲ့တစ်ယောက် ဖက်ထားသည်။ လိုအပ်လျှင် နမ်းသည်။ နောက်ခုံမှာတော့ ပြင်သစ်အပျိုမလေး နှစ်ယောက်။ စကားများများ၊ ရယ်သံများများ။

မွန့်ပယ်လီယေးက ထွက်လာပြီး ပထမဆုံးရပ်သည့် ဘူတာရုံက နီမ့်စ် ဖြစ်သည်။ ရထားတွေ တော်တော်များများရပ်ထားသည့် လမ်းခွဲဘူတာရုံကြီး ဖြစ်ဟန်ရှိ၏။ လျှပ်စစ်ရထားတွေဆိုတော့ ကောင်းကင်ဓာတ်ကြိုးတွေကလည်း များလှသည်။ ရထားတွင်း အသံချဲ့စက်က ရှေ့မှာ အာဗီညွန်[၁] ဘူတာရုံကြီးကို ရောက်တော့မည်ဖြစ်ကြောင်း ကြေညာပေးနေသည်။ တကယ်ကျတော့ အာဗီညွန်ဘူတာရုံက လမ်းဆုံဘူတာ ဖြစ်သည်။ အာဗီညွန်က တောင်ဘက်ကို ခွဲထွက်သွားသည့် ရထားလမ်းက မာဆေး[၂]ကို ရောက်သည်။ မာဆေးက ပင်လယ်ဆိပ်ကမ်း ကုန်တင်ကုန်ချမြို့ကြီး ဖြစ်သည်။ မြေထဲပင်လယ် ကမ်းခြေတစ်လျှောက် TGV ရထားက မာဆေး၊ တူလွန်၊ ဟိုင်ရေး၊ စိန့်ရာဖယ်လ်၊ ကိန်း၊ အင်းတစ်၊ နိစ်မြို့တော်တွေအထိ ဆက်သွားသည်။ TGV ဘူတာတွေလည်း ရှိသည်။

သူ စီးလာသည့် TGV ကတော့ တောင်ဘက်ပင်လယ် ကမ်းခြေဘက်ကို သွားနေတာမဟုတ်ပါ။ အာဗီညွန်က မြောက်စူးစူး ပါရီကို သွားနေခြင်း ဖြစ်သည်။ နီမ့်စ်ဘူတာပြီးလျှင် မြောက်ဘက်အနီးဆုံးမြို့ ဘူတာက လီယွန်[၃] ဖြစ်သည်။ လီယွန်သည်လည်း လမ်းဆုံဘူတာရုံကြီး ဖြစ်၏။ မာဆေးနှင့် လီယွန်မြို့တွေက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ

၁။ Avignon
၂။ Marseille
၃။ Lyon

ကစားနေကြသည့် မြို့ကြီးတွေဖြစ်သည်။ သူက သူ့ရှေ့ခုံနောက်ကျောမှီက စာရေးခုံကို ဆွဲချလိုက်ကာ မြင်ကွင်းတွေကို အသံမသွင်းတော့ဘဲ စာနဲ့ ရေးမှတ်လာခဲ့သည်။ ရထားပေါ်မှာ စာရေးရတာ စာရေးစားပွဲမှာ ရေးရသလို ငြိမ်သက်နေသည်။ မှန်ထူကာရံထားသည့် မှန်ပြတင်းက ကြည်လင်နေသည်။ ခပ်နီးနီးရုပ်ဝတ္ထုတွေက ရိပ်ခနဲ ရိပ်ခနဲနေအောင် မြန်လွန်းသည်။ သည်ရထားကတော့ တစ်နာရီကို ကီလိုမီတာ ၃၀၀ နှုန်း မောင်းသည်ဆို၏။ လမ်းမှာ အောရိန်းဘူတာကလေးကို ဖြတ်သော်လည်း ရထားမရပ်တော့ပါ။ အာဗီညွှန်က ပါရီရောက်သည်အထိ ဘယ်ဘူတာမှ မရပ်တော့။ လမ်းဘေးရှုခင်းတွေကတော့ စိုက်ခင်းယာခင်းနှင့် လူနေအိမ်ကလေးတွေပဲ ဖြစ်သည်။

အိမ်ကလေးတွေက သီးခြားလုံးချင်းအိမ်ကလေးတွေ။ ဂျုံခင်းရွှေရောင်၊ စပျစ်ခင်းမြရောင်။ မွန့်ပယ်လီယေးက ထွက်လာကတည်းက စပျစ်ခင်းတွေချည်း ဖြစ်၏။ တချို့လမ်းဘေး မြို့ကလေးတွေမှာတော့ Appartment စုပေါင်းတိုက်ခန်းတွေ ရှိသည်။ တချို့မြို့တွေက တောင်ကြားလွင်ပြင်ထဲမှာ။ တချို့မြို့တွေက တောင်စောင်းဆင်ခြေလျှောမှာ။ ဘုရားကျောင်းကြီးတွေကတော့ တောင်ကုန်းမြင့်တွေမှာ။ မြစ်ကူးတံတားကြီးတွေကို ဝေါခနဲ ဖြတ်ရတာလည်း ရှိသည်။ သစ်တောကြီးတွေကို ရှဲခနဲဖြတ်ရတာလည်း ရှိသည်။ လိုးထားသော ညီညီညာညာ ကျောက်ဆောင်နှစ်ခုကြားက ဖြတ်ရတာလည်း ရှိသည်။ လယ်ကွင်းတွေထဲမှာတော့ ကွန်တိန်နာကြီးတွေ၊ ကရိန်းကားကြီးတွေ ရှိသည်။ လျှပ်စစ်ဓာတ်ကြိုးကြီးတွေကတော့ လယ်ကွင်းတွေပေါ်က ကျော်ကာ အဝေးဆီကို။ စက်မှုမြို့ကြီးတွေ၊ စက်မှုဒေသတွေမှာတော့ မီးခိုးဖြူတွေ အူအူထနေတတ်သည်။ TGV ရထားလမ်းနှင့် ကားလမ်း ပြိုင်သည့်နေရာတွေမှာတော့ မြို့နှင့် နီးနေတတ်သည်။ ဈေး၊ ဓာတ်ဆီဆိုင်၊ ကဖေးတေးရီးယား၊ ပီဇားရီးယား ဆိုင်ကလေးတွေ။

ကျောက်တောင်ကြီးတွေကို လိုးဖွဲ့ထားတာမဟုတ်ဘဲ လူက ဖန်တီးတည်ဆောက်ထားသည့် သဘာဝကျောက်သား နံရံကြီးတွေအောက်က ဖြတ်သန်းသွားရတာလည်း တချို့နေရာတွေမှာ ရှိတတ်ပါသည်။ တစ်ခါတလေများ မိုင်ချီပြီး ရှည်လျားသည်ထင်ရ၏။

မြင်ရသလောက် တချို့အဆောက်အအုံကြီးတွေမှာ မသူတော်တို့ ဆေးမှုတ်ထားသည့် စာလုံးတွေရှိသည်။ တချို့စာလုံးတွေက အက္ခရာတွေ



မဟုတ်။ စိတ်ထင်ရာလျှောက်ဖျန်းထားသည့် ရောင်စုံအကွက်အကွက်တွေ။ ဘူတာကလေးတချို့ကို ကျော်ခဲ့ပြီ။ Valence ဘူတာရုံကလေးကို ကျော်တော့ ဥမင်လိုဏ်ခေါင်းထဲကို ဖြတ်သွားသည်။ အကြာကြီး မှောင်နှင့်မည်းမည်း။ ည ခုနစ်နာရီ ထိုးတော့မည်။ မြို့ကလေးတွေ စိပ်လာသည်။ မြို့ပြအဆောက်အယောင်တွေ များလာခဲ့ပြန်ပြီ။ မြို့ကြီးတစ်မြို့စာက အမြန်ရထားရဲ့ အလျှဉ်နောက်မှာ ရိပ်ခနဲကျန်ရစ်ခဲ့သည်။ မြစ်တွေ၊ တံတားတွေ၊ စိုက်ခင်းတွေ၊ လယ်တောတွေ၊ ပြီးတော့ ထင်းရှူးတောကြီးတွေ ဆက်ကာဆက်ကာ။ တစ်ခါတစ်ခါတော့ ရထားက ချိုင့်ဝှမ်းထဲကမထွက်နိုင်။ ထိုအခါ မြင်ကွင်းတွေ ပျောက်ကွယ်သွားတတ်သည်။ ခဏကလေးပါပဲ။ ဘွားခနဲ မြို့ပြသည် အလင်းထဲမှာတောက်ပနေတတ်သည်။ မြေအနိမ့်အဝှမ်း အချိုင့်အမောက်တွေအတိုင်း ဘီးစိပ်နဲ့ တိုက်ချထားသလို စိုက်ခင်းတွေက ညီညာနေတာကို သူ အံ့ဩရသည်။ ရထားထဲက လူတော်တော်များများက အထုပ်အပိုးတွေ ဆွဲချနေကြပြီ။ ပါရီကို ဝင်တော့မှာလား။

'ဝင်း ဆာပြီလား၊ ကိုယ်တော့ ဆာလိုက်တာကွာ။ ပါရီရောက်ဖို့ တော်တော်လိုသေးတယ်။ နောက်ထပ်နှစ်နာရီလောက် စီးရဦးမှာ'

ဘရစ်ဂျစ်က သစ်ကြမ်းပိုး ကိတ်ကလေး နှစ်ချပ် လှမ်းပေးသည်။ သစ်ကြမ်းပိုးနံ့ သင်းသင်းလေး မွှေးနေသည်။ သူလည်း ဆာတာပါပဲ။ လာဂရောန်းမော့ထ်တုန်းက စားထားတာကလည်း ခံတွင်း မတွေ့တော့ များများစားစား စားခဲ့တာမဟုတ်။ ပါရီရောက်ဖို့ လိုသေးသတဲ့။ မုန့်ကလေး နှစ်ချပ်က နှစ်နာရီတော့ ခံကောင်းပါရဲ့။

တစ်ခုတော့ ကံကောင်းသည်။ သူ ထိုင်သည့်ထိုင်ခုံမှာ ဘေးလူမရှိ။ ဖိနပ်ပေါက်နေသည့် ခြေချောင်းကလေးတွေက ခြေအိတ်ထဲမှာ ပူးကပ်နေသည်။ ဖိနပ်ချွတ်ထားလိုက်တော့ အနာတော့ သက်သာသည်။ ပြီးတော့ ကျယ်ကျယ်ဝန်းဝန်း လွတ်လွတ်လပ်လပ် ထိုင်နေရတာကိုက အရသာရှိနေသည်။ ဘရစ်ဂျစ်ထိုင်ခုံဆီက မီးကလေးပွင့်သွားတော့ သူ့ကို ဓာတ်ပုံရိုက်လိုက်မှန်း သိသည်။ သူကလည်း ရိုက်ချင်နေသည်။ TGV ပေါ်မှာ ရိုက်ခွင့်ရှိ မရှိ သူမသိ။ ည ခုနစ်နာရီ ထိုးပြီးပြီ။ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ပထမပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မှု တစ်ပွဲတော့ လွတ်သွားပြန်ပြီ။ ဘရစ်ဂျစ်

ပြောသည့်အတိုင်းဆိုလျှင် ည ကိုးနာရီကျော်မှ ပါရီကို ရထားဝင်မည်။ ဒါဆိုလျှင် ဒုတိယပွဲစဉ်၏ ပထမ လေးဆယ့်ငါးမိနစ်ကို နည်းနည်းလွတ်နိုင်သေးသည်။ ပြင်သစ်ကိုရောက်ခါမှ ဘောလုံးပွဲတွေ လွတ်နေပါကလား။

သည်နေရာမှာတော့ TGV ရထားလမ်းက မြင့်နေပုံရသည်။ ဘေးတစ်ဖက်တစ်ချက် မြို့ကလေးနှစ်မြို့က ချိုင့်ထဲရောက်နေသည်။ အမိုးနီနီကလေးတွေနဲ့ မြို့ကလေး။ စိုက်ခင်းစိမ်းစိမ်းတွေ၊ စုတ်ပြားကြီးကြီးနဲ့ မြေကြီးကို သဘော်ဆေးသုတ်ထားသလား မှတ်ရသည်။ တောက်ပသည့် အစိမ်းရောင် ဖြစ်သည်။ တစ်နေရာမှာတော့ သိုးတွေ ရာပေါင်းများစွာ တွေ့နေရသည်။ သူ့မွေးရပ်မြေ ကုန်းဖောင်းကို သူ သတိရနေမိပြန်သည်။ အညာမှာတုန်းက ဦးလေးတော်သူတစ်ယောက်က သိုးအုပ်တွေကို ရွာအနောက်ဘက်စားကျက်ကွင်းဆီကို မနက်တိုင်း မောင်းသွားနေကျ။ တာလမ်းမမှာ ဖုန်တထောင်းထောင်း ထအောင် မောင်းလာသည့် သိုးတွေက လမ်းပေါ်မှာအပြည့်။ ပြီးတော့ တစ်လမ်းလုံး ဆူညံနေတတ်သည်။ မနက်တိုင်း သိုးအုပ်ထဲက သိုးကလေးတစ်ကောင်ကို လည်ပင်းကြိုးကလေး ချည်ပေးနေကျ။ အလွန်လှပသည့် သိုးကလေးတစ်ကောင်ကို ဖျတ်ခနဲရွေးချယ်ကာ ချည်ပေးလိုက်ခြင်း ဖြစ်သည်။ ညနေ ကျောင်းကအပြန် အနောက်စားကျက်ကွင်းဘက်က သိုးတွေသိမ်းလာလျှင် မနက်က သိုးကလေးကို လိုက်ရှာရတာကို သူပျော်သည်။ တစ်ခါတလေတော့ လွယ်လွယ်ကူကူတွေ့သည်။ တစ်ခါတစ်ခါတော့ လမ်းလုံးပြည့် သိုးတွေကြားမှာ သူ့သိုးကလေးကို မတွေ့ရတာလည်းရှိသည်။ မတွေ့သည့်နေ့တွေမှာတော့ သူ စိတ်မကောင်းဖြစ်နေတတ်သည်။ သိုးကလေးကို တွေ့သည့်နေ့ဆိုလျှင် သူက ဦးလေးသိုးထိန်းကို 'ဦးလေး၊ လည်ပင်းကကြိုးကလေး မဖြေလိုက်နဲ့နော်၊ ဒါ ကျွန်တော့်သိုးကလေး' မှာလိုက်သည်။ ဦးလေးက 'အေးပါကွာ'ဟု ဖြေသည်။ မတွေ့သည့်နေ့ဆိုလျှင် 'ကျွန်တော့်သိုးကလေး မတွေ့ပါလား ဦးလေး'လို့ သူ အမြဲမေးသည်။ ဦးလေးကလည်း 'ရှာလေကွာ'လို့ ပြောနေကျ။ 'အေးပါကွာ'နှင့် 'ရှာလေကွာ' သည်နှစ်မျိုးကို ညနေတိုင်း တစ်ခုခုကြားရမြဲ ဖြစ်၏။ သည်ခံစားမှုနှစ်မျိုးက ငယ်ဘဝ၏ နေဝင်ရီတရော ခံစားမှုတွေ ဖြစ်ခဲ့ဖူးသည်။

သူ့နာရီက ည ရှစ်နာရီထိုးပြီ။ ပါရီကို ရောက်တော့မည်။ အလင်းတွေရှိပါသေးသည်။ အမှောင်ရိပ်တွေ မရှိသေး။ TGVက ပါရီနား ရောက်ခါ



နီးလေ ပိုမြန်လေများလား။ ရထားပေါ်က ခရီးသည်တွေကတော့ အေးအေးဆေးဆေးပါပဲ။ ဘီယာတစ်ဘူးစီ ကိုင်ရင်း စကားတွေ ပြောနေကြသည်။ ပါရီနဲ့နီးလာတော့ စိုက်ခင်းတွေနည်းသွားကာ တိရစ္ဆာန်မွေးမြူရေး စားကျက်တွေ များလာသည်။ လှည်းတွေ၊ မြောင်းတွေ၊ ချိုင့်ဝှမ်းတွေ၊ တောင်ကြားတွေများလာသည်။

ပါရီကို ရောက်ပြန်တော့မည်။ ပါရီကို ရောက်ခါနီးတော့ ကိုယ့်မြို့ကိုယ့်ရွာကို ရောက်ခါနီးခံစားမှုမျိုး ရနေသည်။ ည ကိုးနာရီထိုးတော့မည်။ မြူတွေ ပိတ်ပိတ်ပိန်းပိန်း အဝေးမှာ လူထနေသည်။ တောင်တန်းတွေကိုတောင် မမြင်ရတော့။ ကတ္တီပါစိမ်း စိုက်ခင်းတွေပေါ်ကို မြူတွေ တစ်စတစ်စလွှမ်းခြုံစပြုပြီ။ ရထားတွဲပေါ်က အသံချဲ့စက်သံ ထွက်လာသည်။ ပြင်သစ်ဘာသာစကားသံ တရှဲရှဲကို ကြားနေရပြီ။ ပါရီကိုရောက်တော့ ည ကိုးနာရီဆယ့်ငါး။ ဖိနပ်ကိုကောက်စွပ်ကာ စာရေးစားပွဲလေးပေါ်က ပစ္စည်းတွေကိုသိမ်းရသည်။

ဘူတာရုံထဲကထွက်တော့ ပါရီက စိုရွှဲနေသည်။ မိုးတွေ တအားကြီးရွာထားပုံရသည်။ မိုးက မတိတ်ချင်သေး။ တက္ကစီဒရိုင်ဘာက ညနေနှစ်နာရီလောက်ကတည်းက ရွာလိုက်တာ ည ကိုးနာရီလောက်မှ တိတ်တော့တယ်ဟု ဆိုသည်။ ဘရစ်ဂျစ်က ဟိုတယ်ကို အရင်ပို့သည်။ အခန်းထဲရောက်တော့ ည ကိုးနာရီလေးဆယ်။ ကမန်းကတန်း အဝတ်အစားလဲကာ တီဗီဖွင့်တော့ ဘောလုံးပွဲလာနေပြီ။ ဘာမှမစားရသေး။ ဟိုတယ်အောက်ကိုပြန်မဆင်းချင်တော့။ မွေ့ရာထူထူအိအိကြီးပေါ် လှဲလိုက်ကာ တီဗီကို ကြည့်သည်။ ခဏလေးပါပဲ။ တီဗီက မီးနီကလေးမှိတ်သွားကာ အရုပ်ရော အသံပါပျောက်သွားသည်။ သူ တတ်သလောက် မှတ်သလောက် ပုတ်ကြည့်သည်။ ကြိုးတွေ ပြန်တပ်ကြည့်သည်။ ခလုတ်တွေနှိပ်ကြည့်သည်။ မရ။ သူ တော်တော် စိတ်ညစ်သွားသည်။ သူ အခုရောက်နေသည့် အခန်းက မွန့်ပယ်လီယေး မသွားခင် နေခဲ့ရသည့်အခန်း မဟုတ်။ စတုတ္ထထပ်မှာ။ အခန်းအမှတ် ၄၀၇။ အခန်းဖွဲ့စည်းပုံတွေက အတူတူ။ သူ့သေတ္တာတွေနဲ့ စာအုပ်စာတမ်းတွေ၊ ပစ္စည်းပစ္စယတွေ ရောက်နှင့်ပြီ။ ဘာတစ်ခုမှ မပျောက်ပါ။ ဘာတစ်ခုမှ မလျော့ပါ။ ဒါပေမဲ့ တီဗီက ဒုက္ခပေးနေပြီ။ ဧည့်ကြိုဌာနကို ဖုန်းဆက်တော့

ဝန်ထမ်းတစ်ယောက် ရောက်လာသည်။ သူလည်း ဟိုဖြုတ်သည်တပ် လုပ်ကြည့်သည်။ မရတော့ တီဗီကြီးကို မသွားကာ နောက်တစ်လုံး ယူလာသည်။ ခလုတ်ကိုဖွင့်လိုက်တော့ ဘောလုံးပွဲသံ ဝေါခနဲဝင်လာသည်။

ဩော်… အရာရာနှင့် အကြောင်းကြောင်းပါလား။ ရေသန့်ဘူးထဲက ရေကို တစ်ဝသောက်ပစ်လိုက်သည်။ ရေနှင့် တစ်ညပြီးရတော့မည်။ ထမင်းကြော်ဖိုး ၂၉ ဖရန့် သက်သာသွားပြန်ပြီ။ ဒါဆို မြန်မာငွေတော်တော်များများ စုမိပြီပေါ့။ သူ ပြုံးဖြစ်သွားလေသည်။

✤

မနက် ကိုးနာရီထိုးတော့မှ နိုးသည်။ ကနေ့ တာနာကားကြီး ဂျပန်အသင်း ကစားမည့်မြို့ကိုသွားလိမ့်မည်။ သူက သန်ဘက်ခါပြန်မည်။ မတွေ့နိုင်တော့။ ဘာပဲဖြစ်ဖြစ် သူ့ကိုသတိရသည်။ သည်ဟိုတယ်ကြီးတစ်ခုလုံးမှာ အာရှတိုက်သား တော်တော်များများ ရှိနေနိုင်သော်လည်း သူနှင့် ရင်းနှီးသော အာရှတိုက်သားမှာ ရှားရှားပါးပါး သူတစ်ဦးတည်းသာ ရှိသည်။ ဘာပဲဖြစ်ဖြစ် ဂျပန်အသင်း နိုင်ပါစေ သူ ဆုတောင်းသည်။ မနက်စာကို ကောင်းကောင်းစားပစ်လိုက်သည်။ Juice နှင့် Cereal ကို သူ ကြိုက်သည်။ ကော်ဖီကို နို့များများထည့်ကာ သောက်သည်။ သစ်ကြားစေ့ပေါင်မုန့် နှစ်လုံး စားပစ်လိုက်သည်။

ကနေ့မနက် ဘရစ်ဂျစ် လာနိုင်တော့မည်မထင်။ မွန့်ပယ်လီယေးမှာ နှစ်ရက်တောင် ကြာခဲ့သည်။ ညကလည်း ကိုးနာရီကျော်မှ ပါရီကို ရောက်သည်။ နောက်တစ်နေ့အစီအစဉ်ကို ခါတိုင်းလိုမပြောခဲ့။ နေ့လယ် နှစ်နာရီလောက် ဖုန်းဆက်မယ်လို့တော့ လာဂရောန်းမော့ထ်မှာ ထမင်းစားတုန်းက ပြောခဲ့သည်။ သည်တော့ တစ်ကိုယ်တော်ပေါ့။ ဘရစ်ဂျစ်ကို အားနာလှပြီ။ ကားငှားခတွေ၊ ဟိုတယ်ခတွေ၊ ပြတိုက်ဝင်ကြေးတွေ၊ ဘောလုံးပွဲပြတာတွေ၊ ပြည်တွင်းလေယာဉ်ခတွေ၊ ပြီးတော့ TGV ခ။ ပုဂံကို သူမ လာတုန်းကလည်း သူ ဘာမှအကုန်ခံနိုင်တာ မဟုတ်။ သူမ ပိုက်ဆံကို စီမံခန့်ခွဲပေးရုံသာ ဖြစ်သည်။ မိတ်ဆက်စာ ရေးပေးလိုက်သည့် သူ့မိတ်ဆွေ ဂျက်ပိုင်းလာ့ဒ်သည်လည်း ပြင်သစ်မှာ မဟုတ်တော့။ ဩစတြေးလျမှာ မုန့်ဖုတ်နေလောက်သည်။ ဂျက်ပိုင်းလာ့ဒ်က လူငယ်ဖြစ်သော်လည်း မုန့်ဖုတ်ပညာရှင် ဖြစ်သည်။

ပြီးတော့ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူ၊ သက်သတ်လွတ်သမားဖြစ်သည်။ တစ်ခါတစ်ခါ မီးလွတ်ဆိုတာတောင် စားတာတွေ့ဖူးသည်။

တက္ကစီကို ဟိုတယ်ကပဲ စီစဉ်ပေးသည်။ ကနေ့ သူ ပြင်သစ်၏ ခေတ်မီရပ်ကွက် လာဒီဖွန့်စ်[1]ကို သွားမည်။ လာဒီဖွန့်စ်က ပြင်သစ်၏ နှစ်ဆယ်ရာစု ဗိသုကာသီးသန့်ရပ်ကွက် ဖြစ်သည်။ မြို့ပြဝါဒ၏ နိမိတ်ပုံဟု တင်စားခံရသည်။ ဟက်တာ ၁၆၀ လောက် ကျယ်သည့် စီးပွားရေးရပ်ကွက်လည်း ဖြစ်သည်။ ဆိန်းမြစ်နှင့်နီးကာ အနီးဆုံး မြစ်ဖြတ်တံတားကြီးမှာ ညူယယ်လီတံတား[2]ကြီး ဖြစ်သည်။

တက္ကစီဆရာက လာဒီဖွန့်စ်ဆိုတာနဲ့ အထူးပြောမနေရတော့။ ခေတ်မီလှပသော အဆောက်အအုံကြီးတွေ ရှေ့မှာ ကားကို ထိုးရပ်လိုက်သည်။ ကျယ်ပြန့်သော လမ်းမကြီးဘေး တစ်ဖက်တစ်ချက်မှာ မြင့်မားသော မှန်တပ်မိုးမြင့်တိုက်ကြီးတွေ လွင့်နေသည်။ ပြင်သစ်တွေက ဂျော်မက်ထရစ်ပုံသဏ္ဍာန်ဟု တင်စားကြတာကို ကြားဖူးသည်။ အထူးသဖြင့် တာဝါ (Tower) လို့ ခေါ်ကြသည့် မတ်တတ်ထောင်တိုက်ကြီးတွေ ဖြစ်သည်။ ဖီယက်တာဝါ၊ မင်ဟတ်ဆန်တာဝါ၊ အဲ့လ်ဖ်အက်ကီထိန်း တာဝါကြီးတွေ ဖြစ်၏။ သည်အထဲမှာ အထင်ရှားဆုံးကတော့ CNIT Tower ကြီး ဖြစ်သည်။ CNIT မှာတော့ ပြပွဲကြီးတွေ ကျင်းပလေ့ရှိသည်။ ပြင်သစ်ဗိသုကာ ဇားဖတ်စ်[3]၊ ကယ်မလို[4]နှင့် မေလီ[5]တို့ရဲ့ လက်ရာတွေ ဖြစ်သည်။ သူ ဓာတ်ပုံတွေ တော်တော်ရိုက်ယူလိုက်သည်။ Symbol of modernity။ ဆိန်းမြစ်ကတော့ ရှေးဟောင်း အဆောက်အအုံတွေဘေးက ဖြတ်သန်းစီးဆင်းရင်းက လာဒီဖွန့်စ် အဆောက်အအုံတွေကို တွေ့တော့ အူကြောင်ကြောင် ဖြစ်သွားပုံရသည်။ ပြီးတော့ သည်မြေနေရာက မြေကုန်းမြင့်ဆိုတော့ မွန်မာ့ထ်တောင်ကုန်းနှင့် အမြင့်ချင်းတူသည်ဟု ဆိုနိုင်သည်။ ပြီးတော့ မြို့ပြလူနေရပ်ကွက်ကြီးတွေနဲ့ ဆက်စပ်နေတော့ စည်ကားသည်။ ပါရီနှင့် တစ်ဆက်တည်းဆိုတော့ တိုးချဲ့မြို့ကွက်လို့ ခေါ်နိုင်သေးသည်။ ၁၈ ရာစုလောက်က သည်

၁။ La Defence
၂။ Neuilly Bridge
၃။ Zehrfuss
၄။ Camelot
၅။ Mailly



တောင်ကုန်းမြင့်ပေါ်မှာ စက်ရုံကလေးတွေ ရှိခဲ့ဖူးသည်။ သည်တောင်ကုန်းကို ရှန်တီကိုနိုးတောင်ကုန်း[1]လို့ ခေါ်ကြသည်။

အခုတော့ ခေတ်မီလိုက်သမှ ဝီခေါ်နေပြီ။ စီမံကိန်းကြီးတွေရဲ့ ရုံးချုပ်တွေ ရှိသည်။ ပြင်သစ်၏ ပထမစီးပွားရေးနယ်မြေလို့ ခေါ်နိုင်သည်။ ပြီးတော့ စီးပွားရေး အချက်အချာအကျဆုံး ခရိုင်ဒေသလည်း ဖြစ်သည်။ ဗိသုကာတစ်ဦးချင်း၏ သီးခြားလွတ်လပ်သော အတွေးအမြင်ကတစ်ဆင့် သံမဏိ၊ မှန်၊ အလူမီနီယမ်၊ ကွန်ကရစ်တွေရဲ့ ပေါင်းစည်းမှုအသစ်တွေ ဖြစ်ထွန်းလာခဲ့ပုံရသည်။ CNIT ဆိုလျှင် နိုင်ငံတကာ စီးပွားရေးဆိုင်ရာ ရုံးများနှင့် ကွန်ဗင်းရှင်းများ ကျင်းပနိုင်ရန် ပြန်လည်မွမ်းမံခဲ့သည်။ ကမ္ဘာကျော်ဗိသုကာ ပညာရှင်ပေရက်[2]နှင့် အင်ဒရီး[3]တို့ရဲ့ စိတ်ကူးစိတ်သန်းတွေ ပေါင်းထည့်ထားသည်။ အက်ဆာတာဝါ[4]ကြီးက အထပ် ၃၉ ထပ် မြင့်သည်။ အနားသုံးဖက်ကြယ်ဒီဇိုင်း။ ဖီယက်တာဝါကတော့ ၁၇၈ မီတာ မြင့်ကာ အကြီးဆုံးတာဝါ ဖြစ်သည်။ အလူမီနီယမ်၊ ဂရင်းနိုက်ကျောက်ပြားနက်၊ ရောင်စုံမှန်ချပ်များနှင့် ဂရပ်ဖစ်စင်ကြယ်မှု။ 'Graphic purity' လို့ နာမည်ပေးသည်။ G.A.N တာဝါကတော့ ၁၆၆ မီတာမြင့်ကာ မှန်စိမ်းနံရံတွေနဲ့ ဖြစ်သည်။

သူကတော့ The great Arch လို့ ခေါ်ကြသည့် မဟာအောင်ပွဲခံခုံးရှေ့မှာ ဓာတ်ပုံရိုက်သည်။ သည်ခုံးကြီးကတော့ ပြင်သစ်တစ်နိုင်ငံလုံးက သမိုင်းဝင် ခုံးဟောင်းများလို ကနုတ်တွေ၊ အရုပ်တွေ မပါပါ။ လေးထောင့်စပ်စပ် ကျောက်ဖြူသားခုံးကြီး ဖြစ်သည်။ အတွင်းက အခေါင်းပေါက်ဖြစ်ကာ သည်အခေါင်းပေါက်ထဲမှာ နန်းတော်ကြီးတစ်ဆောင် ချောင်ချောင်လေး ထည့်နိုင်လောက်အောင် ကျယ်သည်။ ဓာတ်လှေကားတွေ တပ်ဆင်ထားသည်။ ပြီးတော့ မိုးတိမ်တွေအဖြစ် အလှဆင်ထားသည့် တက်ဖလွန်ကင်း ဇတ်စကြီးက တကယ့်မိုးတိမ်စိုင် မိုးတိမ်ခဲကြီးနှင့် တူသည်။ ကျောက်ဖြူသား နံရံကြီးတွေကတော့ အတွင်းမှာ ခေတ်မီရုံးခန်းများ ရှိသည်မထင်ရအောင် သိုဝှက်လွန်းသည်။ အောက်ထပ်မှာတော့ ဥရောပ စာကြည့်တိုက်ကြီး

၁။ Chantecoq Knoll
၂။ Parat
၃။ Andranlt
၄။ Assar Tower

ရှိသည်ဆို၏။ အဆောက်အအုံကြီးအနားက ရေပန်းကတော့ ကိုင်နက်တစ် ပန်းချီဟန်[၁] ဖွဲ့စည်းထားသည်။ ၁၅ မီတာမြင့်သည့် ရေပန်းရေမျှင်တွေကို ဂီတတေးသံအလိုက် လှုပ်ရှားစေသည်။ နဂါး၊ ဂဠုန်၊ ကုမ္ဘာန်၊ ယက္ခ ရေပန်း ရုပ်တွေက ပြင်သစ်၏ ၁၈၇၀ ခုခံရေးကာလကို ညွှန်းဖွဲ့ဖော်ကျူးသည် ဆို၏။ သည်အဆောက်အအုံတွေ အားလုံးကလည်း အနှစ် ၂၀၀ ပြည့် ပြင်သစ်တော်လှန်ရေး အောင်းမေ့ဖွယ်ဆိုလေသည်။ အနားက ကြီးမားသည့် အဆောက်အအုံပေါ်ကို လူတွေ ဓာတ်လှေကားနှင့် တက်နေကြတော့ သူပါ လိုက်တက်လိုက်သည်။ အပေါ်ဆုံးထပ်မှာ တေးဂီတသံတွေက မြူးကြွနေ သည်။ စားသောက်ဆိုင်တွေ၊ အမှတ်တရပစ္စည်းဆိုင်တွေ ရှိသည်။ လူတွေ က ထုံးစံအတိုင်း စားလိုက်သောက်လိုက်၊ ဝယ်လိုက်ခြမ်းလိုက်ပေါ့။ သူက တော့ ဘာမှမဝယ်နိုင်ပါ။ တစ်နေရာရောက်တော့ ကမ္ဘာကျော် အီတလီ ဘောလုံးသမား ဗက်ဂျီယို၏ ပုံတူပန်းချီကားကြီးကို တွေ့နေရသည်။ မြင် ကွင်း တစ်လျှောက်မှာတော့ ဓာတ်တိုင်တစ်တိုင်စီလောက် ခြားကာ ကမ္ဘာ ကျော် ဘောလုံးသမားတွေရဲ့ ပုံတူပန်းချီကားကြီးတွေ မျက်စိတဆုံး ချိတ် ထားသည်ကော။ သူမြင်ရသလောက် အနီးမှာ ရိုမာရီယို၊ ရိုနာလ်ဒို၊ အီဗရာ ဟင်ဘ စသူတွေ့။ ပုံကြီးတွေက ကြီးမားသော တံခါးရွက်ကြီးတစ်ချပ်စာ လောက် ရှိလိမ့်မည်။ လာဒီဖွန့်စ် လမ်းမကြီးနှင့် လိုက်ဖက်လှသည်။ တစ် နေရာမှာတော့ ကလေးဘောလုံးပွဲ ကျင်းပပေးနေသည်။ အသက် ၁၂ နှစ်စီ လောက်ရှိသည့် ကလေးဘောလုံးအသင်းနှစ်သင်း ကွင်းငယ်ကလေးထဲမှာ ပြိုင်ပွဲဝင်နေသည်။ အမြင်မှာတော့ ဝတ်စုံဝတ် ဘောလုံးအသင်းတွေ တော် တော်များများ ရှိသည်။ ပရိသတ်တွေက သံဆန်ခါအပြင်ဘက်က အားပေး ရသည်။ သူကတော့ အနားယူနေသည့် လူငယ်ဘောလုံးတစ်သင်း နောက်ခံ ထားကာ ဓာတ်ပုံရိုက်လိုက်သည်။ ဓာတ်ပုံရိုက်ပေးမည့် အနားကလူကို ဗွန်ရှူးဆိုပြီး ကင်မရာထိုးပေးလိုက်ရုံ။ ပြောခဲ့ပါပကော၊ ပြင်သစ်တွေက ကူညီဖို့ ဝန်မလေးကြပါ။ သူ အမှတ်မထင် ရောက်သွားသည့်နေရာမှာ နစ်ကေးပါ့ခ်[၂]ခေါ် နစ်ကေးပွဲတော် ကျင်းပရာနေရာ ဖြစ်နေသည်။ မြင်နိုင်

---

၁။ Kinetic effects

၂။ Nike Park



သမျှ အာကစားပြိုင်ပွဲတွေ၊ အားကစားဆိုင်ရာ အသုံးအဆောင်တွေ၊ အား ကစားသမားများ၏ ဘဝဖြစ်စဉ်တွေ၊ ဓာတ်ပုံတွေ၊ ပန်းချီကားတွေ စုံလင် လှသည်။ ပလတ်စတစ် ကော်ပြားကြီးတွေကို လူ့အရွယ်လောက် လှီးထား ကာ ဘောလုံးသမားတွေရဲ့ နာမည်တွေရေးထားသည်။ ကလေးတွေက သည်အရုပ်တွေကို လိမ်ကာလှည့်ကာ ဘောလုံးဆွဲပြေးရသည်။ အမြန်ဆုံး လိမ်ခေါက်ဆွဲပြေးနိုင်သူကို ချက်ချင်း ဆုတွေပေးသည်။ တစ်သင်းပြီး တစ်သင်း ပြိုင်ပွဲဝင်ဖို့ တန်းစီနေသည့် ကလေးတွေက အများကြီး။ သူပါ ကလေးတွေနဲ့ရောကာ ကစားချင်စိတ် ပေါက်လာသည်။ အားပေးနေကြသည့် ပရိသတ်ကလည်း တဟေးဟေး။

Nike park ထဲမှာ အစီအစဉ်ကြီး ဆယ့်ရှစ်မျိုးရှိသည်။ အဝင်မှာ တော့ Big Board အစီအစဉ်ဖြစ်သည်။ ဘောလုံးတွေ ချိတ်ထားသည့် ဘုတ်ပြားကြီးရှေ့မှာ တော်တော်များများ ဓာတ်ပုံရိုက်ကြတော့ သူလည်း ဗွန်ရှူး လုပ်ရတော့သည်။ နောက်တစ်ခန်းက Hero tower ခေါ် ဘောလုံး သူရဲကောင်းတို့ရဲ့ မျှော်စင်အစီအစဉ် ဖြစ်သည်။ အခန်းသုံးကတော့ Brasil Team Photo Opportunity အစီအစဉ်။ ဘရာဇီးလ် ဘောလုံးသမားတွေရဲ့ ဓာတ်ပုံကြီးတွေ။ တစ်ဦးချင်း ဘောလုံးကိုယ်ဟန်ပြ ပုံကြီးတွေ ဖြစ်သည်။ နောက်တစ်ခန်းကတော့ Nigeria Team Photo Opportunity။ နိုင်ဂျီးရီး ယား ဘောလုံးသမားတွေရဲ့ ကိုယ်ဟန်ပြဓာတ်ပုံကြီးတွေ ချိတ်ထားသည်။ နောက်တစ်ခန်းကတော့ Team monument လို့ နာမည်ပေးထားသည်။ အသင်းလိုက် မော်ကွန်းတင်အစီအစဉ်။ ပြီးတော့ ရေပန်းအပန်းဖြေကွက်လပ် ဖြစ်သည်။ နောက်တစ်ခန်းကိုကူးတော့ Athlete pavilion ဖြစ်သည်။ သည် နေရာက တော်တော်ကျယ်သည်။ သည်ကွက်လပ်နှင့်ကပ်လျက် ညာဘက်မှာ အစီအစဉ် ၇ ဖြစ်သည်။ Brasil Team Shootout အစီအစဉ်ဖြစ်သည်။ ဘယ်ဘက်အစီအစဉ် ၈ ကတော့ Ronaldo's Obstacle Course ဖြစ်သည်။ ရိုနာလ်ဒို အဟန့်အတား အားကစားကွင်း။ အစီအစဉ် ၉ က Roberto Carlos' Free Kick ဖြစ်သည်။ ရောဘတ်တိုကားလို့စ်ရဲ့ အလွတ်ကန်သော အစီအစဉ်။ ရောဘတ်တိုကားလို့စ်က သည်မှာလာပြီး အလွတ်ကန်နေတာ မဟုတ်ပါ။ ဂုဏ်ပြုအစီအစဉ် နာမည်တွေသာ ဖြစ်သည်။

အစီအစဉ် ၁၀ ကတော့ ဘောလုံးကွင်းတစ်ကွင်းရဲ့ အလယ်မျဉ်းကြောင်း နေရာမှာ စီစဉ်ထားသည်။ အစီအစဉ် ၉၊ ၁၀ နှင့် ၁၁ ကို ဘောလုံးကွင်းပုံစံ ဖော်ထားခြင်းကြောင့် ဖြစ်သည်။ အစီအစဉ် ၉ က မြောက်ဘက် ဂိုစည်းနေရာ၊ ၁၀ က ဗဟိုမှာ၊ အစီအစဉ် ၁၁ က တောင်ဘက် ဂိုးစည်း။ ကွင်းအလယ်မှာတော့ Centre pitch အစီအစဉ်တွေ ရှိသည်။ အစီအစဉ် ၁၁ က Ronaldo's Cross Volley ဆိုသည့်ခန်းမ ဖြစ်သည်။ အစီအစဉ် ၁၂ နှင့် ၁၃ ကတော့ အရှေ့အနောက်ကပ်လျက် ခန်းမကြီးတွေ ဖြစ်သည်။ ၁၂ က Kasey Keller's Shot Block အစီအစဉ်ဖြစ်၍ ၁၃ က Ibrahim Ba's Speed Kick အစီအစဉ် ဖြစ်သည်။

အစီအစဉ် ၁၄ ကတော့ Equipment Monument ဖြစ်ကာ အစီအစဉ် ၁၅ က Footwear Monument ဖြစ်သည်။ အခန်း ၁၆ က သတင်းစုံ ပြန်ကြားရေးတွေ့ဆုံခန်း Media viewing station ဖြစ်သည်။ အစီအစဉ် ၁၇ က Passport Station။ နောက်ဆုံးအစီအစဉ် အခန်းကျယ်ကြီးကတော့ အစီအစဉ် ၁၈ Retail Pavilion နှင့် Technology Cone အစီအစဉ်နှစ်ရပ် ပေါင်းထားခြင်း ဖြစ်သည်။

စင်စစ် သည်အစီအစဉ်တွေ အားလုံးကိုနှံ့အောင်ကြည့်ဖို့ မလွယ်လှ။ ရပ်ကွက်ငယ် တစ်ခုစာလောက် ကျယ်သောကြောင့် ဖြစ်သည်။ တစ်ခန်းတစ်ခန်းမှာ ကြည့်စရာတွေ၊ ဝယ်စရာတွေက စုံသည်။ တစ်ခန်းစီမှာ ပရိသတ်က ကြိတ်ကြိတ်တိုး။ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင် အားကစားသမားများ ကိုယ်တိုင် လာရောက်အားပေးကြတော့ အုတ်အော်သောင်းသဲ ဖြစ်နေသည်။ အားကစားဖိနပ် မျိုးစုံကို နံရံတွေမှာ အလှဆင်ထားသည်။ အားကစားဝတ်စုံတွေဆိုလျှင် ဒီဇိုင်းအဆန်းဆန်း ရှေးခေတ်ဘောလုံး အကျႌဒီဇိုင်းတွေကနေ ခေတ်သစ်ဒီဇိုင်းများအထိ ရာပေါင်းများစွာ ချိတ်ထား၊ ပြသထားသည်။ နေရာတိုင်းမှာ နစ်ကေးအမှတ်တံဆိပ် အမှတ်အသားကြီးတွေ ရှိသည်။ Nike Park: La Republique Populaire Du Football လို့ ရေးထားသည့် နီယွန်မီးတွေ ရှိသည်။ သူ ဓာတ်လှေကားနဲ့ အောက်ဆုံးထပ်ကို ဆင်းလာခဲ့သည်။ သည်အဆောက်အအုံကြီးက မြင့်မားသလောက် အပေါ်မှာ



ကျယ်ဝန်းလှသည်။ လှောက်လည်ရင်းက မြေပြင်မှာ တည်ဆောက်ထားသလို ခံစားနေခဲ့ရတာတွေ ဓာတ်လှေကားစီးတော့မှ လွင့်စဉ်သွားသည်။

'အဲသည်အဆောက်အအုံတွေက ဖရန့်ဆွာမီးထရောင်း လက်ထက်မှာ တည်ဆောက်ခဲ့တာကွ။ ဆောက်တုန်းကလည်း ပိုက်ဆံတွေ တအားကုန်ခဲ့တယ်၊ ထိန်းသိမ်းရေးစရိတ်တွေကလည်း နှစ်စဉ်တက်နေတာကို လူထုက သိပ်မကျေနပ်ကြဘူး။ သူတို့လက်ထက် ကောင်းစားခဲ့တယ်ဆိုတာ ပြချင်တာကို နောက်လူတွေကို ကုန်းရုန်းဖွဲ့ဆပ်နေကြရတယ်'

နောင် သူ လာဒီဖွန့်စ်အကြောင်း ပြောပြတော့ ဘရစ်ဂျစ်ရဲ့မှတ်ချက် ဖြစ်သည်။ သည်ရပ်ကွက်ကြီးရဲ့ စရိတ်စကက သေးသေးကွေးကွေး မဟုတ်။ မြေပြင်မှာတော့ ကလေးကစားကွင်းတွေ ရှိသည်။ လျှပ်စစ်သုံး ချားရဟတ်ကြီးတွေ ရှိသည်။

နာရီကိုကြည့်တော့ နေ့လယ် တစ်နာရီကျော်နေပြီ။ နှစ်နာရီအရောက် ဟိုတယ် ပြန်ရမည်။ ဘရစ်ဂျစ်က နှစ်နာရီလာလိမ့်မည်။ တက္ကစီငှားရတာ လွယ်ပါသည်။ ဟိုတယ်ကယ်ရေး ဆိုတာနဲ့ တက္ကစီဆရာတို့ ရင်းနှီးပြီးသား ဖြစ်သည်။ မနက်စာကလွဲလျှင် သူ ဘာမှမစားရသေးပါ။ မနေ့ညကလည်း သူမစားဘဲ အိပ်ပစ်ခဲ့သည်။ မဆာတာတော့လည်း မဟုတ်။ သူ ဆာပါသည်။ ဒါပေမဲ့ အစားအတွက် သူတစ်ယောက်တည်း ဆိုင်မှာသွားစားတာမျိုး မလုပ်ချင်တာလည်း ပါပါသည်။ ပြီးတော့ သူ အတောင့်တဆုံးမှာ မြန်မာထမင်းဟင်း ဖြစ်သည်။ ဘယ်ကရမှာလဲ။ သူစားနေကျ လောင်ဇူးတရုတ်ထမင်းကြော်ကလည်း ခံတွင်းမတွေ့။ ဒါပေမဲ့ မြန်မာထမင်းနဲ့ အနီးဆုံးဆန်ထမင်းဆိုတော့ အဆိုးကြီးတော့မဟုတ်။ ခက်တာက ညနေ ခုနစ်နာရီကျော်မှ ဆိုင်ဖွင့်သည်။ မနက်ပိုင်းမှာ ရ မရ မသေချာ။ ပြီးတော့ ပြင်သစ်ဟိုတယ်တွေက အာရှဟိုတယ်တွေလို သစ်သီးခြင်းတွေ၊ ရေခဲသေတ္တာတွေ၊ အချိုရည်ဘူးတွေ အခန်းထဲမှာ ထားလေ့မရှိဟု ထင်သည်။ သေတော့ မသေချာပါ။ ပထမတန်းစား အခန်းတွေမှာ ရှိချင်လည်းရှိနိုင်သည်။ သူတွေ့ရသလောက် ကြိမ်ခြင်းကလေးထဲမှာ သစ်သီးဆန်တွေပဲ ရှိသည်။

သူက ဧည့်ကြိုဌာနကို မှာခဲ့ကာ အခန်းရှိရာကို တက်လာခဲ့သည်။ ရေမချိုးနိုင်တော့။ မျက်နှာသစ်၊ ကိုယ်လက် သန့်စင်ပြီးမှ သွားတိုက်သည်။

ပြီးတော့ တစ်ခါမှ မဝတ်ရသေးသည့် ဘောင်းဘီတစ်ထည်ကို ရွေးလိုက်သည်။ မီးခိုးရောင်။ အင်္ကျီကိုလည်း ပေါ့ပေါ့ပါးပါး စပို့ရှပ် တစ်ထည် လဲလိုက်သည်။ ခြေအိတ်နဲ့ ဖိနပ်ကတော့ ဒါပါပဲ။ ဘော်ဒီစပရေး တရှူးရှူး လုပ်ပြီးလျှင်တော့ လက်ဆွဲအိတ်ထဲမှာ ကင်မရာ၊ ကက်ဆက်ငယ်၊ ဓာတ်ခဲ ကတ်၊ ဖလင်အိတ်အပို၊ စာရွက်လွတ်၊ ဘောလ်ပင်၊ ပတ်စပို့တွေထည့်ကာ ပိတ်လိုက်သည်။ ကက်ဆက်ခွေက တစ်ခြမ်းစာလား ကျန်တော့သည်။ နောက်တစ်နေ့ အစီအစဉ်တွေကို စာရေးစက္ကူနှင့် ရေးမှတ်ရတော့မည်။ သူ အောက်ထပ်ကိုဆင်းလာတော့ ဘရစ်ဂျစ် ရောက်နေပြီ။

'ဗွန်ရှူးမဒမ်'

'မန်ဂလားဘား'

ကားထဲရောက်တော့ ဘရစ်ဂျစ်က နေ့လယ်စာ ဘာစားသလဲ မေးသည်။ သူက ဘာမှမစားရသေးကြောင်းပြောတော့ ကားထဲက အအေးဘူး တစ်ဘူးနှင့် ချော့ကလက်တစ်တောင့် ပေးသည်။ ပြီးတော့ သစ်ကြမ်းပိုး ကိတ်ခြောက် နှစ်ပြားပေးသည်။ ဘရစ်ဂျစ်က သူစားနေတာကိုကြည့်ပြီး ရယ်သည်။ ပြီးတော့ သူမထုံးစံ လက်ခုပ်ဖွဖွ တီးလေသည်။

'မနက်က ဘယ်တွေရောက်ခဲ့သလဲ'

'လာဒီဖွန့်စ်လေ၊ ပြီးတော့ နစ်ကေးပါ့ခ်'

'နစ်ကေးပါ့ခ်… ကိုယ် မသိပါလား'

'ပြင်သစ်ကို မင်း အကုန်လုံး ဘယ်သိနိုင်ပါ့မလဲ'

ဘရစ်ဂျစ်က ရယ်လေ၏။

ဟိုတယ်ကယ်ရေးနှင့် ဆိန်းမြစ်က မဝေးလှပါ။ ဟိုတယ်နှင့်အနီးဆုံး မြစ်ကူးတံတားမှာ ပွန့်ရွိုင်ရယ်လ်[1] တံတားကြီးဖြစ်သည်။ သည်တံတားက ကူးလျှင် ဆိန်းမြစ်တစ်ဖက်ကမ်းက ကျူးလရီးစ်ပန်းခြံကြီးနှင့် ကမ္ဘာကျော် လုဗ်ပြတိုက်ကြီးရဲ့ကြားကို ရောက်နိုင်သည်။ တစ်နည်းအားဖြင့် လုဗ်ပြတိုက်ရဲ့ မျက်နှာစာရှေ့ကို တန်းရောက်သည်။ ပါရီ၏မြောက်ဘက်ခြမ်းနှင့် တောင်ဘက်ခြမ်းကို ဆက်စပ်ပေးသည့် တံတားတွေကလည်း သမိုင်းတွေနဲ့ ဖြစ်သည်။ ပါရီမြို့သူမြို့သားတွေကတော့ တောင်ခြမ်း၊ မြောက်ခြမ်းလို့ မခေါ်

၁။ Pont Royal



ကြ။ လက်ယာဘက်ကမ်းနှင့် လက်ဝဲဘက်ကမ်းလို့သာ ခေါ်တတ်ကြသည်။ ပါရီ၏ အနောက်ဘက်အရပ် သို့မဟုတ် ဆိန်းမြစ်က ပင်လယ်တွင်းသို့ စီးဝင်ရာကို မျက်နှာမူလျက် လက်ဝဲ၊ လက်ယာ ခေါ်ကြခြင်းဖြစ်သည်။ ဆိန်းမြစ်ကူး တံတားတွေကိုတော့ လက်ဝဲ၊ လက်ယာ ယဉ်ကျေးမှုခြင်း ဆက်နွယ်ရာ မျဉ်းကြောင်းများလို့ ဆိုနိုင်သည်။

ဘရစ်ဂျစ်က တံတားကူးရှိရာ ပွန့်ရွိုင်ရယ်လ်ဆီကို မမောင်းဘဲ ဆိန်းမြစ်နှင့်အပြိုင် စိန့်ဂျာမိန်းလမ်းမကြီးအတိုင်း မောင်းလာကာ တစ်နေရာ ရောက်မှ မြစ်ကိုကူးသည်။ သည်နေရာမှ မြစ်က နှစ်မြွာကွဲသွားကာ အလယ်မှာ ကျွန်းကြီးခံနေသည့်နေရာ ဖြစ်သည်။ သည်တော့ တံတားကြီးကလည်း မြစ်နှစ်စင်းကိုဖြတ်ရတော့ အခြားတံတားတွေထက် ပိုရှည်သည်။

'ဒါ ပွန့်ညုဖ်[1]လို့ ခေါ်တယ်။ ညုဖ်တံတားကြီးပေါ့။ နာမည်ကသာ တံတားသစ်ကြီး ဆိုတဲ့ အဓိပ္ပာယ်ရပေမဲ့ ပြင်သစ်ရဲ့ ရှေးဟောင်းအကျဆုံး တံတားကြီးကွ၊ ပြီးတော့ သည်တံတားကြီးက ကမ္ဘာကျော်တယ်၊ ဗစ်တာ ဟူးဂိုးတို့၊ အာရဂွန်တို့က သည်တံတားကြီးအကြောင်း စာဖွဲ့ခဲ့ကြတယ်။ ပန်းချီကျော် ဂျက်ကယ်လို[2]တို့၊ ကင်မလီပီဆာရိုး[3]တို့က ပုံကြမ်းခြစ်ခဲ့ကြဖူးတယ်။ ပွန့်ညုဖ်ပေါ်က ချစ်သူများဆိုတဲ့ ကမ္ဘာကျော် ရုပ်ရှင်ကားကြီးလည်း ရှိတယ်လေ'

၁၅၇၈ ခုနှစ်က တတိယမြောက် ဟင်နရီဘုရင်က အုတ်မြစ်ချခဲ့သည်။ နောက်ထပ် နှစ်ပေါင်း သုံးဆယ်အကြာ စတုတ္ထ ဟင်နရီဘုရင် လက်ထက်မှာ မွမ်းမံသည်။ တံတားကြီး စဖွင့်ကတည်းက သည်းသည်းလှုပ် စည်ကားသည့် နေရာအဖြစ် သတ်မှတ်ကြသည်။ သူတို့စကားအရဆိုလျှင် 'ပျာလောင်ခတ်နေသည့် တံတား' ဆိုပါတော့။ ကျွမ်းသမားတွေ၊ လမ်းလျှောက် ဈေးသည်တွေ၊ စာအုပ်ဆိုင်တွေ၊ တိုးတိုးဝှေ့ဝှေ့ သွားလာကြသူတွေနဲ့ တံတားကြီး။ သူဖြတ်နေတုန်းမှာတော့ ကျွမ်းသမားဆိုသူတွေ မရှိပါ။ ဟိုတုန်းက ရှိခဲ့တာဖြစ်မည်။ ဟိုတုန်းကတော့ ကုတ်အင်္ကျီခွဲသူတွေ၊ ခါးပိုက်နှိုက်

၁။ Pont Neuf
၂။ Jacques Callot
၃။ Camille Pissaro

တွေ သည်တံတားပေါ်မှာ ပေါသည်ဟု ဆို၏။ အခုကော ရှိသေးသလား၊ မရှိတော့ ဘူးလား သူ အာမမခံနိုင်ပါ။ နွေရာသီတွေမှာတော့ တံတားပေါ်က ဂီတပွဲတွေ ရှိတတ်သည်။ ခေတ်သစ်ပန်းချီဆရာတစ်ယောက်ကတော့ ပိတ်စ အညိုရောင်နှင့် တံတားကြီးတစ်ခုလုံးကို ရစ်ပတ်သွားခဲ့ဖူးသည် ဆို၏။ ဒါကိုက ခေတ်ပေါ် ပန်းပုနည်းနာတစ်ရပ် ဖြစ်သည်ဟု ဆိုလေသည်။

တံတားကြီးက အုတ်ရိုးစီတံတားကြီး ဖြစ်သည်။ မီတာ ၃၀၀ လောက် ရှည်လိမ့်မည်။ ပြင်သစ်စကားပုံတစ်ခုက 'ပွန့်ညုဖ်တံတားကြီးလို ကြံ့ခိုင်ပါ'တဲ့။ မြစ်တစ်ဖက်ကမ်းရောက်တော့မှ လုဗ်ပြတိုက်ဘက်ကို ပြန်မောင်းသည်။ ဆိန်းမြစ်ကမ်းက လုဗ်ပြတိုက်ကြီးရဲ့ ခေါင်မိုးမည်းမည်းကြီးတွေကို တွေ့နေရပြီ။ ဟောင်းမြင်းသော ဝါကျင့်ကျင့် စက္ကူအရောင်မျိုးနှင့် ပြတိုက်ကြီးမှာ သူ့ကို ခြောက်လှန့်နေသည်။ သူ့ရင်တွေကို လှုပ်ခုန်နေစေသည်။ ပြင်သစ်ရောက်ကတည်းက သည်ရှေ့ကိုသူ မကြာမကြာ ဖြတ်ခဲ့ဖူးသည်။ ဖြတ်တိုင်းလည်း ရင်ခုန်ရသည်။ ပါရီရောက်လျှင် မြင်ရတိုင်း ရင်ခုန်ရသည့် နှစ်နေရာရှိသည်။ တစ်ခုက အီဖဲလ်မျှော်စင်ကြီး ဖြစ်သည်။ ပြီးတော့ တစ်ခုက လုဗ်။ မြန်မာဝါးလက်ခုပ်တစ်ချောင်းကို ဆိန်းမြစ်ဘေးမှာ ခပ်ဟဟ အလျားလိုက်ချထားတာမျိုးနှင့် နှိုင်းယှဉ်ရလိမ့်မည်။ ကြီးမား ခံ့ထည်သည်။ ကမ္ဘာ့အကောင်းဆုံးနှင့် အပြည့်စုံဆုံး ပြတိုက်ကြီးဖြစ်သည်။ တင်ပြပုံစနစ်အကျဆုံး၊ စိတ်ကူးစိတ်သန်းအကောင်းဆုံး၊ သမိုင်းတန်ဖိုးအကြီးဆုံး၊ ကမ္ဘာ့ဂြိုဟ်၏အဖူးအညွန့် အနုပညာတို့စုဝေးရာ ဗိမာန်ကြီး။ Entresol level၊ ပြီးတော့မှ Ground Floor၊ ပြီးလျှင် 1st Floor နှင့် 2nd Floor။ အထပ်တိုင်းမှာ ကြည့်စရာတွေပြည့်လျှံနေသည်။ ခံစားစရာတွေ ပြည့်ကျပ်နေသည်။ သည်အထပ်တွေအားလုံးဆီက အနုပညာလက်ရာတွေ အားလုံးကို တပြည့်တဝကြီး ကြည့်နိုင်ခဲ့ပါသည်ဟုဆိုလျှင် ထိုပုဂ္ဂိုလ်ကို နတ်ဒေဝတာ အဖြစ် ငေးကြည့်ရုံသာ။

သူနှင့် ဘရစ်ဂျစ်က ထောင်ပေါင်းများစွာသော၊ အင်း… ထောင်ပေါင်းများစွာလို့ပဲ ပြောရလိမ့်မည်။ ကမ္ဘာ့နိုင်ငံအသီးသီးက အနုပညာမြတ်နိုးသူတွေ သည်ပြတိုက်ကြီးဆီကို မရောက်မဖြစ် ရောက်ကြသည်။ ပါရီကိုရောက်ပြီး လုဗ်ကိုမရောက်လျှင် မပြည့်စုံပါလို့များ ယူဆထားကြ



သလား မသိ။ လက်မှတ်ရောင်းပေါက်တိုင်းမှာ လူတွေ တန်းစီနေတာ မဆုံးနိုင်။ သူနှင့် ဘရစ်ဂျစ်က ကျူးလရီးစ်ပန်းခြံဘက် ပင်မဝင်ပေါက်ကြီးက ဝင်ခဲ့သည်။ အဝင်လမ်းမှာ အောင်ပွဲခံခုံးကြီးတစ်ခု ရှိသည်။ သစ်ပင်ကြီးတွေ စိုက်ထားသည့် ဝင်ပေါက်က အောင်ပွဲခံခုံးကြီး (Arch)နှင့် လိုက်ဖက်သည်။ သည်နေရာကိုတော့ 'Entrance Galerie du Carrousel' လို့ ခေါ်သည်။ သည်နေရာကလွန်လျှင် လုဗ်ပြတိုက်ဝင်းကြီးထဲက ကန့်လန့်ဖြတ်ထွက်နိုင်သည့် ခါးလယ်ဖြတ်ကားလမ်း ရှိသည်။ သည်ကားလမ်းက ဝဲဘက်ယာဉ်ကြော၊ ယာဘက်ယာဉ်ကြော သတ်မှတ်ထားကာ အလယ်မှာ အဝိုင်းပတ်ယာဉ်ကြောအဝိုင်းကြီး ရှိသည်။ သည်ကလွန်တော့မှ Pyramid main entrance ခေါ်သည့် မှန်ပိရမစ်ဝင်ပေါက်ကြီးကို ရောက်သည်။ မှန်ကူကွက်ပုံ ပိရမစ်ကြီးဘေးမှာ မှန်ပိရမစ်ငယ်ကလေး နှစ်ခုရှိသည်။ သည်မှန်ကူကွက် ပိရမစ်ဝင်ပေါက်ကတော့ ခေတ်သစ်ဗိသုကာ ဖြစ်သည်။

မှန်ပိရမစ်ကြီးအောက်မှာတော့ စားသောက်ဆိုင်တွေနဲ့ ကဖေးတွေ ရှိသည်။ အော်ဒစ်တိုးရီးယမ်း ရှိသည်။ အလှကုန်ဆိုင်တွေရှိသည်။ စာအုပ်ဆိုင်တွေ စီကာတန်းကာ ရှိသည်။ ပြီးတော့ သည်အခန်းကြီးထဲကမှ ညာဘက်မှာ ရစ်ချ်လူးခန်းမဆောင်[၁]၊ ဘယ်ဘက်မှာ ဒီနွန်ခန်းမဆောင်[၂]နှင့် တည့်တည့်မှာ ဆာလီခန်းမဆောင်[၃]တွေ ရှိရာကို ကူးသွားနိုင်သည်။

မှန်ပိရမစ်ထဲက Reception Area ထဲမှာ သဘာဝအလင်းရောင်နှင့် လင်းချင်းနေသည်။ အပြင်ကလှမ်းကြည့်တော့ သာမန်အိမ်တစ်လုံးစာလောက်သာ ကျယ်လိမ့်မည်ထင်ခဲ့သည်။ အထဲရောက်တော့ လူတွေက သေးငယ်သွားသည်။ သည်ခန်းမကြီးထဲမှာ အင်ဖော်မေးရှင်းဒက်စ် ရှိသည်။ အခမဲ့ ဝန်ဆောင်မှုတွေအဖြစ် Cloak room ရှိသည်။ အနွေးထည်တွေ ချွတ်ထားနိုင်သည့် နေရာဖြစ်သည်။ ဝန်စည်စလယ်တွေ ထားနိုင်သည်။ ရှေးဦးသူနာပြု အစီအစဉ်ရှိသည်။ လက်တွန်းလှည်းတွေ ရှိသည်။ Lost and Found ရှိသည်။

---

၁။ Richelieu
၂။ Denon
၃။ Sully

မသန်စွမ်းသူတွေအတွက် ဘီးတပ်လှည်း စီစဉ်ပေးသည်။ တချို့အခန်းတွေမှာ ပြင်သစ်ဘာသာနှင့် အင်္ဂလိပ်ဘာသာသုံးကာ ရှင်းပြသူတွေထားပေးသည်။ စားသောက်ဆိုင်တွေကတော့ မှန်ပိရမစ် ခန်းမကြီးထဲမှာရော အခြားသင့်လျော်ရာ နေရာတိုင်းမှာ စီစဉ်ပေးထားသည်။ ဘာသာ ခြောက်ဘာသာသုံး အော်ဒီယိုဂိုက်တွေကို အဓိကခန်းမဆောင်တွေမှာ ငှားရမ်းသည်။

လမ်းညွှန်စာအုပ်တွေကတော့ ဘာသာပေါင်းစုံနှင့် ရှိသည်။ ပြီးတော့ အမျိုးပေါင်းများစွာ ရှိသည်။ ရုပ်ရှင်၊ ပို့စကတ်၊ ပိုစတာ၊ အမှတ်တရလက်ဆောင်၊ ပန်းချီလက်ရာပွားတွေ၊ ဓာတ်ပုံ၊ မင်ခြစ်၊ မီးသွေးခြစ်၊ ခဲခြစ်စသည့် မိတ္တူကြမ်းတွေကတော့ အခန်းတစ်ခန်းထဲမှာ ပြည့်ပြည့်စုံစုံ စီစဉ်ပေးထားသည်။ လုဗ်ပြတိုက်ကြီးထဲမှာပဲ ယာယီပြပွဲတွေ ရှိတတ်သည်။ Prints and Drawing Consultation Room ဆိုတာလည်း တွေ့သည်။

'ဝင်းရေ… တို့တော့ တော်တော်တန်းစီရဦးမယ် ထင်တယ်နော်၊ တို့ လာတာ တော်တော်နောက်ကျသွားတယ်ကွာ။ ခပ်သုတ်သုတ်ကလေးပေါ့။ ဝင်းက ကုတ်နှစ်ဘူး သွားဝယ်ချေ။ ကိုယ် တန်းစီထားမယ်'

ကုတ်ဘူး ဝယ်လာပြီးတော့ ခပ်သုတ်သုတ် သောက်ကြရသည်။ ပြတိုက်ခန်းတွေထဲမှာတော့ မည်သည့်စားစရာမှ ယူဆောင်ခွင့်မရှိ။ ဆေးလိပ်လည်း သောက်ခွင့်မပြု။ အရည်ရော၊ အဖတ်ရော၊ အငွေ့ရောမရ ဆိုပါတော့။ ပြီးတော့ ဖလက်ရှ်ဂန်းမီးပွင့်၊ လေးလံသော ဝန်စည်စလယ်များနှင့် တိရစ္ဆာန်များ လုံးဝခွင့်မပြု။ သည်နှစ် (၁၉၉၈) ခုနှစ် အထူးအစီအစဉ်အရ ပြတိုက်ဝင်ကြေး လူကြီးတစ်ဦးလျှင် ၄၆ ဖရန့်နှုန်း ပုံသေမဟုတ်တော့ဘဲ ညနေသုံးနာရီနောက်ပိုင်းနှင့် တနင်္ဂနွေနေ့တွေမှာ လူတစ်ဦးလျှင် ၂၆ ဖရန့်သာယူသည်။ အသက် ၁၈ နှစ်အောက် လူငယ်တွေနဲ့ အလုပ်လက်မဲ့ပြည်သူများ အခမဲ့ဖြစ်သည်။ လူတိုင်းအတွက် အခမဲ့နေ့မှာ လစဉ် ပထမဆုံး တနင်္ဂနွေနေ့တိုင်း ဖြစ်သည်။ အခြားအထူးလျှော့နှုန်းများအတွက် စုံစမ်းရေးကောင်တာမှာ မေးမြန်းနိုင်သေးသည်။ ပြတိုက်ဝင်ကြေး လက်မှတ်တစ်စောင်က တစ်နေ့လုံး အကျုံးဝင်သည်။ တစ်နေ့တာအတွင်း နောက်ထပ် အကြိမ်ကြိမ် ဝင်နိုင်ခွင့်ရှိသည်။ အသက် ၂၆ နှစ်အောက်နှင့် ကျောင်းဆရာဆရာမတွေအတွက် အသင်းဝင်ကတ် အစီအစဉ်တွေ ရှိသေးသည်။



အင်္ဂါနေ့တိုင်းနှင့် အစိုးရရုံးပိတ်ရက်တွေမှာတော့ ပြတိုက်ပိတ်သည်။ သူနှင့် ဘရစ်ဂျစ် ဝင်ခွင့်ရတော့ ပြပွဲပရိသတ်က များသထက်များလာသည်။ ညနေစောင်းလေ လူတွေပြည့်နှက်လာလေ။ ပြတိုက်အဝင်မှာတော့ လုံခြုံရေးဝန်ထမ်းတွေက လျှပ်စစ်လုံခြုံရေးကိရိယာနှင့် တစ်ဦးချင်းရှာဖွေသည်။ အိတ်တွေ ဖွင့်ခိုင်းသည်။

သူ့ကိုရှာတော့ လျှပ်စစ်ကိရိယာအသံတွေ မြည်နေဦးမလား စိုးရိမ်နေမိသေးသည်။ တော်ပါသေးရဲ့ ဘာသံမှမမြည်။ ပထမဆုံး စတင်ကြည့်ခဲ့ရသည့် ပြခန်းမှာ ကျောက်သားထုနံရံကွေးကွေးကြီး ဖြစ်သည်။ လုဗ်ပြတိုက်တိုးချဲ့ဖို့ မြေတူးရင်းက သည် ၁၆ ရာစုဦးလက်ရာ ကျောက်သားအုတ်စီနံရံကြီး ပေါ်လာတော့ ချက်ချင်း သံလက်ရမ်းကာတန်းတွေ ကာပစ်လိုက်သည်။ ပြီးတော့ ဒါကြီးကိုပဲ နောက်ဆုံးတူးဖော်ရရှိသည့် ယဉ်ကျေးမှုအမွေအဖြစ် ထိန်းသိမ်းထားလိုက်သည် ဆို၏။ သည်နံရံကြီးရှေ့မှာတော့ ခေတ်မီယာယီဓာတ်ပုံပြပွဲ တစ်ပွဲ ကျင်းပနေတာလည်း တွေ့သည်။ စက်လှေကားတွေပေါ်မှာတော့ လူတွေက တက်လိုက်ဆင်းလိုက်။ လုဗ်စာတိုက်မှာ သူမန္တလေးလိပ်စာတပ် စာတစ်စောင် ထည့်လိုက်သည် (သူ ပါရီက စာတော်တော်များများနှင့် ပို့စကတ်တော်တော်များများ ရန်ကုန်နှင့် မန္တလေးကိုပို့ခဲ့ပါသည်။ ရန်ကုန်ကို ထည့်ဖြစ်ခဲ့သမျှ စာနှင့် ပို့စကဒ်တွေ အားလုံးတစ်စောင်မှ မရောက်ပါ)။

'သည်မှာက အားလုံးကိုကြည့်ဖို့တော့ မလွယ်ဘူးပေါ့လေ။ ဒါပေမဲ့ သည်မှာရှိတဲ့ အခန်းတွေနဲ့ အနုပညာလက်ရာထားသိုမှုနဲ့ သဘာဝကို ပြောပြမယ်။ သည်မှာ အနုပညာလက်ရာစုံ သုံးသောင်းလောက် ပြသထားတယ်။ အဓိကအခန်းကြီး ခုနစ်ခန်းမှာပေါ့လေ။ ရှေးဟောင်းလက်ရာတွေနဲ့ အနောက်ပန်းချီအနုပညာတွေ ရှိတယ်ဆိုပါတော့။ ယာယီအနုပညာ ပြခန်းတွေနဲ့ အနုပညာလက်ရာတွေကလည်း မနည်းလှဘူး'

ဘရစ်ဂျစ် ရှင်းပြချက်တွေအရ ပင်မအခန်းကြီး (ဌာနကြီး) ခုနစ်ခုရှိသည်။ ပထမဆုံးဌာနကြီးက အရှေ့တိုင်း ရှေးရိုးအနုပညာနှင့် အစ္စလာမ်အနုပညာ[1] ဌာန ဖြစ်သည်။ သည်ဌာနကြီးက အရှေ့ယဉ်ကျေးမှုကို ဘီစီ

၁။ Oriental Antiquities, Arts of Islam

၇၀၀၀ လောက်အထိ နောက်ဆုတ်ကြည့်နိုင်သည်။ မက်ဆိုပိုးတေးမီးယား၊ အီရန်ယဉ်ကျေးမှုတွေကို အထူးပြသထားသည်။ မြေထဲပင်လယ်ဒေသမှ အိန္ဒိယတိုက်ငယ်အထိ ရှည်လျားကြီးမားသော ဒေသယဉ်ကျေးမှု အနုလက်ရာတွေ ရှိသည်။ ၇ ရာစုမှ ၁၉ ရာစုကြား အစ္စလာမ်ကမ္ဘာက ယဉ်ကျေးမှုလက်ရာတွေ ရှိသည်။ အထူးသဖြင့် မြေထဲပင်လယ်ချိုင့်ဝှမ်း၊ အီရန်၊ အိန္ဒိယ၊ အလယ်အာရှတိုက် ယဉ်ကျေးမှုဌာနကြီး ဖြစ်သည်။

ဒုတိယဌာနကြီးကတော့ အီဂျစ်ရှေးဟောင်း အနုပညာလက်ရာများ[၁] ပြခန်းဖြစ်သည်။ သည်ဌာနကြီးရဲ့ ဖန်တီးရှင်က ယန်းဖရန့်ဆွာ ရှမ်ပိုလီယွန်[၂] ဖြစ်သည်။ ရှေးဟောင်းအီဂျစ် ယဉ်ကျေးမှုကို မြင်ထောင့်နှစ်မျိုး ခံစားနိုင်အောင် စီစဉ်ထားပေးသည်။

တစ်မျိုးက သက္ကရာဇ်စဉ် ဇယားအလိုက် စီစဉ်ထားရှိမှု[၃] ဖြစ်သည်။ နောက်ထပ် မြင်ထောင့်တစ်မျိုးကတော့ ဦးတည်ချက်သဘော စီစဉ်ထားရှိမှု[၄] ဖြစ်သည်။ နောက်ထပ် သီးသန့်အစဉ်ကတော့ Coptic Egypt နှင့် Roman Egypt ယဉ်ကျေးမှုဆိုင်ရာ ခင်းကျင်းထားရှိမှုတွေ ဖြစ်သည်။

တတိယဌာနကြီးကတော့ ဂရိယဉ်ကျေးမှု၊ အီထရူးရီးယားနှင့် ရောမ ရှေးဟောင်းအနုပညာပြခန်း[၅] ဖြစ်သည်။ သည်ဌာနကြီးမှာတော့ ရှေးဟောင်း ယဉ်ကျေးမှုကြီး သုံးခုကို ပူးပေါင်းပြသထားသည်။ မြေညီထပ်မှာတော့ မာဘယ်လ် ကျောက်ထွင်းရုပ်တုပြခန်းတွေ ရှိသည်။ ပြီးတော့ သက္ကရာဇ်အလိုက် ပြသထားသည်။ တတိယသမ္မတ္တိခေတ်မှ အေဒီ ၇ ရာစု အနုပညာလက်ရာတွေ ပါဝင်သည်။ ပထမပြခန်းတွေမှာ ကြေးဝါ၊ ငွေ၊ ရတနာ၊ ဖန်၊ မှန်၊ ရုပ်တုငယ်နှင့် မြေပန်းအိုး ရှားပါးလက်ရာကောင်းတွေ တွေ့နိုင်သည် ဆို၏။

စတုတ္ထဌာနကြီးကတော့ ပန်းပုရုပ်တုရုပ်ထွင်းများနှင့် ဆိုင်သည်။ ဥရောပပန်းပုတွေ ဆိုလျှင် အလယ်ခေတ်နှောင်းပိုင်းက ၁၉ ရာစု အလယ်

၁။ Egyptian Antiquities
၂။ Jean Francois Champollion
၃။ Chronological Circuit
၄။ Thematic Circuit
၅။ Greek, Etruscan and Roman Antiquities



ပိုင်းအထိ ရှာဖွေစုဆောင်း ပြသထားသည်။ အထူးသဖြင့် ပြင်သစ်အနုပညာ၊ စပိန်အနုပညာနှင့် အီတလီအနုပညာ ရုပ်တုရုပ်ထွင်းတွေကို များများစားစား တွေ့နိုင်သည်။ ဥရောပမြောက်ပိုင်း နိုင်ငံတွေက လက်ရာတချို့လည်း ရှိသည်။

ပဉ္စမဌာနကတော့ Objects d' Art လို့ခေါ်သည်။ မြန်မာလို ရုပ်ဝတ္ထုအနုပညာလို့ ခေါ်ရလိမ့်မည်ထင်သည်။ သည်မှာတော့ ခေတ်တိုင်းကလက်ရာတွေ ရှိသည် ဆို၏။ အလယ်ခေတ် လက်ရာတွေလည်း ရှိသည်။ ဉာဏ်သစ်ပွင့်ချိန်ခေတ် လက်ရာတွေလည်း ရှိသည်။ ၁၇ ရာစုနှင့် ၁၈ ရာစုခေတ် အလှဆင်အနုပညာ[၁] လက်ရာတွေလည်း ရှိသည်။ စိန်သရဖူတစ်ခု ဆိုလျှင် ပြတိုက်ကြီး၏ လက်ရာမွန်စာရင်းထိုး ခံရသည်အထိ ကျော်ကြားသည်။ တတိယ နပိုလီယန်ခေတ် လူနေတိုက်ခန်းပုံစံငယ်တွေ၊ ပရိဘောဂတွေအထိ ပြသထားသည်။ ဆဋ္ဌမဌာနကြီးက ပန်းချီအနုပညာလက်ရာတွေ သီးသန့် ဖြစ်၏။ ဥရောပသမိုင်းခေတ် ပန်းချီတွေ တွေ့နိုင်သည်။ ၁၃ ရာစုလယ်မှ ၁၉ ရာစုလယ်ခေတ် ပန်းချီကားတွေ ရှိသည်။ ပန်းချီကားကြီးတွေကို အုပ်စုကြီးသုံးခု ခွဲထားသည်။ ပြင်သစ်ကျောင်းအုပ်စုကြီး၊ အီတလျံနှင့် စပိန်ကျောင်းအုပ်စုကြီးနှင့် ဂျာမနီ၊ ဖင်လန်၊ ဒတ်ချ် စသည့် မြောက်ပိုင်း ဥရောပကျောင်းအုပ်စုကြီး ဖြစ်သည်။

နောက်ဆုံးဌာနကြီးမှာ ပုံနှိပ်နှင့် ပုံစံပြဌာနကြီး[၂] ဖြစ်သည်။ ဂရပ်ဖစ် အနုပညာလက်ရာတွေ ရှိသည်။ အလွန်လှပရှားပါးသော်လည်း ကွဲလွယ် ကြေလွယ် ထိခိုက်လွယ်သည့် အနုပညာလက်ရာတွေကိုတော့ အလှည့်ကျ ပြသပေးသည်။

'သည်ပြတိုက်ကြီးမှာ လုဗ်ရဲ့သမိုင်းဆိုတဲ့ အခန်းကြီးရှိတယ်။ နောက် အလယ်ခေတ် လုဗ်ဆိုတဲ့ အခန်းလည်းရှိတယ်။ သည်အခန်းက ဘာကို ကိုယ်စားပြုသလဲဆိုတော့ သမိုင်းနဲ့ ဗိသုကာဖွံ့ဖြိုးမှုကို လေ့လာနိုင်တယ်။ ၁၁၉၀ လောက်က ဘုရင် ဖိလစ်ဩဂတ်စတပ် ခံတပ်ကြီးအဖြစ် ဆောက်ခဲ့တာကစပြီး သက္ကရာဇ်စဉ်အလိုက် ပြောင်းလဲမှုတွေ တွေ့နိုင်တယ်။ အဲသည်

၁။ Decorative Arts
၂။ Prints and Drawings

တုန်းက သည်အဆောက်အအုံကြီးကို ဒါမှမဟုတ် သည်နေရာကြီးကို လူပါးရား[၁]လို့ ခေါ်ခဲ့ကြတယ်။ လူပါးရားကမှ လုဗ်[၂] ဖြစ်လာတယ်လို့ ဆိုတယ်'

ပြတိုက်ကြီးရဲ့ နေရာတော်တော်များများမှာ အနုပညာလက်ရာတွေကို မထိပါနဲ့ဆိုသည့် သတိပေးစာတန်းတွေ ရှိသည်။ 'Do Not Touch Works Of Art' ဆိုသည့် စာလုံးတွေကို စာလုံးတစ်လုံးချင်းပေါ်မှာပဲ နေရာတော်တော်များများ တမင်ဖျက်ပြထားသည်။ ရုတ်တရက် ဖတ်လို့မရ။ တော်တော်ကြိုးစားဖတ်ရသည်။ သည်တော့မှ အနုပညာလက်ရာတွေမှာလည်း ပကတိအတိုင်းမဟုတ်ဘဲ တစ်ပိုင်းတစ်စ ပျက်စီးသွားလျှင် အပြည့်အဝ ခံစားနိုင်ဖို့ မလွယ်တာကို ဆိုလိုတာမှန်း သူ နားလည်သွားသည်။ 'အနုပညာ လက်ရာတွေမှာ ထူးခြား ရှားပါးသလောက် ထိခိုက်လွယ်သည်။ သည်လက်ရာတွေက ရာစုနှစ်ကာလများစွာကို ဖြတ်သန်း ကျော်လွှားခဲ့ရသည်။ နောင်မျိုးဆက်တွေ ခံစားနိုင်ဖို့ ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်ကြီး ကျွန်ုပ်တို့အားလုံး လက်ထဲတွင် ရှိသည်။ အသာအယာထိမိလျှင်ပင် ပျက်စီးသွားနိုင်လေတော့ လူပေါင်းများစွာက အကြိမ်ထောင်ပေါင်းများစွာ ထိကိုင်ကြလျှင်ကား ဆိုဖွယ်ရာ မရှိပြီ။ လူသားတို့၏ သမိုင်းအမွေအနှစ်ကို ကာကွယ်ထိန်းသိမ်းရန် ကူညီပါ'လို့ ဘာသာပေါင်းစုံဖြင့် ရေးသား သတိပေးထားသည်။

'နိုင်ငံပေါင်းစုံက ကလေးတွေဟာ လုဗ်ပြတိုက်ကြီးရဲ့ စာအုပ်ဆိုင်ကြီးတွေမှာ စာအုပ်တော်တော် ဝယ်လေ့ရှိတယ်။ သည်တော့ ဘာသာပေါင်းစုံနဲ့ ပြန်ဆိုပြီး ပြုစုထားရတယ်။ ပန်းပုတွေ၊ ပန်းချီတွေကို ကလေးတွေ ချက်ချင်းခံစားနိုင်အောင် ပြတိုက်အသေးလေး လုပ်ပေးထားတာ တွေ့တယ်နော်။ ကလေးတွေအတွက် အနုပညာမိတ်ဆက်စာအုပ်တွေ စီစဉ်ပေးထားတယ်'

မှန်ပိရမစ်ခန်းကတစ်ဆင့် အပေါ်ကို စက်လှေကားတွေ အသုံးပြုနိုင်သလို ဓာတ်လှေကားတွေလည်း ရှိသည်။ ပန်းကန်လုံးကြီးတွေထဲ လူတွေဝင်ပြီး ပန်းကန်လုံးလိုက် မ တင်သွားသော ဓာတ်လှေကားမျိုးကို သည်တစ်ခါပဲ သူတွေ့ဖူးသည်။ သူနှင့် ဘရစ်ဂျစ်က Entrosol level ထဲမှာပဲ

၁။ Lupara
၂။ Louvre



ရှိသေးသည်။ Cour Marly နှင့် Cour Puget လို့ ရေးထားသည့် အခန်းတွေထဲက ပြင်သစ်အနုပညာ ရုပ်တုကြီးတွေကို အရင်ကြည့်သည်။ အရင်ကတော့ ကွင်းပြင်ထဲမှာ သည်အတိုင်းပြသထားသည့် ရုပ်တုကြီးတွေဟု ဆိုသည်။ ခုတော့ အဆောင်သတ်သတ်မှတ်မှတ် နေရာချပေးထားသည်။

မာလီမြင်းတွေထဲက တစ်ကောင်[၁] ရုပ်တုကြီးရှေ့မှာ သူ ဓာတ်ပုံ အရိုက်ခံလိုက်သည်။ သည်အထပ်မှာတော့ ပြင်သစ်ပန်းပုတွေ ရှိသည်။ အစ္စလာမ်အနုပညာ ရှိသည်။ ၁၁ ရာစုက ၁၅ ရာစုကြား အီတလီနှင့် စပိန် ပန်းပုတွေရှိသည်။ ဂရိဂန္ဓဝင်အကြိုခေတ်ပြခန်း ရှိသည်။ ၁၆ ရာစုက ၁၉ ရာစုကြား အီတလီပန်းပုတွေ ရှိသည်။ Roman Egypt နှင့် Coptic Egypt ပြခန်းငယ်နှစ်ဆောင် ရှိသည်။

'ဝင်းရေ သည်လိုလုပ်ရအောင်။ အချိန်ကလည်း သိပ်မရှိတော့ တို့ရွေးချယ်ပြီးကြည့်ရအောင်။ ကျန်တာတွေကိုတော့ အပြေးကလေး ကြည့်ကြတာပေါ့။ မြေညီထပ်ကို တက်ကြမယ်၊ အဲသည်မှာ ကြည့်စရာကတော့ အများကြီးပဲ။ ဒါပေမဲ့ မိုက်ကယ်အိန်ဂျလို[၂]ရဲ့ သေအံ့မူးမူးကျွန်[၃]ကို ကြည့်မယ်။ နောက် အာဖရိုဒိုက်[၄]ကို ကြည့်မယ်။ အက်ဖရိုဒိုက်ကို သိတယ်နော်။ ဗီးနပ်စ်ဒီမိုင်လို[၅] ရုပ်တုလေ'

စက်လှေကားနဲ့ပဲ မြေညီထပ်ကို တက်လာခဲ့သည်။ ရစ်ချ်လူး ခန်းမဆောင်ရှည်ကြီးဘက်မှာတော့ ၅ ရာစုက ၁၈ ရာစုကြား ပြင်သစ်ပန်းပုတွေထားသည်။ နောက် တစ်ဆောင်မှာတော့ ၁၈ ရာစုနှင့် ၁၉ ရာစုကြား ပြင်သစ်ပန်းပုတွေ ရှိသည်။ သူ့ဘေးကပ်လျက်မှာ မက်ဆိုပိုတေးမီးယားပြခန်း။ သည်အခန်းထဲမှာ ဟမ်မူရာဘီ ကိုဒဥပဒေရှိသည်။ အတောင်ပံတပ်နွားသိုးရုပ်တုကြီးတွေ ရှိသည်။ ဒီနွန်ခန်းမဆောင်ထဲမှာတော့ ၁၆ ရာစုက ၁၉ ရာစုကြား ပန်းပုတွေ၊ ၁၇ ရာစုက ၁၉ ရာစုကြား အီတလီပန်းပုတွေ ရှိသည်။ ပြီးတော့ ဂရိခေတ်ပြခန်းတွေက နေရာတော်တော်ယူထားသည်။ သည်အထဲမှာတော့ ကမ္ဘာကျော်ပန်းပု 'The winged victory of Samoth-

၁။ One of the Marly Horses
၂။ Michelangelo
၃။ The Dying Slave
၄။ Aphrodite
၅။ Venus de Milo

race' ရှိသည်။ ဗီးနပ်စ်ဒီမိုင်လို ရုပ်တုကတော့ ဆာလီခန်းမဆောင်ကြီးထဲမှာ ဖြစ်၏။ ဗီးနပ်စ်ကို သူတွေ့လိုက်တော့ သည်လောက်ကြီးမားလိမ့်မည် မထင်ပါ။ သူ့အိမ်မှာ ဗီးနပ်စ်ပုံတူ ပလာစတာရုပ်တုကလေး ရှိသည်။ အမေက လက်ပြတ်နေတဲ့အရုပ် အိမ်မှာမထားကောင်းဘူးလို့ တစ်ခါတော့ ပြောဖူးသည်။ ဒါပေမဲ့ နောင်မှာ မပြောတော့ပါ။ ဗီးနပ်စ်ကျောက်ရုပ်တုက ခြောက်ပေ ကျော်ကျော်လောက် ရှိလိမ့်မည်။ ကျောက်သားက ပါရီယန်မာဘယ်လ်ကျောက်သား။ ဆွတ်ဆွတ်ဖြူတော့ မဟုတ်။ နို့နှစ် ဝါကျင့်ကျင့်၊ အစိမ်းခြောက်နှင့် အဖြူရောထားသည့်အရောင် ဖြစ်သည်။ သည်ရုပ်တုကြီးကို ၁၈၂၀ လောက်က လယ်သမားတစ်ဦး မိုင်လိုကျွန်းမှာ တွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ဝေဖန်ရေးဆရာတွေက ဟယ်လင်နစ်စတစ် အနုပညာဟု ဆိုသည်။ ဂရိအလှမယ်တစ်ဦး၏ ပကတိအလှကို ဖော်ကျူးသည့်တစ်ပိုင်းလှစ် ရုပ်တုဖြစ်သည်။ လက်နှစ်ဖက်စလုံး မပါသော်လည်း တစ်ဖက်က ဘယ်လိုများရှိခဲ့သလဲဆိုတာကို ရုပ်တုပညာရှင်တွေ ခေါင်းခြောက်အောင် လေ့လာဆဲဟု ဆိုသည်။ ဟယ်လင်နစ်စတစ် ကာလက ဘီစီ ၂ ရာစုအကုန်အထိ ကာလကို ရည်ညွှန်းသည်။

'သည်ရုပ်တုက အလေးချိန် ချိန်ဆမှုမှာ သူမတူအောင် ညှိထားနိုင်တယ်လို့ ဆိုတယ်။ အရုပ်က သက်သောင့်သက်သာ ရှိနေလိုက်တာများ မမြင်ရတဲ့ စိတ်ကူးထောက်ကန်မှု ရှိနေသလား ထင်ရတယ်။ နူးညံ့တဲ့ ခန္ဓာကိုယ်အကွေးတွေ၊ ရင်သားတွေကိုညွှတ်ပြီး လိမ်ထားတာတွေ၊ ဒူးလေးတစ်ဖက်ကွေးပြီး ထောင်ထားတာတွေကို ဝေဖန်ရေးဆရာတွေက သိပ်ချီးကျူးကြတယ်။ လူတိုင်းက ငေးနေရတယ်ဆိုတဲ့ အလှပေါ့။ မြေပေါ်ကို လျှောကျတော့မလိုလို ဝတ်ရုံထူထူကြီးထဲက ဝတ်လစ်စလစ် ထိုးထွက်နေတာကို သိပ်ပြောကြတယ်'

ခန္ဓာကိုယ်ကို ဝတ်ရုံထူပတ်ထားတာ မဟုတ်ဘဲ ဝတ်ရုံထူလျှောလုလု ကြားက ခန္ဓာကိုယ်က လှပစွာထိုးထွက်နေတာတဲ့လေ။ သူနဲ့ ဘရစ်ဂျစ်က နောက်ထပ် ဟယ်လင်နစ်စတစ်ခေတ် ပန်းပုရုပ်ကြီးရှိရာ ပထမထပ်ကို ရောက်လာခဲ့သည်။ သည်ရုပ်တုကလည်း ပျော့ပျောင်းပြီး အရစ်ရစ်ထနေသည့် ဝတ်ရုံဝတ် အမျိုးသမီးတစ်ဦး၏ ရုပ်တုဖြစ်သည်။ သည်ရုပ်တုကို



၁၈၆၃ ခုနှစ်က ဆာမိုသရေ့စ်အရပ်မှာ တွေ့ရှိခဲ့သည်။ အတောင်နှစ်ဖက်ပါသော်လည်း ဦးခေါင်းနှင့် လက်နှစ်ဖက်စလုံး မရှိတော့ (လက်နှစ်ဖက်ကို ၁၉၅၀ လောက်က ရှာဖွေတွေ့ခဲ့ကြသည် ဆို၏)။ ဘီစီ ၁၉၀ လက်ရာအဖြစ် ပညာရှင်တွေက ခန့်မှန်းသည်။ စစ်အောင်ရေး အောင်ပွဲခံရုပ်တု (Victory figure) အဖြစ် သင်္ဘောဦးမှာ နိမိတ်ယတြာအဖြစ် ထားရှိသည့်အရုပ်ဟု ဆိုသည်။ ပင်လယ်လေက ပါးလွှာသော အဝတ်ပျော့နေရာတွေကို တိုက်စားပစ်ခဲ့ပုံ ရသည်။ သင်္ဘောတုန်ခါမှု၊ လေတိုက်စားမှု၊ ဆားငွေ့ထိစင်မှုတွေကြောင့် လက်တွေပြုတ်ထွက်ကုန်တာများလား တွေးဆသူတွေလည်း ရှိသည်။ ဟယ်လင်နစ်စတစ် ပန်းပုခေတ်၏ အရေးအကြီးဆုံးလက်ရာအဖြစ် အမြတ်တနိုးရှိကြသည်။

'သည်ရုပ်တုက နိမိတ်ကောင်းတယ်ကွ။ နစ်ကေးအော့ဖ်ဆာမိုးသရေ့စ်လို့ ခေါ်ကြတယ်၊ နစ်ကေးဆိုတာ ဂရိဘာသာနဲ့ အောင်မြင်မှုပေါ့။ သည်ရုပ်တုကြီးကိုကိုင်ပြီး ဆုတောင်းတတ်ကြတယ်'

မိုက်ကယ်အိန်ဂျလို၏ 'သေအံ့မူးမူးကျွန်' ကို အောက်ထပ်မှာ ဖျတ်ခနဲပဲ ကြည့်နိုင်တော့သည်။ ပထမထပ်မှာတော့ ဆာမိုသရေ့စ်ရုပ်တုကို တော်တော်လေး ကြည့်ကြသူတွေများသည်။ ကိုင်မကြည့်ရဆိုသော်လည်း လူက များလွန်းတော့ ကိုင်ကြတွယ်ကြသူတွေ ရှိသည်။ ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတင်သူတွေဆီက မီးပွင့်တွေ ထိမှန်တာတွေလည်း ရှိသည်။ ပထမထပ်မှာတော့ ပြင်သစ်ပန်းချီတွေ၊ အင်္ဂလိပ်နှင့် စပိန်ပန်းချီကားတွေ တော်တော်တွေ့ရသည်။ အီဂျစ်ခေတ် ဘီစီ ၂၆၀၀ က ၂၄၀၀ လက်ရာ ထိုင်လျက်စာကူးသူ[၁]၊ အီဂျစ်ပန်းပုကလည်း သည်ထပ်မှာပဲရှိသည်။ ပြီးတော့ မဂျူးဆားဖောင်[၂] ပန်းချီကားကြီးလည်း ရှိသည်။ သည်အထပ်မှာပဲ လူတွေ စိတ်အဝင်စားဆုံး ပန်းချီကားတစ်ချပ် ရှိသေးသည်။ သိပ်ကြီးကြီးတော့ မဟုတ်ပါ။ မှန်ထူကြည်ကြည် သေတ္တာထဲ ထည့်ထားသည်။

လီယိုနာဒိုဒါဗင်ဆီး[၃]၏ မိုနာလီဆာ[၄] ဖြစ်သည်။ မဂျူးဆားဖောင်က

၁။ The seated scribe
၂။ The raft of Medusa
၃။ Leonardo da vinci (1452-1519)
၄။ Mona Lisa

ပန်းချီကျော် သီယိုဒိုဂယ်ရီကိုး[၁]ရဲ့ လက်ရာဖြစ်သည်။ ပင်လယ်အထ္တဝါမှာ သင်္ဘောပျက်သူတို့၏ ရရာသစ်ဖောင်ပေါ်က ရှန်းကန်မှု၊ အားငယ်မှု၊ မျှော်လင့်ချက်နှင့် ကြမ်းတမ်းခက်ထရော်မှုတွေကို သူ ခံစားရသည်။ သည်ပန်းချီကားက ကြေကွဲဖွယ်ဖြစ်ရပ်မှန်ကို ဖော်ကျူးထားခြင်းဟုလည်း ဆိုပါသည်။ မဂျူးဆားသင်္ဘောကြီးက ပြင်သစ်ပိုင်သင်္ဘော ဖြစ်သည်။ ၁၈၁၆ မှာ ဆီနီဂေါသို့ ခရီးသည်ပို့ဆောင်ရင်း ပင်လယ်မှာ မုန်တိုင်းမိသည်။ သင်္ဘောကပ္ပတိန်ကလည်း အတွေ့အကြုံမရှိ။ ခရီးသည် ၁၅၀ ပင်လယ်ပြင်မှာပဲ ဆုံးပါးခဲ့သည်။ လူအနည်းငယ်ကတော့ မဂျူးဆားသစ်ဖောင်နှင့်အတူ ဆုံးစမရှိ ပင်လယ်မှာမျောနေခဲ့သည်။ လူသားတို့၏ ခက်ထရော်ခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်းကို ပန်းချီဝေဖန်ရေးဆရာတို့က ရိုင်းကြမ်းသော သဘာဝဝါဒ[၂] ပန်းချီလို့ သည်ကားကို ကင်ပွန်းတပ်သည်။ ပန်းချီကျော် ကာရာဗက်ဂျီယို၏ နည်းဟန်တွေကို တွေ့ရသည်ဟုဆိုသည်။ ဘဝရဲ့ တုန်လှုပ်ချောက်ချားမှုနှင့် မျှော်လင့်ချက်ကို အရောင်တွေနဲ့ ပုံဖော်သည်။ ပင်လယ်၏ မိုးကုပ်စက်ဝိုင်းအနား ဆည်းဆာကောင်းကင်က တိမ်ဝါရောင်၊ အညိုရောင်ဖောင်သစ်ချောင်းများနှင့် ဖောင်ရွက်၊ မူးဝေအော့အန်နေကြသူတွေ၊ ရေချိုတောင်းနေသူများ၊ အဝတ်ဖြူဝှေ့ယမ်းနေသူများ၊ ကြောက်မက်ချောက်ချားဖွယ်နှင့် သေခြင်းတရား။

'ပုံရဲ့ Diagonal line ကို ကြည့်လိုက်စမ်း၊ ပန်းချီကားကြီးရဲ့ ထောင့်ဖြတ် တစ်ခုလုံးကို ကန့်လန့်လဲကျနေတဲ့လူ၊ ဖောင်ရွက်၊ နောက်ခံကောင်းကင်က မိုးတိမ်၊ ဒါတွေနဲ့ ကန့်လန့်ဖြတ်ထားတယ်၊ လူတွေရဲ့ တစ်ယောက်နဲ့ တစ်ယောက် ပူးကပ်တွယ်ချိတ်နေကြတာကတော့ သွေးလေချောက်ချားနေတဲ့ မျက်နှာတွေ။ သေပြီးစအလောင်းကို ပိုက်ထားတဲ့ အဘိုးအိုရဲ့မချိတင်ကဲမှု၊ တစ်ယောက်စီ တစ်ယောက်စီရဲ့ ကြေကွဲမှု၊ နောက် ဂရိပန်းချီတွေမှာ တွေ့ရတတ်တဲ့။ တင်းမာမှုနဲ့ ဂုဏ်သိက္ခာ ရောထွေးနေလိုက်တာကွာ။ မင်းတောင် ဖောင်ပေါ်ရောက်နေတယ်လို့ မထင်ဘူးလား ဝင်း'

မိုနာလီဆာပန်းချီကားကတော့ ခန်းမရှည်ကြီးထဲက ပန်းချီကားတွေ

---

၁။ Theodore Gericault (1791-1824)

၂။ Crude Realism



ကြားမှာ။ မှန်ထူထူကြည်ကြည် သေတ္တာထဲမှာ ခပ်ပြုံးပြုံးကြည့်နေသည်။ လူတွေက မိုနာလီဆာ မိုနာလီဆာလို့ တစာစာအော်နေလိုက်ကြတာ ဆူညံနေသည်။ ဓာတ်ပုံတွေ တဖျပ်ဖျပ်။ လုံခြုံရေးဝန်ထမ်းကလည်း ပုံဖြုတ်မသွားရင် တော်လှပြီ အောက်မေ့နေပုံရသည်။ အို… ချစ်သော ဂျီယိုကွန်ဒါ။

မင်းကိုချစ်မက်ဖို့ ပြင်သစ်ကို လာခဲ့ရပြီ။ လုဗ်ကို လာခဲ့ရပြီ။ ဟောသည် ပထမထပ်ကို တက်လာခဲ့ရပြီ။ ဟောသည်ခန်းမထဲက မင်းရှေ့ကို ငါ ရောက်နေခဲ့ပြီကော။

မိုနာလီဆာ။ သူမအကြောင်းကို တစ်ကမ္ဘာလုံးက ပြောခဲ့ကြသည်။ ပြောနေကြဆဲ။ ပြောကြလိမ့်ဦးမည်။ သည်ပန်းချီကားကလေး တစ်ချပ်အကြောင်းကို စာရွက်တန်ပေါင်းများစွာ ရေးခဲ့ကြပြီ။ ပန်းချီဆရာကြီး လီယိုနာဒိုဒါဗင်ဆီးရဲ့ရှေ့က လူသား Subject သည် နှောင်နှစ်ပေါင်းများစွာ ရသပညာ ဖြစ်သွားခဲ့ပြီ။ အတွေးအမြင်သဘောတရား ဖြစ်သွားခဲ့သည်။ ပြီးတော့ ကြော်ငြာဟန်ပြ ရုပသင်္ကေတ ဖြစ်သွားခဲ့ရသည်။ ဒါဒါဝါဒနှင့် ဆာရီယယ် ဝါဒပညာရှင်တွေကတော့ သိပ်တမြတ်တနိုးရှိပုံမရ။ သူမ ၁၄၉၅ ခုနှစ်လောက်က လက်ထပ်ခဲ့သည်။ မွန်နာ (Monna) ဒါမှမဟုတ် မိုနာ (Mona) အမျိုးမျိုးခေါ်ခဲ့ကြသည်။ ဖလိုရင်းတိုင်း ဒုတိယကာလ ၁၅၀၃ ဒါမှမဟုတ် ၁၅၀၅ လောက်က ရေးဆွဲခဲ့ပုံရသည်ဟု ခန့်မှန်းကြသည်။

'လီယိုနာဒိုက သည်ပုံကိုဆွဲပြီးတော့ သူ့ဟာသူလည်း သဘောကျနေတာတဲ့ ဝင်းရဲ့။ ပြင်သစ်တစ်ခွင် သွားလေရာ တပိုက်ပိုက် ဆိုတဲ့ ပန်းချီကားပေါ့။ ပထမမြောက် ဖရန့်စစ်ကို သူ ရောင်းခဲ့သေးတယ်။ ဒါဟာ ပြန်လည်ထွန်းသစ်စ ဒါမှမဟုတ် ဉာဏ်သစ်ပွင့်ချိန်လက်ရာလို့ ယူဆကြသူတွေလည်း ရှိတယ်။ ၁၉၁၁ လောက်ကျတော့ သည်ကားက တော်တော့်ကို နာမည်ကြီးလာတယ်လို့ ဆိုတယ်။ လုဗ်ပြတိုက်ကြီးကနေ အခိုးခံလိုက်ရသေးတယ်'

ပန်းချီကားကို နှစ်နှစ်လောက်ကြာတော့မှ ဟိုတယ်အခန်းတစ်ခန်းထဲက ပြန်တွေ့ခဲ့ကြသည်။ ပန်းချီကားထဲက လျှို့ဝှက်သောရည်ရွယ်ချက်ကို ဘယ်သူကမှ မဆုပ်ဖမ်းနိုင်ခဲ့။ ပြည့်ဝသောအလှတွေနဲ့ မိန်းမ၊ ဒါမှမဟုတ် မိန်းမတစ်ယောက်ရဲ့ ပြည့်ဝနေတဲ့ အလှ။ သည်လောက်ပဲ ညွှန်းနိုင်ခဲ့ကြ

သည်။ ၁၆ ရာစုခေတ် စာရေးဆရာကြီး တစ်ယောက်ကတော့ ပွင့်ဟတော့ မယောင် နှုတ်ခမ်းတွေရဲ့ ထောင့်ကွေးကလေးတွေ ကော့တက်သွားတာက ကြော့ရှင်းနေတယ်၊ ရည်မွန်နေတယ်လေလို့ ရေးခဲ့ဖူးသည်။ နူးညံ့ခြင်း၊ သိမ်မွေ့ခြင်းတို့၏ ယိုစိမ့်ပျံ့နှံ့မှုလို့ ရေးသည်။ အရောင်နဲ့ အရိပ်တွေကြားက မရေရာသည့် အာရုံတွေ ရှိနေတတ်သည်။ ဒါပေမဲ့ သည်အရောင်နဲ့ အရိပ်တွေကပဲ အချင်းချင်းအပြန်အလှန် ကျေးဇူးပြုနေပြန်သတဲ့။ သည်ပြတိုက်ထဲမှာပဲ လီယိုနာဒိုဒါဗင်ချီရဲ့ 'အပျိုစင်' ပန်းချီကားကို တွေ့ခဲ့ရသေးသည်။

ဒုတိယထပ်မှာတော့ ဒတ်ချ်၊ ဂျာမနီ၊ ပြင်သစ်၊ အီဂျစ်အနုပညာ လက်ရာတွေ တော်တော်များများတွေ့ရသည်။ ရစ်ချ်လူးခန်းမဆောင်ထဲက မက်ဒီးဆီးဂယ်လာရီ[၁]မှာ ပန်းချီကားတွေ တစ်ဝကြီး ခံစားနိုင်သည်။ သည်အထပ်မှာတော့ သေသေချာချာ အချိန်ယူကြည့်ခဲ့သည့် ပန်းချီကားနှစ်ကား ရှိသည်။ တစ်ကားက ပုလဲတစ်လုံးနဲ့ မိန်းမ[၂]၊ တစ်ကားက ဇာထိုးသမ[၃] ဖြစ်သည်။ ပုလဲတစ်လုံးနဲ့ မိန်းမက ကိုရိုး[၄]ရဲ့ လက်ရာ၊ ဇာထိုးသမကတော့ ဗားမီးယား[၅]ရဲ့ လက်ရာ။

ကင်မလီကိုရိုး[၆]ရဲ့ ပုလဲတစ်လုံးနဲ့ မိန်းမပန်းချီကားက မိုနာလီဆာ ပန်းချီကားနှင့် လက်နေဟန်ထားတွေ တူညီသည်။ မိုနာလီဆာလိုပဲ လက်ချောင်း သွယ်သွယ်ရှည်ရှည်ကြီးတွေကိုက အနုပညာဆန်သည်။ ပုလဲတစ်လုံးနဲ့ မိန်းမကတော့ လက်ခလယ်မှာ လက်စွပ်ကလေးတစ်ကွင်း ပါသည်။ မျက်နှာခပ်စူစူကလေးနှင့် တစ်နေရာကို ငေးနေဟန်ဖြစ်သည်။ အလင်းတွေက ရင်ညွန့်၊ လက်နှင့် ပခုံးတွေမှာ များများကျနေသော်လည်း မျက်နှာမှာတော့ ရှင်းရုံကလေးပဲ ကျနေသည်။ ဖွံ့ထွားသောရင်သား အင်္ကျီသုံးထပ်အထဲက ရုန်းကြွနေသည်။

'၁၈၆၈ ခုနှစ်က ပန်းချီကားကွ။ လီယိုနာဒိုရဲ့ မိုနာလီဇာနဲ့ ကိုယ်နေဟန်ချင်းတူလို့ ကိုရိုးရဲ့ပုံတူတွေထဲမှာ ထူးခြားတယ်လို့ ပြောကြတယ်။ လိုင်းတွေက သေချာပြီး ယုံကြည်နိုင်မာမှုရှိတယ်လို့ ဝေဖန်ကြတယ်။ ပေး

၁။ Medicis Gallery
၂။ Woman with a pearl
၃။ The Lacemaker
၄။ Corot
၅။ Vermeer
၆။ Camille Corot (1796-1875)



ထားတဲ့ အလင်းက ငြိမ်လွန်းလို့ တည်ကြည်အေးချမ်းခြင်းရသကို လှုံ့ဆော်ပေးနေတယ်။ သည်ပန်းချီဆရာရဲ့ ရှုမျှော်ခင်းကားတွေကရော ပုံတူကားတွေရော နှစ်ခုတွဲလေ့လာသူတွေက ဘာပြောတယ်ထင်သလဲ။ သည်ပန်းချီဆရာက လူနဲ့ သဘာဝကို တစ်မျိုးတစ်စားတည်း မြင်သူတဲ့'

တကယ်တော့ ကိုရိုးကလည်း ဝန်ခံခဲ့သည်။ လူသားနဲ့ ရုပ်ဝတ္ထုကို တူညီသော ရိုးသားမှုအခြေခံဖြင့် ချဉ်းကပ်သည်။ သည်နှစ်မျိုးကို လေးစားမှုဖြင့် ချိတ်ဆက်ကြည့်သည်ဟု ဆိုခဲ့သည်။ ယန်ဗားမီးယားရဲ့ ဇာထိုးသမကတော့ ဇာအင်္ကျီဝတ်ထားသော မိန်းမတစ်ယောက် ငုံ့ပြီးဇာထိုးနေပုံ ဖြစ်သည်။ သူမ၏မျက်လုံးတွေက ဇာထိုးလက်တွေကို ကြည့်နေသည်။ ပန်းချီကား ကြည့်နေသူတွေကလည်း သူမရဲ့လက်ချောင်းကလေးတွေကို ကြည့်မိတာပါပဲ။ နဖူးပြင်၊ ရင်ဘတ်ပေါ်က ဇာဖြူပန်းကွက်၊ လက်ချောင်းကလေးတွေပေါ်မှာ အလင်းကျနေပုံကလည်း တိကျသပ်ရပ်နေသည်။

အထပ်လေးထပ်စလုံးကို သူနှင့် ဘရစ်ဂျစ်က ပြေးပြေးလွှားလွှား ကြည့်နေရသည်။ တချို့နေရာတွေမှာ သူ ခတ်ပုံရိုက်ချင်သော်လည်း သူ့ကင်မရာက မီးပွင့်ချင်တဲ့အခါ ပွင့်သည်။ မပွင့်ချင်တဲ့အခါ မပွင့်။ သူတကာက မီးတဖျောင်းဖျောင်းနှင့် ရိုက်နေတာနှင့်ကြုံလျှင်တော့ စည်းကမ်းမဲ့သူတွေထဲ သူပါ ပါသွားတတ်သည်။ အပြေးအလွှားကြည့်ရင်းက တချို့ပန်းချီကားတွေကို ဘရစ်ဂျစ်က ရှင်းပြတတ်သည်။ အာဗီညွန်ကျောင်းတော်၊ သတ္တမမြောက် ချားလ်စ်ဘုရင်ပုံတူ၊ ဆီမီးခွက်နဲ့ မေရီမက်ဒီလင်၊ လယ်သမားမိသားစု၊ နန်းရင်းဝန်အဓိပတိ ဆီဂွီးယား၊ ရေချိုးသူများ၊ နပိုလီယန်နန်းတက်ပွဲ၊ လီဗာတီလူထုကို ဦးဆောင်ခြင်း၊ ငွေချေးသူနဲ့ သူ့မယား စသည့်ပန်းချီကားတွေ ဖြစ်သည်။ အာဗီညွန်ကျောင်းတော်[၁] ပန်းချီကားက သာသနာဝင်နိပါတ်တော် ပန်းချီကားကြီး ဖြစ်သည်။ ဂေါသစ်အင်တာနေရှင်နယ်စတိုင်[၂] ပန်းချီစစ်စစ်ဖြစ်ကြောင်း ပညာရှင်တို့က ထောက်ခံသည်။

၁၇၉၃ ခုနှစ် မီးသင့်လောင်မှုတစ်ခုတွင် ကံအားလျော်စွာ မီးဘေးက လွတ်မြောက်ခဲ့ပြီး ၁၈၀၁ ခုနှစ်ကျတော့မှ အာဗီညွန်အရပ်ရှိ ကျောင်းတော်

၁။ School of Avignon
၂။ Gothic International Style

တစ်ခုမှာ ပြန်တွေ့ရသည်။ ဒါကြောင့်လည်း သည်ပန်းချီကားကို အာဗီညွန်ကျောင်းတော်လို့ အမည်တွင်နေခြင်း ဖြစ်သည်။

သည်ပန်းချီကားကြီးကို စပိန်ပန်းချီပညာရှင်တစ်ဦး ရေးဆွဲသည်ဟု ဆိုသူက ဆိုသော်လည်း မသေချာပါ။ ရုပ်တုတော် သဘာဝလေ့လာရေးပညာ (Iconology) အရ လေ့လာသူတွေကတော့ သည်လိုရုပ်တုမျိုးကို သစ်သား၊ ဆယ်စွယ်၊ ကျောက်တုံးတွေမှာလည်း တွေ့ရတတ်သဖြင့် ကာလ ခန့်မှန်းဖို့ ခက်သည်ဟု ဆိုသည်။

'ခရစ်တော်ဟာ ဒဏ်ရာဒဏ်ချက်တွေနဲ့ အပျိုစင်မယ်တော်နဲ့ ရှင်ယောဟန်တို့ရဲ့ ဒူးခေါင်းတွေနား လဲကျနေတယ်။ ရှင်ယောဟန်က ခရစ်တော်ရဲ့ ခေါင်းတော်က ဆူးတွေကို နုတ်ပယ်ပေးနေတယ်။ သည်ပုံမှာပါတဲ့ မျက်နှာတွေရဲ့ ညှိုးငယ်ကြေကွဲမှု အမျိုးမျိုးကိုတွေ့နိုင်တယ်။ ထူးခြားတာက နိပါတ်တော်ရဲ့ဘေးမှာ သည်ပုံတော်ကြီးရဲ့အလှူရှင်လို့ ယူဆရသူ လက်အုပ်ချီပြီး ပါနေတာပဲ။ ခရစ်တော်ရဲ့ လဲလျောင်းမှုက အလျားလိုက်ဖြစ်တယ်။ ခရစ်တော်ကို ဖေးမပူဆွေးနေကြသူတွေက ကျစ်လျစ်တဲ့ ဖွဲ့စည်းပုံနဲ့ ရှိနေကြတယ်။ ကျက်သရေတော်ရှိ ပူဆွေးသောကလို့ ပြင်သစ်တွေက ခေါ်ကြတယ်'

သတ္တမမြောက် ချားလ်စ်ဘုရင် ပုံတူပန်းချီကတော့ ယန်းဖိုကေး[၁]ရဲ့ ပန်းချီကား ဖြစ်သည်။ ၁၈၁၀ ခုနှစ် နပိုလီယန်နှင့် မာရီလူဝီစီးလက်ထပ်ပွဲမှာ ချိတ်ဆွဲခြင်းခံရသည့် ပုံတူပန်းချီကားကြီး ဖြစ်၏။ ၁၄၄၄ ခုနှစ်ထိုး ပန်းချီကား။ ပန်းချီဆရာ အီတလီခရီးကအပြန် ရေးဆွဲခဲ့ခြင်း ဖြစ်သည်။ ဘုရင်က ဘုရားရှိခိုးကျောင်းကြီး တစ်ကျောင်းကို လှူဒါန်းခဲ့ရာက ကျောင်းကြီး ပျက်စီးတော့ လုဗ်ပြတိုက်ကို ရောက်လာခဲ့သည်။ ကတ္တီပါဦးထုပ်၊ ကတ္တီပါနီအင်္ကျီပါးပါး၊ နောက်ခံအစိမ်း၊ လိုက်ကာအစိမ်းကြားက လေးချိုးသုံးချိုး အသေးစိတ်ပန်းချီ ဖြစ်သည်။ ဝေဖန်ရေးဆရာတွေက နောက်ခံအစိမ်းနှင့် ဝတ်ထားသည့် ကတ္တီပါအနီ၏ ရှန်းကန်မှုကိုပဲ ဝေဖန်ကြသည်ဆို၏။

ဆီမီးခွက်နဲ့ မေရီမက်ဒီလင်း[၂]ကတော့ ဂျော့ဒီလာတိုး[၃]ရဲ့ ပန်းချီကား

၁။ Jean Fouquet (1420-1480)
၂။ Mary Magdalene with oil-lamp.
၃။ Georges de la Tour (1593-1652)



ဖြစ်သည်။ အမျိုးသမီးတစ်ယောက် လက်တစ်ဖက်က မေးထောက်၊ လက်တစ်ဖက်က အရိုးခေါင်းကိုကိုင်ကာ ဆီမီးခွက်က မီးညွှန့်ကို ငေးနေဟန် ဖြစ်သည်။ ဆီမီးခွက်က ဖန်ကြည်ဆီမီးခွက်။ စားပွဲဘေးနားမှာ ကျမ်းစာအုပ်ထူထူကြီးတွေ ရှိသည်။ ပုံ၏လေးဖက်လေးတန်က အရိပ်မည်းတွေအပြည့်။ မီးရောင်ကျနေသည့် ခန္ဓာကိုယ်ဘယ်ဘက်ခြမ်းကြောင့် ပန်းချီကားက ကြွလုံးနေသည်။ သည်ပန်းချီကားကိုတော့ တည်ဆောက်ပုံကောင်းသည်ဟု ဆို၏။

သည်ပန်းချီဆရာ ကိုယ်တိုင်က ပန်းချီကားတွေကို ကျစ်လျစ်စေချင်တာ၊ ထုထည်ကြီးကြီး နီးနီးကပ်ကပ်ဆွဲချင်တာ၊ ကြည်လင်သည့် ဂျော်မက်ထရီဟန်တွေကို တော်တော်များများ သုံးတတ်တာတွေမှာ ထင်ရှားသည်။ အလင်းရောင်ထိစဉ်မှုကို ကျွမ်းကျင်သူဟု ဆိုသည်။ ပန်းချီဆရာ ခါရာဗက်ဂျီယိုဆီက တော်တော်များများလေ့လာခဲ့ ဒါမှမဟုတ် သင်ယူခဲ့သူ ဖြစ်နိုင်သည်။ ဘရစ်ဂျစ်ကတော့ သည်ပုံကို 'မျှော်လင့်ချက်ကင်းမဲ့စွာ အထီးကျန်ခြင်း' ရသကို အပြည့်အဝပေးနိုင်သည်ဟု ခံစားပြသည်။

'ငြိမ်သက်ပြီး မလှုပ်မရှားငေးနေတာက မီးညွှန့်တွေကို စိတ်နဲ့များ ဝါးစားနေသလား ထင်ရတယ်နော်။ ပုံကအမျိုးသမီးမှာ ကိုယ်ဝန်ရှိနေပုံကွ၊ ပြီးတော့ အရိုးခေါင်းကို သတိကြီးစွာထားပြီး ကိုင်နေတာကလည်း နိမိတ်ပုံတစ်ခုခုကို ညွှန်းနေသလိုပဲ။ မွေးဖွားခြင်း၊ သေဆုံးခြင်း၊ ဆီမီးခွက် ဘာကို ပြောချင်တာလဲ'

လယ်သမားမိသားစု[၁]ကတော့ ပန်းချီကို သိပ်နားမလည်သော သူကိုယ်တိုင်က နှစ်သက်သည့် ပန်းချီကားဖြစ်သည်။ ပုံထဲမှာ လယ်သမားမိသားစုဝင်တွေနဲ့ ပြည့်ကျပ်နေသည်။ အညို၊ နီညို၊ နက်ညို၊ ဖြူညို၊ ဝါညို စသည့် အညိုအမျိုးမျိုးကို ကျွမ်းကျင်စွာသုံးထားတာကို သူ အံ့သြနေရတော့သည်။ ပုံထဲမှာ လယ်သူမကြီးက အရက်အိုးတစ်အိုးကို ကိုင်ထားသည်။ ပြီးတော့ လက်တစ်ဖက်က ဝိုင်ခွက်။ သူ့နောက်မှာ မိန်းကလေးတစ်ယောက်က အပြင်ကိုငေးနေသည်။ သားလေးက ပလွေကလေး မှုတ်နေကာ လယ်သမား အဘိုးအိုက ငေးကြောင်ကြောင်ထိုင်နေသည်။ လယ်သမားကြီးရဲ့ဘေးမှာတော့ မိန်းမပျို၊ သူမနောက်မှာ မိန်းကလေးငယ်၊ အောက်မှာ ယောက်ျားလေးတစ်ယောက် ထိုင်လျက်။ ပုံရဲ့ဘယ်ဘက်ထောင့် မျက်နှာစာ

၁။ Peasant Family

မှာ ခွေးတစ်ကောင်၊ ညာဘက်ထောင့်မှာတော့ ခြင်းတောင်းစုတ်နှင့် လက်နှီး၊ ရေမှုတ်တစ်ချောင်း၊ အိုးတစ်အိုး၊ စလောင်းဖုံးတစ်ချပ်နှင့် ကြောင်ကလေး တစ်ကောင်။ လူဝီလေနိန်း[၁]ရဲ့ ပန်းချီကားဖြစ်သည်။ လေနိန်းတို့ညီအစ်ကို သုံးယောက်စလုံး ပန်းချီဆရာတွေ။ လေနိန်းကိုတော့ ပါရမီရှင်အဖြစ် အားလုံး က သတ်မှတ်သည်။ လေနိန်းကို ပန်းချီလောကက တောကျေးလက်သဘာဝ ကျွမ်းကျင်သူ၊ နင်းပြားဘဝ သရုပ်ဖော်နိုင်သူ၊ လူကုံထံနှင့် လူ့မလိုင်အလွှာ တွေဆီက ဖယ်ကြဉ်လာသော ချွေးနံ့ပန်းချီဆရာအဖြစ် နေရာပေးသည်။ ကတ္တီပါခန်းဆောင်ထက် လက်နှီးစုတ်သရုပ်ဖော် ပန်းချီဆရာဖြစ်သည်။ ပုံထဲမှာပါသည့် ဇာတ်ရုပ်အားလုံး စုတ်ပြတ်နေသည်။ ဟောင်းနွမ်းနေသည်။ အတွင်းခန်းအမှောင်ထဲက အနိမ့်ကျဆုံး တောက်ပမှုမှျင်မှျင်ကလေးတွေကို ဖမ်းဆုပ်နိုင်သူ ဖြစ်သည်။ ဘရစ်ဂျစ်ကတော့ ဒါကို Metaphysical litght, Supernatural light လို့ သုံးသည်။ သဘာဝမွေ့အလင်း ဒါမှမဟုတ် သရုပ်လွန်အလင်းများ။ ဆိတ်ငြိမ်သော အလင်းများပေလား။

'သည်ပန်းချီကားထဲက လူတချို့က မရှိတဲ့ဓာတ်ပုံဆရာကို လှမ်း ကြည့်နေတာမျိုးဖြစ်နေတယ် တွေ့လား။ သဘာဝအတိုင်း ရှိနေတာမျိုးနဲ့တော့ မတူဘူး။ ပြီးတော့ လိုတာထက်ပိုပြီး အသေးစိတ်နေသလိုပဲ။ နောက်တစ်အိမ် လုံးဟာ ပူဆွေးသောကတွေ ကျရောက်နေသလိုပဲ'

'ဘရစ်ဂျစ်က မကြိုက်ဘူးလား'

'ခံစားမှုကို ပေးပါတယ်၊ တစ်ခါတစ်ခါ လိုတာထက်ပိုပြီး အသေး စိတ်ရင် ဘာခေါ်မလဲ။ Tiniest details ဆွဲတာလေ၊ သဘာဝနဲ့ သိပ်နီးသွား ရင်လည်း ခံစားမှုပြောင်းတယ် ထင်တာပဲ'

'သည်မှာတော့ ခေတ်သစ်ပန်းချီတွေ သိပ်မတွေ့ရဘူးနော် ဘရစ်ဂျစ်'

'Modern style ကို ပြောတာလား၊ ကိုယ်တို့ဆီမှာ အတ်နူးဗိုး[၂] လို့ ခေါ်တယ်။ နူးဗိုးဆိုတာ အသစ်ပေါ့။ ဂျာမန်တွေကလည်း ယူဂင်း စတီးလ်[၃] ဆိုပြီး ခေါ်ကြတယ်။ ကမ္ဘာစစ်ကြီးနောက်ပိုင်း ခေတ်စားလာတာ ကွ။ မိုဒန်ကို သရုပ်ခွဲကြတာက ချဉ်းထောင့်ချင်း မတူကြဘူး။ တချို့က

၁။ Louis Le Nain (1593?-1648)
၂။ Art Nouveau
၃။ Jugenstil



ဂန္ထဝင်ခေတ် ပန်းချီကားတွေကို မိုဒန်လို့ မသတ်မှတ်ဘူး၊ ဂန္ထဝင်ခေတ်ထဲက မိုဒန်တွေလည်း ရှိခဲ့တာပဲ။ ဆိုပါတော့၊ မင်းတို့အရှေ့က တဂိုးရဲ့ ပန်းချီကား တွေ၊ ရှိုင်းရဲ့ကားတွေဟာ ကနေ့ထိ မိုဒန်ပဲမဟုတ်ဘူးလား။ သဘောကတော့ လောကကို နုတ်ပြီးမြင်တာ၊ ဖြည့်ပြီးမြင်တာ၊ ပြောင်းပြီးမြင်တာ၊ လိမ်ညှစ် ပြီး မြင်တာ၊ ခေါက်ချိုးပြီး မြင်တာမျိုးတွေပါပဲ'

၁၉ ရာစုအကုန်မှာ ပန်းချီနည်းနာတွေ ပြောင်းကုန်သည်ဟု ဆိုသည်။ ညစ်မွဲမွဲအရောင်တွေ နေရာမှာ အလင်းစူးစူးအရောင်တွေ ဝင်ရောက်လာတာ ပထမပြောင်းလဲမှု ဖြစ်သည်။ ဒါကို အလင်းတောက်ပန်းချီဝါဒ ခေါ်ခဲ့ကြ သည်။ အင်ပရက်ရှင်းနစ်ဇင်း။ ဆေးဇန်းကတော့ သည်ဝါဒကို လက်မခံဟု ဆိုသည်။ ရုပ်လောကကို အလင်းစွဲနှင့် ရှုမြင်သူများလို့ စွပ်စွဲသည်။ သူ ကိုယ်တိုင်ကလည်း အရှိပကတိဝါဒကို ထူထောင်သည်။ မိုးတိမ်တို့၏ ပျောင်းအိခြင်း၊ ကျောက်ဆောင်တို့၏ ခက်မာခြင်း စသည့် မူလဘူတ ဓာတ်ကြီးလေးပါးသဘောကို ပေါ်အောင်ရေးဖို့သာ လိုအပ်သည်ဟု ဆိုသည်။ ဂေါဂင်ကတော့ ဆေဇန်းကို ကန့်ကွက်သည်။ မူလဘူတသဘောထက် ပန်းချီမှာ အလှတရားကသာ အသက်ဖြစ်သည်ဆိုသည့် သဘောတရားကို တင်ခဲ့သည်။ ဒတ်ချ်လူမျိုး ပန်းချီဆရာ ဗန်ဂိုးကတော့ မူလဘူတတွေလည်း မဟုတ်၊ အလှတရားတွေလည်း မဟုတ်၊ ပန်းချီဆိုတာ စိတ်ခံစားမှုသာ ဖြစ်သည်ဟု ဆိုပြန်သည်။ သည်သဘောတရားတွေကို နောင်းပန်းချီဆရာ တွေက ချဲ့ထွင်ယူသည်ဟုလည်း ဆို၏။

ဆေဇန်းရဲ့ ပန်းချီဝါဒဆီက ဖော်ဗစ်ဇင်[၁] (အယိုင်အရွဲ့)၊ ကျူဗစ်ဇင်[၂] (မှန်ကူကွက်ဟန်)၊ ဖျူချာရစ်ဇင်[၃] (ရွေ့လျား/ယန္တရားဟန်) ကွန်စထရပ် တစ်ဗစ်ဇင်[၄] (ဟင်းလင်းပြင်/ ကာလသဘောဟန်)၊ နီယိုပလတ်စတစ် ဆစ်ဇင်[၅] (အလုံးစုံသဘောဟန်) တွေ ကွဲထွက်လာသည် ဆိုသည်။

ဆစ်ဂမန်ဖရွိုက်ရဲ့ မသိစိတ်ဝါဒသြဇာနှင့် ဂေါဂင်ဝါဒကို ပေါင်းကာ

၁။ Fauvism
၂။ Cubism
၃။ Futurism
၄။ Constructivism
၅။ Neo-plasticism

ဆာရီယယ်လစ်ဇင်[၁] (အခြေခံဝါဒ)၊ ဒါဒါယစ်ဇင်[၂] (ရသပစ်ပယ်ဝါဒ)၊ အော်တိုမက်တစ်ဇင်[၃] (စစ်မှန်စိတ် အလိုအလျောက်ဝါဒ) တွေ ပေါ်လာခဲ့သည်။

ဗန်ဂိုးပန်းချီဝါဒကတစ်ဆင့် အိတ်စ်ပရက်ရှင်နစ်ဇင်[၄] (စိတ်လှုပ်ရှားခံစားမှုသဘောဟန်) ပေါ်ထွန်းခဲ့သည်။ သည်ပန်းချီ သဘောတွေဆီကပဲ ပန်းချီဝါဒသစ်တွေ တလူလူ အားကောင်းလာခဲ့ကာ ပိုမိုဆန်းသစ်သော သဘောတရားတွေ ဖြစ်လာခဲ့သည်။ အက်ဗ်စထရက်အိတ်စ်ပရက်ရှင်နစ်ဇင်[၅] (ရင်ဖွင့်ဒြပ်မဲ့ပန်းချီဟန်)၊ အော့ပ်အာ့ထ်[၆] (အာရုံလှည့်စား ပန်းချီဟန်)၊ ပေါ့ပ်အာ့ထ်[၇] (သာမန်ကြိုက်ပန်းချီဟန်)၊ ကိုင်နက်တစ်အာ့ထ်[၈] (လှုပ်ရှေ့/ရောင်ခြည်တန်း ပေါင်းစပ်ပန်းချီဟန်)၊ အာ့ထ်အင်ဖော်မယ်[၉] (သရုပ်မဲ့ဒြပ်မဲ့ပန်းချီဟန်) စသဖြင့် ပေါ်ထွန်းလာခဲ့သည်။

‘ဒါပေမဲ့ ဘရစ်ဂျစ်ရေ မိုဒန်ဟန်တွေ ပေါ်ထွန်းလာချိန်ကို ကြည့်တော့ ဥရောပမှာ စီးပွားရေး အကောင်းဆုံးအချိန်၊ စိတ်ဓာတ်ဖရိုဖရဲ အဖြစ်ဆုံးအချိန်၊ လူ့အဖွဲ့အစည်း ကသောင်းကနင်း အဖြစ်ဆုံးအချိန်၊ အယူအဆတွေ အဖောက်ပြန်ဆုံး အချိန်၊ ပြီးတော့ အတွေးအခေါ်တွေ အပြောင်းလဲဆုံးအချိန်တွေနဲ့ တိုက်ဆိုင်နေတယ်လို့ ကိုယ်တို့နိုင်ငံက လေးစားလောက်တဲ့ ပန်းချီဝေဖန်ရေးဆရာတစ်ယောက်က ရေးခဲ့ဖူးတယ်။ မိုဒန်ဟန်မှာ သူငယ်နာမစင်ဘူးလို့ ဆိုတဲ့ သဘောပဲ’

သူ ဘရစ်ဂျစ်ကို ပြောလိုက်ခြင်း မဟုတ်။ သူ့ရင်ထဲက စကားတွေသာ ဖြစ်သည်။ စင်စစ် သူ ပန်းချီဝါဒတွေကို နားမလည်လှပါ။ ပြီးတော့ ဆွေးနွေးနိုင်သည့်ခွန်အား မရှိပါ။ အတွေ့အကြုံမရှိပါ။ ဒါပေမဲ့ သူ့သဘောထားကိုတော့ ပြောလိုက်သည်။

‘အနုပညာဆိုတာက အနုပညာအားလုံးပေါ့လေ၊ အသစ်ဆီကို သွားနေတာချည်းပါပဲ။ ဒါကိုက အနုပညာရဲ့ စရိုက်သဘောပဲ မဟုတ်လား။

၁။ Surrealism
၂။ Dadaism
၃။ Automaticism
၄။ Expressionism
၅။ Abstract expressionism
၆။ Op-art
၇။ Pop-art
၈။ Kinetic Art
၉။ Art informal



အသစ်ခံစားမှု သဘောကို ဘယ်သူကမှ တားဆီးလို့မရနိုင်ဘူး၊ ချုပ်ကိုင်လို့ မရနိုင်ဘူး’

‘တစ်ခါတစ်ခါကျတော့ အကြောင်းအရာ ခွဲထွက်လာတာကိုလည်း အသစ်ထဲမှာ ထည့်ကြတယ်။ ဆိုပါတော့ ကိုယ်တို့ကြည့်ခဲ့တဲ့ ငွေချေးယူသူနဲ့ သူ့မယား ပန်းချီကားဆိုရင် အဲသည်အချိန်က ရေးဆွဲနေကျသက်ငြိမ်၊ ရှုမျှော်ခင်း၊ ပုံတူ၊ ရွှေနန်းဆောင်၊ ဘာသာရေး စတဲ့ အကြောင်းအရာကျဉ်းကျဉ်းကလေးထဲက ခွဲထွက်လာတာပေါ့။ မှတ်မိတယ်မဟုတ်လား၊ ကွင်တင်မက်ဆိုင်း[၁]ရဲ့ ကားလေ’

သူ မှတ်မိပါသည်။ ပန်းချီကားက ငွေတိုးချေးစားသူ ဒါမှမဟုတ် ဘဏ်ပိုင်ရှင်နှင့် သူ့မယား ရွှေဒင်္ဂါးပြားတွေ ချိန်ခွင်နှင့်ချိန်နေသည့် ပန်းချီကားဖြစ်သည်။ မယားဖြစ်သူက သမ္မာကျမ်းစာကို လှန်ထားရင်းက ဒင်္ဂါးချိန်တာကို အာရုံရောက်နေပုံ ဖြစ်သည်။ သည်ကားက အလယ်ခေတ် အနုပညာနှင့် ဘဏ်သစ်ပွင့်ချိန်ကာလ စပ်ကူးမတ်ကူးကြားကာလ၏ အရေးတကြီး ပန်းချီကားတွေထဲက တစ်ကားဖြစ်သည်။ ဘာသာရေးပန်းချီက ခွဲထွက်လာတာကလည်း ထူးခြားချက်ဟု ဆိုသည်။ ပန်းချီဆရာ၏ ကိုယ်ကျင့်တရားဆိုင်ရာ လူ့သဘောနှင့် သရော်ချက်တွေကို တွေ့ရသည်။ ပန်းချီကားထဲက ရုပ်ဝတ္ထုတွေကို အသေးစိတ်ဆွဲသည်။ ဖတ်လက်စ သမ္မာကျမ်းစာ၏ လှန်ထားသော စာမျက်နှာတွေကိုကျော်ကာ ရွှေစရွှေနတွေရဲ့ ဆွဲဆောင်မှုကို မကျော်လွှားနိုင်သည့် လူ့သဘာဝကို သရော်ထားတာဟု ဆိုသည်။ ပန်းချီကားရှေ့နားက မြင်ကွင်းမှာ မှန်ဝိုင်းခုံးကလေးတစ်ချပ် ထည့်ဆွဲထားသည်။ မှန်ထဲမှာ အခန်းအပြင်က ပုံရိပ်တွေထင်နေသည်။ ဒါကိုပဲ ကြွားဝါခြင်းရဲ့သင်္ကေတ၊ အချည်းအနှီး ဖြစ်ခြင်းရဲ့သင်္ကေတ၊ တန်ဖိုးမဲ့ အနှစ်မဲ့ခြင်းရဲ့သင်္ကေတအဖြစ် ထည့်ဆွဲထားခြင်းလို့ ဆိုသည်။

‘Liberty leading the people ကားကလည်း ယူဂျင်းဒီလာခရိုင်း[၂]ရဲ့ နိုင်ငံရေးပိုစတာ ပန်းချီအဖြစ် ခွဲထွက်လာတာပဲ။ ဘာဘွန်းဘုရင် နန်းချုပ်မှာ လူထုကိုဦးဆောင်နေတဲ့ လစ်ဗာတီရဲ့ ဆန့်တန်းနေတဲ့လက်၊ ဟင်းလင်းပွင့်

၁။ Quentin metsys (1465-1530)
၂။ Eugene Delacrois (1798-1863)

နေတဲ့ ရင်သားတွေနဲ့ ပန်းချီဆရာက သူပြောချင်တာကို တရားဟောခဲ့တယ်လို့ ဆိုကြတယ်။ ဒါကိုလည်း ပညာရှင်တွေက ခေတ်သစ်ဟန်ပန်းချီလို့ သတ်မှတ်ခဲ့တာပါပဲ"

ဘရစ်ဂျစ်က မျူရီလို[၁]၏ သူတောင်းစားကလေး[၂] ပန်းချီကားကို လည်း ပြသရင်းရှင်းသည်။ ဘရစ်ဂျစ်က မြန်မာမိုဒန်ဟန် ပန်းချီဆရာတွေကို မေးသည်။ သူကလည်း သူသိသလောက် ရွတ်ပြရသည်။ ၁၉၅၀ ဆန့်တိခိုကေတန်က ပြန်လာတဲ့ ဦးအောင်စိုး၊ မန္တလေး ဦးခင်မောင်တို့က စပြီး နောက်ပိုင်းခေတ် လူငယ်ပန်းချီဆရာတွေအထိ။

လုဗ်ပြတိုက်ကြီးတစ်ခုလုံးကို မြင်းတပြေး ကြည့်ရတာလောက် ပင်းပန်းတာ မရှိနိုင်ပါ။ သည်ကြားထဲ ပန်းပုတွေကိုလည်း ပေါက်ဆိန်ပေါက်ကြည့်ရသေးသည်။ အလှဆင်ပန်းချီ၊ ပန်းပုတွေကိုလည်း ဖျတ်ခနဲ။ ရုပ်လုံးရုပ်ကြွကြီးတွေကိုတော့ ငုံ့ရုံစောင်းရုံ။ လူတွေက အခန်းတိုင်းမှာ အပြည့်ရှိသည်။ သူနှင့် ဘရစ်ဂျစ်က အောက်ဆုံးထပ်ကို ပြန်ဆင်းလာခဲ့သည်။

မှန်ပိရမစ်ဆောင်ကြီးထဲက စားသောက်ဆိုင်မှာ အစာပြေစားရင်း ပန်းချီကားတွေအကြောင်း ပြောဖြစ်သည်။ ဘရစ်ဂျစ်က လုဗ်ပြတိုက်ရဲ့ သမိုင်းကြောင်းကို ရှင်းပြသည်။ သည်အဆောက်အအုံကြီးက ခေတ်အဆက်ဆက် တိုးချဲ့ရင်း ကြီးမားလာခြင်း ဖြစ်သည်။ ၁၃ ရာစုလောက်ကတော့ ဘုရင် ဖိလစ်သြဂတ်စတပ်[၃]ရဲ့ ခံတပ်ကြီးအဖြစ် စခဲ့သည်။ ဆိန်းမြစ်နားကရန်ကာ ခံတပ်သဘောလောက်နှင့် စခဲ့သည်။ သည်တုန်းကတော့ တော်ဝင်နန်းဆောင် မဟုတ်သေးပါ။ သည်တုန်းက ဘုရင်က ဆိန်းမြစ်လယ်ကကျွန်းခုံမှာ စံမြန်းနေသည်။ ၁၄ ရာစုမှာတော့ ပဉ္စမမြောက် ချားလ်စ်ဘုရင်က စံအိမ်တော်အဖြစ် သတ်မှတ်ပြီးလာနေသည်။ အခြွေအရံတွေ၊ မှူးကြီးမတ်ရာတွေပါ ပါလာသည်။ ပြီးတော့ နောက်ထပ် ဘုရင့်စာကြည့်ဆောင်ကြီး တစ်ဆောင် ထပ်မံတိုးချဲ့စေခဲ့သည်။ နန်းတော်နှင့်လျော်ညီသည့် သမိုင်းဝင် အဆင်တန်ဆာတွေကို ထားရှိသော်လည်း ရနိုင်သလောက် ဖြစ်သည်။

---

၁။ Murillo (1618-1682)
၂။ Young Beggar
၃။ Philippe Auguste



သိပ်များများစားစား မဟုတ်။ သည်ကာလတွေနောက်မှာတော့ ၁၅၄၆ ခုနှစ်အထိ လုဗ်ကို နန်းတော်အဖြစ် သတ်မှတ်တာမျိုး မရှိပြန်တော့။ ပထမဖရန့်စစ် လက်ထက်ရောက်တော့ ဗိသုကာ ပီယေးလက်စ်ကိုး[၁]ကို ပြန်လည်ထွန်းသစ်စကာလ အနုပညာဟန်ရသတွေ ပါသည့် အဆောက်အအုံမျိုးဖြစ်အောင် တည်ဆောက်ဖို့ တာဝန်ပေးသည်။ လက်စ်ကိုးက ခံတပ်ဟောင်းအဆောင်တွေကို ဖြိုချကာ အုတ်မြစ်ဟောင်းတွေပေါ်မှာ ဗိသုကာသစ်ကိုတည်ဆောက်ယူသည်။ ဒုတိယမြောက် ဟင်နရီလက်ထက်အထိ တည်ဆောက်နေရသည်။ ဒုတိယမြောက် ဟင်နရီ ကံတော်ကုန်တော့ မုဆိုးမမိဖုရား ကာတာရီနာမက်ဒီးဆီး[၂]က ဖိလီဘတ်ဒီလောမ်း[၃]ကို ဆိန်းမြစ်ကမ်းနှင့် အလျားလိုက်ပြိုင်ကာ အဆောင်ဆောင် အခန်းခန်းပါသည့် ဗိသုကာဟန်မျိုး တိုးချဲ့ဖို့ တာဝန်သစ်ပေးပြန်သည်။ ကျဗ်လျက်က ကျူးလရီးစ်နန်းတော်နှင့် လိုက်ဖက်ညီကာ ဆိန်းမြစ်၏ ကျက်သရေရှိမှုနှင့်လည်း အားပြိုင်နေဖို့ ရည်ရွယ်ပုံရလေသည်။ ဗိသုကာဒီလောမ်း ကွယ်လွန်တော့ တည်ဆောက်ရေးစီမံချက်တွေ အဆက်ပြတ်ခဲ့ရပြန်သည်။ စတုတ္ထမြောက် ဟင်နရီဘုရင်က သည်တာဝန်ကို ဆက်ယူသည်။ လူဝီ ၁၃ နှင့် လူဝီ ၁၄ ဘုရင်တွေလက်ထက်မှာတော့ နန်းတော်ဆောင်ကြီးတွေက ရုပ်လုံးပေါ်လာခဲ့ပြီ။ ပန်းပုအပြောက်အမွမ်း ခြူးပန်းခြူးနွယ် စုလစ်မွန်ချွန်းတွေ ဆင်ယင်ကာ ထည်ဝါခံ့ညားလာခဲ့ပြီ။ ၁၆၈၂ မှာတော့ ဘုရင့်မိသားစု တော်ဝန်နန်းတော်ကဗာဆေးလ်ကို ရွှေ့တော့ လုဗ်နန်းတော်က စွန့်ပစ်ခံအိမ်ကြီး တစ်လုံးလိုဖြစ်သွားပြန်သည်။

၁၇၈၉ မှာ ပါရီဈေးသည်မများက နန်းတော်ရှိရာ ဗာဆေးလ်ကိုချီတက်သည်။ နန်းတော်ဟောင်း လုဗ်ကိုလည်း သိမ်းယူလိုက်ကြသည်။ ဗာဆေးလ်က ဘုရင့်မိသားစုကို ပါရီကိုပြန်ရွှေ့ဖို့ ဈေးသည်အမျိုးသမီးတွေက တွန်းအားပေးသည်။ ပြင်သစ်တော်လှန်ရေး၏ ခါးသီးသော နှစ်ကာလတွေအပြီး နပိုလီယန်လက်ထက်မှာ လုဗ်ကို အပြီးသတ်လိုက်သည်။ ဗိသုကာ

---

၁။ Pierre Lescot
၂။ Caterina de' Medici
၃။ Philibert Delorme

ပါဆီယေးနှင့် ဖွန်တိန်းတို့က မြောက်ဘက်ဥတ္တရဆောင်ကို ထပ်တိုးချဲ့သည်။ ၁၈၅၂ ခုနှစ် တတိယ နပိုလီယန်လက်ထက်မှာတော့ လုံး၀ပြီးစီးသည်။ ၁၈၇၁ လောက်ကစပြီး ကနေ့မြင်နေရသည့် လုဗ် ဖြစ်လာခဲ့သည်။

'ပြတိုက်ဖြစ်လာတဲ့ အစကတော့ ချားလ်စ်လက်ထက်မှာ စာကြည့်ဆောင်ကြီး လုပ်ခဲ့တယ်လို့ ပြောခဲ့တယ်နော်။ ၁၆ ရာစုလောက်ကျတော့ ဖရန်စစ်က အနုပညာလက်ရာတွေ အဲသည်အခါမှာ စုလာခဲ့တယ်။ ကမ္ဘာပေါ်မှာ သမိုင်းဆိုင်ရာ စုဆောင်းမှုရဲ့ပထမလို့ ဆိုနိုင်တာပေါ့။ လူဝီ ၁၃ နဲ့ ၁၄ လက်ထက်မှာတော့ ဒါကို ပိုပြီးတိုးချဲ့တယ်။ ၁၇၉၃ မှာတော့ လူထုကိုပြတဲ့ ပြတိုက်ဖြစ်လာတယ်။ နပိုလီယန်က သူ စစ်တိုက်လို့ အောင်ပွဲရတဲ့ နိုင်ငံတွေက အနုပညာလက်ရာတွေပါ တာဝန်တစ်ရပ်အနေနဲ့ သိမ်းယူခဲ့တာတွေ အများကြီးပဲ။ တရားသဖြင့်ရော မတရားသဖြင့်ရော ပါမှာပဲ။ မပေးချင်ဘဲ ယူလာတာတွေလည်း ရှိမှာပဲ။ ကနေ့တော့ အနုပညာလက်ရာစုံ အမယ်ပေါင်း လေးသိန်းကျော် ရှိနေပြီ'

အီဂျစ်၊ ဘာဘီလုံ၊ ဂရိ၊ မက်ဆိုပိုတေးမီးယား၊ အီတလီ၊ အရှေ့အာရှ၊ အလယ်ခေတ်လက်ရာတွေမှသည် ခေတ်သစ်ဟန်လက်ရာတွေ။ သူတို့ နှစ်ယောက် မှန်ပိရမစ်ကြီးထဲက ထွက်ခဲ့ကြသည်။ သည်ခေတ်သစ်ဟန်လက်ရာတွေ။ သည်ခေတ်သစ် မှန်ပိရမစ်ကြီးကတော့ အမေရိကန်နိုင်ငံဖွား တရုတ်လူမျိုး အီယိုမင်းပိုင်[၁]ရဲ့ လက်ရာဟု ဆိုသည်။ အဆောင်တွေအလယ်က အုတ်ခင်း ကွင်းပြင်ကျယ်ကြီးထဲမှာတော့ လူသိပ်မရှိ။ ကျယ်ပြန့်သည့် နေရာကို 'Square Courtyard and clock pavilion' ဟု ခေါ်သည်။ တလင်းပြန့်ကျယ်နှင့် နာရီတော်ဆောင်မှာ သူနှင့် ဘရစ်ဂျစ်က သေးနုပ်နေသည်။

'ကိုယ်တော့ အလှတွေများလွန်းနေတယ် ထင်တာပဲ။ ဆိုပါတော့ တတိယနပိုလီယန်ရဲ့ အခန်းအပြင်အဆင်တွေဆိုရင် မီးဆိုင်းတွေ၊ ပရိဘောဂတွေ၊ ပန်းချီကားကြီးတွေ၊ ရုပ်တုတွေ ကျပ်နေတာပဲ'

'လုဗ်ကို ရောက်တဲ့လူတိုင်းက အဲသလိုခံစားကြရမယ် ထင်တယ်။ သည်နန်းတော်ကြီးထဲရောက်တော့ ကိုယ်တောင် ပြင်သစ်ရာဇ၀င်ထဲက ဇာတ်ကောင် ဖြစ်သွားတာ ဝင်းရဲ့'

---

၁။ Ieoh Ming Pei



'မင်းက မာရီအင်တွိုင်းနေးများ ဖြစ်ခဲ့သလားမှ မသိနိုင်တာ'

နာရီတော်ဆောင်ရှေ့ ကွင်းပြင်ထဲက ထွက်လာခဲ့သည်။ လုဗ်၏ အမိုးခုံးမည်းမည်းကြီးတွေက ကြီးစွာသောဖမ်းစားမှုနှင့် သူ့ကို ငုံ့ကြည့်နေသည်။ နေခြည်က ထွန်းလင်းနေဆဲ။ ညနေ လေးနာရီကျော်ပြီ။ သမင်သေကို ထမ်းလာသည့် မုဆိုးရုပ်တုတွေ၊ ခြင်္သေ့ကိုယ်နှင့် လူခေါင်းရုပ်တုတွေ၊ ရင်ဟင်းလင်းပွင့် ကျောက်ခက်သရဖူဆောင်း မိန်းမလှရုပ်တုတွေကို ထားရစ်ကာ ဆိန်းမြစ်ဘက်ကို ထွက်လာခဲ့ကြသည်။

မြစ်ရေစိမ်းစိမ်းထဲမှာ ရောင်စုံမီးပွင့်တွေနဲ့ အပျော်စီးသင်္ဘောတွေ အစုန်အဆန်။ တေးဂီတသံတွေ မြစ်ရေထဲက လွင့်ပျံ့လာနေသည်။ မြစ်လေထဲမှာ ဘီယာနံ့၊ ဝိုင်နံ့၊ ရှယ်ရီနံ့၊ ရှမ်ပိန်နံ့တွေ ပါနိုင်သေးသည်။ ဆိန်းမြစ်က ပါရီ၏ ခွန်အားသစ်ရေစီးကြောင်း ဖြစ်သည်။ ပါရီ၏ဘ၀ရေလမ်း ဖြစ်သည်။ ပါရီရဲ့ဂုဏ်ကို မြှင့်တင်ပေးနေသည့် ရေတွေ။ ပါရီရဲ့ ကမ်းနှစ်ဖက်ပေါ်မှာ ဒါမှမဟုတ် ဆိန်းမြစ်ရဲ့ ရေပေါ်မှာပဲ မျိုးဆက်ပေါင်းများစွာ မွေးဖွားခဲ့ကြ။ မြစ်သည် ပါရီရဲ့အထောက်အပံ့ပြု ဖြစ်တည်မှုဖြစ်သည်။ ၁၉၀၀ ပြည့်နှစ်တွေကတော့ တစ်နှစ်တစ်နှစ် ခရီးသည် ၂၆ သန်းလောက် မြစ်ပေါ်က စုန်ဆန်ခဲ့ကြသည်။ သယ်ယူပို့ဆောင်ရေးစနစ်တွေ ကောင်းလာသည့် နှစ်ကာလတွေမှာတော့ ရေကြောင်းပို့ဆောင်မှုက လျော့ကျသွားသည်။ ဒါပေမဲ့ မြစ်၏ မင်္ဂလာရှိမှုကတော့ ပိုမိုမြင့်မားလာခဲ့သည်။ ပါရီနှင့် ဆိန်းသည် အမြွှာညီအစ်မပေလား။

'ဘရစ်ဂျစ်ရေ တံတားအောက်မှာ စီးဆင်းနေတဲ့ရေတွေတဲ့ စကားရှိတယ်နော်။ ဖြတ်သန်းစီးဆင်းမှုတွေက မဆုံးနိုင်ဘူး၊ ဒါပေမဲ့ စောစောက ရေတွေတော့လည်း မဟုတ်တော့ဘူးတဲ့။ ဘ၀ဆိုတာ တိုတိုကလေးဆိုတာ မှန်လိုက်တာ။ ဗာဂျီးနီးယားဝုဖ် ပြောသလိုပဲ။ သိစိတ်အစနဲ့အဆုံးကို နှိုကြည့်ရောင် စက္ကူအိတ်ပါးကလေးထဲ ထည့်ထားတာမျိုးလေ။ ဗိုးတဝါးထင်မြင်မှုတွေလောက်နဲ့ ခဏကလေး ဖြတ်လိုက်ရတာမဟုတ်လား'

'တကယ်ကျတော့ ဘယ်လောက်ကြာကြာ ဖြတ်သန်းရသလဲဆိုတာ အရေးမကြီးလှပါဘူးကွာ။ ဘယ်လိုဖြတ်သန်းခဲ့သလဲ ဆိုတာကပဲ အရေးကြီး

တာပါ။ ဆိန်းမြစ်ကိုပဲကြည့်လေ။ မြစ်ညာက မြစ်ကြေအထိ သူ ပွတ်တိုက်ဖြတ်သန်းလာခဲ့တာ နည်းမှမနည်းပဲ။ ရှေးဟောင်းကျောက်ပြားတွေကို ဖြတ်ခဲ့သလို Ultra-modern အလူမီနီယမ်ပြားတွေကိုလည်း ဖြတ်ခဲ့တာပါပဲ။ ရာစုချီသစ်ပင်တွေ၊ သစ်တောတွေ၊ ဘုရားကျောင်းတွေ၊ ကမ်းဘေးမီးတိုင်တွေ၊ လူနေအိမ်တွေ၊ သင်္ချိုင်းတွေ၊ ပန်းခြံတွေ၊ ပြတိုက်တွေ၊ အနုပညာလက်ရာတွေကို ကွေ့ပတ်ပွတ်သပ်ပြီး ဖြတ်သန်းလာခဲ့တယ်။ သူ့မှာ ရင့်ကျက်မှုနဲ့ပဲ စေးပျစ်နေလိုက်တာ။ အဲသလို မဖြစ်သင့်ဘူးလား'

'ဖြစ်သင့်ပါတယ်၊ ကိုယ်က သင်္ခါရဓမ္မကို ပြောတာပါ။ ကိုယ်တို့ဘာသာမှာတော့ ဖြစ်ခြင်း၊ တည်ခြင်း၊ ပျက်ခြင်းဆိုတာ ရှိတယ်၊ မမြဲဘူး။ ဘယ်ဟာမှမမြဲဘူး။ မြစ်ရေစီးဆင်းမှု မမြဲတာမပြောနဲ့၊ မြစ်သည်ပင်လျှင် မမြဲဘူး။ ဒါကိုပြောတာပါ'

'ဖြစ်နိုင်ပါတယ် ဝင်းရယ်၊ ဒါပေမဲ့ ပါလက်စတိုင်း ကဗျာဆရာတစ်ယောက် ရေးခဲ့သလိုပါပဲ။ ရာဂသစ်ပင်တွေရဲ့ အရိုးစုဟာ အော်ဟစ်ညည်းညူနေပေမဲ့ တောက်ပလို့တော့ဖြင့် နေတာပါပဲတဲ့။ ကိုယ်ကတော့ အော်ဟစ်ညည်းညူရင်း တောက်ပနေချင်တာပဲ'

ဤသို့ဖြင့် တောက်ပသော ရာဂသစ်ပင်၏ အရိုးစုများနှင့် သင်္ခါရဓမ္မတို့သည် ဆိန်းမြစ်ဘေးမှာ ခဏကလေး ငြိမ်သက်သွားလေသည်။

'ဝင်း သန်ဘက်ခါမနက် ပြန်ရတော့မယ်နော်။ မနက်ဖြန် ဟိုတယ်ကို လေယာဉ်လက်မှတ် အတည်ပြုချက်ယူဖို့ မှာခဲ့ဦး။ တို့ မနက်ဖြန် နော်မန်ဒီကမ်းခြေကို သွားရအောင်။ ဟောန်ဖလား[၁] ဆိုတဲ့ ပန်းမြို့ကလေးကို သွားကြရအောင်။ နောက် ကမ္ဘာကျော် ဆီဒဲလ်[၂]ကို သွားရအောင်'

'ဆီဒဲလ်က ဘာလဲ၊ မြို့လား'

'မဟုတ်ဘူးလေ၊ ကမ္ဘာကျော် ပုလင်းထုတ်လုပ်ရေး လုပ်ငန်းကြီး ဝင်းရဲ့။ အထူးသဖြင့် တစ်ကမ္ဘာလုံးမှာသုံးနေတဲ့ PET ပုလင်းတွေ ထုတ်လုပ်တယ်။ ပုလင်းပုံဖော်စက်ကြီးတွေလည်း ထုတ်လုပ်ပေးတယ်။ တစ်ကမ္ဘာလုံးမှာ ပုလင်းနှစ်လုံးထွက်တိုင်း တစ်လုံးက ဆီဒဲလ်က ထွက်တာလေ'

၁။ Honfleur

၂။ Sidel



သူနှင့် ဘရစ်ဂျစ် ပြန်လာခဲ့ကြသည်။ ဟိုတယ်ကို တန်းမပြန်သေးဘဲ အီဖဲလ် မျှော်စင်ကြီးဘက်ကို မောင်းလာခဲ့သည်။ သည်မျှော်စင်ကြီးကလည်း ဆိန်းမြစ်ကမ်းမှာပါပဲ။ ဘယ်ကနေလှမ်းကြည့်ကြည့် မြင်ရသည့်မျှော်စင်ကြီးက ပါရီ၏ အမှတ်လက္ခဏာဖြစ်သည်။ လူသား၏အကောင်းဆုံး စိတ်ကူးစိတ်သန်းပြယုဂ် ဖြစ်သည်။ ဗိသုကာဂုစတပ်အီဖဲလ်[၁]၏ စက္ကူပေါ်မှာ မဆွဲ၊ မိုးကောင်းကင်မှာဆွဲသည့် ဒီဇိုင်းဖြစ်သည်။ ပါရီ၏ ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံတွေကို ကျော်ကာ ကောင်းကင်ကို ထိုးခွဲလိုက်သည့် ခေတ်သစ် သိပ္ပံ၏ အောင်ပွဲခေါ်သံလည်း ဖြစ်သည်။ ပါရီ၏ရှေးဟောင်း ရုပ်ဝတ္ထုတွေက အတိတ်ဖြစ်၍ အီဖဲလ်မျှော်စင်က အနာဂတ်ဖြစ်သည်။ သူနှင့် ဘရစ်ဂျစ်ကတော့ အပေါ်ကိုမတက်ဖြစ်ပါ။ သံမဏိခုံးကွေးကြီးတွေ အောက်က ဖြတ်လာခဲ့သည်။ ညဦးမှာ မျှော်စင်ကြီးက လင်းထိန်နေသည်။ ပေပေါင်း ၁၀၅၀ အမြင့်အဖျားအထိ လင်းထိန်နေသည်။ တန် ၇၀၀၀ လေးသည့် မျှော်စင်ကြီးလို့ မထင်ရလောက်အောင် ပေါ့ပါးလွင့်ပျံနေသည်။ ရင်ပြင်သုံးထပ်စလုံးမှာ ဘားနှင့် စားသောက်ဆိုင်တွေ ရှိသည်။ သည်ရင်ပြင်တွေပေါ်က ကြည့်လျှင် နေ့ခင်းဘက် ရာသီဥတု သာယာပါက မြင်ကွင်းကို ၄၅ မိုင်ပတ်လည်လောက်အထိ မြင်ရသည်ဟု ဆိုသည်။ မျှော်စင်တစ်ဝိုက်ကို သစ်စိမ်းရောင်ဒေသလို့ တင်စားလောက်အောင် သစ်ပင်ဆိုင်းဆိုင်းကြီးတွေ များလှပါသည်။ ရှေးကတော့ စစ်ရေးပြကွင်းနေရာဟောင်း ဖြစ်သည်။ ပြင်သစ်တော်လှန်ရေးကာလက ပွဲတော်တွေ မကြာခဏကျင်းပသည့် နေရာလည်း ဖြစ်သည်။ ခုတော့ ပန်းဥယျာဉ်နှင့် ရေပန်းပဒေသာတွေ။ မျှော်စင်အောက် ခြေကွင်းပြင်။ နေရာထိုင်ခင်းမှန်သမျှမှာ လူတွေအပြည့်။

'သည်မျှော်စင်ကြီးပေါ်မှာ ၁၉၀၈ ခုနှစ်ကတည်းက ရေဒီယို အီလက်ထရွန်းနစ် မြို့တွင်းဆက်သွယ်ရေးစနစ် တပ်ဆင်ခဲ့ဖူးတယ်။ ဂျာမန်တွေက ၁၉၄၀ မှာ ဖျက်ဆီးပစ်ခဲ့တယ်။ ရေဒီယိုအသံလွှင့်စနစ် ပျက်သွားခဲ့ရတယ်။ ဒါပေမဲ့ တယ်လီဗီးရှင်း ရုပ်သံလွှင့်အင်တင်နာကိုတော့ မျှော်စင်ထိပ်မှာ ၁၉၅၇ ခုနှစ်ကတည်းက တပ်ဆင်ခဲ့တယ်။ ရာသီဥတုခန့်မှန်းရေးနဲ့ ရေပြင်

၁။ Gustave Eiffel

လေပြင်ဆိုင်ရာ သတင်းပြန်ကြားမှုရုံးတွေလည်း အပေါ်မှာရှိတယ်။ ရာသီဥတု ကောင်းလို့ လေကားက ခြေလျင်တက်ကြသူတွေလည်း ရှိတယ်'

သူနှင့် ဘရစ်ဂျစ် ထိုင်နေသည့် မျှော်စင်ကြီးရဲ့ဘေးက မြက်ခင်းက လည်း သမိုင်းနှင့်ဖြစ်သည်။ သည်နေရာက ရှော့မ်ပ်ဒီမားစ်[၁]ဟု ခေါ်သည့် ရပ်ကွက်ကြီး၏ အစိတ်အပိုင်းတစ်နေရာ ဖြစ်သည်။ ပြင်သစ်တော်လှန်ရေး ကာလတုန်းက သည်နေရာမှာ သွေးစွန်းခဲ့ဖူးသည်။ ၁၇၉၀ မှာ ရောမ ဆပ်ကပ်ကွင်း ဖြစ်ခဲ့ဖူးသည်။ လူရာပေါင်းများစွာတို့ သည်နေရာမှာ ကြမ်း တမ်းစွာ အလုပ်လုပ်ခဲ့ကြရသည်။ သည်နေရာမှာပဲ လာဖေးယက်က ဖွဲ့စည်း ပုံ ဥပဒေကို လူဝီ ၁၆ လက်ဝယ်အပ်ကာ နန်းသက်တစ်လျှောက် သစ္စာ တော် ခံပါကြောင်း သစ္စာပြုခဲ့ဖူးသည်။ မာရီအင်တွိုင်းနေးမိဖုရားကို မကျေ နပ်သူတို့ သည်နေရာမှာ စုဝေးခဲ့ကြဖူးသည်။ တတိယနပိုလီယန်က သည် နေရာကို မြင်းပြိုင်ကွင်း လုပ်ခဲ့ဖူးသည်။ အခုတော့လည်း စိမ်းလန်းမြက်ခင်း၊ ရေပန်း၊ သပ်ရပ်သော အမှတ်တရပစ္စည်းဆိုင်ကလေးတွေ။

ဟိုတယ်ပြန်ရောက်တော့ ခရီးစဉ် ဒိုင်ယာရီရေးသည်။ ပါလာသည့် တိတ်ခွေတွေ ကုန်ပြီ။ ထမင်းတစ်ဘူးဆင်းဝယ်ကာ မစားသေးဘဲ စားပွဲပေါ် တင်ထားလိုက်သည်။ တာနာကားကြီးတော့ ဘောလုံးပွဲကို ရောက်နေ လောက်ပြီ။ ဂျပန်တွေ နိုင်နေသလား၊ ရှုံးနေသလား။

သြော်… သန်ဘက်ခါ ပြန်ရတော့မည်။ မနက်ဖြန် လေယာဉ် လက်မှတ် အတည်ပြုချက်ယူဖို့ ဘရစ်ဂျစ်က မှာထားတော့ သတိရတုန်း အောက်ထပ်ကိုဆင်းကာ စီစဉ်လိုက်သည်။

✤

၁။ Champ-de-Mars

မနက် ခုနစ်နာရီခွဲ ဟိုတယ်ကထွက်ဖို့ စီစဉ်ထားသော်လည်း ရှစ်နာရီ ထိုးခါနီးမှ ထွက်ဖြစ်တော့သည်။ နော်မန်ဒီက ပါရီနှင့် သိပ်မဝေးလှပါ။ ပါရီ၏ အနောက်မြောက်ထောင့်ဘက် ကီလိုမီတာ ၂၀၀ ကျော်ကျော်လောက် ပဲ ဝေးလိမ့်မည်။ မြေပုံမှာတော့ Basse Normandie နှင့် Haute Normandie နှစ်နေရာရှိသော်လည်း တစ်ကြောတည်းဖြစ်သည်။ ဆိန်းမြစ်ဝှမ်း ဒေသ။ ဆိန်းမြစ်က ပင်လယ် (အင်္ဂလိပ်ရေလက်ကြား)ကို စီးဝင်ရာနေရာ။ နော်မန်ဒီတောလမ်း၏ အလှကို ခရီးသွားအေဂျင်စီတွေကတောင် ဆွဲဆောင် ရသည်အထိ လှပသည်။ ထုံးစံအတိုင်း ပါရီကထွက်လျှင် မြို့ပြင်က မြင်ကွင်း ကျယ်၊ လမ်းကျယ်။ ခြံစည်းရိုးတွေမှာ ပလတ်စတစ် စတစ်ကာကြီးတွေ အချပ်လိုက်ကပ်ထားတာ တော်တော်များများတွေ့ရသည်။ ဘောလုံးပွဲနှင့် ပတ်သက်သည့် ပန်းချီ၊ စတစ်ကာ၊ ပိုစတာတွေဖြစ်သည်။ ပါရီမြို့တွင်းမှာ သိပ်မတွေ့ရသည့် စတစ်ကာတွေ ဖြစ်သည်။

ပီဇာမုန့်တွေ၊ ကဖေးတွေ၊ ဟမ်ဘာဂါဆိုင်တွေ၊ ကြက်ကောင်လုံး ဆူဆူကို အကောင်လိုက် စက်နှင့်ကင်သည့်ဆိုင်တွေက တစ်တန်းကြီး ဖြစ် သည်။ မြို့ခံလူတွေကတော့ ခပ်ကျဲကျဲဖြစ်သည်။ ခရစ်ရှန်းဒေါ်ရေမွှေးနှင့် ထရီဆာရေမွှေး ကြော်ငြာတွေက နေရာတိုင်းမှာ ရှိသည်။ မြို့ပြင်လမ်းမှာ ကောက်သင်းနံ့တွေ လှိုင်နေသည်။ ကနေ့ တနင်္လာနေ့ ဖြစ်သည်။ စနေ၊ တနင်္ဂနွေနေ့တွေမှာ မြို့ပြင်ထွက်လေ့ရှိကြသော ပါရီမြို့သူ မြို့သားတွေက တနင်္လာနေ့ဆိုလျှင် ပါရီကို ဝင်သည်။ မြို့နဲ့နီးနီး သစ်ပင်တွေကို စက်နှင့် လှီးထားတတ်သည်။ လေးထောင့်စပ်စပ် သစ်ပင်ကြီးတွေက အမြင်ဆန်းနေ သည်။ သစ်တောအုပ်ရှည် တစ်ခုကိုကျော်တော့ မြို့ငယ်ကလေးတစ်မြို့ကို

ဖြတ်သည်။ တက္ကသိုလ်၊ ကောလိပ်တွေရှိသည်။ အဝေးမှာတော့ မြို့ပြအိမ်ရာ စီမံကိန်း ဖြစ်ဟန်တူသည်။ ပုံစံတူအိမ်ကလေးတွေ။ မနက်ခင်း ပါရီအရောက် ခရီးနှင်လာကြသည့် ကွန်တိန်နာကားကြီးတွေက အဆက်မပြတ် ဝင်နေသည်။ နွေဦးလေပြည်ထဲမှာ ဂျုံခင်းရွှေရောင်က နွဲ့နေသည်ကော။

ပြင်သစ်၏ လျှပ်စစ်ဓာတ်အားကုမ္ပဏီ EDF ၏ လျှပ်စစ်ဓာတ်အား ခွဲရုံကြီးက ကြီးမားလှသည်။ လမ်းမကြီးတွေက လာရောက်စုဆုံလိုက်၊ ခွဲဖြာသွားလိုက်၊ သီးခြားစီဖြစ်သွားလိုက်။ ဝင်ကြေးဆောင်ရသည့် ဂိတ်တွေမှာ ဝင်ကြေးဆောင်ရသည်။ ၁၀ ဖရန့်ဆောင်လျှင် ဂိတ်မောင်းတံကလေး တက်သွားသည်။ စက်ထဲကထွက်လာသည့် ပြေစာကလေးကို ဆွဲယူလိုက်တော့ မင်္ဂလာခရီးကောင်း ဖြစ်ပါစေတဲ့။ Esso, Shell, Total, Elf စသည့် ဓာတ်ဆီဆိုင်ကြီးတွေက သူ့ထက်ငါ ဈေးနှုန်းချဖို့ ပြိုင်နေသည်။ ဝန်ဆောင်မှုကောင်းဖို့ ပြိုင်နေသည်။

Le Havre။ လာဟာ့ဗ်လို့ အသံထွက်သလား၊ လောအာ့ဗ်လို့ အသံထွက်သလားမေးတော့ လာအာ့ဗ်ဟု ဖြေသည်။ လာအာ့ဗ်သို့ ညွှန်သည့် လမ်းညွှန်ဆိုင်းဘုတ်တွေက စိပ်လာသည်။ ဂျုံခင်းတွေကလည်း စိပ်လာသည်။ ပြီးတော့ မျက်စိတဆုံး။ ဘယ်ဘက်ညာဘက် မိုးကုပ်စက်ဝိုင်းအထိ လှမ်းမြင်နေရသော်လည်း မှုန်းဝါးနေသည်။ ဂေးလာ့ဒ်ရဲတိုက်ကို လွန်တော့ မြူတွေတဖျောဖျောကျလာသည်။ မိုးပေါက်တွေလို ကျလာခြင်း ဖြစ်သည်။ ဘရစ်ဂျစ်က ဝိုက်ပါခလုတ်ကို ဖွင့်လိုက်ရသည်။ နောက်ထပ် ဝင်ကြေးဆောင်ရသည့် ဂိတ်တစ်ခုကို ဖြတ်ရသေးသည်။ သည်ဂိတ်က ထွက်လာတော့ မိုးက တအားကြီးသွန်ချလိုက်သည်။

'နော်မန်ဒီက နွားတွေမွေးတာ များတယ်။ ပန်းသီးအရက်တွေလည်း သိပ်ကောင်းတယ် ဝင်းရေ၊ သောက်ရအောင်။ ကာလ်ဗားဒိုးစ်လေ'

ရွာကလေးတွေ။ ဘုရားရှိခိုးကျောင်း အမိုးချွန်များ။ စက်မှုမြို့ကလေးတွေ။ မိုးတိတ်တော့ မြူတွေ ဆိုင်းကျလာပြန်သည်။ မြူတွေကြားမှာပဲ တံတားရှည်ကြီးတစ်ခုကို ကျော်ဖြတ်လာရသည်။ အောက်မှာတော့ ရေပြာပြာတွေ။ ဆိန်းမြစ်ကူးတံတား ဖြစ်သည်။ ပင်လယ်ထဲဝင်ခါနီး ဆိန်းမြစ်က ပါရီက အုတ်ပေါင်ခတ်မြစ်မျိုး မဟုတ်တော့ပါ။ ပြီးတော့ ကျဉ်းကျဉ်း



ကလေးလည်း မဟုတ်။ မြစ်ဝှမ်းကျယ်ကြီး ဖြစ်သည်။ တံတားကြီးက တော်တော်ရှည်သလောက် လှပပါသည်။ နှင်းမြူတွေကြားမှ မြင်ကွင်းသည် မြင်ရသလောက် ရေတွေ။

မိုးတွေ တအားရွာချလာပြန်သည်။ ကိုးနာရီခွဲတော့မည်။ ခရီးဆုံးကို မရောက်သေးပါ။ သိပ်မကြာပါ၊ အုတ်တွေကြားမှာ သစ်သားညှပ်အိမ်ကလေးတွေ တွေ့ရပြီ။ အုတ်ကြွပ်မိုးအိမ်ကလေးတွေ တွေ့ရပြီ။ ပန်းပွင့်ရောင်စုံ သေးသေးကလေးတွေကို တွေ့ရပြီ။ မိုးရေတွေကြားမှာပဲ နွားအုပ်ကြီးတွေကို မြင်နေရသည်။ ဝန်ကြေးဆောင်ရသည့် နောက်ထပ်ဂိတ်ကြီးတစ်ခုကို ရောက်ပြန်ပြီ။ သည်ဂိတ်က တော်တော်ကြီးသည်။ ဝင်ပေါက်တွေကလည်း များသည်။ မီးစိမ်းပြ ဝင်ပေါက်တွေထဲက ဝင်ပေါက်တစ်ခုကို ရွေးချယ်ပြီး ဝင်နိုင်သည်။ ဘရစ်ဂျစ်က 'အမြန်' လို့ ရေးထားသည့် ဝင်ပေါက်ကိုဝင်ကာ ၁၃ ဖရန့် ထည့်လိုက်သည်။

လာအာ့ဗ်ကို ဝင်ခါနီးမှာ မိုးတိတ်သွားပြန်၏။ မြင်ကွင်းက ဝင်းခနဲ ကြည်လင်သွားသည်။ မြစ်ဖြတ်ကြိုးတံတားရှည်ကြီး၏ ချဉ်းကပ်လမ်းပေါ် ရောက်ပြီ။ ပွန့်ဒီတင်ကာဗီးလ်[၁]လို့ ရေးထားသည်။ တင်ကာမြို့တံတား။ နော်မန်ဒီအဝင်တံတား။ ကြိုးတံတားကြီးက ခေတ်သစ်ဟန် ဖြစ်သည်။ အောက်မှာတော့ ဆိန်းမြစ်ကျယ်။ မြစ်က ကျယ်သလောက် တံတားကြီးက ရှည်သည်။ တံတားအဆင်းဂိတ်မှာ ၁၅ ဖရန့် ထပ်ဆောင်ရသေးသည်။ သည်ကလွန်တော့ နော်မန်ဒီဒေသရင်ခွင်ထဲကို ရောက်ပြီ။ လာအာ့ဖ်ကတော့ ကြီးမားသည့် စက်မှုဆိပ်ကမ်းမြို့ကြီး ဖြစ်သည်။ စက်ရုံတွေ များသည်။ မြို့တွင်းအဆောက်အအုံတွေကလည်း ခေတ်မီသည်။ သဘာဝဓာတ်ငွေ့တွေကို မီးရှို့ထားတော့ မီးတောက်တွေက အလျှံတညီးညီး။ ဓာတ်ပေါင်းဖိုကြီးတွေလို ဆိုင်လိုကြီးတွေ၊ အိုးကြီးတွေကလည်း နေရာတော်တော်များများမှာ တွေ့ရသည်။ လာအာ့ဖ်စင်တာခေါ် မြို့တွင်းကိုရောက်တော့ ပင်လယ်ကို ပြာခနဲ တွေ့ရပြီ။ သင်္ဘောဆိပ်က ကြီးမားသလောက် ခေတ်မီဝန်ချီစက်တွေ၊ သင်္ဘောကြီးတွေက ကျပ်ညပ်နေသည်။ ပြင်သစ်မြို့ကြီးပြကြီး အဆောင်အယောင်တွေ ပြန်တွေ့ရသည်။ ကမ္ဘာ့ကုန်သွယ်ရေးစင်တာရုံး၊ ဖို့အိုးရှင်းလေဆိပ်၊ နော်မန်ဒီကမ်းခြေ…။ ကမ်းခြေလမ်းကလေးအတိုင်း မောင်းလာ

၁။ Pont de Tancarville

တော့ ရှေ့မှာ သင်္ဘောဆိပ်ဝင်းကြီးထဲကို ဝင်ရာလမ်းဝကို တွေ့ရသည်။ သင်္ဘောကြီးတွေက လက်တစ်ကမ်းမှာဆိုတော့ ကြီးမားလွန်းနေသည်။

'ဝင်းရေ… အပြန်ကျတော့ နော်မန်ဒီကမ်းခြေအတိုင်း မြို့ကလေးတွေကို ဖြတ်ပြန်မှာဆိုတော့ အချိန်ရပါတယ်။ ခု တို့ ဆီဒဲလ်ကို အရင်သွားရမယ်။ ကိုယ် ချိန်းထားတာက ၁၀ နာရီဆိုတော့ နီးနေပြီ'

ဆီဒဲလ်လုပ်ငန်းစု ရုံးချုပ်ဝင်းကြီးက ကြီးမားသလောက် အေးချမ်းတိတ်ဆိတ်နေသည်။ အဆောက်အအုံတွေက ဝင်းကြီးထဲမှာ နေရာတော်တော်များများမှာ ရှိနေသည်။ ကားရပ်နားစခန်းမှာ တွေ့ရသည့် ကားတွေက နေရာလပ်မရှိအောင် ပြည့်ကျပ်နေသည်။ ကားကလေးကို ထားရစ်ကာ ရုံးချုပ်အဆောက်အအုံဂိတ်ဝကို သတင်းသွားပို့တော့ သူတို့နှစ်ယောက်ကို ဧည့်ခံခန်းမထဲကို အမျိုးသမီးတစ်ယောက်က လိုက်ပို့သည်။

ခဏနေတော့ မစ္စတာနီကိုလတ်စ်လေကိုး[၁] ရောက်လာသည်။ လူက လူငယ်၊ ရုပ်ချောချော။ သူက ရောင်းဝယ်ရေးဌာနတာဝန်ခံ ဖြစ်သည်။ သည်ပုဂ္ဂိုလ်လေးက လစဉ်ထုတ် ဆီဒဲလ်ဂျာနယ်တွေကို ပေးသည်။ စီးပွားရေး ဂျာနယ်တွေ။ အရှုံးအမြတ်နှင့် ငွေစာရင်းရှင်းတမ်းတွေပါသည့် နှစ်ချုပ်အစီရင်ခံစာတွေလည်း ပါသည်။ ခန်းမက ခပ်ကျဉ်းကျဉ်းဖြစ်သော်လည်း အသံချဲ့စက် တပ်ဆင်ထားသည်။ တီဗီနှင့် ဗီဒီယိုပြစက် ရှိသည်။ ရုပ်ရှင်ပြစက်ငယ်နှင့် ပလတ်စတစ်ပိတ်ကားတစ်ချပ် ရှိသည်။ အခန်းက ဖြူဖွေးတောက်ပနေကာ အစည်းအဝေးခန်းမ အသေးစားကလေးနှင့် တူသည်။

'လူတွေဟာ ခြားနားတဲ့ ဘဝပေးကုသိုလ်နဲ့ ရပ်တည်နိုင်ဖို့ ကြိုးစားကြရသလိုပဲ၊ စီးပွားရေးဆိုတာမှာလည်း ကိုယ့်တံဆိပ်အမှတ်အသား ကိုယ်ရှင်သန်အောင် လုပ်ကြရတယ်။ တံဆိပ်တွေ လူထဲကျဖို့ကတော့ ဘဝပေးကုသိုလ် မဟုတ်တော့ဘူးဗျ၊ တကယ်လုပ်မှရတာ'

မစ္စတာလေကိုးက ရယ်ရင်းမောင်ရင်းက ရှင်းပြနေခြင်းဖြစ်သည်။ Marketing manager ဆိုတော့လည်း ဈေးရောင်းတတ်၊ စကားပြောတတ်နေသည်။ သူတို့ဌာနက ပက်တ်လို့ ခေါ်သည့် ပလတ်စတစ်အကြည်သား ပုလင်းတွေ ထုတ်လုပ်နေသည်။ ပုလင်းစက်တွေ ဖြန့်ဖြူးနေသည်။ ပုလင်းကို

၁။ Mr.Nicolas Lecourt



သက်ဆိုင်ရာအပ်နှံသည့် အရည်သွင်းခြင်းတွေ ပြုလုပ်ပေးနေသည်။ PET က နောက်ဆုံးပေါ် ကမ္ဘာသုံးပလတ်စတစ်ကြည် ဖြစ်သည်။ ပုလင်းဒီဇိုင်းတွေကြောင့် ထင်ပေါ်ကျော်ကြားလာရသည့် ကမ္ဘာ့ပုလင်းသွင်း ကုန်စည်တွေအကြောင်း ရှင်းပြသည်။ ပုလင်းတွေက သမားရိုးကျ မဟုတ်တော့ဘဲ Complex Shapes ခေါ် ထွေပြားသည့် ဒီဇိုင်းတွေဖြစ်လာခဲ့ပြီ။ PET ကြောင့် ပိုမိုသုံးစွဲသူများလာသည့် ဩစတြေးလျက Foster's နှင့် Bass ဘီယာတွေကို နမူနာပြ ရှင်းပြလိုက်သေးသည်။ PET က ထွင်းဖောက်မြင်နိုင်အောင် ကြည်လင်သည်။ အလေးချိန် ပေါ့ပါးသွားသည်။ ကြံ့ခိုင်မှုအားကောင်းသည်။ ခတ်ငွေ့လုံသည်။ ၂၀၀ ရာခိုင်နှုန်း တစ်ကျော့ပြန်သုံးစွဲနိုင်သည်။ ပုံသဏ္ဌာန်ထွေပြားမှုကို အလွယ်တကူပုံဖော်နိုင်သည်။ ဈေးနှုန်းအရ သက်ရောက်မှုရှိသည်။ မစ္စတာလေကိုးက ပရိဂျက်တာကိုဖွင့်ကာ ကုမ္ပဏီဖွဲ့စည်းပုံ၊ ရှယ်ယာခေါ်ပုံ၊ တာဝန်ယူအုပ်ချုပ်နေသည့် စီမံခန့်ခွဲရေးအဖွဲ့၊ ထုတ်လုပ်မှု၊ ထွက်ရှိမှု၊ ဈေးကွက်နှင့် အလားအလာတွေကို ကောင်းကောင်းရှင်းပြနေသည်။

'တို့ကိုများ ပုလင်းစက် လာဝယ်တယ်ထင်သလား မသိဘူးနော်'

ဘရစ်ဂျစ်က စာလေးတစ်ကြောင်း မသိမသာရေးကာ သူ့ကို ထိုးပေးသည်။ သူက ပြန်ရေးပေးလိုက်သည်။

'ဘရစ်ဂျစ်ရေ မင်းကို ဆီဒဲလ်က Complex shape လုပ်မလို့ ထင်တယ်ကွ'

မစ္စတာလေကိုးက ကမ္ဘာသုံးထုပ်ပိုးစနစ် ခေတ်မီလာခြင်းသမိုင်းကို ရှင်းပြတာကတော့ တော်တော်ကောင်းပါသည်။ ဆီဒဲလ်ကတော့ ၁၉၆၁ ခုနှစ်က ဆီပုလင်းကြည်တွေ ထုတ်လုပ်မှုက စခဲ့သည်။ ၁၉၇၂ မှာတော့ ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမှုလွှဲနိုင်ခဲ့သည်။ ၁၉၈၀ မှာတော့ ကာဗွန်နိတ်ရည်နှင့် သောက်ရေသန့်သုံး ပုလင်းကြည်တွေ ထုတ်လုပ်ခဲ့သည်။ ထုပ်ပိုးစနစ်မှာ ကမ္ဘာ့အကောင်းဆုံးနေရာကို ကျော်လွှားရောက်ရှိလာခဲ့သည်။ ၁၉၉၃ မှာတော့ ပါရီစတော့ ဈေးကွက်မှာ နေရာရလာသည်။ ၁၉၉၆ မှာတော့

၁။ Cermex

ကားမက်ဇ်[၁]နှင့် ပူးပေါင်းသည်။ အရင်းအနှီးနှင့် နည်းပညာချဲ့ထွင်ကာ လုပ်ငန်းတွေချဲ့သည်။ နောက်ထပ် ဂျေဘို[၁]နဲ့ ပူးပေါင်းသည်။

‘အခုတော့ နိုင်ငံပေါင်းတစ်ရာကျော်မှာ ဆီဒဲလ်စက်တွေ တစ်ထောင့်ခြောက်ရာလောက် ရှိနေပါပြီ။ သည်စက်တွေက ပစ္စည်းထုတ်လုပ်မှုအမယ်သုံးဆယ်လောက် ထုတ်လုပ်နိုင်ပါတယ်။ ၁၉၈၁ ခုလောက်က ဆီဒဲလ်ပုလင်းစက် SBO ၂၄ အမျိုးအစားက တစ်နာရီကို ပုလင်းကြည်တစ်သောင်းငါးထောင် ထုတ်လုပ်ခဲ့ရာက ၁၉၉၅ မှာတော့ SBO ၄၈/၃၈ အမျိုးအစားဟာ တစ်နာရီကို ပုလင်းငါးသောင်းအထိ ထုတ်လုပ်နိုင်ပါတယ်’

ဆီဒဲလ်ပုလင်းကြည်စက်များ၊ ပုလင်းပုံစံအိမ် (Mold) များနှင့် နည်းပညာများကို တစ်ကမ္ဘာလုံးသို့ တင်ပို့နေသည်။ စက်များ စတင်တပ်ဆင်ပေးခြင်း၊ နည်းစဉ်သင်တန်းများ တစ်ပါတည်း ပူးတွဲပို့ချခြင်းနှင့် စက်မှုနည်းနာ အကူအညီပေးခြင်းများကို အာမခံကာလအတွင်း ဆောင်ရွက်ပေးသည် ဆို၏။ ဆီဒဲလ် PET ပုလင်းကြည် ထုတ်လုပ်မှုနည်းစဉ်မှာ တိုက်ရိုက်ထုတ်လုပ်မှုမဟုတ်ဘဲ နှစ်ဆင့်ထုတ်နည်းစဉ် (2 step process) ဖြစ်သည်။ ပထမတစ်ဆင့်မှာ ကုန်ကြမ်းမှ အကြိုပုလင်းပုံစံ (Preform) ထုတ်လုပ်ခြင်းဖြစ်သည်။ အကြိုပုလင်းပုံစံမှာ အဖုံးရစ်နေရာပါပြီး ဆလင်ဒါလုံးရှည်ပုလင်းကလေးဖြစ်သည်။ ဒုတိယအဆင့်မှာတော့ အကြိုပုလင်းပုံစံ ဆလင်ဒါကို အပူထပ်ပေးသည်။ ပြီးမှ ပုံစံအိမ် (Mold) ထဲ ထည့်သည်။ ပြီးတော့ လေမှုတ်သွင်းစနစ် (Blow-molding) ဖြင့် ပုံစံအိမ် (Mold) ထဲမှာ ပွကားသွားအောင် ပြုလုပ်ပေးသည်။ ပုံစံအိမ်ကို ခွာလိုက်တော့ PET ပုလင်းဖြစ်လာသည်။ လေမှုတ်သွင်းစနစ်ဟု အလွယ်သုံးနှုန်းလိုက်သော်လည်း နည်းစဉ်အရ Biorientation လို့ ခေါ်သည့် ပုလင်းဖွစနစ်ဖြစ်သည်။ ပုလင်းတွေကို အရည်အသွေးစစ်ဆေးမှုနှစ်မျိုး ပြုလုပ်ပေးသည်။ တစ်မျိုးက အွန်လိုင်း (On-line) စနစ် ဖြစ်သည်။ သည်စနစ်က ပုလင်းအရစ်မျက်နှာပြင်များ ညီညွတ်မှု၊ ကော်လာနှင့် ဝက်အူရစ်သွားများ စစ်ဆေးပေးသည်။ ဒါကို Sealing surface ဟု ခေါ်သည်။ နောက် Finish Dimensions စစ်ဆေးသည်။ Neck inspection စစ်ဆေးသည်။ Base inspection စစ်ဆေးသည်။ ဒါတွေက On-line စနစ် စစ်ဆေးခြင်းတွေဖြစ်သည်။ နောက်ထပ်

၁။ Gebo



စစ်ဆေးနည်းကတော့ ဓာတ်ခွဲခန်းစစ်ဆေးခြင်း (Laboratory System) ဖြစ်သည်။ သည်စစ်ဆေးနည်းမှာတော့ ဖိအားစမ်းသပ်ပေးခြင်း (Pressure Testing) နှင့် ပုလင်းနံရံများ တိုင်းထွာပေးခြင်း (Wall thickness measurement) တွေ ဖြစ်သည်။

‘ပုလင်းနံရံတွေက သိပ်အရေးကြီးပါတယ်။ ရိုးရိုးပုလင်းဖြောင့်တွေကတော့ အကြောင်းမဟုတ်ဘူး။ ဒါပေမဲ့ ထောင့်ကွေးတွေ ခပ်များများပါတဲ့ ပုလင်းပုံစံဆန်းတွေမှာတော့ နံရံတိုင်းဟာ အထူအပါးညီဖို့ လိုအပ်ပါတယ်။ ထောင့်ကွေးတွေမို့ ပါးသွားလို့မရပါဘူး။ ဒါဟာ နည်းပညာနဲ့ ဆိုင်ပါတယ်’

တူရကီနိုင်ငံ သဘာဝစမ်းချောင်းရေသန့်ကို အရင်က PVC ပုလင်းများနှင့် ထုတ်လုပ်ခဲ့ကြသည်။ မာဒရမ်ဒေသ တောင်ပေါ်စမ်းချောင်းရေဖြစ်သည်။ သန့်ရှင်းပြီး သဘာဝအရသာမပျက် ထုတ်လုပ်နိုင်သော်လည်း ထုပ်ပိုးပုံစနစ်ကြောင့် အဟန့်အတားဖြစ်ခဲ့ရသည်။ နောက်ပိုင်းမှာ ပင်နာမာဒရမ် (Pinar Madran) သဘာဝစမ်းချောင်းရေကို PET ပုလင်းများဖြင့် သုံးခဲ့သည်။ ဆီဒဲလ်၏ တစ်နာရီပုလင်း ၁၇၀၀၀ နှုန်း ထွက်စက်တွေက တူရကီကို ရောက်သွားခဲ့သည်။ အခုတော့ ပင်နာမာဒရမ်တွေ ကမ္ဘာအနှံ့ ရောက်ခဲ့ပြီဟု ဆိုသည်။ မက္ကဆီကို PET ပုလင်းတွေက ဈေးကွက်ဝေစု ၇၀ ရာခိုင်နှုန်း ရရှိထားပြီ။ ဆီဒဲလ်ဒီမက္ကဆီကို၏ နည်းပညာတွေကြောင့် ဖြစ်သည်။

‘ကျွန်တော်တို့က PET တစ်လွှာစနစ် ပုလင်းတွေတင် မကတော့ဘဲ PET/EVOH/PET လို့ ခေါ်တဲ့ သုံးထပ်လွှာ PET ပုလင်းကြည်တွေပါ ထုတ်လုပ်ပေးနေပါတယ်။ Multilayer ဆိုပါစို့။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ကြွေးကြော်သံ ဆောင်ပုဒ်က အခုတော့ ပုလင်းတွေ မကွဲတော့ပါ ဖြစ်ပါတယ်’

ပုလင်းကြည်တွေမှာ တံဆိပ်အသင့်ကပ်နိုင်သည့် စက်တွေလည်း ရှိသည်။ Cold Glue, Hot-Melt နှင့် Self-Adhesive စသည့် တံဆိပ်ကပ် စနစ်တွေကို သုံးသည်။ ဆီဒဲလ်မှတ်တမ်းတွေအရ အီတလီလူမျိုးတွေက ကမ္ဘာမှာ သောက်ရေသန့်အသောက်ဆုံး လူမျိုးဟုဆိုသည်။ လူတစ်ဦး တစ်နှစ် သဘာဝသောက်ရေသန့် သောက်သုံးမှုလီတာ (in litres percapita) စာရင်းတွေအရ ဂျပန်က ၄ လီတာ၊ ဂျာမနီက ၉၆ လီတာ၊ ယူကေက

၁၁ လီတာ၊ အမေရိကန်က ၃၆ လီတာ၊ ပြင်သစ်က ၁၁၁ လီတာ၊ အီတလီက ၁၃၈ လီတာ ဖြစ်သည်။ ဆီဒဲလ်၏ နောက်ထပ် ထုတ်လုပ်မှုမှာ PET ပုလင်းပုံစံအိမ် (PET mold) များ ဖြစ်သည်။ ကမ္ဘာ့အမြင့်မားဆုံး ထုတ်လုပ်မှုနေရာကို ယူထားသည်ဆို၏။ ပုလင်းကြည် ပုံစံအိမ်တွေကို ISO 9002 ကမ္ဘာ့စံချိန်စံညွှန်း အဖွဲ့အစည်းလက်မှတ်အရ ထုတ်လုပ်ပေးသည်။ ပုလင်းကြည်တစ်လုံး၏ အရည်အသွေးမှာ ပုလင်းပုံစံအိမ်၏ သပ်ရပ်သေချာမှုပေါ်တွင် မူတည်သည်။ သည်ပုံစံအိမ်တွေကို ကွန်ပျူတာထိန်းချုပ်စနစ်သုံး တွင်ခုံတွေ၊ ရွှေ့ပေါ်တွေနှင့် ပြုလုပ်သည်။ ဒစ်ဂျစ်တယ် ထိန်းချုပ်မှုကြောင့် သေချာတိကျသည်။ ပုံစံအိမ်တွေကို လျှပ်စစ်ဓာတုနည်းစဉ် (Electro-chemical) ဖြင့် အချောကိုင်ပေးသည်။

သူနှင့် ဘရစ်ဂျစ်ကတော့ ပုလင်းတွေကြားမှာ ညပ်နေသည့် ပုလင်းနှစ်လုံးလို ဖြစ်နေသည်။ ပရိဂျက်တာနှင့် ထိုးပြလိုက်၊ မိုက်ခရိုဖုန်းနှင့် ရှင်းပြလိုက် လုပ်နေသည့် မစ္စတာလေကိုးကတော့ တာဝန်အရ ရှင်းပြနေခြင်းနှင့် မတူပါ။ စိတ်ဝင်တစား ရှင်းပြနေခြင်း ဖြစ်သည်။

ခဏနားပြီးတော့ ကော်ဖီတိုက်ပါသည်။ ကော်ဖီသောက်နေတုန်းမှာ မစ္စတာလေကိုး အပြင်ခဏထွက်သွားတော့ အမျိုးသမီးတစ်ယောက်က လာဧည့်ခံသည်။ သူ့ကို မြန်မာနိုင်ငံက သောက်ရေသန့်တွေရဲ့ ထုတ်လုပ်ပုံနည်းစနစ်တွေ မေးသည်။ ဈေးကွက်အခြေအနေ မေးသည်။ သုံးနေသည့် ပလတ်စတစ် ကုန်ကြမ်းနှင့် မှာယူနေသည့် နိုင်ငံတွေကို မေးသည်။

'ဆီဒဲလ် အာရှဒေသဆိုင်ရာ တာဝန်ခံက မြန်မာနိုင်ငံကိုလည်း လေ့လာနေပါတယ်။ ကျွန်မတို့ဌာနတွေ စင်ကာပူ၊ ဟောင်ကောင်၊ ဘာဂျင်းနဲ့ မလေးရှားနိုင်ငံတွေမှာ ရှိပါတယ်'

သည်အမျိုးသမီးကတော့ ပုလင်းအမျိုးအစားနှင့် ထည့်သွင်းသည့် ပစ္စည်းရဲ့ သဘောသဘာဝတွေကို ရှင်းပြသည်။ ပုလင်းတွေမှာက ကာဗွန်နိတ်ရည် ထည့်နိုင်သည့်ပုလင်း၊ မထည့်နိုင်သည့်ပုလင်း၊ ပစ္စည်းခြောက်ထည့်သည့်ပုလင်း၊ ပစ္စည်းစိုထည့်သည့်ပုလင်း၊ တိုက်ရိုက်အပူထည့်ပုလင်း၊ တိုက်ရိုက်အအေးထည့်သည့် ပုလင်းတွေအကြောင်း ရှင်းပြသည်။ သောက်ရေသန့်၊ နွားနို့ထွက်ပစ္စည်း၊ ယိုမျိုးစုံ၊ သစ်သီးရည်၊ သစ်သီးနှစ်၊ သစ်သီးနှစ်၊ သစ်သီးသနပ်၊ ထောပတ်၊ အချိုရည်၊ ဆိုဒါ၊ ဘီယာ၊ အရက်၊



ကော်ဖီ၊ စားသုံးဆီ၊ အလှကုန်မျိုးစုံ၊ ဆေးဝါးခဲ၊ ဆေးဝါးရည်၊ ဓာတုပစ္စည်း၊ ဖစ်တိုဓာတုပစ္စည်း[၁] စသည်ဖြင့် အမျိုးပေါင်းများစွာကို တွေ့ကရာပုလင်းထဲ ထည့်လို့ မရနိုင်ပါဟု ဆိုသည်။

'တချို့ပုလင်းတွေက အပူဒီဂရီ ၆၀ လောက်က ၁၁၀ ကျော်အထိ ခံနိုင်တဲ့ Pasteurizable bottles တွေ ရှိတတ်ပါတယ်။ တစ်ခါတည်း တိုက်ရိုက်အပူချည်း လောင်းထည့်ရတဲ့ Hotfill bottles တွေလည်း ရှိတယ်။ တချို့ပစ္စည်းတွေကျတော့ ပုလင်းခွံကို ရေနွေးနဲ့ ဆေးကြောပြီးမှ ထည့်ရတော့ အပူခံပုလင်းတွေ ဖြစ်ရပါတယ်။ သည်တော့ အပူနဲ့ ပလတ်စတစ်နဲ့ ဓာတ်ပြုတာမျိုး မဖြစ်အောင် အထပ်ထပ် စမ်းသပ်စစ်ဆေးရပါတယ်'

နေရာတကာတိုင်းမှာ ပစ္စည်းတိုင်းကို PET နဲ့ချည်း သုံးနေစရာမလိုတာတွေလည်း ရှိတယ်။ ဥပမာ မော်တော်ကားသုံး ဖယောင်းထည့်သည့် ပလတ်စတစ်ဘူးမျိုး ဖြစ်သည်။ နေလောင်ခံဆီထည့်သည့် ပုလင်းမျိုးတွေ ဖြစ်သည်။ ဒါမျိုးတွေကျတော့ PP, PVC, HDPE ပလတ်စတစ်တွေ သုံးနိုင်သည်။ PET အပြင် PEN ပလတ်စတစ်ဆိုတာလည်း ရှိသေးသည်။ မစ္စတာလေကိုး ရောက်လာတော့ စက်ရုံတွေထဲကို လိုက်ပြဖို့ စီစဉ်ပေးသည်။ ရုံးခန်းအပြင်က ပုလင်းနမူနာတွေ စီထားသည့် စင်မြင့်တွေရှေ့မှာ ဓာတ်ပုံရိုက်သည်။ ပြီးတော့ စက်ရုံတွေရှိရာ သွားကြရသည်။ စက်ရုံတွေက ဝင်းကြီးတစ်ဝင်းထဲမှာပေမဲ့ အဆောင်တစ်ဆောင်နှင့်တစ်ဆောင်က ဝေးသည်။ ခေတ်မီလေအေးစက်သုံး စက်ရုံကြီးတွေ။ Design Department မှာတော့ ပုလင်းမဖြစ်ခင် စက္ကူပေါ်က စိတ်ကူးပုလင်းတွေကို တွေ့ရသည်။

'ကနေ့ခေတ်မှာ လူတွေအားလုံး ဒီဇိုင်းရဲ့သဘောကို ခံစားတတ်လာကြတယ်။ ပုလင်းဒီဇိုင်းတွေက စီးပွားရေးပြိုင်ဘက်ကို ကျော်လွှားဖို့ ထုတ်လုပ်သူတွေကလည်း စဉ်းစားလာကြတယ်။ တချို့ပုလင်းတွေက ခဏခဏ ပြောင်းဖို့ ဒီဇိုင်းထုတ်ခိုင်းတာတွေ ရှိပါတယ်။ တချို့ကတော့ ပုလင်းလှတာကိုပဲ လိုချင်တာ။ ပုလင်းရဲ့စက်မှုသဘော ဝိသေသပြချက်တွေကို နားမလည်တော့ ကျွန်တော်တို့က စဉ်းစားပေးပြီး ပုံစံထုတ်ပေးရပါတယ်'

---

၁။ Phytochemicals

ဒီဇိုင်းဌာနတာဝန်ခံက သူ့ကို ရှင်းပြသည်။ တချို့ စီးပွားရေးလုပ်ငန်းရှင်တွေက ပုလင်းကိုပဲ သူတို့ဒေသ ဘုရားရှိခိုးကျောင်းပုံစံ ဒီဇိုင်းထုတ်ခိုင်းတတ်သည်ဟု ဆိုသည်။ ၁၉၉၇ တုန်းက ပုလင်း ဒီဇိုင်းပုံစံကြမ်း ၃၀၀၀ ကျော် ထုတ်ပေးခဲ့ရတယ်။ 2D ဒီဇိုင်း၊ 3D ဒီဇိုင်းဆိုတာတွေ ရှိသေးသည်။ ချိုင့်ထွင်းပုံစံ၊ ဖောင်းကြွပုံစံ၊ လည်ပင်းပုံစံတွေကလည်း အမျိုးမျိုး။

'စီးပွားရေးလုပ်ငန်းရှင်တွေက စိတ်ကူးနဲ့ပြောတာကို ကျွန်တော်တို့က ပုံစံထုတ်ရတော့ အတွေ့အကြုံက ပိုက်ဆံ မပေးရဘဲ ရနေပါတယ်'

စက်ရုံကြီးက မီးတွေ ထိန်းညီးနေသည်။ စက်ကြီးတွေက သူ့မိုဒယ်အလိုက် နေရာအနှံ့ တပ်ဆင်ထားသည်။ မစ္စတာလေကိုးက စက်၏သဘာဝတွေကို ရှင်းပြသည်။ Preform ခေါ် ပုလင်းအကြိုပုံစံ ဆလင်ဒါချောင်းကလေးက ပုလင်းဖြစ်သွားတဲ့အထိ လိုက်ပြသည်။ ပြီးတော့ ကြည်လင်ပါးလွှာသည့် PET ပုလင်းတစ်လုံး သူ့လက်ထဲ ထည့်ပေးသည်။ စက်ရုံထဲမှာ ဓာတ်ပုံရိုက်ခွင့်တောင်းတော့ ပေးပါသည်။ ရိုးရိုးပုလင်းအကြိုပုံစံ ဆလင်ဒါကလေးတစ်ချောင်းကနေ ကိုးလ်ဂိတ်ပါးလ်မိုးလစ် အလှကုန်သုံး ပုလင်းဒီဇိုင်းခြောက်မျိုး ဖန်တီးနိုင်ကြောင်း ပြသသည်။ စက်ရုံတစ်နေရာက New Sales Contacts ဆိုသည့် ဈေးကွက်သစ်မြေပုံမှာ မြန်မာနိုင်ငံကိုလည်း ပြသထားသည်။ ထိုင်း၊ ဗီယက်နမ်၊ ပါကစ္စတန်၊ လာအို၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတွေရဲ့ဒေသခံတာဝန်ခံက မစ္စတာဗင်းဆင့်ဖာလေ[၁] ဖြစ်သည်။

'မနှစ်က ကျွန်တော်တို့ ဆီဒဲလ်က အရောင်းကိုပြောရရင် ပထဝီဝင်ဒေသအလိုက်ပေါ့လေ၊ ဥရောပ၊ တောင်မြောက်အမေရိကနဲ့ အာဖရိက၊ နောက် အရှေ့အလယ်ပိုင်း၊ ပြီးတော့ အာရှပစိဖိတ်ဒေသစုစုပေါင်း အရောင်းပြင်သစ်ဖရန့်ငွေ သန်းပေါင်း ၄၁၇၈ သန်းဖိုး ရှိခဲ့ပါတယ်'

စက်ရုံကြီးထဲမှာ တော်တော်ကြာသွားတယ်။ မစ္စတာလေကိုးကိုလည်း အားနာလှပြီ။ ကြည့်စရာတွေက မဆုံးနိုင်ပြီ။ ပြီးတော့ သူနှင့် ဘရစ်ဂျစ်က တရားဝင်ဧည့်သည် မဟုတ်။ ဘရစ်ဂျစ်နှင့် ပတ်သက်ပြီး ရောက်လာရတာဆိုတော့ တော်လောက်ပြီ။

---

၁။ Mr. Vincent Ferlay



ဌာနတွေကများသား။ ဒီဇိုင်းဌာန၊ အသုံးချသုတေသနဌာန၊ ပစ္စည်းထောက်ပံ့ရေးဌာန၊ တပ်ဆင်မှုကြီးကြပ်ရေးဌာန၊ ပုံစံအိမ် (Mold) ထုတ်ဌာန၊ လိုင်းချိန်ဌာန၊ သင်တန်းဌာန၊ ရောင်းပြီးဝန်ဆောင်မှုဌာန[၁]နှင့်အရန်ပစ္စည်းထုတ်လုပ်ရေးဌာနတွေ ဖြစ်သည်။ ဒါတွေကုန်အောင် မကြည့်နိုင်တော့။ အားလုံးကို နှုတ်ဆက်ကာ ထွက်လာခဲ့ရတော့သည်။

'ကိုယ့်လည်ပင်းကို ကြည့်စမ်းပါဦးကွာ၊ ပုလင်းလည်ပင်းများ ဖြစ်သွားသလားလို့'

ဘရစ်ဂျစ်က နောက်သည်။ ဆီဒဲလ်ကနေ လာအာ့ဖ်မြို့တွင်းကို ပြန်ဖြတ်လာခဲ့ကြသည်။ ပြီးတော့ ပင်လယ်ကမ်းခြေလမ်းကပဲ မောင်းလာခဲ့သည်။ ပင်လယ်ကမ်းခြေလမ်းက ရှင်းနေသည်။ ကားသွားကားလာ တော်တော်ကျဲသည်။ ဆိပ်ကမ်းမှာတော့ ရေနံတင်သင်္ဘောကြီးတွေလည်း တော်တော်များများ ရှိသည်။ ဖယ်ရီလို့ခေါ်သည့် ခရီးသည်သင်္ဘောကြီးတွေလည်း ရှိသည်။ ကားကလေးက သင်္ဘောကြီးရှေ့မှာ ရပ်လိုက်သည်။ ကွန်တိန်နာယာ့ဒ်ကြီးတွေ၊ ပင်လယ်ကူး သင်္ဘောကြီးတွေ၊ ယူရိုပီယန်ဖယ်ရီးစ်တွေ၊ ပြီးတော့ ဆိပ်ကမ်းဂိုဒေါင်ကြီးတွေ။ ပင်လယ်ကမ်းဦးနှင့် ဝေးသည့်နေရာမှာတော့ အပျော်စီးသင်္ဘောတွေ တစ်စီးကိုတစ်စီး လိုက်ဖမ်းနေတာနဲ့ တူသည်။ ဆိပ်ကမ်းစက်မှုဒေသကြီး ရှိသည်။ ဘရစ်ဂျစ်နှင့် သူက ကားပေါ်မတက်သေးဘဲ နော်မန်ဒီပင်လယ်ကမ်းအလှကို ကြည့်ကြသည်။ အခုတော့ နော်မန်ဒီက စစ်၏ အငွေ့အသက်တွေ မရှိတော့ပါကလား။ ကူးသန်းရောင်းဝယ်ခြင်းနှင့် ကုန်သွယ်မှုအမှတ်လက္ခဏာတွေသာ ရှိသည်။

'ကမ္ဘာ့သမိုင်းရက်စွဲအရဆိုရင် မနေ့က ရက်စွဲဟာ ပါရီကို နာဇီတွေ သိမ်းခဲ့တဲ့ရက်ပဲ။ နှစ်အားဖြင့်တော့ ၅၈ နှစ်တင်းတင်းပြည့်တဲ့နေ့ပဲ။ ကမ္ဘာကျော် Battle of France ဖြစ်ခဲ့တဲ့ရက်စွဲနဲ့ တိုက်ဆိုင်နေတယ်'

နော်မန်ဒီကမ်းခြေက လှမ်းကြည့်လျှင် ပင်လယ်က သိပ်ပြာသည် မထင်ရပါ။ မီးခိုးပြာရောင် ဖြစ်သည်။ ၂၀ ရာစု၏ ပထမနှစ် ၅၀ က စစ်ဖြင့် ကုန်ဆုံးခဲ့သည်။ ဒုတိယနှစ် ၅၀ လည်း ကုန်တော့မည်။ ဒေသတွင်းတင်းမာမှုတွေ၊ လူမျိုးစုပြဿနာတွေ၊ အငြင်းပွားမှု စီးပွားရေးထိုးစစ်တွေ

---

၁။ After Sales Services Department

ရှိနေသေးသည်။ ၁၉၃၉ ခုနှစ်။ ဂျာမန်နှင့် ရုရှားက ပိုလန်ကို တစ်ဝက်ခြမ်းက ယူနိုင်ဖို့ အချင်းချင်း မကျူးကျော်ရေးစာချုပ် ချုပ်သည်။ ဂျာမန်က ပိုလန်ကို ကျူးကျော်သည်။ ပြင်သစ်နှင့်အင်္ဂလန်က ဂျာမန်ကို စစ်ကြေညာသည်။ တစ်ချိန်တည်းမှာ ရုရှားက ဖင်လန်ကို သိမ်းပိုက်သည်။ ပြင်သစ်၏ မာဂျီးနိုးခံတပ်က ဂျာမန်တွေကို ဟန့်တားနိုင်သည်။ ဂျာမန်က မာဂျီးနိုးခံတပ်ကိုခွာကာ ဒိန်းမတ်ကို အပြေးအလွှား သိမ်းယူသည်။ နော်ဝေးကို တိုက်ခိုက်သည်။ နယ်သာလန်၊ ဘယ်လ်ဂျီယမ်နိုင်ငံတွေကလည်း ဂျာမန်တို့ လက်အောက်ရောက်ကုန်သည်။

ဘယ်လ်ဂျီယမ်က လက်နက်ချသည့်အခါ ပြင်သစ်ကို တိုက်ခိုက်ဖို့ လမ်းကြောင်းသစ် ရသွားခဲ့သည်။ ပြင်သစ်တပ်တွေက ဂျာမန်တို့လက်အောက်မှာ ဖရိုဖရဲ။ ၁၉၄၀ ဇွန် ၁၄ ရက်မှာ ပါရီကို သိမ်းမိပြီ။ ပါရီကျတော့ မူဆိုလီနီကလည်း အင်္ဂလန်နှင့်ပြင်သစ်ကို စစ်ကြေညာသည်။ ပြင်သစ်အစိုးရအဖွဲ့ခေါင်းဆောင် မာရှယ်ပေတိန်း[၁]က ဂျာမန်တို့နှင့် စစ်ပြေငြိမ်းရေး ကမ်းလှမ်းသည်။

၁၉၄၀ မှာပဲ ဟစ်တလာက ဗြိတိန်စစ်ပွဲကို စတင်သည်။ ဂျာမန်လေယာဉ်တွေက အချက်အချာကျသည့် နေရာတွေကို တိုက်ခိုက်သည်။ စက်မှုမြို့ကြီးများကို အဓိကထားပြီး ဗုံးကြဲသည်။ ဂျာမန်တပ်တချို့က ဥရောပကမ်းရိုးတန်းတစ်လျှောက်လုံးကို ရေတပ်၊ လေတပ်နှင့် ကုန်သွယ်သင်္ဘောတွေကို တရစပ် တိုက်ခိုက်နေသည်။ ဆိပ်ကမ်းကုန်လှောင်ရုံ ၁၇၀၀ ဖျက်ဆီးခံရသည်။ အတ္တလန္တိတ်ပင်လယ်မှာလည်း ဂျာမန်ရေငုပ်သင်္ဘောတွေက ဗြိတိသျှရေတပ်သင်္ဘော၊ ကုန်သွယ်သင်္ဘောတွေကို ဒုက္ခကောင်းကောင်းပေးနေသည်။

"အမေရိကန်က အင်္ဂလန်ကို စွမ်းရည်ပြည့်တိုက်သင်္ဘော ၅၀ အကူအညီပေးတယ်။ သည်တော့ အင်္ဂလန်ကလည်း အမေရိကန်ကို နယူးဖောင်လင်၊ ဘာမျူဒါ၊ ဘဟားမား၊ ကယ်ရစ်ဘီယန်ကျွန်းနဲ့ ဂီယားနားတို့မှာ ရေတပ်နဲ့ လေတပ်စခန်းဖွင့်ဖို့ ခွင့်ပြုလိုက်ရတယ်"

---

၁။ Marshal Petain



အာရှစစ်မြေပြင်မှာတော့ ဂျပန်တွေက အောင်ပွဲရနေသည်။ ကောင်းလွန်းနှင့် ဟောင်ကောင်ကျွန်းတွေနားကို ရောက်နေပြီ။ ဗြိတိသျှကျွန်းကြီးကို ကာကွယ်နေရသည့် အင်္ဂလိပ်တို့က အာရှဘက်က ဂျပန်ဆီကို မလှည့်နိုင်သေးသည့်အချိန် ဖြစ်သည်။ ဂျပန်တို့က တရုတ်-မြန်မာ လမ်းမကြီးက တစ်ဆင့် ချန်ကေရှိတ်တပ်များကို ထောက်ပံ့နေသည့် ဗြိတိသျှရိက္ခာပို့ အစီအစဉ်ကို ရပ်ဆိုင်းဖို့ တောင်းဆိုနေသည်။ ဂျပန်က အင်ဒိုချိုင်းနားဒေသတွင် စစ်ရေးပြနိုင်ဖို့ ပြင်သစ်ကို ခွင့်တောင်းသည်။ ပြင်သစ်ပိုင် အင်ဒိုချိုင်းနားဒေသတွင် ဂျပန်က ရေတပ်နှင့် လေတပ် တပ်စွဲခွင့်တောင်းခြင်း ဖြစ်သည်။ အမေရိကန်နှင့် ဗြိတိသျှတို့က ကန့်ကွက်နေကြသည့်ကြားက ပြင်သစ်က ခွင့်ပြုလိုက်သည်။ ရုရှားကလည်း ဂျာမန်နှင့် စစ်ရေးစာချုပ် ချုပ်ထားသော်လည်း ဂျာမန်ကို စိတ်မချ။ ၁၉၄၀ မှာ ရုရှားက ဘောလတစ်သမ္မတနိုင်ငံတွေကို ကြိုတင်သိမ်းပိုက်ထားလိုက်သည်။ ထင်သည့်အတိုင်း ဂျာမန်က ရုရှားကို စတင်တိုက်ခိုက်သည်။ နာဇီဝါဒ၊ ဖက်ဆစ်ဝါဒ မီးခိုးငွေ့တွေက ကမ္ဘာ့မိုးကောင်းကင်မှာ ဝေ့ဝေ့အူနေသည်။ ဥရောပနိုင်ငံတွေ ဆက်ကာဆက်ကာ ကျဆုံးနေသည်။ ၁၉၄၀ မှာတော့ အမေရိကန်အောက်လွှတ်တော်က အမေရိကန်ဒေါ်လာ ကုဋေ ၁၇၀၀ တန် ရေတပ်ဖွဲ့စည်းပုံသစ်ကို ဆွဲသည်။ ပြီးတော့ အမေရိကန် - အင်္ဂလန် အတ္တလန္တိတ်ကြေညာချက်ကို ထုတ်ပြန်လိုက်သည်။

အင်ဒိုချိုင်းနားဒေသသို့ ဖြတ်သန်းခွင့်ရခဲ့သော ဂျပန်တို့က မလေး၊ မြန်မာ၊ စင်ကာပူနိုင်ငံတွေကို ချီတက်တိုက်ခိုက်သည်။ ဂျပန်တို့က တရုတ်-မြန်မာလမ်းမကြီးကို စီးမိုးသွားသည်။ ရုရှားစစ်မျက်နှာမှာလည်း ဂျာမန်တို့က ဒုတိယထိုးစစ်ကြီး စနေပြီ။ အာဖရိကစစ်မျက်နှာမှာတော့ ကမ္ဘာကျော် စစ်ဗိုလ်ချုပ်ရွန်းမဲလ်၏ တပ်များက ဆုတ်ပြီးရင်း ဆုတ်ပေးနေရသည်။

၁၉၄၁ မှာ မဟာမိတ်တွေ စုစည်းပြီး စစ်ရေးစီမံချက်ဆွဲသည်။ ဂျာမန်တွေကို အရင်တိုက်မည်။ ပြီးမှ ဂျပန်ကို စစ်ဦးလှည့်ဖို့ ဖြစ်သည်။ ရုရှားကလည်း စစ်အင်အား ထပ်ဖြည့်ကာ မဟာမိတ်တို့နှင့် ပူပေါင်းသည်။ အာဖရိကစစ်မျက်နှာမှာ အင်္ဂလိပ်စစ်ဗိုလ်ချုပ် မောင်ဂိုမာရီက နာဇီတွေကို အပြင်းအထန် တိုက်ခိုက်နေသည်။ မဟာမိတ်တွေက အာဖရိကကို ဆုတ်ခွာ

ကာ မြေထဲပင်လယ်စစ်မျက်နှာကို ရွှေ့လာသည်။ ရုရှားကလည်း ဂျာမန် တပ်တွေကို တန်ပြန်ထိုးစစ်ဆင်သည်။ ၁၉၄၃ မှာတော့ ဂျာမန်တွေ ဆုတ်ခွာနေရပြီ။ မဟာမိတ်တွေက အရေးသာနေပြီ။ ၁၉၄၃ ခုနှစ် ဖက်ဆစ်ကောင်စီ အစည်းအဝေးက မူဆိုလီနီကို နုတ်ထွက်ပေးဖို့ တောင်းဆိုနေသည်။ နောက်ဆုံးမှာတော့ အီတလီ ကျသည်။ နာဇီတွေလက်က ဥရောပကိုလည်း ပြန်ရခဲ့သည်။ အီတလီရောက် မဟာမိတ်တပ်တွေက ရောမမြို့ကို သိမ်းလိုက်ကာ ၁၉၄၄ ဇွန်လ ၆ ရက်နေ့မှာ နော်မန်ဒီကမ်းခြေမှာ စုရုံးလိုက်ကြသည်။

'နော်မန်ဒီကို သမိုင်းမှာ ဖတ်ရဖူးတယ်။ နော်မန်ဒီကမ်းတက်တိုက်ပွဲတွေကိုဖွဲ့တဲ့ စစ်ဇာတ်လမ်းတွေဟာလည်း မဆုံးနိုင်ဘူး။ ကမ္ဘာ့သမိုင်းမှာ နော်မန်ဒီဟာ အရေးပါတဲ့ စစ်မျက်နှာတစ်မျက်နှာ ဖြစ်ခဲ့တယ်'

အခုတော့ နော်မန်ဒီဒေသက ကမ္ဘာလှည့်ခရီးသည်တွေရဲ့ သည်းခြေကြိုက်ဒေသ ဖြစ်နေသည်။ ပင်လယ်နှင့် သစ်တောတို့၏ လှပသော သဘာဝတွေကို စွဲလမ်းကြလို့ ဖြစ်သည်။ လွတ်လပ်ကျယ်ပြန့်သော ကွင်းပြင်တွေက ညှို့ယူသည်။ ဂေးလာ့ဒ်ရဲတိုက်[1]၊ မွန့်စိန့်မစ်ရှေး[2]ဘုရားရှိခိုးကျောင်း၊ မိုးရေနဲ့ နေရောင် တစ်လှည့်စီရှိတတ်သော ဒိုဗီးလ်[3]မြို့ကလေး၊ ပြီးတော့ ခိုအိမ်ကလေးတွေ ရှိတတ်သည့် နော်မန်ဒီအဆောက်အအုံများ။ ပြန်လည်ထွန်းသစ်စခေတ်၏ သမိုင်းအကြွင်းအကျန်များ၊ ဂန္ထဝင်ဝါဒ အရိပ်နိမိတ်များကိုလည်း သည်ဒေသမှာ တွေ့နိုင်သည်။ ဗိုဒင်၊ ဟောန်းဖလားမြို့တွေကလည်း ပန်းချီဆရာတို့ရဲ့လိပ်ပြာကို နှိုးဆွနိုင်သည့်အလှတွေ ရှိသည်။

သလင်းကျောက်ဖြူ ကမ်းရိုးတန်း၊ ပန်းပွင့်ကမ်းရိုးတန်း၊ ပုလဲကမ်းရိုးတန်းတွေနှင့် လှချင်တိုင်းလှနေသည့်ဒေသဟု တင်စားကြသည်။ အစားကောင်း ကြိုက်သူတွေရဲ့ နော်မန်ဒီဟုလည်း ဆိုသည်။ ဒိန်ခဲ၊ သစ်တော်သီးရည်၊ ကာလ်ဗားဒိုးစ်[4] ပန်းသီးရိုင်းရည်တွေက နာမည်ကြီးလှသည်။ ဒါတွေက သူ ဖတ်ဖူးကြားဖူးတာတွေ ဖြစ်သည်။ ဖျတ်ခနဲ ရောက်လာသည့် သည်ခရီးမှာတော့ ပန်းသီးရိုင်းအရက်တစ်ခွက် မသောက်ဖြစ်သေး။

၁။ Chateau-Gaillard
၂။ Mont Saint Michel
၃။ Deauville
၄။ Calvados



အပြန်မှာတော့ Pont de Normandie တံတားကြီးကို ဖြတ်သည်။ တံတားကနှစ်စင်း ဖြစ်သည်။ မိုးတွေ ရွာပြီးစဆိုတော့ တံတားကြီးက မိုးငွေ့တွေထဲမှာ ပီပီကြည်ကြည် မဟုတ်။ နော်မန်ဒီမြို့ဟောင်းကလေးကို ဖြတ်သည်။ အင်္ဂတေနံရံထဲမှာ သစ်သားတန်း ညှပ်ထားသည့် အိမ်တွေက ထူးခြားသည်။ ဟောန်းဖလားမြို့ကလေးက အိမ်တွေမှာတော့ တိုက်ကပ်ပန်းတွေ၊ မြေစိုက်ပန်းတွေ အိုးသေးသေးကလေးထဲမှာ စိုက်ကာ ကြိုးဖြင့်ဆွဲထားသည့် ပန်းဆိုင်းအိုးတွေကို တွေ့နိုင်သည်။ ဟောန်းဖလားမှာပဲ ထမင်းစား ဖြစ်သည်။ သစ်တော်သီးအရက် တစ်ပုလင်းကို နှစ်ယောက်တည်းသောက်လိုက်တော့ မူးရီရီ။ ပုလင်းပေါ်မှာတော့ Cidre Fermier လို့ ရေးထားသည်။ ထမင်းစားပြီးတော့ ဘရစ်ဂျစ်က အရက်ရောင်းဆိုင်ကလေးတွေကို လိုက်ပြသည်။ အိမ်ဆိုင်ကလေးက မြေကျင်းထဲမှာဖြစ်သည်။ လှေကားထစ် လေးထစ်လောက် ဆင်းလိုက်တော့ နံရံလေးဖက် ပတ်ပတ်လည် အရက်ပုလင်းတွေက ပင်နီစလင်ပုလင်းလောက်ကနေ ဓာတ်ဘူးအကြီးစားကြီးလောက်ရှိသည့် အရက်ပုလင်းတွေ အရွယ်အစားစား။ တချို့ပုလင်းကလေးတွေဆိုရင် တော်တော့်ကို သေးငယ်သည်။ သို့သော် တံဆိပ်ထိုးထားသည့် ပုလင်းတွေ ဖြစ်သည်။ ပုလင်းအလွတ်ထဲ အရက်ထည့်ထားတာမျိုး မဟုတ်။ သူ့တံဆိပ်နှင့် သူ့အမျိုးအစား စနစ်တကျ ထုတ်လုပ်ထားခြင်း ဖြစ်သည်။ ပုလင်းတွေအားလုံးမှာ တံဆိပ်ဒီဇိုင်းတွေပါသည်။ အရက်စည်ပိုင်းတွေ၊ အရက်ပုလင်းအခွံတွေ၊ ဖော့ဘူးဆို့တွေ၊ အရက်ချင်ခွက်တွေက ဘုံဆိုင်သင်္ကေတတွေအဖြစ် ပြည့်ကျပ်နေသည်။ တချို့ ဖွင့်ထားသည့်ပုလင်းတွေကို နည်းနည်းပါးပါး မြည်းနိုင်သည်။

'ကာလ်ဗားဒိုးစ် အရက်တစ်ပုလင်းလောက် ဝင်းကို ဝယ်ပေးလိုက်ဦးမယ်။ ကမ္ဘာကျော်အရက်ဝင်းရဲ့… မင်းကို မြန်မာပြည်က သူငယ်ချင်းတွေက ပြင်သစ် ရောက်တာတော့ ဟုတ်ပါပြီ၊ လာတင်ရပ်ကွက်ကို ရောက်ခဲ့သလားရယ်၊ မွန့်မာ့ထ်ကို ရောက်ခဲ့သလားရယ်၊ ပါရီကာဇရေးကပွဲတွေကို ရောက်ခဲ့သလားရယ်၊ ကဖေးဆိုင်ကလေးတွေမှာ ထိုင်ခဲ့သလားရယ်၊ နောက်ပြီးတော့ ကာလ်ဗားဒိုးစ် အရက် သောက်ခဲ့သလားရယ်… မေးကြလိမ့်မယ်၊ မယုံရင်ကြည့်နေ'

ကာလ်ဗားဒိုးစ်အရက်ကလည်း သောက်ချင်စရာပါ။ ပယင်းလုံ့ရည်က ကြည်စင်နေသည်။ ပြီးတော့ အဝါဖျော့ဖျော့အရောင်။ ဟောန်းဖလားမြို့ကလေးက အေးချမ်းသည်။ ပင်လယ်ရေလား၊ မြစ်ရေဝင်နေတာလား မသိရသည့်ရေတွေက မြို့၏စည်ကားရာအရပ်မှာ ရေအိုင်ကြီးတစ်အိုင်လို ဖြစ်နေသည်။ မြို့က အိုင်ကြီးကို ဝန်းရံထားတာနှင့် တူသည်။ ဘုရားရှိခိုးကျောင်း၊ အိမ်ညစ်မွဲမွဲတွေနှင့် စားသောက်ဆိုင်ကလေးတွေက ဟောန်းဖလား၏ နော်မန်ဒီ ခံစားမှုကို ပေးနေသည်။ ပန်းချီဂယ်လာရီ တော်တော်များများလည်း ရှိပါသည်။ တချို့ပြပွဲတွေက ရက်ရှည်ပြပွဲတွေ။ တချို့ ဂယ်လာရီတွေက နေအိမ်အပေါ်ထပ်ကို မွမ်းမံကာ ပန်းချီစီးပွားရေးခန်းမ လုပ်ထားပုံရသည်။ ပန်းချီကြော်ငြာဆိုင်းဘုတ်တွေကတော့ ရှေးရိုးလက်ရေးရိုးရိုးကြီးတွေ ဖြစ်ကာ တမင်တကာ ဟောင်းနွမ်းနေအောင် လုပ်ထားသလိုမျိုး ဖြစ်သည်။

"သည်နော်မန်ဒီဒေသကို အေဂျင်စီတွေက ဆွဲဆောင်တဲ့အထဲမှာ ပန်းချီဆရာကြီးမိုနေးနဲ့ ဗင်းဆင့်ဗန်ဂိုးရဲ့ ဆုံးခါနီး နေသွားတဲ့ အိမ်တွေကို ပြတာလည်းပါတယ်။ မိုနေးက ဂျီဗားနီးမှာ၊ ဗန်ဂိုးက အော်ဗားမှာ…"

မိုးနေး၏နေအိမ်ကို ခရီးသွားတော်တော်များများ သွားလေ့ရှိသည်။ မိုနေး၏စတူဒီယိုဟောင်း၊ ပန်းခြံ၊ နှင်းပန်းခင်းများ၊ ဂျပန်ပုံစံဥယျာဉ်တွင်းတံတားတွေကို ကြည့်ဖို့ ဖြစ်သည်။ သည်အစီအစဉ်ကို 'Monet at Home' လို့ ခေါ်ကြသည်။ ဗန်ဂိုးကတော့ အော်ဗားမှာပဲ နေထိုင်ခဲ့သည်။ အော်ဗားရွာသင်္ချိုင်းကလေးမှာပဲ မြှုပ်နှံခဲ့ကြသည်။ သည်အစီအစဉ်နှစ်ခုပေါင်းကိုတော့ A day with Van Gogh and Monet လို့ ခေါ်သည်။

'နော်မန်ဒီဒေသက မြစ်ဝှမ်းတွေ၊ မြစ်မြှာတွေ၊ ပင်လယ်နဲ့ ရှုခင်းတွေကြောင့် အံ့သြဖွယ်ရာ အနောက်ကမ္ဘာလို့ ခေါ်ကြတယ်။ အလယ်ခေတ်ဘုရားကျောင်းတွေလည်း ရှိတယ်'

သူနှင့် ဘရစ်ဂျစ်က အယ်လ်ဘားထရော့စ်ကဖေးမှာ ခဏထိုင်ခဲ့သေးသည်။ ကဖေးနဲ့ကပ်လျက်က သူတော်စင်မယ်တော်ကက်သရင်းပန်းချီဂယ်လာရီကြီး[၁] ဖြစ်သည်။ ပန်းချီဆရာဗစ်တာစပန်း[၂]နှင့် ဗာတိုးမာရီယာ[၃] တို့၏ နှစ်ယောက်တွဲ ပန်းချီပြပွဲ ကျင်းပနေသည်။ အပြင်က ဆိုင်းဘုတ်ကို

၁။ Galaries Sainte Catherine ၂။ Victor Spahn

၃။ Bertaux Marais



သူ ဖတ်လိုက်ခြင်း ဖြစ်သည်။ သူ ဝင်မကြည့်ခဲ့ပါ။ ကြည့်သူလည်းမတွေ့။ ပကတိခြောက်သွေ့သွေ့ ပျင်းတွဲတွဲ ပန်းချီပြခန်း ဖြစ်သည်။ သည်အရင်က ပင်လယ်ဒေသဆိုတော့ ပန်းချီတွေကလည်း နော်မန်ဒီရှုခင်းတွေပဲ များသည်။ စင်ရော်ရုပ်၊ လှေနှင့်ပင်လယ်၊ ကိုတံငါတို့၏ ရေဘဝ၊ ပင်လယ်ဓားပြ သင်္ကေတ အရိုးခေါင်းပုံအလံ၊ အင်္ဂျီကျားကျားများနှင့် ပင်လယ်ရှုခင်းတွေသာ ဖြစ်သည်။ ပို့စကတ်တွေကလည်း ဒါပါပဲ။ သူနှင့် ဘရစ်ဂျစ်က သစ်သားရှေးဟောင်းကျောင်းကြီးထဲကို ရောက်လိုက်သေးသည်။ အိုဟောင်းနေသည့် ဘုရားကျောင်းကြီးထဲမှာ ဓမ္မတေးသံကွိုင်ရာတို့ဖြင့် လှိုင်းထနေသည် မဟုတ်ပါ။ တိတ်ဆိတ် ငြိမ်သက်နေသည်။ ဟောန်းဖလားက ထွက်လာတော့ မွန်းတိမ်းခဲ့ပြီ။ နော်မန်ဒီရဲ့ အရောင်အရိပ်တွေ ကျန်ရစ်ခဲ့ပြီ။ ကဖေးဆိုင်တွေ၊ ပန်းချီအရောင်းဆိုင်တွေ၊ အမှတ်တရပင်လယ်ထွက်ပစ္စည်းဆိုင်ကလေးတွေက သည်မြို့ကလေး၏ ဘောဂဗေဒ ဖြစ်လိမ့်မည်။ မြို့ကလေးက ထွက်လိုက်တော့ ပင်လယ်ပြာပြာ ခဲရောင်ညိုညိုကြီးကို လှမ်းတွေ့ရလေသည်။ ဟိုဝေးဝေးမှာ လာအော့ဖ်ဆိပ်ကမ်းမြို့။ သူတို့ လာခဲ့ရာအရပ်။ တောလမ်းအတိုင်း သွားနေရင်းက ပင်လယ်ကို ပြာခနဲ ပြာခနဲ တွေ့ရတတ်သည်။ ရှေ့မှာ ထရိုဗီးလ်[၁]နှင့် ဒိုဗီးလ်[၂]မြို့ကြီး နှစ်မြို့ ရှိသည် ဆို၏။ ထရိုဗီးလ်ကို မဝင်တော့ပါ။ ဒိုဗီးလ်မှာတော့ ကားလေးကိုရပ်ကာ ပင်လယ်ကမ်းခြေသောင်ပြင်ဘက်ကို လျှောက်ခဲ့ကြသည်။

သည်မြို့ကတော့ သူဌေးသူကြွယ်တွေရဲ့မြို့ဟု ဆိုသည်။ ရှေးဟောင်းရဲတိုက်ကြီးတွေနှင့်တူသည့် အထပ်မြင့်ဂေဟာကြီးတွေ တော်တော်များများသော့ပိတ်ထားတာပဲ တွေ့သည်။ ပင်လယ်ကမ်းခြေဘက်က အိမ်တွေကိုကြည့်ရတာ မြို့က လူတောင် နေကြရဲ့လား ထင်ရသည်။ သူဌေးသူကြွယ်တွေက အိမ်ကြီးတွေကို ဝယ်ထားကာ အပန်းဖြေခရီးထွက်တော့မှ လာနေကြသည် ဆို၏။ ပင်လယ်ကရှေ့မှာ။ အိမ်ကြီးတွေနဲ့ ပင်လယ်ကြားမှာ ကျယ်လျားသော သောင်ပြင်ကျယ်တစ်မျှော်တစ်ခေါ်ကြီး ရှိသည်။ မက်ဒေါနယ်လ်ဆိုင်ကလေး၊ သစ်သီးဆိုင်ကလေးတွေ၊ ပန်းဆိုင်ကလေးတွေက ပင်လယ်စပ်မှာ စီစီရီရီ။ တစ်နေရာတော့ ဟိုတယ်နော်မန်ဒီကို တွေ့သည်။ ဟိုတယ်ရှိုင်းရယ်ဒိုဗီးလ်ကို တွေ့သည်။

၁။ Trouville ၂။ Deauville

'သည်မှာက သူဌေးတွေရဲ့ မြို့ဆိုတော့ မြင်းပြိုင်ကွင်း ရှိတယ်။ မြင်းရောင်းတဲ့ မြင်းဈေးကြီး ရှိတယ်။ ကာဆီနိုကလပ်တွေ ရှိတယ်။ ကာစီနို ဒီဒိုဗီးလ်ဆိုတာ နာမည်ကြီးပေါ့''

ဟိုတယ်ကြီးတွေက ခေတ်ပုံစံတွေတော့ မဟုတ်။ ခမ်းနားလှသော ရှေးဟောင်းပါရီဒီဇိုင်းတွေသာ ဖြစ်သည်။ တောလမ်းက သာယာလှသည်။ ဥယျာဉ်ခြံကြီးတွေ ရှိသည်။ ဆားငွေ့ပါသော ပင်လယ်လေက ဒိုဗီးလ်သောင်ပြန့်ကို ကျော်ကာ တရှုရှူ။ ကမ်းခြေမှာတော့ အပန်းဖြေနေသူတွေ။ အဝေးမြို့တွေက လာကြသူတွေလို့ ဆိုသည်။ ရောင်စုံအလံတွေ စီတန်းစိုက်ထူထားသော ကမ်းခြေလမ်းက ပါရီကိုပြန်တော့ ညနေသုံးနာရီ ထိုးတော့မည်။

'ကိုယ်တော့ မနက်က ရောက်ခဲ့တဲ့ ဆီဒဲလ်ကိုရော နော်မန်ဒီကိုပါ သတိရနေမှာပါ၊ ဆီဒဲလ်ဆိုရင် တော်တော့်ကို တိုးတက်နေတာ တွေ့ရတယ်။ ပလတ်စတစ်နည်းပညာရဲ့ ခေတ်သစ်လွန်ကျော်လွှားမှုပါပဲ။ နောက်မှာဆိုရင် လူတွေရဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းတွေကို ပလတ်စတစ်နဲ့ လုပ်နိုင်ကြတော့မယ် ထင်တယ်'

နော်မန်ဒီဒေသ ရာသီဥတုကတော့ မြေထဲပင်လယ်နှင့် ပြောင်းပြန်များလေလား။ သည်မှာကျတော့ နေရောင်နှင့် ပင်လယ် မဟုတ်။ မြူနှင့်မြစ်ဝှမ်း၊ နှင်းနှင့်ပင်လယ်၊ တောခိုး တောင်ခိုးနှင့် ရေခိုးရေငွေ့တွေ။ မလင်း…မှိုင်း၊ အုံ့ရီ… ရှစ်တိုင်းက ညို့မှောင်ချီနေသည်။ ဆောင်းပြန်လေငွေ့နှင်း၊ ကျန်မိုးကြွင်းတွေကိုလည်း သူ နားမလည်နိုင်။ မြိုင်ခြေခိုင်ရွှေ၊ ဆော်လေပျံ့ပျံ့ ညင်းညင်းမှာ ထုံဂန္ဓာမာလာသင်းနေတာတော့ အမှန်ပါ။ တောခြေမြိုင်စပ်က သင်းပျံ့နေတာတော့ မဟုတ်နိုင်။ ကာတီယေးရေမွှေးနံ့သင်းသင်းပဲ ဖြစ်လိမ့်မည်။

မိုးနှင့်နှင်းကြွင်း၊ မြူနှင့်ဆောင်းနံ့တွေ သင်းနေသော်လည်း သူတို့မှာ နွေဦးလို့ ဆိုသည်။ ကြည့်လေတိုင်း ယိမ်းပင်သာယိမ်းနွဲ့နွဲ့၊ စိမ်းလဲ့လဲ့ အပြာတွေသာ မြင်နေရသည်ကော။ မြန်မာရာသီဥတုနှင့် ဆိုလျှင်တော့ ညှာကျင်ရွက်လျှော၊ ဆောင်းရက်ကျန် မြူနှင်းရောသည့်အချိန် ဖြစ်လိမ့်မည်။ မြမြမြန်းမြန်း၊ ငန်းငန်းပြေပြေ… မြိုင်လုံး လွှမ်းဖွယ်ထွေရော့မည်။ ရှုတိုင်းငယ်စို… ညိုစိမ်းမြမြ… ရော်ရွက်ကယ်ကြွေ နွေသွင်းစစ… ရာသီ။



'ဘရစ်ဂျစ်ရေ… မင်းတို့နွေဦးနဲ့ ကိုယ်တို့နွေဦး တော်တော်ကွာတယ်နော်။ တစ်မျိုးစီလှတာပါပဲလေ'

နွေကူးသာစွလှိုင်ညီ… လင်းတဲ့ရာသီ၊ နှင်းလဲ့ပြာစီ… ရွှေကိန္နရီနဲ့ မှိုတည့်ပျောင်းမြန်း၊ ပတ်ကုံးငယ်ဆင်ကာ၊ မှုန်ပြာပြာရောင်လို့သန်း…၊ စံခန်းလေ… လျှံလန်းလေ… ဘယ်မှန်းလေ၊ တိမ်ဆိုင်းလေ… တဲ့။ သူဆိုခဲ့ဖူးသည့် မဟာဂီတတွေထဲကလား။ ဘရစ်ဂျစ်ကတော့ ဘာစကားမှ မဆိုပါ။ သူကလည်း အဝေးမြင်ကွင်းတွေကို ငေးရုံ။ ရွှေရောင်ဆံမျှင်စတွေဆီက ကာတီယေးရေမွှေးနံ့ကသာ မွှေးပျံ့နေသည်။ ဆံကေသာ ပန်းပွင့်ပန်းပေါင်း၊ လှောင်းပျံသင်းရှိန်၊ ယဉ်ပင်ကိုညို့နွဲ့မှာ… ယဉ်မိုးနှင့် ကြောစိမ်းစိမ်း။

'သည်ကနေ့ည ဟိုတယ် ရောက်ရင်တော့ ပစ္စည်းတွေ သိမ်းရတော့မယ်။ ကိုယ့်အခန်းကလည်း ရှုပ်ပွနေတာကွ။ ပြီးတော့ စာအုပ်တွေကလည်း တော်တော်များတယ်။ သေတ္တာတော့ ပွင့်ထွက်လိမ့်မယ် ထင်တယ်'

'ကိုယ်ပါ လိုက်သိမ်းပေးရမလား ဝင်း… ကိုယ်တို့ မှောင်စမှာ ရောက်မယ်။ တစ်နေရာကို သွားကြရအောင်။ ကနေ့ညက မင်းအတွက် ပါရီရဲ့ နောက်ဆုံးညလေ။ မင်း ပါရီကို လွမ်းသလိုလိုတောင် မဖြစ်ဖူးလား ဝင်းရယ်…'

'နေပါစေတော့ ဘရစ်ဂျစ်ရယ်၊ ကိုယ် ညစ်တီးညစ်ပတ် နေတတ်တာ မင်းတွေ့သွားမှာ ရှက်ပါတယ်။ မကြာပါဘူး ထင်ပါတယ်။ ပြီးတော့ ဘရစ်ဂျစ် ပင်ပန်းနေပါပြီ စောစောပြန်ပါ'

ဘရစ်ဂျစ်က ဘာမှ ပြန်မပြောပါ။ ပါရီကို ဝင်တော့မည်။ ပါရီကို လွမ်းသလိုလိုတောင် မဖြစ်ဖူးလားလို့ မေးသူကမေးတော့ သူ့ခံစားမှုကို သူ ပြန်စစ်ဆေးရသည်။ အင်း… လွမ်းသလိုလိုတော့ ရှိသည်။ အဝေးက သူ့နိုင်ငံကိုလည်း လွမ်းသည်။ အနီးက ပါရီကိုလည်း လွမ်းသည်။ ဒါမှမဟုတ် လွမ်းသလိုလိုများလား။ မဟာဂီတသဖြန်တစ်ပုဒ်လို သီကရီ၊ သီဂီငယ်ဘွဲ့ဖွားနှင့် ပျော်များပျော်တော်ချိန်မှ ပြာရောင်မှိန်ဖြိုး။ ဖြေလည်းဖြေနိုင်နှင့်၊ သည်ဂနိုင်တောင်ဖွေရိပ်မှာ ပူစိတ်နှင့်ညှိုး… ဆိုတာများလား။ တကယ်လား ပျော်များပျော်တော်ချိန်ရောက်ခါမှ ခွဲကြရဦးမည်လေ။ ဒါပေမဲ့ သည်

ဂနိုင်တောင်ဖွေမှာတော့ မဟုတ်။ အာရုံငါးပါးရဲ့ ကျွန်းသောင်ပေါ်မှာ။ မာယာများသည့် ကောင်းကင်တွေနဲ့ မြို့ကြီးမှာ။ ဂန္ဓဝင်နှင့် အာလ်ထရာမိုဒန် ရောမွှေထားသည့် ဆီးနှင်းကျနွေဦးမှာ။ အေးမြ၍ ခြောက်သွေ့သောလေနှင့် မြို့ကြီးမှာ…။ ပါရီမှာပါ။

'ဘရစ်ဂျစ်ရေ… သွားလေ၊ ဘယ်သွားမလဲ ထိုင်ကြရအောင်လေ'

စောစောက သူ့စကားကို ရပ်သိမ်းလိုက်ရသည်။ သူ ရိုင်းရာကျနေပြီ။ အိမ်ရှင်က တစ်နေရာကို သွားကြရအောင်ဆိုတာကို သူ ငြင်းပယ်နေတာ ယဉ်ကျေးမှု မဟုတ်နိုင်ပါ။

ပြီးတော့ သူမကို ကျေးဇူးတင်စကား ကောင်းကောင်းမပြောရသေးပါ။ သူမ မြန်မာနိုင်ငံကိုလာမည့် အစီအစဉ်ကိုလည်း မေးရဦးမည်။ မနက်ဖြန် မနက်မှာ လေဆိပ် ဆင်းရမည်။ စကားပြောဖို့ အချိန်ရနိုင်မှာ မဟုတ်။ ဘရစ်ဂျစ်က မြစ်ကူးတံတားတစ်ခုပေါ်ကို မောင်းလာခဲ့သည်။ သည်နေရာက လှမ်းကြည့်လျှင် ဆိန်းမြစ်ကူးတံတားတွေကို တွေ့နေရသည်။ မြစ်နှင့်တံတားများ။ ခဏနေတော့ မျူဇေးဒေါ်ဆေး သို့မဟုတ် အော်ဆေးမျူဇီယမ်ရှေ့က ကွက်လပ်ကျယ်ကြီးရှေ့မှာ ကားရပ်သည်။

အနားမှာ မြစ်နှင့် တံတားများ။ အနီးမှာ မြစ်နှင့်လေ။ ခိုအုပ်တွေကတော့ အိပ်တန်းမတက်ကြသေး။ နည်းတော့ နည်းသွားပြီ။

'တို့ပါရီမှာ Paris in a bottle ဆိုတာ ရှိတယ်။ သည်လိုအချိန်ဆိုရင် ပါရီရဲ့ ကောင်းပေ့ဆိုတဲ့ ယမကာဆိုင်တွေကို သွားလေ့ရှိကြတယ်။ ပြီးတော့ မူးမူးနဲ့ နှုတ်ဆက်ကြတာပေါ့လေ၊ တို့က မူးစရာမလိုဘူး။ ပြီးတော့ နှုတ်ဆက်စရာလည်း မလိုဘူး'

'နှုတ်ဆက်စရာ လိုပါတယ်။ ကိုယ့်အဖို့တော့ လိုတယ်။ ပါရီကို နောက်တစ်ခါဆိုတာ ကိုယ့်အဖို့ မဖြစ်နိုင်တော့ဘူး၊ အခုတောင် မင်းကျေးဇူးနဲ့ ရောက်ရတာပါ။ သည်အတွက် မင်းကို သိပ်ကျေးဇူးတင်တယ်ဆိုတာ ပြောပါရစေ။ ပြီးတော့ မြန်မာပြည်ကိုလာဖို့ ဖိတ်ပါရစေ'

'ကိုယ်လာမှာပါ၊ နောက်နှစ်လောက် လာဖြစ်လိမ့်မယ်။ အင်မတန်လှပတဲ့ မင်းတို့တိုင်းပြည်ကို ကိုယ် ထပ်လာပါဦးမယ်။ မင်း ပါရီကိုလာတာ အကျိုး ရှိပါတယ်။ မင်း မြင်တာ၊ ကြားတာ၊ သိတာ၊ ထိတာ၊ တွေ့တာတွေ ရေးစေချင်တယ်။ ပြီးရင် ကိုယ့်ဆီ ပို့ပေးပါနော်'



သည်လောက်ပါပဲ။ နှုတ်ဆက်ခြင်း အခမ်းအနားက သည်လောက်ပါပဲ။ ဆိန်းမြစ်ကတော့ သူတို့နှစ်ယောက်ရဲ့ နှုတ်ဆက်ခြင်းကို ခြောက်ကပ်ကပ်နိုင်လှချည်လား ထင်နေလိမ့်မည်။ ဆိန်းမြစ်ကမ်းတစ်လျှောက် လမ်းလျှောက်သည်။ သိပ်ကြာကြာတော့ မဟုတ်။ သိပ်ဝေးဝေးတော့ မဟုတ်။ သူကတော့ ဘရစ်ဂျစ် ပြောသလို Paris in a bottle ဆိုတာကိုပဲ သတိရနေသည်။ ပါရီနွေဦးညထဲမှာ တစ်ညလုံး မူးယစ်နေချင်သည်။ မြင်းရိုင်းတစ်ကောင်လို ပြေးလွှားနေချင်သည်။ သူနှင့် ဘရစ်ဂျစ်ကတော့ ပြောစရာစကားတွေ ကုန်ခန်းသွားသလို ဘာမှ ထပ်မပြောဖြစ်တော့ပါ။ သူ့ကို ဟိုတယ်ရှေ့မှာ ချထားခဲ့သည်။ ပြီးတော့ ကားကို ဝေါခနဲ မောင်းထွက်သွားလေသည်။

'ဗွန်းရှူးမဒမ်…'

❖

နံနက်စောစောကြီး နိုးနေသည်။ ညကတည်းက ပစ္စည်းတွေကို သိမ်းဆည်းခဲ့ပြီးပြီ။ ပစ္စည်းတွေ ထွေထွေထူးထူး ဝယ်ထားတာ မရှိသော်လည်း လက်ဆောင်ရသည့် စာအုပ်တွေက များလွန်းနေသည်။ သူတို့ဆီမှာက ဌာနတစ်ခုခု သို့မဟုတ် ပြတိုက်တစ်ခုခု ဒါမှမဟုတ် အများနှင့်ဆိုင်သော နေရာတွေကိုသွားလျှင် စာအုပ်စာတမ်း မှတ်တမ်းမှတ်ရာ ပေးလေ့ရှိသည်။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားလျှင် အကြောင်းမဟုတ်သော်လည်း တစ်ခါတစ်ရံ ပြင်သစ်ဘာသာ ဖြစ်နေတတ်သည်။ တစ်ခါတစ်ခါမှာတော့ ဂျာမန်ဘာသာ၊ စပိန်ဘာသာ၊ အီတလီဘာသာတွေတောင် ရတတ်ပါသည်။ တချို့ကက်သလောက်တွေ၊ ဒီဇိုင်းပါသည့် လက်ကမ်းကြော်ငြာတွေကိုတော့ မိတ်ဆွေဒီဇိုင်းဆရာတွေပေးဖို့ ယူလာရသည်။ ပုံနှိပ်နည်းပညာတွေကို သည်စာစောင်တွေက လေ့လာနိုင်သည်။ သည်သေတ္တာကြီးအပြင် လက်ဆောင်ရထားသည့် ဝိုင်ပုလင်းတွေ၊ အရက်ပုလင်းတွေ ပါသေးသည်။ ပြင်သစ်ဖရန့်ငွေစက္ကူ တော်တော်များများ ကျန်တာကို လေဆိပ်ငွေလဲလှယ်ရေးရုံးမှာ လဲရမည်။ ဒါမှမဟုတ် ချားလ်စ်ဒီဂေါလ်လေဆိပ် အမှတ်တရ အခွန်လွတ်ဆိုင်တွေမှာ ဈေးဝယ်လိုက်ရုံ။ နံနက် ရှစ်နာရီထိုးတော့ ပေါ့ပေါ့ပါးပါး ဝတ်ကာ နံနက်စာ ဆင်းစားလိုက်သည်။ ကိုးနာရီမှာ ရေချိုးမည်။ ကိုးနာရီခွဲလျှင် ဘရစ်ဂျစ် ရောက်လာလိမ့်မည်။

'မစ္စတာခင်မောင်ဝင်း လားရှင် လေယာဉ်လက်မှတ်က အတည်ပြုချက် ရပါပြီ။ ညကတည်းက ကျွန်မတို့ သတင်းရပြီးသားပါ။ ရွိုင်ဇီလေဆိပ်ကို နှစ်နာရီ စောထွက်စေချင်ပါတယ်။ Check in က ၁၂ နာရီမှာပါ။ လေယာဉ်က ၁၂း၅၀ မှာ ထွက်ခွာမှာပါ။ ဂိတ် ၄၊ တာမီနယ် ၁၆ ကို



ဆက်သွယ်ပါရှင့်။ ကျွန်မတို့ဆီက ပစ္စည်းသယ်ဖို့ ဝန်ထမ်း စီစဉ်ထားပါတယ်။ အခန်းထဲမှာ အားလုံးထားခဲ့ရုံပါရှင့်'

ရွိုင်ဇီလေဆိပ်ဆိုတာကလည်း ချားလ်စ်ဒီဂေါလ်လေဆိပ်ကို ခေါ်တာပဲ ဖြစ်သည်။ စိတ်အေးသွားရပြီ။ သေတ္တာကြီး ဘယ်လိုချရပါ့မလဲ စဉ်းစားနေတုန်း ဧည့်ကြိုဌာနက ဖုန်းဆက်ခြင်း ဖြစ်သည်။ ခုတင်ပေါ်မှာပဲ လှဲနေရင်းက ဆယ့်နှစ်နာရီကြာ လေယာဉ်စီးရမှာကို တွေးလန့်နေသည်။ သည်ရက်ထဲ လေယာဉ်ပျက်သတင်းတွေက ဆက်နေသည်။ မျက်စိကို စုံမှိတ်ကာ ရတနာသုံးပါးကို အာရုံပြုလိုက်ရသေး။ မဒမ်ဘရစ်ဂျစ် ရောက်လာတော့ ၉း၄၀ ရှိပြီ။ သူလည်း အဝတ်အစားလဲပြီးပြီ။ ပစ်ချင်တိုင်း ပစ်ထားခဲ့သော အဝတ်အစားဟောင်းတွေ ကျန်မှာစိုးရသေးသည်။ ခုတင်အောက်၊ ဗီရို၊ ရေချိုးခန်းတွေမှာ နောက်ဆုံးအကြိမ် စစ်ဆေးလိုက်သည်။ ဘရစ်ဂျစ်က ဧည့်ခန်းဆိုဖာမှာ တစ်ယောက်တည်း ထိုင်နေသည်။ နို့သာရောင် ပိုးပျော့ဝတ်စုံနှင့် အငြိမ်လှကလေး ဖြစ်သည်။ ချွန်မြသော လက်သည်းကလေးတွေကလည်း နို့သာရောင်။ နှုတ်ခမ်းပါးပါးကလေးကလည်း နို့သာရောင်။ ရွှေရောင်ဆံပင်တွေကို ကုတ်သိမ်းထားသည့် ဆံညှပ်ကလည်း နို့သာရောင်။

'ဝင်းရေ… မင်္ဂလာနံနက်ခင်းပါ၊ ကိုယ်တော့ မင်းကို ပို့ပြီးရင် ဆီးရီးယားနိုင်ငံက တီဗီအဖွဲ့တစ်ဖွဲ့ကို ကြိုရဦးမယ်။ လေယာဉ်က ညနေမှ ဆိုက်မှာပါ။ ကိုယ်တော့ အမည်းတွေနဲ့ချည်း ဆုံနေရတယ်နော်'

'ကိုယ်က အမည်း မဟုတ်ပါဘူးကွ၊ အညိုပါ'

ချားလ်စ်ဒီဂေါလ်လေဆိပ်ကိုရောက်တော့ ဈေးဝယ် ဖြစ်သည်။ များများစားစား မဟုတ်ပါ။ တီရှပ်နှစ်ထည်နှင့် ချောကလက်တစ်တောင့်ဖြစ်သည်။ သေတ္တာချိန်ဖို့ တန်းစီတော့ ခရီးစဉ်ပြတီဗီမှာ ဘန်ကောက်-စတော့ဟုမ်းလို့ ရေးထားသည်။

'ဝင်းကတော့ ဆွီဒင် ရောက်ဦးတော့မှာပဲ။ ဆွီဒင်ကို ဝင်ဦးမှာကွ။ စတော့ဟုမ်း အာလန်ဒါလေဆိပ်ကို ဆင်းပြီး လူတင်လိမ့်မယ်။ ဆွီဒင်-ဘန်ကောက်ဆိုတော့ နာရီ နည်းနည်းပိုကြာလိမ့်မယ်'

ဘာပဲဖြစ်ဖြစ် သူ ဆွီဒင်ကို ရောက်ဖူးဦးမှာပါလား။ လေယာဉ်တက် လက်မှတ်လည်း ရပြီ။ မနက်ကတည်းက ဟုတ်တိပတ်တိ ဘာမှ မစားရ

သေး။ လေယာဉ်ပေါ်မှာတော့ အစားအသောက်တွေ စီကာစဉ်ကာ ကျွေးလိမ့်မည်။ လေယာဉ်က ထိုင်းလေယာဉ်ပဲ ဖြစ်သည်။ ခရီးစဉ်အမှတ် တီဂျီ ၉၃၃။ ချားလ်စ်ဒီဂေါလ်လေဆိပ်က ထွက်ခွာခန်းမတိုင်းမှာ လူတွေ ပြည့်ကျပ်နေသည်။ လက်တွန်းလှည်းတွေ၊ ခရီးဆောင်အိတ်တွေ၊ အော်ဟစ်ဆူညံသံတွေ၊ နှုတ်ဆက်မျက်ရည်တွေ…။ ခွဲခွာခါနီးအနမ်းတွေကို လူတွေကြားထဲမှာပဲ နမ်းနေကြသူတွေကို မနည်းရှောင်နေရသည်။

'ဝင်း သေတ္တာက ပေါင်တွေ ပိုနေလို့ ပြောနေသေးတယ်။ သူက စာရေးဆရာပါ။ စာရွက်စာတမ်းကြောင့် ပိုနေတာပါလို့ ရှင်းပြတော့ ခွင့်ပြုပါတယ်'

ဘရစ်ဂျစ်က ခဏလေးနော်ဟုဆိုကာ ပြေးထွက်သွားသည်။ ပြန်လာတော့ ကော်ဖီစက်က ကော်ဖီနှစ်ခွက် ဝယ်လာသည်။ တစ်ခွက်ကို သူ့ကို ပေးရင်း စက္ကူချင်းထိကာ နှုတ်ဆက်သည်။ ပြီးတော့ ပြုံးပြသည်။ ပြီးတော့ ငိုလေသည်။ ဝင်းဖန့်သော မျက်နှာပြင်ပေါ်သို့ မျက်ရည်စီးကြောင်းတွေ ကျလာတာကို ကြည့်ရင်း သူ ဆိန်းမြစ်ကို သတိရနေလေသည်။ လှပသော နှံသာရောင်မင်းသမီးကလေးက မျက်ရည်တွေနဲ့ ကော်ဖီကို ငုံ့သောက်သည်။ ခေါင်းပြန်အမော့မှာတော့ အားရပါးရ ပြုံးလိုက်ကာ လက်ကို ကမ်းပေးသည်။

'သည်အချိန်မှာ ဝက်ဝံဖက် ဖက်ပြီး နှုတ်ဆက်ရမှာနော်။ ဒါပေမဲ့ မင်းက တကယ့်ကို ဝက်ဝံတစ်ကောင်နဲ့ တူနေတော့ ကြောက်တယ်ကွာ။ Have a nice trip ဝင်း… မန်းဂလားဘား…'

'အော်ဗွားမဒမ်… မက်ဆီး…'

ထွက်ခွာခန်းမထဲကို ဝင်ခါနီး အခန်းဝလုံခြုံရေးတံခါးဝအထိ ဘရစ်ဂျစ်က လိုက်ပို့သည်။ လုံခြုံရေးတံခါးကို ဖြတ်ရဦးမည်။ သူ ဖြတ်လျှင် အသံတွေ မြည်ဦးမှာလား။ သည်တစ်ခါ မျက်ရည်တွေ စီးကျလာသူက သူ ဖြစ်နေလေသည်။ ဘရစ်ဂျစ်ရဲ့ လက်သွယ်သွယ်ကလေးကို လှမ်းဆုပ်လိုက်ကာ ဖျစ်ညှစ်လိုက်သည်။ မိုင်ပေါင်း ၆၀၀၀ အဝေးကို သူ ပြန်ရတော့မည်။ နောက်တစ်ခါဆိုတာကော ဘယ်တော့လဲ။ ဘရစ်ဂျစ် ရန်ကုန်ကို လာဦးမည်ဆိုပေမဲ့ လာဖြစ်ပါဦးမှ။ ဘာပဲဖြစ်ဖြစ် ကြီးမားလှသည့် သူမ၏ ကျေးဇူးတွေ သူ့မှာ တင်မိနေပြီ။



ဘဝဆိုတာ ဇာတ်ညွှန်းမရှိဘဲ အကောင်းဆုံးဖြစ်အောင် ကနေရသည့် ပြဇာတ် ဖြစ်သည်။ ဘယ်ဟာမှ မသေချာ။ နောက်တစ်ခန်းကို မသိ။ ဇာတ်သိမ်းကို မသိ။ ဘရစ်ဂျစ်ကတော့ ဘာမှမပြောဘဲ သူ့ကို ငေးနေသည်။ ပထမတန်းခရီးသည်တွေကို ခေါ်နေပြီ။

'သွားတော့မယ်နော် ဘရစ်ဂျစ်ရေ…၊ ဆေးလိပ်ကလည်း တိုပြီ၊ နေကလည်း ဝင်တော့မယ်၊ ငါ့ကို ပြန်ပို့ပါဦးကွယ်၊ မှတ်မိတယ်နော်'

လုံခြုံရေးတံခါးက သူ ဖြတ်လိုက်သည်။ သည်တစ်ခါတော့ အသံမမြည်ပါ။ Boarding Pass ကိုကိုင်ရင်း လေယာဉ်ထဲ ဝင်ရမည့် Tube ဆီကို သူ ပြေးသည်။ ဘရစ်ဂျစ်က အပြင်က ပြုံးပြနေသည်ကော။ သွားတော့မယ် ဆိန်းမြစ်ရေ…။ ၁၂:၅၀ မှာ လေယာဉ်ထွက်သည်။ နောက်ထပ် နှစ်နာရီကြာတော့ ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့ အာလန်ဒါလေဆိပ်မှာ လေယာဉ်ဆင်းသည်။ လေယာဉ်က ဘက်ထရီကြောင်နေသည်ဟုဆိုကာ နှစ်နာရီလောက် ကြာသွားသည်။ ခန်းမထဲက နီယွန်မီးချောင်းက စာတန်းတစ်တန်း ရှိသည်။ သူ ဖတ်ကြည့်တော့ နား မလည်ပါ။

Tack for att Ni har handlat hos oss!

မင်္ဂလာခရီး ဖြစ်ပါစေများလား။ အာလန်ဒါက လေယာဉ်တက်လာတော့ မိုးတွေ တအားရွာချနေသည်။ ခါးပတ်ဖြုတ်ခွင့်ရပြီး လေယာဉ်ငြိမ်သွားတော့ ယမကာလှည်း ရောက်လာသည်။

'ဘာသုံးဆောင်မလဲရှင့်'

'ဝိုင်နီတစ်ခွက်ပဲ ပေးပါတော့'

CDG လေဆိပ်ခန်းမထဲမှာ ရပ်ကျန်ရစ်ခဲ့သည့် ဘရစ်ဂျစ်ကို သူ လွမ်းနေတာလား။ ရာဂသစ်ပင်ရဲ့အရိုးစုတွေ အော်ဟစ်ညည်းညူနေပေမဲ့ တောက်ပလို့တော့ဖြင့် နေတာပါပဲတဲ့။ လူတွေဟာ ရာဂသစ်ပင်ရဲ့ အရိုးစုတွေလား။ သူကတော့ ဘရစ်ဂျစ်ကို မလွမ်း။ ပါရီကိုသာ လွမ်းသည်။ ရာဂသစ်ပင်ကို မလွမ်း။ ရာစုသစ်ပင်တွေကိုသာ လွမ်းသည်။ သရုပ်လွန်အာလ်ထရာမိုဒန်အလင်းတွေကိုသာ လွမ်းသည်။ ပါရီနွေဦးကိုသာ လွမ်းသည်။ သစ်တောနဲ့ တောင်တန်းတွေဆီက သင်ကြားစရာတွေ ရှိသေးသည်။ ဝိုင်နီကို မလှုပ်၊ မမြို၊ မဝါးဘဲ သောက်ချလိုက်သည်။ ချဉ်ဖြုံးဖြုံး။ နောက်

ထပ် တစ်ကြိမ် ကံကောင်းခွင့်သာရှိရင်တော့ Alps တောင်တန်းတွေအောက်မှာ သီချင်းတွေ ဆိုနိုင်ကောင်းပါရဲ့။ ကာတီယေးရေမွှေးနံ့ကို သူ နှစ်သက်သည်လေ။

နေဝင်းမြင့်

၃၊ ဒီဇင်ဘာ၊ ၁၉၉၈၊ ရန်ကုန်၊ မန္တလေး။